www.burmeseclassic.com

စီစဉ်သည်

# ချွေချွေအောင်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဆွေဆွေဆောင်

ဘေးလှ



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ်

၅၀၀၃၈၀၆၀၆၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၁၁၃၀၆၀၉

ထုတ်ဝေသူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

၂၀၀၆ ခုနှစ် နိုဝင်ဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့်မေမေ အားရှုပ်နှင့်နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာ ဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

• ဆွေဆွေအောင်

# ၁

BURMESE CLASSIC .com

ဆောင်းနှင်းဖြူများအောက်တွင် မန္တလေးမြို့ကြီးသည် အေးချမ်းသာယာလျက်ရှိသည်။ နံနက်စောစောနှင့် ညချမ်းတွင် အချမ်းပိုသလောက် နေ့လည်ခင်းတွင်တော့ ပူအိုက်ခြင်းက လျော့က်မသွား။

“ ‘လတ်’ ရေ မပြီးသေးဘူးလား”

“ပြီးပြီ ကိုကို”

ဆွယ်တာ ပြာပြာလေးဝတ်ရင်း ကျောင်းလွယ်အိတ်ကို တစ်ဖက်က လှမ်းဆွဲရင်း ‘လတ်’ ပြေးထွက်ခဲ့သည်။ ကိုကိုက ဘုရားစင်ရှေ့ကြမ်းပြင်ပေါ်တွင် ဒူးပေါ် ပေါင်ပေါ်ဖြင့် အိပ်ပျော်နေဆဲဖြစ်သော ‘ငယ်’ ကိုလွယ်အိတ်ဖြင့်လှမ်းရိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"'မိငယ်' အိပ်လှချည်လားဟ… နေ ဖင်ထိုးနေပြီ…ဆ
လေးဘာလေး ထကျက်ပါတော့လား"

"ဟာ…"

ကိုကို့အသံကြောင့် 'ငယ်' စိတ်တိုပြီး နားကိုခေါင်းအုံးဖြင့်
အုပ်ကာ တစ်ဘက်သို့လှည့်အိပ်ပြန်သည်။ ထိုကဲ့သို့ အရွေ့အ
ပြောင်းကြောင့် ဖရိုဖရဲဝတ်ထားသော 'ငယ့်' လုံချည်က ပြေလျှ
နေသလို ထဘီအနားသားက ဒူးအထက်နားအထိ လန်တက်နေ
သည်။

"ဟဲ့ 'မိငယ်' ထစမ်း ထစမ်း… နင်ဟာလေ ကလေး ေ
ဟုတ် ဘာမဟုတ်နဲ့ သိပ်အနေအထိုင်ပက်စက်တာပဲ… ပြောလို့
မရဘူးလား"

ကိုကို့ကိုရော 'မိငယ်' ကိုပါ 'လတ်' စိတ်တိုမိသည်။
'မိငယ်' အိပ်နေမှန်းသိလျက် အနေအထိုင် မတတ်မှန်းသိလျက်
နှင့် ကိုကိုဒီနားလာဖို့မကောင်း။ 'မိငယ်' ကလည်း ကိုကိုလာတတ်
မှန်းသိလျှင် ယခုလိုအိပ်ဖို့မသင့်။

"လာလေ ကိုကို သွားကြစို့"

"အေး လာမယ်"

ကိုကို လွယ်အိတ်ကြိုးကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း
မော်တော်ဆိုင်ကယ်နောက်မြီးမှ 'လတ်' ငြိမ်သက်စွာပါလာခဲ့
သည်။ ကျုံးထဲမှ ဖြတ်သန်းတိုက်ခတ်လာသော လေကြောင့် ပိုး၍





ချမ်းအေးနေသည်။ ရှည်လျားသော ကျုံးရှေ့ကတ္တရာလမ်း ပေါ်
တွင်ကိုကို၏ မော်တော်ဆိုင်ကယ်က လျင်မြန်စွာပြေးနေသည်။

'လတ်' တို့ ကိုကိုတို့နေသောအိမ်သည် နန်းတော်အ
နောက်ဘက်ရှိ ကျုံးရေပြင်၏ရှေ့ဝယ်ရှိနေပါသည်။ ကိုကိုတို့
အိမ်ရှေ့ဝယ် ညီညာကျယ်ပြန့်သော ကတ္တရာလမ်းမကြီးတစ်ခု
ဖြစ်သည့် လမ်း၈၀ နှင့် ကျုံးရေပြင်မြို့ရိုးတို့ရှိနေသဖြင့် နေရာ
ကောင်းဆိုရပေမည်။

'လတ်' တို့အိမ်က ကိုကိုတို့အိမ်ကြီးနှင့် ကပ်လျက်ဖြစ်
သော်လည်း ကျုံးရေပြင်ကိုမျက်နှာမူမထားပါ၊ လမ်းကြားဘက်
ရောက်နေပါသည်။

"ကောင်မလေး ဒီနေ့ ငြိမ်လှချည်လား… ဘာတွေစဉ်း
စားနေတာလဲ… ခါတိုင်းဆိုအမေးအမြန်း တကယ်ထူတဲ့ ကောင်မ
လေး"

"ဒီနှစ် ကိုကို နောက်ဆုံးနှစ်နော်"

"သိပ်ဟုတ်ပေါ့… ငါ နောက်ဆုံးနှစ်ရောက်တော့ ဘာ
ဖြစ်တုန်း"

"ရှေ့နှစ်ဆို 'လတ်' တစ်ယောက်တည်း ကျောင်းတက်ရ
တော့မှာ… ခုလို ကြိုမယ့် ပို့မယ်သူ ရှိမှာမဟုတ်တော့ဘူး"

"မပူနဲ့ နင့်အတွက် အကြိုအပို့လုပ်မယ့်သူတွေ အလီလို
ပေါ်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ... ကိုကိုကလွဲရင် အိမ်နားမှာကော်လိပ်တက်မယ့်လူတစ်ယောက်မှမရှိပါဘူး"

"အံမာ ဘာမသိချင်ဟန်ဆောင်နေတာလဲ... ငါရှိလို့ နင့်ကိုဘယ်ကောင်မှ မလိုက်ရဲပေမယ့် ငါကျောင်းပြီးသွားရင် အလိုလိုဆေါ်လာလိမ့်မယ်"

"အို 'လတ်' ဒါတွေစိတ်မဝင်စားပါဘူး"

"ဟား ဟား... ပြောသေးတာပဲ... နောက်တော့သာ လက်ခုပ်ချင်းချိတ်ပြီး တက္ကသိုလ်ဝင်းထဲမှာ ဟိုချောင်တိုး ဒီချောင်တိုး လုပ်နေမှာမြင်ယောင်သေး"

"ဟွန်း ကိုကိုနော်... 'လတ်' ကိုဘယ်လိုအစားမှတ်နေသလဲ... အဲ့လိုမပြောနဲ့"

'လတ်' ကနှုတ်ခမ်းစူပြီး မကျေမနပ်ပြောရင်း ကိုကို့ကျောကိုထုသည်။

"ကိုကို ကျောင်းပြီးသွားပေမယ့် 'လတ်' ကိုတော့ ကြိုရပို့ရမှာပဲ"

"အလိုဗျာ... အမိန့်တော်ချမှတ်ပုံကလည်း ရက်စက်လှချည်လား... ကျုပ်ဘာသာလေးနှစ်လုံးအသွားအပြန် ကျောင်းတက်နေရတာပျင်းလွန်းလို့ ဆိုင်ကယ်ဝယ်စီးပြီး မြန်မြန်ကျောင်းပြီးအောင်ကြိုးစားခဲ့တာ... ခုမှ ဝဋ်ကျွတ်မလို့ကြံကာရှိသေး... ညည်းကို ကြိုရပို့ရဦးမယ်ဆိုရင်တော့ ငါ ရေနီမြောင်းထဲဆင်း





သေပစ်လိုက်ချင်တော့တာပဲ"

ထိုစကားကြောင့် 'လတ်' ရင်ဝယ် အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ဆိုးခြင်းများ တပြိုင်တည်းအစုလိုက် အပြုလိုက် ခံစားလိုက်ရသည်။ မိမိကို လာကြိုဖို့များ ငြင်းရက်လိုက်တာ။ မိမိကတော့ ကိုကိုဆိုင်ကယ်နောက်မြီးမှာ ထိုင်၍လိုက်ရမည်ဆိုလျှင် မဆုံးသောခရီးကိုသွားလိုသူပါ။

တခြားလူတွေနှင့် အတူတွဲ၍ မစီးလိုပါ။ ကိုကိုမှ ကိုကိုပါ။ မိမိက လာကြိုပါလို့မပြောဘဲနှင့် ကိုကိုရင်ထဲမှ အလိုအလျောက် ဖြစ်ပေါ်လာသောစေတနာဖြင့် ကြိုစေချင်သည်။ခုတော့ မိမိကတောင်းဆိုနေသည်ကိုပင် ငြင်းနေလိုက်တာ။ အမိပတ်လမ်းမကြီးအတိုင်း 'လတ်' တို့ရောက်ခဲ့ကြသည်။

"ဟော့ကောင်ကိုကို မင်းက ဒီနှစ်အတွဲတွေဘာတွေနဲ့ချိတ်လို့ပါလား"

လှေကားထစ်များပေါ်တွင်ထိုင်နေသော ကျောင်းသားများထဲမှလှမ်းအော်ခြင်းဖြစ်သည်။

"ဟော့ကောင်တွေ... သောက်ရမ်း လျှောက်ပြောမနေနဲ့ ဒါငါ့နှမကွ... ငါ့နှမ"

ကိုကိုက မျက်နှာထိ မျက်နှာထားဖြင့် ပြန်အော်သည်။

"ဟ ဒါဆို ငါ့ကိုယောက်ဖလောင်းအဖြစ် လျှောက်လွှာတင်ခွင့်ပေးပါလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



'လတ်' ခြေဆောင့်၍ ထွက်ခဲ့သည်။ တစ်နေ့လုံးစိတ်တိုနေမိသလို ကျောင်းဆင်းပြီးသောအခါတွင်လည်း ကိုကို့ ကိုစောင့်မနေတော့ဘဲ သူငယ်ချင်းတစ်ယောက်၏ စက်ဘီးနောက်မြီးကယ်ရီယာပေါ်တက်ထိုင်ရင်း အိမ်သို့ပြန်ခဲ့သည်။

မော်တော်ဆိုင်ကယ်နှင့်တောင် အကြာကြီးလာရတာ စက်ဘီးနှင့်ဆိုတော့ ပို၍ပို၍ ကြာပါသည်။

"နင်ဘယ်တွေလျှောက်သွားနေတာလဲ... ငါကတော့ ရှာလိုက်ရတာ"

ကိုကိုက အိမ်ရှေ့ပန်းခြံထဲမှ လှမ်းအော်သည်။ 'လတ်' မဖြေ။ စူအစ်အစ်မျက်နှာဖြင့် ခြေကိုဆောင့်ကာ သူတို့ခြံရှေ့မှ ဖြတ်သည်။

"ဟွန်း. နင့်ကိုကမလှရတဲ့အထဲ ခုလိုစူပုတ်ထားတော့ ပိုတောင်အရုပ်ဆိုးသွားသေးဗျာ"

'လတ်'မှန်ထဲမှာ မိမိမျက်နှာကို အကြာကြီးစိုက်ကြည့်မိသည်။ လူတိုင်းက 'လတ်' ကိုမျက်ခုံး၊ မျက်ခတောင်၊ မျက်လုံး၊ နှာတံ ဘာမျှပြောစရာမရှိအောင် လှပသူ၊ အရပ်မြင့်သဖြင့် သွယ်သွယ်နွဲ့နွဲ့ဖြင့် ဣန္ဒြေရှိရှိ လှပသူဟုပြောကြသည်။

'လတ်' နှင့် နေ့စဉ်အတူတကွ မော်တော်ဆိုင်ကယ်ဖြင့် ကျောင်းတက်ကျောင်းဆင်း လုပ်ခဲ့သည်မှာ နှစ်နှစ်ပင်ပြည့်တော့မည် ဖြစ်သော်လည်း ကိုကိုက 'လတ်' ကိုစိတ်ဝင်စားပုံမပြ။





ငယ်ငယ်ကလိုပင် မပြောင်းလဲ။ 'လတ်' နှင့် ကိုကိုဘာမှမတော်စပ်ဘဲ ရည်းစားမဟုတ် ဘာမဟုတ် အတူဆိုင်ကယ်စီးသည်ကို ကျောင်းကသူငယ်ချင်းများက လှောင်ကြ စကြသည်။

"'လတ်' နှင့် ကိုကိုတို့အတွက်တော့ ဘာမှမထူးဆန်း။ ငယ်ငယ်ကတည်းက စီးနေကြ။ ဟိုးအရင်ကဆို နောက်ဘက် ကယ်ရီယာမပါသော စက်ဘီးမျိုးတွင် ရှေ့ဘက်မှာထိုင် တောင်စီးသေးသည်။ 'လတ်' တင်မဟုတ် 'မိငယ်'လည်းစီးတာပဲ။ ပြောင်းလဲလာတာ တစ်ခုတော့ရှိသည်။ 'လတ်' ဆယ်တန်းအောင်ပြီး ကောလိပ်တက်သောနှစ်တွင် ခရီးကြုံသဖြင့် 'လတ်' နှင့် ကိုကို နေ့စဉ်ကျောင်းအတူတူသွားရသည်။

ကိုကို့ ဆိုင်ကယ်နောက်မြီးတွင်ထိုင်ရင်း တိတ်တခိုးမြတ်နိုးခဲ့ရသူက 'လတ်'။ နေ့စဉ် ကိုကိုနှင့်အတူ ကျောင်းတက်ရကတည်းက 'လတ်'စိတ်ကူးတွေယဉ်မိခဲ့ခြင်းဖြစ်သည်။ 'လတ်'သည် မိန်းမချောတစ်ယောက်ဖြစ်သလို ကိုကိုသည် လူချော။

တစ်နေ့နေ့တော့ ကိုကိုလည်း မိမိကို မရိုးသားသောစိတ်ဖြင့် ချစ်ခင်လာမှာပါ၊ ချစ်ခွန်းဖွင့်ဟ ပြောဆိုလာမှာပါဟု ကြိုတင်တွက်ဆထားခဲ့သည်။ တစ်နှစ်သာပြည့်လာခဲ့သည် ကိုကိုက 'လတ်' ကိုအပိုစကားမပြောခဲ့။ အမှန်အတိုင်းပြောရလျှင် ကိုကို့လိုလူကို 'လတ်' အလွတ်မခံနိုင်။

ကိုကိုသည် ရုပ်ရည်တွင်သာ ချောမောသူမဟုတ်၊ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာလည်း ပြည့်စုံကြွယ်ဝသူ။ ကိုကို့ မိဘများကြွယ်ဝသရွေ့ တစ်ဦးတည်းသော သားဖြစ်သူ ကိုကိုသာ အမွေရမည့်သူဖြစ်သည်။ ကိုကိုတို့ ဆွေစဉ်မျိုးဆက်သည် ယက်ကန်းစက်များတည်ထောင်ခြင်းကြောင့် ချမ်းသာကြခြင်းဖြစ်သည်။

"'မမလတ်' ဘာဖြစ်နေတာလဲ... မှန်ထဲကိုစိုက်ကြည့်နေတာကြာလှပြီ"

'ငယ်' ကပါးစပ်ထဲတွင် အစာတွေ ပလုတ်ပလောင်းဝါးရင်း ပြောခြင်းဖြစ်သည်။

"အသားတွေ အရမ်းမည်းသွားသလားလို့ပါ"

"မည်းပါဘူး... 'မမလတ်' အသားက ဝင်းပြီးစိုအိနေတာပဲ... 'ငယ်' သာမည်းတာ"

ဟုတ်ပါသည်။ 'ငယ့်' အသားညိုပါသည်။ အိမ်ထဲမှအိမ်အပြင်မထွက်ရင် အသားက သိသိသာသာဖြူတတ်လာသော်လည်း တစ်နေကုန် တစ်နေခန်း စက်ဘီးတစ်စီးဖြင့်လျှောက်လည်နေတတ်သဖြင့် အသားညိုတာမဆန်း။

'မလတ်' နှင့် 'မငယ်' ရုပ်ချင်းအလွန်တူသော်လည်း'ငယ်' ကအရပ်မြင့်သလို ကိုယ်လုံးပါထွားပြီး ကလေးဆန်သူ၊ ရဲတင်းသွက်လက်သူ၊ သူလိုချင်တာကို ဇွတ်တရွတ်ယူတတ်သူ၊ မကြိုက်တာရှိလျှင် ဘယ်သူ့မျက်နှာကိုမှမထောက်ဘဲ ပြန်ပြောတတ်သူ။

'လတ်' ဆံပင်ရှည်ကြီးကို တမြတ်တနိုးထားပြီး မိန်းက





လေးပီပီသသ ကြွေရွရှိရှိနေတတ်သူဖြစ်သော်လည်း 'ငယ်' ကတော့ ဆံပင်ကို ပခုံးထက်ပို၍မရှည်အောင် မထားသလို အဝတ်အစားဆိုလျှင် ခေတ်ဆန်ဆန်ဝတ်သူ၊ အသားညိုသော်လည်း မျက်ခုံးမျက်လုံးလှခြင်း၊ စကားပြောလျှင် မျက်ခုံးလေးပင့်၍ မချိုမချဉ်ပြောတတ်ခြင်း၊ အမူအရာဟန်ပန်လုပ်တတ်ခြင်းတို့ကြောင့် 'ငယ့်' ကိုမျက်စေ့ကျနေသူကလည်း ခပ်များများ။

"နင့်အသားက ဖြူပါတယ်ဟယ်... နင်ကတစ်နေ့ကုန်နေပူထဲမှာပဲလျှောက်သွားနေတာကိုး... နင့်လက်မောင်းကအသားနဲ့ နင့်ပေါင်ကအသားနဲ့တူလား... အတွင်းသားကဖွေးဆွတ်နေတာပဲ... ဩော် ဒါနဲ့ ပြောရဦးမယ်"

"ဘာတုန်း 'မလတ်' "

"မနက်ဖြန်မနက်ကျရင် လုံလုံခြုံခြုံအိပ်စမ်း... အိပ်တော့ဖြင့်ညည့်ခန်းမှာ ကိုကိုက ငါ့ကိုဖကျောင်းလာကြိုတိုင်း အိမ်ပေါ်တက်လာတော့ မသင့်တော်ဘူးပေါ့"

ထိုစကားကြောင့် 'ငယ်' ကမျက်နှာကိုမဲ့ရွဲ့ပြီး...

"အို ဒါတော့ 'ငယ်' လည်းမတတ်နိုင်ဘူးလေ... ကိုယ့်လူကိုယ်နိုင်အောင်ထိန်းပေါ့... 'ငယ့်' မှာ အိပ်စရာကဒီနေရာပဲရှိတာကျောင်းလာကြိုရင် အောက်မှာပဲကြိုနိုင်းပေါ့လေ"

အသက်နှစ်နှစ်နီးပါးသာကွာသော်လည်း 'ငယ်' က အငယ်ပီပီကလေးဆန်သည်။ ချွဲတတ်သည်။ နွဲ့တတ်သည်။ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောလျှင်လည်း မျက်နှာကို အမူအရာအမျိုးမျိုးလုပ်၍ ကိုယ်ဟန်ကိုနွဲ့၍ လက်သည်းကိုသွားဖြင့်ကိုက်၍ မျက်လုံးကိုညှတုတုကြည့်၍ပြောတတ်သည်။

'ငယ်'နှင့် စကားကြာကြာပြောမိလျှင် သူမ၏ ညှတုတုချွဲတဲတဲပြောတတ်သော အသံသာသာကို နားထောင်မိပြီး သူမဘာပြောပြော အကောင်းကြီးထင်မိတတ်စမြဲ၊ ခွင့်လွှတ်ရစမြဲ။

သူမ၏ ကျယ်ဝန်းသောမျက်လုံးအိမ်အတွင်းမှ မျက်သားဖြူဖြူ၊ မျက်ဆန်ညိုညိုကလေးများက အရည်လဲ့ပြီးဆွဲငင်တတ်အပြည့်အဝရှိနေသည်။ အထူးသဖြင့် ညိုဝင်းသော သူမပါးပြင်မို့မို့ထက်က စံပယ်တင်မှဲ့နက်နက်ကလေးကြောင့် သူမ၏မျက်နှာသည် ကြည့်၍မဝလေသလားတော့မသိ။

"ကိုကို ဟိုး ငယ်ငယ်ကတည်းက အိမ်ပေါ် တံခါးမရှိ ခါးမရှိ ဝင်နေတဲ့လူပဲဟာ... ခုမှ အိမ်ပေါ်မတက်ပါနဲ့လို့ ပြောလို့ကောင်းမလား... ကိုယ်က အပျိုအရွယ်ပဲ ဆင်ခြင်ရမှာပေါ့"

"အို 'ငယ့်' ကိုလာပြီး အခြောက်တိုက် မချုပ်ချယ်နဲ့— အမေနို့ဖြတ်ခံရကတည်းက ဒေ့ခန်းဘုရားစင်ရှေ့မှာ ခုချိန်အထိ တစ်သက်လုံး အိပ်လာတာ... 'မလတ်' လည်း အတူတူအိပ်တာပဲ... ပြီးတော့ သူတို့ဘာသာ မိုးမလင်းခင်ကျောင်းသွားရင် အေးအေးဆေးဆေးမသွားကြဘူး... 'မလတ်' အဆက်ကြီးကလည်း 'မလတ်' ကိုကျောင်းလာကြိုရင် အေးအေးဆေးဆေးမကြိုဘူး—





သူများကို လာလာနှိုးတယ်... သူတို့ကျောင်းဖွင့်တဲ့ရက်ဆို ကောင်းကောင်းကိုမအိပ်ရဘူး... မြန်မြန်သွားကြရင်ကောင်းမယ်"

'မိငယ်' အခန်းအတွင်းမှထွက်ရင်း အော်ခြင်းဖြစ်သည်။ 'မိငယ်'က ကိုကိုနှင့် 'လတ်' တို့ကို ချစ်သူနှစ်ယောက်အဖြစ် အသိအမှတ်ပြုထားတာ ကြာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဘယ်တုန်း 'မိငယ်' "

"သူငယ်ချင်းအိမ်"

"ဟ ဒါ့သူငယ်ချင်းအိမ်သွားလည်ရမယ့်အချိန်လား... ရှစ်နာရီတောင်ထိုးတော့မယ်"

"အင်းလေ ရှစ်နာရီထိုးတော့ ဘာဖြစ်တုန်းလို့"

"စာကျက်ပေါ့ဟ... ရှစ်တန်းတုန်းကလည်း နှစ်နှစ်ကျတယ်... ဒီနှစ်ကိုးတန်း ပိုကြိုးစားမှဖြစ်မှာပေါ့... ဒီပုံအတိုင်းဆို အောင်ပါလိမ့်မယ် အားကြီး"

"သူ့အပူကျနေတာပဲ... ဟိုဟာ လိုက်ချုပ်ချယ် ဒီဟာ





လိုက်ချုပ်ချယ်နဲ့... အဖေကျနေတာပဲ"

'ငယ်' ကမျက်စောင်း အစွမ်းကုန်ထိုး၍၎င်း၊ နှုတ်ခမ်းကို ဆော်၍၎င်း ရန်ထောင်သည်။

"အဲသလို စွာပုံမျိုးနဲ့ဆို ငါးစိမ်သည်တော့ဖြစ်နိုင်တယ်"

"ဖြစ် ဘာဖြစ်တုန်း... နေရာတကာ လိုက်ချုပ်ချယ်နေတာပဲ... တကယ်မုန်းဖို့ကောင်းတယ်"

"နင့်ကို ကြည့်ထိန်းပေးဖို့ ဒေါ်လေးကမှာထားလို့ ငါက ကိုယ်နှမလေးလို သဘောထားပြီး စေတနာနဲ့ပြောနေတာ... နင်နဲ့ 'လတ်' နဲ့နှစ်နှစ်ပဲကွာတယ်... အခု 'လတ်' ဒုတိယနှစ်ရောက်နေပြီ... နင်ခုမှ ကိုးတန်းပဲရှိသေးတယ်... ကိုးတန်းမှာလည်း ဘယ်နှစ်နှစ်နေရဦးမယ် မသိဘူး"

"ခင်ဗျား ပါးစပ်ပုတ်ကြီးနဲ့မပြောနဲ့"

"ကိုယ့်မိဘ သိပ်ပြီးချောင်လည်တာမဟုတ်ဘူးဆိုတာ သိလျက်နဲ့ နင်မို့ အချိန် ဖြုန်းနေနိုင်တယ်... တစ်နှစ် တစ်နှစ် ကျောင်းသားတစ်ယောက်ရဲ့စရိတ်က နည်းတယ်မှတ်လား"

"မိဘတွေကတောင် ကျေနပ်လို့ထားနေတာ ခင်ဗျားက ဘာလို့ဝင်ပူနေရတာတုံး"

"ဟ ဒေါ်လေးတို့ လေးလေးတို့ဟာ ငါ့ဦးလေးအရင်းအဒေါ်အရင်းတွေလို ဖြစ်နေတာ... သူတို့လက်ပေါ်မှာ ငါကြီးလာသလို နင်တို့လည်း ငါ့လက်ပေါ်မှာကြီးလာတာ... နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဟာ မောင်နှမတွေပဲ... နင်တို့မကောင်းတာရှိရင် အမြင်မ
တော်တာရှိရင် ငါမှာပြောပိုင်ခွင့်ရှိတယ်... ဆုံးမပိုင်ခွင့်ရှိတယ်"

" 'မလတ်' ကိုပြောလို့ရချင်ရမယ်... 'ငယ်' ကိုတော့
[illegible]နေနဲ့... အပိုပဲ"

" 'လတ်' ကလိမ္မာပြီးသား... တော်ပြီးသား... ကျောင်း
သူ[illegible]ယောက်အနေနဲ့ရော... သမီးတစ်ယောက်အနေနဲ့ရော...
ငါ့နှမတစ်ယောက်အနေနဲ့ပါ ဘာမှအပြစ်ပြောစရာမရှိဘူး"

ထိုစကားကြောင့် 'ငယ်' ရင်ဝယ် မခံမရပ်နိုင်အောင် ခံ
စားရပါသည်။ သိပါသည်။ 'မလတ်' သည် 'ငယ်' ထက်ရုပ်ရ
သလို စာလည်းတော်သည်ဆိုတော့ 'ငယ်' ကို ကိုကိုက အစ
အရာရာနှိမ်ပေမည်ပေါ့။

"ကိုယ့်အစ်မတစ်ယောက်လုံး ရှေ့ကကောင်းတာတွေ
ချည်းပဲလုပ်ပြနေလျက်နဲ့ နင် အားမကျဘူးလား"

"မကျဘူး"

တမင်ရွဲ့၍ဖြေဖြစ်သည်။

"အေး နင် လူကြီးပြောတာဆိုတာ နားမထောင်ရင် နွား
ဖြစ်လိမ့်မယ်"

"ဖြစ်ပစေပေါ့"

"ပြောနေတဲ့ကြားက ဘာ ပမာမခန့်လုပ်နေတာလဲ...
တယ် ငါဆွဲထိုးမိပြန်တော့မယ်"





"ထိုးကြည့်ပါလား... တစ်ချက်ထိုးရင် နှစ်ချက်ပြန်ထိုး
မယ်... 'မိငယ်' တဲ့ တစ်ငယ်တည်းရှိတယ်... ဟွန်း"

ထိုကဲ့သို့ ပြောပြီး 'ငယ်' စက်ဘီးကိုတွန်း၍ ထွက်သွား
သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ကိုကိုရယ်... သူ့အကျင့်ကဒီ
အတိုင်းပဲ... စိတ်ထဲကပါလို့တော့ မဟုတ်ပါဘူး... စိတ်မဆိုးနဲ့နော်"

'လတ်' ညီမငယ် ဖြစ်သူကိုယ်စား တောင်းပန်နေသည်။

"ရော့ ကိုကို လိမ္မော်သီးစားဦး"

ထမင်းပန်းကန်ထဲတွင် လိမ္မော်သီးဆယ်လုံးခန့်ထည့်၍
'လတ်' က ချည့်ခံသည်။ 'လတ်' တို့၏ မိခင် 'ဒေါ်စောမြ' က
ဘော်လီအင်္ကျီပေါ်တွင် ထဘီရင်လျားထားပြီး ခြင်းတောင်းကြီး
များထဲမှ လိမ္မော်သီးများကို အကြီးအသေးခွဲ၍ လင်ဗန်းများထဲ
ထည့်သည်။

"ဒေါ်လေး အရောင်းအဝယ်ကောင်းရဲ့လား"

"ဒီလိုပါပဲ... ကိုယ်ရောင်းတဲ့ပစ္စည်းက တန်ဖိုးမကြီးတော့
ကိုယ့်အတွက်လည်း ဘယ်လောက်ရောင်းကောင်းကောင်း သိပ်
ကျန်ပါဘူး သားရယ်"

ကိုကိုလည်း ရိပ်မိပါသည်။ ကိုကို သိတတ်စအရွယ်က
တည်းက 'ဒေါ်လေးစော' တို့အိမ်တွင် ဘာတစ်ခုမှတိုးတက်
ပြောင်းလဲခြင်းမရှိခဲ့။ မျဉ်ထောင်အိမ် ခပ်သေးသေးသည်၏ငှား



www.burmeseclassic.com

www.burmeseclassic.com



နေစဉ်ကတည်းက ပြုပြင်ခြင်းမရှိခဲ့။ ပျက်စီးယိုယွင်းနေပြီ။

'ဒေါ်လေးစော' တို့လင်မယား ဤအိမ်မှာနေခဲ့သည်မှာ နှစ်အစိတ်ပင်ပြည့်တော့မည်။ ဈေးချိုထဲတွင် ရာသီပေါ်သစ်သီး များရောင်းသော 'ဒေါ်လေးစော' နှင့် သူများဆိုင်တွင် အကူရောင်း သမားဖြစ်သော 'ဦးလေးရှိန်' တို့နှစ်ဦး လက်ထပ်ပြီးကတည်းက ဤအိမ်တွင် ငှားရမ်းနေခဲ့ခြင်းဖြစ်သည်။

အကြီးဆုံးသမီးပင် အသက်နှစ်ဆယ်ကျော်ပြီ၊ ဘွဲ့ရပြီး အိမ်ထောင်ကျသွားပြီ၊ သူ့ခင်ပွန်းသည်နောက် ကောက်ကောက် ပါအောင်လိုက်သွားပြီ။ 'မလတ်' လည်း ဒုတိယနှစ်ရောက်ပြီ 'မိငယ်' ကတော့ အငယ်ဆုံးအဆိုးဆုံးပါပဲ။ အသက်အရွယ်ကြီး ပြင်းလာပြီဖြစ်သော မိဘများက တပင်တပန်းရှာဖွေကျွေးသည် ကို သူမို့မျိုကျသည်။

ဒေါ်လေးတို့ကို တစ်ခုတော့ ချီးကျူးသည်။ အစား ကောင်းစားရဖို့ထက်၊ အဝတ်ကောင်းဝတ်ရဖို့ထက်၊ သမီးများ ညာရေးကိုဦးစားပေးခြင်းဖြစ်သည်။ မိဘများက တာဝန်ကျေ သော်လည်း သမီးကတာဝန်မကျေဟု ကိုကိုထင်ခဲ့သည်။

အကြီးဆုံး 'မဦး' နှင့် အငယ်ဆုံး 'မိငယ်' တို့နှစ်ယောက် သည် ကိုယ့်အတွက်သာ ကိုယ်ကြည့်နေသူများဟု ထင်မိသည်။ 'မဦး' သည် မရှိမဲ့ရှိမဲ့ဖြင့် ကျောင်းထားပေးမှန်းသိလျက်နှင့် ဘွဲ့ရ သည်နှင့် သူနှင့် တစ်ချိန်တည်းဘွဲ့ရသော သူ့ရည်းစားဖြစ်သူ





ကိုမြတ်စိုး' နှင့် လက်ထပ်၍မေမြို့သို့လိုက်နေသည်။

'မလတ်' ကိုတော့ အကဲခတ်၍မရသေး။ အနေအထိုင် အပြောအဆို၊ အသွားအလာ၊ အပြစ်မရှိသေးပါ။ 'မိငယ်' ကို တော့မပြောချင်တော့ပါ။

" 'လတ်' "

"ဟင် ကိုကို"

"ကိုယ့်ညီမကို စာတွေဘာတွေပြပေးပါလား... အတန်း ကြီးလာရင်ပိုဂရုစိုက်မှပေါ့... ကိုယ်စာကျက်တဲ့အချိန် သူ့ကိုပါ ကျက်ခိုင်းမှပေါ့"

"ကျက်ခိုင်းတာပဲ... သူက သိပ်ကျက်ခိုင်းရင် အရွဲ့တိုက် ပြီးမကျက်ဘဲနေတာ... သူ့အကြောင်းလည်း ကိုကိုသိသားနဲ့"

"ဘာပဲဖြစ်ဖြစ် ရအောင်သိမ်းသွင်းဆုံးမပေါ့... သူ့ အလို လိုက်ထားရင် ပိုဆိုးမှာပေါ့... တစ်နှစ်တစ်တန်းမှန်မှန်အောင်မှ သူ့အရပ်ကမိုးထိုးနေပြီ"

"ဟုတ်တယ် သား... ဒေါ်လေးတို့ကလည်း သူ့ကိုအချိန် ပြည့်ဆုံးမနိုင်တာမဟုတ်ဘူး... မနက်နဲ့ညလောက်ပဲအိမ်မှာရှိတာ ...င်းလည်း ကြည့်ပြောပါဦးကွယ်... အရွယ်ကြီးလာတော့ သူ့အ ...ကပ်ပိုရင်လေးတယ်... အသွားအလာ အနေအထိုင်ကလည်း ...စိစက်ကလေးမှအချိုးမကျဘူး... ပိုက်ဆံရှိတာတွေနဲ့ပေါင်းပြီး သူ့ကိုယ်သူဘဝင်မြင့်ပြီး ကောင်းကောင်းစား ကောင်းကောင်းဝတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်သေးတာ… သူလိုချင်တာမရရင် ဂျီကျသေးတာ”

“ဒေါ်လေးတို့က အလိုလိုက်ခဲ့တာကိုး”

“ဟုတ်တယ် သား… ရေအိုးကောင်းကောင်းလိုချင်ရင် ခပ်နာနာခေါက်တတ်ပေးမှ ဆိုသလို… အငယ်ဆုံးသမီးလေးမို့ အလိုလိုက်ခဲ့သမျှ ကောင်းကောင်းဒုက္ခပေးနေတော့တာပဲ”

ဆိုအချိန်တွင် အိမ်ပေါ်သို့ 'မိငယ်' ခပ်ကြမ်းကြမ်းတက် လာပြီး…

“တကယ်ကွာ တကယ်… ကိုယ့်ဘဝကို အစကဒီလော သနားစရာကောင်းမှန်းမသိဘူး… ကျောင်းနေ ဆရာရိုက်… အိ နေ အမေရိုက်… လမ်းနေ ပုရွက်ဆိတ်ကိုက်ဆိုသလိုပဲ ခုတော ပုရွက်ဆိတ်က လမ်းမှာတင်ကိုက်တာမဟုတ်ဘူး အိမ်ပေါ်တ ကိုက်နေပြီ… ငါလေ ငါဒီပုရွက်ဆိတ်ကို ခါးတောင်းကျိုက်ဖ ပြီး ဖနှောင့်နဲ့သာပေါက်သတ်ပစ်ချင်တော့တာပဲ”

“ဟား ဟား ဟား”

“အ ဟက် ဟက်”

'မိငယ်' ၏ထိရောက်လှသောအပြောကြောင့် ကိုကို 'လတ်' တို့မျက်ရည်ထွက်မတတ်ရယ်မိကြသည်။ ၎င်းအားထက် အားသန်ဆိုသလို စိတ်ဆိုးရမည့်အစား ရယ်မောမိကြသည်။

“ဒါမျိုးတော့တတ်တယ်… ပြန်ပက်ဖို့တို့… ရန်ထော တို့လေ”





ဒေါ်လေးက သူ့သမီးခပ်ပြုံးပြုံးလှမ်းကြည့်ရင်း လက်နှစ် ဘက်ခါပြကာပြောသည်။

“ဒြော် တောင်းဆိုး ပလုံးဆိုးသာပစ်ရိုးထုံးစံရှိတာပဲသား ဆိုးသမီးဆိုးကိုလည်း မိဘများက ဆိုးလို့တစ်မျိုး လက်လျှော့ကာ ချစ်ရပြန်တာပါပဲ”

“ကိုကို့ကို တိုင်ပင်ရဦးမယ်”

“ဘာများလည်း ဒေါ်လေး”

“ဒီလိုလေ ဒေါ်လေးတို့ စီးပွားရေးအခြေအနေကလည်း မင်းအသိပဲ… သမီးနှစ်ယောက်လည်းကျောင်းတန်းလန်းရယ်… နောက်နှစ်နှစ်လောက်ဆို ဒေါ်လေးတို့အသက်အရွယ်နဲ့ ဒီအသီး အနံ့ရောင်းတဲ့ အလုပ်နဲ့ ဘယ်လိုမှလုပ်လို့မဖြစ်တော့သလို ကြွေး မြီလေးတွေကလည်း ရှိနေသေးတော့…”

ကိုကို သဘောပေါက်သည်။ သူ့သမီးချောကို နေ့စဉ် ဆိုင်ကယ်နောက်မြီးတွင်တင်၍ အသွားအပြန်လုပ်နေသော ကြောင့် ရပ်ကွက်ထဲကရော၊ အပေါင်းအသင်းတွေကရော၊ မိမိတို့ အိမ်ကပါ 'လတ်' နှင့် မိမိငြိနေကြပြီ၊ ချစ်သူဖြစ်နေကြ၍၊ တစ်နေ့ ယူကြမည်ဟု ထင်ကြသည်။

မေမေကတောင် အနေအထိုင်ဆင်ခြင်ဖို့ပြောသည်။ ကိုကိုကတော့ ဒေါ်လေးတို့ 'လတ်' တို့ကို ငယ်ငယ်ကတည်းက သံယောဇဉ်ကြောင့် ဘယ်သူတွေကာပဲပြောပြော ဂရုမစိုက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

ခေါ်သည် ပြောသည် ခင်သည် သံယောဇဉ်ရှိသည်။

ဒေါ်လေးတို့ကို ပိုက်ဆံမရှိလို့ သူများတွေမခေါ်မပြော လုပ်နေသော်လည်း ကိုကိုကတော့ ဒေါ်လေးတို့မိသားစုကို ငွေရှိမှ ခင်မည့်အကောင်မဟုတ်။ သို့သော်...

အများထင်ထားသလို အလွန်လှပချောမောပါသည်ဆိုသော 'လတ်' ကိုညီမလေးအရင်းလိုကလွဲ၍ ကိုကိုပို၍ စိတ်မကူးပါ။ ချိုးရိုးမိမွှပန်နီစိတ်ပဲရှိပါသည်။ သူတို့ကောင်းစားစေချင်ပါသည်။ သို့သော် 'လတ်' ကို ချစ်သူလိုတော့ တစ်ခါဘူးမျှ မချစ်ဘူးပါ။ ယခုဒေါ်လေးက စကားစလာပြီ။

သူများတွေထင်သလို ဒေါ်လေးလည်း သူသမီးနှင့် ခရီးအပေါက်ရောက်နေလောက်ပြီလို့ ထင်နေလောက်ပြီ။ တကယ်ဟုတ်မဟုတ်ဆိုတာ 'လတ်' နှင့် ကိုကိုတို့ နှစ်ဦးသာသိသည်။ 'လတ်' သည်လည်း မိမိအပေါ်တွင် အပြောအဆို အနေအထိုင်က အစ အစ်ကိုအရင်းတစ်ယောက်လို ရိုးသားဖြူစင်နေသည်ဟု မိမိထင်သည်။

မိမိအနေနှင့်လည်း သူတို့မိသားစုအပေါ်တွင် မသမာသောစိတ်နှင့် သံယောဇဉ်ရှိနေသည်ဟု အထင်မခံနိုင်။ ဒေါ်လေးက သူ့သမီးနှင့် မိမိဖြစ်နေကြသည်ဆိုလျှင်လည်း ယူလိုက်ကြတော့ဟု ပြောတော့မည်ထင်သည်။

"ကိုကိုနဲ့ 'လတ်' ဘယ်လိုမှမပတ်သက်ဘူးဆိုတာ အမှန်





ပဲလား"

"ဗျာ..."

ခေါင်းငုံ့နေသော 'လတ်' ကို အကူအညီတောင်းသလို လှမ်းကြည့်မိသည်။

"ဒီလို သားရဲ့... ဒီလို"

"ဟုတ်ကဲ့... ပြောပါ ဒေါ်လေး"

"မင်းညီမ 'လတ်' ကိုသိန်းပေါင်များစွာချမ်းသာတဲ့ လူတစ်ယောက်ကစုံမက်ချစ်ခင်နေတယ်ဆိုရင် ယုံမလား"

"ယုံပါတယ် ဒေါ်လေး ယုံပါတယ်... 'လတ်' ကချောတယ်... လှတယ်... ဣန္ဒြေရှိတယ်... ပညာလည်း မကြာခင်ပြီးဆုံးတော့မယ်ဆိုတော့ သဘောကျနှစ်ခြိုက်သူတွေ မရှိဘဲနေကြမလား"

'လတ်' ၏အချစ်ရည်ရွှန်းသော မျက်လုံးအစုံက မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ချောမောနုပျိုသော ကိုကို့မျက်နှာကို မသိမသာငေးရင်း...

'ကိုကိုရယ် ကိုကို့ပါးစပ်ကပြောသလို၊ 'လတ်' ကိုသူများတွေချစ်သလို ကိုကိုက မချစ်ဘူးလားဟင်၊ 'လတ်' လေသူများတွေရဲ့အချစ်ထက် ကိုကို့ အချစ်ကိုပဲမျှော်လင့်နေသူပါ'

"ဟိုတစ်ခါ 'လတ်' ပြင်ဦးလွင်သွားလည်ရင်း ပြင်ဦးလွင်က 'မဦး' တို့အိမ်မှာ ရှမ်းပြည်နယ်က လက်ဖက်ခြောက်တို့


www.burmeseclassic.com

www.burmeseclassic.com

လိမ္မော်ခြံတို့ အတော်ရှားရှားပိုင်တဲ့ သူဌေး 'ဦးသက်အောင်' က 'လတ်' ကိုမြင်ပြီး သဘောကျသွားတယ်"

"ဘာလုပ်ရမှာလည်း မေမေရယ်... လူပျိုမှမဟုတ်တာ"

"လူပျိုမဟုတ်ပေမယ့် သူ့မှာအိမ်ထောင်မှမရှိတော့တာ... သူ့မိန်းမဆုံးပြီးကတည်းက 'မောင်သက်အောင်' နောက်အိမ်ထောင်မပြုဘဲ နေလာတာ ဆယ်နှစ်ကျော်ပြီ... အခု 'လတ်' ကို မြင်ပြီး သဘောကျသွားတာ... 'မဦး' ဆီက စာလာတယ်လေ... 'လတ်' ကသာသဘောတူမယ်ဆိုရင် လူကြီးစုံရာနဲ့လာတောင်းမယ်တဲ့... မင်းရဲ့ 'မဦး' ကဘယ်လောက်လည်သလဲ သိလားကိုကို... အဟင်း ဟင်း"

ဒေါ်လေးကပြောရင်း ရယ်နေသည်။

"ဘာများလည်း ဒေါ်လေး"

" 'လတ်' ကိုယူချင်ရင် ပြင်ဦးလွင်နဲ့မန္တလေးမှာ တိုက်ဆောက်ပေးနိုင်မလားလို့ စသလိုလို... နောက်သလိုလိုမေးတော့ တိုက်တင်မဟုတ်ဘူးတဲ့တော်ရေ... ကားတစ်စီးစီပါဝယ်ပေးဦးမှာတဲ့... သူပိုင်ဆိုင်သမျှဟာလည်း 'လတ်' အတွက်ချည်းပါပဲတဲ့... ရုပ်လည်းမဆိုးဘူး... အရပ်မြင့်မြင့် အသားဖြူဖြူနဲ့ပဲ ဟောဒီမှာ ဓါတ်ပုံလည်း ပါသေးတယ်"

ဓါတ်ပုံထဲက သူဌေး 'ဦးသက်အောင်' သည် အသက် (၃၅) ထက်မငယ်သော်လည်း လူငယ်လေးတစ်ယောက်လိုပင်





နုပျိုသွက်လက်ပုံရပါသည်။

"ဒေါ်လေးက မင်းညီမကိုအရင်မေးရသေးတယ်... မင်းနဲ့ 'လတ်' နဲ့များ လူငယ်ချင်း မေတ္တာရှိနေရင်တော့ ဒီကိစ္စကို ဒေါ်လေး လက်မခံပါဘူး"

"ဩော်..."

မိမိအပေါ်တွင် ဒေါ်လေး မည်မျှအခွင့်အရေးပေးကြောင်း မိမိ သိပါသည်။ တခြားအမိပွါယ်မျိုးနှင့် စဉ်းစားမယ်ဆိုလျှင်တော့ မင်းငါတို့မိသားစုကိုချစ်တယ်ဆိုတာ ပါးစပ်ကချစ်တာပါကွာ၊ တကယ်တမ်းကျတော့ မင်းငါ့သမီးကို ယူရဲတဲ့သတ္တိမရှိဘူး မဟုတ်လား ဆိုသည့် အဓိပ္ပါယ်မျိုး။

"ဒီလောက် ကိုယ့်အတွက်အကျိုးရှိမယ့် ကိစ္စကို 'လတ်' ကလက်မခံဘူးလေ... ဒီလို အခွင့်အရေးမျိုးလက်လွှတ်ခံလို့ ဖြစ်မလားကွယ်... ဝိုင်းနားချပါဦး... သူ့မှာ ရည်းစားရှိနေလားမှမသိတာ"

'လတ်' က မိခင်ကိုမျက်စောင်းထိုးကြည့်သည်။

"ကဲ ဒေါ်လေးကမေးခိုင်းတယ်... နင့်မှာရည်းစားရှိသလားတဲ့"

" 'လတ်' မှာ ရည်းစားရှိလား မရှိလား ကိုကိုအသိဆုံး"

"ဟ ဘာဆိုင်လို့လဲ ငါနှယ် နေရင်းထိုင်ရင်း အမှုပတ်နေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အသိဆုံးပဲ နေ့တိုင်း ကိုကိုနဲ့အသွားအပြန်လုပ်နေတာ... ဘယ်ကောင်နဲ့တွဲတာ ကိုကိုမြင်လဲ"

"ဒါတော့ ငါနဲ့နင်က အသွားအပြန်တင် အတူတူပဲဟာ တစ်နေကုန် နင်ဘာလုပ်တယ်ဆိုတာ ငါသိမလား"

"ဟွန်း ကိုကိုနဲ့ နှိုင်းပြောမနေနဲ့... 'လတ်' ကျောင်းနေတုန်း ဒါတွေမစဉ်းစားသေးဘူး"

"ကဲ ဒေါ်လေး သူပြောတာ မှန်သားပဲ... ကျောင်းနေတုန်းတော့ ဒီကိစ္စကို ခဏဆိုင်းထားလိုက်ပေါ့"

"ဆိုင်းပါတယ်ကွယ်... ဟိုကလည်း စာထဲမှာရေးပြီးသားပါ... ကျောင်းပြီးမှ လက်ထပ်ပါ့မယ်တဲ့... အဲဒါကို သူကငြင်းနေတာ"

"'လတ်' ကဘာလို့ငြင်းနေတာလဲ... ရုပ်ရောပစ္စည်းရော ဘာပြောစရာရှိလဲ"

"ကိုကို့ ညီမအရင်းဆို ပေးစားမလား"

"ပေးစားပေါ့ဗျာ"

"လူပျိုမဟုတ်တဲ့လူကို ကိုယ့်ညီမနဲ့ပေးစားမယ်ဆိုတာ နှမ,မရှိလို့ နှမချင်းမစာပြောတဲ့စကားပဲ"

"ဟော့ နင် ငါ့ကို ဒီလိုမပြောနဲ့... တကယ်လို့ 'ကိုသက်အောင်' ဟာ ဘယ်လောက်ချမ်းသာသာ မိန်းမရှိမယ်... ကလေးရှိနေမယ်ဆိုရင် ငါမတိုက်တွန်းဘူး... ငါ့စေတနာဟာ နင့်တစ်





ယောက်တည်းအတွက်မဟုတ်ဘူး... နင်တို့ ညီမအားလုံးအတွက်ရော... နင့်မိဘတွေအတွက်ပါ စဉ်းစားတာ... 'ကိုသက်အောင်' ဆိုတဲ့လူ ဘယ်လောက် ချမ်းသာတယ်ဆိုတာရော ဘယ်လောက် ရိုးသားတယ်ဆိုတာရော ငါသိတယ်... ဒီလူမကောင်းရင် နင့်ကယူမယ် ယူမယ်ဆိုရင်တောင် ငါက ကန့်ကွက်သင့် ကန့်ကွက်ရမှာပဲ... လူတစ်ယောက်အတွက် အခွင့်ကောင်းဆိုတာ တစ်သက်မှာ တစ်ခါတော့ရတာပဲ... ကိုယ်က အသုံးချတတ်ဖို့ပဲရှိတယ်... သူကချစ်ရင် ကိုယ်ကစိတ်ချမ်းသာမယ်... ကိုယ်ကချစ်ရင် ကိုယ်ပဲစိတ်ဆင်းရဲမှာပဲ"

"'လတ်' ကျောင်းပြီးရင် မိဘတွေကို ပြန်ရှာကျွေးမှာ ကိုကိုရယ်... ယောကျ်ားယူမှ မိဘကိုပြန်ကြည့်နိုင်တာမဟုတ်ပါဘူး"

"ဒါကတော့ နင့်သဘောပဲ... ဒါနဲ့ 'ကိုသက်အောင်' က 'မိငယ်' ကိုရော သဘောမကျဘူးလား... 'မိငယ်' လည်းချောတာပဲ"

"'မိငယ်' နဲ့တော့ မပေးစားနိုင်ဘူးကွယ်... ငယ်သေးတယ်လေ ပညာလည်းမစုံသေးဘူး... အိမ်ထောင်ရေးကိုလည်း နိုင်နင်းမှာမဟုတ်ဘူး... 'မိငယ်' ကိုလည်း မြင်ဖူးချင်မှမြင်ဖူးမှာပေါ့... 'မိငယ်' ဆိုးတော့ မယူရဲဘူး ထင်ပါတယ်ကွယ်"

ထိုစကားကြောင့် အတွင်းခန်းတွင်ကပ်၍ နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ‘မိငယ်’ ဒေါ်ပွသွားပြီး…

“အမေက သမီးချင်းအတူတူ ‘ငယ်’ ကိုဆိုသိပ်နှိမ်တာပဲ အဲဒီအိမ်ရှေ့မှာရှိနေတဲ့ လူတွေအားလုံး ‘ငယ်’ ကိုဆို သိပ်အထင်မကြီးကြဘူး… သိမယ်… ပဲကြီးရေစိမ် အချိန်တန်တော့ ပွလာမှာပဲ သိပ်လည်း ပူမနေကြနဲ့”

ထိုစကားကြောင့်ရယ်ရပြန်သည်။ ကိုကိုက မစ္စတေးကို မခံချင်အောင် လှမ်းစရင်း အိမ်ပေါ်မှဆင်းလာခဲ့သည်။

“ကောင်းပါပြီမပွရေ… အပွသာ မလွန်ပါစေနဲ့”



‘မိငယ်’ တစ်ယောက် ကိုကို့ကိုမြင်သည်နှင့် အဝေးကြီးနှုတ်ခမ်းစူပြီး ရှောင်သွားတတ်သည်။ ယနေ့ကျောင်းချိန်မရှိသဖြင့် အိမ်ကိုစောစောပြန်ခဲ့သည်။ ‘လတ်’ ကိုလည်း မိမိ ပြန်တော့မည်ကြောင်းပြောခဲ့သည်။

မထင်မှတ်ဘဲ ကျုံးတံတားပေါ်ကဖြတ်လာသော ‘ငယ်’ ကိုတွေ့လိုက်ရသည်။ သူမနောက်ဘက်မှ ကောင်လေးတစ်သိုက်က တပေါ့ပေါ့ တဟားဟားဖြင့် ကပ်ပါလာသည်။ သူမခပ်သွက်သွက်လျှောက်သည်။ ဆိုင်ကယ်ဖြင့်ရပ်စောင့်နေသော ကိုကို့ ကိုမြင်တော့ သူမ အူလျားဖားလျားပြေးလာပြီး…



www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ အတော်ပဲ... ရေငတ်တုန်းချောင်းထဲကျဆိုသလိုပဲ ဟဲ ဟဲ ထွက်တော့ ကိုကို... ထွက်တော"

ဆိုင့်ကယ်နောက်မြီးသို့ဆွဲကာနဲ့ ခုန်ထိုင်ရင်း သူမကဘာမှမဖြစ်သလိုပြော်သည်။ ကိုကို နှုတ်ခမ်းကို ခပ်တင်းတင်းရှေ၍ ဆိုင်ကယ်ကိုခပ်မြန်မြန်မောင်းသည်။

"အား... စီးလို့ကောင်းလိုက်တာ... 'မမလတ်' ကတော့နေ့တိုင်းစီးနေရတာ ဖိမ့်ပဲနော်... အဟင်း ဟင်း"

သူမကိုဆူဖို့စဥ်းစားနေသော ကိုကိုပင် ပြောမယ့်စကားတွေဘယ်ရောက်ကုန်မှန်း မသိတော့။

"ဒါနဲ့ ကိုကို့ကိုမေးရဦးမယ်"

"ဘာကိုတုန်း"

"ကိုကိုနဲ့ 'မလတ်' ဒီလောက်တွဲနေကြတာ ဘာမှမဖြစ်ဘူးဆိုတာ ဟုတ်ပါ့မလား"

"တွဲတိုင်းဖြစ်ရရောလား... 'လတ်' နင့်လိုရူးနေတာမဟုတ်ဘူး... ဣန္ဒြေသိပ်ရှိတာ"

" 'ငယ်' ကဘာရူးလို့လဲ"

"မရူးလို့ပဲ ခုနက နင့်နောက်ကတစ်သိုက်ကြီး ပါလာတာရော"

"ဒါတော့ ဘာဆန်းလို့လဲ... အပျိုနောက်လူပျိုလိုက်တာ"

"အဲဒီထဲ တစ်ယောက်တည်း ဘာသွားလုပ်တာလဲ"





"ဘယ်ထဲလဲ"

"မန်းသီတာ ဥယျာဉ်ထဲ"

"ဩော် ဒါလား... မနေ့တုန်းက ကျောင်းကသူငယ်ချင်းတွေနဲ့ ဥယျာဉ်ထဲခါတ်ပုံလာရိုက်တာ ရပြီလားလို့လာမေးတာလေ"

"တစ်ယောက်တည်းလာရလား... သူငယ်ချင်း တစ်ယောက်ယောက်ခေါ်လာပါလား"

"စိုးရိမ်စရာဘာရှိလို့လည်း ကိုကိုရ... စစ်တပ်လည်းရှိတယ်... အစောင့်လည်းရှိတယ်... ပန်းခြံထဲမှာလေညှင်းခံတဲ့ လူတွေလည်းရှိတယ်"

"ဘာတွေရှိရှိ... ကိုယ်က မိန်းကလေး... ဣန္ဒြေရှိရှိသွားလာနေထိုင်မှပေါ့"

" 'ငယ်' ကဣန္ဒြေရှိရှိမသွားလို့ ထဘီကွင်းသိုင်းနေလို့လား... သီချင်းလည်း အော်ဆိုနေလို့လား"

'ငယ်' အသံကဒေါပွသံရော၊ ငိုသံရော ရောစပ်နေသည်။

" 'ငယ့်' ဆို အလကားနေ နှိမ်ချင်နေတာပဲ"

'နှိမ်နေတာမဟုတ်ဘူး... စေတနာနဲ့ပြောနေတာ... ငါကိုယ်တိုင်ကိုက ကိုယ့်ထမင်းကိုယ်စားပြီး တယ်အမုန်းခံချင်တာကိုး... တော်ပြီ၊ နောက်ဆို ဘာဖြစ်ဖြစ်မပြောတော့ဘူး... လက်ပိုက်ကြည့်နေလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

'ငယ်' ငြိမ်၍လိုက်လာခဲ့သည်။

"ဒိုင်း..."

"အမယ်လေး"

'ငယ်' ထိုင်နေသည့်နောက်ဘက်က မော်တော်ဆိုင်ကယ်ဘီးပေါက်ခြင်းဖြစ်သည်။ 'ငယ့်' မျက်နှာလေး လန့်ပြီးနီရဲနေသလို ရင်ဘတ်ကိုလည်း လက်ဖြင့်ဖိထားကြောင်းတွေ့ရသည်။

"ကောင်းတယ် ကောင်းတယ်... ဝမ်းသာတယ်... သူများမကောင်းပြောလို့ သူ့ဘီးပေါက်ပြီ... ဟေဟေ့ ဟေဟေ့"

'ငယ်' ဝမ်းသာအားရ လက်ခုပ်တီးသည်။ ခုန်သည်။

"သွားတော့မယ်... ကိုယ့်ဘာသာ ကိုယ် တွန်းခဲ့တော့"

"လာခဲ့ နင်ပါဝိုင်းတွန်းပေး... ငါတစ်ယောက်တည်း အဝေးကြီးတွန်းရမှာ"

"တွန်းပေ့... ဆိုင်ကယ်ပေါ်သူများဒီတစ်ခါပဲ စီးဖူးတာမတွန်းနိုင်ဘူး"

"နင်စီးမှ ငါ့ဘီးပေါက်တာ... လာတွန်းဆိုနေ"

"ဟင့်အင်း ရှက်တယ်"

"ဘာရှက်ရမှာလဲ... သူများပစ္စည်းခိုးပြီး မဟုတ် မတရားလုပ်တဲ့လူမှ ရှက်ဖို့ကောင်းတာ... လာခဲ့ဆိုနေ... ငါနားရွက်ဆွဲပြီးလာခေါ်ရမလား"

"တကယ်ပဲကွာ... သူ့ဆိုင်ကယ်လေးတစ်ခါစီးရပါတယ်





ခိမ်တောင်မရှိဘူး... သူ့ 'လတ်' သာဆို ခုလို လူမြင်မကောင်းသူမြင်မကောင်း တွန်းခိုင်းမှာမဟုတ်ဘူး"

"ဟာ ဒီကောင်မလေး... စကားပြောရင် အနှောင့်အသွားသွတ်အောင်ပြောစမ်း... ဘာလို့ 'လတ်' ကိုခဏခဏ ခလုတ်တိုက်နေတာလဲ"

"ဟုတ်ထာပြောလို့နာမနေနဲ့... ပြောစမ်းပါ... ခုလိုချိန်မှာ 'မလတ်' သာဆိုတွန်းခိုင်းရက်မလား"

"ဘာလို့မတွန်းခိုင်းရက်ရမှာလဲ... နင့်ကိုရော 'လတ်' ကိုရောတန်းတူပဲ"

"'ငယ့်'ကို 'မမလတ်' လောက်မချစ်ဘူး... အထင်မကြီးဘူး... အရောမဝင်ချင်ဘူးဆိုတာ လူတိုင်းသိပါတယ်နော်... 'ငယ်'က 'မလတ်' လောက်မှမလှတာ... မလှရတဲ့အထဲ အသားကလည်း မည်းသေး"

ရှုံ့တွတွမျက်နှာလေးဖြင့် မျက်ရည်လေးဝဲပြီး ပြောနေသော 'ငယ့်' ကို ကိုကို မျက်မှောင်ကြုတ်၍ ကြာမြင့်စွာစူးစိုက်ကြည့်ပြီးမှ...

"ရော် တယ်ခက်ပါလား... ငါ့မျက်လုံးထဲမှာ နင်ရော 'လတ်' ရော နှစ်ယောက်လုံးအတူတူပဲ... ဘယ်သူမှပိုမလှဘူး... ဘယ်သူ့ကိုမှလည်း ပိုသံယောဇဉ်မရှိဘူး... အေး တစ်ခုတော့ရှိတယ်... 'လတ်' ကငါနဲ့နေတိုင်း ကျောင်းသွားလို့ နင့်စိတ်ထဲပိုခင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ထင်မယ်... 'လတ်' ကအတူသွား အတူလာနေပြီး ငါ့ ကြော
ကားကိုနှောင့်ယှက်တယ်... နင်က နေချင်သလိုနေတယ်... ဆေး
တနေ့နှဲ့ပြောဆိုဆုံးမရင်လည်း နားမထောင်ဘူး... တစ်လုံးမခံပြော
ပြောတယ်— နင့်ကိုပြောဆိုဆုံးမတယ်ဆိုတာ လိမ္မာစေချင်လို့နား
လည်လား"

ညို့မျက်လုံးကြီးများဖြင့် ရူတူတူ မူတူတူမေးနေသော
'ငယ်' မျက်နှာလေးသည် ချွေးသီးချွေးပေါက်များကြားတွင် ရှုံ့
တင့်လန်းဆန်းနေသည်။

"မဆိုးဘူးလို့ နင့်ကိုယ်နင်ထင်သလို လိမ္မာတယ်လို့ထေ
ထင်လား"

'ငယ်' မဖြေ။ နှုတ်ခမ်းချွန်ချွန်လေးစူပြီး ကျုံ့ရေကိုထေ
နေသည်။

"ကဲ ဟောဟိုအရိပ်နား ခဏကြွခဲ့ပါ... ဟိုမှာ ခင်ဗျာ
လေးသောက်ဖို့ မန်ကျည်းဖျော်ရည်သည်က အရန်သင့်စောင့်နေ
ပါတယ်"

"ဟွန်း မွဲသွားဦးမယ်နော်... 'မလတ်' ကျတော့ ဖာလူး
တို့ ရွှေရဲမုန့်တို့ကျွေးပြီးတော့"

"ဟာ လာပြန်ပြီလား ဒီ'မလတ်'... သူက ငါနဲ့မြို့စွန်နား
ကျောင်းသွားတက်ရတဲ့သူ... တစ်ခါတလေလမ်းကြုံလို့ကျွေးတာ
ပဲရှိတယ်... ခုလည်း နင့်ကို မန်းကျည်းဖျော်ရည်သည်တွေကို





ဘိုက်နိုင်တာ... မတွေ့ရင် နင်ကဆာပါတယ်ဆိုရင်တောင် ကျုံး
ဘေးကရေပဲခပ်တိုက်မှာ"

စူပြန်ပြီ နှုတ်ခမ်းက...။

"ဘယ်လောက်ဖိုးတိုက်မှာလဲ... တစ်ခွက်တည်းတော မ
ဘူး"

"သောက်... ကြိုက်သလောက်သောက်... စဉ့်အိုးတစ်အိုး
ကုန်းသောက်"

"မသောက်နိုင်မှန်းသိလို့ တိုက်တာမဟုတ်လား"

"နင်ဟာလေ လူတစ်ယောက်ရဲ့စေတနာကို ဘယ်တော့
တန်ဖိုးထားတတ်မယ့် မိန်းကလေးမဟုတ်ဘူး"

"ထားပါတော့... ထားပါတော့"

မချိုမချဉ်မျက်နှာဖြင့် ပြောခြင်းဖြစ်သည်။

"ကဲ နင်ပြန်နင့်တော့... ငါအိမ်ကိုဝင်ပြောလိုက်... ဆိုင်
ဘယ်ပျက်နေလို့ အိမ်ပြန်နောက်ကျမယ်ဆိုတာ..."

"နေပါဦး မေးစရာရှိသေးလို့"

"ဘာမေးဦးမှာလဲ"

"'မလတ်'နဲ့ကိုကို ဒီလောက်တွဲနေကြတာ ခုထိရည်းစား
ဖြစ်သေးဘူးဆိုတာ သိပ်မယုံချင်သေးဘူး"

"မယုံရင် နင့်အစ်မ သွားမေးဟာ"

"နှစ်ယောက်ပေါင်းပြီး လိမ်ထားတာဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲခိုဒ်ရှေ့မှာလဲ... ငါနဲ့သူဖြစ်နေရင် သူဌေး 'ဦးသက်အောင်' နဲ့ယူမယ့်ကိစ္စ ငါသဘောတူပါ့မလား"

"'ငယ်' ထင်တာကိုပြောရမယ်ဆိုရင် ကိုကိုနဲ့ 'မလတ်' ဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်လျက်သားနဲ့ ဟန်ဆောင်နေကြတယ်လို့ထင်တာပဲ"

"ဒါ နင့်အလုပ်လား"

"အို 'ငယ့်' အစ်မကိစ္စပဲ 'ငယ့်' ကိစ္စပေါ့... 'မလတ်' ဟာ ကိုကိုကိုသံယောဇဉ်ရှိလို့ 'ဦးသက်အောင်' ကိုလက်မခံတာပဲဖြစ်ရမယ်... ကိုကိုသာ ဖွင့်ပြောရင် သူလက်ခံမှာသေချာတယ်... ကိုကို သူ့ကိုမချစ်ဘူးလား"

"ဘယ်သူ့ကိုလဲ"

"'မလတ်' ကို"

"ဒါ နင့်အလုပ်မဟုတ်ဘူးလို့ပြောနေတယ် မဟုတ်လား"

"'ငယ်' ကတော့ 'မလတ်' နဲ့ ကိုကိုနဲ့ကို သဘောတူတယ်... တခြားမိန်းကလေးကိုကြိုက်မယ့်အစား 'မလတ်' ကိုပဲကြိုက်လိုက်ပါ... ဘာလဲ 'မလတ်' ကရုပ်ကလေးပဲချောပေမယ့် ဆင်းရဲလို့မယူချင်တာမဟုတ်လား"

"တစ်ခုမှမဟုတ်ဘူး... 'လတ်' ကိုငါချစ်တယ်... ဒါပေမဲ့ ငါလက်ထပ်ချင်လောက်အောင် မချစ်သေးဘူး... ဒါပဲ"

ထိုစကားကြောင့် 'ငယ်' အစ်မဖြစ်သူအတွက် ကြားထဲ



ဘာအခံရခက်မိသည်။

"'မလတ်' လိုမိန်းမလှတစ်ယောက်ကိုများ သူက စွဲစွဲသမ်းလမ်းမချစ်ဘူးလေး ဘာလေးနဲ့"

'ငယ်' မျက်စောင်းထိုး၍ စူးရှရှကြည့်နေသည်ကို ကိုကို သိသည်။ မတိုမရှည်ဆံပင်များကို သားရေကွင်းဖြင့် ခပ်မြင့်မြင့် စည်းထားသော်လည်း တချို့ဆံပင်များ မမိသဖြင့် ကုပ်တဝိုက်ဖရိုဖရဲကျနေသည်။ စစ်ရောင်ရှပ်အင်္ကျီဝတ်ထားလင့်ကစား သူမ ကိုယ်ခန္ဓာအချိုးအဆက်ကပေါ်လွင်နေဆဲ။

ကိုကို မျက်လုံးများ မိမိမျက်နှာနှင့် ခန္ဓာကိုယ်ပေါ်စူးစိုက်ကြည့်နေသည်ကို မြင်ပြီး 'ငယ်' ရှက်သွားသည်။ ရှက်ရှက်နှင့် ကိုကို့ မျက်နှာကို ပြန်စိုက်ကြည့်မိသလို မနေတတ် မထိုင်တတ်ဖြစ်ပြီး လျှာကို အစွမ်းကုန်ထုတ်ပြမိသည်။

"ဘာကြည့်နေတာလဲ ဗျ"

'ငယ်' ရှက်ကိုးရှက်ကန်း ကိုကို့ ကျောကုန်းကို 'အုန်း' ကနဲ့ထုသည်။

"ဖြည်းဖြည်းလည်း ထုပါဟ... အဆုတ်တွေ အသည်းတွေကွာကုန်ပါ့မယ်... ကဲ နင်ပြန်ချင်ပြန်တော့"

"ကိုကို့ ဆိုင်ကယ်အစုတ်ကြီး ဆိုင်ပို့မှာမဟုတ်လား... ဆိုင်အထိတွန်းပေးခဲ့မယ်လေ... ကိုကို တစ်ယောက်တည်း ဘယ်နိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်... နင့်သာပြန်"

"ကောင်းပြီ... ဒါဆိုသွားမယ်"

'ငယ်' အဟုတ်တကယ်ထွက်သွားသည်။ ဒါက 'ငယ့်' အကျင့် သွားမည်ဆို ချက်ချင်းထွက်သွားသည်။ နောက်မှာကျန်ရစ်သူကို သူမ သိပ်ဂရုမစိုက်။ ကိုကို သူမကို နောက်မှငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။






ကျောင်းပြီးပြီဖြစ်၍ ကိုကို့ကို မိဘဆွေမျိုးများက အိမ်ထောင်ချဖို့စီစဉ်ကြသည်။

" 'အဝင်း' လိုမိန်းကလေးမှ မင်းငြင်းသေးရင် ဘာကိုယူမှာတုန်း"

မျက်စောင်းထိုးရင်း မကျေမနပ်ပြောသည်...။

"သူက ရွှေတွေငွေတွေပေါတဲ့ ရွှေဆိုင်ပိုင်ရှင်သမီးကို ဘယ်ကြိုက်မှာတုန်း မမရဲ့... အသီးအနှံရောင်းတဲ့ သမီးကိုမှ ကြိုက်မှာလေ ဟွန်း... ပညာတတ်ပြီး ဉာဏ်မရှိတဲ့အကောင်"

မမေ၏ညီမ အပျိုကြီး ဒေါ်လေး 'ဒေါ်ခင်ခင်' ကကိုကို



www.burmeseclassic.com

www.burmeseclassic.com



အဆုခံရပြီဆိုလျှင် အရိုက်ခံရအောင် အဆင်းတွင် ဘီးတပ်ပေးတတ်တာ ယခုမှမဟုတ် ငယ်ငယ်ကတည်းက။

"ပြောစမ်း မင်းနဲ့ 'လတ်' ဖြစ်နေကြလား"

"ပေါက်ပေါက်ရှာရှာဗျာ... 'လတ်' တို့ကို ကျွန်တော့်ညီမအရင်းတွေလိုပဲ ချစ်တယ်... ခင်တယ်... မေမေတို့လက်ပေါ်မှာ ကြီးလာခဲ့တဲ့မိန်းကလေးတွေပဲ သူတို့နဲ့ယူရော ခွင့်မလွှတ်နိုင်ဘူးလား"

"ကဲ တွေ့လား... 'ခင်ခင်' ပြောတယ်မဟုတ်လား... ဒီကောင် 'လတ်' နဲ့တစ်နေ့ဖြစ်ကိုဖြစ်မှာပဲလို့... ဘယ်နှယ့်အပျိုရွယ်လူပျိုရွယ် ကျောင်းတက်တာနှစ်ယောက်တွဲပြီး မော်တော်ဆိုင်ကယ်စီးတက်ရတယ်လို့... ညားများနေကြပြီလားတောင် မသိဘူး"

"ဒေါ်လေး 'ခင်ခင်' ကတော့နည်းနည်းမှ ကိုယ်ချင်းမစာတတ်ဘူး... ဒါနဲ့များ အပျိုကြီးဖြစ်နေရသေးတယ်... သူများကိုမှိုချိုးမြစ်ချိုးပြောတတ်တဲ့လူဟာ ကိုယ်တိုင်လည်း မဟုတ်တာလုပ်ခဲ့လို့နေမှာပဲ... 'ဒေါ်လေးခင်' ရော် အပျိုကြီးအစစ်ဟုတ်ရဲ့လား"

"ဘာ ခွေးစုတ်... ခွေးနာ... အဒေါ်ကိုဒီလိုပဲပြောရလား... 'မမတင်' ကိုယ့်သားကိုယ် ကြည့်ပြောဦး"

"ဟုတ်သားပဲ... လူကြီးကို ဒီလို ပမာမခန့်ပြောရသလား"





"မိန်းမစိတ်မွှန်နေပြီလေ... သူ့မျက်လုံးထဲ အမေလည်း မမြင်ဘူး... အဒေါ်လည်း မမြင်ဘူး"

"မေမေတို့ ဒေါ်လေးတို့က ကိုယ့်မှာသမီးမရှိတိုင်း သူများသမီးကိုချိုးနှိမ်ပြီး တယ်ပြောချင်တာကိုး... သိပ်စိတ်ပူမနေနဲ့ 'လတ်' ကို နယ်က သူဌေးသားကလာတောင်းနေတယ်ဗျ"

"ဟုတ်လား ဘယ်သူတုန်း"

" 'ကိုသက်အောင်' "

"ဟဲ့ ဟုတ်လား... 'သက်အောင်' ကရုပ်လည်းချော... ကျိုကျိုတက်အောင်ချမ်းသာလိုက်တာမှ အရမ်းပဲ... 'သက်အောင်' ကအတည်ယူပါ့မလား... တော်ကြာ အပျော်လုပ်သွားလို့ခက်နေပါမယ်"

"ဟ မေမေကလည်း ချိုးချိုးဖဲ့ဖဲ့ ပြောနေပြန်ပြီဗျာ... 'ကိုသက်အောင်' ကအခုရအခုယူမှာ... 'လတ်' ကငြင်းနေလို့ခက်နေတာ"

"မူတာနေမှာပေါ့"

မေမေက ထိုကဲ့သို့ပြောသလို ဒေါ်လေးက...

"ညည်းသားကိုမှ ကြိုက်နေသလားမှမသိတာ... ငါသိတယ် 'မိလတ်' ဟာ ကိုကို့ကို မျှော်လင့်နေတာပဲဖြစ်ရမယ်"

"ဘာလဲ ဒေါ်လေးတို့က 'လတ်' နှင့်သဘောမတူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခေါင်း ရှစ်ကလေးလှတာ တစ်ခုတည်း ကြည့်မ ကြိုက်နဲ့ ငါ့တူ တခ်သက်လုံးကိစ္စ... ပေါ့ပျက်ပျက်မထင်နဲ့"

"ကဲ 'လတ်' နဲ့သဘောမတူရင်လည်း 'လတ်' ကိုမယူပါဘူး— 'ငယ်' နဲ့ဆိုရင်ရော သဘောတူမှာလား"

"ဘယ်လို ဘယ်လို"

ဒေါ်လေးရော မေမေရော မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

"မင်း ဘာစကားပြောလိုက်တာလဲ ငကို"

"'ငယ့်' ကိုယူမယ်ဆိုရင်ရော သဘောတူမှာလားလို့ပါ"

"ဘယ်လိုလုပ် 'ငယ့်' ကိုယူလို့ဖြစ်မှာတုန်း သားရယ်... 'ငယ်' က ခုမှပညာသင်တုန်း"

"ပညာစုံမှပေါ့ မေမေ"

"တော်တော်... မင်းမှာ စဉ်းစားဉာဏ်မရှိဘူးလား ငကို... 'လတ်' လိုချောလည်းချော ပညာလည်းစုံနေပြီဖြစ်တဲ့ မိန်းကလေးနဲ့တောင် မင်းကိုမပေးစားချင်တာ... 'ငယ့်' လိုငဘောက်တိ ငဘောက်ချာ တောင်မရောက် မြောက်မရောက် ဆတ်စလူးစိန်ကို ပိုတောင်သဘောမတူသေးတယ်... တော် 'လတ်' လည်း စိတ်မကူးနဲ့... 'ငယ်' လည်းစိတ်မကူးနဲ့... 'အဝင်း' နဲ့ပဲ ပေးစားမယ်"

"ဘယ်သူက မိန်းမယူချင်တယ်ပြောလို့ မေမေတို့က အ





တင်းပေးစားနေကြတာတုန်းဗျာ... စိတ်ချ 'လှတ်' နှင့် 'မိငယ်' ကိုလည်းမယူဘူး... မေမေတို့ပေးစားမယ့် 'အဝင်း' ကိုလည်း မယူဘူး"

"အေး... မယူရင်ပြီးတာပဲ... မင်း မတော်တရော်ဖြစ်မှာစိုးလို့စိတ်ပူနေရတာ"

'ငယ်' နုတ်ခမ်းကို ခပ်နာနာဖိကိုက်ရင်း အိမ်ရှေ့မှာပြန်ထွက်ခဲ့သည်။ အမေက လိမ္မော်သီးတောင်းချတိုင်း အကြီးဆုံး အကောင်းဆုံး အလှဆုံး ငါးလုံးကိုရွေး၍ ကိုကိုတို့အိမ် အမြဲပို့တတ်သည်။ ယခုမှ မဟုတ် 'ငယ်' တို့မမွေးခင်ကတည်းက။

"ဟဲ့ ကောင်မလေး မျက်ရည်တွေဝဲလို့...လိမ္မော်သီးလည်း မပို့ခဲ့ပါလား... ဘယ်သူနဲ့ ဘာဖြစ်ခဲ့ပြန်ပြီတုန်း"

'ငယ်' တော်တော်နှင့် မဖြေနိုင်။ ဒေါသကြောင့် ရင်ဘတ်ကအခုန်မြန်နေသည်။ အတန်ကြာမှ မီးဖိုထဲတွင်ပြောနေသော ကိုကိုတို့မိသားစု၏ ချိုးနှိမ်စကားကိုပြောနေသည်။ 'လတ်' နှုတ်ခမ်းလေးတင်းတင်းစေ့ပြီး မျက်နှာကိုခေါင်းငုံ့ထားသည်။

"ငွေမရှိလို့ ငါ့သမီးလေးတွေ မျက်နှာငယ်ရတာပါကွယ် ကိုယ်ကငွေမရှိတော့ ပညာတော့တတ်မှ... ငွေလည်းမရှိ ပညာလည်း မတတ်ဆိုရင်တော့ ပိုပြီးအထင်သေးကြဦးမယ်... 'ငယ်' ကသူတို့ထင်သလို မဟုတ်ဘူးဆိုတာသိအောင် ပိုကြိုးစားပြလိုက်ပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



'ငယ်' မျက်နှာရှေ့၌...

"ငွေသိပ်မက်တဲ့ဟာတွေ တစ်နေ့ ငွေနဲ့ကိုဖိသတ်နိုင်အောင် လုပ်ပြီးမယ်... ပဲကြီးရေစိမ် အချိန်တန်တော့ပွလာမှာပဲ"

ဒီတစ်ခါတော့ 'ငယ်' ပဲကြီးရေစိမ်အကြောင်းကို နားထောင်ပြီး 'လတ်' တို့မရယ်နိုင်ကြ။ 'ငယ်' အသိတရားရချိန်တွင် အချိန်ကာမရှိတော့။ စာမေးပွဲဖြေခါနီး တစ်လအလိုမှ စာကြိုးစားချင်စိတ်ပေါက်ပြီး နေ့ရောညရော ကုန်းကြိုးစားသော်လည်း မမီတော့။

'လတ်' က 'ငယ်' မကူးဘဲပစ်ထားသောစာများကို ဒိုင်ခံကူးပေးသော်လည်း အချိန်နီးကပ်လွန်းနေပြီဖြစ်၍ သိပ်အားမရလှ။ ထင်သည့်အတိုင်း 'ငယ်' စာမေးပွဲကျသည်။ အထင်သေးသောမျက်လုံးများ၏ဒဏ်ကို အတော်ခံရ၏။

" 'မိငယ်' "

ကျုံးရှေ့ထနောင်းပင်အောက်တွင်ဖြစ်၏။ ကိုကို တစ်ယောက်စက်ဘီးဖြင့် ဘယ်ကပေါ်လာသည်မသိ။

"ခေါ်နေတာ မကြားဘူးလား 'မိငယ်' "

'မိငယ်' ညိုပုတ်ပုတ်မျက်နှာဖြင့် နှုတ်ခမ်းကိုစူထားသည်။

"နင်တို့ညီအစ်မ ဘာဖြစ်နေတာလဲ... မခေါ်နိုင်...မပြောနိုင်... မရယ်နိုင်... မပြုံးနိုင်နဲ့"





"မခေါ်ချင် မပြောချင်မှန်းသိရင်လည်း လာခေါ်မနေနဲ့ပေါ့ဗျာ"

'ငယ်' ကခပ်မာမာဖြင့်ပြောပြီး ဆက်လျှောက်သည်။ ကိုကို သူ့စက်ဘီးကိုတွန်း၍လိုက်ရင်း...

"နင်ကရော ဘာဘဝင်မြင့်နေတာလဲ... စာမေးပွဲအောင်လို့ ဘဝင်မြင့်တယ်ဆိုလည်း ဟုတ်သေးတယ်... ခုတော့ လူကိုမြင်ပါလျက်နဲ့ ရှောင်သွားတာတို့... လူမြင်မှ မျက်နှာလွှဲတာတို့က ဘာဖြစ်တာတုန်း... 'လတ်' လည်းဒီလိုပဲ... တမင်ရှောင်ပုန်းနေမှန်းသိသာတယ်... အရင်ကအချိုးနဲ့ကို လုံးဝမတူတော့ဘူး... ဘာဖြစ်နေကြတာလဲ... ပြောစမ်းပါဦး... ငါက ဘာဖြစ်နေလို့လဲ"

"ခင်ဗျား အမေက 'ငယ်' တို့ညီအစ်မနဲ့ ရင်းရင်းနှီးနှီးမနေရဘူး ပြောထားတယ်မဟုတ်လား"

"ဒါကို နင်ဘယ်လိုလုပ် သိသလဲ 'မိငယ်' "

"ဘယ်လိုပဲသိသိ သိတာသာအဓိကပါ ကိုကိုရာ... 'ငယ်' တို့နဲ့ခေါ်လို့ ကိုကို့အနေနဲ့ ထိခိုက်နိုင်တယ်ဆိုသလို 'ငယ်' တို့အနေနဲ့လည်း မခေါ်ရလို့ ဘာမှမဖြစ်နိုင်ပါဘူး"

ကလေးတစ်ယောက်လို သူ မကျေနပ်တာကို မျက်တောင်ရှည်များပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ပြောနေသော 'ငယ့်' မျက်နှာလှလှကို ကိုကို စိုက်ငေးကြည့်ရင်း...

" 'ငယ်' ကိုကိုနဲ့ ခဏလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုတုန်း"

"အေးအေးဆေးဆေး စကားပြောရအောင် မန်းသီတာပဲ သွားရအောင်"

"မသွားချင်ပါဘူး... ကိုကို့အိမ်က တောင်ပြော မြောက်ပြော အပြောမခံနိုင်ပါဘူး"

"နေပါဦး... သူတို့ပြောတာနဲ့ပဲ နင်တို့က တစ်သက်လုံး ခင်လာခဲ့တဲ့ ငါ့ကို မခေါ်ကြ မပြောကြတော့ဘူးလား"

"ဒီ အခြေအနေဖြစ်အောင် ဖန်တီးလာတာက ကိုကိုတို့ ဘက်ကပဲ"

"ငါ မပါဘူးဟာ"

"ခင်ဗျားလည်း အတူတူပဲ... ခင်ဗျားတို့ ငွေရှိတဲ့လူတွေဟာ သိပ်လည်တယ်... အချစ်ကို အသည်းနှလုံးနဲ့ဆုံးဖြတ်ကြတာ မဟုတ်ဘူး... ငွေနဲ့ ဆုံးဖြတ်ကြတာ... ငွေရှိတဲ့လူအချင်းချင်းတောင် ခင်ဗျားတို့က ချိန်ခွင်နဲ့ချိန်ပြီး ဘယ်သူငွေပိုများလဲ— ငွေပိုများတဲ့လူမှ ခင်ဗျားတို့က ချစ်တတ်ကြတဲ့လူစားမျိုးတွေ"

"နင် ပြောတဲ့လူမျိုးထဲ ငါ မပါဘူး 'မိငယ်' "

"အတူတူပဲ ခင်ဗျားလည်း ဒီပုပ်ထဲက ဒီပဲပဲ... ချိန်ခွင် လျှာလိုသာရာကိုလိုက်တဲ့လူစားမျိုး"

"ဟား ဟား ဟား အဟက်ဟက်... နင်ဟာလေ တံသာ မှတော်ရင်နေမယ်... သူများကိုများပြောရမယ်ဆိုရင် ရင်ဝဖဲနော





ာန်သလို နာအောင်ကိုပြောနိုင်တဲ့ကောင်မလေး"

"လူကို စာမတော်ဘူး မတော်ဘူးမပြောနဲ့...မကြိုက်ဘူး"

"နိုး ညည်းကတော်လို့လား... ဒီနှစ်လည်း ကျပြန်ပြီ"

"ကျ ဘာဖြစ်တုန်း... ကျွန်တော့ မိဘကတောင်ဘာမှ ပြောဘူး... ခင်ဗျားက ဘာဝင်ပူနေတာလဲ"

"နင့်မိဘက ဘာမှမပြောဘူးဟုတ်လား... နင်မို့ ကိုယ့် ာကို မသနားတာ... သားသမီးတစ်ယောက်စာမေးပွဲကျရင် ာတွေရင်ထဲမှာ ဘယ်လောက်စိတ်ဆင်းရဲရတယ်မှတ်သလဲ... ထူးသဖြင့် ဒေါ်လေးတို့ဆို ပိုတောင်စိတ်ဆင်းရဲဦးမယ်"

"ခင်ဗျားထက် ကျွန်တော်ကပိုသနားတယ်... ပိုချစ်တယ် ာ သိထားစမ်းပါ... ပါးစပ်ကချစ်တာ အပိုအလုပ်ပါ... ခင် ား အမေ့ကိုသနားရင် 'မလတ်' ကိုယူပြီး တိုက်ကြီးပေါ်ခေါ်တင် ားလိုက်ပါလား"

ကဲ ဘာပြောရမတုန်း ကိုကို။ ကိုကို မျက်ခုံးနှစ်ဘက်ပင့် ာ်ခမ်းတင်းတင်းစေ့ပြီး 'ငယ့်' ကိုပြူးလဲ့လဲ့မျက်လုံးဖြင့် ကြည့်နေ သည်။

"'မလတ်' မှာ ေ ရှိလို့ ခင်ဗျား မယူရဲတာမဟုတ်လား"

"မဟုတ်ပါဘူး... ငါသူ့ကို နှမတစ်ယောက်လို သူငယ် ်င်းတစ်ယောက်လိုထက်ပိုမချစ်ဘူး"

"အပိုတွေပါဗျာ... ဆင်းရဲလို့မယူရဲတာဆိုလည်း ပြီးတာ



www.burmeseclassic.com

www.burmeseclassic.com

ပဲ"

"ဆင်းရဲလို့မဟုတ်ပါဘူး ဆိုနေကွာ... ငါ့ရင်ထဲကအ ကြောင်းကို ငါပဲသိတယ်... ခက်တယ်ကွာ"

ကိုကို့ကိုကြည့်ရသည်မှာ အတော်စိတ်ရှုပ်နေပုံရသည်။ ဟုတ်ပါသည်။ ကိုကို ဘာဖြစ်နေသည်ကို ကိုကိုသာ သိပါသည်။ မိုက်သည်ပဲပြောပြော၊ ဉာဏ်မရှိဘူးပဲပြောပြော။ ကိုကို ချစ်သည် က 'မိငယ်'။

"နင် စာကြိုးစား ဟာ"

အစမရှိ အဆုံးမရှိ မဆီမဆိုင်ပြောလာသော ကိုကို့ စကားကြောင့်...

"မကြိုးစားဘူး ဘာဖြစ်လဲ... ဒါပဲ ခဏခဏပြောနေတာ ပဲ... သူ့လုပ်ငံ ဘားနေတာကျနေတာပဲ"

ကဲ ဘာဆက်ပြောမည်နည်း။ ခုချိန်မှာ သူမကို မိမိချစ် နေကြောင်း ဖွင့်ပြောဖို့လုံးဝမသင့်တော်။ နဂိုကမှ စည့်ရသည့်အ ထဲ အချစ်ကိစ္စဝင်လာလျှင် ပိုဆိုးမည်။

"နောက်တစ်ခု ပြောရဦးမယ်"

မျက်လုံးစွေ၍ကြည့်နေသည်။

"နင် မျက်စောင်းထိုးအိမ်ကို ရောက်နေတဲ့ ညှဲ့သည် ကောင်လေးနဲ့ သိပ်မတွဲနဲ့"

"ကိုယ့်ဘာသာကိုယ်တွဲတာ ဘာဖြစ်လဲ"





"အဲဒီကောင်အကြောင်း ဘာသိလဲ"

"မိုးကုတ်က သူဌေးသား အရမ်းချမ်းသာတယ်... ဆယ် တန်းအောင်ပြီးပြီ"

"တရပ်တကျေးက လာတဲ့လူကို သူများပြောတိုင်း ယုံလို့ ဖြစ်မလား"

"ခက်တာပဲ နေရာတကာ လိုက်ချုပ်ချယ်နေတာပဲ... ဒီ လောက်ဆရာလုပ်ချင်ရင် ဆူချင် ပူချင်နေရင် 'မလတ်' ကိုယူ... ခဲအို ဘဝရောက်တော့ပြော"

ကျားပေါက်မလို မီးဝင်းဝင်းတောက်နေသော မျက်လုံး များဖြင့်ပြောနေသော 'ငယ်' ကိုငေးနေမိသည်။

" 'မိငယ်' "

"ဘာလဲ"

"ဒီနှစ်ကျောင်းပြန်တက်ဦးမယ် မဟုတ်လား"

"မပြောတတ်သေးဘူး... အခြေအနေရပဲ... ကိုယ့်ကို ကြိုက်တဲ့လူထဲက အရမ်းချမ်းသာတဲ့လူဆို ယူပစ်မှာ"

"ဆယ်တန်းတော့ အောင်အောင်လုပ်ဦးလေဟာ... ဘာ လို့ အချစ်ရေးကိုဦးစားေ းချင်နေရတာလဲ"

"အချစ်ရေးကို ဦးစားပေးလို့ပြောနေတာမဟုတ်ဘူး... ဘဝအတွက်ကြည့်တာ... ဘဝအတွက် မိသားစုအတွက် သိရဲ့ လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးကျယ်ကျယ်ဗျာ... ပူမနေနဲ့... မကြာခင် ခင်ဗျားလေးတို့ချမ်းသာတော့မှာ"

"ဘာကိစ္စကြောင့်တုန်း"

"နယ်ကသူဌေး 'ကိုသက်အောင်' ဆိုတာ ဘယ်လောက်ချမ်းသာတုန်း... သူနဲ့ညည်းအစ်မတို့ယူရင် ညည်းတို့ချမ်းသာပြီပေါ့"

"မွဲဖို့ဇာတာကိုက ပါလာလို့လားမသိဘူး... 'မလတ်' က မယူဘူးလို့ချည်းပဲငြင်းနေတာ... မေမေကတော့ ပြောထားတယ် ကျောင်းပြီးလို့မှ တခြားတစ်ယောက် ကောင်းကောင်းမွန်မွန်ထဲက မယူရင် 'ဦးသက်အောင်' ကိုယူရမယ်တဲ့"

"နင်လည်း ကျောင်းပြီးမှအိမ်ထောင်ရေးကိုစဉ်းစား... အရွယ်ကငယ်သေးတယ်... အသက်ရလာတာနဲ့အမျှ အရွယ်ရလာတာနဲ့အမျှ သင့်တော်တယ် မတော်ဘူးဆိုတာ ပိုနားလည်လာမှာပဲ"

"အခြေအနေ အရပ်လေ... နက်ဖြန်ဘာဖြစ်လာမယ်ဆိုတာ ဒီကနေ့တည်းက ဘယ်လိုလုပ် အတတ်ပြောနိုင်မှာလဲလို့ ကဲ ပြန်စို့ ကိုကို"

"မြို့ထဲခဏလိုက်ခဲ့ ငါ ဖာလူဒါတိုက်မယ်"

"ဟင့်အင်း... ခုချိန်မှာ ကိုကိုက ကျုံးထဲကရေကို လက်ခုပ်နဲ့ ခပ်တိုက်မယ်ဆိုရင်တောင် မသောက်ဝံ့တော့ပါဘူး"





ထိုစကားကြောင့် ကိုကို့ရင်ဝယ် ဝေဒနာတစ်မျိုးခံစားလိုက်ရသည်။ အပြန်တွင် 'ငယ်' ကိုစက်ဘီးကယ်ရီယာပေါ်တွင် ထိုင်ဖို့ပြောသော်လည်း 'ငယ်' ကမထိုင်။

"ရတယ် ကိုကိုပြန်နှင့်... 'ငယ်' ဘာသာ 'ငယ်' လမ်းလျှောက်ပြန်မယ်"

"လာထိုင်ဆိုနေ"

"ဟင့်အင်း"

သည်ကောင်မလေး ခေါင်းမာပုံ၊ မာနကြီးပုံများကို ကိုကိုခုမှ တဖြည်းဖြည်း သိမြင်လာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅

"'ငယ်' ပြောစရာရှိတယ် လာဦး"

အမေရော အစ်မပါ မျက်နှာတွေက ခါတိုင်းနှင့်မတူ 'ငယ်' ကိုစိုက်ကြည့်နေလိုက်ကြတာ။

"ညည်း ကိုကိုနဲ့ ဖြစ်နေလား ပြောစမ်း"

"ဟာ ပေါက်ကရ အမေရာ... ဘာတွေလျှောက်ပြောနေ တာလဲ"

"မညာနဲ့နော် လာပြောတာသုံးလေးယောက်ရှိပြီ...ဟိုနား တွေ့တယ် ဒီနားတွေ့တယ်နဲ့ တခြားလူတွေပြောတုန်းက မယုံဘူး ညည်းတို့တွေ ငယ်ငယ်တုန်းကတည်းက မောင်နှမလိုနေလာတာ





သို့ ပြန်ပြောလိုက်တယ်... အခု ဘယ်သူလာပြောတယ်မှတ်သ လဲ"

"ဘယ်သူ လာပြောလဲ"

"'မမတင်' ရော 'မမခင်' ရော ညည်းနဲ့ကိုကို တတွဲတွဲ ြင်နေကြတာ... သူများပြောတုန်းက မယုံဘူးတဲ့... မနေ့ညနေက တို့ကိုယ်တိုင် ညည်းနဲ့နှစ်ယောက် မန်းသီတာထဲဝင်သွားတာ ော... ပြန်လာတာပါ မြင်ခဲ့တယ်တဲ့"

"အဆန်းလုပ်လို့ အမေရာ... အမြဲတွဲနေကြတဲ့ သူတွေပဲ ဟာ"

"အရင်ကနဲ့မတူတော့ဘူး... အခု သူ့သားကို ညည်းတို့ မတွဲစေချင်တော့ဘူးတဲ့... သူ့သားကို ရွှေဆိုင်ပိုင်ရှင်သမီး အဝင်း' နဲ့ ပေးစားမလို့တဲ့"

"သြော် သြော်"

'ငယ်' ကမျက်နှာကို ရှုပ်ဆိုးသွားအောင်မဲ့ပြီး ခေါင်းတ ညိတ်ညိတ်လုပ်နေသည်။

"သိပ်ရယ်စရာကောင်းတာပဲ... တလောကလုံး သူ့သား တစ်ယောက်ပဲ ယောကျ်ားရှိတယ်မှတ်နေသလားမသိဘူး... လူ အကြောင်းပေါင်းကြည့် အကြောင်းသိတဲ့... အစကတော့ ပြုံးပြုံး ဒီအဘွားကြီးတကယ်သဘောကောင်း... စိတ်ရင်းကောင်းအောင် ိုက်တာ... အနှစ်နှစ်ဆယ်လောက်ပေါင်းကြည့်မှ ယုတ်မာမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိတာ... သိမယ်... 'မိငယ်' အကြောင်းသိမယ်"

'ငယ်'ကအာခေါင်ခြစ်၍ အော်သည်။ ဟိုဘက်အိမ် ကြားအောင်အော်သည်။

"ဟဲ့ ကောင်မလေး လူကြားမကောင်းအောင် အော်မ စမ်းနဲ့... ကိုယ်ကမိန်းကလေး ကိုယ်ပဲနစ်နာမှာ"

"အို 'ငယ်' ကိုတော့ လာမစမ်းနဲ့... သတ္တိမရှိဘဲနဲ့ လာမစမ်းနဲ့... 'မိငယ်' နဲ့ယှဉ်ပြီး လမ်းမမှာရန်ဖြစ်ရဲသလား ပြိုင်ဆဲရဲသလား... လာခဲ့ ချလင့်"

"ဟဲ့ ငါနော် လုပ်ရင် သေတော့မယ်"

ထဘီကိုဒူးဆစ်လောက်အထိ တိုတိုဝတ်၊ ခါးနှစ် ထောက်ပြီး ပြူတင်းပေါက်မှကိုယ်တစ်ပိုင်းထွက်၍ ကိုကို တိုက်ကြီးပေါ်ကကြားအောင် ကုန်း၍အော်နေသော 'ငယ့်' အမေကအတင်းဆွဲခေါ်ရင်း ထုသည်။ လက်က ပါးစပ်ကိုအတ ပိတ်သည်။

ကိုကိုတို့ အိမ်ဘက်ကတိုက်တံခါးများ တဒုံးဒုံး တ ဒိုင်းဖြင့် ပိတ်သွားသည်။

"ဟွန်း တွေ့လား... တကယ်တမ်းကျတော့ သတ္တိရှိ မဟုတ်ဘူး... အလကားဟာတွေ... ထွီ"

'ငယ်'တစ်ယောက် အိမ်တံခါးပိတ်ထားသဖြင့် အခန်း တွင်သောင်းကျန်းနေသည်။ ညနေဘက်တွင် ကိုကိုအိမ်ဘက်





သာသည်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

အိမ်ရှေ့တွင် ရေချိုးဖို့ရင်လျားနှင့် ထွက်လာသော 'ငယ်' နှင့်တန်းတိုးလေပြီ။ 'ငယ်' စူးရှသောအသံဖြင့်အော်သလို လက်ထဲတွင်ကိုင်ထားသောခွက်ဖြင့် ပစ်ပေါက်လိုက်သည်။

"'ငယ်'နှင့် သိပ်မရိုင်းနဲ့... လူမသိသင့်တာကို သိအောင် အော်ဟစ်နေတာလဲ"

"အော်တယ် အော်တယ် အော်အောင်လုပ်လို့အော်တယ် သိပ် တရားလွန်လွန်းနေပြီထင်တယ်"

"ဒေါသအရမ်းမကြီးစမ်းနဲ့ 'ငယ်'... ဝင်စမ်း... အထဲဝင် စမ်း"

အပြင်ထွက်လာသော 'ငယ့်'ကို အိမ်ထဲအတင်းပြန်ဝင် ခိုင်းသော်လည်း 'ငယ်'ကမဝင်။ ကိုကို့ကိုသာ ရိုက်ပုတ်၍ ထုတ် နေသည်။

"ကိုကို လာခဲ့စမ်း... မတူ မတန်တာတွေနဲ့ သွားရောမ နေစမ်းနဲ့"

"ကဲ မတူမတန်ဦး မတူမတန်ဦး"

'ငယ်' ခဲလုံးတွေကုန်းကောက်ပြီး ကိုကိုတို့အိမ်ဘက် လှမ်း၍ပစ်သည်။

"ကောင်မ မှန်ကွဲရင် ညည်းမလွယ်ဘူး... လျော်ရင်



www.burmeseclassic.com

www.burmeseclassic.com



လျော် မလျော်ရင် ကောင်စီလူကြီးနဲ့သွားတိုင်မယ်"

"မလျော်ဘူး... မလျော်ဘူး"

"ကဲ ဒီလောက်ဆိုးဦး... စွာဦး... ခေါင်းမာဦး"

အမေ့အသံကိုကြားရပြီးနောက် 'ငယ်' မျက်လုံးထဲတွင် ပြာသွားပြီး ပါးမှာမှုကနဲဖြစ်သွားသည်။ ပြင်းထန်လှသော အမေ့လက်ဝါးသံကြောင့် မျက်လုံးထဲတွင် ကြယ်ဖြူ၊ ကြယ်ဝါ၊ ကြယ်ပြာတွေ သိန်းသန်းမကမြင်လိုက်ရခြင်းဖြစ်သည်။

အိမ်ထဲအခင်းတွင် မိမိတို့ရန်ပွဲကို ဝိုင်းကြည့်နေသော ကလေး လူကြီး ပရိတ်သတ်က ကားလမ်းနှင့်အပြည့်။

"ဘာကြည့်နေကြတာလဲ... ရန်ဖြစ်တာမမြင်ဖူးဘူးလား"

ဟုပြောရင်း ရေချိုးသည့်နေရာတွင် ခင်းထားသောအုတ်ကျိုးအုတ်ပဲ့များဖြင့် ကောက်၍မစ်ဟန်ပြင်လိုက်သောအခါ စောစောကပြူးပြဲကြည့်နေသော လူအုပ်ကြီးသည် ဝေါကနဲ့အလုအယက်ထွက်ပြေးကြလေတော့သည်။

'လတ်' ကတော့ ညီမဖြစ်သူသောင်းကျန်းနေပုံများကို အိမ်ထဲမှကြည့်ပြီးရှက်လွန်းသဖြင့် နားရော မျက်လုံးရောပိတ်ထားမိသည်။ အဖေဈေးသိမ်း၍ ပြန်လာသောအခါ 'ငယ်' ကိုတံမြက်စည်းတစ်ချောင်းကုန်အောင်ရိုက်ပါတော့သည်။ ဤကဲ့သို့ ရိုက်ပြန်တော့ 'ငယ်' ကိုသနားမိပြန်သည်။ သနား၍ မျက်ရည်ကျရသည်။





"မိဘက စီးပွားရေးမပြေလည်ရတဲ့အထဲ သူကအမျိုးမျိုးဒိတ်ဆင်းရဲအောင် လုပ်နေတယ်... ခုလိုဖြစ်တော့ ဘယ်သူနစ်နာသလဲ... ကိုယ်က မိန်းကလေး..."

"အဖေတို့က 'ငယ်' ကိုပဲအပြစ်မြင်နေတာပဲ... ခုကိစ္စသူတို့ သိပ်စော်ကားလွန်းလို့ 'ငယ်' သောင်းကျန်းတာ... 'ငယ်' နဲ့ သူ့သားနဲ့ ဘာမှမဖြစ်ဘဲ ဘာလို့မဟုတ်တာတွေလျှောက်ပြောလဲ... ဟိုတစ်နေ့ကလည်း 'မလတ်' နဲ့သဘောမတူတဲ့အကြောင်း မကောင်းကြောင်းတွေပြောနေကြတယ်... ဒီနေ့လည်း သူ့သားနဲ့ 'ငယ်' နဲ့ဖြစ်ပါတယ်ပြောပြီး သဘောမတူဘူးလေး ဘာလေးနဲ့ ဟွန်း... သူ့သားက ဘယ်လောက်ချော ဘယ်လောက်တော် ဘယ်လောက်ချမ်းသာနေလို့လဲ... သူ့သားလိုဟာမျိုး သေတောင်မယူဘူး... နောင်တစ်ဘဝမှာတောင်မယူဘူး"

"ကဲ ပြောလို့ပြီးပြီလား... နင့်ပါးစပ်ကိုပိတ်တော့...ဘာမှထပ်မပြောနဲ့တော့"

'ငယ်' အံ့တဂျစ်ဂျစ်ကြိတ်ရင်း အိမ်ရာဝင်သွားသည်။ နှစ်ရက်သုံးရက် မည်သူနှင့်မျှစကားမပြောဘဲ ဆန္ဒပြနေသော 'ငယ်' တစ်ယောက် သုံးရက်မြောက်သောညတွင် မည်သူမျှ ထင်မှတ်မထားသော အလုပ်ကို လုပ်သွားခဲ့သည်။

'မလတ်'

ငါ လင်နောက်လိုက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးအိမ်မှာရောက်နေတဲ့ မိုးကုတ်က သူဌေးသားတစ်ယောက်နဲ့လိုက်သွားတာ။ လောကမှာ လင်မရှားဘူးဆိုတဲ့ သက်သေကိုပြလိုက်တာပဲ။

ဒီမှာ 'မလတ်'။

လူတစ်ယောက်ရဲ့အကြောင်းကို သေမှကောင်းတယ် မကောင်းဘူး ဆုံးဖြတ်လို့ရတယ်ဆိုတဲ့စကား တယ်မှန်တာပဲ။

ကိုကို့တို့အမေ 'ကြီးတင်' နဲ့ 'ကြီးခင်' တို့ကို အလျင်ကတကယ်ဂုဏ်သရေရှိ အမျိုးသမီးကြီးတွေ ထင်ထားခဲ့တာ။

စိန်တွေရွှေတွေ တဖြိုးဖြိုးတဖျတ်ဖျတ်နဲ့ သနပ်ခါးအဖွေးသား၊ ပဝါကြီးတွေခြုံပြီး လူတကာကို ပြုံးပြုံးလေးကြည့်၊ အလှူကြီးတွေပေး။

ငါတို့ညီအစ်မကိုလည်း တကယ့်သမီး အရင်းတွေလို ချစ်ပါရဲ့ ခင်ပါရဲ့နဲ့ အဖေတို့ အမေတို့ကိုလည်း မောင်အရင်း ညီအရင်းတွေလို ချစ်ပါတယ် ခင်ပါတယ်နဲ့၊ အလကားဘယ်နှစ်ပြားရလို့လဲ၊ ဆင်းရဲပါတယ်ဆိုတဲ့ ငါတို့ဆီကချည်းပဲ ဟိုဟာလေးတောင်းစား ဒီဟာလေးတောင်းစားနဲ့





တော်ပါပြီ ဒီမိန်းမကြီးကို ငါသိပ်မုန်းတယ်။

ဒီမှာ 'မလတ်'...

နင် မနာပေမယ့် နင့်အတွက် ငါနာတယ်။ နင်နဲ့တတွဲတွဲလုပ်နေပြီး နင်နဲ့ တစ်နေ့ချစ်သူဖြစ်၊ တစ်နေ့လက်ထပ်မှာပဲလို့ လူတိုင်းထင်ကြေးပေးနေမှန်း သိလျက်နဲ့ ကိုကိုဟာ တကယ်တမ်းကျတော့ နင့်ကိုချစ်ပေမယ့် ဆင်းရဲလို့မယူရဲတာဟာ သိလား၊ဒီလိုမေတ္တာမျိုးဟာ အလကားပဲ၊ မေတ္တာစစ် မေတ္တာမှန်မဟုတ်ဘူး၊ သူ မကောင်းလို့ နင်ရော ငါရော အပြောခံရတာ။ ဒီမှာ 'မလတ်' နင့်မှာ မာနမရှိဘူးလား။

ကိုကို့ ကိုလုံးဝမခေါ်ပါနဲ့၊ 'ကြီးတင်' တို့ကိုလည်း မခေါ်နဲ့၊ တစ်သက်လုံးနော်၊ ကိုကိုဆိုတဲ့လူကိုလည်း ဘယ်တော့မှမယူပါနဲ့။ သူ့သားကိုယူမှ လင်ရမှာကျနေတာပဲ။

အခု ငါယူတဲ့ 'ဇော်အောင်' ဟာ ကိုကို ထက်ချောတယ်၊ ချမ်းလည်း ချမ်းသာတယ်၊ ငါ့ကိုကြိုက်နေတာကြာပြီ။

ဒါပဲ 'မလတ်'။

ငယ်



www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပြီး 'လတ်' ရင်ဝယ်တင်းကျပ်သွားသလို ညီမ ငယ်ကိုခွဲရတော့မည်ဆိုသော အသိကြောင့် မျက်ရည်များရစ်ဝဲ လာသည်။ အဖေနှင့် အမေသိလေလျှင်တော့ ရင်ကွဲတော့မှာပါ ပဲ။

" 'လတ်' "

လွယ်အိတ်လေးလွယ်၍ ခေါင်းငိုက်စိုက်ချ၍ လျှောက် လာသော 'လတ်'။ မမျှော်လင့်ဘဲ ကိုကို့ အသံကြားလိုက်သဖြင့် တုန်ပင်သွားသည်။ ဖြူဖပ်ဖြူရော်မျက်နှာ ပြူးကြောင်ကြောင် မျက်လုံးများဖြင့်ကြည့်ပြီး မိမိရှေ့မှခြေလှမ်းကျဲများဖြင့် ပြေးထွက် သွားသော 'လတ်' ကိုကြည့်ပြီး ကိုကို စိတ်မကောင်းဖြစ်ရသည်။

ခါတိုင်း တစ်နေ့ကို အခေါက်ပေါင်းမရေတွက်နိုင် အောင် တံခါးမရှိ ဓားမရှိ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက် နေခဲ့သော 'လတ်' ဟို့အိမ်လေးဆီသို့ ယခုအခါ နီးလျက်နှင့်ဝေး သွားခဲ့ပြီ။ မသွားရဲတော့ပြီ။

သေချာစဉ်းစားကြည့်တော့လည်း သူတို့လေးတွေမှာ အ ပြစ်မရှိပါ။

"အငယ်မလေး လင်နောက်လိုက်တာ သိပြီးပြီလား ကို ကို"

"ဗျာ ဘယ်ကအငယ်မလဲ အမေ"

" 'မိငယ်' 'မိငယ်' "





" 'မိငယ်' လင်နောက်လိုက်သွားပြီဟုတ်လား"

"ဟုတ်တယ်... ဟုတ်တယ်"

"ဘယ် ဘယ်သူနဲ့လဲ မေမေ"

"မိုးကုတ်ကရောက်လာတဲ့ ကောင်လေးနဲ့ပြောတာပဲ ဒင်း အများကြီးကံကောင်းသွားတယ်မှတ်ပါ ကိုကို... တွေ့တယ် ဟုတ်လား... ဘယ်လောက်ရုပ်တဲ့ကောင်မလေးလည်းဆိုတာ... သူ့ဘာသာသူ တခြားလူတွေနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာ ကံ ကောင်းလို့ လှည်းကျိုးမထမ်းရတာ"

"ကျွန်တော့်အထင်တော့ မေမေ့ကိုရွဲ့ပြီး လင်မရှားဘူး ဆိုတာကိုသိအောင် ယူပြလိုက်တာလို့ထင်တာပဲ"

"အေးလေ သူရွဲ့တော့ သူပဲဒုက္ခရောက်မှာပေါ့... လင်မ ရှားဘူးဆိုတာ မှန်ပါတယ်... ဒါပေမဲ့ လင်ကောင်းရှားတယ်ဟဲ့ သိရဲ့လား... သူလိုဟာမမျိုးကိုယူတဲ့ကောင်ကရော ဘယ်လောက် ကောင်းမလဲ... ဘယ်လောက်တော်မလဲ... ဘယ်လောက်ကြင်နာ သလဲ... သစ္စာရှိသလဲ... ကျုပ်က မျက်လုံးဒေါက်ထောက်ကြည့် လိုက်ဦးမယ်... သိလား"

မေမေတို့ 'ဒေါ်လေးခင်' ဟို့ကို ကိုကို ယခုတလောစိတ် ထဲမှာ မကျေမနပ်ဖြစ်မိသည်။ မေမေတို့အဆင့်အတန်းခွဲခြားမှု ကြောင့် ကိုကို ငယ်စဉ်ကတည်းက ချစ်ခင်တွယ်တာခဲ့သော ညီ မငယ်နှစ်ဦးကို ဆုံးရှုံးခဲ့လိုက်ရပြီ။


www.burmeseclassic.com

www.burmeseclassic.com



ကိုကို ခံစားနေလိုက်ရတာကို ဘယ်သူမှမသိပါ။ ၅၂၈ မေတ္တာရော၊ ၁၅၀၀မေတ္တာနှစ်ခုပေါင်း၍ ဆုံးရှုံးလိုက်ရခြင်းဖြစ်သည်။ 'ငယ်' တစ်ယောက် 'ဇော်အောင်' ကိုတကယ်ချစ်မြတ်နိုး၍ လိုက်သွားခြင်းဆိုလျှင် မိမိခံသာသေးသည်။

မိမိတို့ မိသားစုကိုရွံ၍သော်၎င်း၊ မိမိကိုရွံ၍သော်၎င်း လိုက်သွားခြင်းဆိုလျှင်တော့ စိတ်မကောင်းစရာပါပဲ။ သူမကို မိမိချစ်နေမှန်းသိလျှင် သူမ ဤကဲ့သို့ အရွဲ့တိုက်မည်မထင်။ ယခုမှ ဖွင့်မပြောမိခဲ့သည်ကို နောင်တရနေမိသည်။

'ငယ်' တစ်ယောက်ပျော်ရွှင်နေပြီလား။ မိမိကို တစ်သက်လုံးစိတ်နာသွားလေမလား။ ကိုယ်ချစ်မိသူကို ကိုယ်မပိုင်ဆိုင်ရသော်လည်း ပျက်စီးဆုံးရှုံးသွားစေရန်တော့ သူ ဆုမတောင်းချင်ပါ။ ပျော်ရွှင်ချမ်းမြေ့နိုင် စေ။



၆

'ငယ်' နားကိုအတင်းပိတ်ထားလိုက်မိသည်။

'ဇော်' အိမ်သာသွားတာကြာသဖြင့် အခန်းတံခါးကို ပိတ်၍ တည်းခိုခန်းနောက်ဘက် လိုက်လာခဲ့သည်။

"ဒီတစ်ခါ မင်းခေါ်လာတဲ့ကောင်မလေးတယ်မိုပါလား ကိုယ်လုံးရော မျက်နှာ ရော ဖူးနေတာပဲ"

"ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ ကိုယ့်လူ... ခါတိုင်းဟာတွေလို ဘာယီမဟုတ်ဘူး... အပိုင်ရတာ... အပျိုစစ်စစ်မှ ငါနဲ့ပဲ ရည်းစားထားဖူးသေးတာ"

"ဟား ဟား ဒါ ကြောင့် 'ငဇော်' အလျှင်နေရာတွေမသွားဘဲ... မြို့စွန်ဘက်လစ်လာတာကိုး"

"ဒါပေါ့... သူက ဒီမန္တလေးက တင်ကွ... လူမသိသေးတဲ့နေရာတည်းမှ... တော်ကြာ သူ့အိမ်က ပြန်တွေ့သွားရင် နှမြေစ



www.burmeseclassic.com

www.burmeseclassic.com



ရာကြီးဖြစ်သွားမှာပေါ့"

"မင်း သိပ်ပျော်နေတယ်ပေါ့လေ"

"စဉ်းစားကြည့်ပေါ့ကွာ... ဒီလိုချော ဒီလိုလှတဲ့ဟာမျိုးဆို ကြေးဘယ်လောက်ကြီးတယ်ဆိုတာ... ကုသိုလ်ကံကောင်းချင်တော့ တစ်သက်တာအတွက် အပိုင်ကိုရလိုက်တာ"

"မင်းက အတည်ကြံလို့လား...တကယ်လို့ စွန့်ပစ်မယ်ဆိုရင် ငါ့ကို အကြောင်းကြားလိုက်"

"ရန်စကား လာမပြောနဲ့ ကိုယ့်လူ... တစ်နှစ် နှစ်နှစ်အတွင်းတော့ ဆောရီးပဲ"

"တယ်ဟုတ်ပါလား... ခါတိုင်း ကောင်မလေးတွေဆို တစ်လလောက်ဆို မိဘအိမ်မျက်ရည်ခံထိုးပြီး ပြန်တက်ရတာချည်းပဲ"

ဆက်မကြားချင်တော့သဖြင့် 'ငယ်' အခန်းသို့ပြေးလာခဲ့ပြီး အဝတ်အစားတွေသိမ်းသည်။ ရင်ထဲတွင် အလုံးကြီးဆို့ပြီး ပါးပြင်ပေါ်မျက်ရည်များ ချောင်းစီးကျလာသည်။ ဖြူစင်ချောမောသော၊ ရှည်သွယ်မြင့်မားသော 'ဇော်အောင်' အပြောအဆိုအနေအထိုင်များကို 'ငယ်' ယုံကြည်ခဲ့သည်။

'ငယ်' သည် သူ့အချစ်ဦးပါတဲ့။ 'ငယ်' နှင့်တွေ့မှ သူ့အသည်းနှလုံး ချစ်တတ်လာကြောင်း၊ 'ငယ်' ကလွဲလျှင် ဘယ်မိန်းမကိုမှ မိန်းမ မထင်ကြောင်း။ ဟွန်း ခုတော့ သူလုပ်သမျှဟာ သူ့





ဗြာသမျှနှင့် ဆန့်ကျင်ဘက်တွေချည်းပါပဲလား။

ငါမှားပြီ။ ငါမှားပြီ။ အပျိုနုနုထွတ်ထွတ် ငါဟာ မိန်းမဆေါင်းစုံနဲ့ ပျော်ချင်တိုင်းပျော်၊ ပျက်စီးချင်တိုင်းပျက်စီးလာတဲ့လူတစ်ယောက်နဲ့ ငါ တစ်ပတ်တောင်အတူအိပ်စက်ခဲ့ပြီးပြီ။ ငါ့ဘဝတော့ သွားပါပြီ။ ငါ့ကုသိုလ်ကံက ဆိုးလှချည်လား။ 'ဇော်' နဲ့လိုက်ပြေးတာ တစ်ရပ်ကွက်လုံး သိပြီးရောပေါ့။

ခုလို ရက်ပိုင်းနဲ့ အိမ်ပေါ်ပြန်တက်သွားရင် ဘာပြောကြမလဲ။ အဖေတို့ အမေတို့ရော ဘယ်လောက်အရှက်ရမလဲ။ ကိုကိုတို့အိမ်ကဆိုရင် ငါ့ကိုဘယ်လောက်ပြောကြမလဲ။ ငါ့ဘဝတော့ ပျက်ပါပြီ။

"ဟင် အသက်ငိုနေတယ် ဟုတ်လား"

မျက်လုံးတွေရဲအောင်၊ မျက်ခွံတွေမို့အောင် ငိုထားသဖြင့် 'ဇော်' ရိပ်မိသွားပုံရသည်။ 'ငယ့်' မျက်နှာကိုဆွဲမော့ရင်း...

"အချစ် ဘာလို့ငိုတာလဲ ဟင်"

'ငယ့်' မျက်လုံးများသည် စောစောကနှင့်မတူဘဲ စိမ်းအားခက်ထန်နေသလို၊ မိမိကို မယုံသင်္ကာသလိုလို ကြည့်နေပါသား။ ဘာများဖြစ်လို့ပါ...ဗမ်။

"အသက် ဘာဖြစ်နေတာလည်းဟင်... ဘာမကျေနပ်လို့လဲ"

'ငယ်' စိတ်ကို အေးအေးထားပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"'ငယ်' ကိုတစ်သက်လုံး ဒီတည်းခိုခန်းမှာပဲ ထားမယ်လို့ ဆုံးဖြတ်ထားသလား"

"ဘယ်ဟုတ်ပါ့မလဲ အချစ်ရဲ့... မောင်မိန်းမခိုးထားတဲ့ အကြောင်း မောင့်မိဘတွေဆီ အကြောင်းကြားခိုင်းထားတယ်"

"တကယ်လို့ မိဘတွေက လက်မခံဘူးဆိုရင်ရော"

"ဘာမှလက်မခံစရာမရှိဘူး အချစ်... သူတို့လက်ထဲအ ကြောင်းကြားစာ မရောက်သေးလို့ပဲဖြစ်မယ်"

"တကယ်လို့သူတို့က ဒီကစ္စကိုလုံးဝလက်မခံဘူးဆိုရင် ကော..."

"အဲဒီတော့ အချစ်နဲ့မောင်... မောင်တစ်ထမ်း မယ်တစ် ရွက်ရှာဖွေသား သာကြတာပေါ့... မဟုတ်ဘူးလား"

ထိုစကားကြောင့် 'ငယ်' အကြီးအကျယ်စိတ်ဆင်းရဲသွား သည်။ လင်ယူတာ ချမ်းသာချင်လို့ပါဆိုမှ မောင်တစ်ထမ်း မယ် တစ်ရွက် စကားကိုကြားရသောအခါ 'ငယ်' စိတ်ညစ်သွားသည်။

"လင်ယူတာ ကျွန်လုပ်ဖို့မဟုတ်ဘူး 'ဇော်'... လင်လုပ် မယ့်သူကရှာဖွေရမယ့်တာဝန် ရှိပြီးသားပဲ... 'ငယ့်' ကိုခိုင်းစား တော့စိတ်မကူးနဲ့"

"ဒီလောက်လှတဲ့မိန်းမကို ဘယ်သူခိုင်းစားရက်မှာ လည်းဗျာ... အလှပဲထိုင်ကြည့်နေချင်တာပါ"

"အလှထိုင်ကြည့်ယုံနဲ့မပြီးဘူး 'ဇော်'... 'ငယ်' ဒီတည်း





ခိုခန်းကို လုံးဝမနေချင်တော့ဘူး... အသက်ရှူလို့လည်း မဝဘူး... အိမ်နဲ့ယာနဲ့မထားနိုင်ဘူးဆိုရင် ပြောင်ပြောင်ဖွင့်ပြော... ကိုယ့်မိ ဘအိမ်ကိုပဲ ကိုယ်ပြန်တော့မယ်"

ထိုစကားကြောင့် မင်းသားခေါင်းဆောင်းထားသော ရွှေမင်းသား 'ဇော်' ပါးစပ်မှ 'ငယ်' မမျှော်လင့်သောစကားကို ကြားလိုက်ရသည်။

"'ငယ်' ဘာဖြစ်နေတာလဲ... မင်းမိဘအိမ်ပြန်ရင် မင်း အပျိုပြန်ဖြစ်သွားမှာမို့ ဒီလောက်ပြန်ချင်တာလား... ဒီမှာ 'မိငယ်' မင်း ငါ့ကိုလုံးဝမချစ်ဘဲနဲ့ ပစ္စည်းရှိတယ်မှတ်ပြီး ယူတာမဟုတ် လား... ပြီးတော့ မင်း ကိုကို ဆိုတဲ့လူက လက်မထပ်လို့ ငါ့ကိုအရွဲ့ တိုက်ပြီးယူတာ မဟုတ်လား"

ထိုစကားကြောင့် 'ငယ်' ဒေါပွသွားပြီး...

"ဟုတ်တယ်... နင် သူဌေးသားဆိုလို့ ငါယူတာ... ကိုကို လက်မထပ်လို့တော့ မဟုတ်ဘူးဟေ့... ကိုကိုနဲ့ ငါက ဘာမှမဖြစ် ဘူး"

"ဟား ဟား မယုံပါဘူးကွာ... မင်း သူနဲ့တွဲနေ ကာ အား လုံးသိတယ်... မင်းလို အညာလွယ်တဲ့ မိန်းမမျိုးကို ဘယ်ကောင် က အလွတ်ပေးမှာလဲ... မင်းနဲ့ ကိုကို ညားပြီးသား... သူ့အမေက သဘောမတူလို့ မင်းဒေါကန်ပြီး ရှက်ရမ်းရမ်းတာ... မိုးကုတ်က ပြန်လာတော့ ကြားတယ်... မင်း ဟိုအရင်က ငါချစ်ရေးဆို



www.burmeseclassic.com

www.burmeseclassic.com

တုန်းက အဘက်မလုပ်ဘဲ အခုအခေါက်ပြန်လာတော့မှ လက် တာကိုပြန်စဉ်းစားကြည့်ရင် အဖြေကရှင်းနေတာပဲ... မင်းယ ကောင်နဲ့ရတဲ့အရက်ကို ဖုံးချင်လို့ ငါ့ကိုနိုးပြေးအောင် မြှူဆွယ် တာ ငါသိတယ် မိန်းမလည်ရဲ့ နားလည်ရဲ့လား"

"အောင်မာ နင်ကများ ငါ့ကိုမိန်းမလည်တဲ့... ဒီမှာ ပြော ကပြုံမနေနဲ့... နင်သာလူလည်... နင်သာလူညာ နင့်အကြောင်း ငါမသိဘူးမှတ်နေသလား... ငါ့ကိုပြောတော့ ငါဟာ အချစ်ဦး ဘယ်မိန်းမနဲ့မှ မချစ်ခဲ့ပါဘူးဆို... နင်နဲ့ လူတစ်ယောက်နဲ့ ခုန ရေချိုးခန်းနားမှာ ပြောနေတာ ငါအကုန်ကြားတယ်"

"ကြားလည်း ကောင်းတာပဲ... ကိုယ့်စရိတ်နဲ့ကိုယ် သ သွားသော့ စောစောစီးစီး အေးရော... နင်မသိသေးတာ တစ် ပြောလိုက်ဦးမယ်... ငါ့မှာ အတည်တကျယူထားတဲ့ မိန်းမရှိတာ ရော နင်သိလား... ငါ့မှာ သားသမီးရှိတာရော နင်သိလား...ငါ မိုးကုတ်ကလည်း မဟုတ်ဘူး... သူဌေးသားလည်း မဟုတ်ဘူး တာ နင်သိလား... နင့်လိုပတ်ဝန်းကျင်နဲ့ အဆင်မပြေဖြစ်နေတဲ့ ကောင်မလေးမျိုးတွေကို ငါက မဟာဂရုဏာနဲ့ ခေတ္တခဏ စောင့် ရှောက်ပေးတတ်တဲ့ စေတနာရှင်ကြီးလေ... ငါ့အကြောင်းသိသွား တဲ့နေ့ဟာ ငါနဲ့လမ်းခွဲတဲ့နေ့ပဲ... ငါ့အကြောင်းသိလို့မှ ငါ့ကို ခွဲမသွားနိုင်တဲ့ သူမျိုးကျတော့လည်း ထိုက်သင့်သလို ဆက်လက် စောင့်ရှောက်ရတာပေါ့လေ... ဟဲဟဲ နင်လည်း ငါ့ကို မခွဲနိုင်ဘူး





ရင် ဆက်နေနိုင်တယ် 'ဒေါ်ငယ်ငယ်'"

"ထွီ ခွေးတိရစ္ဆာန်... လူယုတ်မာ... သေနာကျ... ထမင်း ကြော်တစ်ထုပ် တစ်ယောက်တစ်ဝက်စားပြီး အဆီစားပြီးအသား နေတဲ့ နင့်လို သွေးစုတ်ဖုတ်ကောင်ဆီမှာ တစ်မိနစ်တောင် ဆက်မနေဘူး သိလား"

"ရပါတယ်ဗျာ ရပါတယ်... တစ်ခုတော့ ပြောချင်ပါ တယ်... ဒီမှာနေတဲ့အခန်းခကို ပြန်မရှင်းမယ်ပြောထားတယ်... ဒါလေးပါ ရှင်းသွားလိုက်ပါနော် ဟဲ ဟဲ"

"ဟင် ခွေး ခွေး... လူလည်"

'ငယ်'ဒေါသကိုမချိုသိပ်နိုင်ဘဲ အိပ်ရာထက်မှဝုန်းကနဲ ထပြီး 'ဇော်အောင်'ပါးကိုအားရပါးရ ရိုက်ပစ်လိုက်သလို၊ မျက်နှာ ရော လည်ပင်းကိုပါ လက်သည်းနှင့်ဆွဲကုတ်ပစ်လိုက်သည်။

"အား သရဲမ....ကဲကွာ"

'ငယ်'အခန်းထောင့်သို့ ပုံလျက်သားလဲကျသွားသည်။ ဘက်တော်နှင့်ပြန်မထနိုင်။ ခါးထဲက မျက်ကနဲဖြစ်သွားသလို ကျောပြင်ထဲကလည်း စူးစူးကြီးနာကျင်၍နေသည်။ 'ဇော်အောင်' တစ်ယောက်မရှိတော့ပြီ။ ခပ်ရိုင်းရိုင်းပြောရလျှင် အစာဝတော့ နပြန်ပြီလေ။

အခန်းတွင်ရှိသော အဝတ်အစားများကို အိတ်ထဲထည့်၊ ဖြစ်နေသော မိမိခန္ဓာကိုယ်ကို သပ်ရပ်အောင်ပြန်လည်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုပင် မနည်းလုပ်ယူရသည်။ စိတ်ထောင်းကိုယ်ကြေဆိုသ လို လေးငါးရက်အတောအတွင်း အပိုျစင်ဘဝမှသည် ကာစ်ခုလ ရောက်ရသော မိမိဘဝကို တွေးပြီးဝမ်းနည်းစွာ ငိုကြွေးမိသည် မိမိ ဘာလုပ်ရမည်နည်း။

"ခေါက် ခေါက်"

"ဘယ်သူလဲ"

"တည်းခိုခန်း စာရေးပါ"

"ဪ လာပြီ လာပြီ"

"ဧည့်စောစောကထွက်သွားတဲ့ အစ်ကိုက အခန်းခကို အ မဆီမှာယူလို့ ပြောပါတယ်... အဲဒါ ဟုတ်ပါသလား"

"သူ သူ ပေးမသွားဘူးလား"

"မပေးသွားဘူး... ခင်ဗျား သူ့မိန်းမ မဟုတ်ဘူးလား ခင်ဗျားပေးလိုက်ပေါ့"

"ဟို ဟို သူ့ဆီမှာ ပိုက်ဆံပါသွားလို့ပါ"

"ခင်ဗျားတို့ ရှုတ်ရှုတ် ရှုတ်ရှုတ်မလုပ်နဲ့နော်... သူထွ သွားပြီ... မပေးရင် ခင်ဗျားကို သက်ဆိုင်ရာကိုတိုင်ရမှာပဲ"

'ငယ်' ခေါင်းတွေ ချာချာလည်အောင်ကိုမူးနေပါပြီ။

"ပိုက်ဆံမှမရှိတာ... ဘယ့်လိုလုပ်ပေးရမလဲ"

တည်းခိုခန်း၏ရုံးခန်းဝယ် 'ငယ်' ခေါင်းစုတ်ဖွားနှင့် ရောက်နေသည်။ အခန်းဝသို့ လူတစ်ယောက်ရောက်လာပြီး

"ခင်ဗျား 'ဇော်အောင့်' အမျိုးသမီး မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်"

"ကျုပ် သူ့ သူငယ်ချင်းပါ... ခင်ဗျား ဒုက္ခရောက်နေတာ ကို မကြည့်ရက်လို့ ကျုပ် ကူညီပါရစေ"

'ငယ်' ဝမ်းသာသွားသည်။ အားကိုးသော မျက်လုံးဖြင့် ကြည့်မိသည်။

"မင်းထောင်မကျအောင်... အချုပ်ထဲမရောက်အောင် ငါ ကကူညီမယ်... မင်း ငါ့ကိုပြုစုယုယရမယ်"

"အဲဒါ ဘာပြောတာလဲ"

"ရှင်းရှင်းပြောရရင်တော့ ငါ့ကို တစ်ပတ်လောက်ပြုစု ရမယ်"

"အို ကျွန်မ ဒီလိုအလုပ်မျိုး မလုပ်ဘူး"

"ဟော့ ငွေလိုချင်ရင် လုပ်ရမှာပေါ့... နင်နဲ့ငါ ကျေးဇူးစား ကျေးဇူးခံလည်း မဟုတ်... ဆွေမျိုးလည်း မဟုတ်ဘဲ ဒီငွေကို ငါက ဘာကြောင့်အလကား ပေးရမှာလဲ... တန်ရာတန်ကြေး တော့ ပြန်ပေးရမှာပေါ့... နင့်ကို ခေါ်လာတဲ့ 'ငဇော်' ထက်တော့ ငါက နင့်ကိုတန်ဖိုးထားတယ်ဆိုတာ နင်လည်း သိမှာပေါ့... နင် ဘာသာနေမယ်ဆိုရင် ငါက တစ်သက်လုံး..."

"အိုတော်တော့... ဘာမှဆက်မပြောနဲ့... လူကိုဘယ်လိုအ ထားမှတ်လို့လဲ"





www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာအမိ... ကိုယ့်ကိုယ်ကို ဘယ်လိုအစားလဲဆိုတာ မသိဘူးလား... 'ဖော်အောင်' လိုကောင်မျိုးနဲ့တွေ့ဖူးတဲ့ မိန်းကလေး အတူနေဖူးတဲ့မိန်းကလေးဟာ ဘယ်လိုအစားလည်းဆိုတာ အားလုံးသိတယ်"

"ကျွန်မဟာ ရှင်တို့ထင်သလို မဟုတ်ဘူး... မဟုတ်ဘူး ကျွန်မဟာ မိန်းမကောင်း"

"ဟား ဟား ဟား... မိန်းမကောင်းတဲ့ ရယ်ရတယ်"

"ကဲ အမိ... တည်းခိုခန်းခ ဘယ်လိုလုပ်ပေးမလဲ"

'ငယ်'စဉ်းစားရပြီ။ ဘယ်သူ့ဆီ အကူအညီတောင်းရမပါ့မလဲ။ အိမ်ကိုသွားရအောင်လည်း မသွားရဲ။ ရှက်သည်။ ကိုယ့်အတွက် မိဘတွေအရှက်ရမှာလည်း စိုးရိမ်မိသည်။ တစ်ခုတော့ ရှိသည်။

ကိုကိုတို့ အိမ်မှာတယ်လီဖုန်းရှိသည်။ ကိုကို့ကို အကူအညီတောင်းကြည့်မည်။ မိမိအဖြစ်ကို ကိုကို့အမေကြားလျှင် ဘယ်လောက်များ ဝမ်းသာမည်နည်း။

"ဘယ်လိုလည်း အမျိုးသမီး... ကျုပ်တို့ ခင်ဗျားကို ဒီလိုပဲ တစ်နေ့လုံး ထိုင်ကြည့်နေရမှာလား"

"ဒီလိုလုပ်ပါ... ကျွန်မ အသိဖုန်းဆက်ပြီး ခေါ်ပေးပါလား"

"ကဲ ကဲ ဖုန်းနံပါတ်ပြော"



တည်းခိုခန်း စာရေးကိုပင် ဖုန်းနံပါတ်လှည့်ခိုင်းပြီး ခေါ်ခိုင်းလိုက်သည်။ 'ငယ့်' အသံဖြင့် မခေါ်ရဲ။ တော်ကြာ ကိုကို့အမေ၊ အဒေါ်တို့နှင့်တိုးလျှင် 'ငယ့်' အသံကိုမှတ်မိပြီး ပြဿနာရှာနိုင်သည်။

"ကိုကိုဆိုတဲ့ လူပဲ"

စာရေးက လှမ်းပြောသဖြင့်...

"'ငယ်ငယ်' နဲ့ပြောမလားလို့ မေးပေးပါ"

"ပြောမယ်တဲ့"

'ငယ်'ဖုန်းခွက်ကို လှမ်းယူလိုက်သည်။ ရင်တွေခုန်လိုက်တာပေါက်ထွက်မတတ်ပါပဲ။

"ကိုကိုလား"

"ဟုတ်တယ်... ခုပြောတာ 'မိငယ်' လား"

"ဟုတ်တယ်... ကိုကိုရေ အနားမှာဘယ်သူရှိသလဲ ဟင်"

"မရှိဘူး... ပြောလို့ရတယ်"

"'ငယ်' ဆက်တယ်ဆိုတာ ဘယ်သူမှမသိစေနဲ့နော်"

"အေးပါ 'မိငယ်' ရာ... နင် ဘယ်ကဆက်သလဲ... ဘယ်ရောက်နေသလဲ... အခု ဘာဖြစ်နေသလဲ"

ကိုကို့ ရင်ထဲတွင်လည်း ဘယ်လိုကြီးဖြစ်နေမှန်းမသိ။ 'ငယ့်' အသံကိုကြားရတော့ ကိုကို တစ်ယောက်အလွန်ဝမ်းသာနေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကိုကို…"

"ဘာလဲ 'မိငယ်'… ရဲရဲပြောစမ်းပါ"

"ဟိုလေ 'ငယ်' နဲ့စကားပြောချင်ရဲ့လားဟင်"

"ပြောချင်ပါတယ်… ဘာဖြစ်လို့ မပြောချင်ရမှာလဲ"

အို ဝမ်းသာလိုက်သည်ဖြစ်ခြင်း၊ 'ငယ်' မျက်ရည်တွေကို မနည်းခပ်ထုတ်ပစ်လိုက်ရသည်။

"'ငယ်' ကိုအထင်သေးပြီး စကားမပြောချင်ရဲ့လားလို့ပါ"

"ပြောချင်ပါတယ်… နင့်ကိုပြောစရာတွေလည်း ရှိတယ်ဒါနဲ့နင့်ယောကျ်ားရော"

နင့်ယောကျ်ားဆိုသည့် အခေါ်အဝေါ်သည် 'ငယ်' နားထဲတွင် မိုးခြိမ်းသံလားဆူညံနေပြီ။ မိမိကိုယ်ကို အပျိုမဟုတ်တော့ပါလားလို့ အားငယ်စွာတွေးလိုက်မိသည်။

"တွေ့မှပဲပြောပြတော့မယ် ကိုကိုရယ်…လောလောဆယ်ငွေယူလာပြီး တည်းခိုခန်းမှလာရွေးပါ",

"နင့်ယောကျ်ားနဲ့တိုးရင် ကောင်းမလားဟ"

"မဟုတ်ဘူး ကိုကို… သူနဲ့ 'ငယ်' နဲ့လမ်းခွဲလိုက်ကြပြီ– 'ငယ်' တစ်ယောက်တည်းပါ… ကိုကိုမှ လာမကယ်ရင် 'ငယ်' ပြီးပျက်စီးသွားတော့မယ် ကိုကို"

"ဟင် ဟုတ်လား… စောင့်နေ… ခုချက်ချင်းလာခဲ့မယ်





ကြားလား"

"ဟုတ်ကဲ့…"



www.burmeseclassic.com

www.burmeseclassic.com

ကိုကို့ ရင်ခွင်ထဲတိုးဝင်ပြီး 'ငယ်' အလိုက် အသည်းလှိုက်ငိုပစ်လိုက်သည်။ ယခုမှပြန်တွေးပြီး ကိုယ့်ဘဝကိုယ် နှမြောမိသည်။ မိမိသည် အပျိုစင်တစ်ယောက်မဟုတ်တော့။

"ကဲ ကားပေါ်တက် 'မိငယ်' "

"ဟင့်အင်း... 'ငယ်' ကိုကိုနဲ့အတူ မလိုက်ပါရစေနဲ့"

"ခုထိ နင် ဆိုးချင်တုန်းပဲလား 'ငယ်'... မေမေတို့ပြောတာကို နင်မခံမရပ်နိုင်ဖြစ်ပြီး အရှုံ့တိုက်တယ်... ငါ့ကို အရှုံ့တိုက်တယ်... ငါပြောသမျှ နင့်မိဘတွေပြောသမျှကို နားမထောင်တော့ ခုမှဘာဖြစ်သလဲ...တစ်ခါမှားတာ အပြစ်လို့မခေါ်ဘူး'ငယ်' နှစ်ခါမှားရင် နင့်ကို ဘယ်သူမှ ခွင့်လွှတ်ကြမှာမဟုတ်ဘူး"





" 'ငယ်' စိတ်အရမ်းညစ်နေတယ် ကိုကို... ပြီးတော့ ရှက်လည်း ရှက်တယ်... ဝမ်းလည်း ဝမ်းနည်းတယ်... 'ငယ်' ဘာသုပ်ရမှာလဲဟင် ဘာလုပ်ရမလဲ"

"နင် ဘာလုပ်ရမယ်ဆိုတာကို ငါတို့ခေါင်းအေးအေးနဲ့ ခဉ်းစားကြရအောင် 'မိငယ်'... ဒီမှာ အကြာကြီးရပ်နေလို့ သူများတွေမြင်သွားရင် မကောင်းဘူး... 'ငယ်' အိမ်မပြန်ချင်ဘူး"

"တက်စမ်းပါကွာ"

ကိုကိုက ကားပေါ်သို့အတင်းတွန်းပြီး တင်သဖြင့် ရှေ့ခန်းထဲဝင်ထိုင်လိုက်ရသည်။ ကားနောက်မှီကို မှီ၊ မျက်လုံးစုံမှိတ်၍ လိုက်လာခဲ့ခြင်းဖြစ်သည်။ ဘယ်ကိုမောင်းမှန်းမသိ။

" 'ငယ်' "

"ဟင်..."

" 'ငယ်' ပြောတာတွေအမှန်ပဲလား"

"ဘာကို မေးတာလဲ ကိုကိုရဲ့"

"နင်နဲ့ 'ဇော်အောင်' ကွဲသွားတယ်ဆိုတာလေ"

"ဩော် ကိုကိုရယ်... သူ့ယုတ်မာပြီး တည်းခိုခန်းခတောင်ပေးမသွားလို့ ကိုကိုလာပေးပြီး ရွေးခဲ့ရပြီမဟုတ်လား.... ကိုကို့ပိုက်ဆံတွေ နောက်တော့ ပြန်ဆပ်မယ်နော်"

"ဒါတွေထားစမ်းပါ 'အငယ်'... အခု နင်ဘာလုပ်ချင်သလဲပြော"



www.burmeseclassic.com

www.burmeseclassic.com



" 'ငယ်' ဘာလုပ်ရမှန်းမသိဘူး... 'ငယ်' သေချင်တယ်"

ပြောရင်း 'ငယ်' ရှိုက်ကြီးတငင် ငိုသည်။

"မှားပြီးသားကို ပြန်ပြင်လို့မရတော့ဘူး 'မိငယ်'... အေ
ဆက်မမှားဖို့ပဲလိုတယ်... အမှားကိုသိရင် ပြင်ပေါ့"

"ပြင်လို့မရတော့တဲ့ အမှားပါ ကိုကိုရယ်"

"နင် သိပ်မိုက်တယ် 'မိငယ်'... သိပ်မိုက်တယ်... ငါ့ညီမ
အရင်းသာဆို ငါသတ်မိမယ် ထင်တယ်"

"အို 'မိငယ်' အခုလိုဖြစ်တာ ကိုကို့အမေကြောင့်"

"အေးလေ... ငါ့အမေကို နင်မခံချင်လို့ အရွဲ့တိုက်တယ်
ဆိုတာ ငါသိတယ် 'မိငယ်'... ဒါပေမဲ့ မခံချင်ရင် ကိုယ်ကအရွဲ့
တိုက်မယ့်အစား ကောင်းတဲ့လုပ်ရပ်တွေနဲ့ ပိုပြီးကြိုးစားရတယ်
ဟ... ခုတော့ နင့်မှာ..."

"တော်တော့ တော်တော့... 'ငယ်' ခုလိုဖြစ်တာ ကိုကိုပါ
ဝမ်းသာနေသလား... ပျော်နေသလား"

"နင် ဘာစကားပြောတာလဲ...ငါပိတ်ရိုက်ပစ်မိလိမ့်မယ်"

"မရိုက်နဲ့ တစ်ခါတည်း အသေသတ်ပစ်လိုက်"

"နင့်လို ဉာဏ်မရှိတဲ့မိန်းမနဲ့ ပြိုင်မိုက်မယ် ထင်သလား"

"ပြောပါ... နိမ့်ပါ... ခုလိုပြောချင်လို့လာတာလား"

"ခွေးမလေး... နင် ငါ့စေတနာကိုမစော်ကားနဲ့"

ကားမောင်းနေရင်း အလျှင်စလို ဘရိတ်အုပ်ပစ်ပြီး 'ငယ်'





ဆံပင်ဖွားလန်ကြဲကို ဆောင့်ဆွဲလိုက်မိသည်။ 'ငယ်' ကမျက်လုံး
ကိုစုံမှိတ်ရင်း ငြိမ်သက်နေသည်။ ပါးပေါ်သို့ မျက်ရည်တွေပိုးပိုး
ပေါက်ပေါက်ကျနေသော 'ငယ့်' မျက်နှာကိုကြည့်ရင်း ကိုကိုလက်
များ ပြေလျော့သွားသည်။

'ငယ်' ယခုလို ခေါင်းမာခြင်း၊ ဆိုးခြင်းမှာ ဗဟုသုတနည်း
ခြင်း၊ စာဖတ်နည်းခြင်းတို့ကြောင်းဖြစ်သည်။ အရွဲ့တိုက်ဖို့ကိုသာ
သိပါသည်။ ဒုက္ခရောက်မှာကို မမြင်။ ငါးစာကိုသာမြင်ပြီး ငါ
မျှားချိတ်ကို မမြင်။

" 'ငယ့်' ကိုဘယ်ခေါ်သွားမလို့လဲ"

"မတ္တရာမှာ ငါတို့ခြံရှိတယ်... နင် အဲဒီမှာနေ"

"ဟင် တစ်ယောက်တည်းလား"

"ဘာလဲ 'ဇော်အောင်' ကိုပါခေါ်ပေးရဦးမလား"

"ကိုကို 'ငယ့်' ကိုအထင်သေးတယ်ဆိုတာ သိပြီးသားပါ
နော်... ကိုကိုနဲ့ ကိုကို့အမေကြောင့် 'ငယ့်' ဘဝပျက်တာ"

ထိုစကားကြောင့် ကိုကို့ရင်ထဲအောင့်သွားသည်။ 'ငယ့်'
မျက်နှာကို ကြာမြင့်စွာ စိုက်ကြည့်နေမိသည်။ 'ငယ့်' နှုတ်ခမ်း
တွင်ငှင်း၊ လည်တိုင်တွင် ငှင်း၊ လက်ချောင်းတွင်ငှင်း၊ မမြင်သင့်
သောနေရာအချို့ကိုမြင်နေရသည်။

'ဇော်အောင်' လိုကောင်သည် မိန်းကလေးများကို အရုပ်
သို့ကစားတတ်ပါသည်ဟု မိမိသတိပေးထားလျက် 'ဇော်အောင်'



www.burmeseclassic.com

www.burmeseclassic.com



နှင့်ခိုးရာလိုက်ပြေးခဲ့သည်။ မိမိကိုယ် မိမိအံ့သြမိသည်။ 'ငယ်'

အပေါ်တွင် မိမိချစ်နိုင်သော အချစ်ကိုအံ့သြခြင်းဖြစ်သည်။

"နင် ဘယ်လိုလုပ်ချင်သလဲ 'မိငယ်' "

"မိုးမချုပ်ခင် 'မလတ်' ကိုအကျိုးအကြောင်း ပြောပြီး

ခေါ်ခဲ့ပေးပါလား ကိုကို"

" 'လတ်' ကငါ့ကိုအတွေ့မခံဘူး... ဘယ်လိုအကြံအစ

လှည့်ရှုမှန်း မသိဘူး... နင် တစ်ယောက်တည်းမနေရဲဘူးလား

ခြံစောင့်လင်မယားတော့ရှိတယ်"

"ဖြစ်ပါ့မလား... ကိုကို့အိမ်ကို တစ်နေ့ ပြန်သတင်း

ရောက်ဘဲနေမလားလို့"

"ရတယ် စိတ်ချရတယ်"

" 'မလတ်' ကိုသာ လွှတ်လိုက်နော်... ကိုကို မလာ

တော့"

"ဟာ ဘာဖြစ်လို့လဲ"

"ပတ်ဝန်းကျင်က တစ်မျိုးထင်မှာစိုးလို့"

"ခုမှ ကြောက်နေလိုက်တာ"

"အားလုံးအတွက် ပြောတာပါကိုကို... အထူးသဖြင့်

'ငယ်' ဟာနာမည်ပျက်ပြီးသား မိန်းကလေးမို့ နည်းနည်းလေး

အနေအထိုင်မှားတာနဲ့ ထပ်ပြီးအပြစ်ပြောကြဦးမှာပဲ... ကိုကို

အမေသိသွားရင် သူ့သားကိုမြူဆွယ်တယ်ဆိုပြီး အပြောခံရဦး





ယ်"

"ကဲ ဒါဆို ငါသွားမယ်... ဒီနေ့ကစပြီး လိမ်လိမ်မာမာ

နေတော့ 'ငယ်' ရာ... ဘာအမှားမှထပ်မလုပ်နဲ့တော့... နင် လုပ်

ချင်တာ ဖြစ်ချင်တာကို 'လတ်' နှင့် ငါ့ကို တိုင်ပင်ပြီးမှလုပ်တော့

ကြားလား... သူများတွေဘာပြောပြော ဂရုမစိုက်နဲ့ နားမထောင်

နဲ့ အရွဲ့မတိုက်နဲ့... ဖြစ်ပြီးသမျှကိုလည်း ပြန်တွေးပြီးစိတ်ဆင်းရဲ

မနေနဲ့... ရှေ့လျှောက်ဘယ်လိုတိုးတက်အောင် ကြိုးစားရမယ်...

ပြုပြင်ရမယ်ဆိုတာသာ စဉ်းစား... ငါပြောတာကို ဒီတစ်ခါတော့

နားထောင်ပါ 'ငယ်' "

"အင်းပါ ကိုကိုရယ်"

'ငယ်' ကို ခြံစောင့်လင်မယားထံတွင်အပ်ပြီး ကိုကို တစ်

ယောက်တည်းပြန်ခဲ့သည်။ လမ်းတစ်လျှောက်လုံး 'ငယ်' အ

ကြောင်းကိုသာစဉ်းစားလာခဲ့သည်။ မိမိ သူမကိုချစ်နေကြောင်း

သူမကိုပြောပြချင်သော်လည်း ယခုအချိန်တွင်ပြောလျှင် တမင်

အထင်သေး၍ပြောသည်ထင်မည်။ စော်ကားသည် ထင်မည်။

အချိန်ယူပြီးမှ ပြောတာပဲကောင်းမည်။

ဘယ်သူတွေဘာပဲပြောပြော နောက်နှစ်ထဲတွင် 'ငယ်'

ကိုလက်ထပ်ယူမည်။ ထိုအခါကျမှ 'ငယ်' ကို မိမိဘယ်လောက်

ချစ်နေကြောင်းသိစေမည်။ 'လတ်' တို့နှင့် အိမ်ချင်းကပ်နေ

သော်လည်း မခေါ်မပြောဖြစ်နေကြသဖြင့် 'လတ်' သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတစ်ဆင့် အကူအညီတောင်းရသည်။ မိမိအိမ်က

လည်း မိုးချုပ်မှပြန်ရောက်မည်ဖြစ်ကြောင်း၊ သူငယ်ချင်းနှင့်

ကိုင်းလိုက်သွားကြောင်း ဖုန်းဆက်ထားသည်။

"'ငယ်' အခုဘယ်မှာလဲ"

'လတ်' က အသံမာမာဖြင့်မေးသည်။

"မတွေ့ရာမှာ"

"တကယ်ရောဟုတ်ရဲ့လား"

"နင့်ကို ငါက ဘာလို့ညာရမှာလဲ"

"သူ့ငွေးတွေရဲ့ ပါးစပ်ရော အကျင့်ရော ကြောက်လွ

လို့"

"ဝါးလုံးရှည်နဲ့ သိမ်းမပြောနဲ့... နင်တို့ မိသားစုကြား

ငါ စေတနာသ နဲ့သန့်နဲ့ကူညီတာ... ကဲ အချိန်မရှိဘူး... ကားပေ

တက်"

တစ်လမ်းလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်လည်

မကြည့်၊ စကားလည်းမပြောကြ။ ရောက်ခါနီးကျမှ...

"အဝတ်အစား အပိုပါရဲ့လား"

"အင်း..."

ခြံထဲတွင် 'ငယ်' ဆင်းစောင့်နေသည်။ 'လတ်' က 'ငယ်

ကိုရွံရှာမုန်းတီးသော အကြည့်ဖြင့်ကြည့်သည်။ 'ငယ်' ကိုနှိမ်သ

စိတ်နာသလိုကြည့်သည်။ 'ငယ်' ပါးပေါ်သို့ မျက်ရည်များတသ





မ့်စီးကျလာသည်။

"အမိုက်မ ပြောဆိုဆုံးမနေတဲ့ကြားထဲက ထင်ရာစိုင်းတဲ့

ကောင်မ... အခု ဘယ်လိုလုပ်မတုန်း... ဘယ်လိုလုပ်ကြမတုန်း"

'လတ်' ကငိုသံပါပါ ဒေါသသံဖြင့် 'ငယ့်' ကျောကုန်းကို

ချုထုချုပြောသည်။ 'ငယ်' ကမျက်နှာကို လက်ဝါးဖြင့်အုပ်၍

ငိုနေသည်။

"ရိုက်ဖို့ ဆူဖို့လုပ်ဖို့ခေါ်ခဲ့တာမဟုတ်ဘူး 'လတ်'... ရှေ့

ဆက်ဘယ်လိုစခန်းသွားကြမယ်ဆိုတာသာ စဉ်းစားစမ်းပါ"

"ဘာလုပ်ရမှန်းကို မသိတော့ဘူး"

"ကိုယ့်အိမ် ကိုယ်ပြန်ခေါ်ပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်ပစ်

က်တာပဲကောင်းတယ်... ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပဲ...

တ်ဝန်းကျင်ကို သိပ်ဂရုစိုက်တဲ့လူဟာ နေရထိုင်ရတာ ဘယ်

ာမှ စိတ်ချမ်းသာမှာ မဟုတ်ဘူး"

"ခုလောလောဆယ်တော့ 'ငယ်' အိမ်မှာ ပြန်မနေချင်

သေးဘူး"

"ပြင်ဦးလွင်ကို သွားပါလား... 'မဦး' ရှိသားပဲ"

"ကောင်းသားပဲ ကိုကို... အခုနောက်ဆုံးထွက်မယ့်ကား

တော့ မိဦးမှာပဲ... ကိုကိုလည်း အိမ်ပြန်မှာဆိုတော့ 'လတ်' တို့ကို

န်မှာချပေး... မြင်းလှည်းငှားပြီး ကားဂိတ်သွားမယ်... မေမေ့

လည်း အသိပေး‚ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ကားဖြင့် မန္တလေးဘက်ပြန်ရောက်လာ
ကြပြန်သည်။ အရွယ်ရောက်ပြီး ပညာတတ်ပြီး မိုက်သည်ပြော
ချင်ပြောတော့၊ 'ငယ်' ကိုခုလိုမြင်တွေ့ရသည်ကို ကိုကို ကျေနပ်
ပျော်ရွှင်နေမိသည်။

'ငယ်' ရှိရာ ပြင်ဦးလွင်သို့ တစ်ပတ်တစ်ခါသွားရောက်
တွေ့ဆုံပြီး လိမ္မာဖို့ဆုံးမသည်။ 'ငယ်' တစ်ယောက် အလျှင်ကလို
မဆိုးတော့။ ကိုကိုပြောသမျှကို မျက်လုံးလေးအပြူးသား၊ ခေါင်း
လေးအညိတ်သား၊ ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် နားထောင်ရှ
တတ်သည်။

တစ်ခါတစ်ခါ 'ငယ့်' မျက်လုံးလေးများသည် အရောင်
မှိန်သွားပြီး ကိုကို့ကို မျက်ရည်အဝဲသားဖြင့် စိုက်ကြည့်နေပြ
သည်။





"ဟော့ 'လတ်' ရောက်နေတာလား"

မကြားဖူးသော အမျိုးသားတစ်ယောက်၏အသံကြောင့်
ငယ်' ဖျတ်ကနဲ လှည့်ကြည့်မိသည်။ ကြည့်ရင်း ကြည့်ရင်း ထိုလူ
ကိုမှတ်မိလာသည်။ ထိုလူသည် သူဌေး 'ဦးသက်အောင်'...

"ဩော် 'လတ်' နဲ့တူလို့ မေးမိတာ... ဆောရီး ဆောရီး"

"ရပါတယ်... 'လတ်' ရဲ့ညီမပါ"

"ဟုတ်လား... 'လတ်' လိုပဲချောတာကိုး"

"အဟင်း..."

'ငယ်' ရှက်ပြီး ပြုံးပြုံးလေးခေါင်းငုံ့ထားလိုက်သည်။ အ
ရှက်သဖြင့် ကိုယ့်ဘာဝကိုယ် သိမ်ငယ်နေမိသည်။ ဤနုနယ်သော
မျက်နှာလုလုလေးကို ရှက်စနိုးအမူအရာဖြင့် ခေါင်းလေးငုံ့ထားပုံ



www.burmeseclassic.com

www.burmeseclassic.com



ကဲ ချစ်စရာဟု 'ဦးသက်အောင်' ထင်နေသည်။ 'လတ်' ထက်မျက်နှာပိုလှသည်။ မျက်လုံးပိုလှသည်။ ကိုယ်ဟန် ပိုပြည့်ဖြိုးသည်။ 'လတ်' လိုမာန့်မကြီး၊ မျက်နှာလေးက နုပျိုပြီးချိုသည်။

သူမ ရှက်နေသည့်ပုံစံလေးမှာ အလွန်ချစ်စရာကောင်းလွန်းနေသည်း

"နာမည်ရော ဘယ်လိုခေါ်လဲ"

" 'ငယ်' "

" 'ငယ်' တဲ့လား... ညီအစ်မသုံးယောက်... 'ဦး' ရယ်–'လတ်' ရယ်... 'ငယ်' ရယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ရှင့်... ထိုင်ပါနော်... 'မမဦး' ကိုခေါ်ပေးပါ့မယ်"

'ငယ်' လှစ်ကနဲ ပြေးဝင်လာခဲ့သည်။ 'ငယ်' ၏ကလေးဆန်သောအမူအရာကိုကြည့်ပြီး 'ကိုသက်အောင်' ပြုံး၍ ကျန်ရစ်ခဲ့သည်။ 'လတ်' သည် မိမိကိုတွေ့လျှင် ခပ်တည်တည်မျက်နှာဖြင့်ကြည့်တတ်သလို ဘယ်တော့မှအတွေ့မခံ၊ မိမိမတွေ့ဘာကို ခပ်တင်းတင်းပင်ငြိ[illegible]၏။

မိမိက သူမကိုစောင့်ပါမည် ဆိုပါလျက်နှင့် လုံးဝလက်မခံဟုငြင်းရက်သည်။ ယခုတွေ့ရသော 'ငယ်' သည် 'လတ်' ထက်ပင် ချောသေးသည်၊ ချစ်စရာကောင်းသေးသည်၊ ရှက်သလိုလိုရွံ့သလိုလို ကြည့်သွားသော သူမ၏ မျက်လုံးလေးများသည် မိမိ၏အသည်းနှလုံးအထိ စူးရှစွာ ဖောက်ထွင်းဝင်ရောက်သွားသလား ထင်ရသည်။

"ဟော... 'ကိုသက်အောင်' ဘယ်တုန်းကရောက်တုန်း"

"ခုလေးတင်ပဲ"

'ငယ်' များထပ်တွေ့မလားဟု 'ကိုသက်အောင်' အခန်းတွင်းသို့လှမ်းကြည့်မိသည်။

"ခုနက 'ငယ်' ဆိုတာရော"

" 'ငယ်' လားရှိပါတယ်"

"ညီမ အငယ်ဆုံးဆို"

"ဟုတ်ကဲ့ရှင့်... စာမေးပွဲဖြေပြီးလို့ ဆွယ်တာထိုးသင်ဖို့ခေါ်ထားတာလေ"

'ဦး' ကအစ်မအကြီးပီပီ ညီမငယ်အတွက် ဖာထေးပြီးပြောသည်။ 'ဦးသက်အောင်' လိုလူကို အလွတ်မခံနိုင်။ 'လတ်' ကအတင်းငြင်းနေသဖြင့် 'ဦးသက်အောင်' စိတ်ပျက်သွားပြီး မလာတာအတော်ကြာပြီပဲ။

ယခု 'ငယ်' သာစိတ်ဝင်စားမည်၊ 'ဦးသက်အောင်' ကပါ တောင်းဆိုလာမည်ဆိုလျှင် ဝမ်းသာစရာပါပဲ။ အဆင်ပြေသွားပါစေ။ 'ဦးသက်အောင်' 'ငယ်' ကိုသဘောကျပါစေ။

" 'လတ်' ထက် အငယ်ဆိုပေမယ့် 'ငယ်' ကပိုထွားသလိုပဲ"

"ဟုတ်တယ်ရှင့်... 'မဦး' တို့ညီမတွေထဲမှာ သူအထွားဆုံး







www.burmeseclassic.com

www.burmeseclassic.com



ပဲ… ဟင်း ဟင်း… ‘ငယ်’ ရေ ‘ဦးသက်အောင်’ အတွက် တစ်ခုခု လုပ်ခဲ့ပါကွယ်”

အစ်မဖြစ်သူ၏ အကြံအစည်ကို ‘ငယ်’ သိသည်။ ‘ငယ်’ ဘဝအခြေအနေကိုလည်း ‘ငယ်’ အသိဆုံး။ ရင်ထဲမှာ ဇဝေဇဝါ ဆုံးဖြတ်ချက်နဲ့အတူ ကော်ဖီလင်ဗန်းလေးကိုမပြီး ထွက်ခဲ့မိသည်။

“‘ငယ်’လေး ဒါ ‘ဦးသက်အောင်’ ဆိုတာပေါ့… မန္တလေးနဲ့ [illegible]ဘုန်မှာ ပွဲရုံဖွင့်ပြီး နယ်ရဲ့ထွက်ကုန်အတော်များများကို ဝို့နေတာလေ”

“ဟုတ်… ‘ငယ်’ ကြားဖူးပါတယ်”

“‘ငယ်’ ကကျွန်တော့်ကို ရှက်နေတာလား… ဒါမှမဟုတ် မခင်ချင်လို့လား မသိဘူး… ခေါင်းချည်းပဲ ငုံ့နေတော့တာကိုး”

“အို မဟုတ်ပါဘူးရှင့်… ‘ငယ်’ ခင်တတ်ပါတယ်”

‘ငယ်’ မျက်နှာလေးမော့၍ ‘ဦးသက်အောင်’ ကို ပြုံးပြုံး လေးကြည့်သည်။ အရည်ရွှန်းသော ‘ငယ့်’ မျက်လုံးဒဏ်ကို ‘ဦးသက်အောင်’ ခံနိုင်ရည်မရှိတော့။

“‘မဦး’ မှာ ‘ငယ်’ ဆိုတဲ့ ညီမချောချောလေးတစ်ယောက် ရှိမှန်း အခုမှ အသိပေးတာတော့ မကောင်းဘူးဗျာ”

“ဘာဖြစ်လို့လဲ ‘ကိုသက်အောင်’ ”

“ကြော် ‘လတ်’ထက် ‘ငယ့်’ ကိုအလျင်တွေ့ရင် သိပ်







ကောင်းမယ်ထင်မိလို့ပါ”

“အခုတွေ့တော့ ဘာဖြစ်လဲ သူဌေးရဲ့”

“ကြော် အလျင်တွေ့တော့ ပိုကောင်းမလားလို့ပါ”

‘ငယ်’ ခေါင်းငုံ့မိပြန်သည်။ ‘ငယ့်’ ကို အပျိုမဟုတ်မှန်းသိလျှင် ဒီလူကြီးချစ်မှာတဲ့လား။

“‘ငယ်’ ပြင်ဦးလွင်မှာ ဘယ်လောက် ကြာမလဲ”

“ဆွယ်တာထိုးသင်မှာဆိုတော့ ကြာမှာပေါ့”

‘မဦး’ ကပင်ဝင်ဖြေသည်။

“‘ငယ်’ ကကျုပ်ကိုစကားမပြောချင်ဘူး ထင်တယ်”

“အို မဟုတ်ပါဘူး… ပြောချင်ပါတယ်”

“‘ငယ်’ မပြန်သေးဘူးဆိုရင် ကျုပ်အိမ်ကိုခေါ်ခဲ့ဦးလေ ‘မဦး’ ”

“ခေါ်ခဲ့ပါ့မယ်”

“လာမယ်ဆိုရင် ကားလွှတ်လိုက်မယ်… ဘယ်နေ့လာမလဲ”

“ကျွန်မ အမျိုးသား ‘ကိုမြတ်စိုး’ အလုပ်နားရက်မှပဲ လာကြမယ်”

“ဟာ စနေ–တနင်္ဂနွေဆိုတော့ အကြာကြီးစောင့်ရဦးမယ်… နက်ဖြန်လာပါလား… အိမ်မှာ ထမင်းစားကြ… အိမ်ကနေမှ ‘မဦး’ တို့လင်မယားရုံးသွားကြ… ‘ငယ်’ နဲ့ ကျွန်တော် ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



စရာရှိတာလေးတွေ ဆွေးနွေးချင်လို့"

ညီမနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

"ဘယ်လိုလည်း 'ငယ်'... နက်ဖြန် ကျွန်တော့်ကားလွှတ်လိုက်မယ်နော်"

" 'ငယ်' လိုက်နိုင်အောင်ကြိုးစားပါ့မယ်"

"ဒီလိုမရေမရာမဖြေနဲ့ 'ငယ်'... လိုက်ဖြစ်အောင်လိုက်ခဲ့ပါ... မပါလာရင် ကျုပ်ကိုယ်တိုင်လာခေါ်မှာ"

'ဦးသက်အောင်' ပြန်သွားသည်နှင့် 'မဦး' က 'ငယ့်' ကိုသင်၏။

" 'မိငယ်' နင်တော်တော်ကံကောင်းတာပဲ... 'ကိုသက်အောင်'က နင့်ကိုတော်တော်သဘောကျနေတာပဲ"

"ဟွန်း သူ့ဟာက 'မလတ်' ကိုမရလို့ 'ငယ့်' ဘက်လှည့်လာတာ... ညီမနှစ်ယောက်လုံးနဲ့ပတ်သက်နေတော့ ဘယ်ကောင်းမလဲ"

"ဘာပဲဖြစ်ဖြစ် ချေးမထူနဲ့ 'ငယ်'... နင့်မှာက ပြဿနာနဲ့... တစ်နေ့ လင်မယူဘဲနေမှာမဟုတ်ဘူး... ကိုယ့်မှာကပြဿနာနဲ့ဆိုတော့ လူပျိုလူလွတ်ကိုယူရင် တစ်နေ့ညည်းအနှိမ်ခံနေရဦးမယ်... အခုတော့ သူလည်း လူပျိုမဟုတ်ဘူး... ညည်းလည်း အပျို မဟုတ်ဘူး... ဒါပေမဲ့ ညည်းယောက်ျားနောက်လိုက်ပြေးဖူး





တာကို သူမသိသဖြင့်မပြောနဲ့နော်... ကိုယ်ကအကြာကြီး လိုက်တာမှမဟုတ်တာ... လေးငါးရက်လေးလောက်နဲ့တော့ လူသိပ်မသိနိုင်ပါဘူး"

"သူ့ဘာသာ သိသွားရင်ရော"

"ကိုယ့်က ဖြောင်ဖြောင်းပေါ့အေ... ငါနဲ့ လာနေတာကိုလင်နောက်လိုက်တယ်လို့ထင်ပြီး ပြောနေကြတယ် ဘာညာပေါ့အေ"

"သူက 'ငယ့်'ထက် အသက်ဆယ့်ငါးနှစ်လောက်ကြီးမယ်ထင်တယ်"

"ကြီးကြီးအေ... သူကသူဌေးဆိုတော့ မင်းသားကျနေတာပဲ နဖတ်လို့... ညည်း ချေးများမနေနဲ့... သူများလက်ထဲပါသွားမယ်... ညည်း သူဌေးဖြစ်ချင်တယ်ဆို... ကိုယ့်မှာက အမည်းစက်နဲ့ဆိုတော့ ဒီလိုလူမျိုးတွေတုန်း ညည်းအပိုင်လုပ်ထားဖို့ အကောင်းဆုံးပဲ"

" 'မလတ်' က ဘယ်လိုထင်မလဲ"

" 'လတ်' က ကိုကို့ကိုမျှော်နေတာအေ့... ငါကိုပြောပြီးသား... 'ကိုသက်အောင်' ကို သူ မယူနိုင်ဘူးလို့... ညည်း ဘာမှပူမနေနဲ့... 'လတ်' ဆီကို အကျိုးအကြောင်း စာရေးလိုက်မယ်"

'ငယ်' တွေဝေနေသည်ကိုကြည့်၍...

"ညည်းကိုမေးရဦးမယ်... ညည်း 'ဇော်အောင်'နဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးတာ သူ့ကိုချစ်လို့လား"

"ဟင့်အင်း"

"မချစ်ဘဲနဲ့များ ညည်းမို့အေ… ကိုယ့်ဘဝကိုယ်အပျက်စီးခံပြီးများ လိုက်သွားရတယ်လို့… ဘာဖြစ်လို့ ဒီလိုမိုက်ကန်းကန်းလုပ်တာလဲ"

"ကိုကို့အမေ 'ကြီးကြီးတင်' က ငွေသိပ်စကားပြောတာ 'ငယ်' နဲ့ ကိုကို့ကိုရော… 'မလတ်' နဲ့ ကိုကို့ကိုပါ ဖြစ်သွားမှာသိပ်ကြောက်နေတာ… ဒါကြောင့် သူ့သားကိုယူမှ လင်ရမှာမဟုတ်ဘူးဆိုတာ သက်သေပြလိုက်တာ"

"ကောင်းရောအေ… ကောင်းရော… အဲသလို တလွဲမာနကြီးနေတာတွေကြောင့် ခက်တာပေါ့… ခုတော့ ညည်းပဲအချောင်နာမည်ပျက်တယ်… အဲဒီဖြစ်တယ်… 'ဒေါ်တင်တင်' ကအလုံးအရပ်လည်း လျော့မသွားဘူး… မိုတောင် ဝမ်းသာဦးမယ်… နင်ခုလို 'ဇော်အောင်' နဲ့ကွဲတာ"

"ကိုကိုပြောတော့ 'ငယ်' နဲ့ 'ဇော်အောင်' လိုက်ပြေးတာ သိပ်မသိဘူးလို့ပြောတာပဲ… ထင်ယောင်ထင်ကြေးနဲ့ပြောနေကြတာတဲ့… အသိများတာက 'ငယ်' စိတ်ကောက်ပြီး မြင်ဦးလွှင်လာနေတယ်လို့ပဲ သိကြတာတဲ့"

" 'ဇော်အောင်' ရပ်ကွက်ထဲလာပြောပြရှင်ကော"

"အင်း ကိုကိုကပြောတယ်… 'ဇော်အောင်' ကလာပြော





ပြောတယ်တဲ့… ဒါပေမဲ့ 'ဇော်အောင်' ဟာမိန်းကလေးတွေကို မှိုချိုးမြစ်ချိုးပြောနေကြတာဆိုတော့ မယုံကြည်ဘူးတဲ့… ရပ်ကွက်ထဲကလည်း သိထားတယ်လေ… 'ဇော်အောင်' အတင်းလိုက်ပေမယ့် 'ငယ်' ကလုံးဝမကြိုက်ဘူးလို့"

"ကံကောင်းတာပေါ့အေ… ညည်းအတွက် အများကြီးကံကောင်းတာပေါ့… ငါဟာ ကိုကို့ကိုပဲ အံ့သြတယ်… သူ့မိဘတွေ အဆင့်အတန်းခွဲခြားသလောက် သူကတော့ ငါတို့မိသားစုအပေါ် ကောင်းမှကောင်းပဲ… ဒီလောက် မခေါ်မပြောဖြစ်နေကြတဲ့ကြားက သူ့ခမျာ သူ့အမေမသိအောင် ကူညီနေရှာတာ… ငါ့စိတ်ထဲမှာလည်း ကိုကိုနဲ့ 'လတ်' ဖြစ်စေချင်တာကြာပါပြီအေ… ဒီကောင် 'လတ်' ကိုကြိုက်သလား မကြိုက်ဘူးလားဆိုတာ အကဲခတ်လို့မရဘူး"

"ဟွန်း ကိုယ့်အစ်မနဲ့ပေးစားချင်ပေမယ့် သူ့အမေကြီးကို မုန်းလွန်းလို့ပါနော်… ကိုကိုကလည်း 'မလတ်' ကိုကြိုက်ချင်လျက်နဲ့ 'မလတ်' ကငွေမရှိလို့… ဂုဏ်မရှိလို့မယူရဲတာသိလား… နေဦးတစ်နေ့ ချမ်းသာလာရင် ကိုကို့ကိုရော… ကိုကို့ အမေပါငွေနဲ့ ဒိုးသတ်ထားဦးမယ်"

"တစ်နေ့ မဟုတ်ဘူး… ညည်း ချမ်းသာချင်ရင် ညည်းရှေ့ ငွေတွင်းရောက်နေပြီ… ညည်း လိမ္မာသလိုသာမီးစင်ကြည့်ကတော့… 'ဇော်အောင်' ကိုတောင် မရှုဖြဘဲယူမှဲ့သေးတာ… ဦး



www.burmeseclassic.com

www.burmeseclassic.com



သက်အောင်' ကိုလည်း တစ်နေ့ချစ်ချင်ချစ်လာမှာပေါ့ အေ... မချစ်ရင်တောင် ချစ်နိုင်အောင်ကြိုးစား... မချစ်သော်လည်းအောင့် ကာနမ်းဆိုတဲ့စကား ကြားဖူးတယ်မဟုတ်လား... အားလုံးကောင်း စားရေးအတွက် 'ဦးသက်အောင်' ကို ညည်းလက်ထဲက မလွှတ် စေနဲ့ကြားလား"

'ငယ်' ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။



# ၉

"'ငယ်' အစက ဒီဥယျာဉ်ထဲရောက်ဖူးသလား"

"ဟုတ်ကဲ့ 'မမဦး' ပြင်ဦးလွင်ကိုပြောင်းပြီးကာစက တစ် ခါရောက်ဖူးပါတယ်"

"'ငယ်' ဆယ်တန်းအောင်ပြီးရင် ကျောင်းဆက်တက်မှာ လား"

'ငယ့်' ကို 'မမဦး' က ဆယ်တန်းဖြေထားသည်ဟု သိ ထားသည်။

"ဒီနှစ်ကျမယ်ဆိုရင် ညကျောင်းတက်ရမှာမို့ အိမ်ကမ ထားဘူးလို့ပြောတာပဲ"

"ဟုတ်တာပေါ့... ညကျောင်းဆိုတော့ ကြိုရပို့ရကအခ ခက်တစ်ခုဖြစ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



စကားစပြတ်သွားကြပြန်သည်။ ရောင်စုံဖူးပွင့်နေသေ ပန်းခင်းအလယ်တွင် 'ငယ်' ၏အလှသည် ပို၍နုနယ်ပွင့်လန်း သလိုပါပဲ။

" 'ငယ်' မှာချစ်သူရှိနေပြီလား"

ဟော မေးနေပြီ၊ 'ငယ်' ရင်တွေခုန်လိုက်တာ၊ မလုံမ ရှိလိုက်တာ။

" 'ငယ်' ကလည်းကွာ... ကိုယ်နဲ့တွေ့ရင် အမြဲမျက်နှာ ဝှက်ပြီး အတင်းခေါင်းငုံ့ထားတော့တာပဲ... ဒီမျက်နှာလှလှ မြင်ချင်လွန်းတဲ့သူအတွက်တော့ 'ငယ်' ဟာမတရားဘူးလို့ထ တယ်"

'ငယ်' ပြုံးသည်။

"ဘာပြုံးတာလဲ 'ငယ်' "

" 'ဦးသက်အောင်' ခုနက ပြောတဲ့စကားမျိုး 'မလတ် ကိုပြောပြီးပြီလားဟင်"

"မပြောရသေးပါဘူးဗျာ"

" 'မလတ်' ကိုမရလို့ 'ငယ်' ကိုဒီစကားမျိုးပြောတာလား

"ဪ 'ငယ်' က အဲဒါတွေတွေးပြီး ကိုယ့်ကိုယ်ကို စိ တိုနေပြီထင်တယ်... ကိုယ် ပြောပြီးပြီရော... 'ငယ်' ကိုအလှ တွေ့ရင်သိပ်ကောင်းမှာပဲလို့... ဒါပေမဲ့ ဖူးစာမှန်တော့ အချိ နှောင်းခင် တွေ့လိုက်ရလို့ ကိုယ့်တော့ အရမ်းဝမ်းသာနေမိတယ်





'ငယ်' တို့ ထင်းရှူးပင်အောက်က ခုံတွင် ထိုင်ကြသည်။ ငယ်' ကို 'ဦးသက်အောင်' က တစ်ချိန်လုံးထိုင်ကြည့်နေသည်။

"ကိုယ်နဲ့ စကားမပြောချင်ဘူးလား 'ငယ်' "

"ဪ ပြောချင်ပါတယ် 'ဦးသက်အောင်'... ဘာပြောရ န်းမသိလို့ပါ"

"တစ်ခုတော့ တောင်းပန်ရဦးမယ်... ကျုပ်ကို 'ဦးသက် အောင်' လို့မခေါ်ပါနဲ့ဗျာ... နားထောင်ရတာ သူစိမ်းဆန်လွန်းလို့ ပါ"

'ငယ်' ရယ်ပြီး ခေါင်းငုံ့ပြန်သည်။

"နောက်တစ်ခါခေါင်းငုံ့ထားရင် ကျုပ်အတင်းဆွဲမော့ဖ က်... ဘာလဲ လှလို့ကြည့်တာကို အကြည့်မခံချင်ဘူးလား... ဘာ ငုံ့ပြန်ပြီလား"

'ဦးသက်အောင်' က မျက်နှာကို ဆွဲမော့မည်စိုး၍ 'ငယ်' ျက်နှာလေးပြန်မော့ထားရသည်။

" 'ငယ်'... "

"ရှင်..."

"ကျုပ်ရင်ထဲက ဆန္ဒကို 'ငယ်' သိအောင်ဖွင့်ပြောပြပါရ "

"မစောဘူးလား 'ဦးသက်အောင်' "

"ကိုယ့်အတွက်တော့ မစောဘူး 'ငယ်'... ကိုယ့်မနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရက်သား ကျဖို့သင့်တာကြာပြီပေါ့လေ... ကျလည်း ကျခဲ့ဖူးပါတယ်... ဒါပေမဲ့ ကုသိုလ်ကံအကျိုးပေးမကောင်း အိမ်ထောင်ရေး မတည်တံ့ခဲ့ဘူး... နောက်ထပ်အိမ်ထောင်ပြုဖ ဆိုရင်တော့ မြန်မြန်ပဲပြုချင်တယ်လေ... ဘာကြောင့်လည်း တော့ ကိုယ်မွေးဖွားမယ့် သားသမီးဟာ ကိုယ်အရွယ်သိပ်ကြီ ဆိုရင် ထင်သလောက်ပြုစုပျိုးထောင် သွန်သင်နိုင်မယ် မထင် လေ"

"'ငယ့်' အသက်က ခုမှဆယ့်ကိုးနှစ်ရှိသေးတာ"

"ကိုယ်က သုံးဆယ့်ခုနစ်နှစ်ရှိပြီ 'ငယ်' ရဲ့"

"ဆယ့်ရှစ်နှစ်တောင်ကွာတာ"

"ကိုယ် အဘိုးကြီး မဟုတ်သေးပါဘူးကွာ... တချို့ လူပျိုပဲရှိသေးတာ... ကိုယ့်အရွယ်မှ အိမ်ထောင်ပြုတဲ့လူတွေ ရှိ ပါ... ကိုယ့်ကိုယူလို့ 'ငယ်' စိတ်မဆင်းရဲစေရဘူး... ကိုယ်ပိုင် သမျှဟာ 'ငယ်' အတွက်ချည်းပဲ"

"သူ 'မလတ်' ကိုလည်း အဲလိုပဲ ပြောခဲ့တာပဲ မဟုတ် လား"

"'လတ်' နဲ့ကိုယ့် စကားမပြောဖူးဘူး 'ငယ်'... 'လ ကကိုယ့်ကိုအတွေ့မခံဘူးလေ... အမှန်အတိုင်းပြောရရင် ကို ဟာ လှတာချောတာကို ခက်တာအမှန်ပဲ... ဒါကြောင့်လည်း ဆွေ မျိုး အသိုင်းအဝိုင်းက လာစပ်သမျှကို ကိုယ်မကြိုက်လို့ ပယ်





သို့ ဒီလောက်အချိန်တွေကြာခဲ့တာပေါ့... 'လတ်' တို့ 'ငယ်' တို့ ကျနာလေးမျိုးတွေကိုတော့ ကိုယ် တကယ်စွဲလန်းတယ်... 'လတ်' ညီအစ်မတွေရဲ့ မျက်နှာဟာ သူများမိန်းကလေးတွေရဲ့ မျက်နှာ တွေနဲ့မတူဘူး... ဆွဲဆောင်မှုသိပ်ကောင်းတယ်... ပြီးတော့ ယ်သေဆုံးသွားတဲ့ ဇနီးရဲ့မျက်နှာနဲ့ဆင်သလို... အထူးသဖြင့် ယ့် မျက်လုံးဟာ ကိုယ့်ကို လုံးဝညို့ယူဖမ်းစားထားပြီ 'ငယ်'"

"ဒီလိုပဲ ဘယ်နှစ်ယောက်ကို ပြောထားပြီးပြီလည်း မသိ ဘူး"

"ကိုယ်ဟာ ပွေတတ်တဲ့သူဆိုရင် မိန်းကလေးတစ် ယောက်ကို ဒီလောက်အောက်ကျခံပြီး အချိန်ကုန်ခံပြီး အသက် ပြီးမှ ချစ်ကြောင်း ကြိုက်ကြောင်းတွေ ပြောမနေပါဘူး 'ငယ်'... ကိုယ်ချစ်တဲ့မိန်းကလေးက ကိုယ့်ကိုပြန်ပြီး ချစ်စေချင်တယ်... မှလည်း ယူပြီးတဲ့အခါ အိမ်ထောင်ရေးဟာ သာယာစိုပြည် ရွှင်စေမယ်လေ... သဘောပေါက်လား 'ငယ်'"

"ပေါက်ပါတယ်... ဒါပေမဲ့ 'ငယ့်' ကိုတော့ နောက် ကြောင်းရှင်းပါတယ်ပြောပြီး ယူပြီးတော့မှ ပြဿနာတွေပေါ် ါက်လာရင်ကော..."

"မပေါ်စေပါဘူးစိတ်ချ... ကိုယ် 'ငယ့်' ကိုယူမှာ ဖြစ် တာတ်ဆန်းယူမှာ မဟုတ်ဘူး... ရန်ကုန်ရော... မန္တလေးရော... ဦးလွင်ရော... နယ်က ကိုယ့်ဆွေ မျိုးအသိုင်းအဝိုင်းရှိတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com

အားလုံးမှာ ညှော်ခံ့တွေ အားလုံးလုပ်မယ်... သတင်းစာ အဆော
စောင်မှာလည်း ထည့်မယ်... 'ငယ်' ကသာ ကိုယ့်အပေါ် သ
ရှိရှိပေါင်းသင်းမယ်ဆိုရင် ကိုယ်ပိုင်ဆိုင်သမျှဟာ 'ငယ့်' အတွ
ချည်းပဲ"

"'ဦးသက်အောင်' ပြောပုံက လူကိုငွေမက်လို့ ယူသ
လို့"

'ငယ်' ကမျက်ခုံးလေးပင့်၊ မျက်တောင်လေးဝင့်၍
သည်။ ထိုအညကြောင့် 'ကိုသက်အောင်' အရည်ပျော်သွားသည်

"ဟား ဟား 'ငယ့်'ကို ကျုပ်က ကြိုက်လို့ ချစ်လို့လက်ထ
ခွင့်တောင်းတဲ့လူပဲ... 'ငယ်' ကကျုပ်ကိုချစ်နိုင်မချစ်နိုင် စဉ်း
ချစ်လိုက်ပါ... လက်ထပ်လိုက်ပါ"

"ဟွန်း"

'ငယ်' နှုတ်ခမ်းလေးစူပြီး မျက်စောင်းထိုးသည်။

"ဟား ဟား ဟား"

'ငယ့်' အမူအရာကိုကြည့်ပြီး 'ကိုသက်အောင်'က ရယ
သည်။ 'ငယ်'က မရယ်မပြုံး ခပ်တည်တည် စူပုပ်ပုပ်လေး ကြ
နေသောအခါမျိုးတွင် 'သက်အောင်' အနေရခက်ပြီး ပြန်ပြုံးကြ
နေမိသည်။

သူဌေးသားမို့လို့လား မသိ၊ 'ဦးသက်အောင်' ၏ လ
ချောင်းခြေချောင်းလေးများသည် နုထွေးပျော့ပျောင်းကာ သန့်ရှ






သည်။ ဆံပင်ကြိုးခပ်တုတ်တုတ်ကို ကြုတ်ဖြင့်ဆွဲထားသည်။
က်တွင်ရဲနေသော ပတ္တမြားတစ်လုံးတည်း လက်စွပ်နှင့် နဝ
ကိုးသွယ်လက်စွပ်ကို ဝတ်ထားသည်။

လက်ပတ်နာရီမှာ ရွှေရောင်လက်ပတ်ကြိုးဖြစ်၍ သူ့ အ
အားဝင်းဝင်းနှင့်လိုက်ဖက်ပါသည်။ မြင့်သောအရပ်က 'ငယ်' လို
ရပ်မြင့်သူနှင့် လိုက်ဖက်သလို ထွားကျိုင်းသော ကိုယ်ဟန်က
ယ်' လိုဖွံ့ထွားသော အမျိုးသမီးနှင့်တွဲဖက်ညီနေသည်။

ဆင်ဆွယ်ရောင်စပို့ရှပ်၊ အညိုရောင်အင်းလေးလုံချည်၊
တွင်းပါသည်းကြိုး အညိုရောင် ညှပ်ဖိနပ်နှင့် ယောကျ်ားကိုင်
က်ဆံအိတ်ကိုကိုင်ထားသော 'ဦးသက်အောင်' သည် လူချော
ခန့်တစ်ယောက်ဖြစ်ပြီး အသက် သုံးဆယ်ကျော်လောက်ဟု
င်ရသည်။

'ငယ့်' ကိုယခုတင်ဆောင်လာသော ကားလေးသည် ပြာ
နုဆန်နီကားလေးဖြစ်သည်။

"'ငယ်' တို့ဆင်းရဲတာကို သိပါတယ်နော်"

"သိပါတယ် 'ငယ်'... ကိုယ့်အတွက် ချမ်းသာမယ့်မိန်း
လေးရှာစရာမလိုတော့ဘူးလေ... ကိုယ့်မှာ အားလုံးရှိပြီးသား
ပဲ... ကိုယ့်အတွက် ကိုယ်ချစ်တဲ့မိန်းကလေးက ကိုယ့်ကိုပြန်ချစ်
ယ်... သစ္စာရှိမယ်... ကြင်နာမယ်... ယုယမယ်... ပေါင်းသင်း
ယ်ဆိုရင် တော်ပြီပေါ့.. မဟုတ်ဘူးလား 'ငယ်'"


www.burmeseclassic.com

www.burmeseclassic.com

'ငယ်' ကပြုံးနေသည်။

"ကဲ 'ငယ်' ဘယ်တော့လဲ"

"ဘာကိုလဲ"

"လက်ထပ်ဖို့လေ"

"သိပ် မမြန်လွန်းဘူးလား"

"နောက်တောင်ကျနေပြီထင်တယ်"

"မနေ့ကမှတွေ့ပြီးတော့"

"အတွေ့နောက်ကျလို့ မြန်မြန်စီစဉ်ချင်တာပေါ့"

"တစ်ယောက်အကြောင်း တစ်ယောက် ဘာမှလေ့လာ အကဲခတ်ရသေးတာမဟုတ်ဘဲနဲ့"

"ဩော် အဟော် ဟော်... ကျုပ်ကို မယုံသေးဘူးလား... ပေါင်းကြည့်မှအကြောင်းသိမှာပေါ့ 'ငယ်' ရယ်... ပေါင်းကြည့်ဦးလေ"

"စကားပြောလိုက်ရင် သူ့ဘက်ယက်နေတာပဲ"

"စိတ်ဆိုးသွားလား"

ထိုအမေးနှင့်အတူ 'ငယ့်' မျက်နှာကို သူ့ဘက်လှည့်သည်။

" 'ငယ်' "

"ပြောပါ... 'ငယ်' နားထောင်နေပါတယ်"

"နက်ဖြန် ကိုယ် 'ငယ်' တို့အိမ်ကိုလိုက်လာခဲ့မယ်... 'ငယ်' ဝယ်ချင်တာဝယ်ဖို့ ငွေလာပေးမယ်"

"အို နေပါစေ... မယူဖြစ်ရင် ဒါတွေ အလကားအဖတ်တင်နေမယ်"

"မဖြစ်ရင် ဟုတ်လား... အဲဒီစကားကိုပြင်လိုက်ပါလား 'ငယ်'... နက်ဖြန် 'မဦး' နဲ့ လက်ထပ်ဖို့ကိစ္စ တိုင်ပင်ဦးမှာ... 'ငယ့်' ကိုဘယ်လောက်တင်တောင်းရဦးမလဲ ပြော... 'ငယ်' ဆုံးဖြတ်သလောက် ကိုယ် တင်တောင်းမယ်"

"သူ့ကိုယ်သူ ကုဋေရှစ်ဆယ် သူဋ္ဌေးသားကျနေတာပဲ... သူ မပေးနိုင်တာတောင်းရင်ကော"

"ကိုယ် ပိုင်ဆိုင်သမျှအပြင်...တခြားပေးစရာဆိုလို့ ကိုယ် တစ်ကိုယ်လုံး ခေါင်းက ခြေအဆုံး ကြိုက်သလောက်သုံးပါ"

"ဟော တွေ့လား... ကိုယ့်ဘက်ကိုယက်တဲ့စကားပဲ ပြောတတ်တယ်"

"ကဲဗျာ မမလေး မကြိုက်ရင် ဘာမှမပြောတော့ပါဘူးတဲ့"

" 'ငယ်' ပြန်ချင်ပြီ"

"ကောင်းပြီလေ... နက်ဖြန်ဆယ်နာရီလောက် လာခဲ့မယ် လှလှလေးပြင်ပြီးစောင့်နေ... ကြားလား"

"စောင့်ဖြစ်အောင် ကြိုးစားပါ့မယ်"

"အဲသလို မရေမရာမပြောပါနဲ့... ကျုပ်က ပြတ်ပြတ်







www.burmeseclassic.com

www.burmeseclassic.com



သားသားပဲကြိုက်တယ်"

"ပြတ်ပြတ်သားသားပဲ ပြောလိုက်မယ်... မလာနဲ့"

'ငယ်'က ခပ်မာမာလေးပြောပြီး ထွက်ပြေးသွားသည်။ ကားပေါ်သို့လည်း မတက်။ လမ်းလျှောက်၍ပြန်သည်။

"ကားပေါ်တက်လေ"

"ဟင့်အင်း"

"ဘာဖြစ်သွားတာလဲ... ကျုပ်ချစ်မှန်းသိလို့ စိတ်ညစ်အောင်လုပ်တာလား"

"'ငယ့်'ကိုအော်တာငေါက်တာမကြိုက်ဘူး... အသံမာနဲ့ပြောတာလည်း မကြိုက်ဘူး... ချစ်လှပါချည်ရဲ့ဆိုပြီး လက်တောင်မထပ်ရသေးဘူး... အော်လား ငေါက်လားနဲ့ 'ငယ့်'ကို ဆူမယ်ပူမယ် အော်မယ်ဟောက်မယ်ဆိုရင် မယူဘူး"

'ငယ်'တမင်စိတ်စမ်းနေခြင်းဖြစ်သည်။ မိမိအပေါ်မည်မျှခွင့်လွှတ်နိုင်မည်နည်း။ စောင့်ကြည့်ရမည်။

"မငေါက်မိပါလားဗျာ"

"ဟွန်း ခုနက လူကို ကျုပ်က ခပ်ပြတ်ပြတ်ပဲကြိုက်တယ်လို့ ဘာလို့ မာရေကျောရေ ပြောသေးလဲ... အဲလို အသံမျိုး...အဲလို မျက်နှာမျိုးနဲ့ပြောမှာဆိုရင်တော့ 'ငယ်' 'ဦးသက်အောင်'ကို လက်ထပ်ဖို့ လက်မခံရဲဘူး"

"'ငယ်'ရာ မဆူပါဘူး... မငေါက်ပါဘူး... မကြောက်ပါနဲ့... 'ငယ်'စိတ်ချမ်းသာအောင်ထားမှာပါဗျာ... ကဲ ကားပေါ်တက်ပါ"

'ငယ်'ခပ်တည်တည် တက်ထိုင်သည်။ သိပ်ကျေနပ်နေမိသည်။ မိမိဘဝသည် ကုသိုလ်ကံအကျိုးပေး အတော်ကံကောင်းပါလား။ 'ဇော်အောင်'နှင့် လိုက်ပြေးသွားသည့်ကိစ္စသာ မဖြစ်ခဲ့ဘူးဆိုလျှင် ယခုအချိန်မျိုးသည် အဘယ်မျှပျော်စရာကောင်းမည်နည်း။

"'ငယ်'"

"ရှင်..."

"ဒီည မအိပ်ခင်ဖြစ်ဖြစ်... အိပ်မက်ထဲမှာပဲဖြစ်ဖြစ် ကျုပ်ကို 'ဦးသက်အောင်'ဆိုတဲ့ နာမည်အစား တခြားတစ်မျိုးမျိုးခေါ်ဖို့လည်း စဉ်းစားထားနော်... နက်ဖြန်ကျ 'ဦးသက်အောင်'လို့ခေါ်ရင် ကျုပ်တစ်ခါတည်းခေါ်ပြေးသွားမှာ"

"ဟွန်း"

'ငယ့်'မျက်စောင်းသည် 'ကိုသက်အောင်'၏ နှလုံးသားကိုအရည်ပျော်စေပါသည်။







www.burmeseclassic.com

www.burmeseclassic.com

## ၁၀

" 'ဦးသက်အောင်'က ဘာပြောသေးလဲ... 'မိငယ်' "

"နက်ဖြန် မမတို့ဆီလာတောင်းမယ်တဲ့... 'ငယ့်'အတွက် ကြိုက်တာဝယ်ဖို့လည်း ငွေလာပို့မယ်တဲ့"

"ကဲ ငါမပြောဘူးလား... နင်တော့ ငွေတွင်းကိုနိုက်မိလျက်သား ဖြစ်ပြီလို့... ဒီလူ နင့်ကို အငမ်းမရ သဘောကျနေတာ နင်ပြောသမျှ အရကုန်ဖြစ်ပြီ... ကိုယ့်ဘက်ပါအောင်လုပ်ပေတော့ သိပ်လည်း မလိုက်လျောနဲ့... သိပ်လည်း မတင်းနဲ့... မိန်းမ မာယာ သဲကိုးဖြာဆိုတာ ကြားဖူးတယ် မဟုတ်လား... ညည်း ချိုရင် ဒီလူဘယ်ခံနိုင်လိမ့်မလဲ"

"အခုတော့ သူက ဒီရက်ပိုင်းအတွင်းဆိုတော့ လက်ခံလို့ ဖြစ်ပါ့မလား... လက်ခံလိုက်ရင် ပေါ်တယ်ထင်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း အနေနဲ့ အချိန်တော့နည်းနည်း ဆွဲလို့ရသေးတယ်... သိပ်ကြာကြာဆွဲလို့တော့ မကောင်းဘူး... 'ဇော်အောင်' နဲ့ရတဲ့ကလေးတွေ ဘာတွေရှိနေရင် ဘယ်လိုလုပ်မလဲ"

"မရှိနိုင်ပါဘူး"

"ပြောနိုင်မလားအေ"

"ပြောနိုင်ပါတယ်... စိတ်ချရပါတယ်"

"အောင်မယ်လေး တော်ပါသေးရဲ့... ညည်းအတွက် ကျုပ် တစ်နေ့မှစိတ်မအေးရဘူးအေ... ရင်ထဲမှာ အလုံးကြီးဆို့နေတာ... ခုမှကျသွားတယ်... ဒီပုံအတိုင်းဆို ညည်း 'ဦးသက်အောင်' ကို အချိန်ဘယ်လောက်ဆွဲဆွဲ ယူယူ မယူယူကိစ္စမရှိတော့ဘူး"

'ငယ်' အိပ်မပျော်နိုင်။ အပြောင်းလဲမြန်လှသော မိမိဘဝကို မိမိ အံ့သြနေမိသည်။ လွန်ခဲ့သည့်တစ်ပတ်က အပျို၊ ဟိုတစ်နေ့ဆီက လူတစ်ယောက်နှင့်ခိုးရာလိုက်ပြေးခဲ့သည်။ ယနေ့နက်ဖြန် တခြားလူတစ်ယောက်နှင့် ခမ်းနားကြီးကျယ်စွာ လက်ထပ်ရတော့မည်။

'ဦးသက်အောင်'ကို သိန်းပေါင်းများစွာ ချမ်းသာတာတစ်ခုဖြင့်တော့ 'ငယ်' လက်ထပ်ဖို့ဆုံးဖြတ်ခဲ့ခြင်းမဟုတ်။ ရုပ်ရည်သန့်ပြန့်သားနားခြင်း၊ အရွယ်မအိုသေးဘဲ လူငယ်တစ်ယောက်လို ဖျတ်လတ်နုပျိုသွက်လက်ပြီး မိန်းမတွေစိတ်ဝင်စားနိုင်လောက်သော အသွင်အပြင်ရှိနေခြင်းကြောင့် 'ငယ်' လက်ခံခဲ့





ခြင်းဖြစ်သည်။

'ငယ့်' ဆန္ဒထဲတွင် ရုပ်ရည်လည်းချောမှ၊ ငွေလည်း ပေါမှသဘောကျသည်။ ထို့အတူ 'သက်အောင်' တစ်ယောက် လေသာဆောင်တွင် စီးကရက်ကိုစိမ်ပြေနပြေ သောက်ရင်းအတွေးလွန်နေသည်။ မိမိသည် မိန်းမတစ်ယောက်ကို လွယ်လွယ်နှင့် မယူတတ်၊ ချောရမည်၊ ငယ်ရမည်၊ ပညာတတ်ရမည်။

'လတ်' သည် မိမိကို အသက်ကြီးသည်၊ လူပျိုမစစ်သူဖြစ်သည်ဟူသော အကြောင်းပြချက်များဖြင့် အဖက်ပင်မလုပ်။ ကဲ ခုတော့ ဘာပြောချင်သေးသနည်း။ 'ငယ်' သည် 'လတ်'ထက် နှစ်နှစ်ငယ်သည်။ 'လတ်' ထက်ပညာသာမသာရင်ရှိမည်။ ရုပ်ရော၊ ကိုယ်လုံးရော၊ အညကြာရာပါ သာသည်။ ခေတ်မီသည်။

'ငယ့်' ကို ခေတ်ပေါ်ဝတ်ကောင်းစားလှများဖြင့် ဆင်မြန်းပေးလိုက်လျှင် မိမိဇနီးသည် တခြားဇနီးများအလယ်တွင် ထည်ဝါနေရမည်။ အချစ်နှင့်နှစ်ပေါင်းများစွာကင်းကွာနေသော သူဌေးလေးသည် ဇနီးသည်၏ကြင်နာယုယမှု၊ ပြုစုချော့မြှူမှုများဖြင့် သာယာစိုပြည့်လာမည့်မိမိဘဝကို ကျေနပ်နေမိသည်။

နက်ဖြန် 'ငယ့်' ကိုမန္တလေးခေါ်သွားပြီး 'ငယ်' လိုချင်သောအဝတ်အစား၊ လက်ဝတ်ရတနာတို့ကို ဈေးချိုထဲတွင်ဝယ်ပေးမည်။ 'မဦး' ဟာ 'ငယ့်' ကိုအလှဆုံးဖြစ်အောင် ပြင်ဆင်ခြယ်သခိုင်းသည်။ သူဌေးလေးနှင့်တွဲသွားရမှာမို့ လူကုံထံပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်ချင်ရောက်မည်။

ထို့ကြောင့် အကျီ လုံချည်၊ ဖိနပ်ကအစ၊ အသစ်တွေဖြစ်သလို အလှပြင်ဆိုင်ပြေး၍ မိနက်စောစောပြင်ခိုင်းသည်။ အလှမင်္ဂလာဆောင်သွားမှာမဟုတ်၍ ညီမဖြစ်သူမျက်နှာကို ပန်းနုရောင်ခြယ်ခိုင်းပြီး ဆံပင်ကိုလည်း ပုံသွင်းခိုင်းသည်။ နံနက် ကိုးနာရီခန့်တွင် 'ငယ်' တစ်ယောက် စတော်ဗယ်ရီရောင်ပေါ်တွင် အနက်ရောင်အလုံးလေးများပါသော ပိုးပျော့ဝတ်စုံဝမ်းဆက်နှင့် လည်တိုင်တွင် အဖြူရောင်စကပ်ပဝါလေးကို ချည်ထားသည်။

ကြိုးသိုင်းဖိနပ်အဖြူနှင့် မျက်နှာလှလှမှာ ပန်းနုရောင်ကြွေသားလို နုပြောင်နေပြီး မျက်ခုံးနှင့်မျက်လုံးတို့မှာလည်း မှုန်ဖိရိုထဲက ကော်ပတ်ရုပ်လေးလို့လှလွန်းနေသည်။ ကားသံကြားသံဖြင့် 'ငယ်' ရင်တွေတလှပ်လှပ်ဖြစ်သွားသည်။ မစားရအညော်ခံဖြစ်နေသော 'မဦး' ကလည်း ရင်တွေတဒိုင်းဒိုင်းခုန်၊ လက်ဖျားခြေဖျားတွေအေးပြီး...

"ညည်း သူဌေးနဲ့ရတာ ကျုပ်နဲ့ရသလိုပါပဲအေ... ရင်တွေတောင်ခုန်တယ်"

"'ငယ်' ချမ်းသာရင် မမတို့ချမ်းသာသလိုပါပဲ"

"ပြောတာပဲ... နောက်တော့သာ ဘယ်လိုချိုးမယ် မသိတာ"

ကားအိမ်ရှေ့တွင်ရပ်သဖြင့် ရင်အခုန်သားဖြစ်စောင့်





ည့်နေသည်။

"ဟောတော့"

"ဟင်"

ညီအစ်မနှစ်ယောက်စလုံး ဝင်လာသူကိုကြည့်ပြီး အသံ ပြီးအံ့သြမိသည်။

"ဒီညီအစ်မ ဘာဖြစ်နေကြတာတုန်း"

ကိုကိုက ပြုံးတုံ့တုံ့ဖြစ်နေသော ညီအစ်မနှစ်ယောက် ကြည့်၍မေးသည်။

"ဩော် ဘာမှမဖြစ်ပါဘူး... မမျှော်လင့်တဲ့ရောက်လာလို့ ကိုကိုရဲ့"

ကိုကိုက ထူးထူးခြားခြားပြင်ဆင်ပြီး လှချင်တိုင်းလှမှ 'ငယ်' ကိုကြာမြင့်စွာစူးစိုက်ကြည့်ပြီးမှ...

"'ငယ်' ကပြင်ဆင်ထားလိုက်တာ ဘယ်သွားမလို့လဲ... လား... မင်္ဂလာဆောင်လား"

"မဟုတ်ပါဘူး ကိုကို"

"အိမ်နေရင်းများ အပင်ပန်းခံပြီးပြင်ဆင်ထားလိုက်တာ ကဲ... နင် ပြင်ဆင်ထားတာလည်း အလကားမဖြစ်အောင် ည်းပြောစရာလည်းရှိတာ ပြောရအောင် ကန်တော်ကြီးနဲ့ ခွန်ဘက် လျှောက်လည်ရအောင်"

အိမ်ကထွက်လာစဉ်ကတည်းက 'ငယ်' ကို ဒီကနေ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်သာလျှင် မိမိရင်ထဲမှာ ဆန္ဒများကိုဖွင့်ပြောမည်ဟု ရည်ရွ[illegible] သည်။ မိမိသူမကို ဘယ်အချိန်ကတည်းက ချစ်နေသည် အ[illegible] လောက် ချစ်နေသည်ကိုသိလေလျှင် အဘယ်မျှအံ့ဩမည်န[illegible] အဘယ်လောက်ဝမ်းသာ ပျော်ရွှင်မည်နည်း။

"ကဲ... စောစောထွက်ရင် နေရာအနံ့ရောက်မည် သွ[illegible]

ကိုကို့ စကားကြောင့် 'ငယ်' ဘာပြောရမှန်းမသိဖြ[illegible] သည်။ 'မဦး' ကိုယ်တိုင်လည်း ဇဝေဇဝါဖြစ်နေသည်။ 'ငယ်[illegible] ပြောစရာရှိသည်ဆိုသောစကားသည် ဘာများပါလိမ့်၊ '[illegible] အောင်' နှင့်ပတ်သက်လို့လား၊ ဘာပြဿနာများဖြစ်လို့ပါ[illegible]

"ကိုကို နင်ပြောစရာရှိတယ်ဆိုတာ ဘာအတွက်[illegible] သိပ်အရေးကြီးလား... ငါ့ကိုပြောလို့ဖြစ်တဲ့စကားဆို ငါ့ကို[illegible] လေ"

ကိုကို ရယ်ကျဲကျဲမျက်နှာဖြင့်...

"ဟာ 'မဦး' ကိုပြောလို့ဘယ်ဖြစ်မလဲ 'ငယ့်' ကိုပြော[illegible] တာ"

ဟုတ်ပါပြီ။ 'ဇော်အောင့်' အကြောင်းပဲဖြစ်မှာပါ။ [illegible] မဲ့ ကိုကို့ မျက်နှာကစပ်ဖြဲဖြဲ ဘာကြောင့်ဖြစ်နေသနည်း။ [illegible] ကိုကိုတစ်ယောက် 'ငယ့်' ကိုများချစ်ကြောင်း ကြိုက်ကြော[illegible] ပြောမလို့လား။ အို ဖြစ်မယ်မထင်လောက်ပါဘူး။ ကိုကို့ လို[illegible] 'ငယ့်' ကိုချစ်မှာမဟုတ်ပါဘူး။ ချစ်ရင် ဟိုတုန်းကတည်းက[illegible]





မှာပေါ့။ ငါ့လို ခိုးရာလိုက်ပြေးပြီးသား မိန်းမတစ်ယောက်ကိုသူ လား ချစ်မှာ။

'ငယ်' တွေးသလို 'မဦး' လည်းတွေးမိသည်။ ထိုစဉ် ချို သာသော ကားဟွန်းသံလေးနှင့်အတူ စက်သံပင်မကြားရဘဲ မိုး ပြာရောင်ကားလေး အိမ်ရှေ့ထိုးရပ်လာသည်။ ကားထဲမှဆင်းလာ သောလူကိုမြင်တော့ လူငယ်သူဌေးသား 'ကိုသက်အောင်' မှန်း ကိုကိုသိသည်။ တစ်ယောက်နှင့် တစ်ယောက်တော့ မသိကျွမ်း သေး။

"ဪ 'ငယ်' တောင် ပြင်ဆင်ပြီးပြီပဲ... စောင့်နေရတာ တော်တော်ကြာသွားပြီလား 'ငယ်' "

"မကြာသေးပါဘူး 'ဦးသက်အောင်' "

ထိုအခေါ်အဝေါ်ကြောင့် 'ဦးသက်အောင်' ၏မျက်လုံး များက ပြူးစမဖြင့် 'ငယ့်' စူးစိုက်ကြည့်လိုက်သည်။ ကိုကိုရှေ့မှာ 'ငယ်' တခြားအခေါ်အဝေါ်တွေ မခေါ်ချင်ပါ။ ကိုကို အံ့ဩနေ သည်။ 'ငယ်' အလှဆုံးပြင်ထားသည်မှာ 'ဦးသက်အောင်' နှင့်အ တူ အပြင်ထွက်ဖို့ဆိုပါလား။

အပြင်ထွက်၍ ဘယ်သွားကြမည်နည်း။ ဘာလုပ်ကြ မည်နည်း။ ထို့ကြောင့် မိမိခေါ်စဉ်က 'ငယ်' အကြောင်းကြောင်း သုပ်နေခြင်းဖြစ်မည်။ နှစ်ရက်သုံးရက်အတောအတွင်း အပြောင်း အလဲတွေမြန်လှချည်လား။ 'ဦးသက်အောင်' ကလည်း ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ကိုအကဲခတ်သည်။

"ဖြော် ဟုတ်သားပဲ မိတ်ဆက်ပေးရဦးမယ်... ဒါ ကိုကို လို့ခေါ်တယ် 'ဦးသက်အောင်'... 'ငယ်' တို့ 'မဦး' တို့ အိမ်ခေါင်းရင်းကပေါ့... မောင်နှမအရင်းဆိုလည်း မမှားပါဘူးပေါ့လေ"

"ဟုတ်ကဲ့... ခုလိုတွေ့ရတာ အများကြီးဝမ်းသာပါတယ် ကိုကို... ကျွန်တော့်နာမည် 'သက်အောင်' ပါ... ရန်ကုန်-မန္တလေး ပွဲရုံဖွင့်ထားပါတယ်... အနေများတာကတော့ ရန်ကုန်နဲ့ ပြင်ဦးလွင်ပါပဲ ဒါပေမယ့်ဘယ်အိမ်မှတော့ သိပ်မမြဲပါဘူးဗျာ...တောင်ပေါ်တွေသွား နေရတာက များပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ... ကျွန်တော်ကတော့ ကျောင်းပြီးလို့ အလုပ်မဝင်ခင် လောလောဆယ်တော့ မိဘတွေရဲ့ လုပ်ငန်းဖြစ်တဲ့ အထည် က်မှာပဲ ဝင်လုပ်နေပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

လူငယ်လူရွှင် ကိုကို့ ကိုကြည့်ပြီး... 'ဦးသက်အောင်' တစ်စုံတစ်ခု တွေးမိသည်။ ငယ်တို့နှင့် ငယ်စဉ်ကတည်းက မောင်နှမအရင်းလို နေလာသည်ဆိုတော့ 'လတ်' တစ်ယောက် မိမိကိုလက်မခံခြင်းမှာ ဒီလူကိုများစိတ်ဝင်စားနေသို့လား။ ဒါမှ ဟုတ်ကိုကိုနဲ့များဖြစ်နေကြသလား။ ဒါကြောင့်ပဲဖြစ်မည် ထင်သည်။

အင်း 'ငယ်' နဲ့ကော ပတ်သက်မနေဘူးလား။ ဒါကြောင့်





သာ 'ငယ်' ရှိရာ ပြင်ဦးလွင်သို့တက်လာသည်ပေါ့။ 'လတ်' ပြင်ဦးလွင်မှာရှိနေစဉ်က ဒီလူ တစ်ခါမှ လာတာမတွေ့ပါဘူး၊ ဟုတ်ပါပြီ၊ 'ငယ်' နဲ့များပတ်သက်နေသလား။

'သက်အောင်' ရင်ထဲတွင် မနာလိုစိတ်၊ ပူပင်စိတ်၊ စိုးရိမ်စိတ်များ ဖြစ်မိသည်။ မိမိလက်ထဲမှ လူယူသွားမှာလည်း စိုးရိမ်မိသည်။ ထို့ကြောင့် ပိုင်ဆိုးပိုင်နင်းပင် ပြောဆိုဆုံးဖြတ်ပြီး...

"'မဦး' ကိုပဲခိုင်းရမယ်ထင်တယ်"

"ဘာများလည်း 'ကိုသက်အောင်' "

"ဖြော် 'ငယ့်' မိဘတွေကို နားဖောက်ပေးဖို့လေ...ပြီးတော့ 'ငယ်' တို့မန္တလေးကအိမ်ကို တိုက်ပြင်ဆောက်ဖို့ကိစ္စပါ 'မဦး' ပဲဆွေးနွေးလိုက်ပါ... ကျွန်တော်နဲ့ 'ငယ်' လက်ထပ်ပွဲကို ပြင်ဦးလွင်မှာ ရှေ့အပတ်လောက်စီစဉ်ပြီး မန္တလေးမှာတော့ ကြိုက်ရာခန်းမရွေးပါလို့... ကဲ 'ငယ်' သွားကြစို့လား... နေမြင့်ရင် နေသိပ်ပူမယ် ထင်တယ်"

ကိုကို မျက်လုံးထဲတွင် 'ငယ့်' ၏ရုပ်ပုံလွှာသည် တဖြည်းဖြည်းမှုန်ဝါးသွားသည်။ လုံးဝ မထင်မှတ်သောစကားကို ကြားလိုက်ရသဖြင့် ကိုကို့ မျက်နှာသည် သိသိသာသာပျက်သွားသလို 'ငယ့်' မျက်နှာကို အံ့သြစွာစူးစိုက်ကြည့်နေကြောင်းတွေ့ရသည်။

ထိုကဲ့သို့ ကြည့်နေသည့်အကြည့်ကို 'ဦးသက်အောင်' က လွဲ၍ 'ငယ်' တို့ညီအစ်မနှစ်ယောက်လုံး ဘယ်လိုမှ သံသယမဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကြ။ ယောကျ်ားချင်းကတော့ သိသည်။ 'ငယ်' ကို ကိုကိုချစ်ခင်နှစ်သက်နေကြောင်း မျက်လုံးများရော အမူအရာကပါ သိသာသည်။

'ဦးသက်အောင်' တစ်ယောက် 'ငယ်' ကိုပို၍ စိတ်မချတော့။ မိမိထက်ငယ်သော ကိုကို့လက်ထဲပါသွားမှာကြောက်သည်။

"ကဲ ကျွန်တော်တို့ကို ခွင့်ပြုပါ ကိုကို"

ကိုကို ခေါင်းညိတ်သည်။ မျက်လုံးက 'ငယ်' ဆီမှာ။ 'ငယ်' က ကိုကို့ကို မလုံသလို မျက်လွှာလေးချပြီး...

" 'ငယ်' လိုက်သွားဦးမယ် ကိုကို... နောက်တစ်ခါမှ တွေ့ကြတာပေါ့နော်"

ကိုကို ခေါင်းညိတ်သည်။ 'ငယ်' တို့ထွက်သွားသည်ကို ကိုကို အစအဆုံးကြည့်သည်။ သို့သော် မျက်လုံးထဲတွင် ဘာကိုမှ မမြင်။ လူတစ်ကိုယ်လုံး ထိုင်နေသော်လည်း လေထဲတွင်လွင့်နေသလို တစ်ကိုယ်လုံးပေါ့ပါးလွင့်မျောနေသည်။ ကလေးသာဆို အော်ငိုပစ်လိုက်မည်လားမသိ။

မိန်းမတစ်ယောက်သာဆို အိပ်ခန်းထဲပြေးဝင်၍ တရှုပ်ရှုပ်ငိုမည်လားမသိ။ မိမိမှာတော့ ငိုချင်လျက်နှင့်လည်း မငိုနိုင်။ အော်ဟစ်ပစ်ချင်လျက်နှင့် မျိုသိပ်နေရသည်။ မိမိဘဝသည် ချစ်သူကို ချစ်နေကြောင်းပင် ဖွင့်ဟပြောဆိုခွင့်မရှိသည့်ဘဝပါလား





သူမကို တန်ဖိုးထားလေသမျှ နောက်ကျဖို့ လက်လွှတ်ဆုံးရှုံးခဲ့ခြင်းလာခဲ့သည်။

သူမကိုမှ မိမိချစ်မိသည်ကိုလည်း ကိုယ့်ကိုယ်ကို အံ့ဩမိသည်။ ဒီတစ်ခါဆုံးရှုံးခြင်းသည် မိမိအတွက် ပို၍ခံစားရသ 'ငယ်' အတွက်တော့ အလွန်ဝမ်းသာမိပါသည်။ ချစ်သူကိုရော လိုပါချစ်ရသော 'ငယ်လေး' တစ်ယောက် သူဌေးကတော်သွားပြီး ချမ်းချမ်းသာသာပျော်ပျော်ရွှင်ရွှင်နှင့် မော့ကြွားနိုင်ဆိုလျှင် မိမိကျေနပ်သည်။

ဖေဖေ မေမေလိုဖြစ်နေသော 'ငယ့်' မိဘများအတွက်သည်း အိုဇာတာကောင်းသည်ဟုဆိုရမည်။

"ဟဲ့ ကိုကို"

"ဟင် 'မဦး' "

"ငါခေါ်နေတာကြာလှပြီ ဘာစဉ်းစားနေတာလဲ"

"ဩော်... ပြင်ဦးလွင်မှာ ဘယ်အိမ်ဝင်ရင်ကောင်းမလဲ စဉ်းစားနေတာပါ"

ကိုကို ညာသည်ဟု 'မဦး' ထင်သည်။ ကိုကိုတစ်ယောက် 'ငယ်' ကိုများကြိုက်နေလေသလား။ ကိုကို့လို လူငယ်တစ်ယောက် 'ငယ့်' ကိုသဘောမတူစရာမရှိ။

"ကိုကို နင့်ကို တစ်ခုမေးချင်တယ်"

"ဘာများလည်း 'မဦး' "



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့ မဆိုးနှင့်နော်... နင် 'လတ်' နဲ့ 'ငယ်' ဘယ်
ကိုကြိုက်သလဲ ပြောစမ်း"

"ဟာ 'မဦး' ကလည်း ပြောနေပြန်ပါပြီ... 'လတ်'
'ငယ်' တို့ဟာ ကျွန်တော့်နှမလေးတွေပျာ... ကျွန်တော် ယု
တဲ့စိတ်မျိုးမရှိပါဘူး"

ထိုစကားကြောင့် 'မဦး' စိတ်တိုသည်။ ကိုကို ညာ
'မဦး' သိသည်။ သူတော်ကောင်းလုပ်ချင်တဲ့လူ ကျွန်ရစ်ဖြစ်
ကောင်းသည်။ မိမိကသူ့အတွက် စေတနာဖြင့် အစီအစဉ်အ
ပြန်ဆွဲသင့်ဆွဲရအောင်ပြောခြင်းဖြစ်သည်။ သူက မာနနှင့်
ခြင်းလား။ တကယ်စေတနာနဲ့ပြောခြင်းလားတော့ မသိ။

"မင်း မန္တလေးရောက်ရင် အိမ်ကိုစာတစ်စောင်ပေး
စမ်း... 'ငယ်' တို့က အခုရက်ပိုင်းအတွင်း အိမ်ကိုဝင်ဦးမှာမဟု
သေးဘူး"

"ရတယ် 'မဦး' ရေးပေးလိုက်... ကျွန်တော် ပြင်ဦး
ဈေးထဲခဏသွားလိုက်ဦးမယ်... အပြန်ဝင်ယူမယ်"

"ဒါဆိုလည်း ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

ကားမောင်းရင်း 'ငယ်'ကို 'ဦးသက်အောင်' ကမေးသည်

"'ငယ်'နှင့် ကိုကိုဆိုတဲ့လူနဲ့ ဘယ်လိုပတ်သက်သလဲ"

"စောစောက 'မဦး' ပြောပြပြီးပြီပဲ"

"အခု 'ငယ့်' ကိုထပ်မေးနေတယ်လေ"

"အိမ်ချင်းကပ်လျက်မှာနေတဲ့ အစ်ကိုတစ်ယောက်ပေါ့"

"ရိုးရိုးသားသားရော ဟုတ်ကြရဲ့လားမသိဘူး"

"မရိုးသားဘူးထင်နေရင်လည်း 'ငယ့်' ကိုလက်ထပ်ဖို့ ပြောမနေနဲ့တော့"

မလွယ်ပါ။ ဘာမှမဖြစ်ဘဲ အတူတူဝိုင်းဖွဲ့ပြောတာလေး ကိုပင် သံသယဖြစ်နေတတ်သောသူသည် 'ငယ်'နှင့်'ဇော်အောင်' ကိစ္စကိုသိလျှင် အဘယ်သို့ရှိမည်နည်း။

"မင်း ကျုပ်ကို စိတ်မဆိုးနဲ့လေ... မင်းကို သိပ်ချစ်တော့





ခြားလူတွေ ကြည့်တာလည်းမကြိုက်ဘူး... ချစ်တာလည်း မ ကြိုက်ဘူး... စိတ်ဝင်စားတာလည်း မကြိုက်ဘူး"

အဘိုးကြီးက အလာကြီးဟု ကျိတ်ပြုံးမိသည်။ ကိုကို ...ဘ်အသက်အများကြီး ကြီးပေမယ့် အချစ်စိတ်နှင့်ပတ်သက် ...င် နုပျိုလန်းဆန်းလွန်းသည်။

"မင်း စိတ်ဆိုးနေသလား"

"စိတ်ဆိုးလို့မဟုတ်ပါဘူး... ဒါပေမဲ့ မောင်နှမလို့တစ် ...က်လုံးနေလာတဲ့ သူတွေကို ဟိုထင်ဒီထင် ထင်တာတော့ မ ...ကောင်းဘူးပေါ့... ကိုယ့်မိတ်ဆွေ အပေါင်းအသင်းနဲ့တောင် စ ...ားပြောခွင့် ခင်မင်ခွင့်မရှိတော့ဘူးလား"

"ကျုပ်မှာ သေးသိမ်တဲ့သဘောထားမျိုးမရှိဘူး 'ငယ်'... ...ျုပ်အကြောင်း အတူတူနေတဲ့ကြာခါ သိမှာပေါ့လေ... ကျုပ် ...ဘာချင်တာက ကိုကို ဆိုတဲ့လူရဲ့မျက်လုံးတွေဟာ မရိုးသားဘူး ...ထင်လို့ပါ"

"ကိုကို နဲ့ပတ်သက်လို့ကတော့ စိတ်ချပါ... ပါးစပ်ထဲ ...က်ညှိုးထည့်ရင်တောင် ကိုက်တတ်တဲ့လူစားမျိုးမဟုတ်ဘူး... ...ကိုက်သင့် မကိုက်သင့် သူ စဉ်းစားတတ်တယ်"

"ဟား ဟား ဟား သူ့ ကိုကိုဆိုတဲ့လူဘက်က နာတတ် ...က်တာဗျာ"

"'ဦးသက်အောင်' နော် 'ငယ့်' ကိုစိတ်ဆိုးအောင်မလုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ရဲ့သိက္ခာနဲ့ဝတ်သက်ရင် 'ငယ်'မှတ်ကျောက်တင်ရဲတယ်
'ငယ်'တို့ ငယ်ငယ်ကတည်းက မောင်နှမအရင်းလိုစောင့်ရှော
လာတာ... သူလိုလူဟာ မိန်းကလေးတစ်ယောက်ကို လွယ်လွ
နဲ့မချစ်တတ်သလို... ချစ်ပြီးရင်လည်း ကိုယ်ချစ်သူကို ကိုယ်မျ
စိရှေ့မှာ သူများလက်ထဲထည့်မယ့်လူလည်း မဟုတ်ဘူး...
သက်အောင်' စိတ်နဲ့ နှိုင်းမပြောနဲ့ ဟွန်း"

နှုတ်သီးကောင်း လျှာပါး မျက်စောင်းလေးထိုးကာ
ကာ ရန်ထောင်တတ်သော 'ငယ်' ကိုကြည့်ကာ...

"အလို စွာလှချည်လား 'ငယ်' ရဲ့... 'ငယ်' နဲ့ကင်းရှ
တယ်ဆိုရင် ကျေနပ်ပါပြီဗျာ... ကျုပ်က 'ငယ်' ကို ခုမှစမြင်
တမ်းတမ်းစွဲဖြစ်နေရသူဆိုတော့ စိုးရိမ်ပူပန်လို့ပြောနေတာပ
ကျုပ်တစ်ယောက်ပဲ ပိုင်ဆိုင်ချင်တယ်... ချစ်ချင်တယ်... မြတ်
ချင်တယ် 'ငယ်' "

"ဒါကြောင့် လောလော် လောလောမလှုပ်ပါနဲ့... တ
ယောက်အကြောင်း တစ်ယောက်သိအောင် လေ့လာပါဦးလို့ပြေ
နေတာပေါ့"

"အချိန်ဆွဲနေရင် သူများလက်ထဲ ပါဖို့များနေလို့ မနေ
စီစဉ်တာထက် ပိုပြီးမြန်မှဖြစ်မယ်"

'ငယ်' ချေးကောင်းနေပုံ၊ တန်ဖိုးရှိနေပုံများတော့ မပြေ
နှင့်တော့။ 'ဦးသက်အောင်' လို 'ငယ်' ကိုတန်ဖိုးထားပြီး မြတ်မြ





မိန်းနိုးချစ်ရမယ့် သူမျိုးကို စောစောကတည်းက တွေ့ရင်ကောင်း
သည်။ မိမိ၏ အပျိုစင်ဘဝကို သန့်စင်စွာအပ်ချင်ပါသည်။

" 'ငယ်' ဒီလောက်လှတာ ရည်းစားတွေ ဘာတွေတော့
မှာပေါ့"

"ကြိုက်နေတာတွေတော့ တစ်ပုံကြီးပဲ... အိမ်ကလူကြီး
တွေကရော ကိုကိုကပါ ဆယ်တန်းအောင်မှအချစ်ရေးကိုစဉ်းစား
မယ်ဆိုလို့ ရည်းစားတစ်ယောက်မှမရှိတာ"

"ကျုပ်ကိုရော ချစ်ရဲ့လား"

ထိုစကားမေးသော 'ဦးသက်အောင်' ၏အသံမှာ ရယ်သံ
နှင့်ရက်သံနှောပြီး တုန်နေသည်။ 'ငယ်' ပြန်မဖြေဘဲ မျက်နှာလွှဲ
ကာ အဝေးကိုကြည့်နေမိသည်။ 'ငယ်' ကိုယ်တိုင်စဉ်းစားမိသည်
ဦးသက်အောင်' ကိုမိမိချစ်သလော၊ လက်ထပ်ပြီးရင်ကော၊ တစ်
သက်လုံး အတူနေဖို့ကော။

"ဖြေပါ 'ငယ်'... ကျုပ်သိချင်လို့ပါ"

" 'ငယ်' ရည်းစားတစ်ခါမှမထားဘူးလို့လား မသိဘူး...
ချစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို မသိဘူး"

ထိုစကားကြောင့် 'ဦးသက်အောင်' 'ငယ်' ကို
ငေးကြည့်ပြီး...

"တကယ် မသိတာလား... ဒါမှမဟုတ် ကျုပ်ကိုမချစ်လို့
မဖြေတာများလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် မသိပါဘူးဆိုနေ"

"တကယ် မသိဘူးဆိုရင်တော့ ကျုပ်ပြောပြမယ်... ချ
တယ်ဆိုတာ မိဘက သားသမီးကို ချစ်တဲ့အချစ်... မောင်နှမအ
ချင်းချင်းချစ်တဲ့အချစ်... အမျိုးမျိုးရှိတယ် မဟုတ်လား... ၅၂
အချစ်နဲ့ ၁၅၀၀အချစ်လို့လည်း ခေါ်ကြမယ်ထင်တာပဲ... ကျုပ်
ပြောချင်တာက သူစိမ်းတရံစာ အမျိုးသမီးနှင့် အမျိုးသားနှ
ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်မိပြီဆိုရင် ဘယ
လောက်ပဲဝေးလံတဲ့နေရာကို ရောက်နေပါစေ သတိရနေတယ်...
အောက်မေ့နေတယ်... စိုးရိမ်ပူပန်နေမယ်... တွေ့မြင်ချင်နေမယ်
တတ်နိုင်ရင် အတူတူအမြဲ မခွဲဘဲနေချင်မယ်... ဒါကချစ်ခင်နှ
သက်မိလို့... စွဲလမ်းချစ်ခင်မိလို့ ဖြစ်လာတဲ့သံယောဇဉ်ပဲ... ဖ
လယ်တွေ သမုဒ္ဒရာတွေ ကွာခြားနေပါစေ... တောင်စဉ်ခုနစ်ထ
သီတာခုနစ်တန်ပဲခြားခြား... နောက်ဆုံးပြောမယ်ကွာ... ဒီကမ္ဘ
ကနေ တခြားကမ္ဘာတစ်ခုကိုရောက်သွားပြီး သေတဲ့အထိ တ
ယောက်နဲ့တစ်ယောက် မမြင်ရ မတွေ့ရတော့ဘူးဆိုသည့်တိုင်
အောင် စိတ်ထဲမှာ ချစ်တဲ့စိတ်ကလေးကိန်းအောင်းနေမှာပဲ"

"'ဦးသက်အောင်'က အချစ်ဋီကာဖွင့်လိုက်တာ... ကျ
သေသွားပြီဖြစ်တဲ့ ဇနီးဟောင်းကို ဘယ်ကမ္ဘာ ဘယ်နေရာမှာ
ရောက်နေပါလိမ့်တွေးပြီး လွမ်းဆွေးနေတာများလား"

"'ငယ်'ပြောတာမဆိုးပါဘူး... ကျုပ်ဟာ စီးပွားရေးအ





တွက် တစ်ဖက်တစ်လမ်းက ကြိုးစားနေသူတစ်ယောက်ဖြစ်သလို
အချစ်ရေးနဲ့ပတ်သက်ရင်လည်း သိပ်တန်ဖိုးထားတဲ့လူပါ... သူ့ကို
ကျုပ်က သိပ်မြတ်နိုးလွန်းလို့ အခက်အခဲတွေကြားက ရအောင်
ယူခဲ့တာပါ... သူတို့က အရမ်းချမ်းသာတယ်လေ"

"သူ ဆိုတာ 'ဦးသက်အောင်' မိန်းမ နာမည်လား"

"ဟုတ်ပါတယ်... ကျုပ် သာမန်ကုန်သည်လေးဘဝက
သူလို သူဌေးသမီးကိုရဖို့... အရည်းအချင်းတူဖို့... သူ့မိဘတွေသ
ဘောတူလာအောင် ဘယ်လောက်ကြိုးစားရမယ်ဆိုတာ 'ငယ်'
စဉ်းစားကြည့်ပေါ့... ဒါပေမဲ့ဗျာ ကျုပ်အချစ်ရေးက ကံမကောင်း
ပါဘူး... သူ့ကို ပိုင်ဆိုင်ခွင့်ဟာ တစ်နှစ်သာသာလောက်ပဲရှိတယ်
သူ့မိဘတွေကလည်း ကျုပ်ကို သားအရင်းလိုချစ်ပြီး သူတို့လုပ်
ငန်းတွေပါလွှဲအပ်လာတယ်... တစ်ဦးတည်းသော သမီးလေးကို
ကျုပ်နဲ့ပေးစားမှတော့ ကျုပ်ဟာ သူတို့သားပေါ့ဗျာ... ကျုပ်ရဲ့ကြိုး
စားမှုကိုလည်း သူ့မိဘတွေက နားလည်တယ်မဟုတ်လား... တစ်
ချိန်က သိပ်ချမ်းသာချင်ခဲ့တဲ့ ကျုပ်ဟာ ငွေပုံရွှေပုံတွေပေါ်မှာထိုင်
ပြီး အထီးကျန်ဖြစ်ခဲ့ရပြန်တယ်... သူဟာ ကလေးမီးမဖွားနိုင်လို့
ကလေးလည်း အသက်မပါဘူး... သူ့မိဘတွေဟာ သမီးလေးဆုံး
ပြီးပေမယ့် [illegible]ကို သားအရင်းလို တွယ်တာနေပြီမို့ နောက်မိန်း
မယူရင်တောင် သူတို့နဲ့ပဲနေပါဆိုပြီးခွင့်ပြုတယ်... သူတို့အောက်
အိမ်ထောင်ဖို့ ခွင့်ပြုပေမယ့် ကျုပ် ဆယ်နှစ်ကျော်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com

သူ့နေရာမှာ အစားမထိုးချင်ခဲ့ဘူး… အလုပ်ကိုကြိုးစားရင်း အလွမ်းစိတ်ကိုဖြေမိတယ်… အဲဒီအချိန်မှာ ငွေတွေဘယ်လောက်ရရ ဘယ်လောက်ချမ်းသာချမ်းသာ မပျော်ဘူးကွာ… ပိုက်ဆံချမ်းသာတိုင်း စိတ်မချမ်းသာဘူးဆိုတာ ကျုပ် နားလည်ခဲ့ရတယ်… ကျုပ်ယောက္ခမတွေဟာ ကျုပ်ကို သားတစ်ယောက်လို သံယောဇဉ်ဖြစ်လာပြီး ကျုပ်အတွက် အိမ်ထောင်ဖက်တောင် သူတို့ကပြန်ရှာပေးကြသေးတယ်ဗျာ"

"ဟင် ဒါဆို သူတို့ကိုလည်း 'ငယ်' နဲ့ယူမယ့်ကိစ္စ ပြောပြီးပြီလား… သဘောတူရဲ့လား"

"သူတို့က ကျုပ်စိတ်ချမ်းသာရင် ပြီးရောတဲ့"

"အဲလို လွယ်လွယ်မပြောနဲ့လေ… နောက်မှ ပူညံညံလုပ်ရင် 'ငယ်' မကြိုက်ဘူး"

"စိတ်ချ… ဘာမှပြဿနာ မဖြစ်စေရဘူး"

"မလိုချင်ဘူး… သူတို့နဲ့ 'ငယ်' တွေ့ပေးဦး… သူတို့နဲ့ 'ငယ်' နဲ့ မတည့်ရင် 'ဦးသက်အောင်' ပဲစိတ်ဆင်းရဲရမှာ"

"'ငယ်' က သူတို့နဲ့တွေ့ချင်လို့လား"

"ဟုတ်တယ်"

"ဒါဆို ရန်ကုန်ရောက်မှ ကြံတောကိုလိုက်ပြမယ်"

"အမ်…"

'ငယ်' မျက်နှုံးလေးတွန့်၍ အော်သည်။



"'ငယ်' တွေ့ချင်ရင် ကြံတောမှာ သူတို့ရဲ့ အုတ်ဂူတွေ တော့ရှိတယ်"

"သူတို့သေပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဟာကွာ… သေရင်လည်း သေပြီလို့ စောစောကပြော ပါလား… သိပ်နောက်တာပဲ သွား"

'ငယ်' ထုလိုက်သောလက်သီးကို 'ဦးသက်အောင်' က အားမောင်းရင်းက လှမ်းဆုပ်ကိုင်ထားလိုက်သည်။

"ဆယ်နှစ်ကျော် အိမ်မောကျနေတဲ့ ကျုပ်နှလုံးသားလေး ဟာ ကျုပ် ဇနီးဟောင်းနဲ့အတူ 'လတ်' နဲ့တွေ့တော့ ပြန်လှုပ်ရှား လာခဲ့တယ်"

ထိုစကားကြောင့် 'ငယ်' ကနှုတ်ခမ်းကိုစူကာ မျက်နှာကို တ်သိုးထားလိုက်သည်။ ပြီးတော့…

"'လတ်' ကိုမြင်မှ အချစ်စိတ်တွေ ပြန်နိုးလာတယ်ဆိုရင် လတ်' ကိုပဲယူ… 'ငယ့်' ဆီမလာနဲ့"

"'ငယ်' ကစိတ်ကောက်ပြန်ပြီကွာ… ကျုပ်ပြောတာသေ ချာချာနားထောင်ဦးလေ… စကားမဆုံးသေးပါဘူး"

"ပြော… ပြော"

"'လတ်' နဲ့ 'ငယ်' ဟာရုပ်ချင်းအတူတူပဲလို့ ကျုပ်ထင် တယ်… 'ငယ့်' ကိုမတွေ့ခင်က 'လတ်' ကိုပဲမြင်ဖူးတာ ကျုပ်ဇနီး


www.burmeseclassic.com

www.burmeseclassic.com

ဟောင်းနဲ့တူလွန်းလို့ မနေနိုင်မထိုင်နိုင်ဖြစ်ခဲ့တယ်... မရုက်နိုင်အောင် သိက္ခာမဆည်နိုင်အောင်လောက်အောင်ဖြစ်သွားခဲ့တယ် ဒါကြောင့် 'မဦး' ဆီမှာ မင်္ဂလာကိစ္စအတွက် ကျုပ်ကမ်းလှမ်းခဲ့တယ်... 'မဦး' ကတော့ သူ့ညီမစိတ်ဝင်စားမယ်ထင်ပြီး မန္တလေးမှာတိုက်တစ်လုံး... ပြင်ဦးလွင်မှာ တိုက်တစ်လုံးဆောက်ပြီး တင်တောင်းနိုင်မလားလို့ မေးတယ်"

ထိုစကားကြောင့် 'ငယ်' မျက်နှာလေးရဲတက်သွားသည်

"ကျုပ်ကလည်း ပြောပါတယ်... တိုက်တင်မကဘူး ကားပါတင်တောင်းမယ်လို့... ဒါတောင် 'ငယ်' အစ်မက လက်မခံဘူးလေ... ကျုပ် အချိန်တွေအများကြီးပေးပြီး သူ့ကို ဖွဲ့ရှိစောင့်တာပါ... ဒါပေမဲ့ သူက လုံးဝအတွေ့မခံဘူး... ကျုပ်ဆီ စာတစ်စောင်ရေးပြီး မနောက်ယှက်ဖို့ပြောသေးတယ်"

"ဟုတ်လား"

"ဟုတ်တာပေါ့ဗျာ... သိပ်ဟုတ်တာပေါ့... သူ့ဒီလောက်ငြင်းတာတောင် ကျုပ်အမှတ်မရှိဘူး... ပြင်ဦးလွင်ရောက်တိုင်း သူ့ ကိုများ မြင်ရမလားလို့ 'မဦး' တို့အိမ် ဝင်ချမြဲပဲ... ဒါကြောင့် 'ငယ်' နဲ့တွေ့တာပေါ့... 'ငယ်' ဟာ 'လတ်' ထက်ပိုပြီး ဆွဲဆောင်ကောင်းပြီး ကျုပ်ဇနီးဟောင်းနဲ့ ပိုတူပါတယ်"

"ဟား ဟား ခုတော့လည်း ဒီလိုပဲပြောတော့မှာပေါ့လေ တကယ် စဉ်းစားကြည့်တော့ 'ဦးသက်အောင်'က 'ငယ်' ကို





ဘာမှမဟုတ်ဘဲ... ကိုယ့်မိန်းမကို လွမ်းနေတဲ့သူပဲ... ရုပ်ချင်းတူလို့ အစားထိုးတာပဲ"

"မခနဲ့ပါနဲ့ 'ငယ်' ရယ်... 'ငယ်' ကို ကျုပ်တကယ်ချစ်တာပါ... 'ငယ်' ဟာနောက်ဆုံးမှတွေ့ရတဲ့ မိန်းကလေးဖြစ်ပေမယ့် ကျုပ် အမြတ်နိုးရဆုံး အချစ်ရဆုံးပါ... 'ငယ်' ကိုထပ်ပြီး အဆုံးရှုံးမခံချင်ဘူး... လက်လွှတ်မခံချင်ဘူး... ဒါကြောင့် တကယ်ချစ်တာရင် ကိုယ့်ချစ်သူကို လက်လွှတ်မခံနိုင်တာ ထုံးစံပဲ... ကိုယ့်မိန်းအနားမှာရှိနေစေချင်တာ ထုံးစံပဲလို့ ကျုပ်ထင်တယ်... ဟိုလူတွေ အချစ်ကို ဘယ်လိုတင်စားတယ်... ဖွဲ့နွဲ့တယ် ကျုပ်မသိဘူး... ကျုပ်သိတာကတော့ လက်ထပ်မယ်... အတူတူပျော်ပျော်ရွှင်ရွှင်နေမယ်... သားသမီးယူမယ်... သားသမီးတွေကို ပညာတတ်ဖြစ်အောင်လုပ်မယ်... ကျုပ်သေသွားရင် သားသမီးတွေ ဒုက္ခမရောက်အောင် ဘဏ်မှာငွေထည့်ပေးသွားမယ်"

"သိပ်ဟုတ်ပေါ့နော်... သူပျော်ဖို့ သူ့သားသမီးချမ်းသာဖို့ စဉ်းစားပြီးပြော... 'ငယ်' အတွက်တော့ ဘာမှမစဉ်းစားနဲ့"

"'ငယ်' က ကျုပ်မိန်းမပဲ... အထူးများစဉ်းစားနေဖို့လိုလား... ကျုပ်က အရင်သေမယ့် လူဆိုရင်တော့ ကျုပ်နေရာ 'ငယ်' ကဝင်ရမှာပဲ... 'ငယ်' ပိုင်စိုးရမှာပဲ"

"ဟာ မပြောကောင်း ပြောကောင်းဘာတွေလျှောက်ပြောနေမှန်းလည်း မသိဘူး... ပြီးတော့ 'ငယ်' ကဇိမ်နဲ့နေချင်တာ



www.burmeseclassic.com

www.burmeseclassic.com



'ဦးသက်အောင်' အလုပ်တွေက ရှုပ်ပါဘိသနဲ့"

"ကျုပ်နဲ့အတူတူနေရင် အလုပ်ကသင်သွားမှာပေါ့...စိ
ချပါ... ဘာမှစိတ်ရှုပ်စရာမရှိပါဘူး... ငွေသိမ်းယုံ စာရင်းရှင်း
လောက်တော့ လုပ်နိုင်ပါတယ်နော်"

"ဒါလောက်တော့ လုပ်နိုင်တာပေါ့"

"ဒါဆိုရပါပြီ... အဲဒါမှ ပင်ပန်းသေးတယ်ထင်ရင်
ရေးတစ်ယောက် ငှားပေးထားမယ်"

"ပိုမနေနဲ့... ဒါလောက်တော့ လူတိုင်းလုပ်နိုင်တယ်"

"ပိုတာ မဟုတ်ပါဘူး... 'ငယ်'စိတ်ချမ်းသာအောင်
ပေးဖို့က ကျုပ်တာဝန်ပါ... ဒါနဲ့ 'ငယ့်'ကို ကျုပ်မနေ့ကမှာ
မေ့သွားပြီးလား"

"ဘာကိုတုန်း"

"'ဦးသက်အောင်' လို့ခေါ်ရင် ပြန်မလှတ်တော့ဘူး
တာလေ"

"အဟင်း ဟင်း အကျင့်ပါနေသေးလို့ပါ... နောက်
လည်း ပြင်ခေါ်ပါ့မယ် နော့"

"အဲသလိုမျက်လုံး အဲ့သလိုလေသံနဲ့မပြောနဲ့... က
စိတ်မထိန်းနိုင်ရင် လက်မထပ်ခင် ဒုက္ခများကုန်လိမ့်မယ်"

"အမယ်လေး ကြောက်စရာကြီး"

'ငယ်'ကမျက်လုံးလေးအပြူးသားနှင့် ပခုံးတွန့်ပြသ





ငယ့်'ပုံစံကိုကြည့်၍ 'ဦးသက်အောင်' နှစ်ခြိုက်စွာရယ်မောသည်။
ငယ့်'ပါးစပ်ကိုလည်း တမင်နှာအောင် မချင့်မရဲလိမ်ဆွဲသည်။
ငယ့်'ရင်ဝယ်ပျော်သလို၊ ကြည်နူးသလိုလို၊ အားရှိသလိုခံစားရ
ပြီး၊ 'ဦးသက်အောင်'၏ အရိပ်အာဝါသသည် မဟာတံကိုင်းကြီး
သိုလုံခြုံပြီး၊ နေခြည်နုလို့နွေးထွေးကာ ဆောင်းလေနုလိုအေးမြစေ
ါသည်။ ဈေးချိုဘက် မရောက်ခင်း..

"'ငယ်'တို့အဖေက ဈေးချိုရုံတော်ကြီးဘက်မှာ ရာသီ
ပေါ်သီးနှံတွေ ရောင်းတာ... 'ငယ်'တို့ဆင်းရဲတာရော သိရဲ့လား"

"သိသားပဲ... 'ငယ်'တို့ဆိုင်မှာတောင် ခဏခဏဝယ်ဖူး
တာပဲ... 'ငယ့်' အဖေ့ဆီ ဝင်ချင်ဝင်လေ"

"'ဦးသက်အောင်' အတွက် ဂုဏ်သရေများ ထိခိုက်မ
သား... ရှက်များ ရှက်နေမလား"

"ကိုယ်က သူဌေးသမီးကိုရှာချစ်တာ မဟုတ်ဘူးလေ...
ပ်ချောပြီး ကျုပ်ကို ဆွဲဆောင်နိုင်တဲ့သူကိုမှ ရှာတဲ့သူဆိုတော့
ရွေးမသွားဘဲ လိမ္မော်ဈေးသွားလည်းဖြစ်ပါတယ်"

'ငယ်' က ကျေနပ်ရပြန်သည်။ သို့သော်အဖေတို့ဆိုင်
ဘက်ကို မသွားရဲပါ။ 'ဇော်အောင်' နှင့်လိုက်ပြေးပြီးတည်းက
အဖေနှင့်မတွေ့ရသေးပါ။ အဖေ့ကိုတော့ကြောက်သည်။ ထို့
ကြောင့်...

"ဒီအချိန်ဆိုအဖေရှိမှာမဟုတ်ဘူး... အိမ်ပြန်ပြီးသမင်း



www.burmeseclassic.com

www.burmeseclassic.com



စားချင်စားနေမှာ... တခြားကိုအလျင်သွားကြတာပေါ့"

"'ငယ့်' သဘောပဲ... ဒါဆိုရွှေဆိုင်အရင်သွားမယ် လာ

'ဦးသက်အောင်' က 'ငယ့်' လက်ကိုဆွဲ၍ခေါ်သည်။

'ငယ်' ကလည်း 'ဦးသက်အောင်' လက်မောင်းအကျီ
ညာလက်ဖြင့်ဆုပ်ကိုင်ပြီး ကန့်ကလျဖြင့်ပါလာခဲ့သည်။

"ကဲ 'ငယ်' ကြိုက်တာယူ"

"အို 'ငယ်' မယူချင်ပါဘူး"

"မယူလို့ဘယ်ဖြစ်မလဲ 'ငယ်'... 'ငယ့်' ကိုဝယ်ပေးချင်
ဈေးချို့ထဲတာမင်လာခဲ့တာကို... ကဲ ကျုပ်ကြိုက်တာယူလိုက်မယ်
'ငယ်' ဝတ်မလား"

'ငယ်' ခေါင်းညိတ်လိုက်သည်။ 'ငယ်' တစ်သက်နှင့်တ
ကိုယ်တွင်မကြားဖူးသော ရွှေစကားငွေစကားများကြားနေ
သည်။ 'ငယ်' တို့အိမ်တွင် ရွှေဆိုလို့မှုးလို့ရှုစရာမရှိပါ။ ငယ်င
တုန်းကဖောက်ထားသော နားပေါက်လေးတောင် နားကပ်မဝ
နိုင်လို့ပြန်ပိတ်သွားပြီ။

'ငယ်' အိမ်မှာနေရင်းဝတ်ဖို့ ကွင်းစွပ်လက်ကောက်လေ
ကွင်းနှစ်ရံ၊ တစ်ကွင်းကိုတစ်ကျပ်သား၊ အောင်မယ်လေး လေ
ကျပ်သားတောင် လက်တစ်ဘက်ထဲစွပ်ထားရမှာဆိုတော့အ
လေးမှာပဲ။ ဒါပေမဲ့အောင့်ပြီးဝတ်ရမှာပဲ၊ ကိုယ့်မှာအမေရောအ
တွေပါရှိသေးတာ။





နောက်တော့ ကိုယ်မဝတ်ချင်ရင် သူတို့ကိုပေးလိုက်တာ
ပဲ၊ ဆွဲကြိုးကဆောက်ဖြတ်၊ အသစ်ကလည်းဖြစ်ပြန် ဆောက်
ဖြတ်လုပ်ထားသဖြင့် ရွှေဆိုးကြိုးမှာဝါဝင်းပြီး တဖြိုးဖြိုးတဖျပ်
ဖျပ် တလက်လက်ဖြစ်နေသည်။ ဆွဲကြိုးတစ်ကုံးတည်းက နှစ်
ကျပ်သား၊ လော်ကက်ကတစ်ကျပ်သား၊ လည်ပင်းတော့လေးပါ
ပြီ ဟီး ဟီး လေးပါစေ။ ဒီလိုဝတ်ရဖို့သူဌေးကတော်ဖြစ်ချင်လို့
သက်အောင့်' ကိုသူဌေးမှတ်ပြီးယူခဲ့လို့၊ လင်တစ်ယောက်အဖတ်
ဆင်သွားခဲ့တာရော။

ခုလိုပေါ်ပေါ်လွင်လွင် မြတ်မြတ်နိုးနိုးနှင့် သူဌေးကြီး
တစ်ယောက်က ချစ်ခင်နှစ်သက်လာသောအခါ...

"'ငယ့်' ကိုအသစ်ကျပ်ချွတ်ဝယ်ပေးချင်လို့သာ ခေါ်လာ
တာ... ကျုပ်ဆီမှာ သူ့လက်ဝတ်လက်စားတွေရော သူ့မိမေ
အားသွားတာတွေရောမြင်ရင် 'ငယ်' အံ့သြသွားမယ်"

"သူများဝတ်ပြီးသားတွေတော့ မဆင်နဲ့... မဝတ်ချင်ဘူး"

'ငယ်' ကချေးကိုင်သည်။ မှုသည်စိတ်ထဲကတော့အကုန်
ရချင်တာပေါ့။ ဒါပေမဲ့ခုတော့ ဟန်လုပ်ဦးရမှာကိုး။

"ဒါကြောင့် အသစ်ပဲဝယ်ပေးချင်လို့ ခေါ်လာတာပေါ့
'ငယ်' ရယ်"

အိမ်နေရင်းဝတ်ဖို့ ရွှေသားသက်သက်ဝယ်ပေးသလို သို
ဆီသွားသွားဖို့၊ ပုလဲတစ်စုံစာကလည်း အလိမ်အတွန့်လေးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လုပ်ပါဘိ။ မင်္ဂလာဆောင်ညှော်ခဲ့ပွဲတွင်ဝတ်ဖို့ စိန်ထည်ကို လည်း 'ငယ်' ကြိုက်သည့်ပုံစံဖြင့်အပ်ရန်ပြောသည်။

"အစ်ကိုကြီး ကြိုက်တာအပ်ပါ"

နှုတ်က အလိုလိုထွက်သွားခြင်းဖြစ်သည်။ မိမိအပေါ် သူ့စေတနာအားသောအခါ မိမိသည် သူ့အပေါ်အလိုလို ချစ်ခင် ယုံကြည်အားကိုးလာသလားတော့ မသိ။ 'ဦးသက်အောင်' က လည်း အစ်ကိုကြီးလို့ခေါ်သည်ကို သဘောကျကျေနပ်၍မသ… 'ငယ်' ကို မျက်စိတစ်ဖက်မှိတ်ပြီးပြုံးပြသည်။

စိန်လက်ကောက်နှစ်ကွင်း၊ လက်စွပ်၊ နားကပ်၊လည်ပတ် တွင် နှစ်တန်းသွားလုံးချော စိန်လည်ကပ်။ ထိုနေ့က ရွှေဆိုင်တွင် ဝယ်ပြီးသားရော စိန် လက်ဝတ် လက်စားအတွက် စဘော်ငွေ ဖြစ်ပါ အားလုံးလေးသောင်းပေးခဲ့ရသည်။ 'ငယ်' မျက်လုံးပြင်ဖြ… သွားသည်။

'ဦးသက်အောင်' ၏ အကောင်းစား သားရေလက်ဆွဲ အိတ်ဇစ်ကိုအဖွင့်တွင် အတွင်းမှငွေစက္ကူများကို သားရေကွင်းနှ… အထပ်လိုက် အထပ်လိုက် စည်းနှောင်ထားသည်ကို အများကြီး တွေ့လိုက်ရသည်။

"ကဲ... တစ်ခုခုစားပြီးမှ အဝတ်အစားနှင့်တခြား ကိုယ် မှတ်စု ဝယ်ကြရအောင်လား"

"အစ်ကိုကြီး သဘောပဲလေ"





'ငယ်' တို့ဈေးချိုတော် ရှေ့ဘက်ပေါက်မှ ထွက်ခဲ့ကြပြီး (၂၈)လမ်း ထမင်းဆိုင်တွင် နံနက်စာစားသည်။ အအေးသောက် သည်။ သီးသန့်ခန်းထဲတွင် မုန့်စားသောက်နေထိုင်ခြင်းအတွက် လွတ်လပ်မှုရှိသည်။

'ဦးသက်အောင်'က 'ငယ်' ပန်းကန်ထဲသို့ ဟင်းတွေထည့် ပေးရင်း အသားတစ်ဖတ်ကိုဆည်ကာ ခွံ့သည်။ 'ငယ်' ကရှက်ပြီး ခေါင်းငုံ့ထားသည်။

"ချစ်ရင်စား... မချစ်ရင်မစားနဲ့"

အဘိုးကြီးက အလာကြီးဟုတွေးပြီး ပါးစပ်ကလေးဟ ပေးလိုက်မိသည်။ 'ငယ်' ကလည်း အားကျမခံ ပြန်ခွံ့ကျွေးသည်။

"အဟင်း ဟင်း"

ပြီးမှရှက်ပြီး မျက်နှာလေးငုံထားမိသည်။ 'ငယ်' ပျော် သည်။ အချစ်ဆိုတာ ဒါပဲလားတော့မသိ။

"'ငယ်' စားပြီးရင်လည်း ပုလဲတစ်စုံစာဝတ်ထားလိုက်ပါ လား... နားပေါက်လည်း မဖောက်ရသေးဘူးထင်တယ်... အင်း မိန်းမ မယူခင် နားအရင် သပေးရမလိုဖြစ်နေပြီ"

"မထူးပါဘူး... 'ငယ်' ကိုနားသရင်း အစ်ကိုကြီးလည်း ပဉ္စင်းဝတ်လိုက်ပေါ့"

"ဟာ ကောင်မလေး ဘယ့်နယ် မိန်းမတောင်မယူရသေး ဘူး... တောထွက်ခိုင်းနေတာတုန်း တော်တော်ဆိုးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား"

'ငယ်' ၏ နုပျိုလန်းဆန်းသောအလှအပ၊ အယုအယ၊ အပြောအဆိုများကို 'ဦးသက်အောင်' တစ်ယောက်ငွေနှင့်ပေါက်၍ ဝယ်ခဲ့ခြင်းဖြစ်သည်ကို 'ငယ်'ရော 'ဦးသက်အောင်'ပါ မသိချင်ယောင်ဆောင်ပြီးပျော်နေကြသည်။

'ငယ်'ကို ပုလဲဆွဲကြိုး ကိုယ်တိုင်ဆွဲပေးရင်း လည်ကုတ်သားလေးကို ယုယစွာရှိုက်နမ်းမိသည်။ လက်ကောက်ဝတ်ပေးရင်း 'ငယ်' လက်မောင်းကိုနမ်းသည်။

"ရှော 'ငယ်' ကြိုက်တဲ့အထည်ဝတ်... လူတွေရှေ့ကျမှ ပိုက်ဆံထုတ်ထုတ်ပေးနေရတာ မကောင်းဘူး... လက်ပွေ့အိတ်တစ်လုံးအလျင်ဝယ်လိုက်... 'ငယ်' ကိုငွေထည့်ပေးထားမယ်... 'ငယ်'ကြိုက်တာဝယ်... ရှေ့လျှောက် 'ငယ်'အားမှမဟုတ်ဘူး... ကျုပ်အမျိုးတွေဆီ သွားရလွန်းလို့ ဝတ်ရစားလွန်းလို့ ငြီးငွေ့သွားရမှာတောင်စိုးရိမ်ရတယ်"

"ရပါတယ်... အလှပြင်ရတာများ မောတာမှတ်လို့"

ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်နှင့် ကားပေါ်ကဆင်းလာသော 'ငယ်'ကို 'မဦး' ကဝမ်းသာအားရကြိုသလို 'ဦးသက်အောင်' ကလည်း လက်ပြနှုတ်ဆက်ရင်း ပြန်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

# ၁၂

တခြားနေရာမှာသာ မလိမ္မာချင်နေမည်။ မိဘ်မောင် ဘွားများကိုသိတတ်သည့် ချစ်တတ်သည့် စိတ်ဓာတ်တော့ 'ငယ်' မှာရှိပါသည်။ အဝတ်ဝယ်ဖို့ပေးထားသောငွေထဲမှ ငွေနှစ်ထောင် ပိုသည်။

တစ်ထောင်ကို မန္တလေးကအမေ့ထံ လူကြုံနှင့်ပို့ခိုင်းသ လို 'မဦး' ကို ငါးရာပေးသည်။ မိမိအတွက် လိုရမည်ရသုံးဖို့ငါး ရာချန်ထားသည်။

ဤသုံးလေးရက်အတောအတွင်း 'မဦး' ရော 'ငယ်' ပါ မအားရ။ 'ဦးသက်အောင်' ၏အိမ်တွင် သွား၍ပြင်ဆင်ခြယ်သရ





သည်။ 'ငယ်' ကြိုက်သည့် အရောင်အသွေးကိုသာရွေးစေသည်။ အိပ်ရာအခန်းအနားအတွက် ခုတင်မွေ့ရာတို့ကိုဝယ်ရာတွင် ပြင် ဦးလွင်၊ မန္တလေး၊ ရန်ကုန်ရှိအိမ်များအတွက် သုံးနေရာခွဲ၍ဝယ်ရ သည်။

ခုတင်ခေါင်းရင်းတွင် ဗီရိုအသေး၊ ကက်စက်ထားသည့် နေရာ၊ စာအုပ်တင်သည့်နေရာ စသည်တို့ပါသည်။အပြာနုရောင် အခန်းထဲတွင် ပြောင်လက်နေသောကြမ်းပြင်ပေါ်တွင် နုအိနေ သော အစိမ်းရောင်ကော်ဇောကို ခန်းလုံးပြည့်ခင်းထားပြီး အခန်း ထောင့်တစ်နေရာ၌ ရွှေဝါရောင်များဖြင့်သာချုပ်လုပ်ထားသည့် မွေ့ရာ၊ ခေါင်းအုံး၊ ဖက်လုံး၊ စောင်၊ ခြင်ထောင်နှင့် အရုပ်ဖော် ထားသော ပိုးသားအိပ်ရာဖုံးတို့ကို တောက်ပစွာတွေ့ရသည်။

ခပ်မှိန်မှိန်ထွန်းသော နံရံကပ်မီးလုံးများရှိသလို မျက်နှာ ချက်တွင်လည်း တမြေးတည်းထည့်၍ထွန်းထားသော ဂျပန်မီး ချောင်းများအပြင် အခန်းထောင့်နှစ်နေရာတွင် မတ်တတ်မီးအုပ် ဆောင်းနှင့် ညဘက်စာဖတ်ရန် ကုလားထိုင်ကြီးနှစ်လုံးတွေ့ရ သည်။

မတ်တတ်ရပ် ဗီရိုကြီးနှစ်လုံး၊ မှန်တင်ခုံနှင့်စာကြည့်စား ပွဲတစ်ခု၊ ကျယ်ဝန်းလှသော အိပ်ခန်းထဲတွင် ထိုပစ္စည်းများကို သူ့နေရာနှင့်သူ လှပစွာထားထားသည်။

အခန်းဘေးနှစ်ဖက်တွင် မှန်ပြူတင်းပေါက်များဖြင့်သာ



www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ထားပြီး အစိမ်းနုရောင် ဇာလိုက်ကာများကို ကြမ်းပြင် အထိ,ထိနေအောင်တပ်ထားသည်။

'ငယ့်'စိတ်ထဲတွင် ဟိုတယ်အိပ်ခန်းထဲများရောက်နေသလားတောင် ထင်မိသည်။ အိမ်မှာတုန်းက အိပ်စရာနေရာမရှိ၍ 'ငယ်' တို့ညီအစ်မနှစ်ယောက် ဘုရားစင်ရှေ့တွင်အိပ်ရသည်။ ခုတော့ 'ငယ်' တို့အိပ်စက်ရမည့် အခန်းသည်ပင်လျှင် 'ငယ်' တို့ နေထိုင်သည့်အိမ်ထက် နှစ်ဆသုံးဆကျယ်မည်ထင်သည်။

အပေါ်ထပ်တွင်ပင် 'ငယ်' တို့အိပ်ခန်းမျိုး လေးခန်း၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ ဘုရားခန်း၊ စာကြည့်ခန်းနှင့် မီးဖိုခန်းများရှိသလို အိမ်သာနှစ်လုံး၊ ရေချိုးခန်းနှစ်ခုရှိသည်။

ရေချိုးခန်း အိမ်သာခန်းများကို အစိမ်းနုရောင် အဖြူရောင်ကြွေပြားလေးများ ဖြင့်ပြုလုပ်ထားသဖြင့် သန့်ရှင်းလှပနေသည်။

အပေါ်ထပ်က အခန်းအဖွဲ့အစည်းအတိုင်း အောက်ထပ်တွင် အခန်းများကို တစ်ပုံစံတည်းဖွဲ့စည်းထားသည်။

"ရန်ကုန်က တိုက်ကတော့ 'ငယ့်'စိတ်ကြိုက်ဖြစ်မယ်... လွန်ခဲ့နှစ်ကဆောက်ပြီးတော့ ခေတ်ပေါ်ပုံစံပေါ့"

ဤအိမ်ကြီးကိုပင် 'ငယ်' အကြီးအကျယ်သဘောကျနေမိပြီ။

"မန္တလေးကအိမ်ကတော့ ယောက္ခမကြီးတွေစိတ်တိုင်း





ကျ ဆောက်ထားတာမို့ ထုထည်ကြီးပြီးခပ်ရိုးရိုးပဲ... ဒါပေမဲ့ သေသပ်တယ်... သပ်ရပ်တယ်... ကျယ်တယ်... အခန်းဖွဲ့တာ ခုခေတ်လို ခေတ်မဆန်ဘူး"

"ကောင်းတာပေါ့ အစ်ကိုကြီးရဲ့... သုံးမျိုးသုံးပုံဆိုတော့ သပ်မရိုးဘူးပေါ့နော်"

ညီအစ်မနှစ်ယောက်တည်း တွေ့ချိန်ဆိုလျှင် 'ဦးသက်အောင်' မရှိသည်နှင့်...

"မိငယ်'ညည်းတော့ ပွတာပဲအေ... ဒီ တိုက်ကြီးတွေက ဝဲ အနည်းဆုံး လေးငါးဆယ်သိန်းပဲ... အဟီး ဒါမျိုးသာရမယ်ဆိုရင် ငါ့ယောကျ်ားတောင်ပစ်ပြီး ယူလိုက်ဦးမယ်"

"တကယ်လား"

"တကယ်ပေါ့အေ"

"'ကိုကြီးမြတ်စိုး' နှင့်တိုင်ပြောလိုက်မှာ"

"လုပ်မနေနဲ့... နဂိုကမှ သဝန်တိုရတဲ့အထဲ အေ"

အမေတို့အဖေတို့ထံသို့လည်း ပြင်ဦးလွင်တွင် မင်္ဂလာပွဲမလုပ်ခင် နှစ်ရက်လောက်ကြိုလာဖို့ ကားတစ်စီးလွှတ်လိုက်သည်။

'ဦးသက်အောင်' က ဧည့်ခံပွဲမလုပ်ခင်တစ်နေ့ 'ငယ်' ကို မင်္ဂလာအိမ်သို့ခေါ်သည်။

"နက်ဖြန်ပဲ အတူတူနေရတော့မှာပဲ အစ်ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး 'ငယ်'... ဘယ်လိုစိတ်ကူးနဲ့မှခေါ်တာမဟုတ်ဘူး... 'ငယ်' အစ်မတို့ အမေတို့ဝတ်ဖို့ လက်ဝတ်လက်စားတွေဘာတွေပေးချင်လို့"

"အို သူတို့ သူများဟာတွေ ဝတ်မယ်မထင်ဘူး"

"'ငယ်' ကအတင်းဝတ်ခိုင်းပေါ့... ဘယ်သူတွေကသိမှာမှတ်လို့... ကျုပ်ယောက္ခမတွေရော အမျိုးသမီးပါဆုံးတာ ကြာပြီပဲ... ဒီပစ္စည်းတွေဟာ 'ငယ်' အပိုင်ပဲ... 'ငယ်' တို့စိတ်သန့်သန့်ထားပြီးဝတ်ပါ... လာ ကျုပ်ပြမယ်"

အခန်းထဲတွင် မီးခံသေတ္တာတစ်လုံးကို ယခုမှ တွေ့ရသည်။ ဟိုတစ်နေ့က မတွေ့။ မီးခံသေတ္တာရှေ့တွင် 'ငယ်' ကိုထိုင်ခိုင်းပြီး သူ ကိုယ်တိုင်ဖွင့်သည်။

မီးခံသေတ္တာထဲတွင် ယွန်းအစ်ဗူး များကိုရင်း၊ သံဗူးများကိုရင်း၊ အထပ်လိုက်တွေ့ရသလို၊ ငွေထုပ်များ၊ စာရင်းစာအုပ်များကိုတွေ့ရသည်။

"ကဲ အဲဒီဗူးတွေသာဖွင့်ကြည့်... ပြီးရင် 'ငယ်' ကြိုက်တာယူပြီး အမေတွေ အစ်မတွေအတွက် ဆင်ပေးလိုက်တော့"

"အမေတွေ အစ်မတွေက အပိုင်ပေးရမှာလား"

သွေးတိုးစမ်း၍မေးခြင်းဖြစ်သည်။ 'ဦးသက်အောင်' ကလည်း 'ငယ်' သွေးတိုးစမ်းတာကို သိသည်။ ထို့ကြောင့် ခပ်ပြုံးပြုံးပင်...





"'ငယ်' ပေးချင်တာအကုန်ပေး... ရှိသမျှအကုန်ပေးလည်းရတယ်... ဒါ 'ငယ်' ပိုင်တာပဲ... ဒီ မီးခံသေတ္တာပစ္စည်းတွေထပ်တိုးလာရင် ဝမ်းမသာတတ်သလို... ပစ္စည်းတွေ အားလုံးကုန်သွားရင်လည်း ဝမ်းမနည်းတတ်ပါဘူး"

"မီးခံသေတ္တာကြီးက ခံစားမှုမရှိပေမယ့် 'ဦးသက်အောင်' ဆိုတဲ့လူကြီးက ကျေနပ်မယ် မထင်ပါဘူးနော်"

"ကျုပ်ကတော့ 'ငယ်' သဘောပဲ... 'ငယ်' စိတ်ချမ်းသာရင်ကျုပ်စိတ်ချမ်းသာတယ်... 'ငယ်' ကအိမ်ရှင်မဖြစ်ပြီဆိုတော့ ထိန်းသိမ်းတတ်တဲ့ပညာကိုလည်း လေ့လာပြီးရောပေါ့"

ယွန်းဗူးတစ်ဗူးထဲတွင် ကွမ်းအစ်ပုံသဏ္ဍာန် အဆင့်သုံးလေးဆင့် အံ သုံးလေးအံပါပြီး၊ ဖြူဖွေးသော ဝါဂွမ်းနုများဖြင့်လက်ဝတ်လက်စားများကို အသေအချာထည့်ထားသည်။ ယွန်းဗူးထဲတွင် အဆင့်သုံးဆင့်ပါပြီး တစ်ဆင့်တွင် ခွက်အံသုံးခုပါသလိုတစ်အံတွင်လက်ဝတ်ရတနာ တစ်စုံစီထည့်ထားသည်။ ယွန်းဗူးတစ်ဗူးထဲတွင်ပင် ပစ္စည်းကိုးဆင်စာရှိသည်။

သံဗူးများထဲတွင် ရှေ့ခေတ်က ယခုခေတ်အထိပုံစံအမျိုးမျိုးဖြင့်ပြုလုပ်ထားသော ရွှေလက်ကောက်ပုံစံအမျိုးမျိုး၊ ဆွဲကြိုးအမျိုးမျိုး၊ ဘယက်များ၊ ခြေချင်းနှစ်စုံ၊ ပုံစံမတူသော အရွယ်မတူသော လက်စွပ်အကွင်းတစ်ရာကျော်ကို စီ၍ထည့်ထားသည်။

"ဒါက ကျုပ်ဇနီးဟောင်း 'အေးအေးသူ' ရဲ့ ပစ္စည်းဗူး...



www.burmeseclassic.com

www.burmeseclassic.com

သန်အက်ခါ ကျုပ်ဇနီးဖြစ်လာမယ့် 'ငယ့်' ကိုအပ်ပါတယ်"

"မလိုချင်ဘူး"

'ငယ်' ကမျက်စောင်းထိုး၍ငှင်း၊ နှုတ်ခမ်းစူ၍ငှင်း၊ မကျေ

နပ်သလိုပြောသည်။ 'ဦးသက်အောင်' က 'ငယ့်' လက်ကလေး

နှစ်ဖက်ကို ဆုပ်ကိုင်၍...

"ယူပါ 'ငယ်'... ကျုပ်စော်ကားတဲ့စိတ်နဲ့ပေးတာ မဟုတ်

ဘူး... ချစ်လို့မြတ်နိုးလို့ပေးတာ... ဒါတွေဟာ အင်မတန်ကောင်း

လို့ လက်ရာသန့်ပြီး အရည်အသွေးကောင်းတာတွေချည်းပဲ

သေသေချာချာလုပ်ထားလို့ပါ... သွားရောင်းရင် ဈေးကောင်းရ

တယ်"

"မရောင်းရက်လို့ပေါ့လေ ဟုတ်လား... သူ့မိန်းမဝတ်

ထားတဲ့ပစ္စည်းတွေဆိုတော့ ဟွန်း"

'ငယ်' ကရန်ထောင်သည်။ 'ဦးသက်အောင်' ရယ်ရင်း

'ငယ့်' ကိုယုယစွာဖက်ကာ...

"ကျုပ် မိန်းမ 'ငယ်' လေ"

"မဟုတ်ပါဘူး... လက်မှမထပ်ရသေးတာ"

"ထားပါတော့... ပစ္စည်းတွေကိုဖွင့်ကြည့်ပြီးလို့ 'ငယ်

မကြိုက်ဘူးဆိုရင်ရောင်းလိုက်... သမီးလေး ဘာလေးမွေးလာ

ဝတ်စေချင်ရင်တော့ သိမ်းထား... 'ငယ့်' သဘောပဲ"

'ငယ်' ဗူးကိုဖွင့်ကြည့်လိုက်သည်။ အံ့သြသွားသည်။ ဖြန်





နေသော ဝွမ်းသာညီညီပေါ်တွင် အရောင်မတူသော်လည်း

ရှယ်တည်း၊ တပုံစံတည်းလုပ်ထားသော လည်တွင်ကပ်၍ဆွဲရ

သော ဆွဲကြိုးခြောက်ကြိုး။

အပေါ်ဆုံးတွင် စိန်၊ နောက် ပုလဲ၊ ပတ္တမြား၊ နီလာ၊

ကျောက်စိမ်း၊ နောက်တစ်မျိုးကိုတော့ မသိ။ အစိမ်းနုရောင်

ကျောက်ပါပဲ"

"အစ်ကိုကြီး ဒါက ဘာကျောက်လဲ"

"ပြောင်ခေါင်းစိမ်းလေ... အဲဒီခြောက်စုံလုံး မင်္ဂလာတွေ

ာတွေဆောင်ရင် သူများတွေက ခဏခဏငှားတာပဲ... ရင်

တ်မှာ အဆင့်ဆင့်တပ်ပြီးဆွဲရင် သိပ်လှတာ... ကြိုးခြောက်

ကြိုး၊ လက်ကောက်ခြောက်ကွင်း၊ လက်စွပ် ခြောက်ကွင်းလေ

ငယ်' မကြိုက်ရင် ဖျက်လုပ်ချင်ရင်လုပ်၊ မလုပ်ချင်ရင်လည်း

ရောင်းချင်ရောင်း သဘော သဘော"

'ငယ်' ကြိုက်ပါသည်။ အရမ်းကြိုက်ပါသည်။ ဒါမျိုးတွေ

ပိုင်ရမည်ဟု အိပ်မက်ပင်မမက်ဖူးပါ။

"မရောင်းတော့ပါဘူး... ရောင်းလိုက်ရင် အစ်ကိုကြီး

ည်း စိတ်ကောင်းမှာမဟုတ်ဘူး... တော်တော်လှတာပဲ... 'ငယ်'

ကြိုက်ပါတယ်"

"ကျုပ်သိပါတယ်... 'ငယ်' ဟာ အသက်ငယ်သလောက်

ဦးစားဉာဏ်ရှိတယ်... သဘောထားကြီးတယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ဟား... မြှောက်နေလိုက်တာ မသိရင်ခ
မယ်"

"တကယ်ပြောတာပါဗျာ... တကယ်ပြောတာပါ"

ပြန်တာနီး 'ငယ်' ကိုနမ်းခွင့်တောင်းသည်။

"နက်ဖြန်မှ..."

ထိုသို့ပြောရင်း 'ငယ်' ထွက်ပြေးခဲ့သည်။ 'ဦးသက်အောင်' ကကားကို ခပ်ပြုံးပြုံးမောင်းရင်း လိုက်ပို့သည်။

"စိတ်ဆိုးနေလား အစ်ကိုကြီး"

"ဘာကိုစိတ်ဆိုးရမှာလည်း 'ငယ်' ရဲ့"

"တောင်းဆိုချက်ကိုခွင့်မပြုလို့လေ... အဟင်း ဟင်း"

"ဩော် ဒါလား ရပါတယ်ကွာ... ကျုပ် ကသိုလ်ပေါ့ ဒါပေမဲ့ နက်ဖြန်ဆိုတဲ့ အချိန်ကျရင်တော့ ကတိတည်ပါစေနော် နက်ဖြန်ဆိုတာ နောက်နာရီနှစ်ဆယ်အတောအတွင်း ရောက် မှာနော်... နက်ဖြန်ရဲ့နောက်ပိုင်းဟာ 'ငယ်' ရဲ့ဘဝကို ကျုပ်ဘ နဲ့ပေါင်းစပ်ခြင်းဖြစ်သလို၊ ကျုပ်ဘဝကို 'ငယ်' ပိုင်ပြီ၊ 'င ဘဝကို ကျုပ်ပိုင်ပြီလို့သိထားရမယ်နော်"

" 'ငယ်' သဘောပေါက်ပါတယ်... ကဲ အစ်ကိုကြ အောက်ဆင်းဦးမလား"

"မဆင်းတော့ဘူး 'ငယ်'... ကိစ္စဝစ္စလေးတွေ လျှော လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်"





"တာ့တာ အစ်ကိုကြီး"

"တာ့တာ တာ့တာ"

ကလေးကိုကြိုက်မိတော့ 'ဦးသက်အောင်' တစ်ယောက် အပြုံးမပျက်ဘဲ လက်တစ်ဘက်ဖြင့် တာ့တာ လုပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၃

ပြင်ဦးလွင် ညော့်ခံပွဲသို့ 'မလတ်' ရော ကိုကိုပါ အတူ ရောက်လာသဖြင့် 'ငယ်' ခုန်ပေါက်ပျော်မြူးသွားသည်။ 'မလတ်' မှာ ပန်းနုရောင်ဝတ်စုံကိုဆင်မြန်းပြီး ပဝါပါးကိုခြုံထားသည်။ 'ငယ်' က လက်ဝတ်လက်စားတွေထုတ်ပြပြီး ကြိုက်တာဝတ်ဖို့ ပြောသော်လည်း 'မလတ်'က မဝတ်၊ ပုလဲပုတီးလေးတစ်ကုံးကိုသာ လည်ပင်းတွင်ကပ်၍ဆွဲထားသည်။

အမေကလည်း အတူတူပါပဲ ရှက်၍မဝတ်။

"သမီးရယ်... ကိုယ့်ပစ္စည်းမဟုတ်ဘဲ မဝတ်ချင်ပါဘူး... မျက်နှာပူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို အမေတို့ကလဲ… ဒါ 'ငယ်' ဖစ္စည်းတွေဖြစ်ကုန်ပြီ

"ငါ့သမီးဝတ်ရင် အမေတို့ဝတ်သလိုပါပဲကွယ်"

ကိုကို၏ အမေ 'ကြီးကြီးတင်' နှင့် အဒေါ်ဖြစ်သူ 'ဒေါ်ခင်' နှစ်ယောက်စလုံး 'ငယ်' ကိုမြှောင်ကြည့်သလို၊ ခိုးကြော ခိုးဝှက်တစ်မျိုးကြည့်ပြီး ညီအစ်မနှစ်ယောက်စလုံး တွတ်ထိုး သည်။ 'ငယ်' တို့တိုက်ကြီးကို လှည့်ပတ်ကြည့်သည်။

'ငယ်' တို့တိုက်ကြီးသည် ဆေးရောင်နုနုများသုတ်ထာ ပြီး ခေတ်ပေါ်ပစ္စည်းရောင်စုံများဖြင့် ဟော်တယ်ကြီးတစ်ခု လား ကြီးကျယ်ခမ်းနားလှပါသည်။ 'ငယ်' ပြုံးမိသည်။

'ငယ်' ကိုအထင်သေးခဲ့သော အဘွားကြီးနှစ်ယောက် ရှေ့လျှောက် ကောင်းကောင်းကြွားလိုက်ဦးမည်။

အောက်ထပ်ဧည့်ခန်းထဲတွင် ဧည့်သည်တွေစုံမှ 'ငယ် တို့စုံတွဲ မွေးပွဲကော်ဇောအနီရောင်ခင်းထားသော လှေကားထ များပေါ်မှ ဆင်းလာခဲ့ကြသည်။

ငြိမ့်ပြောင်းသောတေးသွားကို ဖွင့်ထားပြီး အဝါနုရော သုတ်ထားသောတိုက်နံရံ၊ ကျွန်းသားကို ပေါလစ်ရောင် တဖိတ် ဖိတ်တင်ထားသော လှေကားကြီးပေါ်မှ အဖြူရောင်ဝတ်စုံများဖြ ဆင်းလာသော 'ငယ်' တို့စုံတွဲမှာ တင့် တယ်ခန့်ညားလှပပေ သည်။

အနောက်တိုင်းဝတ်စုံကိုဝတ်ထားသော 'ဦးသက်အောင်





သည် အရပ်အမောင်းကောင်းခြင်း၊လူငယ်တစ်ယောက်လို နုတုန်း ချိုတုန်းမို့ 'ငယ်' နှင့်လိုက်ဖက်နေသည်။

'ဒေါ်တင်တင်' တို့ ညီအစ်မက 'ငယ်' လည်ပင်းမှဆွဲကြိုး များကိုကြည့်နေကြသည်။ 'ငယ်' ကမိမိအတွက် ဈေးချိုထဲတွင် အသစ်လုပ်ပေးထားသော စိန်နှစ်တန်းသွားဆွဲကြိုးကိုပါဆင့်၍ နေ့က မီးခံသေတ္တာထဲမှ မိမိကိုအပ်လိုက်သော ဆွဲကြိုးခြောက် ကုံးဖြင့် ဆင့်၍ဆင့်၍ ဆွဲထားသည်။

ချုပ်တားသောအကျီမှာ အဖြူရောင်ဇာကိုပိုးသားခံ၍ လည်ဟိုက်ဟိုက် ကျောဟိုက်ဟိုက် ချုပ်ထားသဖြင့် ထိုဆွဲကြိုးများ ဆွဲဖို့အလောတော်ဖြစ်သွားသည်။

"ကောင်မလေးက 'မောင်သက်အောင်' ကို တကယ်ချစ် လို့ကြိုက်လို့တော့ ဖြစ်မယ်မထင်ဘူး… ပစ္စည်းမက်လို့ပဲဖြစ်မယ် သူ့ရုပ်ကလေးဒီလောက်ချောနေတာဟာ ရှယ်တူတန်းတူရည်းစား မရှိဘဲနေမလား… 'မောင်သက်အောင်' ဘယ်လောက်ချမ်းသာ တယ်ဆိုတာကို သိလို့ယူတာပဲဖြစ်ရမှာပဲ"

"ဒါပေါ့… ဒါမျိုးတွေရိုးနေပြီပဲ… မုဆိုးမ အသက်ကြီး ကြီး ရုပ်ဆိုးဆိုး ငွေရှိရင် လှပ်ငယ်ချောချော ရနိုင်တာမဆန်းသလို မုဆိုးဖို သူဌေးလေးတစ်ယောက်က မယားငယ်ငယ်ရတာ ဘာ ဆန်းလို့လဲ"

" 'မောင်သက်အောင်' က ချောလည်းချော နုလည်းနု



www.burmeseclassic.com

www.burmeseclassic.com



တော့... ငကောင်မလေးနဲ့ အသက်နှစ်ဆယ်နီးပါကွာတယ် ဆိုေ
မယ့် ရွယ်တူလိုပါပဲလေ"

'လတ်' မကြားချင်ဘဲကြားနေရသည်။

"ကောင်မလေးဘက်က သိပ်ဆင်းရဲတာတဲ့ ရှင့်... ဈေး
ချိုမှာ ရာသီပေါ်သီးနှံတွေရောင်းရတာတဲ့"

သူတို့တွေလည်း သိသင့်သလောက်တော့သိလောက်ပြီး
ပေါ့လေ... ပြောချင်စရာလည်း ဖြစ်နေပြီကိုး... 'ငယ်'တစ်ယောက်
အပျိုမစစ်တာကို မသိကြတာပဲတော်သေးရဲ့' လို့တွေးမိသည်။

'ငယ်'တစ်ယောက်ခုလို သူဌေးကတော်ဖြစ်တာ ဝမ်းသာ
လို့မဆုံးတော့ 'ဇော်အောင်' နှင့်ရပြီး မျက်ရည်နှင့်ဒူးနှင့် မသုတ်ရ
တာကိုက ကုသိုလ်ကံကောင်းလို့။

"ဘယ်လိုလည်း ဒေါ်ကြီး ခုလို 'ငယ်'နဲ့ ဦးသက်အောင်
ယူလိုက်တော့ ဘယ်လိုခံစားရသလဲ"

ကိုကိုက ခပ်တိုးတိုးကပ်၍ မေးခြင်းဖြစ်သည်။ 'လတ်'
ကမျက်စောင်းလေးထိုးရင်း...

"ဘယ်လိုမှခံစားစရာအကြောင်းမရှိဘူး... နဂိုကတည်း
ကမကြိုက်လို့ လက်မခံတာဘဲ... ကိုယ့်ညီမချမ်းသာ ကိုယ်ချမ်း
သာတယ်လို့ပဲထင်တယ်"

"နင်လည်းမြန်မြန်ယူ... တော်ကြာ ဟိုင်းသွားလိမ့်မယ်"

"သူ့အပူကြနေတာပဲ... သူများကိုသာပြောနေတယ် သူ





ကျတော့ရော ဖွံ့တာကျနေတာပဲ..."

"ငါကလူပျိုကြီးလုပ်မှာဟ"

ထိုစကားကြောင့် 'လတ်' ရင်ဝယ် အားငယ်ရသည်။
တစ်နေ့နေ့ မိမိကို သူချစ်ရေးဆိုလာမှာပဲဟု ထင်ခဲ့မိသည်။ မျှော်
လင့်ခဲ့မိသည်။ ယခုတော့ သူ့စကားက မျှော်လင့်ချက်မရှိပါလား။

"ကိုကိုနဲ့ ဈေးချိုထဲက ရွှေကုန်သည် သမီးနဲ့ ပေးစားတာ
ဘာလို့ မယူတာလဲ"

"ငါမှ မကြိုက်တာ"

"ကိုကိုက ဘယ်သူ့ကိုကြိုက်နေတာလဲ"

"ဘယ်သူ့ကိုမှ မကြိုက်ဘူးဗျ... ငါကြိုက်တာမမွေးသေး
ဘူး ဟ... အေး အခုအခြေအနေအတိုင်းဆိုရင် တော်တော်လေး
နီးစပ်လာပြီ ဟ"

"ဘာလို့တုန်း"

"'မိငယ်' လင်ရပြီလေ... သူမွေးတဲ့ကလေးက မိန်းက
လေးဆိုရင် ငါနဲ့ပေးစားဖို့ ခုကတည်းက ကြိုတင်လျှောက်လွှာ
တင်ထားရမယ်... ဟား ဟား"

ပေါ့ပါးသွက်လက်စွာ ပျော်ရွှင်မြူးစွာ ရယ်မော၍ပြော
နေသော ကိုကို့ မျက်နှာချောချောကိုကြည့်၍ 'လတ်' စိတ်ညစ်
သွားသည်။

ကိုကိုသည် မိမိလို လုပသောမိန်းမတစ်ယောက်ကို ဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာထားပြီး ဘာကြောင့်မချစ်တတ်လေသနည်း၊ မိမိကို အားနာ၍များလား၊ မိမိက ရေလာမြောင်းပေးလုပ်ရင်ကောင်းမလား။

'ငယ်' ကတော့ အပြတ်အမိန့်ထုတ်ထားသည်။ ကိုကို့ကိုမယူရဟု။ သို့သော် မိမိက ကိုကို့ကိုမှချစ်မိသူ။ မိန်းကလေးတစ်ယောက်အနေဖြင့် ဖွင့်ပြောဆိုဖို့ မသင့်၍သာ ရင်ဖွင့်ပစ်လိုက်ချင်သည်။

ကိုကိုသည်မိမိအပေါ် ကြင်နာမှု၊ ဂရုစိုက်မှုတွေ တစ်ပုံတပင်ပေးပြီး ချစ်စကားပြောဖို့ဆွံ့အနေရော့သလား။

"ဟော ကိုကိုနဲ့ 'မလတ်' တို့စုံတွဲက ဒီမှာကိုး... ဘယ်လိုလဲ... အစ်ကိုတို့ အစ်မတို့ အလျင်တွဲပြီး ခုထိ လူပျိုကြီး၊ အပျိုကြီးလုပ်ကြတာတုန်း... သူများတွေအားမကျဘူးလား"

"ဘာတွေလျှောက်ပြောနေတာလဲ 'ငယ်' "

'လတ်' က 'ငယ်' ကိုမျက်နှာထားဖြင့်ငေါက်သည်။ 'ဦးသက်အောင်' ကတော့ 'လတ်' ရှေ့တွင် 'ငယ်' ကိုပိုဂရုစိုက်ပြသည်။ ပန်းလေးကိုဖက်ထားသလို တစ်ခါတလေ ခါးသိမ်သိမ်လေးကိုဖက်ထားတတ်သည်။

ထိုအပြုအမူကြောင့် 'လတ်' ဘယ်လိုနေသည် မနေသည်ကို မသိနိုင်သော်လည်း 'ငယ်' ကို မိမိရှေ့တွင် 'ဦးသက်အောင်' ကယုယုလိုပွေ့ခြင်း၊ ဖက်ခြင်းမျိုး ပြုလုပ်သည်ကို ရှည်းစားလူလုခံရသလို အခံရခက်နေသည်။





မက်မောတွယ်တာခဲ့ရသော တန်ဖိုးအရှိဆုံးပစ္စည်းလေးသူများလက်ထဲပါသွားပြီးမှ နှမြောတသလို့ မဆုံးဖြစ်နေသည်။

"မပြန်ကြနဲ့ဦးနော်... ပြီးရင် ဓာတ်ပုံတွဲရိုက်ရအောင်"

'ငယ်' က ထိုသို့ပြောသလို 'ဦးသက်အောင်' ကလည်း...

" 'လတ်' တို့ ကိုကိုတို့ စားသောက်ပြီးရင် ဝိုင်းဧည့်ခံပေးပါဦး နော်... ညနေကျမှ အေးအေးဆေးဆေး ပြန်ကြတာပေါ့"

'ငယ်' ကို ကိုကိုအံ့သြမိသည်။ သူမသည်ရွှေဘုံပေါ်တွင်စံပြီး ပျော်မွေ့နေပြီ။ ကြည်နူးကျေနပ်နေပြီ။ ပြုံးလို့ပျော်လို့နွဲ့လို့။ ဓါတ်ပုံဆရာနှစ်ယောက်ငှားထားပြီး ပုံစံအမျိုးမျိုးဖြင့် ရိုက်သည်။ 'ဦးသက်အောင်' နှင့် တစ်ယောက်တစ်လှည့် မှန်ခွဲကျွေးနေပုံကိုလည်းရိုက်သည်။

'ငယ်' ကလှပစွာ၊ ပေါ့ပါးသွက်လက်စွာ ရယ်မောနေသည်။

'ငယ်' တကယ်ပျော်နေသည့်ပုံစံပါပဲ။ တကယ်ပဲပျော်နိုင်သလား 'ငယ်လေး' ရယ်။ ညည်းပျော်မယ်ဆိုရင် ကိုကိုကျေနပ်ပါသတဲ့။ တစ်သက်လုံးပဲပျော်နိုင်ပါစေလို့လည်း ဆုတောင်းပါတယ်လေ။

ဒါပေမဲ့ 'ငယ်လေး' ရယ်၊ နင့်အတွက်ငါတကယ်ပဲစိတ်ပူမိတယ်။ နင်ရော နည်းနည်းပါးပါးစိတ်မပူဘူးလား၊ မစိုးရိမ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com


'ဇော်အောင်' ဟာနင့်အတွက် အဆိပ်ဖြစ်လာမယ့်
တစ်ယောက်လို့ငါထင်တယ်၊ နင်ခုလိုကျိုကျိုကြက်ချမ်းသာ
သူဌေး တစ်ယောက်နဲ့လက်ထပ်ယူလိုက်တာကို သူမသိသေး
နင့်ကို မနှောင့်ယှက်တာ၊ မခြိမ်းခြောက်တာ၊ နင့်ကိုဖျက်ဆီးပြီး
အ ပေါ်အပြစ်ပုံကျမှာကိုကြောက်လို့ ရှောင်တိမ်းနေတဲ့ 'ဇော်အောင်' ဟာ နင့်ကိုတစ်နေ့ ဒုက္ခပြန်ပေးဦးမှာပဲလို့ ငါထင်တယ်

ဒီလိုကောင်မျိုးဟာဘယ်တော့မှ ကောင်းတာကိုလုပ်မယ့် အကျင့်မျိုးရှိမှာမဟုတ်ဘူးလို့ထင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ နင့်အတွက်ငါတတ်နိုင်သလောက် ကူညီနေမှာပါ။

နင့်ကိုငါချစ်တဲ့ အချစ်ဟာ ပိုင်ဆိုင်ခွင့်မရပေမယ့်လည်း မှန်းမသွားတဲ့၊ မေ့မသွားတဲ့၊ သံယောဇဉ်ကုန်မသွားတဲ့အချစ်ပါဟာ။

နင်လေ ပျော်ရွှင်ကြည်နူးနေတာကိုမြင်ရတာ ငါကျေနပ်ပါတယ်။ နင့်လည်းနင့်ဘဝကို အကြီးအကျယ်ကျေနပ်မယ်ဆိုတာ ငါသိပါတယ်လေ။

အထူးသဖြင့် နင့်စိတ်ထဲမှာ ငါ့တို့အမေနဲ့ ဒေါ်လေးကို မကျေမနပ်ဖြစ်နေတယ်မဟုတ်လား။ အခုနင်မေမေတို့ထက်တစ်ပုံကြီးချမ်းသာသွားပြီမို့ နင်နိုင်သွားပါပြီ၊ မေမေ တို့ဒေါ်ဒေါ်တို့ နင့်ကိုငေးကြည့်နေရပြီလေ။

ဧည့်ခံပွဲပြီးတော့ 'ငယ်' တို့မိသားစုနှင့် ကိုကိုတို့မိသားစု



ကျန်ရစ်ခဲ့သည်။

"ကိုကိုကိုရော 'မလတ်' ကိုပါဖိတ်ရဦးမယ်... ရန်ကုန် ဧည့်ခံပွဲကျရင်လိုက်ခဲ့ကြဦးနော်... 'ငယ်' တစ်ယောက်တည်းအား ငယ်နေမှာ... မျက်နှာလည်းငယ်နေမှာမို့ပါ"

ရေများရာမိုးရွာလေသလားတော့မသိ။ လူတစ်ရာဖိတ် တစ်ရာလုံးလာကြသည်။ လက်ဖွဲ့ပစ္စည်းများမှာ တန်ဖိုးရှိတာချည်းဖြစ်သည်။

အလွန်ချမ်းသာမှန်းသိ၍ မည်သူမျှငွေလက်မဖွဲ့၊ ပစ္စည်းများသာလက်ဖွဲ့သည်။ တစ်ခုကိုတစ်ရာတည်းမနည်းသော ပစ္စည်းများဖြစ်သည်။

'မလတ်' က သူကိုယ်တိုင်လက်နှင့်ထိုးထားသော ခေါင်းအုံးစွပ်လေးလုံးနှင့် နှစ်ယောက်အိပ် အိပ်ယာဖုံးတို့ကိုလက်ဖွဲ့သည်။

ကိုကိုက 'ငယ်' တို့လင်မယားအတွက် သိုးမွေးပွ စောင်နှစ်ထည်ကိုလက်ဖွဲ့သည်။ တစ်ထည်ကိုသုံးရာပေးရသည်။

"ရန်ကုန်မှာက ဘယ်တော့မင်္ဂလာဆောင်မှာလဲ"

"ရှေ့အပတ်ထဲမှာပဲ... မန္တလေးမှာလည်းဧည့်ခံရဦးမှာ... မန္တလေးမှာကအသိပိုများတော့ မလုပ်လို့မဖြစ်ဘူး"

ဧည့်သည်များရော ဆွေမျိုးသားချင်းများပါ ပြန်သွားသောအခါ စောစောကစည်ကားနေသော အိမ်ကြီးသည်ချက်ချင်း


www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်သွားကာ ငြိမ်ကျသွားသည်။

'ငယ်' စိတ်ထဲတွင်ဝမ်း နည်း၍ အားငယ်ကျန်ရစ် သည်။ ခပ်မှိန်မှိန်မီးရောင်အောက်တွင် အထီးကျန်ဆန်နေသည်

'ဦးသက်အောင်' တစ်ယောက် ညဥ့်မိုးချုပ်သည့်တိုင် 'ငယ်' ထံသို့ခလာနိုင်ပါ။ ငွေရှိသူတို့၏အလွှာမှ လုပ်ရိုးလုပ်စဉ် အတိုင်း အခေါင်းအသင်းများကို အရက်ဝိုင်းဖြင့်ဆက်၍ညှော်ခံ နေသေးသည်။

'ငယ်' နှင့် 'ဦးသက်အောင်' တို့နှစ်ဦးဘယ်လိုတွေ ဘယ်လိုကြိုက်ပြီးယူကြသည်ဟု အော်ကြီးဟစ်ကျယ်မေးနေ သလို၊ မိန်းမအရာအဖွေကောင်းကြောင်း၊ 'ငယ်' သည်ဒေ ကြောင်းဖွဲ့ထွားကြောင်း။

ဒါကြောင့်လည်း ဆယ်နှစ်ကျော် မိန်းမ မယူဘဲ တင် ထားခဲ့သော 'ဦးသက်အောင်' တစ်ယောက် ရှာန်လျောခြင်းဖြ ကြောင်း။

ဝတ်ကောင်းစားလှများကို ချွတ်ပြီး ရှန်သားဘလောက် နှင့် လုံချည်ခပ်နွမ်းနွမ်းကိုဝတ်၍ တစ်တောင်လောက်မြင့်သော အိမ်ရာပေါ်သို့ ပစ်လှဲချလိုက်မိသည်။

'ငယ်' အတွေးထဲသို့ 'ဇော်အောင်' တစ်ယောက် ထိ ရောက်စိုးမိုးလာပြန်သည်။ သူ့အကြောင်း စဉ်းစားမိတော့ မခံချင် စိတ်၊ နာကျည်းစိတ်၊ မုန်းတီးစိတ်များ ဖြစ်ပေါ်လာပြီး မျက်နှာ





သားကိုပင် ယောင်၍မဲ့ထားလိုက်မိသည်။

'ဇော်အောင်' နှင့် ယှဉ်ကြည့်လေ၊ 'ဦးသက်အောင်' သည် ၍တန့်ဖိုးမြင့်မားလာလေ အားကိုးချင်စရာ၊ ကြည်ညိုချင်စရာ၊ ယ်တာစရာတွေဖြစ်လာသည်။

မိမိဘဝသည် ဤနေ့မှစ၍ 'ဦး သက်အောင်' ၏ဇနီးမ သားအဖြစ် စတင်လျှောက်လှမ်းရတော့မည်။

လူသူမသိအောင် တည်းခိုခန်းကျဉ်းကျဉ်းလေးထဲဝယ် သေးရက်တိတိ 'ဇော်အောင်' နှင့် နေခဲ့ရသောကာလသည် မိမိ ဘဝအတွက် ပျော်ရွှင်မှုဟူ၍ ရှာမတွေ့ခဲ့ဘဲ စိတ်ဆင်းရဲခြင်း၊ ရှက်ကွဲခြင်းနှင့် မိမိဘဝအတွက် အမည်းစက်များဖြစ်ခဲ့ပြီရော၊

ထိုနေ့ရက်များကို ပြန်တွေးမိတိုင်း ရင်နာခြင်းနှင့်အတူ မိမိကိုယ်ကိုလည်း အပြစ်တင်မိသည်။

မိမိ မဆင်ခြင်လို့၊ တဒွတ် ထိုးလုပ်လို့ရခဲ့သော ရလဒ် င် မဟုတ်လော။ စိတ်ထဲမှ ကျိတ်၍ ဆုတောင်းမိသည်။ 'ဇော် အောင်' တစ်ယောက် ပြဿနာတစ်ခုခု ဖြစ်ပြီး လောကကြီးမှာ ပျောက်ကွယ်သွားလျှင် ကောင်းမှာပဲဟု။

မိမိ၏ဘဝလမ်းကို ရှေ့လျှောက် သာယာချမ်းမြေ့စွာ၊ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းလိုပါသည်။ 'ငယ်' တောင်တွေး မြောက်တွေးဖြင့် အိပ်ပျော်သွားသည်။

ပါးပြင်ပေါ်သို့နွေးထွေးသော အငွေ့နှင့်ထိတွေ့မှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ကျရောက်လာသဖြင့် အိပ်ပျော်နေရာမှလန့်နိုးသွားသည်။

" 'ငယ်' အိပ်ပျော်နေပြီလား"

ဦးသက်အောင်'က ယုယကြင်နာစွာ မေးသည်။ 'ငယ်' အကြောင်ကြောင်ပြန်ကြည့်နေမိသည်။

မိမိသည် အပျိုစင်တစ်ဦး မဟုတ်သဖြင့် အိမ်ထောင်ဦး ညခံစားမှုကို ရင်ခုန်ရမလိုလို၊ မခုန်ရလိုလို၊ ပျော်ရမလိုလို၊ စိတ် ညစ်ရမလိုလိုနှင့် တစ်မျိုးကြီး ဖြစ်နေသည်။

"ကျုပ်နဲ့နေရတာ မပျော်ဘူးလား... 'ငယ့်' မျက်နှာကြည့် ရတာ ညှိုးနေသလိုပဲ"

"ပျော်ပါတယ် အစ်ကိုကြီး... 'ငယ်' ဘာမှမဖြစ်ပါဘူး— နည်းနည်းပါးပါး စဉ်းစားမိတာလောက် ပါပဲ"

"ဘာတွေစဉ်းစားနေတာလဲ 'ငယ်' "

"ဩော် ဒီနေ့ကစပြီး 'ငယ်' နဲ့ အစ်ကိုကြီးတို့ရဲ့ ဘဝဟာ နှစ်ယောက်တစ်ဘဝဖြစ်သွားကြပြီဆိုတာရယ်... 'ငယ့်' ကို အစ်ကို ကြီးက နားလည်မှုရှိပါ့မလားရယ်... သစ္စာရှိပါ့မလား... 'ငယ့်' အပြင်နောက်ထပ်များ ထပ်ယူလေမလားဆိုတာရယ်... ပြီးတော့ လေ... 'ငယ့်' ကိုသူများတွေက အမျိုးမျိုးဝေဖန်ပြီး မနာလိုဖြစ်နေ ကြတာ"

"အင်း ဘာတွေပြောကြလဲ လုပ်ပါဦး"

"အစ်ကိုကြီးလိုလူမျိုးမှာ မိန်းမ မရှားဘူးတဲ့... 'ငယ်' ဘယ်တော့ပစ်သွားမလည်းဆိုတာ စောင့်ကြည့်ကြတဲ့... ပြီး တော့ 'ငယ်' ကလည်း အစ်ကိုကြီးကို ငွေမက်လို့ယူတာတဲ့"

"ဟား ဟား ဟား ကောင်မလေးက ဒါတွေတွေးပြီး ဆိုး ရှိမ်နေတာကိုး... အစ်ကိုကြီးဘက်ကတော့ စိတ်ချပါဗျာ... 'ငယ့်' ကကာတင်ရွေးထားတာပါ... 'ငယ့်' ကိုလည်း အစ်ကိုကြီး စိတ်ချ ယုံကြည်ပါရစေ"

"စိတ်ချပါ အစ်ကိုကြီး"

"ကဲ ဒါဆို ကျုပ်တို့နှစ်ယောက်ကြားမှာ ဘာပြဿနာမှ ရှိတော့ဘူး... ရှေ့လျှောက် ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနဲ့ နေသွားယုံပဲ"

" 'ငယ်' တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိပေမယ့် ကြားလူက မနာလိုဖြစ်ပြီး မဟုတ်မဟပ်လုပ် ဇာတ်တွေခင်းပြီး အိမ်ထောင်ရေး ပျက်စီးအောင် ပြိုကွဲအောင် လုပ်ရင် နစ်နာမှာက မိန်းကလေးဖြစ်တဲ့ 'ငယ်' ပါ"

"အစ်ကိုကြီးကလည်း သူများပြောတိုင်း ယုံမှာတဲ့လား ကွာ... ကဲပါ ဘယ့်နှယ် မင်္ဂလာဦးညမှာ ကွဲစာတွေပျက်တာတွေ ပြောနေရတာတုန်း... ဘာမှတွေးပြီး စိတ်ပူမနေနဲ့"

ဦးသက်အောင်'က 'ငယ်' ဝတ်ရန် ဂါဝန်ကဲ့သို့ ခြေဖျား အထိ ရှည်သောညဝတ်အင်္ကျီသုံးထည်ကို သူ့ဗီရိုထဲမှထုတ်ပေး သည်။







www.burmeseclassic.com

www.burmeseclassic.com

အဖြူရောင်၊ အပြာနုရောင်နှင့်ပန်းနုရောင်တို့ဖြစ်သည်

"ကျုပ်ထာ အလှအပတော့ ကြိုက်တယ် 'ငယ်'... ကျု
မျက်စိထဲမှာ 'ငယ်' အမြဲလှနေအောင် လှလှလေးနေနော်...
'ငယ်' အဝတ်အစားလဲ ညဥ့်နက်နေပြီ"

ဆယ့်နှစ်နာ ရီ သံချောင်းခေါက်သံပင် ကြားရပြီ။
ချုပ်ခြင်းသည် သန်းခေါင်ချိန်၊ သို့မဟုတ် ဆယ့်နှစ်နာရီထက်ပို
မကြာမြင့်တတ်ကြောင်း 'ငယ်' သိပါသည်။



၁၄

"'ငယ်' တို့မိသားစုကို စီစဥ်လိုင်းက ကိုကြီးတို့တိုက်ပြောင်း
ခိုင်းလိုက်ပါလား... အိမ်ကြီး အလကားပိတ်ထားရတာပဲ...
လေးတို့ ဒေါ်လေးတို့ကိုလည်း ဈေးရောင်းမခိုင်းနဲ့တော့"

"ကိုယ့်ယောက်ျားမတွေ ကိုယ်ကြည့်ပြောပေါ့... 'ငယ်' ထင်
တာတော့ သူတို့ ဟိုတိုက်ကြီးကို ပြောင်းချင်မှာမဟုတ်ဘူး... အ
ကြီးလာတော့ သူတို့နေလက်စနေရာကို ပိုခင်မင်မှာပဲ...
လဲ ကိုကြီးက 'ငယ်' တို့အိမ်ဟောင်းလေးကို တိုက်ပြင်ဆောက်
းရမှာ ငွေကုန်မှာကြောက်နေတယ်မဟုတ်လား"

"ဟာ ဒီကောင်မလေး... ဒီစကားမျိုး ကျုပ်ကိုပြောတာ
ကြိုက်ဘူးလို့ ပြောထားတယ်နော်... နောက်တစ်ခါထပ်ပြော
င် ကျုပ်ခွင့်မလွှတ်တော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည် မျက်နှာဖြင့် ခပ်မာမာပြောသောကြောင့် 'ငယ်' ကမျက်ရည်လေးဝဲပြီးရန်ထောင်သည်။

"ဟင့် ခွင့်မလွှတ်ဘူးဆိုတော့ ကိုကြီးက 'ငယ့်' ကိုဘာ လုပ်ချင်လို့လဲ... 'ငယ်' ကလည်း တစ်'ငယ်' တည်းရှိတယ်...'ငယ် ကိုအနိုင်ကျင့်ရင့် 'ငယ့်' အသားကို နာအောင်ရိုက်လာရင် ပြန်လု ပြီး ချက်ချင်းဆင်းသွားသိလား... ဟွန်း"

"အောင်မယ်လေးဗျာ စွာလှချည်လား... ရန်ထောင်လ ချည်လား... ကျုပ်က 'ငယ့်' အသားကို နာအောင်လည်း မလုပ် ရက်ဘူး... စိတ်ညစ်အောင်လည်း မလုပ်ဘူး... ဒါပေမဲ့ 'ငယ် ဟာ ကျုပ်ကို ခုထိ သူစိမ်းဆန်နေသေးတာဆိုတော့ ကျုပ်ကိုမချ သေးတာ သိပ်သိသာတယ်"

"ကိုကြီးရယ်... ယူလို့ပဲ တစ်ပတ်ကျော်လာပြီ... ဘာ သူစိမ်းဆန်မနေပါဘူး... ကိုကြီး တစ်သက်လုံးရှာဖွေလာသမျှ 'ငယ်' က မနေ့တစ်နေ့ကမှတွေ့ပြီး ကိုယ့်ပစ္စည်းလိုပိုင်ဆိုးပိုင်နင် မလုပ်ချင်ဘူး... ကိုကြီး စေတနာရှိမှန်း သိပါတယ်... ဒါပေ တိုင်ပင်ရမှာပဲပေါ့... 'ငယ်' တောင် အဲ့ဒီစိတ်မျိုးရှိနေသေးရ အဖေတို့အမေတို့ဆို ပိုပြီးအားနာမှာပဲ... ဒါကြောင့် သူတို့နေ ထိုင်ရဲအောင် ခုလက်ရှိအိမ်ကိုပဲ တိုက်သေးသေးလေးတစ်လုံ လောက်ဆောက်ပေးပါလို့"

"ဆောက်ပေးမှာပေါ့... သေးသေးမဟုတ်ဘူး... အကြီး





ကြီးဆောက်ပေးမယ်... မနက်ဖြန် မန္တလေးဆင်းပြီး 'ငယ့်' မိသား ကို စီဗွီလိုင်း ခဏပြောင်းနေခိုင်းမယ်... ကျုပ် သူငယ်ချင်းအ ဆောက်အဦး ကန်ထရိုက်တစ်ယောက်နဲ့တိုင်ပြီး အမြန်ဆုံးပြီး အောင်ဆောက်ပေးမယ်"

"သိပ်အကြီးကြီး မဆောက်နဲ့နော်... ခပ်ငယ်ငယ် ခေတ် မီမီဆိုတော်ပြီ"

'ငယ်' တို့၏ တဲပုတ်သာသာအိမ်လေးကို အမြန်ဆုံး တိုက်ဖြစ်အောင်စီစဉ်ရသလို၊ မန္တလေးဆည့်ခံပွဲလုပ်ဖို့လည်း စီ စဉ်ရသည်။

"ကိုကြီးကလည်းကွာ... ပြင်ဦးလွင်မှာ လက်ထပ်ပြီးရင် တော်ပြီပေါ့... မန္တလေးမှာ ထပ်မလုပ်နဲ့တော့ ပင်ပန်းပါတယ်"

'ငယ်' က 'ဦးသက်အောင်' နှင့်စကားပြောလျှင် ချွဲနွဲ့၍ ပြောသည်။ ယခုလည်း 'ဦးသက်အောင်' ၏ ဖက်ကြောကိုဆွဲပေး ရင်း ပခုံးကိုနှိပ်ပေးရင်း နောက်ဘက်မှသိုင်းဖက်ရင်း ပြောနေခြင်း ဖြစ်သည်။ စေတနာနှင့် ပြောခြင်းဖြစ်သလို စိုးရိမ်ပူပန်မှုနှင့် ပြော ခြင်းလည်းဖြစ်သည်။

စိုးရိမ်ပူပန်မှုမှာ 'ငယ့်' အတွက်ဖြစ်သည်။ မန္တလေးမြို့ သည် မိမိမွေးရပ်မြေ။ ပြီးတော့ 'ဇော်အောင်' ကျက်စားရာနေရာ များသည် မန္တလေးမြို့၏ လူစည်ကားရာ နေရာအနှံ့။ မိမိနှင့် 'ဇော်အောင်' ကိစ္စကို 'ဦးသက်အောင်' သိသွားမှာသိပ်စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးမှာ ဧည့်ခံပွဲမလုပ်လို့ ဘယ်ဖြစ်မလဲ 'ငယ်'... 'ငယ့်'အသိုင်းအဝိုင်း... အသိအကျွမ်းက မန္တလေးက မဟုတ်လား မလုပ်ရင် ကျုပ်ကို ဘာပြောကြမလဲ... ကျုပ် မိတ်ဆွေသင်္ဂဟတွေ အများကြီးကျန်သေးတယ်... မလုပ်လို့ကို မဖြစ်ဘူး"

"ကဲ လုပ်ချင်သပါ့ဆိုလည်း လုပ်ပေါ့... ဒါပေမဲ့ ခန်းမတွေဘာတွေမှာ လုပ်မနေပါနဲ့တော့... ကိုကြီးရဲ့ တိုက်မှာပဲ ပြင်ဦးလွင်မှာလို လုပ်လိုက်ပေါ့... အိမ်က အကျယ်ကြီးပဲ"

သူလည်း စိတ်ကျေနပ်စေရန် မိမိလည်း ပြဿနာမပေါ်ပေါက်အောင်စဉ်းစားရသည်။

"'ငယ့်'ကိုတန်ဖိုးထားပြီး ကျုပ်စီစဉ်တာပါ... ဘာလဲ ကျုပ်လို အဘိုးကြီးနဲ့တွဲရမှာ ရှက်လို့လား"

"ခုမှ မေးမနေနဲ့ နောက်ဆယ်နှစ်လောက်ကြာမှ မေး"

"ဘာလဲ နောက်ဆယ်နှစ်ဆို ကျုပ်လည်း ပိုပြီးအဘိုးကြီးဖြစ်သွားလို့ မတွဲချင်တော့ဘူးဆိုတဲ့သဘောလား"

"ဟာကွာ... ကဲကွာ... စိတ်တိုလာပြီ... စိတ်တိုလာပြီ"

'ငယ်'ကလက်သီးဆုပ်ဖြင့် 'ဦးသက်အောင်' ကျောကုန်းကိုထုသည်။ ဆိတ်ဆွဲသည်။ လက်မောင်းကို ကိုက်သည်။ သို့သော် မုန်းတီး၍ နာကျင်အောင်လုပ်ချင်းမျိုးမဟုတ်ပါ။ ချစ်ခင်နှစ်သက်၍ ကျီစယ်ခြင်း၊ ချွဲခြင်း၊ နွဲ့ခြင်းပါ။ 'ဦးသက်အောင်'က 'ငယ့်' လက်မောင်းနှစ်ဖက်ကို ချုပ်ကိုင်၍...





"ကဲ... ဒီလောက်ဆိုးတဲ့ ကောင်မလေး မင်းကို ကျုပ်ရင်ခွင်မှာထောင်ချပြီး ကြိမ်ဒဏ်အဖြစ် အနမ်းပေါင်းတစ်ထောင်ဆုချမယ်... လာခဲ့"

"အဟား ဟား"

'ငယ်'တစ်ယောက် 'ဦးသက်အောင်' ၏ ရင်ခွင်တွင်ပျော်ရွှင်၍နေပါသည်။ စီဗွီလိုင်းရှိ တိုက်ကြီးမှာပင် မင်္ဂလာဧည့်ခံပွဲကို လုပ်သည်။ ဤပွဲသို့ ကိုကိုတို့ မိသားစုနှင့် 'မလတ်'ပါလာသည်။ 'ငယ်'ကျေနပ်မိသည်။ မိမိကို အထင်သေးသော ကိုကိုတို့ မိသားစုကို တစ်မျိုးကြွားနေနိုင်ပြီ။ စီဗွီလိုင်းရှိ အိမ်ကြီးကိုလည်း 'ကြီးကြီးတင်'တို့ တအံ့တဩကြည့်နေကြသလို ပြင်ဦးလွင်တုန်းကနှင့် မတူဘဲ လက်ဝတ်လက်စားအသစ်များနှင့် တစ်မျိုးထည်ဝါနေသော ရွှေမင်းသမီး 'ငယ့်'ကိုလည်း ငေးမောကြည့်နေရပြီ မဟုတ်လား။

မိမိငယ်စဉ်ကတည်းက နေထိုင်ခဲ့သော အိမ်ငယ်လေး တစ်နေရာတွင် အစက တစ်ထပ်တိုက် ခပ်သေးသေးခပ်လှလှသာ ဆောက်ဖို့စီစဉ်ခဲ့သော်လည်း 'ဦးသက်အောင်'က ကြီးကြီးမြင့်မြင့်ဆောက်ခိုင်းသည်ကို နောက်ပိုင်း သဘောတူလိုက်သည်။ မိမိကိုယ်တိုင်လည်း စိတ်ကူးတစ်မျိုးပေါက်သွားသည်။ မိမိဆင်းရဲသည်ကို အလွန်နှိမ်သော အထင်သေးသော 'ကြီးကြီးတင်' ထက်မြင့်အောင် သုံးထပ်ဆောက်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးထပ်လုံးတွင် 'ကြီးကြီးတင်' တို့နှင့် ကပ်လျက်ရှိသော အိမ်အခြမ်းဘက်၌ မိမိတို့အိမ်အတွင်းသို့ ထိုးဖောက်မြင်နိုင်အောင် တရုတ်ကပ်မှန်ဘောင်တွေသာအပြည့်တပ်ဆင်ခိုင်းသည်။ ကောင်းမွေလှမွေ တန်ဖိုးရှိပေ့ဆိုသော အိမ်သုံးပစ္စည်းများ ဖြင့်ပြင်ဆင်ခိုင်းသည်။

ရွှေဝါရောင်ဝတ်စုံလေးဖြင့် ပဝါပါးကိုခြုံထားသော 'ငယ်'က ခင်ပွန်းဖြစ်သူ 'ဦးသက်အောင်' ၏ လက်မောင်းကို သူမ၏လက်ဖြင့် ကန့်ကလျာဆုပ်ကိုင်ပြီး ခေါင်းလေးစောင်းငဲ့၍ ချစ်စဖွယ်အပြုံးဖြင့် ဧည့်ပရိတ်သတ်များကို ဧည့်ခံနေခြင်းဖြစ်သည်။

မန္တလေး ဧည့်ပရိတ်သတ်များကလည်း 'ဦးသက်အောင်' ဇနီးချောဇနီးလှရသည်ကို ဝမ်းသာချီးကျူးသည့်သူ ရှိသကဲ့သို့ ကဲ့ရဲ့သူများလည်း ရှိသည်။ ထိုသူများထဲတွင် 'ဦးသက်အောင်'၏ ကျောင်းနေဘက်သူငယ်ချင်း 'မြနိုင်' တစ်ယောက်အတွေးတွေ တစ်ပုံတစ်ခေါင်းနှင့် ချာချာလည်နေသည်။ (မှတ်ချက်။ မြနိုင် ဆိုသော နာမည်တူရှိခဲ့လျှင် ခွင့်လွှတ်ပါ။)

'မြနိုင်'ကြည့်နေစဉ်မှာပင် 'သက်အောင်' နှင့် 'ငယ်'တို့ ဇနီးမောင်နှံနှစ်ယောက် မနီးမဝေးစားပွဲသို့ရောက်လာပြီး ရယ်ပြုံးပြုံးနှင့်ဧည့်ခံနှုတ်ဆက်နေကြသည်။ ထိုစားပွဲတွင်ထိုင်နေသော အမျိုးသားကိုမြင်သောအခါ ပို၍မျက်လုံးပြူးသွားသည်။ ပါးစ





အဟောင်းသားနှင့်ပင် ပို၍သေချာသွားအောင် ထ၍ကြည့်မိသည်။

'ကိုမြနိုင်' ထိုသို့ထအကြည့်တွင် 'ငယ့်' မျက်လုံးများထဲသို့ 'ကိုမြနိုင်' ပုံစံကတန်းဝင်သွားသည်။

"ဟင်..."

'ငယ့်' ရင်ထဲ အခုန်မြန်နေသည်။ ပထမ မျက်နှာပျက်၊ ဘူခြွေပျက်ပြီး ခြေဖျားလက်ဖျားတွေ အေးလာသော်လည်း 'ဦးသက်အောင်' မရိပ်မိအောင် စိတ်ကိုထိန်းလိုက်ရသည်။ 'ကိုမြနိုင်' 'ငယ့်' ကိုလှမ်းကြည့်လိုက်သောအချိန်တွင် 'ငယ်' ဘာမှမဖြစ်သလို ရယ်လို့ မောလို့။

'ကိုမြနိုင်' အကဲခတ်နေသည်ကို 'ငယ်' သိသည်။ 'ငယ်' တစ်ယောက်တည်းကိုတွေ့လျှင် မိမိတည်ခိုခန်းကို 'ဇော်အောင်' နှင့်ပါလာသော ကောင်မလေးနှင့်တူသော တခြားမိန်းကလေး တစ်ယောက်ပဲ ဖြစ်မှာပါလေဟု တွေးမိမည်ဖြစ်သည်။ သို့သော် ကိုကို့ကိုပါ မြင်လိုက်ရသောအခါ လူမှားခြင်းမဖြစ်နိုင်တော့။ အံ့သြစရာကောင်းသော မိန်းကလေးပါလား။ သူငယ်ချင်း 'သက်အောင်' ကတော့ သူ့လက်ထပ်ပွဲကို ပြင်ဦးလွင်လုပ်စဉ်ကတည်းက မိမိကိုဖိတ်သည်။ 'သက်အောင်' နှင့် 'မြနိုင်' သည် သူငယ်တန်းလေးကတည်းက ဆယ်တန်းအထိ အတူပညာသင်ကြားခဲ့သော ငယ်သူငယ်ချင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သက်အောင်' နှင့် 'အေးအေးသူ' လက်ထပ်တုန်းကလည်း မိမိအစမှအဆုံးကူညီခဲ့သည်။ 'အေးအေးသူ' ဆုံးတုန်းကလည်း မိမိ အစမှအဆုံးကူညီခဲ့သည်။ မိမိနှင့် 'သက်အောင်'မတွေ့ကြတာ တစ်လလောက်အတွင်း ပြင်ဦးလွင်အိမ်တွင် 'သက်အောင်' နှင့် 'ငယ်' ဆိုသောမိန်းကလေး လက်ထပ်ပြီးပြီဖြစ်၍ ညည့်ခံပွဲလုပ်မည့်ဖိတ်စာလေး ရောက်လာသည်။

ထိုနေ့က သွားမည်လုပ်ပြီးမှ အရေးတကြီးကိစ္စပေါ်လာသဖြင့် မသွားဖြစ်။ မန္တလေးတွင်လည်း ညည့်ခံပွဲလုပ်ဦးမည်ဆိုတာသိ၍ ပြင်ဦးလွင်သို့ဆက်မတက်တော့။ 'ငယ်' ဆိုသော မိန်းကလေးသည် မိန်းမကောင်းတစ်ယောက်မဟုတ်ဆိုတာကို မိမိအသိဆုံး။ စဉ်းစားကြည့်ပါ။

'ဇော်အောင်' နှင့်တည်းခိုခန်းတွင် လေးငါးရက်လာနေသွားပြီးလို့မှ ဘာမျှမကြာ ဆယ်ရက်လောက်အကြာတွင် 'သက်အောင်' နှင့်လက်ထပ်သည်။ 'သက်အောင်'သည် 'ငယ်'နှင့်ဆက်မိတာကြာပြီလော၊ ဆက်သွယ်မိတာကြာပြီဆိုလျှင် 'ငယ်'သည် 'သက်အောင်' နှင့်ဖြစ်နေသည့်ကြားက 'ဇော်အောင်' နှင့် တိတ်တိတ်ပုန်းညားနေခြင်းဖြစ်မည်။

ဒါမှမဟုတ် 'ဇော်အောင်' နှင့်တင်မက၊ တခြားလူများနှင့်ပါ လူမသိအောင်အပျော်လိုက်နေသော မိန်းကလေးများလား။ 'သက်အောင်' တော့ မမေးမမြန်း မစုံမစမ်းဖြင့် ယူလိုက်ပြီထင်





သည်။

"ဟော့ကောင်ကြီး 'မြနိုင်'... မင်းကွာ... ပြင်ဦးလွင်ကိုဘာလို့မလာတာလဲ"

"မအားလို့ပါကွာ... အခုလာပြီပဲ... ကျေနပ်ပါတော့"

"ရပါတယ်ကွာ... ဒါနဲ့ မင်းမျက်နှာကြည့်ရတာ မရွှင်မပျနဲ့ပါလား... နေမကောင်းဘူးလား"

"ကောင်းပါတယ်... ရန်ကုန်က ပြန်လာလို့ ခရီးပန်းနေလို့ပါ"

'ငယ်' ဟန်မပျက်၊ ခပ်ပြုံးပြုံးပင် 'မြနိုင်' ကိုကြည့်နေလိုက်သည်။

"'ငယ်'ရေ... ဒါ အစ်ကိုကြီးရဲ့ ကျောင်းနေဘက်သူငယ်ချင်း 'မြနိုင်' တဲ့... တည်းခိုခန်းဖွင့်ထားတယ်လေ"

"ဟုတ်ကဲ့ရှင့်... တွေ့ရတာဝမ်းသာပါတယ်"

"ဘယ့်နှယ်လည်း 'မြနိုင်'... ငါ့မိန်းမ မချောဘူးလား... လှဘူးလား"

'သက်အောင်' က 'ငယ့်' ကိုပခုံးမှသိုင်းဖက်ရင်း ကြွားသည်။

"ချောပါတယ်... လှပါတယ်ဗျာ... ဟား ဟား ဟား"

'မြနိုင်' ၏ရယ်သံသည် 'ငယ့်' ကိုလှောင်နေသလိုလို၊ ခြောက်လှန့်နေသလိုလိုပါပဲ။ တမင် ကလိပြီးရယ်သည် [illegible] ထင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ 'မြနိုင်' ၏ မျက်လုံးများသည် 'ငယ့်' ကိုကျော်ချမ်းစေ
သည်။ 'ငယ်' ခံစားနေရသည်ကို ကိုကိုသိသည်။ 'မြနိုင်' ဆို
သောလူကို ကိုကို သိသည်။

'ငယ့်' ကို 'ဇော်အောင်' တည်းခိုခန်းခမပေးဘဲ လစ်ထွက်
သွားတုန်းက မိမိလိုက်သွားရသည်။ ထိုစဉ်က တည်းခိုခန်းပိုင်ရှင်
သည် ယခုတွေ့ရသော လူပင်ဖြစ်သည်။ 'ငယ်' ဣန္ဒြေပျက်သွား
မှာစိုးရိမ်မိသည်။ 'မြနိုင်' က စီးကရက်သောက်ရင်း....

"နေပါဦး 'သက်အောင်' ရေ... မင်းနဲ့ဒီမိန်းမလှလေးဘယ်
လိုက ဘယ်လိုတွေပြီး ဒီလောက်မြန်မြန်ကြီးလက်ထပ်ဖြစ်သွား
တာလဲ... တွေ့တာကြာပြီလား"

"ဘယ်က ကြာရမှာလဲကွ... 'ငယ့်' ကိုတွေ့တာနဲ့ ငါ
တန်းတန်းစွဲဖြစ်သွားတာပဲ... 'ငယ်' ကအငယ်ဆုံးသမီးလေ
'ငယ့်' အစ်မက ပြင်ဦးလွင်မှာနေတာလေ... 'ငယ်' ပြင်ဦးလွင်
လာလည်တော့ ငါနဲ့တွေ့သွားတာပေါ့ကွာ... ဇာတ်လမ်းက ဒါပဲ
ပဲ"

"မင်း ဗြုန်းဒိုင်းမိန်းမကောက်ယူတော့ ငါဖြင့်အံ့ဩသွား
တာပဲကွာ... ဒါနဲ့တွေ့တာ ဘယ်လောက်ကြာပြီလဲ"

'ငယ်' ဒူးတွေပင်ညွတ်ချင်လာသည်။

"မင်းကလည်း စပ်စုလှချည်လားဟ... 'ငယ့်' ကိုတွေ့ပြီး
ဆယ်ရက်လောက်မှာ သူ့မိဘတွေဆီသွားတောင်းတယ်... ရုံး





လက်မှတ်ထိုးတယ်... ပြင်ဦးလွင်မှာ ညှော်ခံတယ်... နောက်ဆယ်
ရက်လောက်ကြာတော့ အခု မန္တလေးမှာညှော်ခံတယ်"

"ဟော့ကောင် မင်းသိပ်ပျော်နေပြီဆိုတော့ ငါတို့အပေါင်း
အသင်းတွေကိုလည်း မေ့မသွားနဲ့ဦး... အိမ်ကိုလည်း မင်းမိန်းမနဲ့
အတူလာလည်ဦး"

"အေး လာခဲ့မယ်... စိတ်ချ... ကဲ ငါတို့ တခြားဧည့်သည်
တွေ သွားဧည့်ခံလိုက်ဦးမယ်"

'ငယ်' နှုတ်ဆက်သလိုအပြုံးဖြင့် 'ကိုမြနိုင်' ကိုကြည့်
သည်။ 'ကိုမြနိုင်' က မရယ်မပြုံးမျက်နှာဖြင့် 'ငယ့်' ကိုကြည့်နေ
သည်။ ဓာတ်ဓာတ်က ပျော်ရွှင်စွာ ဂုဏ်ယူစွာဖြင့် ခင်ပွန်းဖြစ်သူ
လက်မောင်းကို ဖက်တွယ်ရင်း ပြုံးပြုံးလေးလိုက်ဧည့်ခံနေသော
'ငယ်'။

'ကြီးကြီးတင်' နှင့် 'ကြီးကြီးခင်' တို့ကို ခပ်မော့မော့လေး
ကြွားခဲ့သော 'ငယ်' တစ်ယောက် အားလုံးနှင့်ဝေးရာသို့ထွက်ပြေး
ချင်နေပြီ။ 'ငယ့်' မိသားစု၊ ကိုကို့ မိသားစုတို့က ပြန်ခါနီးနှုတ်
ဆက်သည်။ 'ဦးသက်အောင်' အလစ်တွင် ကိုကိုက...

"'ငယ်' ဣန္ဒြေမပျက်စေနဲ့လေ... ဟိုအကြောင်းမေးရင်
ဟုတ်ဘူးလို့သာ ငြင်း"

"ဟုတ်ကဲ့ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

ရင်မောနေရသောနေ့ရက်များကို 'ငယ်' တစ်ယော ဖြတ်သန်းနေရသည်။ ခင်ပွန်းဖြစ်သူ မြို့ထဲမှပြန်လာတိုင်း မိမိနှ 'ဇော်အောင့်' အကြောင်းများ သိခဲ့ပြီလားဟု အကဲခတ်ကြည့်နေ သည်။ ဘာလိုလိုနှင့် 'ငယ်' နှင့် 'ဦးသက်အောင်' အိမ်ထောင်ထ လာတာ ခြောက်လ ကျော်ခဲ့ပြီ၊ 'ငယ့်' မှာကိုယ်ဝန်ရှိနေပြီ။

မိမိအပေါ်မှာ အလွန်ချစ်ခင်ယုယသော ခင်ပွန်းကို 'ငယ အတတ်နိုင်ဆုံးပြုစုသည်။ စိတ်ချမ်းသာအောင်ထားသည်။ မိ လိုချင်သမျှဖြစ်အောင်လုပ်ပေးသော ကျေးဇူးရှင်အား သစ္စာရှိခြ အလိုက်သိခြင်း၊ ချစ်ခင်ယုယခြင်း၊ အိမ်ထောင်ရှင်မကောင်းတ ယောက်အဖြစ် နေပြခြင်း တို့ဖြင့်သာ ပြန်၍ကျေးဇူးဆပ်နိုင်သ မဟုတ်ပါလား။





မြောက်မြားလှစွာသော လက်ဝတ်ရတနာများကို မိမိ ကြိုက်သလို ဝတ်နိုင်သည်။ မီးခံသေတ္တာထဲမှ သိန်းပေါင်းများစွာ သော ငွေများကိုမိမိပိုင်နေပြီ။ သော့ကလေး တစ်ချက်ဖွင့်၍ယူသုံး ကြိုက်ယုံ။ သို့သော် 'ငယ်' အလျှင်ကလိုမဟုတ်တော့။ ဒါတွေ ငယ့်အတွက်ပါဟု ပြောထားလျက်က ကုန်အောင်သုံးပစ်လျှင်၊ မ်းပစ်လျှင် နောင်သားသမီးများရလာသောအခါ မျက်နှာငယ် ည်။

'ဦးသက်အောင်' က အိမ်သုံးစရိတ်အဖြစ် တစ်လငါး ောင်ပေးသည်။ လင်မယားနှစ်ယောက်နှင့် အိမ်ဖော်နှစ်ယောက် ာရှိ၍ ဘယ်လိုလိုသုံးသုံး နှစ်ထောင်ထက်ပိုမကုန်။ အမေတို့ထံ းရာ၊ 'မဦး' တို့ထံ ငါးရာပို့သည်။ ကျန်ငွေကိုစုသည်။ အလုပ်မှ မြတ်ငွေများကို လုပ်ငန်းတိုးချဲ့ခြင်း မရှိသောအခါ ဘဏ်တွင် င်းသည်။

'ငယ်' တို့အလျှင်က ဘဏ်တွေဘာတွေ မရောက်ဘူး၊ ာကျားလုပ်သူက သွားတတ်လာတတ်အောင်ခေါ်ပြီး ငွေ င်းပုံသွင်းနည်းပါလုပ်ပြထားသဖြင့် လုပ်တတ်ပြီ။ တစ်နေ့ စ်နေ့ 'ငယ့်' အလုပ်သည် မီးဖိုချောင်တွင်ချက်ပြုတ်နေသော မ်ဖော်များကို ဘယ်လိုချက်၊ ဘာဝယ်၊ ဘာလုပ်ဟု ညွှန်ကြား ၊ အိမ်ရှင်းခိုင်းရန်၊ ဆယ်ရက်တစ်ခါ တစ်တိုက်လုံးရှိ ခန်းဆီး ိုက်ကာ၊ ကုလားထိုင်စွပ်၊ ဆိုဖာအဖုံးများ လဲရန်၊ ခြံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းပင်များကိုကြည့်ရန်တို့ပါပဲ။

'ငယ်' က ဘာမှမလုပ်ရဘဲ ငုတ်တုတ်ထိုင်နေရမည်
ပျင်းရှိစက်ချုပ်ခြင်း၊ သိုးမွှေးထိုးခြင်း တို့ဖြင့် အချိန်ပိုကို
ရှိစေချင်သည်။

"'ငယ်' ကလည်းကွာ... ဘာလို့ ဒီဆွယ်တာကိုထိုး
ပြန်တာတုန်း... ဇက်ကြောတက်နေမှာပေါ့...ဝယ်ဝတ်လိုက်ရင်
ရသားနဲ့"

"ပိုက်ဆံရှိရင် ဝယ်ဝတ်လို့ရမှန်းသိပါတယ် ကိုကြီးရယ်
ဒါပေမဲ့ ကိုကြီးအတွက် 'ငယ်' ကိုယ်တိုင်ထိုးတဲ့ဆွယ်တာလေး
ချင်လို့ပါ... ဝတ်စေချင်လို့ပါနော် ကိုကြီး"

'ငယ်' ကတော့ ထုံးစံအတိုင်း အချွဲကတော့ တတ်သည်

"ဟဲ ဒီအထည်ပြီးရင် နောက်ထပ်မထိုးရတော့ဘူး

"ကိုကြီးပဲ စဉ်းစားကြည့်လေ... 'ငယ်' ဒါမှမလုပ်
ဘာအလုပ်ရှိလည်း အလုပ်မရှိဘဲ ဒီအတိုင်းဖိမ်နဲ့ စားလို
သောက်လိုက်လုပ်နေတဲ့လူတစ်ယောက် ပျင်းစရာကောင်းတာ
ရှက်စရာကောင်းတာမရှိဘူး... 'ငယ့်' ကိုလည်း အကျိုးရှိမယ့်
လုပ်တစ်ခုခု လုပ်ခွင့်ပေးပါ ကိုကြီးရာနော်"

"ဘာများလုပ်စရာရှိလို့လဲ 'ငယ်' ရဲ့... 'ငယ်' အခု
နေပေမယ့် နောက်ဆို သားတွေသမီးတွေ တာဝန်ထမ်းဆောင်
တော့မှာဗျ... သားသမီးတာဝန်ဆိုတာ နှစ်ဆယ့်လေးနာရီတာ





... ကျောင်းနေပြန်တော့လည်း သူတို့အတွက် ပို့ဖို့ကြိုဖို့... ထမင်း
ထည့်ဖို့... စာလိုက်နိုင်ဖို့... ကျောင်းအဝတ်အစား... အိမ်အဝတ်
အစားကိစ္စနဲ့ 'ငယ်' အလုပ်ရှုပ်ဦးမှာသေချာတယ်... အခုလပိုင်း
သား ငါးခြောက်လ အားတာလေးကိုကြည့်ပြီး 'ငယ်'က အလုပ်
တစ်ခုကိုလုပ်နေပါပြီတဲ့... နောက်ပိုင်းမအားတော့ 'ငယ့်' အလုပ်
ကိုဘယ်သူဆက်လုပ်မလဲ... 'ငယ့်' ကိုယူတာခိုင်းစားဖို့မဟုတ်ဘူး
ငယ်' အလုပ်ထွက်လုပ်ရအောင်ကလည်း ကိုကြီးတို့ အခြေအနေ
ဘ ဆိုးရွားနေတာမဟုတ်ဘူး... 'ငယ့်' ကို ကိုကြီး အလုပ်ခန့်မယ်
ဆဲဒါက ကိုကြီးရဲ့ ဝေယျာဝစ္စတွေကို လုပ်ပေးပါ... ကိုကြီး ခရီး
ထွက်ရင် လိုက်နိုင်တဲ့အခါလိုက်ပါ... မလိုက်နိုင်ရင် နေခဲ့ပ...
ပြီးတော့ သစ္စာရှိပါ"

"ဟွန်း ကိုကြီးနော် လူကိုသစ္စာရှိပါ သစ္စာရှိပါနဲ့ ခဏခ
ပြောနေတယ်နော်... ဘာလဲ 'ငယ့်' ကိုမယုံဘူးလား... 'ငယ်'
ဘာမဟုတ်တာလုပ်နေလို့လဲ"

'ငယ်' စိတ်ဆိုးပြီးရယ်သံဖြင့် ပြောသည်။

" 'ငယ်' ကိုကြီးအပေါ်မှာ ခုချိန်ထိသစ္စာရှိနေတယ်...
ချစ်ခင်တွယ်တာနေတယ်ဆိုတာ သိပါတယ်... နောက်လည်း
သစ္စာရှိနေမယ်လို့ မျှော်လင့်ပါတယ်... ကိုကြီးအတွက်တော့ စိတ်
ချပါ"

"ဒါကြောင့် စကတည်းက ပြောတာပေါ့...မယုံနိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မယူနဲ့လို့"

"ယုံလို့ယူခဲ့ပြီးပြီပဲ 'ငယ်' ရယ်... 'ငယ်' နဲ့ကိုကြီးရဲ့ကြ
မှာ တခြားဘာမှမလိုဘူး... တစ်ယောက်သဘောတစ်ယောက်န
လည်ပြီး အိမ်ထောင်ရေးခိုင်မြဲဖို့ပဲ အရေးကြီးတယ်"

"ကိုကြီး ဘာမကျေမနပ်ဖြစ်နေသလည်း ပြောလေ
ဘာမသင်္ကာတာတွေလို့လဲ... ကိုကြီးစိတ်ထဲမှာ 'ငယ့်' ကိုမ
သင်္ကာဖြစ်ပြီး ဆက်မပေါင်းသင်းချင်တော့ဘူးဆိုရင် ဖွင့်ပြော
'ငယ်' ချက်ချင်းဆင်းသွားမယ်"

"'ငယ်' ပြောတဲ့စကားတွေဟာ ကိုကြီးကို လုံးဝမချစ်ဘ
သံယောဇဉ်မရှိဘူးလို့ ဖော်ကျူးနေတာပဲ... 'ငယ်' သာ ကျုပ်
တကယ်ချစ်ရင် ကျုပ်နဲ့ကွဲမှာကို ကြောက်ရမှာပေါ့"

"ဒီမှာ ကိုကြီး... 'ငယ်' ဟာမိန်းမသားပါ... ဆူးပေါ်ဖ
ကျလည်း ဖက်ပေါက်မှာပဲ... ဖက်ပေါ်ဆူးချလည်း ဖက်ပဲပေါ
မှာပဲ... ယောကျ်ားတစ်ယောက်ကို ခုယူခုတွဲလုပ်ရင် ဆုံးရှုံးနစ်
မှာက မိန်းကလေးပါ... ကိုကြီး အနေနဲ့ 'ငယ်' နဲ့ကွဲလည်း ဘ
အရေးလဲ... မိန်းမတစ်ယောက်ကြောက်ယူရင် ချက်ချင်းရမှ
သိပါတယ်"

"'ငယ်' ပြောသလို မိန်းမတစ်ယောက် ချက်ချင်းကော
ယူတတ်တဲ့စာရိတ္တမျိုး ကျုပ်မှာမရှိဘူး 'ငယ်'... ကျုပ်က သိပ်
တတ်တဲ့လူ... မိန်းမတစ်ယောက်ကို ရာသက်ပန်ပေါင်းဖို့ပဲ စိတ်





းတယ်... ကျုပ် ချစ်တဲ့မိန်းမကို သူသေရင်သေသေ၊ မသေရင်
ကို့သေမှခွဲခွာမယ့်လူစားမျိုးဗျ... ဒီတစ်ယောက်နေရာမှာ
ာက်တစ်ယောက်အစားထိုးဖို့ဆိုတာ နှစ်ရက် သုံးရက်နဲ့ဆုံး
တ်နိုင်တဲ့ကိစ္စမျိုးမဟုတ်ဘူး 'ငယ်'"

'ငယ်' ဘာမှမပြောချင်တော့။ ကေန္တတည်းခိုခန်းပိုင်ရှင်နဲ့
သက်အောင်နဲ့ တွေ့ပြီးကြပြီထင်သည်။ မိမိအကြောင်း 'ဦး
က်အောင်' သိပြီးလျှင်လည်း သိပြီးကြောင့်ဖွင့်ပြောဖို့သင့်
ည်။ 'ငယ့်' ကိုဖွင့်မေးဖို့သင့်သည်။ ခုတော့ 'ငယ့်' မှာနေရထိုင်ရ
ာ်လှသည်။

သူ့အပေါ် သစ္စာရှိနေလျက်နဲ့ အထင်လွဲတာတော့မ
ကြ်။ သူ့ကိုချစ်ခင်နှစ်သက်စွာ ပေါင်းဖော်နေပါလျက်၊ မိမိက
ကိုမချစ်ဘူးဟုပြောတာတော့ မိမိမေတ္တာကိုစော်ကားခြင်းဖြစ်
ည်။ 'ငယ်' မျက်နှာကိုပုပ် နှုတ်ခမ်းကိုစူပြီး ထိုင်နေရာမှထကာ
ပေါ်ထပ်သို့တက်ခဲ့သည်။ ပြီးတော့ အိပ်ခန်းတံခါးကို အတွင်းမှ
က်ချထားလိုက်သည်။

'ဦးသက်အောင်' တံခါး တွင်တွင်ခေါက်သော်လည်း ဖွင့်
ပေး။

"'ငယ်' တံခါး ခဏဖွင့်ပေးပါဦး"

နေ့ခင်းကတည်းက တံခါးပိတ်ထားသော 'ငယ်' သည်
ျုပ်သည်အထိ ဖွင့်မပေး။ အထဲမှာ ဘာဖြစ်နေမှန်းမသိ။ တစ်



www.burmeseclassic.com

www.burmeseclassic.com



စုံတစ်ခုဖြစ်သွားမှာကို စိုးရိမ်မိသည်။ ဘာသံမျှလည်းပြန်မပေး

"'ငယ်'ကိုကြီး မနက်စာတောင်မစားရသေးဘူး... 'ငယ်' လည်းဗိုက်ဆာရောပေါ့... ဖွင့်မပေးရင် တံခါးဖျက်ပြီး ဝင်ခဲ့မှာ နော်"

ည ရှစ်နာရီထိုးပြီ။ 'ဦးသက်အောင်' စိတ်ပူလာသည် ဘာမှ ...ဉ်းအားမနေတော့။ အခန်းတံခါးကိုဖျက်ရန် ဆုံးဖြတ်လိုက် သည်။ ဆောက်၊ တူ၊ တူရွင်းတို့ဖြင့် အခန်းတံခါးကိုစဖျက်သည် လှပစွာပြုလုပ်ထားသော တံခါးကြီးပျက်စီးသွားမှာကို 'ငယ်'စိုးရိ သည်။

ထို့ကြောင့် တံခါးကိုတူဖြင့် နှစ်ချက်သုံးချက်ရိုက်အပြီ တွင် 'ငယ်'အခန်းတံခါးကိုဖွင့်၍ ထွက်ခဲ့သည်။ နှုတ်ခမ်းကိုတင် တင်းစေ့၍ မျက်နှာကိုမော့ကာ အိတ်တစ်လုံးကိုဆွဲ၍ ထွက်သွား သော 'ငယ့်' နောက်ကိုလိုက်၍...

"ဒါက ဘယ်တုန်း"

"ပြန်မယ်"

ခါးတစ်ဖက်ထောက်၍ ခပ်တင်းတင်းဖြေသည်။

"ဘယ်ကိုပြန်မှာတုန်း"

"ကိုယ့်မိဘအိမ် ကိုယ်ပြန်မယ်"

"ဟိုအိမ်လည်း ကျုပ်အိမ်ပဲ... ကျုပ် ပြင်ဆောက်ထား တာ 'ငယ့်' အိမ်မဟုတ်တော့ဘူး"





'ငယ့်'ကိုစခြင်းဖြစ်သည်။ ထိုစကားကြောင့် ဆတ်ဆတ် ...ခဲ့တတ်သော 'ငယ်'က...

"ဘာ အဲ့ဒီအိမ်ဟာ ရှင်ပြင်ဆောက်ထားလိုက်တာနဲ့ ရှင့် ...ဖြစ်သွားပြီ ဟုတ်လား... ကောင်းပြီ... ဒါဆို ကျုပ်မိဘတွေ ...ပြီးဆင်းပေးမယ်... ရှင့်လို ဥစ္စာရူးရဲ့ပစ္စည်းကို တစ်ပြားတောင် ...ဘူး သိလား... ရှင့်ပစ္စည်းရွှေတစ်မှုန်တောင် မဝတ်ဘူး... ...ဆိက တစ်ပြားမှမရတဲ့အပြင် ဆင်းရဲသားမိသွားစုဆီက အိမ် ...တ်နဲ့ မြေသေးသေးလေးကိုတောင် အချောင်လိုချင်တဲ့လူ ..."

'ငယ်'က ကိုယ်ပေါ်တွင်ဝတ်ထားသော လက်ဝတ်လက် ...များကို ချွတ်၍အခန်းထဲသို့ ပစ်ပေါက်လွှင့်ပစ်ပြီး မိဘများရှိ ...သို့ပြန်ဖို့ အိမ်တံခါးမကြီးကိုဖွင့်သည်။ သေချာကြည့်မှသော့ ...ထားမှန်း သိသည်။

"ဟား ဟား ဟား"

"ဘာရယ်တာလဲ... ဖွင့်ပေးရင် ဖွင့်ပေး... ဖွင့်မပေးရင် ...ါးကို ဖျက်ပြီးထွက်မှာ သိလား"

"တကယ်ဖျက်မှာလား... ဒီအခန်းတံခါးလောက်တန်ဖိုး ...တဲ့ အိမ်ခန်းတံခါးပျက်သွားမှာစိုးလို့တောင် အခုထဲကထွက်လာ ...သားတာ"

"အို ဖွင့်ပေးဆို ဖွင့်ပေး... နောက်တော့ 'ငယ့်'ကိုအပြစ်



www.burmeseclassic.com

www.burmeseclassic.com

မပြောနဲ့"

"'ငယ်' ကျုပ်ကိုထားပြီး တကယ်ထွက်သွားတော့မ
လား"

"သွားမယ် သွားမယ်... ရွှေဘုံပေါ်မှာစံပြီး မယုံသ
ခံနေရတာလောက် စိတ်ညစ်စရာကောင်းတာမရှိဘူး... သူ မ
သက်သာလုပ်လို့ မိဘအိမ်ပြန်သွားမယ်ဆိုတော့ စကားတစ်မျိုးပြေ
ပြန်ရော... သူ့ကို တကယ်မချစ်လို့ ပစ်သွားတာတို့... ဘာတို့
ညာတို့... လူကို ထိုင်နေရင်တစ်မျိုးပြော... ထနေရင် တစ်မျိုးပြေ
နဲ့... ဘယ်လိုနေရမှာတုန်း"

'ငယ်' က အသံကုန်ခြစ်၍အော်သည်။ မျက်ရည်လည်
ကျလာသည်။

"ကျုပ် မင်းကိုသိပ်ချစ်လို့သဝန်တိုမိတာပါ... နောက်
'ငယ်'မကြိုက်ရင် မပြောတော့ပါဘူး... မင်းအိမ်ကထွက်သွား
မပြောနဲ့... တစ်နေကုန်အခန်းထဲအောင်းနေလို့ မတွေ့ရတာ
တောင် ကျုပ် အတော်အနေခက်သွားတယ်... မင်းကို ကျုပ်ယူ
တည်းက အတူနေချင်လို့ယူတာပါ... မင်းပြန်စရာမလိုပါဘူး...
စောစောက 'ငယ်' တို့အိမ်ကိစ္စပြောတာကလည်း တမင် 'ငယ်'
ကိုစတာပါ... ကျုပ် နောက်ဆုံးအနေနဲ့ တောင်းပန်ချင်တာ
တော့ ကျုပ်အနားက မင်းထွက်သွားရင် ကျုပ်ကို အရင်သတ်ပြီး
သွားပါလို့နော်"



ထိုစဉ် အိမ်ရှေ့သို့ကားတစ်စီး ထိုးရပ်လာသံနှင့်အတူ...

"ဗျို့ ဦးသက်အောင် အိပ်ပြီလားဗျ... အစောကြီးရှိသေး
တယ်... လွန်တာပေါ့... တံခါးဖွင့်ပေးစမ်းပါဗျ... ဟား ဟား
ဟား"

သုံးလေးယောက်ထက် မနည်းသော လူတစ်စု၏အသံ
'ငယ်' ရင်တွေခုန်ရပြန်သည်။

"ကဲ 'ငယ်' ပစ္စည်းတွေပြန်ယူသွားလိုက်ဦး... ပြီးတော့
ဧည့်သည်တွေအတွက် တစ်ခုခုလုပ်ပေးပါဦး... မျက်နှာက မျက်
ရည်တွေလည်း သုတ်လိုက်ပါဦး... ကျုပ် တောင်းပန်ပါတယ်
ကွာ"

'ငယ်' ကိုတစ်ချက်နမ်းရင်းတောင်းပန်သည်။ တံခါးဖွင့်
ပေးလိုက်သည်နှင့် အသံတွေက ပိုဆူညံလာသည်။

"ဘယ်လိုလဲ ကိုယ့်လူ မိန်းမယူတာကလည်း ဆိုင်းမဆင့်
ဗုံမဆင့်ပါလား... ကျုပ်တို့တောင် မသိရပါလား"

"ဖိတ်စာပို့လိုက်သားပဲ 'အောင်ဝင်း' ရ... မင်းတို့ဘာသာ
မလာချင်လို့ မလာတာဘဲ"

"ဟ မင်းဖိတ်စာရောက်လာတဲ့နေ့မှာ မင်းတို့မင်္ဂလာ
ဆောင်ပြီးနေပြီ... မင်းဟာက ကြိုတင်စီစဉ်မှုလည်း မရှိဘူး
တယ်... မယူ မယူနဲ့နေလာပြီး ယူမယ့်ယူတော့ မြန်လှချည်လား

"တွေ့ထားတာတော့ ကြာပါပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com


'ငယ်' အတွက် ဖာထေး၍ပြောမိသည်။

"မင်းမိန်းမနဲ့ တွေ့ဆုံခန်းလေးလုပ်ပေးပါဦး... 'မြနိုင်' ကြီးကတော့ တော်တော်ချော တော်တော်လှဆိုပဲကွ... ဟား ဟား"

'မြနိုင်' တဲ့။ 'မြနိုင်' ဆိုတာ တည်းခိုခန်းပိုင်ရှင်ရဲ့ နာမည်ပဲ။ ဘုရား ဘုရား။

"သိပ် ငယ်ငယ်လေးမဟုတ်ပါဘူး... ဆယ့်ကိုးနှစ်ဆယ်လောက်တော့ရှိပါပြီ"

"မောင်ရင်နဲ့ဆို ဆယ့်ခုနစ်နှစ်လောက်ငယ်တာပဲ"

"သူကထွားတယ်... ရွယ်တူလိုဖြစ်သွားတာပေါ့"

"ကိုယ့်လူတော့ လူပါးပုလင်းထိပြီထင်တယ်"

"ဘာကိုလဲ"

"မောင့်ရင့် အမျိုးသမီးဟာ မိန်းမကောင်းတစ်ယောက်ရောဟုတ်ရဲ့လား"

"ဟေ့လူ မင်းဘာစကားပြောတာလဲ... သူကြားသွားရင် ကောင်းမလား"

"ကြားအောင်လာပြောတာကွ... ဟား ဟား... ဒီစကားကိုပြောချင်လွန်းလို့ အဝေးကြီးကလာခဲ့ကြတာ... ရဲဆေးတင်လာခဲ့ကြတာ... မင်းဆီ 'မြနိုင်' စာရေးပြီး အသိပေးတာကို မင်းကသူ့ကိုသွားပြီး ထိုးလားကြိတ်လား လုပ်တယ်ဆို"

"အေး... ဟုတ်တယ်... သူများလင်မယားကြား ဝင်ရှုပ်ချင်တဲ့ကောင်ကို မှတ်သွားအောင်လုပ်လိုက်တာ"

"ဝင်ရှုပ်တာ မဟုတ်ဘူးကွ... စေတနာနဲ့ပြောတာ... မင်းမိန်းမအကြောင်း မင်း ဘာသိသလဲ"

"ဘာမှ သိစရာမလိုဘူး... မင်းတို့ကောင်းကောင်းလာရင် ကောင်းကောင်းဧည့်ခံမယ်... မဟုတ်မဟတ်ပြောမယ်ဆိုရင်တော့ ခုချက်ချင်းပြန်ကြပါ"

"အောင်မာ ကြီးကျယ်လို့ကွာ... မပြန်ဘူးဟေ့... မပြန်နိုင်ဘူး... ခုမှ နင်ထုတ်မနေနဲ့ အလျင်တုန်းက ဒီအိမ်ဟာ ငါတို့စားအိမ်သောက်အိမ်"

"အလျင်က ဟုတ်တယ်... ငါတစ်ယောက်တည်းနေတာ အခုငါ့ကိုရော... ဒီအိမ်ကြီးကိုရော ပိုင်ဆိုင်တဲ့အိမ်ရှင်မတစ်ယောက်ရောက်နေပြီ... သူ ကျေနပ်ရင် မင်းတို့ကို ငါ ထားနိုင်မယ်"

"ဟား ဟား ဟား ကျွတ် ကျွတ် ကျွတ်... လက်စသတ်တော့ မင်းလည်း မဏ္ဍာပ်စိမ်းထဲက လူပါလား... ဒီလောက်တောင်ကြောက်နေရလား"

"ကြောက်သင့်ရင်ကြောက်ရမှာပဲ... အနိုင်ယူသင့်ရင်ယူရမှာပဲ"

'ငယ်' အသက်ရှူပင်မှားနေပါပြီ။ ကိုကြီးတစ်ယောက် မိမိအကြောင်းကိုသိနေတာကြာပြီကိုး။ ဒါတောင် မိမိကိုဘာမှမ




www.burmeseclassic.com

www.burmeseclassic.com

ပြောဘဲ ဆက်ပေါင်းသင်းနေခြင်းသည် မိမိအပေါ်တွင် သူ မည်မျှ ချစ်ခင်ကြောင်းကို ထင်ရှားစေပါသည်။ 'ကိုမြနိုင်' စာရေးပြီးပြော တာဆိုပါလား။ 'ကိုမြနိုင်'နှင့်သွားတွေ့ပြီး ရန်ဖြစ်ပြီးပြီတဲ့။

ဒါတွေ သိပြီးလို့ ငါကို မယုံတာသက်သာ ဖြစ်နေတာ စ ဆန်းပါဘူး။

"ငါတို့ ပြောတာမယုံရင် မင်းစုံစမ်းကြည့်"

"မင်းတို့အားလုံးကို ငါရှင်းရှင်းပဲပြောမယ်... မင်းတို့ပြော သလို သူ အလျင်ကဖြစ်ချင်ဖြစ်ခဲ့ပါစေ... ငါ ခွင့်လွှတ်တယ်... မင်းတို့ပြောတဲ့စကားအရဆိုရင် သူ အဲဒီကောင်လေးနဲ့တွဲတာ လေးငါးရက်ပဲလို့ပြောတယ်... သူ တကယ်တွဲခဲ့တယ်ဆိုရင် တောင် ငါ ခွင့်လွှတ်တယ်... ဘာဖြစ်လို့လည်းဆိုတော့ ငါကိုယ် တိုင်တောင် အလျင်အိမ်ထောင်နဲ့တစ်နှစ်ကျော် နေခဲ့သေးတာပဲ ငါ့လက်ထဲမှာ မဖောက်ပြန်ရင်... သစ္စာရှိရင်... လင့်ဝတ္တရား ကျေပွန်ရင်ပြီးတာပဲ... ကာယကံရှင် ငါကိုယ်တိုင်ကတောင် ဘာ မှမဖြစ်တာ မင်းတို့က ဘာဖြစ်နေစရာ လိုသေးလို့လည်းကွ"

'သက်အောင်' စကားကြောင့် တစ်ဖွဲ့လုံးအနေရခက်သွား သလို အခံရခက်သွားကြသည်။

"အေးပေါ့ကွာ... မင်းခုမှ ရကာစဆိုတော့ မယားစိတ်မွှန် ပြီး ငါတို့ စေတနာကိုဘယ်နားလည်ပါ့မလဲ... မင်း ဒုက္ခရောက် မှာစိုးလို့... စောစောစီးစီး ပြင်ချိန်တန်ပြင်ရအောင်... ပြတ်ချင်ရင်





ပြတ်လို့ရအောင် လာပြောတာကွ"

"ငါမိန်းမယူတာ တစ်သက်လုံးပေါင်းဖို့ကွ... အခုယူ အခုကွာတဲ့ကောင်မျိုးမဟုတ်ဘူး... ဟေ့ကောင်တွေ မင်းတို့သိပ် အရှားလွန်မလာကြနဲ့နော်... ပြန်ကြကွာ ပြန်ကြ... ဘာမဟုတ်တဲ့ ကိစ္စကြောင့် မင်းတို့နဲ့ ငါနဲ့ အခင်မင်ပျက်ရရင် မကောင်းဘူး"

"ဒီမှာ 'သက်အောင်'... ငါတို့စော်ကားတဲ့ မင်းလိုကောင် ကို အပေါင်းအသင်းမလုပ်ချင်တော့ဘူးကွ... နားလည်လား"

"မလုပ်ချင်ရင်... သွားကြကွာ သွားကြ... မင်းတို့မသွား ရင် ငါတစ်ခုခုလုပ်မိလိမ့်မယ်... ဘယ့်နှယ်ဗျာ မိန်းကလေးတစ် ယောက်ကို ဒီလောက်အထိစော်ကားတာတော့ မကောင်းဘူးထင် တယ်"

"ကောင်းပြီ... စေတနာနဲ့ပြောတာကို မင်းနားမထောင် ရင် မင်းဒုက္ခနဲ့ မင်းနေတော့... လာဟေ့ သွားမယ်"

သူငယ်ချင်းတစ်စုထွက်သွားသည်ကို 'သက်အောင်' ကြောင်တောင်ကြည့်နေရင်းကျန်ရစ်ခဲ့သည်။ သူတို့ပြောတာ ဟုတ်နေပြီလား။ 'ငယ်'သည်မိမိနှင့် မတွေ့ဆုံခင် တစ်ပတ်ခန့်က 'ဇော်အောင်' ဆိုသော ငရုပ်ငပွေလေးတစ်ယောက်နှင့် လေးငါး ရက်ခန့် ခိုးရာလိုက်ပြေးလာဖူးသည်ဟု 'မြနိုင်' ကပြောသည်။

ဖြစ်တော့ဖြစ်နိုင်သည်။ ထိုကောင်လေးက တည်းခိုခန်း ခပင် မပေး၍ ကိုကိုက လိုက်ရှင်းရကြောင်းလည်း သိရသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ဖြစ်ပြီးနောက် 'ငယ်' ပြင်ဦးလွင်ကိုလာရောင်နေ
မိမိနှင့် တွေ့ဆုံခြင်းဖြစ်မည်။ လှပစွဲမက်စရာကောင်းသော 'ငယ်'
ကိုမိမိမြင်မြင်ချင်း တမ်းတမ်းစွဲဖြစ်ခဲ့သည်။

'လတ်' ထက် ငယ်သည်ဆိုသော ငယ်ရွယ်နုပျိုသောအ
စင်လေးတစ်ဦးပင်ဖြစ်မည်ဟု မိမိထင်ခဲ့သည်။ တကယ်တော့
မိမိသည် 'နွားစရွံ့ပိတ်' ကိုမှ မက်မောတွယ်တာမိသူ ပါကလာ
ယခုမှ စဉ်းစားမိသည်။ 'လတ်' သည်အပျိုစင်တစ်ဦးဖြစ်၍ မိမိ
မုဆိုးဖိုတစ်ဦးကို အိမ်ထောင်မပြုသော်လည်း 'ငယ်' လိုမိန်းက
လေးနဲ့တော့ မိမိကိုပေးစားကြရမှာ နှမြောတွန့်တိုခြင်း မရှိကြ
သည်ကို ယခုမှပြန်စဉ်းစားမိသည်။

" 'ငယ်' "

" 'ငယ်' "

ရှိသမျှအသံနှင့် ဒေါသတကြီးအော်လိုက်မိသည်။ နီ
သောမျက်လုံးများဖြင့် 'ငယ်' နောက်ဘက်မီးဖိုခန်းထဲမှ ထွက်လာ
ခဲ့သည်။

"မင်း မင်း မိန်းမလယ်... မိန်းမရှုပ်... ငါ့ကိုညာယူတာ
လိမ်ယူတာ"

'ဦးသက်အောင်' က မီးဝင်းဝင်းတောက်နေသောမျက်လုံး
များဖြင့် 'ငယ့်' ကိုစိမ်းကားစွာပြောသည်။ 'ငယ်' နှုတ်ခမ်းကိုတင်း
တင်းစေ့ရင်း မျက်ရည်တွေချောင်းစီးမတတ်ကျနေသည်။ မိမိ





ကောင်းနေပါလျက် မိမိ၏အတိတ်က အမည်းစက်က လိုက်
နှောက်ယှက်နေပါရောလား။ မိမိအပြစ်ကို မိမိခံယုံပေါ့။

" 'ငယ့်' ကိုမယူခင်ကတည်းက တစ်ယောက်အကြောင်း
တစ်ယောက်သိအောင် စုံစမ်းပါဦးလို့ 'ငယ်' ပြောခဲ့တယ်မဟုတ်
လား... 'ငယ်' ကိုယ်တိုင်ဖွင့်ပြောဖို့ စဉ်းစားခဲ့သေးတယ်... ဒါပေ
မဲ့ မပြောဖြစ်ခဲ့ဘူး... ဘာကြောင့်လည်းဆိုတော့ 'ငယ်' နဲ့ 'ဇော်
အောင်' နဲ့တွဲခဲ့တာ ချစ်လို့မဟုတ်ဘူး"

"နေစမ်းပါဦး... မင်းကို မသိလို့မေးပါရစေဦး... မင်းဟာ
ယောကျ်ားတွေကို မချစ်ဘဲနဲ့ယူတတ်တဲ့အကျင့် မွေးကတည်းက
ပါလာတယ်ထင်တယ်"

"မလှောင်ပါနဲ့ အစ်ကိုကြီး... 'ငယ်' ဟာ မခံချင်စိတ်နဲ့
အရှုံ့တိုက်ချင်စိတ်နဲ့... ချက်ချင်းသူဌေးဖြစ်ပြီး ပြန်ကလဲ့စားချေ
ချင်တဲ့စိတ်... ပြီးတော့ လင်မရှားဘူးဆိုတဲ့စိတ်နဲ့ 'ဇော်အောင်'
ကိုချစ်တာတွေ မချစ်တာတွေနားမလည်ဘဲ လိုက်သွားခဲ့တယ်"

'ငယ်' က ကိုကိုတို့မိသားစုအကြောင်း 'ကြီးကြီးတင်'
တို့အကြောင်းကိုဖွင့်ပြောပြလိုက်သည်။

"ဒါဆို မင်းငါ့ကိုယူတာ ချမ်းသာချင်လို့ဆိုတဲ့ အကြံတစ်
ခုတည်းနဲ့ ယူခဲ့တာပေါ့... ဟုတ်လား"

" 'ငယ်' အမှန်အတိုင်းပဲ ဝန်ခံမယ်... အစ်ကိုကြီးနဲ့ 'ငယ်'
နဲ့စတွေ့တဲ့အချိန်ဟာ 'ငယ်' စိတ်ဆင်းရဲနေတဲ့အချိန်... ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင်ကိုရှက်နေတဲ့အချိန်... လိမ္မာနေတဲ့အချိန်ပဲလို့ ပြောချင်တာပဲ"

"အင်း ဆက်ပါဦး"

"တစ်ခါမှားပြီးတဲ့အမှားကို နောက်တစ်ခါထပ်မမှားဖို့ ကိုကိုက ဆုံးမတယ်... သူ မဆုံးမလည်း ကိုယ့်ဘာသာကိုယ်နား လည်ပြီးသားပါ... 'ဦးသက်အောင်' နဲ့တွေ့တဲ့အချိန်ဟာ 'ငယ်' လိမ္မာနေတဲ့အချိန်ပါ... ကိုယ့်ဘဝကိုယ် အဖတ်ဆည်ချင်တဲ့အချိန် ပါ... 'ဆော်အောင်' ကို မချစ် မကြိုက်ဘဲနဲ့ယူခဲ့ပေမယ့် သူ့ကောင်း ရင် ကြင်နာရင် တစ်သက်လုံးပေါင်းဖို့ရည်ရွယ်ခဲ့တယ်... ဒါပေမဲ့ သူဟာ မိန်းကလေးတစ်ယောက်ကို အတည်တကျယူတတ်တဲ့ လူစားမျိုးမဟုတ်ဘူးဆိုတာ သူနဲ့နေပြီးလေးရက်မြောက်နေ့မှာ သိခဲ့တယ်... သူ့ ဇာတိပေါ်တာနဲ့ သူ 'ငယ့်' ကိုထားပြီးထွက်သွား တယ်... 'ငယ့်' အဖြစ်ကတော့ ဒါပဲ အစ်ကိုကြီး... အစ်ကိုကြီး အနေနဲ့ 'ငယ့်' ကိုအပျိုမဟုတ်လို့ ရွံ့ရှာတယ်... မပေါင်းချင်ဘူး ဆိုရင် 'ငယ်' ကွာပေးမယ်"

"မင်း ပြောလိုက်ရင် ဒါပဲ... ကွာပေးမယ်တို့... အိမ်က ဆင်းပေးမယ်တို့... သိပ်မာနကြီးနေတယ်ပေါ့ ဟုတ်လား... အင်း အဲသလို မစဉ်းစားမဆင်ခြင်ဘဲ ရုတ်တရက်ဆုံးဖြတ်တတ်တဲ့လူ မျိုးဟာ အမှားနဲ့ရင်ဆိုင်တတ်တာ ထုံးစံပဲ... တခြားမပြောနဲ့ ကျုပ် ဟာ အလုပ်တစ်ခုကို အမြဲစေ့စပ်သေချာတွေးပြီးမှ ခေါင်းအေး အေးနဲ့လုပ်တတ်တဲ့လူ... ဒါပေမဲ့ ကျုပ်ဟာ အလှအပကိုသိပ်မက်





မ်းလို့ မင်းရဲ့အလှကွန်ယက်မှာ ဝင်တိုးမိပြီး ဘာမှမစဉ်းစားနိုင် ဲ ချစ်တာတစ်ခုကိုကြည့်ပြီး အိမ်ထောင်တစ်ခုကိုထူခဲ့မိတယ်... သလိုအလှမက်လို့... အချိန်ယူလေ့လာ အကဲမခတ်လို့ အခု ျုပ် လူပါးပုလင်းထိပြီလေ"

"အို 'ငယ့်' ကိုပညာသားပါပါ နှိပ်စက်မနေနဲ့... 'ငယ်' ငယ်... အစ်ကိုကြီး 'ငယ့်' ကိုရွံနေတယ်... မုန်းနေတယ်ဆိုတာ ငယ့်' ကသိလို့နဲ့ 'ငယ်' ရှိပါစေတော့... 'ငယ်' ပြန်မယ်"

တရှိုက်ရှိုက်ငိုရင်း 'ငယ်' ပြန်ဖို့ ပြင်သည်။

"ပျက်အစဉ် ပြင်ခဏာတဲ့ 'ငယ်'... အမှားတစ်ခုကို မင်း ခါမမှားတော့ဘူးပြောပြီးမှ ဘာလို့ ထပ်မှားချင်ရတာလဲ"

"အို ဒီလမ်းကလွဲရင် 'ငယ်' ဘာလုပ်ရဦးမှာလဲ... ကိုကြီး ငယ်တိုင် 'ငယ့်' ကိုဆက်ပေါင်းချင်သေးသလား"

"ဟင်းဟင်း... စောစောက ကျုပ်သူငယ်ချင်းတွေပြော ာတာ ကြားတယ်မဟုတ်လား... ကျုပ်ကို မင်းဒုက္ခနဲ့ မင်းနေ ာ့တဲ့... ပြီးတော့ နွားကြီးတဲ့... ကျုပ် ဘွတ်အဲလို့ ဆက်အော် ဦးမယ် 'ငယ်'"

"ကိုကြီး... ဒီစကားမျိုးနဲ့တော့ 'ငယ့်' ကိုမနှိပ်စက်ပါနဲ့... ငယ်' ပြန်မယ်... ဒီအကြောင်းတွေသိပြီးနေမှတော့ 'ငယ့်' ကိုတစ် က်လုံးအနိုင်ကျင့်နေမှာ... 'ငယ့်' ဘဝကိုက ဆိုးတာ... အင်း ပြီး ဟိုး"



www.burmeseclassic.com

www.burmeseclassic.com



'ငယ်' က မျက်နှာကိုလက်ဝါးနှင့်အုပ်၍ငိုသည်။ မိမိ
ဘယ်လိုပဲကောင်းအောင်နေနေ၊ သူ့အပေါ် ဘယ်လိုပဲသစ္စာရှိရှိ
ဘယ်လိုပဲ မြတ်နိုးမြတ်နိုး၊ မိမိ၏ အတိတ်ကအရိပ်ကြောင့် မိမိ
စေတနာကိုရော၊ မေတ္တာကိုရော၊ အားကိုးယုံကြည်မှုကိုပါ လက်ခံ
တော့မည် မဟုတ်။ ကြည့်လေ...။

ယခုပင် သူ့ကိုယ်သူ နွားကြီးဟု ပြောနေပြီ။ နွားလိုအော်
ပြနေပြီ။

"မင်းဆင်းသွားတာကို ကျုပ်က အမိန့်တရပ်အနေနဲ့ ပိတ်
ပင်တားမြစ်ရမှာပဲ 'ငယ်'... ဘာဖြစ်လို့လဲဆိုတော့ ပထမအချက်
အနေနဲ့ မင်းကို ကျုပ်မခွဲနိုင်ဘူး... မပြတ်နိုင်ဘူး... ရှင်းရှင်းပြော
ရင် ကျုပ် မင်းကိုသိပ်ချစ်နေမိပြီ... ဒုတိယအချက်အနေနဲ့
မင်း ဗိုက်ထဲမှာ ကျုပ်ရင်သွေးရှိတယ်... အဲဒီရင်သွေးကိုလည်း
ကျုပ် မမြင်ရသေးပေမယ့် မင်းနဲ့နည်းတူချစ်တယ်... မပြတ်နိုင်ဘူး
မခွဲနိုင်ဘူး"

"ကိုကြီးနဲ့ရတဲ့ရင်သွေး မဟုတ်ဘူး"

"ဟား ဟား ဟား မင်းဟာလေ လိမ်ရညာရမှာကို ဝါသ
နာပါနေပြီနဲ့တူတယ်... မင်းနဲ့ ကျုပ်ညားတာ ခြောက်လကျော်ပြီ
ဗိုက်ထဲက ကလေးက ခုမှ သုံးလ... ကျုပ်နဲ့မင်းယူပြီး သုံးလကြာ
မှရတာ... ဒါကို မင်းက ကျုပ်နဲ့ရတဲ့ကလေး မဟုတ်ဘူးလို့ ပြော
ရအောင် ဘာလဲ မင်းက ကျုပ် မသိအောင် တိတ်တိတ်ပုန်းတ





ယောက် ထပ်တွေ့ထားလို့လား... ဒါမှမဟုတ် 'ဇော်အောင်' ဆိုတဲ့
အောင်နဲ့ ပြန်တွေ့နေပြီလား"

ထိုစကားသည် 'ငယ့်' ရင်ကို နာကျင်စေပါသည်။

"ကိုကြီး ခုလို 'ငယ့်' ကိုသံသယရှိနေသမျှ အိမ်ထောင်
ရေးဟာ ဘယ်တော့မှ အဆင်ပြေမှာမဟုတ်ဘူး"

"မင်း ဘာလို့ ကျုပ်နဲ့ရတဲ့ကလေးကို မဟုတ်ဘူးလို့ပြော
ဘာလဲ"

"ပြောလည်း ယုံကြည်မှာမှမဟုတ်တာ"

"ကျန်တာ မယုံပေမယ့် မင်း ကျုပ်နဲ့ရပြီးကတည်းက
ခြငြိမ်နေတာ ကျုပ်တွေ့တာပဲ... ကဲပါ... သူများတွေပြောသလို
င်းဟာနာမည်ပျက်ရှိတဲ့ မိန်းကလေး မဟုတ်ဘူးဆိုတာ သိ
အောင်ဒီနေ့ကစပြီး သစ္စာရှိရှိနေပြစမ်းပါ"

"'ငယ့်'ကိုပြောချင်တာ ပြောကြစမ်းပါစေ... 'ငယ်'ဟာ
ဒီနေ့ထက်ထိ ကိုကြီး အပေါ်မှာ သစ္စာမဖောက်သေးဘူး... နောင်
ည်း သစ္စာမဖောက်ဘူးလို့ ကတိပေးတယ်... တကယ်လို့ သစ္စာ
ဖောက်ခဲ့ရင် သွေးပွက်ပွက်အန်ပြီး သေရပါစေရဲ့"

"ဟာ ဘာတွေလျှောက်ပြောနေတာလဲ... မဟုတ်တာ
တွေပဲ... ကျုပ် ဒီလောက်အထိ သဘောထားမသေးသိမ်ပါဘူး...
င်း ကျုပ်ကို ပစ်ချင်ပစ်သွား... ဒါပေမဲ့ ကျုပ် သေမှနော်...ကျုပ်
သေမှ... ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

ဒီလူကြီး မိမိအပေါ်ချစ်ခင်မှုသည် အံ့သြစရာကောင်း လောက်အောင်ပါဝဲလား။ မိမိကို ချစ်သည့်အချစ်ထက် သူ့ရင်း သွေးကိုချစ်သည့်အချစ်ကလည်း ပိုချင်ပိုမည်ပေါ့။ သြော် အသိ ဉာဏ်မရှိတဲ့ တိရစ္ဆာန်တွေတောင် အတူတူကြာကြာနေလာတဲ့အ ခါ သံယောဇဉ်ဆိုတဲ့သဘောကို နားလည်လာတတ်ကြသေးတာ 'ငယ်' ဟာ အသိဉာဏ်ရှိတဲ့ လူသားပါ။

ကိုယ့်အပေါ်မှာ ခွင့်လွှတ်နိုင်တဲ့ ကိုယ့်ဘဝကို ကယ်တင် ခဲ့တဲ့ ဆေးဆရာရင် ချစ်ခင်ပွန်းအား မိမိက သစ္စာရှိရှိချစ်ဖို့၊ စလက် ထစ်ကတည်းက ဆုံးဖြတ်ပြီးသားပါ။



၁၆

အိမ်ထောင်ရေးတွင် တစ်ယောက်ကိုတစ်ယောက်နား လည်မှုရှိခြင်းသည် အဓိကဖြစ်သည်။ 'ငယ်' နှင့် 'ဦးသက်အောင်' တို့အိမ်ထောင်ရေးသည် သာယာဖြောင့်ဖြူးလျက်ရှိသည်။ 'ငယ်' ၏ အကြံပေးချက်ကို ခင်ပွန်းဖြစ်သူကနားထောင်သည်။

"ကိုကြီး ရေ"

"ဘာလဲ 'ငယ်လေး' "

" 'ငယ်' တစ်ခုအကြံပေးချင်တယ်... ကိုကြီးမကျေနပ်ရင် လေပ်နဲ့နော်"

" 'ငယ်' ကျေနပ်တာဆိုရင် ကိုကြီးကျေနပ်မှာပါ"

" 'ငယ်' မွေးဖွားပြီးလို့နေသားကျသွားရင် ရန်ကုန်ကို ပြောင်းရအောင်လား... ဟိုကအိမ်ကလည်း သူများနဲ့ပစ်ထားရ တာမဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ မပျော်လို့လား"

"မပျော်လို့မဟုတ်ဘူးကိုကြီး... ကိုကြီးနဲ့နေရရင် 'ငယ်' ဘယ်မှာပဲနေရနေရပျော်ပါတယ်"

"အဲဟား ဟား... ကောင်မလေး ဟုတ်မှလည်းလုပ်"

"မယုံဘူးလား"

"အာ ယုံပါတယ်ဗျာ... ယုံပါတယ်"

စိုက်ဖိုးအင်္ကျီအဖြူရောင်လေးဖြင့် ကိုယ်ဝန်ခြောက်လ လွယ်ထားရသော မိခင်လောင်းဇနီးသည်အား ယုယစွာသိုင်းဖ ရင်းပြောသည်။

"'ငယ်' စဉ်းစားမိတာက ဒီလိုကိုကြီးရဲ့... မန္တလေး ခုဆိုတည်းခိုခန်းတွေ သိပ်ခေတ်စားနေတာမဟုတ်လား"

"ဟုတ်တာပေါ့မိန်းမရ... ခေတ်စားတာမဟုတ်ဘူး လမ်းပမ်းဆက်သွယ်ရေးကောင်းတယ်... မော်တော်ကားကိုအ များလာတယ်... နောက်တစ်ခုကမန္တလေးဟာ မြန်မာပြည်ရဲ့ လယ်ကျတဲ့မြို့ကြီးဖြစ်တယ်... ကုန်းလမ်းရေလမ်းလေလမ်းဆုံ မြို့လည်းဖြစ်တယ်ဆိုတော့ မြန်မာပြည်ရဲ့ရှေ့နောက်တော မြောက်က ကုန်ရောင်းကုန်ဝယ်သမားတွေရော... ကိုယ်ရေးကို တာကိစ္စအတွက်ရော အစိုးရအလုပ်သမားတွေရော အားလုံး ရောက်ရှိလာတတ်တယ်... ရပ်ဝေးကခဏတဖြုတ်လေးငါး လာကြတာများတော့ တည်းခိုခန်းကိုပဲ အားကိုးရတော့တာ



ဆွေမျိုးသားချင်းရှိသူတွေတောင် မြို့လည်ကျတဲ့တည်းခိုခန်းတွေ မှာပဲ တည်းပြုပြီး ပြန်သွားကြတယ်လေ... မြို့ထဲဆိုတော့သွားရ လာရလွယ်ကူတယ်မဟုတ်လား"

"အင်းလေ... 'ငယ်' လည်းတည်းခိုခန်းတွေကိုကြည့်ပြီး အားကျနေတာ... တစ်နေ့ကိုခပ်ကျယ်ကျယ်တည်းခိုခန်းဆိုရင် တစ်ယောက်ကိုဆယ့်ငါးကျပ်ထား အောက်ထပ်တစ်ထပ်တည်းကို ပဲ လူလေးဆယ်လောက်ဆံ့တယ်... ခြောက်ရာလောက်စည်တယ် ဒီလောက်တည်းခိုခန်းတွေများတာတောင် အားလုံးလူပြည့်တာပဲ"

"'ငယ်'က တည်းခိုခန်းဖွင့်ချင်လို့လား"

"အင်းပေါ့... တစ်နေ့သုံးရာပဲထားဦး... တစ်လကိုကိုး ထောင်နည်းလား... 'ငယ်' တို့သာ လူလေးဆယ်ဆံ့တဲ့တည်းခို ခန်းကိုဖွင့်နိုင်မယ်ဆိုရင် နှစ်သောင်းနီးပါးရမှာ...'ငယ်' တော့ဖွင့် ချင်တာပဲ"

"ကိုကြီးပြောမယ်... အခု ကိုကြီးတို့နေတဲ့နေရာကတည်း ခိုခန်းဖွင့်တဲ့နေရာမဟုတ်ဘူး... တည်းခိုခန်းဆိုတာက မြို့ထဲနဲ့နီး မှကောင်းတာ"

"'ငယ်'လည်း စဉ်းစားမိပါတယ်... ကိုကြီး သဘောတူ မယ်ဆိုရင်ပေါ့လေ... ဒီတိုက်ကြီးရော 'ငယ်' တို့တိုက်ကိုပါရောင်း ပြီး မြို့ထဲကတိုက်တစ်လုံးဝယ်... ပြန်ပြီး ခေတ်မီမီပြင်ပြီး ဖွင့်ရင် မကောင်းဘူးလားလို့"


www.burmeseclassic.com

www.burmeseclassic.com

"'ငယ်' တို့တိုက်ကိုတော့ ရောင်းစရာမလိုပါဘူး...
ကျုပ် မိန်းမက ကျုပ်နဲ့အဆင်မပြေတိုင်း အဲဒီတိုက်ကဆင်းမယ်
ဆင်းမယ်ဆိုပြီး အရသာခံပြောနေတာ... အဲဒီတိုက်ရောင်းလိုက်
တော့ နောက်တစ်ခါရန်ဖြစ်ရင် ကျုပ်မိန်းမ ဆင်းစရာနေရာမရှိ
နေမှာစိုးလို့ပါ"

"ဟွန်း"

'ငယ်' ကမျက်စောင်းထိုးရင် ထုသည်။

"သူ့ယောက္ခမတိုက်ကြီးမို့ မရောင်းရက်ဘူးဆိုလည်း
ဘောပဲ... စိတ်ထဲက မကျေမနပ်နဲ့တော့ လုပ်မနေနဲ့"

'ငယ်' က ဗိုက်ထဲက ကလေးရနေတာတောင် စိတ်
ကောက်တုန်း။ ဒီပညာမျိုးကို မိန်းမတိုင်း မသင်ရဘဲ တတ်လေး
လား။ သူတို့လိုချင်သောပစ္စည်းတစ်ခုကို မရမှာစိုး၍ အလျင်
တင်၍ စိတ်ကောက်ပြတတ်သည်။ ယောကျ်ားဆိုတဲ့ကောင်မျိုး
လည်း မိန်းမစိတ်ကောက်လျှင် ချော့ရတာအမော။ နောက်ဆုံး
တော့လည်း မိန်းမအကြိုက်လိုက်ရသည်သာ။

"'ငယ့်' အကြံအစည်ကို ဘာမှလက်မခံနိုင်စရာ မရှိ
ဘူးလေ... ကောင်းတဲ့အလုပ် တိုးပွားတဲ့အလုပ်ပဲ... ကိုကြီးတို့
တဲ့ဒီအိမ်ကြီးကို လိုချင်တဲ့သူတွေကမနည်းဘူး... ဈေးလည်း
ကောင်းကောင်းပေးနေကြတာပဲ... 'ငယ်' တို့အိမ်ရောင်းစရာမ
ပါဘူး... တည်းခိုခန်းဆိုတာ လူဘောက်သောက်လာမှာနော်





'ငယ်' ဦးနှောက်ခြောက်နေမယ်"

"ဖေဖေနဲ့မေမေက ဈေးမထွက်ရတော့ ဒီအတိုင်းအိမ်မှာ
ထိုင်နေရတော့ ပျင်းတယ် ကိုရေ... ဖေဖေနဲ့မေမေတို့ ဂျူတီဝင်
ခိုင်းလို့ ရတာပဲ"

"ဦးလေးတို့ ဒေါ်လေးတို့ ဒီကိုပြောင်းလာတော့ 'လတ်'
တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

"အမယ်မယ်... အဟဲဟဲ... သူ့အဆက်ဟောင်းကြီးတစ်
ယောက်တည်းကျန်ခဲ့မှာကို စိုးရိမ်နေလိုက်တာ"

"'ငယ်' နော် ကောင်မလေး ဘာတွေလျှောက်ပြောနေ
တာလဲ... လူကြားလို့ မကောင်းတဲ့စကားမျိုး... ကိုယ် သွေးရိုးသား
ရိုးပြောတာ"

"အဟဲ စ,တာပါ ကိုကြီးရယ်... 'မလတ်' ကိုလည်း ဖေဖေ
နဲ့ခေါ်ထားလိုက်ကြတာပေါ့... အပေါ်ထပ်ကို 'ငယ်' တို့မိသားစု
တွေနေရင် အကျယ်ကြီးပဲဟာ"

"ဟာ ရေရှည်ကျတော့ ဘယ်ကောင်းမလဲ မိန်းမရဲ့...
'လတ်' ကအိမ်ထောင်မရှိတဲ့အပျိုဆိုတော့ လွတ်လွတ်လပ်လပ်ပဲ
နေချင်မှာပေါ့... ဒီလိုလုပ် ကိုယ်တို့က သူတို့အိမ်ကိုပြောင်းမယ်...
'လတ်' တို့ကိုဒီမှာထား"

"'ငယ်' ကအစ်ကိုကြီးအနေများတဲ့ ရန်ကုန်မှာပဲလိုက်နေ
မှာ"



www.burmeseclassic.com

www.burmeseclassic.com


"'ငယ်' မိဘတွေနဲ့ဝေးသွားမှာပေါ့"

"နှစ်လတစ်ခါလောက် လာတွေ့မှာပေါ့... မိဘကအဝေးမှာထားရတာ စိုးရိမ်စရာမရှိဘူး... ယောကျ်ားကိုအဝေးမှာထားရင်စိတ်မချဘူး... တစ်ယောက်တည်းသွားသွားနေတော့ လူပျိုထင်ပြီးလိုက်နေကြရင် မလွယ်ဘူး"

"ဟား ဟား ပြောင်းပြန်ပြောနေပြန်ပြီ... ကိုယ်က 'ငယ်'ကို စိတ်မချတာပါကွာ"

"'ငယ့်'ကိုအပျိုမှတ်ဘူးဆိုတာ လူတိုင်းသိတယ်"

'ငယ်'က သူ့ဗိုက်ကို မျက်စပစ်၍ ပြောသည်။

"မွေးပြီးရင်ကော"

"ကလေးက အမေ့နားမှာ အနေများတာလေ... ကိုကြီးက နေကာမျက်မှန်လေးတပ်... ကားလေးမောင်းပြီး ဘော်ကြေးသွားနေတာ... ကလေးပါတာမှ မဟုတ်ဘဲ"

"ကဲ စိတ်မချရင်လိုက်ခဲ့ပေတော့... 'ငယ့်' စိတ်ထဲမှာ ကျူပ်ကို သားကြီး မယားကြီးတွေ ရန်ကုန်မှာရှိနေတယ်လို့ ထင်နေပြီထင်တယ်"

"တစ်ခါတစ်ခါတော့ တွေးမိသား... အဲလိုများရှိနေရင်တော့ဒုက္ခပဲလို့"

"အင်း ရှိနေရင် 'ငယ်' ဘာလုပ်မလဲ"

"အစ်ကိုကြီးကို သတ်ပစ်မှာ"



"အောင်မယ်လေးဗျာ... ကြောက်စရာကြီး"

"အဟုတ်လုပ်မှာ 'ငယ်' ညာတာမဟုတ်ဘူး... 'ငယ်'လည်း ကိုကြီးကို မညာဘူး... 'ငယ့်'ကိုညာရင်လည်း ခွင့်လွှတ်မှာမဟုတ်ဘူး... ပြော ရန်ကုန်မှာသွားသွားနေတာ ဟိုမှာ အကြီးရှိနေသလား... ဒါမှ မဟုတ် 'ငယ့်' ထက်အငယ် ရှိနေသလား"

"အကြီးလည်းမရှိဘူး... အငယ်လည်း မရှိဘူး... ရှိနေရင် 'ငယ်'နဲ့ဒီလောက် အကြာကြီးနေတာ သူတို့လိုက်လာကြမှာပေါ့ ပြီးတော့ 'ငယ်'နဲ့ကိုယ် လက်ထပ်တာသတင်းစာထဲမှာ ပါတာပဲ ရှိနေရင် ငြိမ်နေကြမလား... ရန်ကုန်ကို တစ်လလေးငါးရက်တော့ သွားမှာပဲလေ... အလုပ်ကိစ္စ ငွေကိစ္စက ရှိနေတယ် မဟုတ်လား"

"'ငယ်' ရန်ကုန်မှာ လိုက်နေရင်ကော မန္တလေးကို ခဏခဏလာမှာလား"

"အင်းလေ အတတ်နိုင်ဆုံး 'ငယ်' နဲ့အတူရှိနေအောင်ကြိုးစားရမှာပဲ... ကုန်သည်ဆိုတော့ ကုန်ရှိတဲ့နေရာကိုလိုက်ရမှာပဲ ကိုယ့်မှာက ကျောထောက်နောက်ခံ ခိုင်းရမယ့်လူကလည်း မရှိဘူး ဒါကြောင့် 'ငယ်' မွေးရင် ယောကျ်ားလေးပဲအလျှင်မွေး... မိန်းကလေး လိုချင်ပေမယ့် နောက်မှမွေး ကြားလား"

"အို ကိုယ်မွေးချင်တိုင်းမွေးလို့ရမှာ ကျနေတာပဲ"

"အလကားပြောတာပါကွာ... ဘာလေးမွေးမွေး ကျုပ်တော့ ချစ်မှာပဲ... ရန်ကုန်ပြောင်းချင်ရင် သားဦးလေးမွေးပြီးမှ


www.burmeseclassic.com

www.burmeseclassic.com

ပြောင်းကြတာပေါ့"

'ငယ်'သူဖြစ်ချင်တာဖြစ်ရ၍ ကျေနပ်သည်။ 'ငယ်'ဘာ သည် ရွှေလိုချင်ရင် ရွှေ၊ ငွေလိုချင်ရင်ငွေ။

"'ငယ်' မွေးကာနီးကျရင် ဘယ်လိုစီစဉ်မလဲ… ဒေါ်ဒေ[illegible] တို့ကို ဒီမှာခေါ်ထားမလား"

"ဒီလိုလုပ်လေ ကိုကြီးရဲ့… 'ငယ်' တို့လင်မယား ဟိုမှာ သွားနေလိုက်ရအောင်… ဒါဆို ကိုကြီးလည်း ဒီတိုက်ရောင်းတဲ့ ကိစ္စရော… မြို့ထဲမှာ အိမ်ဝယ်ဖို့ကိစ္စရော အေးအေးဆေးဆေး စဉ်လို့ရတယ် မဟုတ်လား"

"ပြင်ဦးလွင်မှာ သွားနေရင်ကော"

"ဟာ ဘယ်ဖြစ်မလည်း ကိုကြီးရဲ့… ကိုကြီးလည်း အလုပ်ပျက်မယ်… 'ငယ်' တစ်ယောက်အတွက် အားလုံးပြင်ဦးလွင်နဲ့ မန္တလေးကို ဟိုပြေးဒီပြေးဖြစ်ကုန်မှာပေါ့… ဘာလဲ 'ငယ်'တို့တိုက်က ကိုကြီးပိုင်တဲ့တိုက်တွေလောက် မကြီးလို့လား"

"ကြကြဖန်ဖန်ကွာ… 'ငယ်' ဟာလေ… ခုထိ ကလေးစိတ်မပျောက်သေးဘူး… ကိုယ်ဆိုင်တာ ကိုယ်စွတ်တွေးတော့တာပဲ… မသင့်တော်မှာစိုးလို့ပြောနေတာ… ကိုယ်ပါလိုက်နေရင် 'လတ်' အနေရထိုင်ရခက်နေမှာပေါ့"

"ကိုကြီးနော် 'မလတ်' ကို ကိုကြီးခုထိ စိတ်မကုန်သေးဘူးဆိုတာ သိပ်ပေါ်လွင်တာပဲ… စကားပြောတိုင်း 'မလတ်' မပါ





ရင်မပြီးဘူး"

"မင်းကလည်း စေတနာနဲ့ပြောလို့ပြောမှန်းမသိဘူး… သူစိမ်းယောကျ်ားလေးတစ်ယောက်ရှိရင် သူ့အနေခက်မှာစိုးလို့ ပြောတာ"

"အို ဘာအနေခက်စရာရှိလို့လဲ… အိမ်ကကျယ်လည်း ကျယ်တယ်… ပြီးတော့ အပေါ်ဆုံးမှာတစ်ထပ်ပိုထားတော့ သုံးထပ်တောင်… 'မလတ်' ကိုအပေါ်ဆုံးမှာထား… ဖေဖေတို့က အလယ်ထပ်… 'ငယ်' တို့က အောက်ဆုံးထပ် အဆင်ကိုပြေလို့"

"သဘော သဘော မင်းသဘော"

'ငယ်' ပိုက်ဆံအိတ်တကားကား၊ ဗိုက်ဖုံးအကျီတကားကားဖြင့် ကားပေါ်မှဆင်းခဲ့သည်။ ဝရန်တာမှ ရပ်ကြည့်နေသော ဘိုကို့ကိုမြင်တော့ ငယ်ကျင့်မပျောက်ဘဲ လျှာထုတ်ပြမိသည်။ 'ဒေါ်တင်တင်' နှင့် 'ဒေါ်ခင်ခင်' တို့လည်း 'ငယ်' လျှာထုတ်ပြသည်ကို မြင်သည်။

"ဒီကောင်မလေးဟာ အိမ်ထောင်သာကျတယ် ကလေးစိတ်ပျောက်သေးတာမဟုတ်ဘူး"

'ဒေါ်တင်တင်' က ဤသို့စကားစသည်နှင့် 'ဒေါ်ခင်ခင်' က…

"'သက်အောင်' လိုလူမျိုးမို့ ယူတာ… 'မိငယ်' လိုဟာမျိုးကျ… သူမို့အထင်ကြီးပြီး ယူတယ်… မိန်းမလည်း ပီသတာမဟုတ်


www.burmeseclassic.com

www.burmeseclassic.com



ဘူး... ရှိသမျှ ကုန်အောင်ဖြုန်းမယ့် ဟာမျိုး"

"မမေတို့ ဒေါ်လေးတို့ကလည်းဗျာ... 'ငယ်'ကိုပဲ အပြစ်ပြောနေကြတာပဲ... သူလည်း အသက်ကြီးလာတာနဲ့အမျှ လိမ္မာရေးခြားရှိလာမှာပေါ့"

"မင်းကလည်း သူ့အကြောင်း ပြောရင်ကိုမကြိုက်ဘူး"

"ဘယ်ကြိုက်မလဲ... သူပါ ဆပ်စလူးကိုကြိုက်နေတာကိုး

ဟွန်း နင်တို့ယောကျ်ားလေးတွေဟာလေ... မိန်းမကောင်းဆိုတယ်မကြိုက်ချင်ဘူး... 'ငယ်'လိုငရဲပြာလူးတဲ့ ဟာမျိုးမှသဘောကျတာ... ကြည့်နေပါ 'မိငယ်'နဲ့ 'သက်အောင်'ဘယ်နေ့ကွဲမလဲဆိုတာ"

"ဟုတ်တယ် မမ... 'ဇော်အောင်'ဆိုတဲ့ကောင်လေးနဲ့ လိုက်ပြေးတာကိုသိရင် 'သက်အောင်'ကပေါင်းမတဲ့လား"

"ဟာဗျာ မမေတို့ သူများအကြောင်းသိပ်ပြောတာပဲ... ကိုယ်လည်းအကျိုးမရှိ... သူလည်း အကျိုးမရှိနဲ့"

"သူ့ဟာမ ထိလို့နာနေလိုက်တာ... ဒီမှာ မင်းကို 'လတ်'နဲ့အိမ်ထောင်ချပေးမယ်လို့ စဉ်းစားထားတယ်... မင်းဘယ်လိုသဘောရသလဲ"

ထိုစကားကြောင့် ကိုကိုက တအံ့တသြ...

"ဗျာ ကျွန်တော့်ကို 'လတ်'နဲ့နေရာချမယ် ဟုတ်လား"

"အေးလေ"





"မဟုတ်တာဗျာ... မမေတို့ပဲအစက သူနဲ့ဖြစ်မှာစိုးလို့ 'ခင်း'နဲ့နေရာချတယ်... အခု သူတို့ချမ်းသာလာတော့မှ 'လတ်'နဲ့ပေးစားမယ်ဆိုတော့ ဘယ်ကောင်းမှာလဲ"

"'လတ်'နဲ့သဘောမတူတာက 'လတ်'တို့ဆင်းရဲလို့... အခု ချမ်းသာလာပြီ... ဒီတော့ 'လတ်'လိုပညာတတ်မိန်းမလှတစ်ယောက်နဲ့ ငါ့သားကို ဘာမှ သဘောမတူစရာမရှိတော့ဘူး"

"မမေတို့ဟာ လူလူချင်းပေါင်းတဲ့နေရာမှာ ငွေကြားထဲခင်ရှုပ်နေတာကိုး... ကျွန်တော် မိန်းမ မယူချင်သေးပါဘူး"

"ဘယ်တော့ ယူမှာလဲ... တဖြည်းဖြည်း အသက်ကတစ်နှစ်ပြီးတစ်နှစ် ကြီးလာပြီဟဲ့"

"ဘယ်တော့မှမယူဘူး... လူပျိုကြီးပဲ လုပ်တော့မယ်"

"ဟဲ့ လူပျိုကြီး အပျိုကြီးဘဝကို နင်မို့အားကျတယ်... အသက်ကြီးလာရင် နင့်ကိုဘယ်သူကပြုစုမလဲ... နင့်နောင်ရေးစိတ်အေးရအောင် လူကြီးတွေစီစဉ်နေတာကို နေ့ရှေ့ညရှေ့နဲ့ ငါတို့တွေ အသေဖြောင့်အောင်လည်း လုပ်ဦးနော်"

"ဟုတ်ပါ့တော်... ဘယ်လိုများမွေးထားမိတယ် မသိပါဘူး... ဟိုဟာနဲ့ပေးစားလည်း မကြိုက်... ဒီဟာနဲ့ပေးစားလည်းကြိုက်နဲ့"

"သူလည်း 'သက်အောင်'လိုပဲ မိန်းမကောင်းကြိုက်တာ မဟုတ်ဘူး... 'ငယ်'လို ခပ်ရှုရှု ခပ်ထထကိုမှ... 'ငယ်'ကိုမရလို့



www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးလုပ်မယ်နေတာ"

အမေနှင့် အဒေါ်စကားကိုနားထောင်ရင်း ကိုကို ပြုံးမိ
သည်။

"မင်းက ဘာပြုံးတာလဲ"

"မေမေတို့စိတ်ချမ်းသာအောင် ကျွန်တော်မိန်းမယူပေး
မယ်"

"ဟော အဟုတ်လား... ဘယ်သူ့ကိုလဲ... 'အဝင်း' လား
ဒါမှမဟုတ် 'လတ်' လား"

"ဟား ဟား သူတို့တစ်ယောက်မှမဟုတ်ဘူး... ကျွန်တော်
ယူမယ့်မိန်းကလေးက ခုမှ ဗိုက်ထဲမှာရှိသေးတာ... 'ငယ်' ဗိုက်ထဲ
မှာလေ"

"ဘာ ခွေးကောင်... လူကြီးတွေကိုများ သူကပြောင်လား
နောက်လားနဲ့"

"ပြောင်တာ မဟုတ်ဘူး မမရေ... မမသားက ဟိုဆတ်
ဆလူးမကို မရတော့ သူ့ဗိုက်ထဲက ကလေးအထိ လိုက်ကြိုက်နေ
တာ"

"ဟား ဟား ဟား"

ကိုကို အားရပါးတရ ရယ်သည်။ 'ငယ်' လာ၍ ကိုကို
ပျော်သည်။ ချစ်သူလို မချစ်ရသည့်တိုင် နှမလေးတစ်ယောက်လို
ချစ်နေဆဲပါ။



## ၁၇

ဟိုဘက်အိမ်နှင့် ဒီဘက်အိမ် နှစ်အိမ်တစ်အိမ်ဖြစ်နေကြ
သော်လည်း အမှတ်သည်းချေကြီးသော 'ငယ်' က ကိုကိုတို့အိမ်
ဘက်ကို မလာ။ စိန်တွေ ရွှေတွေကိုသာ ကြည့်၍ပေါင်းတတ်
သော 'ကြီးကြီးတင်' တို့ ညီအစ်မနှစ်ယောက်ရှေ့တွင် လက်ဝတ်ရ
တနာမျိုးစုံကို ကော်ပုတီးလို၊ ပယင်းပုတီးလို ဝတ်ပြသည်။

ကောင်းကောင်းသုံးပြသည်။ ခင်ပွန်းဖြစ်သူက သူ့ကို
ဘယ်လိုချစ်ကြောင်း၊ ဘယ်လို အလိုလိုက်ကြောင်း၊ ဘယ်လောက်
ချမ်းသာကြောင်းကြွားသည်။ တစ်ရပ်ကွက်လုံး၏ ခေါင်းလောင်း
ဖြစ်သော အပျိုကြီး 'ဒေါ်ခင်ခင်'က သတင်းရော၊ အတင်းရော
ဖြန့်သည်။

ထိုကြောင့် တစ်ရပ်လုံး 'ငယ်' အကြောင်း အသေလုံးသိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ 'ငယ်' ကလည်း ဗိုက်ဖုံးအင်္ကျီအမျိုးမျိုးဝတ်၍ ညနေဆို
လမ်းလျှောက်ရတာ အမော။

" 'ငယ်' တယ်လီဖုန်းလာတယ်"

'ငယ်' တယ်လီဖုန်းကို ဟန်နှင့်ပန်နှင့် ကိုင်သည်။ ဟို
ဘက်တိုက်က 'ကြီးကြီးတင်' တို့ ကြည့်နေမှန်းသိ၍ စတိုင်ထုတ်
နေခြင်းဖြစ်သည်။ ခင်ပွန်းဖြစ်သူ ရန်ကုန်မှဆက်အည့်ထင်ပြီး...

"ကိုကြီးလား... 'ငယ်' ပြောနေတယ်လေ"

"ဟဲ ဟဲ ကိုကြီး မဟုတ်ဘူး... ကိုလေး ကိုလေး... အသံ
တောင်မမှတ်မိတော့ဘူးလား အချစ်ရဲ့"

'ငယ်' မျက်လုံးများ ပြူးကျယ်သွားသည်။ ဒူးတွေတုန်
ရင်တွေခုန်ပြီး သွေးတိုးနှုန်းတွေ မမှန်တော့။ ထိုအသံကို ကောင်း
ကောင်းမှတ်မိပါသည်။ 'ဇော်အောင်' အသံ။

" 'ငယ်' မောင့်အသံကို မှတ်မိပြီလား"

'ငယ်' ဘာပြန်ပြောရမှန်း မသိ။ တယ်လီဖုန်းကိုတော့
ကိုင်ထားဆဲဖြစ်သည်။

" 'ငယ်' မောင့်ကို သတိရသေးလား ဟင်"

"အို ဘာဆိုင်လို့ သတိရ,ရမှာတုန်း"

'ငယ်' ထိုစကားကို အတန်တန်ကြိုးစား၍ ပြောလိုက်
ခြင်းဖြစ်သည်။ လုံးဝမမျှော်လင့်ထားသော သူ၏ အသံဖြစ်သ
မိမိဘဝကို ဖြစ်ချင်ရာဖြစ်လုပ်သွားရက်သော ဒင်းကိုမုန်းသည်





ာ်နှာလည်း မမြင်ချင်။ အသံလည်း မကြားချင်။

" 'ငယ်' တကယ်ရက်စက်တယ်ကွာ... မောင်နဲ့အဆင်မ
ဖြစ်တာလေးကို ပုံကြီးချဲ့ပြီး အပြစ်ရှာနေလိုက်တာ... လင်နဲ့
ားပဲ... တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှမှပေါ့...
ယောက်မှားရင် တစ်ယောက်ခွင့်လွှတ်နိုင်မှပေါ့... မောင်ဝန်ခံ
တယ်... မောင် မှားတာကို... 'ငယ်' ကိုထားခဲ့ပြီး မောင့်မိဘ
ဆီမှာ အကျိုးအကြောင်းသွားပြောပြတယ်... သူတို့က မောင့်
ားကို မယုံလို့ ငွေထုတ်မပေးဘူး... ဒါနဲ့ မောင်အိမ်ထောင်
ခုကို ထူထောင်နိုင်ဖို့ စီးပွားရေးကို ကြိုးစားလုပ်ခဲ့တယ်...
ယ်လောက်အထိကြိုးစားခဲ့သလဲ သိလား"

"မသိဘူး... သိလည်း မသိချင်ဘူး"

"ဟဲ ဟဲ 'ငယ်'က မောင့်ကိုစိတ်ကောက်နေတယ်ထင်
ယ်... အလျင်က ဒီလိုလေသံမျိုးနဲ့ မပြောဖူးပါဘူး... မောင့်ရင်
ဆဲမှာတုန်းက ပြောတဲ့ အသံချွဲချွဲလေးပြောပါဦး"

"ထွီး..."

"ဟား ဟား ဟား... ဩော်... 'ငယ်' 'ငယ်'... ဒီလောက်
ဆိုးဖြစ်နေပြီလား"

"ဒီထက်တောင်ပိုတယ်... တတ်နိုင်ရင် နင့်ကို နုပ်နုပ်စဉ်း
လိုက်ချင်တယ် သိလား"

"အချစ်ကလည်းကွာ... မောင့် အမှားကို မောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ပါတယ်... ဘာကယ်တမ်းကျတော့ အချစ်ကို မောင် မစွန့်လွှ
နိုင်ဘူး... မခွဲနိုင်ဘူး... မောင် 'ငယ်' ကိုတွေ့ချင်တယ်"

"အို ဘာမှတွေ့စရာမလိုဘူး... တွေ့စရာလည်း အ
ကြောင်းမရှိတော့ဘူး... ငါ အခုနင့်ထက်သာတဲ့လူနဲ့ ရနေပြီ
နင့်လိုကောင်ကို စိတ်ကူးထဲတောင်မထည့်ဘူး... နောက်ကိုဘ
တော့မှမဆက်သွယ်ပါနဲ့"

"ဘာ... ငါ့လိုကောင်ကို စိတ်ကူးထဲတောင်မထည့်ဘူး
ဟုတ်လား... နောက်ကို ဘယ်တော့မှမဆက်သွယ်ပါနဲ့ ဟုတ်လာ
ဟား ဟား ဟား ရယ်စရာကောင်းလိုက်တာနော်... နောက်
ဘယ်တော့မှမဆက်သွယ်ပါနဲ့တဲ့... ခုတော့ ဒီလိုစကားမျိုး
ပြောတတ်နေပြီကိုး... နင် ဘဝမေ့သွားပြီလား 'ငယ်'...နင်
ရေးပြီး ငါ့ကိုခိုးပြေးပြေးပြောတုန်းက ဒီလိုပုံစံမျိုးမဟုတ်ပါဘူး... အ
စာလေး နင် ပြန်ဖတ်ချင်ရင် ငါ့ဆီမှာရှိတယ် 'ငယ်' "

"အို ဘာမှဖတ်စရာအကြောင်းမရှိဘူး... ကဲ နင့်ကိုဆ
ပြောဖို့အချိန်မရှိဘူး 'ဇော်အောင်'... နင် နောက်ထပ် ငါ့ကိုမဆ
နဲ့... ဒါပဲ"

'ငယ်' ဖုန်းခွက်ကို ပုခက်ပေါ် ခပ်ပြင်းပြင်း ပစ်ချလို
သည်။ ပြီးတော့ အိပ်ရာထဲဝင်၍ မငြိမ်သက်သောစိတ်ဖြင့် ဟု
ဟာချောက်ချောက်စိပ်နေမိသည်။ 'ဇော်အောင်' လိုလူရှုပ်လူ
တစ်ဦးသည် အဘယ်ကဲ့သို့နှောက်ယှက်ဦးမည် မသိ။ ဘယ်





န်းခွက်ပြန်တင်လိုက်သည် မသိ။ ညကြီးသန်ခေါင်း ဖုန်းသံတွေ
ညံနေပြန်သည်။

ခင်ပွန်းဖြစ်သူသည် ရန်ကုန်သွားတိုင်း မိမိထံ ညစဉ်ဖုန်း
ဆက်တတ်သည်။ အထူးသဖြင့် အလုပ်နားသော ညဘက်တရေး
ချိန်မျိုးတွင် 'ငယ်' ကိုအဘယ်မျှ သတိရကြောင်း၊ အဘယ်မျှ
ချစ်ကြောင်းတို့ဖြင့် တင်စားတတ်သလို၊ နေကောင်းရဲ့လား၊ အ
ဆင်ပြေရဲ့လား၊ လွမ်းနေသလား၊ ပျင်းနေသလားဟု မေးတတ်
သည်။

သူ အဝေးမှာရောက်နေသည့်တိုင် 'ငယ်' ကိုအဘယ်မျှ
လွမ်းတနေကြောင်း သိစေချင်သလို၊ သူ့ကို 'ငယ်' ကသတိရစေချင်
သည်။ နာရီကိုကြည့်သည်။ ဆယ့်နှစ်နာရီ ဖုန်းကမြည်နေဆဲ။
အိမ်သုံးထပ်ရှိရာ သုံးနေရာလုံးက လွယ်လင့်တကူပြောနိုင်ရန်
ဖုန်းအပိုနှစ်ခု ထပ်တပ်ပေးထားသည်။

သို့သော် ယခုလိုညဘက်တွင်တော့ 'မလတ်' လည်းကိုင်
မည်မဟုတ်။ ဖေဖေတို့ မေမေတို့လည်း ကိုင်မည်မဟုတ်။ 'ငယ့်'
ထံလာသည်ဟု အားလုံးကသတ်မှတ်ပြီးသား။

" 'ငယ်' လား"

"ဟုတ်တယ် ကိုကြီး"

"အိပ်ရေးပျက်လို့စိတ်ကောက်သွားပြီလား"

"မကောက်ပါဘူး ကိုကြီးရယ်... ကိုယ့်ယောက်ျားဆီက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလာတာကို ဘယ်မိန်းမကစိတ်ကောက်မှာတုန်းလို့... အ

ဆက်နေကျမို့ မဆက်ရင်သာစိတ်ကောက်မှာ"

"ဟဲ ဟဲ ဟဲ"

ဦးသက်အောင်' တစ်ယောက် မိန်းမဖြစ်သူက ထိုသို့

လျှင် သဘောတွေတွေ့လို့။

"'ငယ်' ဘယ်မှလျှောက်မသွားနဲ့နော်... ပေါ့ပေါ့ပါး

မဟုတ်တော့ဘူး... သွားတာ လာတာ ဆင်ခြင်မှကွ... အပေါ

လည်းမတက်နဲ့ကြားလား"

"ဟုတ်ကဲ့ ကိုကြီး... ကိုကြီး ဘယ်နေ့ပြန်လာမှာလဲ

"နောက် သုံးရက်လောက်တော့ အနည်းဆုံးနေရဦး

'ငယ်'... လွမ်းနေပြီလား"

"အင်းပေါ့"

"ဟုတ်ရဲ့လား"

"မယုံလည်း နေပေါ့"

"ကျုပ်က ပိုလွမ်းတာပေါ့ဗျာ... ဒီတစ်ခေါက်ပြီးရင်

ခဏနားဦးမယ်... 'ငယ်' မီးဖွားပြီးစိတ်ချရမှ ပြန်အလုပ်ဝင်မ

'ငယ့်' အနားမှာနေမယ် ဟုတ်လား... အဲဒီအတောအတွင်း

သိန်းသန်းချီပြီး ရှုံးချင်ရှုံးပါစေတော့"

"ကိုကြီးရယ်"

နဂိုက အားငယ်ခြင်း၊ ထိတ်လန့်ခြင်းများဖြင့် ကြ





နေရသော 'ငယ်' သည် ဘယ်လိုပင်ဟန်ဆောင် ဟန်ဆောင်

အသံကအစ သိသာနေသည်။

"'ငယ်' နေကောင်းရဲ့လား"

"ကောင်းပါတယ် ကိုကြီး"

"ကဲ ကဲ အိပ်တော့နော်... နောက်နေ့ ထပ်ဆက်ရဦးမ

လား"

"ဆက်ပေါ့ ကိုကြီး... 'ငယ်' စောင့်နေမှာပါ"

"ကဲ ကိုကြီး ဖုန်းချလိုက်တော့မယ်... အချစ်အိပ်တော့

နော်"

"ဟုတ်ကဲ့"

ဖုန်းခွက်ကို လေးပင်စွာ ပြန်တင်လိုက်သည်။ တယ်လီ

ဖုန်းက အသံထပ်မြည်လာသည်။

"ဘာပြောဖို့ကျန်သွားလဲ ကို..."

"ဟဲ ဟဲ ကျန်သေးတာပေါ့ 'ငယ်' ရယ်... ပြောဖို့အများ

ကြီးကိုကျန်တာ... ဖုန်းချဖို့တော့ မစဉ်းစားနဲ့ 'ငယ်'... ငါပြောတာ

ကိုနားမထောင်ရင် နင့်လင်ကြီးဆီကို ဒါရိုက်ဆက်သွယ်မှာ"

"ဟင် နင်နှောက်ယှက်ပြန်ပြီလား 'ငဇော်'"

"ဟား ဟား ဟား 'ငဇော်' တဲ့... ကျွတ် ကျွတ် ကျွတ် ခ

မှာ 'ငယ်'... နင်ဟာ တော်တော်လည်တဲ့ မိန်းမပဲ... လင်တစ်

ယောက်နဲ့တစ်ယောက်ကိုယူလိုက်တာများ မြန်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"နင့်လောက်မလည်ဘူး... နင်သာ လူလည်"

"ဟုတ်တယ်... လည်လှပါပြီဆိုတဲ့ ငါတောင် နင်နဲ့တ
တော့အရှုံးပေးလိုက်ရပြီ... အရှာအဖွေကလည်း ကောင်းလှချည်
လားဟာ— 'ဦးသက်အောင်' လို လူရိုးလူအကြီးကို နင် ဖမ်းလိုက်
တာသိမ်းမှန်းသွားတယ်"

"နင်နဲ့ ဘာဆိုင်လဲ"

"ဘယ့်နှယ် မဆိုင်ရမှာလည်း မိန်းမရ"

"ဟော့ နင် ငါ့ကို ဘာမှ မိန်းမလို့ခေါ်စရာအကြောင်းမ
ဘူး... နင်နဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး"

"ဘယ်လို ဘယ်လို ဘာမှမဆိုင်ဘူး ဟုတ်လား... ဘာ
ကြောင့် မဆိုင်ရမှာတုန်း အချစ်ရယ်... မင်းနဲ့ငါဟာ စိတ်ဆိုး
ခေတ္တခဏ ခွဲခွာနေကြတဲ့သူတွေပါ"

"အို နင် ဘာမှပေါက်ကရလျှောက်ပြောမနေနဲ့... ငါ
'ဦးသက်အောင်' ယူပြီးတာ အားလုံးသိတယ်... ပြင်ဦးလွင်မှာရေ
မန္တလေးမှာပါ လက်ထပ်တယ်... ဧည့်ခံတယ်... သတင်းစာထ
ထည့်တယ်... ခုဆို တစ်နှစ်တောင်ပြည့်တော့မယ်... သူနဲ့ရတဲ့
ကလေးတောင် မွေးခါနီးပြီး... နင်က ခုမှဘာစိတ်ကူးထပြီး
ဟုတ်တာတွေ လာပြောနေတာလဲ"

"နိုး နိုး မင်းပြောတာတွေ ငါလက်မခံဘူး 'ငယ်'... မင်း
နဲ့ငါဟာ လင်မယားအဖြစ်က အပြီးအပိုင်ပြတ်ဆဲသေးတာ
ဟုတ်ဘူး... မင်းနဲ့ငါ စီးပွားရေးမပြေလည်လို့ ငါ နယ်စပ်ကို
ကုန်ကူးထွက်သွားတယ်... ဟိုမှာ အဆင်မပြေလို့ကြာသွားတယ်
အခု ပြန်လာတယ်... ကဲ ဘာပြောဦးမလဲ"

"အို ဒါ နင်သက်သက် အကျင့်ယုတ်တာ... နင်ပဲ ငါ့ကို
ခေါင်းနိုင်ဘူး... ရှာမကျွေးနိုင်ဘူးဆိုပြီး ဥပေက္ခာပြုထွက်သွားပြီး
အခုမှလာပြီး ရှုပ်ရှုပ်ယှက်ယှက် လုပ်မနေနဲ့... ငါ နင့်ကိုလုံးဝစိတ်
ခင်စားတော့ဘူး... နင်လို လူရှုပ်လူမွေ လူယုတ်မာကိုလည်း
ဆက်ဆံချင်ဘူး"

"ဖြစ်ရမယ်လေ... ဒီလိုပဲ ပြောမယ်ဆိုတာ ငါသိပြီးသား
ပါ... ငါလိုလူဟာ နင့်အတွက် မြူးတစ်ပြားမှမထွက်တဲ့ကောင်ပဲ
'ဦးသက်အောင်' လို ရွှေတွင်း ငွေတွင်းမှ မဟုတ်တာ... ဒီမှာ 'ငယ်'
နင့်ကို ခုချိန်မှာ ဘယ်လိုသားကောင်အဖြစ် အသုံးပြုမယ်ဆိုတာ
နင် နားလည်ရဲ့လား"

'ငယ်' နှုတ်ခမ်းကို ကိုက်ထားသည်။

"နင် ငါ့ဆီကိုပြန်လိုက်ရင်လိုက်ခဲ့... မလိုက်ရင် နင့်လင်
ကြီးကို တရားစွဲမယ်... ငါမရှိတုန်း ငါ့မိန်းမကို ခိုးယူပေါင်းသင်း
မှုနဲ့"

"ဟင်..."

'ငယ်' ငယ်ထိပ်ကို မြွေပေါက်သလိုခံစားရသည်။ မိမိ
ဘာလုပ်ရမည်နည်း။ ကိုကြီးသည် နာမည်နှင့် ဂုဏ်နှင့် သိက္ခာသ







www.burmeseclassic.com

www.burmeseclassic.com



မာမိနှင့် နေသူ။ 'ငယ်' ကိုယူသဖြင့် ကိုကြီးအသိုင်းအဝိုင်း ပတ် ကျင်ကကဲ့ရဲ့ရှုံ့ချသေးသည်။ 'ငယ်' ကို အလွန်ချစ်သော ကို သည် ပတ်ဝန်းကျင်ကိုလျစ်လျူရှုပြီး 'ငယ်' ကိုကြင်နာစွာပေါ် သင်းခဲ့သည်။

နောက်ထပ် မမှားဖို့တော့ တောင်းပန်သည်။ 'ဇေ အောင်' ပြောသလို မယားခိုးမှုနှင့် တရားစွဲမည်ဆိုလျှင် ကိုကြ တော့ အရှက်ကွဲမှာမုချ။ ဟိုးလေးတကျော်ဖြစ်မှာ မုချ။ 'ငယ် ဘာလုပ်ရမှန်းမသိတော့။

"ဟဲဟဲဟဲ ဘယ်လိုလည်း 'ဒေါ်ရွှေငယ်'... စိတ်ဓာတ် သွားပြီလား... ဆက်နားထောင်ပါဦးနော်... နားမထောင်ဘဲ ခွက်တင်လိုက်ရင် ဒီတစ်ခါ ခွင့်လွှတ်မှာ မဟုတ်တော့ဘူး"

"ဒီမှာ 'ဇော်အောင်'... နင်နဲ့ငါ ဘာမှ မဆိုင်တော့ဘူး ဘယ်နှစ်ခါပြောရမလဲ... ငါ့ကို မနှောက်ယှက်ဖို့ တောင်းပန် တယ်"

"ဟား ဟား ရယ်စရာကောင်းလိုက်တာ... လေသံ လေးနဲ့ တောင်းပန်နေလိုက်တာ... ဒီမှာ 'ငယ်' ခြသေ့်မင်းဟ ဥပုတ်မစောင့်တတ်ဘူးဟ... ငါ့လိုကောင်ကို တောင်းပန်လို့အဆို

"တောင်းပန်လို့မရလည်း မတတ်နိုင်ဘူး... နင်နဲ့ငါ ငါးရက်ထဲ ပေါင်းတာ... တရားဝင်မဟုတ်ဘူး... ဘယ်မှာလည် လက်ထပ်စာချုပ်"





"ရှိတယ်လေ... ရှိတာပေါ့"

"ဘာရှိတာလဲ... ရှိရအောင် နင့်ကို ရုံးမှာလက်ထပ်ရ အောင်လို့ ပြောတာတောင် နင် နေ့ရွှေ့ညရွှေ့ လုပ်တာနဲ့ ဘယ် မှာလုပ်ဖြစ်ခဲ့လို့လဲ... အဲသလို မလုပ်ဖြစ်တာကိုပဲ ကျေးဇူးတင်ရမ လိုဖြစ်နေပြီ"

"မလုပ်ဖြစ်ခဲ့ပေမယ့် အခု ငါ့လက်ထဲမှာ နင်နဲ့ငါ လက် ထပ်ခဲ့တဲ့ စာချုပ်ကတော့ရှိနေတယ်"

"မဖြစ်နိုင်တာ"

"ဖြစ်နိုင်တာပေါ့... နင် ငါ့ဒိုင်ယာရီထဲမှာ ဆိုင်းတွေ လျှောက်ထိုးထားတာ တစ်ပုံကြီး... နင့်မှတ်ပုံတင် နံပါတ်တွေရော မွေးသက္ကရာဇ်တွေရော ရေးထားတာပဲ... စာချုပ်အတုဟာ အကျုံး သိပ်မဝင်ပေမယ့် နင့်လင်ကြီးကိုတော့ အရှက်ကောင်းကောင်းခွဲ လို့ရတယ်"

"နင် ယုတ်မာလှချည်လား... ဘာသဘောနဲ့ဒီလိုလုပ်နေ တာလဲ... နင်နဲ့ငါ လိုက်ပြေးဖူးတာကို အစ်ကိုကြီးသိတယ်... ငါ အားလုံးကိုဖွင့်ပြောပြီးပြီ... နင် ငါ့ကိုလာခြိမ်းခြောက်နေလည်း အပိုပဲ"

"ဟုတ်ပါတယ်... သိတယ်ပဲထား... ငါ့ဘာသာတရားစွဲ တော့ ဘာဖြစ်လဲ... တမင် အရှက်ကွဲအောင် လုပ်တာပါဆိုမှ... ငါ့ဘက်က သက်သေတွေက အများကြီးနော... နင်တို့ ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာရော... တည်းခိုခန်း ပိုင်ရှင်ရော... ငါ သူငယ်ချင်းအပေါင်း အသင်းတွေရော"

"နင့်မှာ ဘာအကျိုးရှိလို့ ငါတို့လင်မယားအိမ်ထောင်ရေး သာယာမှုကို ဖြိုခွဲချင်ရတာလဲ"

"အကျိုးရှိလို့ ဖြိုခွဲတာပေါ့ 'ငယ်' ရယ်... ငါ အကျိုးမရှိတဲ့ အလုပ်ကို ဘယ်တော့မှမလုပ်ဘူး... ဒီမှာ 'ငယ်' နင် ငါ့နောက် လိုက်မလား"

"အောင်မာ ဘာဆိုင်လို့လိုက်ရမှာလဲ... နင်နဲ့ငါ ဘာဆိုင်လဲ"

"လင်မယားလေးဟာ... နင် ငါ့နောက်ကို မလိုက်ရင် နက်ဖြန် နင့်ယောကျ်ားကို တရားစွဲမယ်"

"အို ဘာဆိုင်လဲ... သူနဲ့ ဘာမှမဆိုင်ဘူးလို့ ပြောနေပြီပဲ သူနဲ့ငါ လူသိရှင်ကြား ယူထားလို့ ကလေးတောင်ရတော့မယ်"

"ဒီကလေးကို ငါ့ကလေးလို့စွပ်ဆွဲရင်ကော"

"အို မဟုတ်တာ... ကိုကြီးနဲ့ယူပြီး အတော်ကြာမှကလေး ရှိတာ"

"နင်နဲ့ငါ ကွယ်ရာမှာ တိတ်တိတ်ပုန်းဖြစ်နေတယ်လို့ နင့်လူကြီး ထင်သွားအောင် လုပ်မယ်ဆိုရင်ကော... နင်က ဘယ် လိုလည်း မဟုတ်ဘူးလို့ငြင်းငြင်း သံသယတော့ရှိသွားမှာပဲ"

"နင် နင်ငါ့ကို ဘာသဘောနဲ့နောက်ယှက်နေတာလဲ





'ဇော်အောင်' "

'ငယ်' အသံက ငိုသံပင်ပါနေပြီ။ မျက်ဖြူဆိုက်လေ ဆ ဏကြိုက်လေ ဆိုသကဲ့သို့ 'ငယ်' ယခုလိုသောကများလေ 'ဇော် အောင်' ပိုသဘောကျလေပါပဲ။

" 'ငယ်' မင်းငါ့ကိုလာတွေ့ပါ"

"အို ဘာဖို့တွေ့ရမှာလဲ... မတွေ့နိုင်ဘူး"

"မတွေ့ဘူးဆိုရင်တော့ နင့်ယောကျ်ားနဲ့နင့်ကို မကွဲ,ကွဲ အောင်လုပ်ရမှာပဲ"

"နင် သူများအိမ်ထောင်ရေးကို ဘာလို့ဖျက်ဆီးချင်ရတာ လဲ 'ဇော်အောင်' "

"မဖျက်ဆီးချင်ပါဘူး... ငါလိုချင်တာရရင် ဘယ်သူ့ကိုမှ စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်တတ်တဲ့အကောင် မဟုတ် ပါဘူး... နင့်အိမ်ထောင်ရေး မပျက်ဆီးချင်ရင် နင့်လူကြီး နင့်ကို စိတ်ကုန်မသွားစေချင်ရင် နင် ငါလိုချင်တာကို ပေးမလား"

"နင် နင်က ဘာလိုချင်တာလဲ"

မပေးနိုင်တာကို တောင်းဆိုပါက ဒုက္ခဟု တွေးမိသည်။

"နင်မပေးနိုင်တာကို မတောင်းပါဘူး 'ငယ်' ရ... ငါလို ချင်တာက နင်(သို့မဟုတ်) ငွေ"

"ဘာ..."

"နင် ငါ့ဆီကို ပြန်လိုက်ချင်ရင် လိုက်ခဲ့... မလိုက်ချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



နင် ငါလိုချင်တဲ့ငွေကို ပေး"

"နင် တော်တော်ယုတ်မာပါလား"

"နင်ထင်လို့ပါဟာ… တကယ်ဆို ငါဟာ အင်မတန်သနားစရာကောင်းတဲ့ ကောင်လေးပါ… နင့်လို ချောမွေ့ လှပမွေ့ဆိုတဲ့ မိန်းမတစ်ယောက်ကို ကိုယ့်လက်ထဲကနေ သူများလက်ထဲထည့်လိုက်ရတဲ့လူပါ… ငါဟာ နင့်ရဲ့ပိုင်ရှင်ပါ… သူများပစ္စည်းကိုလိုချင်ရင် တန်ရာတန်ကြေးတော့ပေးရမှာပေါ့ဟာ… နင့်ဆီမှာ ငါ အေးအေးဆေးဆေးတောင်းလို့မှ မပေးရင်တော့ နင့်လူကြီးဆီတောင်းရမှာပဲ… နင့်လူကြီး အေးအေးဆေးဆေး မပေးရင် နင်တို့နှစ်ယောက်လုံး အရှက်လည်းကွဲမယ်… လူချင်းလည်းကွဲမယ်မှတ်"

'ငယ်' စဉ်းစားရပြီ။ 'ဇော်အောင်' သည် မိမိနှင့် အမှန်တကယ်ပတ်သက်ခဲ့ဖူးသူ။ သူနှင့်နေဖူးသည်ကို သက်သေပြမည့်သူတွေလည်း ရှိသည်။ မိမိနှင့် သူ ဘာမှမဖြစ်သော်လည်း နည်းနည်းပြဿနာဖြစ်သည်နှင့် ပုံကြီးချဲ့ကြတော့မည်။ သူတောင်းဆိုသလို လူကိုတော့ မပေးနိုင်ပါ။

သူကိုယ်တိုင်ကလည်း လူထက် ငွေကိုလိုချင်နေသူ မဟုတ်ပါလား။

"နင့်လိုကောင်နောက်ကို ငါ ဘာလိုက်စရာလိုသလဲ… နင်ယုတ်မာတာ… စုတ်ပဲ့တာ သိပြီးသား"





"ငါပြောပြီးပြီပဲ… လူမလိုက်ချင်ရင် ငွေတော့ပေးရမယ်ပေါ့"

"ဘယ်လောက်လဲ"

"သိပ်မများပါဘူး… တစ်သိန်းလောက်ပါ"

"ဘာ… တစ်သိန်း ဟုတ်လား"

"အင်းလေ"

"နင် နင် လူပါးတော်တော်ဝပါလား… ဘာလဲ အနုကြမ်းနေတာလား"

"ထင်ချင်သလို ထင်နိုင်ပါတယ်"

"တစ်သိန်းဆိုတာ မများပါဘူးတဲ့… ကိုယ့်ပိုက်ဆံမှ မဟုတ်ဘဲကိုး… နင့်လို ခြူးတစ်ပြားမှမရှိတဲ့ကောင်ကများ တစ်သိန်းမများပါဘူးတဲ့ ထွီ"

"မှန်ပါတယ်… ငါ့မှာတစ်ပြားမှမရှိပေမယ့် မရှိရင် ရှိအောင်တော့လုပ်တတ်ပါတယ်ဟ… ပေးမှာကို အေးအေးဆေးဆေးပေးလိုက်စမ်းပါ 'ငယ်' ရာ… နင့်အနေနဲ့ ငွေတစ်သိန်းဆိုတာ ဘာများရှိတာမှတ်လို့… နင် ဘယ်လောက်ချမ်းသာနေတယ်ဆိုတာ အားလုံးသိပါတယ်ဟ… နင့်သတင်းရပ်ကွက်ထဲမှာမွှေးလို့ ငွေလိုချင် ငွေဖြစ်ရမယ်… ရွှေလိုချင် ရွှေဖြစ်ရမယ်ဆိုတာလေ… စရာတိုက်ကြီးတွေကလည်း ကောင်းပေ့ဆိုတဲ့ ရတနာတွေ… သိန်းပေါင်းများစွာသောငွေတွေကို ဘဏ်မှာထည့်ထားသည့် မိန်းခဲ



www.burmeseclassic.com

www.burmeseclassic.com

သေတ္တာထဲမှာလည်း ထည့်ထားတာပဲကွာ... ကိုယ့်မှာ ဒီလော
ပေါ်များချမ်းသာနေပါလျက် ကိုယ့်ရဲ့အချစ်ဦး... အိမ်ထောင်
တစ်ယောက်ဖြစ်တဲ့ မောင့်ကို အရင်းအနှီးလေးဘာလေး ရအော
ငွေလေး နည်းနည်းပါးပါးလောက်တော့ ပေးသင့်ပါတယ်...
မြင့်သင့်ပါတယ်... အချစ်ရယ်"

'ငယ်' ချွေးသီးချွေးပေါက်များနှင့် တကိုယ်လုံးစိုရွှဲ
သည်။ နောင်တတွေလည်း ရလို့မဆုံးတော့။ ယခင်က
ထူခဲ့သမျှ ယခုတော့ ကောင်းကောင်းဒုက္ခတွေ့နေပြီရော။

"ဘယ်လိုလဲ 'ငယ်'... လူနဲ့ငွေဘယ်လိုရွေးမလဲ"

"လူကိုထည့်ပြောမနေစမ်းပါနဲ့... အပိုတွေ... အပျို
စစ်တစ်ယောက်တည်းတုန်းကတောင် အရက်မရှိ မညာမတ
ပစ်သွားသေးတာ... ခုလို ဗိုက်တစ်လုံးနဲ့ဆို နင့်လိုကောင်လ
ခေါ်ကျွေးထားမှာ"

"ဟ ကျွေးထားသင့် ကျွေးထားရမှာပေါ့... နင့်ဗိုက်ထဲ
ကလေးဟာ သူဌေးရဲ့အဆွယ်အပွားလေးဆိုတော့ တစ်သိန်းဆို
ငွေဟာ နည်းပြန်ရောဟ... ဟား ဟား ဟား"

"ငါ့မှာ ငွေတစ်သိန်းတော့မရှိဘူး"

"မဖြစ်နိုင်တာ... နင် ဝတ်နေစားနေတာတွေ ငါမမြင်
ဘူးမှတ်လား"

"အဲဒါတွေကို ငါဆိုင်သာဆိုင်တယ် မပိုင်ဘူးဟဲ့... သူ





...သ်းတွေပဲဟာ... ဒါတွေ မရှိတော့ရင် သူ ဘာပြောမလဲ"

"ဒါကြောင့် ငါ ပစ္စည်းမတောင်းဘူး... ငွေပဲ တောင်းနေ
..."

"တစ်သိန်းကတော့ များလွန်းတယ်... မလွယ်ပါဘူး"

"မလွယ်တာတွေ လွယ်တာတွေ ငါ နားမလည်ဘူး
...ယ်... ဒီတစ်ပတ်အတွင်း ပေးရင်ပေး... မပေးရင် ငါ့အကြောင်း
...ယ်"

"များလွန်းလို့ပြောနေတာ... တစ်သောင်းလောက်နဲ့သာ
...နပ်ပါ"

"ဘာလုပ်မှာလဲ တစ်သောင်း... ဒုက္ခရောက်ချင်ရင်ကပ်
...နဲ့ပေါ့"

"တစ်သိန်းကြီးတောင်ဆိုတော့ များလွန်းလို့ပါ... ငွေတစ်
...န်းလုံး ရုတ်တရက်လျော့သွားတယ်ဆိုတော့ သူ ရိပ်မိသွားမှာ
..."

"ဒါနင့်ကိစ္စ... ငါ့ကိစ္စမဟုတ်ဘူး... နက်ဖြန်ဆက်သွယ်
...... နက်ဖြန်ဆက်သွယ်တဲ့အခါ ငွေပေးဖို့သာအဆင်သင့်ဖြစ်
...နော်... ဒါပဲ ဒါပဲ"

ဖုန်းချသွားပြီ။ 'ငယ်' တစ်ညလုံး အိပ်မရတော့။


www.burmeseclassic.com

www.burmeseclassic.com

## ၁၈

'လတ်' ခံပြင်းမိသည်။ ကိုကို့ကိုပေါ့။ နှစ်ဖက်မိဘတွေက ကြည်ဖြူလို့ ပေးစားပါမည်ဆိုထားပါလျက် ဘယ်အချိန်ကများ အလုပ်လျှောက်လွှာတင်ထားလိုက်သည်မသိ။ ယခုလမကုန်ခင် ရန်ကုန်သို့ပြောင်းရမည်တဲ့။ မိမိမှာတော့ စိတ်ကူးတွေယဉ်ပြီး တစ်ယောက်တည်းမျှော်လင့်နေမိသည်။

ခုတော့ မိမိအပေါ် သူ လုံးဝစိတ်မဝင်စားမှန်းသိရ၍ ခံပြင်းခြင်း၊ ဒေါပွခြင်းများဖြင့်ဝမ်းနည်းရသည်။ မိန်းကလေးဆိုတော့ ရင်ထဲကအဖြစ်ကိုဖွင့်လို့ မသင့်လျော်။ သူက ချဉ်းကပ်လာတော့ ကိုယ်က ဘာမှမဖြစ်သလို၊ စိတ်မဝင်စားသလို နေပြရသည်။

သို့သော် လူကွယ်ရာမှာတော့ တစ်ယောက်တည်းကျိတ်





နေရပါသည်။

" 'လတ်' ရေ ကိုကိုသွားရင် မေမေတို့ကိုလည်း ဂရုစိုက်ဦး ကြားလား"

"စိတ်ချပါ ကိုကို... ကြီးကြီးတို့ ညီအစ်မ 'လတ်' တို့မိအပေါ်မှာ စိတ်ကောင်းရှိရှိ မရှိရှိ 'လတ်' တို့ကတော့ ငယ်ကတည်းက ရိုရိုသေသေဆက်ဆံခဲ့တာပါ... ဒါနဲ့ ကိုကိုက သို့ ရန်ကုန်မှာအလုပ်သွားလုပ်မှာလဲ...ဒီမှာပဲလုပ်တာ မဟုတ် 'လတ်' တို့မြို့ကြီးဟာ မြန်မာပြည်ရဲ့ ဒုတိယအကြီးဆုံးမြို့ ဲ့အတိုင်း ရုံးတွေ စက်ရုံတွေနဲ့ပါ... ကိုကို့ မိဘတွေလည်း ကြီးလှမှကို... ကို အဝေးရောက်နေရင် သူတို့ အားငယ် ါ"

" 'လတ်' ပြောတာမှန်တယ်... ဒါပေမဲ့ အခုရန်ကုန် င်းဖို့ကိစ္စကို ကိုကို တစ်ယောက်တည်း စီစဉ်တာမဟုတ်ဘူး ... အခုနောက်ပိုင်း ကိုကိုတို့အဖေက ရန်ကုန်မှာအနေများ ... 'လတ်' လည်း အသိ... သူ့အစ်ကို လူပျိုကြီးတစ်ယောက် ဦးဆိုတော့ စိတ်မချဘူး... ကိုကိုတို့ဘကြီးက လူပျိုကြီးဆိုပေ တိုက်နဲ့ကားနဲ့ ခြံနဲ့ဗျ"

"ဟင် အရေးထဲကြွားနေပြန်ပြီ"

"ဟဲဟဲ 'လတ်' နဲ့ပေးစားမလို့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



'လတ်' စိတ်တိုတိုဖြင့် အော်ပစ်လိုက်သည်။ ပြီးမှ ငိုး
ဖြင့်...

" 'လတ်' ကိုဆိုရင် နှိမ်ချင်နေမှန်းသိပါတယ်နော်
'လတ်' ဟာ လူငယ်လူရွယ်တွေနဲ့ မရထိုက်တော့တဲ့ ပုံမလာ
မကျကိုး... ပုံဆိုးပန်းဆိုးကိုး... ဒါကြောင့် သေခါနီးအဘိုးကြီး
လာစပ်နေတာ"

"ဟား ဟား ဟား ငိုတော့ မငိုလိုက်ပါနဲ့ဟာ... နှင့်
စ,တာပါဟ... 'ဦးသက်အောင်' လို အသက်ငယ်ငယ်ချော
မှဆိုးဖို သူဌေးသားလေးကိုတောင် နှင်မယူတာ... ငါ့ဘကြီးအေ
ပိုဝေးသေးတယ်ဆိုတာ ငါသိပါတယ်ဟ... အေး အဲသလိုကြ
ကြပ်ရွေး... အပျိုကြီးဖြစ်သွားလိမ့်မယ်"

"ဘာလို့အပျိုကြီးဖြစ်ရမှာလည်း ကိုကိုရယ်... နှစ်ဖက်
ဘတွေက ကိုကိုနဲ့ 'လတ်' ကိုပေးစားကြမယ့်ဟာ"

ထိုစကားကို စိတ်ထဲကပြောခြင်းပါ။ နှုတ်က ထွက်မ
ခဲ့ချေ။

"ရန်ကုန်က ဘကြီးက ကိုကို့ကိုခေါ်ထားတာကြာပြ
မေမေတို့ဒေါ်လေးတို့ကို စိတ်မချတာနဲ့ ကိုကို ရန်ကုန်မသွား
တာ... ဘကြီးနဲ့ဖေဖေက မေမေတို့ကို ရန်ကုန်အပြီးအပိုင်ပြော
ခဲ့စေချင်တယ်လေ"

"အို ဘယ်ဖြစ်မှာလည်း ကိုကို... ဒီမှာ ယက်ကန်းဒေ





ဗီစ္စတွေက ရှိသေးတာကို"

"အဲဒီကိစ္စတွေမပြီးသတ်သေးလို့ ကိုကို ရန်ကုန်မသွား
ဖြစ်သေးတာလည်း ပါတယ်လေ... စက်တွေက ခုနောက်ပိုင်းထင်
သလောက် အလုပ်မဖြစ်ဘူး 'လတ်' ရဲ့... စျေးကောင်းကောင်းရ
င်ပြန်ရောင်းပြီး တခြားအလုပ်တစ်ခုခုလုပ်မယ်... မလုပ်ရင်
ဘဏ်မှာထည့်ပြီး ဘဏ်တိုးနဲ့ထိုင်စားကြမလို့တဲ့လေ... ခုတော့
က်တွေကိုလည်း ရောင်းပြီးပြီမို့ ပြောင်းဖို့ပဲရှိတော့တာပေါ့"

"ဟင် ကိုကိုတို့ တိုက်ကြီးကိုရော"

"သူ့ကိုလည်း ရောင်းမှာပဲ... ဖြည်းဖြည်းရောင်းတော့
ျေးကောင်းရတာပေါ့... အင်း သူဌေးကတော့ 'ငယ်' ကိုဝယ်ခိုင်း
ိုးမှပဲ"

"ကိုကိုတို့က သိပ်ရက်စက်တာပဲ"

"ဘယ်သူ့ကိုလဲ"

" 'လတ်' တို့ကိုပေါ့"

"ဟောဗျာ ဘာမှလည်း မရက်စက်ရပါလားဗျာ"

"ရက်စက်လို့သာ ခုလိုပြောင်းဖို့ရွှေ့ဖို့ စီစဥ်ကြတာပေါ့
ိုကိုပဲ စဉ်းစားကြည့်လေ... 'လတ်' တို့ ကိုကိုတို့တွေဟာ ငယ်
ယ်ကတည်းက အတူ ကြီးပြင်းလာကြတဲ့သူတွေပါ... ခုလို
ပြောင်းရွှေ့သွားရင် 'လတ်' တို့ဘယ်စိတ်ကောင်းမှာလဲ"

'လတ်' ၏စကားကြောင့် ကိုကို ခေတ္တငိုင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'လတ်' ကိုလည်း ကြာမြင့်စွာစိုက်ကြည့်နေမိသည်။

"'လတ်' ရယ်... 'လတ်' တို့မိသားစုကို ဘယ်လော ဝေးတဲ့နေရာရောက်ရောက် မေ့သွားမှာ မဟုတ်ပါဘူး... အသ အသွယ်လည်း အမြဲရှိနေမှာပဲလေ"

'လတ်' ရင်ထဲတွင် နာကျည်းမိသည်။ ကိုကိုသည် မိ သနားသည့် စိတ်လေးနှင့်တောင် မချစ်ခဲ့ပါလား။ သူ့မှာ ကြ သည့်စိတ်ရှိလျှင် 'လတ်' ကိုခွဲသွားမည် မဟုတ်။ စိတ်ထဲမှ ကျည်းခံပြင်းစိတ်ဖြင့် မမျှော်လင့်ထားသော စကားတစ်ခွန်း ပြောလိုက်မိသည်။

"'လတ်' 'လတ်' လက်ထပ်ပွဲကျရင်တော့ ကိုကို လ မယ်နော်"

"အမယ် မယ် ညည်းက ဘယ်တုန်းက ရည်းစားရှိ လက်ထပ်ရမှာတုန်း"

သည်တစ်ခါတော့ သူ့ကိုကောင်းကောင်းပညာပေ မည်။

"'လတ်' ကတော့ တစ်ယောက်မှ အဖြေမပေးသေ ဘူး... ကြိုက်နေတာတွေတော့ ရှိတာပေါ့... ကိုကိုနဲ့ ပေးစား လို့ အိမ်ကရော... ကြီးကြီးတို့ကပါ ပြောထားလို့ အဖြေ သေးတာလည်း တစ်ပိုင်းပါတာပေါ့... ခုတော့ ကိုကိုတို့ အပြီးအပိုင်ပြောင်းကြ ရွှေ့ကြတော့မယ်ဆိုတော့ 'လတ်' နဲ့





မင်္ဂလာကိစ္စဝေးသွားပြီပဲ... 'လတ်' လည်း ကိုယ့်ဘဝအတွက် ကိုယ်စဉ်းစားရဦးမယ်"

"ဒါပေါ့ဟ... ငါ့ကြောင့် နင့်ဘဝတော့ မနစ်နာစေချင် တာတော့အမှန်ပါ... နှစ်ဘက်လူကြီးတွေ ပေါက်ကရလျှောက် ပြောနေတာနဲ့ ငါ့ညီမ က ကောင်းလို့ အပျိုကြီး မဖြစ်တယ်... ကိုကို့စေတနာကို အမှန်အတိုင်းပြောရရင် ညည်းကိုလည်း 'ငယ်' လို့ပဲ သိန်းပေါင်းများစွာ ချမ်းသာတဲ့လူတော်လူကောင်းတစ် ယောက်နဲ့ ရပါစေလို့ ကိုကိုက ဆုတောင်းပေးပါတယ်ဗျာ"

ကဲ... ကြည့်တော့။ မိမိက လမ်းကြောင်းပေးတာတောင် သူက ရှောင်သွားသည်။ သည်လူကို ဘာများ မျှော်လင့်စရာလို သေးသနည်း။

"ဟော့ 'မိငယ်' ခုတလော ငြိမ်လှချည်လား... မွေးခါနီးလို့ လားမသိဘူး... အပြင်တောင် သိပ်မထွက်ဘူးနော်"

"ဟုတ်တယ်... ကိုယ်ဝန်ကြောင့်ပဲလား... သူ့ယောကျ်ား လွမ်းလို့ပဲလားတော့ မသိဘူး... အိမ်ထဲမှာလည်း ဘယ်သူနဲ့မှ စကားမပြောဘူး... မျက်နှာလည်းညှိုးနေတယ်"

"နှစ်ခုလုံးကြောင့်နေမှာပေါ့လေ... ဒါနဲ့ နင့်ကိုမေးရဦး မယ်... 'ငယ်' နဲ့ သူ့ယောကျ်ား တစ်ယောက်နဲ့တစ်ယောက် သင့် မြတ်ကြရဲ့လား"

"ကိုကိုရယ် သင့်မြတ်လွန်းလို့ ဟိုဘက်ကမ်းတောင်လွန်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်... အစကတော့ ဒီလူကြီး 'လတ်' ကိုရွဲ့ပြီးယူတယ်မှ
တာ... 'ငယ်' ကိုချစ်လိုက်တာမှ အပျောက်မခံဘူး... အိမ်မှာ
မရှိတာကောင်းတယ်... သူရှိရင် 'ငယ်' နားမှာကပ်ပြီး ပလူးလူး
လို့မျက်စိရှုက်တယ်... 'ငယ်' အကြောင်းလည်း ကိုကို သိသား
ဘယ်လောက်ဆိုးတယ်ဆိုတာ... 'ငယ်' ချွဲလိုက်ရင် 'ဦးသက်အောင်'
ဘေးလူတွေမသိတော့ဘူး... ပတ်ဝန်းကျင်ကိုမမြင်တော့ဘူး
မျက်စိရှုက်စရာသိပ်ကောင်းတယ်"

"ဒါကြောင့် ညည်း ခုချိန်ထိ လင်မရသေးတာ... လင်
ယားဆိုတာ ဒီလိုနေမှပေါ့ဟ... ဒီလို ချစ်ခင်ယုယမှုလေး
တော့ရှိဦးမှပေါ့... 'ဦးသက်အောင်' လိုချစ်တတ်တဲ့လူမျိုးကို
လက်မခံလိုက်တာ မှားတာပဲ... အခု ကြည့်စမ်း 'ငယ်' မှာရွှေ
သမီးပဲ... လိုချင်တာ အကုန်ရတယ်"

"အို... 'လတ်' ကတော့ ကိုယ်မချစ်ဘဲမယူဘူး"

"'ငယ်' လည်း မချစ်ဘဲယူတာပဲ... ခုတော့လည်း ကို
ကိုကြီးနဲ့ အဖြစ်သည်းနေပြီပေါ့... အတူတူနေတော့လည်း
သွားတာပါပဲဟာ"

"'ငယ်' လား လူတစ်ယောက်ကိုကြာကြာချစ်နိုင်မှာ
'ဦးသက်အောင်' သူဘယ်လောက်အထိ ချစ်နိုင်မှာလဲ... 'ငယ်'
စိတ်က တည်ငြိမ်တာမဟုတ်ဘူး... သူ့ဘဝက အချစ်ဆိုတာ
မရှာဖွေရဘဲနဲ့... နားမလည်ဘဲနဲ့ အိမ်ထောင်ကျသွားတာ မဟုတ်



လား ကိုကို... 'ဇော်အောင်' ကိုရော... 'ဦးသက်အောင်' ကိုပါ
သူချစ်လို့ယူတာမှမဟုတ်ဘဲ... အရွဲ့တိုက်ချင်တဲ့စိတ်... ချမ်းသာ
ချင်တဲ့စိတ်... အခြေအနေအရ ဒုက္ခရောက်နေတဲ့အခိုက်အတန့်
အားကိုးရှာချင်တဲ့စိတ်နဲ့ ဆုံးဖြတ်ချင်တာ ဆုံးဖြတ်ခဲ့တာပဲ ကိုကို...
သူချစ်တာက သူ့ရင်ထဲက ချစ်တတ်တဲ့စိတ်နဲ့ ချစ်တာမဟုတ်ဘဲ...
သူ့အပေါ်မှာကောင်းလွန်းလို့... ကြင်နာလွန်းလို့... လိုက်လျော
လွန်းလို့... သူ ကျေးဇူးတုံ့ပြန်တဲ့အချစ်နဲ့ ချစ်နေတာ... နောက်တစ်
ခုကတွယ်တာစရာအဖြစ် ရင်သွေးကရှိနေပြီလေ... ဒါပေမဲ့ သူ
ဟာ တစ်ချိန်မှာ သူကသာ ချစ်ရတဲ့အချစ်မျိုး ထပ်မချစ်လာဘူးလို့
မပြောနိုင်ဘူး ကိုကို"

"နင် ပြောတာ ငါ သိပ်မရှင်းဘူး"

"နားဝေးလိုက်တာနော်... ဒီလိုလေ... သူဟာ လူငယ်တို့
ဘာဝ အမျိုးသားတစ်ယောက်ကို သူ့စိတ်ကြိုက် ပြန်မချစ် ပြန်မ
ကြိုက် မတွဲလိုက်ရဘူးတော့... တစ်နေ့နေ့ အဲ့သလိုစိတ်မျိုးတွေ
ပြန်ပေါ်လာမလားလို့ပါ"

"ဖြစ်မယ် မထင်ပါဘူးဟာ... နင်ကလည်း အစ်မပဲ...
သူ့ကိုထိန်းပေါ့... သွန်သင်ပေါ့... ပြီးတော့ ယောကျ်ားတွေ ဘာ
တွေ ယူမနေစမ်းပါနဲ့တော့ဟာ... အပျိုကြီးပဲလုပ်... ပြီးတော့
'ငယ်' မွေးတဲ့ ကလေးတွေထိန်း"

ထိုစကားကြောင့် 'လတ်' ရင်ဝယ် ဝမ်းနည်းပြီ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"အို... ဘာလို့ အပျိုကြီးလုပ်ရမှာလဲ... ကိုယ်လည်း အား ကိုးရာမှာပဲ... ကြီးရင် ကိုယ့်ကို ဘယ်သူတွေက ပြုစုမှာမလဲ... မပူနဲ့ ယူမှာပဲ"

"ယူမယ် ယူမယ်နဲ့ ဘယ်သူ့ကိုယူမှာလဲ"

"သိချင်ရင် စောင့်ကြည့်ပေါ့"

'လတ်' ခပ်မာမာပြောသည်။

"နင်လည်း 'ငယ်' အစ်မလို့ မပြောရဘူး... စကားပြောရင် ရန်စကားပဲပြောတယ်... အေး အတူတူရှိတုန်း မတည့်တဲ့ လူဟာ ဝေးသွားရင် ပိုလွမ်းရတတ်တယ်သိလား"

"အို... မလွမ်းပါဘူး... လွမ်းရအောင်လည်း ကိုယ့်ရည်းစားမှမဟုတ်တာ"

"ဟော့ 'လတ်'... ဟိုလူကိုကြည့်စမ်း... တစ်ခါမှ မမြင်ဖူးပါလား"

ကိုကိုက ဧည့်ခန်းသို့လွယ်အိတ်တစ်လုံးလွယ်၍ ဝင်သွားသော လူတစ်ယောက်ကို ပြောနေခြင်းဖြစ်သည်။ ကိုကိုနှင့် 'လတ်' တို့ထိုင်စကားပြောနေသည့်နေရာသည် တိုက်နှစ်လုံး၏အလယ်ရှိ အုတ်ခြံစည်းရိုးနိမ့်နိမ့်လေး ဘေးတွင်တစ်ဘက်တစ်ချက် ရပ်ရင်း စကားပြောနေကြခြင်းဖြစ်သည်။

"သူတို့ လင်မယားက ခုမှပြောင်းလာတာဆိုတော့ အ





လုပ်ကိစ္စနဲ့ ပတ်သက်တဲ့လူတွေက လိုက် လိုက်လာရတာပေါ့... တစ်ခါတလေ သူ့ယောကျ်ားက ရန်ကုန်က လူကြုံပါးချင် ပါး သေးတာ"

"ဘာဖြစ်ဖြစ် 'ငယ်' တစ်ယောက်တည်းဆိုတော့ ဘယ် ကောင်းမလဲ... သွားနေပေးလိုက်ပါဦး"

"အင်း..."

'လတ်' ထွက်လာခဲ့သည်။ ဧည့်ခန်းထဲသို့ တန်းဝင်မသွား ဘဲ တရုတ်ကပ်မှန်ဘောင်ကြားမှ ချောင်းကြည့်မိသည်။ 'ငယ်' က တယ်လီဖုန်းစကားပြောနေသလို ဧည့်သည်အမျိုးသားက ငွေ စက္ကူတွေပြည့်မပြည့်ရေတွက်နေသည်။

"နင့်ကတိအတိုင်း တည်ပါစေ... ငါ့ ကတိလည်း တည် တယ်"

'ငယ်' ကခပ်မာမာပြောသည်။

"အို... နင် ဘာမှမဆက်သွယ်နဲ့... နောက်တစ်ခါဆိုရင် တော့ ဖြစ်ချင်တာဖြစ် ငါမပေးဘူး"

'ငယ်' အသံက မာသလို၊ မျက်နှာက ထန်နေသည်။ 'ငယ်'ဘယ်သူနှင့်ဆက်သွယ်နေသနည်း။ နင်နှင့်ငါနှင့်ပြောဆိုနေ သည်ဆိုတော့ ရွယ်တူထဲကဖြစ်မည်။ စိတ်ထဲက မသင်္ကာဖြစ် သည်နှင့် အနောက်ဘက်လှေကားမှပြေးတက်ပြီး အပေါ်ထပ်တစ် လုံးမှ ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကိုမချစ်တော့ဘူးလား"

"မချစ်ဘူး… အရင်ကလည်း မချစ်ဘူး… ခုတော့ နင့်ကို သတ်တောင်သတ်ပစ်ချင်နေတာ သိရဲ့လား"

"ငါကတော့ နင့်ကို အရင်ကလည်း ချစ်တယ်… ခုလည်း ချစ်တယ်… ခုဆို နင့်ကို ပိုတောင် တန်ဖိုးထားသေးတယ်… ဟဲ ဟဲ"

"လျှာသိပ်မရှည်မနေနဲ့… နင်နဲ့ငါ ကိစ္စပြတ်ပြီ… နောက် ထပ်ဆက်သွယ်ဖို့ မလိုဘူး"

"ဒီလိုတော့ မလုပ်ပါနဲ့လေ… ငါကတော့ နင့်ကို အဆက် အသွယ် မပြတ်နိုင်တော့ဘူး 'ငယ်' ရဲ့… နင် ငါ့ကိုရှောင်ပုန်းလို့ ရမယ်တော့ မထင်နဲ့ 'ငယ်'… နင့်နောက်မှာ အရိပ်လိုပဲ ရှိနေမယ် မှတ်ပါ… ကဲ ဒီတစ်ခေါက်အတွက် ကျေးဇူးတင်တယ် 'ငယ်'… နောက်တစ်ခါလည်း ငါလိုအပ်လာရင် ကူညီပါဦးလို့နော်… ကဲ အချစ်ရေ ကိုယ်ဖုန်းချလိုက်တော့မယ်"

'ငယ်' တော့ ဘယ်လိုနေသည်မသိ။ 'လတ်' ပင်ခြေလက် များတွေအေးပြီး ရင်တွေခုန်၊ ဒူးတွေတုန်ပြီး ဘာဆက်လုပ်ရမှန်း မသိတော့။ 'ငယ်' နှင့် စကားပြောနေသူသည် 'ဇော်အောင်' ပင် ဖြစ်ရမည်။ 'ဇော်အောင်' သာဖြစ်ခဲ့လျှင် 'ငယ်' အတွက် စိတ်မ အေးရ။ ဘုရား ဘုရား ငွေညှစ်နေတာများလား။

ခုနကလူဟာ ငွေလာယူသူသာ ဖြစ်ရမည်။ 'လတ်'





နောက်ဘက်လှေကားမှ ပြန်ဆင်းခဲ့ပြီး ကိုကို့ကိုပြောပြသည်။ 'လတ်' နှင့်ကိုကို အိမ်ရှေ့ခန်းသွားကြည့်သောအခါ 'ငယ်' လည်းမ ရှိ၊ ဧည့်သည်လည်းမရှိတော့။ လမ်းထိပ်ဘက် လိုက်ကြည့်ကြ သည်။

စောစောက လွယ်အိတ်လွယ်ထားသော လူစိမ်းသည် လမ်းထိပ်တွင် ရပ်ထားသောဖင်မလီယာကား နီညိုရောင်ပေါ်သို့ ပျာယီးပျာယာဖြင့် တက်သွားသည်။

" 'လတ်' ကားပေါ်ကလူကိုကြည့်စမ်း… 'ဇော်အောင်' မဟုတ်လား"

"အင်း ဟုတ်တယ် ကိုကို… တူတယ်… အရမ်းတူတယ်"

အိမ်ပေါ်သို့ပြန်တက်ပြီး 'ငယ့်' ကိုရှာသည်။ 'ငယ်' အိပ် ရာထဲတွင် ငိုနေသည်။

"ဘာဖြစ်နေတာလဲ 'ငယ်' "

အိပ်ခန်းထဲသို့ 'လတ်' ရော ကိုကိုရော ဝင်လာသဖြင့် 'ငယ်' အံ့သွားသည်။

"ဘာမှ မဖြစ်ပါဘူး 'မလတ်' "

"မညာနဲ့ 'ငယ်'… နင်နဲ့ 'ဇော်အောင်' နဲ့ပြန်ဆက်သွယ် နေသလား"

"မဆက်သွယ်ပါဘူး… ဘာဖြစ်လို့လဲ"

"နင် ဘာလို့ညာတာလဲ… နင်နဲ့ 'ဇော်အောင်' ခုနက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှာ စကားပြောနေတာ 'လတ်' အကုန်ကြားပြီးပြီ"

"ဟင်..."

'ငယ်' အံ့သွားသည်။ ညာလို့လည်း မရတော့။ ခေါင်းငုံ့၍ ရှိုက်ငိုနေသည်။

"စောစောကထွက်သွားတဲ့လူဟာ 'ဇော်အောင်' လွှတ်လိုက်တဲ့လူ မဟုတ်လား"

"မဟုတ်ပါဘူး"

"'ငယ်' နင်ဘာလို့ညာနေတာလဲ... ခုနက ငါတို့လမ်းထိပ်ထွက်ကြည့်တော့ အဲဒီလူ 'ဇော်အောင်' မောင်းတဲ့ကားပေါ် တက်သွားတာတွေ့တယ်... မှန်တာပြောစမ်း 'ငယ်'... 'ဇော်အောင်' နဲ့ နင်နဲ့ကြားမှာ ဘာပြဿနာရှိလဲ"

'ငယ်' မနေသာတော့။ သူ့အဖြစ်အပျက်အမှန်ကို ရင်ဖွင့်ရတော့သည်။

"တောက် တော်တော်ယုတ်မာတဲ့အကောင်... ငွေဘယ်လောက်တောင်းတာလဲ"

'ငယ်' အမှန်အတိုင်းပြောရမှာကို ကြောက်နေသည်။

"ပြောဟာ... နင်လုပ်ချင်တာ စွတ်လုပ်နေတာ အရေးမကြီးဘူး... တစ်ခုခုပြဿနာဖြစ်လာရင် မိသားစုပါ ပြောစရာဖြစ်လာမှာ... ဒီလိုပြဿနာဖြစ်နေတာများ လူကြီးတွေကိုဖွင့်တိုင်ပင်ပါလား... တစ်ယောက်တည်း ထင်ရာစွတ်လုပ်တတ်လို့ အမှား





ဖြစ်ခဲ့ပြီးပြီ... ခုထိ ဒီအကျင့်ကိုအဖျောက်သေးဘူး"

'လတ်'က ဆူသည်။

"ကဲ မှန်မှန်ပြောစမ်း 'ငယ်'... ငွေဘယ်လောက်ပေးလိုက်လဲ"

"'ငယ်' ပြောတာကို နားထောင်ပါဦး ကိုကို... 'ငယ်' အဖြူကို ကိုကိုတို့ မကယ်နိုင်ပါဘူး... ဝင်ပြီး ဟိုတိုင်ဒီတော မလုပ်ကြဖို့လည်း 'ငယ်' တောင်းပန်ပါတယ်... 'ဇော်အောင်' အကြောင်းကိုလည်း သိကြသားနဲ့... သူက 'ငယ်' တို့လင်မယားကိုအရှက်ခွဲမယ်... ကိုကြီးကို မယားခိုးမှုနဲ့ တရားစွဲမယ်တဲ့... ကလေးကိုလည်း သူ့ကလေးလို့ပြောမယ်တဲ့"

"မဖြစ်နိုင်တာ"

"သူ့မှာ လက်ထပ်စာချုပ်ရှိတယ်တဲ့"

"စိတ်ညစ်စရာကြီးဟာ"

"နင့်ယောကျ်ားကို ဖွင့်ပြောရင်ကော"

"ဖွင့်ပြောရင် သူ့ 'ငယ်' ကို အထင်သေးမှာပဲ... သူ့ကို ဖွင့်ပြောပြီး ကိုကြီးက ငွေမပေးဘူးဆိုရင် 'ဇော်အောင်' ကအရှက်ခွဲမှာ... အဲဒါမှ အရှက်လည်းကွဲမယ်... အိမ်ထောင်ရေးလည်း ပြိုကွဲမယ်... သူတောင်းတဲ့ငွေကိုမပေးရင် ကိုကြီး အထင်လွဲအောင် သူနဲ့ 'ငယ်' ကွယ်ရာမှာ ဖောက်ပြန်နေတယ်လို့ ပြောမယ်တဲ့... ဟို... သူ့လုပ်ရပ်တွေဟာ အစ်ကိုကြီး 'ငယ့်' ကိုမုန်းသွား



www.burmeseclassic.com

www.burmeseclassic.com



အောင်... အထင်သေးသွားအောင်... ပစ်ချွာသွားအောင် လုပ်ပစ် နိုင်တယ်... ဒါ့ကြောင့် 'ငယ်' သူတောင်းတဲ့ငွေ ပေးလိုက်တာပါ အဲသလို ငွေမပေးရင် 'ငယ်' ကို သူ့လက်ထဲပြန်ရောက်အောင် လုံယူမှာပဲတဲ့... မမတို့စဉ်းစားကြည့်လေ... သူ့လိုကောင်လက်ထဲ 'ငယ်' ဘယ်နည်းနဲ့မှပြန်သွားလို့ မဖြစ်တော့ဘူး... 'ငယ်' တောင်း ပန်ပါတယ်...ဒီကိစ္စကို ကိုကြီးသိအောင် ဖွင့်မပြောကြပါနဲ့"

'လတ်' ရော ကိုကိုပါဘာလုပ်ရမှန်းမသိတော့။

"ငွေဘယ်လောက်လည်း 'ငယ်'... မှန်မှန်ပြောစမ်း ငါ မြင်လိုက်တာတော့အတော်များတာပဲ"

"တစ်သိန်း"

"အံမယ်လေး တစ်သိန်းတောင် ဘုရားဘုရား... နည်းတဲ့ ငွေတွေမဟုတ်ဘူးအေ... ဘာလို့အဲသလောက်တောင်ပေးလိုက်ရ တာတုန်း"

"သူက အဲသလောက်ရမှတဲ့"

"နင့်ယောက်ျားသိသွားရင် ဘယ်လိုလုပ်မလဲ"

"ဒီတစ်သိန်းတော့မသိနိုင်သေးဘူးထင်တယ်... 'ငယ်' စု ထားတာနဲ့ သူသုံးဖို့ပေးအပ်သွားတာတွေထဲက ပေးလိုက်တာ... ဒါပေမဲ့နောက်တစ်ခါထပ်တောင်းရင် 'ငယ်' မပေးနိုင်တော့ဘူး... ကိုကြီးယုံကြည်လို့အပ်ထားတာကို 'ငယ်' မယူချင်ဘူး"

" 'ငယ်' ရယ် နောက်တစ်ခါထပ်ပေးဖို့ကို မပြောစမ်းပါနဲ့





အေ... ဒီငွေတွေနည်းလား... တစ်သိန်းဆိုတဲ့ငွေကို ရအောင်လူ တွေဘယ်လောက်ရှာဖွေရတယ် မှတ်သလဲ... နင့်ဘဝမေ့သွားပြီ လား 'ငယ်'... နင်လင်မယူခင်က ငါတို့အိမ်မှာဘယ်လိုစားရသလဲ ဘယ်လိုဝတ်ရသလဲ... တစ်နေ့ကိုတစ်ဆယ်လောက်အမြတ်ရဖို့ အဖေတို့အမေတို့မနက်နေမထွက်ခင်က ည နေဝင်တဲ့အထိဈေး ချက်ရောင်းရတယ်မဟုတ်လား... အိမ်မှာငွေပိုငွေလျှံဆိုလို့ ငါး ဆယ်တောင်ပြည့်အောင်ရှိတာမဟုတ်ဘူး... တစ်သိန်းဆိုတဲ့ငွေကို သိချင်လွန်းလို့ လူတွေထိကိုအပတ်စဉ်တစ်ထောင်ဖိုးနှစ်ထောင်ဖိုး ထိုးတာတောင် မပေါက်ကြဘူး... ကိုယ့်ပိုက်ဆံမဟုတ်ပေမယ့် ကိုယ်မရှာရပေမယ့် ဒီလိုမိုက်မိုက်ကန်းကန်းမလုပ်သင့်ဘူး... ခက် တာပဲ 'ငယ်' ရယ်"

" 'ငယ်' ကပိုတောင် မပေးချင်သေးတယ်"

"နောက်ကို ဆင်ခြင်ပါတော့ 'ငယ်' ရယ်... ထင်တာတွေ လျှောက်စွတ်မလုပ်ပါနဲ့... နင့်မှာတိုင်ပင်စရာနင့်မိဘ နင့်အစ်မအပြင် ငါတစ်ယောက်လုံးရှိပါသေးတယ်"

'ငယ်' ခေါင်းငုံ့ပြီး မျက်ရည်တပေါက်ပေါက်ကျနေ သည်။

"ဟင်..."

'လတ်' အံ့သြသွားသည်။ အခန်းဝမှာလူရိပ်မြင်လိုက်သ ဖြင့် မော့ကြည့်လိုက်ရာ အထုပ်တွေအပိုးတွေတပွေ့တပိုက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသော 'ဦးသက်အောင်' ကိုမြင်လိုက်ကြရသည်။

'လတ်' နည်းတူ 'ငယ်' ရောကိုက်ပါ အံ့ဩပြီးအနေအ ထိုင်ရခက်သွားကြသည်။ မိမိတို့သုံးယောက်ပြောဆိုနေကြသော ကိစ္စဝိစ္စများကို 'ဦးသက်အောင်' ကြားသွားလေပြီလား သိသွား လေပြီလား။

"အိမ်ရှေ့တံခါးကြီးဖွင့်ထားလို့ ဘာသံမှမကြား ဘယ်သူ မှမတွေ့တာနဲ့စိုးရိမ်ပြီးဝင်လာတာ... 'ငယ်' ဘာဖြစ်လို့လဲ"

"ဟုတ်တယ် ကိုကြီးရယ်... 'ငယ်' ခုလေးတင်ဗိုက်ထဲ နာတာနဲ့ငိုနေမိတယ်... 'မလတ်' က အရေးအကြောင်းတစ်ခု ဖြစ်ရင်အကူအညီလိုရင် အဖော်ရှိအောင်ကိုကို့ကို ခေါ်ထားတာ လေ"

"ဟုတ် ဘား... အခုရောနာသေးလား 'မိငယ်' လေး"

'ဦးသက်အောင်' က ဇနီး၏ဗိုက်ကိုညင်သာစွာထိ မေးသည်။ နဖူးကိုလည်းစမ်းသည်။ ပြီးတော့လက်ဝါးကိုလည်း ဆုပ်ကိုင်ထားသည်။

"အခုတော့ နည်းနည်းသက်သာနေသလိုပဲ"

'ငယ်' ရပ်ရှင်မင်းသမီးလို ဟန်လုပ်ကောင်း၍ကိုကို 'လတ်' တို့အသက်ရှူချောင်သွားသည်။

"ခုနကတော့ ငိုတော့မလိုလိုမျက်နှာနဲ့ ကျွန်တော့် ဆာနေတာ... 'ကိုသက်အောင်' ဆီဖုန်းဆက်ပေးဖို့လေ... ကဲ





သက်ရှင်ပြန်ရောက်လာပြီမို့ ကျွန်တော်တို့ကိုဂျူတီလဲခွင့်ပေးပါ 'ကိုသက်အောင်' "

"ဪ ဟုတ်ကဲ့... ခုလို 'ငယ်' ကိုနမရင်းနဲ့မခြားစောင့် ရောက်တာအများကြီးကျေးဇူးတင်ပါတယ်... နောက်လည်းကျွန် တော်ရှိရှိမရှိရှိလိုအပ်လာရင်ကူညီပါ... ဪ 'လတ်' ရေ ဟော ဟိုမုန့်ထုပ်လက်ဆောင်ထုပ်တွေထဲက ကိုကိုတို့အိမ်အတွက်ထုတ် ဆေးလိုက်ပါနော်"

"နေပါစေဗျာ"

"မရဘူးဗျို့... ကျုပ်ကအိမ်အတွက်ဝယ်ရင် ကိုကို့တို့အ တွက်ထည့်ဝယ်စမြဲပဲ ဟဲ ဟဲ..."

"ကျေးဇူးပါပဲဗျာ"

ထမင်းစားခန်းတွင် တွတ်ထိုးမိကြပြန်သည်။

"ဘယ်လိုလုပ်ကြမလဲ ကိုကို"

"ဟုတ်တယ်... သူတို့ကိစ္စက 'ဇော်အောင်' နောင့်ယှက် င် အရက်ကွဲနိုင်တယ်... လင်မယားကွဲနိုင်တယ်... ဒီလိုအရက်မရှိ အောင်လင်မယားမကွဲကွဲအောင် 'ဇော့်အောင်' ငွေတောင်းတိုင်း ဆေးနေရအောင် ဘယ်နည်း နဲ့မှမဖြစ်ဘူး... တစ်ခါရရင်နောက် တစ်ခါထပ်တောင်းမှာပဲ... သူငွေတစ်သိန်းတောင်းရင် ကိုယ်က တစ်သောင်းလောက်ပဲရှိတယ်ပြောဖို့ကောင်းတယ်"

"အင်းလေ 'လတ်' တော့အရမ်းစိတ်ညစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်းတော့ အဆင်ပြေလာမှာပါ"

"ခေါင်းအေးအေးထားပြီး ဆုံးဖြတ်စီစဉ်ကြတာ
မဟုတ်ဘူးလား"

"အင်းပေါ့လေ... ဒါပေမဲ့ကိုကိုက လမကုန်ခင်ရန်
သွားမှာဆိုတော့ နောက်ပြဿနာတွေထပ်ဖြစ်လာရင် 'လတ်'
တော့ဘယ်သူ့ကို တိုင်ပင်ရမှန်းတောင် မသိတော့ဘူး"

"စိတ်အေးအေးထား 'လတ်'... နောက်ထပ် ထပ်ဖြစ်
မှဖြစ်တော့မှာပါ... တကယ်လို့ ကိုကို မရှိတုန်းဖြစ်လည်း ကို
နဲ့ဆက်သွယ်လို့ရအောင် ဖုန်းနံပါတ်တွေ ပေးထားမှာပေါ့...
ကိုယ်တိုင် လာမဖြေရှင်းနိုင်ပေမယ့် အသံနဲ့တော့ လာကူညီ
ပါသေးတယ်"

'ဦးသက်အောင်' ကတော့ ဇာတ်ရှုပ်ကို မသိသဖြင့်
ဖြစ်သူကို စလိုက် နောက်လိုက် ကျီစယ်လိုက် လုပ်နေသည်

" 'ငယ်' ဘာဖြစ်နေတာလဲ... နေမကောင်းဘူးလာ

"ကောင်းပါတယ် ကိုကြီး... ဗိုက်ထဲက တစ်ချက်
ချက်ရစ်လို့ပါ"

"ဆေးရုံသွားမလား"

"ညနေအထိနာနေရင်တော့ သွားမယ်"

"တော်ပါသေးရဲ့... ကိုယ်ပြန်ရောက်လို့... ဒါကြေ
လားမသိဘူး... ကိုယ်လည်း ဘယ်လိုမင်းဆီ လာချင်မှန်း





...ကိုယ်ပြန်ရောက်လာတော့ အချစ် အားရှိမသွားဘူးလား"

"ရှိတာပေါ့ ကိုကြီးရယ်"

'ငယ်' ခင်ပွန်း၏လက်မောင်းပေါ် ခေါင်းအုံး၍မျက်နှာကို
...ထားသည်။ စိတ်ထဲတွင် ဆန္ဒတွေများပြားနေသည်။ မိမိက
...လေးမွေးရင် သေရင်သေ။ ဒါမှမဟုတ် 'ဇော်အောင်' ရုတ်တ
... သေရင်သေ။ ဒါမှမဟုတ် ခင်ပွန်းဖြစ်သူ သေရင်သေ။ သို့
...သာ မိမိဘဝ အပူကင်းသွားမည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉

'ငယ်'ဆန္ဒမပြည့်ပါ။ 'ငယ်'သမီးဦးလေးကို ကောင်း
စွာ မွေးဖွားနိုင်ခဲ့သည်။ ခင်ပွန်းဖြစ်သူလည်း ချစ်စရာကောင်
သော သူ့သမီးဦးလေးကို ကြည့်၍ ပီတိတွေဖြစ်နေသည်။'ငယ်'
တော့ မပျော်ပါ။ ရင်ထဲမှာ အပူနှင့်။ 'ဇော်အောင်' ထပ်နှော
ယှက်မှာကိုသာ ကြောက်နေမိသည်။

'ဦးသက်အောင်'အပြင်ထွက်သွားသည်နှင့် မိမိပြဿ
ကို 'မလတ်'နှင့် တိုင်ပင်မိစမြဲ။ တိုင်ပင်ပြီးတိုင်း အဖြေရှာမရ
တစ်ခန်းရပ်သွားမြဲ။

"နောက်တစ်ခါထပ်တောင်းရင် နင် ဘယ်လိုလုပ်မ

"မပေးတော့ဘူး... ဖြစ်ချင်တာဖြစ်... သည်လို ငွေ
တာကို လုံးဝမလိုက်လျောချင်ဘူး... အရှက်ကွဲချင်လည်းကွဲ





ကိုကြီးနဲ့ ကွဲချင်လည်းကွဲတော့"

"ဖွင့်ပြောပြလိုက်ပါလားဟာ"

"ဖွင့်ပြောလိုက်ရင် အစ်ကိုကြီးသိသွားပြီး 'ငယ်'ကိုအ
င်သေးသွားမှာ... သံသယဖြစ်သွားတာပဲ အဖတ်တင်မယ်...
ကြီး သိသွားရင်လည်း 'ဇော်အောင်'က မယားခိုးမှုရယ်... ဒီ
လေးဟာ သူနဲ့ တိတ်တိတ်ပုန်းရတယ် ဆိုတာရယ်ကို အ
ကြောင်းပြပြီး အရှက်ခွဲဦးမှာပဲ"

"ဘာပဲဖြစ်ဖြစ် ခုလို သူတောင်းတိုင်း ကိုယ်ပေးမယ်ဆို
င် သူ ခဏခဏတောင်းနေမှာပဲ... ခဏခဏတောင်းနေမယ်ဆို
င် နင့်ယောကျ်ားက ဒီလောက်များတဲ့ငွေတွေ ဘယ်ရောက်ကုန်
သည်းလို့ စဉ်းစားမှာပဲ... နင့်ကို သံသယဖြစ်လာမှာပဲ... ဖွင့်မ
ပြောဘဲနေတာကို အပြစ်ကြီးတစ်ခုလိုဖြစ်လာမယ်နော်... ကြံရာ
ဖြစ်လာမယ်"

"ဖွင့်ပြောလိုက်လို့ 'ငယ်'ကို ကိုကြီးက သိပ်ရှုပ်တဲ့မိန်းမ
ပြီး စိတ်ကုန်ပြီးကွာမယ်ဆိုရင် 'ငယ်'နောက်တစ်ခါထပ်ရှက်ရ
... ပြီးတော့ ကိုယ့်မှာက သားသမီးနဲ့ဆိုတော့ ကွဲရင် ကိုယ်ပဲ
ခံနာမှာ"

"သိပ်လည်း စိတ်ပူမနေနဲ့... 'ဦးသက်အောင်'ဟာ နင့်ကို
တ်နိုင်မယ့်လူ မဟုတ်ဘူး... ခုဆို ပိုတောင်ပြတ်မှာ မဟုတ်ဘူး
သမီးသံယောဇဉ်က ရှိနေပြီ... တကယ်လို့ ခွင့်မလွှတ်နိုင်ကြလို့



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကြ စဲကြမယ်ဆိုရင်တောင် မယားစရိတ်ရော... သားသမီး ရိတ်ရောရမှာပါ”

“အို... ဒီလောက်လေးနဲ့တော့ ဘာလုပ်မှာလဲ”

‘ငယ်’ သည် ‘ဦးသက်အောင်’ ကို တကယ်ချစ်ပါလေ ငွေမက်လို့ ယူတာများလား။ အချစ်စစ်ကိုသာ တန်ဖိုးထားပြီး သူချစ် ကိုယ်ချစ်ယူလိုသော ‘လတ်’ အတွက်တော့ ညီမဖြစ်သူ နားမလည်နိုင်တော့။

“ ‘မလတ်’ ”

“ဟင်...”

“ ‘ငယ့်’ ပြဿနာကို ကိုကြီး လုံးဝမသိစေနဲ့နော်... ပြောပါနဲ့ဆိုတဲ့ကြားက ပြောရင် ‘မလတ်’ ကို ‘ငယ်’ ခွင့်လွှတ်မှာ မဟုတ်ဘူး”

“အေးပါ”

‘လတ်’ စိတ်ရှုပ်နေသည်။ ‘ငယ်’ လုပ်ပုံကိုင်ပုံများသည် နောက်ပိုင်း ပြဿနာအများကြီးတက်လာနိုင်စရာရှိသလို၊ မိမိတို့ မိသားစုပါ၊ စိတ်ရှုပ်ထဲဝင်ပါရတော့မည်။



“ကိုကြီးရေ ‘ငယ်’ တို့ရန်ကုန်ပြောင်းကြရအောင်လေ”

“ပြောင်းတာပေါ့ ‘ငယ်’ ရယ်... ‘ငယ်’ ကသွေးနုသားနုနဲ့ ဘလေးနှစ်လလောက်မှသွားကြတာပေါ့... ပြီးတော့ ‘ငယ်’ ပဲ ဘည်းခိုခန်းဖွင့်ချင်တယ်ဆို... လုပ်ငန်းကိစ္စတွေပြီးပြတ်မှ သွားကြ တာပေါ့ မဟုတ်ဘူးလား”

ရန်ကုန်လစ်ပြေးချင်နေသော ‘ငယ်’ တစ်ယောက်စိတ် ဓာတ်ကျသွားသည်။

“ကိုကြီးကလဲ... တည်းခိုခန်းကိစ္စကို ကန်ထရိုက်နဲ့လွှဲ ထားလို့ ရတဲ့ကိစ္စပဲ... သူကိုယ်တိုင် ဝင်လုပ်ရမှာလည်း မဟုတ်ဘဲ နဲ့”

“ကိုယ်တိုင် ဝင်မလုပ်ရပေမယ့် အနီးအနားက စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေးရသေးတာပဲ 'ငယ်' ရယ်... ဒီအတိုင်းပစ်ထားလို့ ဘယ်ရမလဲ... ဒါနဲ့ 'လတ်'တို့ သားအမိ သားအဖသုံးယောက် တည်းခိုခန်းမှာ ဦးစီးနိုင်ပါတယ်နော်"

'လတ်' သည် သူများစီးပွားရေးတွင် ဝင် မပါချင်သလို နဂိုကတည်းက သူများကိစ္စထဲဝင်မပါလိုသဖြင့်...

"'လတ်' ကူညီချင်ပါတယ် 'ဦးသက်အောင်'... ဒါပေမဲ့ 'လတ်' အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်ရှိနေလို့ပါ"

"ဘာဖြစ်လဲ 'လတ်'... အိမ်ထောင်ပြုပြီးလည်း တည်းခိုခန်းအပေါ်ထပ်တစ်ထပ်လုံး အကျယ်ကြီးပဲ... 'လတ်' အမျိုးသားကိုပါ ခေါ်ထားတော့ပိုလုံခြုံတာပေါ့"

"'ဦးသက်အောင်' ရဲ့စေတနာကို နားလည်ပါတယ်ရှင် ဒါပေမဲ့ 'လတ်' အမျိုးသားက ရုံးအလုပ်ဆိုတော့ နယ်ပေါင်းစုံလျှောက်ပြောင်းနေရမှာမို့ 'လတ်' လည်း သူ့နောက်လိုက်ရမှာပါ"

'ငယ်'က မကျေနပ်သလို မျက်နှာဖြင့်...

"'မလတ်'က ဘယ်တုန်းကရည်းစားထားလို့လဲ... ရည်းစားလည်း မရှိဘဲနဲ့များ... ဘာလဲ မမနဲ့ယူမှာ ကိုကိုလား"

"မဟုတ်ဘူး 'ငယ်'... ငါနဲ့လေးနှစ်လုံးလုံးကျောင်းအတူတူတက်ပြီး ခုံချင်းကပ်လျက် အမြဲထိုင်တဲ့ 'ထွေးထွေး' ကိုသိလား"

"အင်း သိတယ်... သူ့အဖေက ဗိုလ်မှူးလေ"

"ဟုတ်တယ်... သူ့အစ်ကိုအကြီးဆုံးက ဆည်မြောင်းအင်





ဂျင်နီယာဖြစ်သွားပြီ... ငါ့ကို သူ့အစ်ကိုနဲ့ စေ့စပ်နေတာကြာပြီ... သူနဲ့ စ,တွဲကတည်းကပေါ့လေ... ငါ ကျောင်းပြီးမှ စဉ်းစားမယ်လို့ ပြောထားတယ်... အခု ကျောင်းပြီးပြီမို့ 'ထွေးထွေး' အစ်ကိုက လာစေ့စပ်ကြောင်းလမ်းချင်တယ်တဲ့"

" 'မလတ်'က တကယ်လျှိုတယ်... 'ငယ်' ကတော့ 'မလတ်' နဲ့ ကိုကိုနဲ့ ရစေချင်တယ်"

'လတ်' ပြုံးနေလိုက်သည်။ မေတ္တာဆိုတာ ကိုယ်ကပေးတိုင်း သူ မယူသလို၊ ကိုယ်လိုချင်တိုင်း သူ မပေးချင်ပါလား။

" 'လတ်' မရှိဘဲ တည်းခိုခန်းမှာ ဦးလေးနဲ့ ဒေါ်လေး နှစ်ယောက်တည်းဖြစ်ပါ့မလား 'ငယ်' "

"ဖြစ်ပါတယ်... ငွေသိမ်းရုံ... အခန်းအပြောင်းအလွဲ လုပ်ပေးရုံပဲဟာ"

"တည်းခိုခန်းဖွင့်တယ်ဆိုတာ အခန်းငှားရုံမဟုတ်ဘူး 'ငယ်'... ခုတင်... မွေ့ရာ... စောင်... ခြင်ထောင်တွေပါ... နေ့စဉ်လဲဖို့တာဝန်ရှိတယ်... ဧည့်သည်တွေကို အဝင်အထွက် လက်ခံတဲ့နေရာမှာ ဒီနေ့ ဘယ်နှစ်နာရီ တည်းခိုခန်းဝင်ပြီး... နောက်တစ်နေ့ ဘယ်နှနာရီတည်းခိုခန်းက ထွက်ရမယ်ဆိုတာတွေ ရှိသလို... တည်းခိုခန်းဆိုတာ လူပေါင်းစုံဆိုတော့ ပြဿနာတော့ နည်းနည်းရှုပ်မယ်"

"ကိုကြီးရယ်... မန္တလေးတစ်မြို့လုံး တည်းခိုခန်းတွေမှလို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လို့… သူများတောင်လုပ်နိုင်ရင် ကိုယ်က ဘာလို့ မလုပ်နိုင်ရမှာလဲလို့… ဖေဖေတို့ မေမေတို့အတွက် အကူအညီရအောင် ရုံးစာရေးတစ်ယောက်ရယ်… တည်ခိုခန်းသန့်ရှင်းရေးအတွက်ရယ်… အိမ်ဖော်တစ်ယောက်ငှားပေးရမှာပေါ့… ရုံးစာရေးကို ရုံးလစာအတိုင်းပေးရင် လုပ်မယ့်လူတွေပုံလို့… အိမ်ဖော်ကိုလည်း တစ်လ ရှစ်ဆယ်… တစ်ရာပေးရင် လုပ်ချင်တဲ့လူတွေပြည့်လို့"

"'ငယ်' ပြောတာမှန်ပါတယ်… ကျုပ်ပြောချင်တာက ဦးလေး ဒေါ်လေးတို့နှစ်ယောက်တည်း ထားမယ့်အစား ကျုပ်တို့ မိသားစုပါနေရင် ပိုမကောင်းဘူးလား… ရန်ကုန်မှာဆို 'ငယ်' တစ်ယောက်တည်း ဖြစ်မှာစိုးလို့ပါ"

"ဟွန်း ရန်ကုန်မှာ သွားနေမှာ မလိုလားဘူးဆိုတာ သိပါတယ်နော်… ဟိုမှာ ဘာတွေရှုပ်ထားမှန်းမှ မသိတာ"

"'ငယ်' ကျုပ်ကို သံသယဖြစ်နေတယ်ထင်တယ်… ဒီလိုလုပ်လေ… တည်းခိုခန်းကို ပြင်ဆင်ရမှာက အနည်းဆုံးလေးငါးခြောက်လလောက် ကြာဦးမှာပဲ… ဒီအတောအတွင်း ရန်ကုန်မှာပဲ 'ငယ်' လိုက်နေပေါ့ မဟုတ်ဘူးလား"

"အင်း ဒီအစီအစဉ်ကို လက်ခံတယ်… မဆိုးဘူး"

'ငယ်' ရန်ကုန်ကို အမြန်ဆုံးသွားနေချင်သည်။ တတ်နိုင်လျှင် 'ဦးသက်အောင်' ကို 'ဇော်အောင်' နှင့်တွေ့ဆုံမှာစိုးရိမ်သည်။

"ဘယ်တော့သွားမှာလဲ ကိုကြီး"၊





"သမီးက ငယ်သေးတယ်… ခရီးပန်းမှာစိုးရိမ်ရတယ်… တစ်လနှစ်လလောက်တော့ နေပါဦး"

"အို… နှစ်လတော့ မနေဘူး… တစ်လပဲ နေမယ်"

"ကောင်းပြီလေ… ရန်ကုန်မပြောင်းခင် သမီးကို နာမည်ပေးကင်ပွန်းတပ်လုပ်ပေးရအောင်"

"ကိုကြီး သဘောပဲ"

သမီးကို နာမည်ပေးဖို့ ရွေးကြသည်။ အဘိုးနှင့်အဘွားပေးသော နာမည်ကိုရွေးလိုက်ကြသည်။

'ခင်ပြည့်စုံ' တဲ့…။

မိမိသမီးလေးများမွေးဖွားခဲ့စဉ်တုန်းက ဆင်းရဲချို့တဲ့ခဲ့သဖြင့် ယခုလို မြေးလေးကိုချမ်းသာပြည့်စုံစွာ မွေးဖွားလာရခြင်းအတွက် 'ပြည့်စုံ' ဆိုသည့်နာမည်ကို ယူသလို၊ 'ခင်' ဆိုသည်ကား တနင်္လာနေ့သမီး၏ နေ့သင့်နံသင့်ဖြစ်သည်။ 'ဦးသက်အောင်' တစ်ယောက် သမီးကိုလက်ထဲကမချ။ ပထမ အိမ်ထောင်နှင့်တုန်းက ဇနီးဖြစ်သူမီးဖွားရင် မိခင်ရော ကလေးပါဆုံးရှုံးသွားသဖြင့် ယခုအခါ 'ငယ်' နှင့်အိမ်ထောင်ကျပြီး မီးဖွားသောအခါ ပထမတစ်ခါလို ဖြစ်မှာအလွန်စိုးရိမ်ခဲ့သည်။

ထို့ကြောင့် 'ငယ်' ကိုအလွန်ဂရုစိုက်သည်။ အလိုလိုက်သည်။ 'ငယ်' စိတ်ဆင်းရဲမည့်စကားကိုမပြောခဲ့။ 'ငယ်' မီးဖွားပြီး မိခင်ရော ကလေးပါ ကျန်းကျန်းမာမာတွေ့တော့မှ ဦးသက်



www.burmeseclassic.com

www.burmeseclassic.com



အောင်’ အသက် ၀၀ရှနိုင်ခဲ့သည်။ သမီးက အဖေနှင့်ပိုတူသ ‘ဦးသက်အောင်’ ပို၍သဘောကျနေသည်။ ငွေကြေးပြည့်စုံသူမျာ ၏ သားသမီးများဖြစ်ရသော ‘ခင်ပြည့်စုံ’ လေးသည် လူ့ပြည်သို့ ရောက်ပြီး နှစ်ပတ်အတွင်းကြီးကျယ်ခမ်းနားသော အလှူကြီးမေ နိုင်ခဲ့သည်။

မြန်မာဓလေ့ထုံးစံအရ ကင်ပွန်းတပ် မင်္ဂလာပွဲမှာ မွေး ကလေးကို ကင်ပွန်းရည်၊ တရော်ရည်၊ စသည်တို့ဖြင့် ဦးခေါင်းဆ ဆေးခြင်း အခမ်းအနားကို ခေါ်ခြင်းဖြစ်သည်။ တနည်းအားဖြ မွေးစကလေးအား ဝမ်းတွင်းဆံပင်ရိတ်ပေးသော မင်္ဂလာပွဲဖြ သည်။

ထို့ကြောင့် ကင်ပွန်းတပ် မင်္ဂလာပွဲသည် ‘ကေသစ္ဆေဒန’ မင်္ဂလာပွဲဖြစ်သည်။ ကေသစ္ဆေဒန ဆိုသည်မှာ ခေါင်းရိတ်ခြင်းဟု အနက်ရ၏။ သန့်ရှင်း စင်ကြယ် စေခြင်းအတွက် ကလေး၏ဦး ခေါင်းကို တရော် ကင်ပွန်းတို့ဖြင့် ဆေးကြောကြသည်ကို အစွဲပြု ၍ ကင်ပွန်းတတ်သည်ဟုခေါ်လေ့ရှိကြသည်။

ယခုခေတ်တွင်တော့ ကင်ပွန်းတတ် မင်္ဂလာအခမ်းအနား မှာပင် နာမသမုတိမင်္ဂလာ တည်းဟူသော နာမည်ပေးခြင်းအမှ ကိုလည်း တပါတည်းဆောင်ရွက်ကြသည်။ ဇိနတ္ထိပကာသနီ ကျမ်းတွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအားဖွားမြင် ပြီးနောက် ငါးရက်မြောက်သောနေ့၌ အမည်မှည့်အပ်သော အ





ခမ်းအနားကျင်းပပုံကို ဖော်ပြထားခြင်းအားဖြင့် ကင်ပွန်းတပ်မင်္ဂ လာပွဲကျင်းပခြင်းမှာ အလွန်ရှေးကျသော ထုံးတမ်းစဉ်လာတစ်ခု ဖြစ်ပေမည်။

မြန်မာနိုင်ငံ ကင်ပွန်းတပ်မင်္ဂလာဆင်ယင်ပုံမှာ ကလေး မွေးဖွား၊ ပြီးနောက် ရက်သတ္တတပတ် သို့မဟုတ် နှစ်ပတ်အတွင်း နေ့ကောင်းရက်သားရွေး၍ ကျင်းပလေ့ရှိသည်။ ချမ်းသာသူများ က ပုဏ္ဏားဆရာများကို ပင့်ဖိတ်ကာကြီးကျယ်ခမ်းနားစွာ ကျင်းပ လေ့ရှိသည်။

‘ဦးသက်အောင်’ ၏ယောက္ခမက အထီးကော အစ်မနှစ် ယောက်လုံးက ရှေးလူကြီးများဖြစ်သလို ယခင်ဇနီး၏ အဖေ အမေများသည်လည်း ရှေးဆန်သူများဖြစ်၍ ယောက္ခမ၏ဆန္ဒကို လိုက်လျောကာ မြန်မာဆန်ဆန် ပြုလုပ်ကျင်းပသည်။ ‘ခင်ပြည့်စုံ’ ၏ အသက် ဆယ့်လေးရက်အတွင်း နာမည်ပေး၊ ကင်ပွန်းတတ် ကို ကြီးကျယ်ခမ်းနားစွာလုပ်ဖို့ စီစဉ်ကြသည်။

ဖိတ်စာတွေရိုက်သည်။ ဖိတ်စာထဲတွင် (လက်ဖွဲ့ခြင်း သည်းခံပါ) ကို ထည့်ရိုက်၏။ ထို့နေ့တွင် ‘ငယ်’ တို့ဘက်မှအသိ မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများကော၊ ‘ဦးသက်အောင်’ ၏ မိတ်ဆွေအပေါင်းအသင်းများပါ စုံလင်စွာရောက်လာကြသည်။

‘ဦးသက်အောင်’ က သူများထံမှပစ္စည်းကို မယူသည့်အ ပြင် ရောက်ရှိလာသော မိတ်ဆွေများကို မလိပ်နှိုက်ခိုင်းပြီး ပျော်



www.burmeseclassic.com

www.burmeseclassic.com

ရှင်မှုကိုဖန်တီးပေး၏။ မဲလိပ်ထဲတွင် ဆုသုံးဆုထည့်ထား
အပ်ချုပ်စက်၊ ကက်ဆက်နှင့် စက်ဘီးတို့ဖြစ်သည်။ မဲမပေါက်
များအတွက် အပြန်တွင်ကြွေထည်ချိုင့်များ လ ဆောင်
သေးသည်။

မင်္ဂလာပွဲကို မင်္ဂလာစကားပြောကြားပြီးနောက် အသ
ပြုလုပ်ထားသော ကင်ပွန်းရည်၊ တရော်ရည်တို့ဖြင့် ကလေး
ခေါင်းကို ဆေးကြောပေးသည်။ ပရိတ်သတ်ထဲမှ ရင်းနှီးသော
ဆွေမျိုးသဂ်ဟများကလည်း ကင်ပွန်းရည်ဖြင့်ကလေးအား သု
လိမ်း ဆေးကြောပေးကြသည်။

ထိုနောက် 'ခင်ပြည့်စုံ'အား ဇာအဖြူ ပိုးအဖြူဖြင့် ချ
လုပ်ထားသော အဝတ်အစားများဝတ်ဆင်ပြီး အမွှေးနံ့သာတို့
ပက်ဖျန်းလိမ်းကျံပေးကြသည်။ ထိုနောက် အမည်နာမကို ချီးမြှ
လေသည်။ ကလေးကိုအမည်မှည့်ပြီးနောက် ကြေးမုံမှန်ကြည့်
၏။

ဓား၊ အပ်၊ ကလစ်စသော လူသုံးပစ္စည်းများနှင့် ထိတွေ့
ကိုင်တွယ်စေလေ၏။ ထို့နောက် မြေကြီးပေါ်တွင် ခနစ်ကြိမ်
ခြေထောက်ချ၍ သွားဟန်ပြုစေသည်။ ဧည့်ပရိတ်သတ်များ
သမီးငယ် ကျန်းမာ ချမ်းသာစေရန် အသက်ရှည်စေရန်ဆုတောင်း
မေတ္တာပို့သကြသည်။

ဆယ်နာရီတွင် ဧည့်ပရိတ်သတ်များကို ဒံပေါက်ထမင်း





ကျွေးပြီး အအေးတိုက်သည်။ မပေးပါနှင့်ဟု တားမြစ်ထားသည့်ကြားက ကလေးအတွက် လက်ဆောင်ပစ္စည်းအမျိုးမျိုးပေး၍ လက်ဖွဲ့ကြသည်။ ဖခင်ဖြစ်သူက သမီးဦး 'ခင်ပြည့်စုံ' အတွက် ရွှေ၊ ငွေ၊ လက်ဝတ်လက်စားအပြင် ပြင်ဦးလွင်တိုက်ကြီးနှင့် မန္တလေးရှိတိုက်ကြီးများကို စာချုပ်စာတမ်းဖြင့် ပေးကမ်းလက်ဖွဲ့သည်။

ရွေး ထုံးတမ်းစဉ်လာအရဆိုလျှင် မရွှေ့မပြောင်းနိုင်သော လယ်ယာ၊ အိုး မြေပစ္စည်းများကို လက်ဖွဲ့လိုလျှင် စာချုပ်စာတမ်းနှင့် ပေးကမ်းမှသာ တရားဝင်သည်ဟုသိရသည်။ မမွေ့သတ်ကျမ်းများတွင် ဤသို့မင်္ဂလာပွဲများ၌ ရရှိသောလက်ဖွဲ့ပစ္စည်းများကို 'သင်းသီး' ပစ္စည်း အမျိုးအစားထဲ၌ထည့်သွင်းထားပြီးလျှင် ထိုပစ္စည်းများ လက်ခံရရှိသူ၏ တစ်ဦးတည်းပိုင်ပစ္စည်းများ ဖြစ်သွားတော့သည်။

အမွေခွဲသည့်အခါဖြစ်စေ၊ လင်မယားကွာရှင်းသည့်အခါဖြစ်စေ၊ တခြားသူများနှင့် မသက်ဆိုင်တော့ပေ။ ကင်ပွန်းတပ်မင်္ဂလာပွဲ ပြုလုပ်ခြင်း၏ အဓိပ္ပါယ်သဘောမှာ လောကအတွင်းသို့ ရောက်ရှိလာသော ကလေးသူငယ်အား သူစိမ်းသက်သက်ဘဝမှ အမည်သညာပေးကာ လူ့လောကကြီးနှင့်ရင်း၊ လူသုံးကုန်ပစ္စည်းများနှင့်ရင်း မိတ်ဆက်ပေးလိုက်သည့်အပြင် လူ့ဆက်ဆံမှုအဆောက်အဦးထဲသို့ ထည့်သွင်းမြှင့်တင်ပေးလိုက်ခြင်းဖြစ်


www.burmeseclassic.com

www.burmeseclassic.com

သည်။

အားလုံးက အံ့အားသင့်ယူရသည်။ 'ငယ်' တို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းဝယ် 'ငယ်' တစ်ယောက် လင်ရက်ကောင်းကို ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေကြသည်။ ဆယ်လေးရက်သမီး ပေါက်စလေးအား ဖခင်ဖြစ်သူ 'ဦးသက်အောင်' က ဆယ်သိန်းခန့်ရှိသောအမွေများကို လွှဲပေးကြောင်း။

ပေါက်စနလေးကိုမှင် ဤမျှပေးလျှင် 'ဦးသက်အောင်' အဘယ်မျှချမ်းသာကြောင်း တွက်ဆကြသည်။ 'ငယ့်' ကိုလည်း မနာလိုသူတွေ ပိုများလာသည်။ 'ငယ်' တစ်ယောက်သမီးအတွက် ဝမ်းသာကျေနပ်သလို အခြားဘက်မှလည်း စိုးရိမ်ပူပန်မိသည်။ 'ဇော်အောင်' တစ်ယောက် မိမိတို့အလှူသတင်းကို မကြားပါစေနဲ့ဟု ကျိတ်၍ဆုတောင်းမိသည်။

မိမိထံ ငွေတစ်သိန်းမြိုးမြိုးမြက်မြက်ရပြီး 'ဇော်အောင်' တစ်ယောက် နယ်တကာ လှည့်ပွေနေပြီထင်သည်။ 'ဇော်အောင့်' လို အလုပ်ကို ခါးချိုး၍ မလုပ်ချင်သောသူသည် ဘယ်တော့မှ ချမ်းသာမည်မဟုတ်။ ငွေကိုရေလိုဖြုန်းပြီး ငွေကုန်သောအခါ မိမိထံလာ၍ အကျပ်ကိုင်တောင်းဦးမှာ မုချ။ ဒီတခါတော့ မိမိ ပေးနိုင်တော့။ ခြေရာဖျောက်မှ ဖြစ်တော့မည်။



၂၀

ရန်ကုန်သို့ 'ငယ်' ပြောင်းရွှေ့ခဲ့သည်။ ပြည်လမ်းမကြီး ပေါ်ရှိ တိုက်တွင် 'ငယ်' ပျော်ရွှင်နေသည်။ 'ငယ်' သည် မန္တလေး ရန်ကုန် ပြောင်းရွှေ့လာပြီးနောက် စိတ်၏လွတ်လပ်မှုကို ရလာသလို၊ လူလည်းလွတ်လပ်လာခဲ့သည်။ မန္တလေးတွင် အိမ်ထောင် မကျခင်အထိဆင်းရဲချို့တဲ့စွာ နေခဲ့ရခြင်း၊ ဆင်းရဲမှုဒဏ် ခံစားမိခဲ့ဘဝဖြင့် ဘဝကိုမကျေမနပ်ဖြစ်ပြီး ထင်ရာလုပ်ခဲ့ရာမှ အများတစ်ခုကို ကြုံတွေ့ခဲ့ရသည်။

ထိုအမှားကြောင့် နောင်တ အကြီးအကျယ်ရနေစဉ် ဘဝ မှနေစဉ် ကယ်တင်ရှင် 'ဦးသက်အောင်' ကြောင့် 'ငယ့်' ဘဝ သည် အောက်တန်းစားဘဝမှ ရွှေမင်းသမီးဘဝသို့ ကူးပြောင်းခဲ့ သည်။ ကျေးဇူးရှင် ကျေးဇူးဆပ်ချင်စိတ်၊ ဘဝနာနေစိတ်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com



'ငယ်' တည်ငြိမ်အေးဆေး နေခဲ့သည်။ ရန်ကုန်ရောက်ပြီး တစ်နှ
ခန့်အထိ 'ငယ်' ငြိမ်နေသေးသည်။

ဒုတိယကိုယ်ဝန်ကို ရန်ကုန်မြို့ရှိ ကောင်းမေ့ဆိုသေ
မီးယပ်သားဖွားဆရာဝန်မထံတွင် ယောကျ်ားလုပ်သူက လိုက်အ
ပေးသည်။ ခင်ပွန်းဖြစ်သူက အဆင့်တန်းမြင့်မြင့်နေတတ်
ခေတ်မီသော အဆောက်အဦးများသို့ မကြာခဏခေါ်သွားသည်
သွားရဲလာရဲ၊ လူတောထဲတိုးရဲအောင်သင်ပေးသည်။

'ငယ်' သည် သူဌေးမိန်းမ ဖြစ်သော်လည်း အထက်တ
လွှာအသိုင်းအဝိုင်းတွင် နေသော်လည်း ခေတ်မမီတာအမှန်။ ငယ
တို့ပတ်ဝန်းကျင်ရှိ တိုက်ကြီးများမှ မိသားစုများကို ချောင်းကြ
ပြီး ကိုယ့်ဘာကိုယ် အားငယ်မိသည်။ 'ငယ်' တို့ဘယ်ဘက်ဘေး
ရှိတိုက်ကြီးတွင် သားပျို သမီးပျိုတွေလေးယောက်ခန့်ရှိပြီး အ
ဆရာဝန်၊ အမေဆရာဝန်၊ သားသမီး ဆရာဝန်တွေဆိုသ
ပညာတတ်တွေကြီး ဖြစ်သည်။

မနက်ဆိုလျှင် ကားတစ်စီးစီမောင်း၍ ဆေးရုံ၊ ဆေ
ကျောင်းသို့ထွက်သွားတတ်သည်။ ပတ်ဝန်းကျင်ကိုလည်း သိပ်
ဖက်မလုပ်ကြ။ ညာဘက် တိုက်လှလှလေးတွင် ခပ်ငယ်ငယ်
မောင်နှံစုံတွဲကို တွေ့ရပြီ။ မနက်စောစော လမ်းထလျှောက်ခြင်
ဈေးသို့ အတူတူလမ်းလျှောက်သွားပြီး အတူတူရယ်မောပြန်
ကြခြင်း၊ နေ့ခင်းတွင် မော်တော်ဆိုင်ကယ်ဖြင့် ရုံးအတူတက်





ညနေဘက်တွင် ခြံထဲရှိကွင်းတွင် တခြားစုံတွဲတစ်တွဲပါ ရောက်
လာကြပြီး ကြက်တောင်ရိုက်ကြသည်။

အိမ်ရှေ့ခြံဘက်တွင် ရေကူးကန်ရှိပြီး မိသားစုအပြင်
အပြင်လူများပါ. တဟီးဟီး တဟားဟားဖြင့် ရေကူးကြသည်။
ချက်ပြုတ်ကျွေးလော့စားသောက်ကြသည်။ ကကစက်ဖွင့်၊ သီ
ချင်းတွေဆိုကကြသည်။ ပျော်စရာကောင်းပါဘိခြင်း။ မိမိမှာ
တော့ ဤတိုက်ကြီးထဲဝယ် ထောင်ကျနေသလိုပါပဲ။ ခင်ပွန်းသည်
က ဤပတ်ဝန်းကျင်ရှိအိမ်များနှင့် မိတ်ဆက်ပေးမည် ဆိုပြန်
တော့လည်း 'ငယ်' မသွားရဲ။

'ငယ်' သည် ပညာတတ်မဟုတ်။ ကိုးတန်း၊ ဆယ်တန်း
ညာလေးဖြင့် ဝင်မတိုးရဲ။ ကြက်တောင်လည်း မရိုက်တတ်၊
ရေလည်း မကူးတတ်။

"ဒီကလေးမွေးပြီးရင် 'ငယ်' ရေကူးသင်ပါလား"

"ဟင် ရှက်ပါတယ်... ရေကူးဝတ်စုံက ဟိုမလုံ ဒီမလုံနဲ့"

"ရှက်နေ ကြောက်နေရင် 'ငယ်' ဒီလိုပဲချောင်ထဲမှာ ဘယ်
ထွက်ရဲပါ့မလဲ... သွားရဲလာရဲရှိအောင် သွားပေးလာပေးရတယ်...
ဘယ်သူ့ကိုမှ သိပ်အထင်မကြီးနဲ့... အားလုံး သင်ယူထားလို့
တတ်နေကြတာပဲ... မသင်ယူဘဲ ဘယ်သူမှမတတ်ဘူး... ရေကူး
ဝတ်စုံကို မလုံဘူးဆိုပြီး အပြစ်ပြောလို့မရဘူး 'ငယ်' ရဲ့... ရေကူး
ဝတ်စုံဟာ ရေထဲမှာဝတ်ဖို့ ရေကူးရတာ လွယ်ကူအောင် ထွင်ထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဝတ်စုံပဲ… အားလုံးဒီဝတ်စုံပဲ ဝတ်ကူးတာပဲ… အစပဲရှက်သ ပါ… နောက်ပိုင်းဆို သဘောတောင် ကျဉ်းမှာ… လောလောဆ တော့ ဗိုက်ထဲကသားလေးကို ဂရုစိုက်ဦး 'ငယ်' ရဲ့"

"သားလား သမီးလား မသိဘဲနဲ့"

"သားပဲဖြစ်မှာပါကွာ… 'ငယ်' ကိုကြည့်ရတာ ပေါ့ သွက်လက်နေတာပဲ… ဘာပဲဖြစ်ဖြစ်ပေါ့ 'ငယ်' ရယ်… ယော ဆောင်စီး မိန်းမမီးနေ ဆိုတဲ့စကားရှိတော့ ကလေးရှော မွေးအောင် မိခင်လောင်းက ဂရုစိုက်ရတယ်… 'ငယ်' ကစာ တွေဘာတွေ အဖတ်တယ်ပျင်းတာကို… ညက ကိုကြီးမဂ္ဂဇင် မှာ 'ငယ်' တို့အမျိုးသမီးတွေ သားဖွားကိစ္စနဲ့ပတ်သက်တဲ့ဆော ပါးတစ်ပုဒ်ဖတ်လိုက်ရတယ်… ဘာတဲ့…"

ကိုယ်ဝန်ရှိလာလျှင် ပထမခုနစ်လအတွင်း တစ်လ တစ်ကြိမ်၊ ခုနစ်လမှ ကိုးလအထိ တစ်လနှစ်ကြိမ်၊ ကိုးလမှ သည်အထိ တစ်ပတ်တစ်ကြိမ် နီးရာမိခင်နှင့်ကလေးကျန်းမာ ဌာနဖြစ်ဖြစ်၊ ပြင်ပလူနာဌာနမှာဖြစ်ဖြစ်၊ ကိုယ် ပိုက်ဆံတတ် လျှင် တပ်နိုင်သလိုပြသင့်သည်။

အကယ်၍နလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကိုယ်ဝန်အ တက်ရောဂါတွေ ရှိနေလျှင် စောစောကသတ်မှတ်ထားသော ကြိမ်များထက် ပိုမို၍ပြသသင့်သည်။ နေ့စဉ် ဝမ်းမှန်ရန်လို သည်။ ဟင်းသီးဟင်းရွက်များများ စားရသည်။ မန်ကျည်း





ရည်၊ သံပုရာရည်တို့ကိုလည်း သောက်ပေးရသည်။

နေ့စဉ် နံနက်စောစော လေကောင်းလေသန့်ရသော နေရာများတွင် မှန်မှန်လမ်းလျှောက်ပေးပြီး၊ ညစဉ် ရှစ်နာရီခန့် အိပ်၊ နေ့လည်ဘက်အိပ်စက်အနားယူသင့်သည်။ ကိုယ်ဝန်ဆောင်နေစဉ်ကာလ အလေးအပင့်ပစ္စည်းများ မ,ခြင်း၊ အမြင့်သို့တက်ခြင်း၊ ခရီးဝေးသွားခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။

ပင်ပန်းလွန်းသော အလုပ်များကိုလည်း ဆင်ခြင်သင့်သည်။ သန္ဓေသားကျန်းမာရေးကို မထိခိုက်စေရန် ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ရပေမည်။ ပထမသုံးလအတွင်း ဓာတ်မှန်မရိုက်သင့်ပေ။ ဖွံ့ထွားနေသောသန္ဓေသား၏ ခန္ဓာကိုယ်အစိတ်အပိုင်းရှိ ကလပ်စည်းများသည် ဓာတ်မှန်ရောင်ခြည်နှင့် ထိတွေ့သောအခါ ပျက်စီးသွားနိုင်သောကြောင့်ဖြစ်သည်။

ကိုယ်ဝန်ရှိစ ပထမသုံးလအတွင်းနှင့် မွေးကာနီးတစ်လအလိုတွင် မေထုန်မှီဝဲခြင်းမပြုသင့်ပေ။ လ နချိန်တွင် ကိုယ်ဝန်ပျက်တတ်၍ မွေးကာနီးတစ်လတွင် မေထုန်မှီဝဲသော် သန္ဓေသားထံသို့ ပြင်ပရောဂါပိုးများ ဝင်ရောက်နိုင်သောကြောင့် ဖြစ်သည်။

"နေဦး 'ငယ်' နားထောင်ဦး… မပြီးသေးဘူး… ဆရာဝန်နဲ့ပြသရမယ် အခြေအနေတွေလည်း ရှိသေးတယ်"

"အင်း ဘာဖြစ်ရင် ဘာပြရမလဲ ပြောပါဦး"

"သွေးဆင်းခြင်း… ရေဆင်းခြင်း… မျက်နှာအမ်းခြင်း…



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လက် ခြေထောက် ဖောရောင်ခြင်း... နေ့စဉ်ရက်ဆက် ခေါင်းကိုက်ဇက်ထိုးခြင်း... မျက်စိပြာလာခြင်း... အမြဲမပြတ် အော့အန်ခြင်း... ဆီးနည်းခြင်း... ဝမ်းဗိုက်နာခြင်းတဲ့"

'ငယ်' စာရွက်နှင့်လိုက်ကူးထားသည်။

"မွေးခါနီး လက္ခဏာတွေကိုတော့ 'ငယ်' သိပြီးသားပါ"

"သိပြီးသားပေမယ့် မှတ်လိုက်မယ်... တစ်ယောက်ရဲ့ တစ်ယောက် တူချင်မှတူမှာ"

ခါးနှင့်နောက်ကျောနာလာမည်။ ဆီးစပ်ကိုက်မည်။ နာ ကျင်မှုသည် နာလိုက်ပျောက်လိုက်ဖြစ်နေရမှ ပိုကြာပြီး ခဏခဏ ဖြစ်လာတတ်သည်။ ချွဲနှင့်သွေးရည်ကြည်များ ဆင်းမည်တဲ့။

"နောက်ကော..."

"နောက်တစ်ခုက ဆေးရုံတွင်မွေးသင့်သော ကိုယ် ဆောင်များတဲ့... သားဦး ကိုယ်ဝန်... လေးဦးထက်ပိုသော ကိုယ် ဝန်... အမြွှာကိုယ်ဝန်... ကလေးအနေအထားမမှန်သူ... ယခင် မီးဖွားစဉ်က အခက်အခဲရှိသူများ... ကိုယ်ဝန်အဆိပ်တက်ရောဂါ များနှင့် ယှဉ်တွဲနေသူများ (သွေးတိုး၊ နှလုံး၊ ဆီးချို) ကိုယ် ဆောင်စဉ်တွင် သွေးဆင်းခဲ့သူများတဲ့"

" 'ငယ်' ကတော့ လွယ်လွယ်ကူကူပဲမွေးခဲ့တာဆို အပြင်ဆေးခန်းမှာပဲ မွေးလိုက်လို့ရတာပေါ့နော်"

"ဒါပေါ့... ဒါပေမဲ့ စောစောကစာထဲမှာ ပါသလိုပဲ ခု





လမှ ကိုးလအတွင်း တစ်လနှစ်ကြိမ်ပြရမယ်ဆိုတော့ ဆေးခန်းကို တစ်လနှစ်ကြိမ်ကြွပါ... ကျုပ်ရှိရင် ကိုယ်တိုင်လိုက်ပို့ပေးမယ်... မရှိရင် ဒရိုင်ဘာနဲ့ပို့ခိုင်းရမယ်"

"မွေးခါနီး တစ်လအလို ကိုကြီး ဘယ်မှမသွားရဘူး"

"စိတ်ချပါ... 'ငယ်' မပြောလည်း ကျုပ် မသွားပါဘူး"

'ငယ်' ရွှေဘုံသာလမ်းရှိ ကိုယ်ပိုင်ဆေးခန်းတစ်ခုတွင် ဗိုက်ပြရင်း ဘဝတူကိုယ်ဝန်ဆောင်တစ်ဦးနှင့် ခင်မင်ခဲ့သည်။ တစ်နေ့တည်း၊ တစ်ချိန်တည်း၊ လတိုင်းအတူတူတွေ့နေရသဖြင့် ခင်မင်သွားကြခြင်းဖြစ်သည်။ 'ငယ်' နှင့်ရွယ်တူဖြစ်ပြီး 'ငယ်' မွေးမည့်ဆေးခန်းတွင် မွေးမည်ဖြစ်သည်။

ရုပ်ချောသည်။ ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ခေတ်မီသူဖြစ်သည်။ သူမ၏နာမည်မှာ 'ချိုချို' ပင်ဖြစ်သည်။ 'ချိုချို' ၏ ခင်ပွန်းမှာ ဆရာဝန်ဖြစ်ပြီး သက်တူရွယ်တူရုပ်ရည် သန့်ပြန့်ချောမောသူလည်း ဖြစ်သည်။ 'ချိုချို' အမျိုးသားနာမည် မှာ 'မောင်' ဆိုလား၊ 'အောင်' ဆိုလား မသိ။

'ချိုချို' က 'မောင်' နှင့် 'အောင်' ကိုတစ်လှည့်စီသုံးသွား တတ်သည်။ ဆေးခန်းတွင်ထိုင်စောင့်ရင်း စကားစမြည် ပြောဖြစ် ကြစမြဲ။

" 'ငယ်' ချစ်ချစ်ကြီးကော"

"ကိုကြီး မန္တလေးခဏသွားတယ် 'ချိုချို' "



www.burmeseclassic.com

www.burmeseclassic.com



"သွားလုချည်လားကွ"

"ဟုတ်တယ်... ဟိုမှာ 'ငယ့်' မိဘတွေနဲ့ တည်းခိုခန်း နေတော့ ကိုကြီး မကြာခဏသွားပေးရတယ်လေ"

"'ငယ်' တို့က တကယ်ချမ်းသာတာပဲ... ဒါနဲ့ 'ငယ်' ကိုမေးရဦးမယ်"

"ဘာများလဲ 'ချိုချို'"

"'ငယ်' နဲ့ 'ဦးသက်အောင်' ဘယ်လိုတွေ့ကြတာလဲ... လူကြီးတွေ ပေးစားတာလား"

"ကိုယ်တို့အစ်မအိမ်မှာ ကိုယ့်ကိုမြင်ပြီး ကြိုက်သွားလို့ လာတောင်းတာပဲ... 'ချိုချို' တို့စုံတွဲကကော ဘယ်လိုဆုံတွေ့ကြ တာလဲ"

"လူကြီးတွေ စပ်တာပါကွာ"

"ဟင် အချင်းချင်းကြိုက်တာမဟုတ်ဘူးလား"

"မဟုတ်ဘူး... ကိုယ့်ချစ်သူကလဲ မရှိဘူး ဆင်းရဲတယ်... ဒါကြောင့်အိမ်ကသဘောမတူဘူး... အခုကိုယ်ယူထားတဲ့'အောင်' ကမချမ်းသာဘူး... ဒါပေမဲ့ဆရာဝန်... ဒီတော့အိမ်ကသဘောတူ တယ်"

"သြော်..."

ငယ်ငယ်ရွယ်ရွယ်တွေဆိုတော့ သူတို့တွေသိပ်ပျော်မှာပဲ ဟု မိမိထင်ထားခဲ့သည်။





"ကိုယ်က 'ချိုချို' တို့စုံတွဲကိုအချင်းချင်းကြိုက်ပြီး ယူထား တာလို့ထင်နေတာ... 'ချိုချို' ကို 'အောင်' က တော်တော်ချစ်သွား ပဲ"

"ထင်လို့ပါကွာ... တာဝန်အရပါ"

"ဟင် ဘယ်လို 'ချိုချို'"

"သူလည်း 'ချိုချို' ကိုချစ်မှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ 'ချိုချို' ရဲ့"

"သူ့မှာလည်း ရည်းစားနဲ့ကွ... သူ့ကောင်မလေးက အ ရမ်းချောတာ... ဒါပေမဲ့ ဆင်းရဲတယ်... 'အောင်' တို့ဘက်က ဆင်းရဲလို့သဘောမတူဘူးဆိုတာကို သိတော့ ကောင်မလေးဒေါ ပွသွားတယ်... 'အောင့်' ကို ယူခိုင်းတော့ မိဘနဲ့ချစ်သူကြား 'အောင်' ဘယ်ဘက်လိုက်ရမှန်းမသိဖြစ်နေတယ်... နောက်ဆုံး တော့ ကောင်မလေးက 'အောင့်' ကို သတ္တိမရှိတဲ့လူ... အချစ်စစ် မဟုတ်လို့ တွေဝေနေတာဆိုပြီး အဆက်အသွယ်ဖြတ်တယ်... အဆက်ဖြတ်ယုံမဟုတ်ဘူး... တခြားအမျိုးသားတစ်ယောက်ကို လက်ထပ်လိုက်တယ်... ဒါကြောင့် 'အောင်' ဆွေးသွားတယ်... ကိုယ်နဲ့ 'အောင်' ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်လို့ခင်လို့ ရယ်ဆိုပြီး ပေါင်းသင်းနေကြတာ မဟုတ်ဘူး.... မွေးစာရေးနတ်က ဖန်တီးပေးလို့သာ တွေ့ဆုံနေကြတာ"

"သြော်... 'ငယ်' ကတော့ 'ချိုချို' တို့ကို ကြည့်ပြီး သိပ်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ကြတာပဲလို့ထင်နေတာ"

"မချစ်ပေမယ့် မုန်းတော့ မမုန်းဘူးပေါ့ 'ငယ်'... ဒါပေမဲ့ ဆားမပါတဲ့ဟင်းဟာ ပေါ့ရွတ်ရွတ်နိုင်သလို အချစ်မပါတဲ့အိမ်ထောင်ရေးဟာ ပျော်ရွှင်စရာမကောင်းပါဘူးကွာ... သူလည်း သူပျော်နေသလိုနေ... ကိုယ်လည်း ကိုယ်ပျော်သလိုနေပဲ... သူတာဝန်ကျတဲ့မြို့ကို ကိုယ်လိုက်မသွားဘူး... သူကလည်း အတင်းအကျပ်လိုက်ခဲ့ပါလို့မခေါ်ဘူး"

"ဟင်း ဟင်း ဒါနဲ့များတောင် ကလေးရသေးတယ်နော် အဟွန်း ဟွန်း"

'ချိုချို' က 'ငယ်' ပေါင်ကိုထုပြီး...

"ဟား ဟား မင်းတော်တော်အတွေးလွန်နော်... ကိုယ်နဲ့သူ အိမ်ထောင်ကျတာ လေးနှစ်ရှိပြီ... ကလေးမယူဘဲနေခဲ့တာပဲ ကိုယ် ကလေးမယူတာကို သူဘာမှမပြောသလို... ကိုယ်ကလည်း မယူဘူး... ဒါပေမဲ့ နှစ်ဖက်လူကြီးတွေက ဘာဘာညာညာလုပ်တာနဲ့ ကလေးယူလိုက်တာ"

"သြော် သြော်"

"ဒါနဲ့ 'ငယ်' ကိုမေးဦးမယ်... မင်း အဘိုးကြီးက မင်းကို ချစ်လိုက်တာ တုန်လို့ပဲ... မင်း ကကော"

"အတူနေတာကြာတော့လည်း သံယောဇဉ်ဖြစ်လာတာပေါ့ 'ချိုချို'... သူက ကိုယ့်အပေါ် အဖေလိုကော အစ်ကိုလိုပါ





ဂရုစိုက်တော့ သူ့မှာ ဘာမှအပြစ်ပြောစရာမှ မရှိဘဲ"

"မင်း 'ဦးသက်အောင်' ကိုချစ်လား"

"ဒီလို 'ချိုချို'... ကိုယ်နဲ့ အစ်ကိုကြီးလက်ထပ်တုန်းက ကိုယ့်မှာရည်းစားတို့ အချစ်ဦးတို့ရှိမနေသေးလို့လားမသိဘူး... ဘယ်လိုမှမခံစားရသလို... အစ်ကိုကြီးနဲ့ နေတာလည်း ပျော်တာပါပဲ... ချစ်တာ မချစ်တာတော့ ကိုယ်မသိဘူး"

ထို့နေ့အတွက် ထိုမျှနှင့် စကားပြတ်သွားကြသည်။ ဆေးခန်းအတွင်းမှ ဆရာဝန်ခေါ်လိုက်သောကြောင့်ဖြစ်သည်။ 'ချိုချို' နှင့် 'ငယ်' မီးမဖွားမီ နှစ်လအလိုမှစ၍ မိတ်ဆွေသူငယ်ချင်းများဖြစ်သွားကြသည်။ ဗိုက်ကြီးသည့် သူငယ်ချင်းနှစ်ယောက်ကူးချီသန်းချီ လုပ်ပြီးပျော်နေကြသည်။

" 'ချိုချို' ရေကူးတတ်လား"

"အင်း..."

" 'ငယ့်' ကိုသင်ပေးပါလား"

"ရေကူးတယ်ဆိုတာ ကန်ရှိမှသင်လို့ရမှာပေါ့ 'ငယ်' ရဲ့... ဘာလဲ 'ငယ်' တို့အိမ်ရှေ့တိုက်က ကန်မှာ သင်မလို့လား"

"ဟင့်အင်း... အဲဒီမှာ မသင်ချင်ဘူး... 'ငယ်' တို့ပတ်ဝန်းကျင်က လူတွေကို 'ငယ်' မခင်ဘူး... ဘဝင်ကြီးတွေနဲ့ မခေါ်ချင်သလို... မပြောချင်သလိုနဲ့"

"ဒါဆို ဒီလိုလုပ်လေ... ကိုယ်တို့ ဖိုးစိန်ဓမ္မထိပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဆွယ်ရေကူးချန်ပီယံ 'ဆေဝေလင်း' က ရေကူးသင်တန်းဖွင့်ထားတယ်... အဲဒီမှာ တက်ပါလား"

"သင်သာ သင်ချင်တာ... ရှက်လည်း ရှက်တယ်"

"ရှက်မနေနဲ့... ကိုယ်ပါ လိုက်တက်ပေးမယ်"

"ဟာ ဒါဆို ဝမ်းသာစရာပဲကွာ... သင်တန်းက ဘယ်လိုယူလည်း မသိဘူး"

"တစ်ပတ်ကို သုံးရက်ကူးရင် သုံးလကို တစ်ရာ... တစ်ပတ်ကိုခြောက်ရက်ကူးရင် သုံးလကို တစ်ရာ့ငါးဆယ်... အချိန်က တစ်နာရီကျော် ကြာတယ်... တစ်နေ့ကို ငါးကြိမ်ခွဲထားတယ်... ကြိုက်တဲ့အချိန် တက်လို့ရတယ်"

"အင်း တက်မယ် တက်မယ်... ကလေးမွေးဖွားပြီး လေးလလောက်ကျရင် တက်ရအောင်"

"ရတယ်... စိတ်သာချနေ"



## ၂၁

ပထမကလေးတုန်းက ကိုယ်တိုင်နို့တိုက်ခဲ့ရသော်လည်း ဒုတိယကလေးမွေးဖွားသော သားငယ်ကိုကား မိခင်နို့မတိုက်တော့ဘဲ နို့မှုန့်သာဖျော်တိုက်သည်။

"ကလေးတွေအတွက် အမေနို့လောက်တော့ ဘယ်နို့က မကောင်းပါဘူး 'ငယ်' ရာ"

"ဒါတော့ ဒါပေါ့ အစ်ကိုကြီးရဲ့... ဒါပေမဲ့ 'ငယ်' က သားလေးလလောက်ရရင် ရေကူးသွားသင်မှာဆိုတော့ ခုကတည်းက နို့ဗူးတိုက်ထားမှ အကျင့်ပါမှာပေါ့... ဟုတ်ဘူးလား"

သိပ် မကျေနပ်သော်လည်း 'ဦးသက်အောင်' ဘာမျှ ဆက်မပြော။ ရန်ကုန်ရေနှင့် တည့်လားမသိ၊ 'ငယ်' အသားအရေ ဖြူဝင်းနေသည်။ ဒါမှမဟုတ် တစ်သားမွေး၍ တစ်သွေးလှနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



လား မသိ။ မိန်းမဖြစ်သူအတွက် 'ချိုချို' သည် မိတ်ကောင်းဆွေ ကောင်းဖြစ်မလား၊ မိတ်ပျက်ဆွေပျက်ပဲ ဖြစ်မလားတော့ မပြော တတ်။ နေ့တိုင်းလိုလို အိမ်မှာရောက်နေတတ်သည်။

သူ့ ကလေးကိုပါခေါ်လာပြီး တစ်နေ့ကုန် အိမ်မှာထ ချက်ပြုတ်စားသောက်ကြသည်။ 'ငယ်' တစ်ယောက် 'ချိုချို' နှင့် အတူ ယခုလိုနေရသည်ကို အတော်ကျေနပ်နေပုံရသည်။ မိမိ နေဖြင့်လည်း ဇနီးအတွက် အဖော်ရသဖြင့် ဝမ်းသာမိပါသည်။ သို့သော်... တစ်ခုမကြိုက်။

'ချိုချို' သည် အိမ်ထောင်ရှင်တစ်ယောက် ဖြစ်သော် လည်း ဇရုတ်ကျလွန်းသည်။ အလှအပတွေပြင်ဆင်ခြယ်သလွန်း သည်။ ခေတ်ဆန်လွန်းသည်။ သူ မသိတာ သူ မတတ်တာ အ မှု မရှိ။ ယခု ကြည့်... ယခင်က ဆံပင်နက်နက်ကလေးများ ဖြောင့်နေအောင် ဆံပင်ဖားလျားချထားလျှင် ချထား၊ ခပ်မြင့်မြ စုစည်းလျှင် စုစည်း၊ ဖွတ်မြီးရှည်ကြီးထိုးချင်ထိုး၊ ဒါမှမဟုတ် ဖွတ်မြီးရှည်နှစ်ချောင်းကို ကျစ်ထားလေ့ရှိသော 'ငယ့်' ခေါင်းပေါ် မှာ ဆံပင်များသည် ယခုအခါ ခေါင်းပေါ်တွင် တစ်ထွာတစ်မိုက ခန့်သာရှိ၍ လိမ့်တွန့်ကောက်ကွေးနေသည်။

မြန်မာစစ်ရုပ်မှ ဗိုလ်မနှင့်တူနေသည်။ အဝတ်အစားမှ မှာလည်း ယခင်နှင့်မတူတော့။ လည်ဟိုက်ဟိုက်၊ ကျောဟိုက် ဟိုက်၊ လက်ပြတ် ခပ်ကျယ်ကျယ် ဝတ်တတ်လာသလို။ ပွပြီ





ဆိုလျှင် လက်ကော၊ ကိုယ်ကော ဖို့ယိုဖားလျား၊ ရှည်လျားလျား၊ တော်ပြီး တစ်ခါတစ်ခါ အဝတ်ပုံထဲမှာ ရောက်နေသလား ထင်ရ အောင် လည်ပင်းတွင် အတွန့်အဖတ်၊ အလိမ်တွေကပ်၍ချုပ်ထား သေးသည်။

နဂိုကတည်းက 'ငယ်' ချောမှန်းလှမှန်းသိပါသည်။ ယခု သို့ခေတ်မီမီပြင်လိုက်သောအခါ ပို၍ ချောမောလှပလာဖါသည်။ ယခင်က တစ်နေ့တစ်နေ့ မီးခံသေတ္တာနားထိုင်၍ ပိုက်ဆံတွေ ဘယ်လောက်များလာပြီလည်း ဆိုသည်ကို သိချင်ဇောဖြင့် ရေ တွက်ခြင်းမျိုး၊ လက်ဝတ်လက်စားတွေကို ကြည့်ပြီး ဘာတွေထပ် ဦးမယ်၊ ဘာတွေ ထပ်လုပ်ဦးမည်ဟု ပြောသော 'ငယ်' သည် ယခု တစ်နေ့တစ်နေ့ ဗိုလ်ချုပ်ဈေး၊ လေဟာပြင်ဈေးသစ်၊ စိန်ဂျွမ်း ဈေး၊ ဥက္ကလာပဈေးများသို့ သွား၍ ရှိသမျှ အထည်ဆန်းများကို ဝယ်ခြင်း၊ အပ်ချုပ်ဆိုင်အပ်ခြင်း၊ ရွေးချယ်ခြင်း အလုပ်များဖြင့် အချိန်ကုန်နေသည်။

လှပြီးသားဆံပင်ကို 'ချိုချို' ရောက်လာသည်နှင့် တော် ကြာရှေ့ခွဲ၊ တော်ကြာ ဘေးခွဲ၊ တော်ကြာ နောက်သို့ပြောင်းနေ အောင် လှန်တင်၍တစ်ဖုံ အမျိုးမျိုးပြင်ကြသည်။ 'ချိုချို' သည် အလှပြုပြင်မှုတွင် တော်သူဆိုတာ သူမ အပြင်အဆင်ကို ကြည့် ၍ သိနိုင်သည်။

ဘာလေးပဲ လုပ်လိုက်လုပ်လိုက် ရုပ်ပြောင်းပြီး တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

လှသွားစေမြ။ 'ငယ်' လှတာ၊ 'ငယ်' ပျော်တာကို 'ဦးသက်အော
ကျေနပ်ပါသည်။ သဘောကျပါသည်။ သို့သော်... 'ငယ်' အ
သူ လှဖို့ သူ ဝတ်ဖို့ဘက်သို့အာရုံပြောင်းသွားပြီး တခြား ဘာ
မျှ စိတ်မဝင်စားတော့၊ လျစ်လျူရှုထားသည်။ ကလေးကို က
ထိန်းဖြင့်ထားသည်။

မီးဖိုချောင်အလုပ်ကို ထမင်းချက်တစ်ယောက်၊ အိမ်
တစ်ယောက်ဖြင့်ထားသည်။ ထိုအိမ်ဖော်သည် မီးဖိုထဲတွင်
တစ်အိမ်လုံးတွင်ပါ ရှင်းလင်းပြုပြင်ရသည်။ ခြံထဲတွင် ကားအ
ဘာက ကားမောင်းသည့်အလုပ်ကော ခြံရှင်းသည့်အလုပ်ပါ
ရသည်။

'ဦးသက်အောင်' ထမင်းစားဖို့ ထမင်းစားခန်းထဲဝ
သည်။ ဆယ့်တစ်နာရီထိုးပြီးဖြစ်သော်လည်း ထမင်းမကျ
သေး။

" 'ငယ်' "

"ဘာလဲ ကိုကြီးရေ"

"ခဏလာပါဦး"

'ငယ်' တော်တော်နှင့်ရောက်မလာ။ ရောက်လာ
လည်း လက်ဆယ်ချောင်းကို ပါးစပ်ဖြင့် တဖူးဖူးမှုတ်၍ဝင်လာ
ဖြင့်...

"လက် ဘာဖြစ်လို့လဲ"





"အဟင်း ဟင်း ဘာမှ မဖြစ်ပါဘူး ကိုကြီးရဲ့... လက်
သည်းနီဆိုးထားတာ မခြောက်သေးလို့ပါ... ကဲ ပြော ဘာကိစ္စရှိ
လို့လဲ"

"ကိုယ့်မိန်းမကိုယ် ကိစ္စရှိမှခေါ်ရမှာလား... ခါတိုင်းထ
မင်းစားရင် အနားမှာအမြဲထိုင်နေကျပဲဟာ... ခုတလော 'ငယ်'
တွေရားတွေ ပျက်ကွက်နေတယ်နော်"

"အာ ကိုကြီးကလည်း 'ငယ်' မအားလို့ပါ"

"ကျုပ် ထမင်းစားတဲ့အချိန်တော့ အနားမှာရှိစေချင်
တယ်"

"ရှိတဲ့အခါလည်း ရှိတာပဲ... မရှိတဲ့အခါလည်း မရှိဘူး
ပေါ့လို့... အမြဲတမ်း သူ့ ထမင်းစားတာ ထိုင်ထိုင်စောင့်နေရတာ
ငြင်းစရာကြီး"

'ဦးသက်အောင်' ခေါင်း ဆတ်ကနဲ ထောင်ထလာပြီး
'ငယ်' ကိုစိုက်ကြည့်နေသည်။ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့
ထား၏။ ယောကျ်ားဖြစ်သူ ဒေါပွတာကို 'ငယ်' ဒီတစ်ခါပဲ မြင်ဖူး
သည်။ 'ငယ်' ကလည်း အပါးပါ။

"ဟင် ကိုကြီးကလည်း 'ငယ့်' ကို အဲသလို မျက်လုံးကြီး
နဲ့မကြည့်ပါနဲ့... အတူတူ စ,နေကတည်းက 'ငယ်' အစ်ကိုကြီး
အနားမှာ အမြဲနေခဲ့တာပဲ... ဘာလဲဟင်... 'ငယ်' လှတာ... 'ငယ်'
ဝတ်တာစားတာ 'ငယ်' ပျော်တာကို ကိုကြီး မမြင်ချင်ဘူးလား...



www.burmeseclassic.com

www.burmeseclassic.com



မပျော်စေချင်ဘူးလား"

"ကျုပ် 'ငယ့်' ကိုအစစ အရာရာ အလိုလိုက်ခဲ့ပါတယ် 'ငယ်' လုပ်ချင်တာလုပ် ဘာမှမပြောခဲ့ဘူး... ဒါပေမဲ့ 'ငယ်' ကျုပ်စေတနာကို တန်ဖိုးမထားဘဲ... အခုတလော 'ငယ်' အ ပြင်ဖို့ အပြင်ထွက်ဖို့ကလွဲရင် လင်မှန်း သားမှန်းကော သိရဲ့လ ကျုပ် တစ်ယောက်တည်း ထမင်းစားရတာ နှစ်လကျော်ပြီ ကျု ဘာမှမပြောဘဲနေခဲ့တယ်... ဒါပေမဲ့ကျုပ်က 'ငယ်' လွှတ်လပ် ပိတ်ပင်တယ် ထင်မှာစိုးလို့ ဘာမှမပြောခဲ့ဘူး... ဒါပေမဲ့ 'ငယ် တန်ဆေး လွန်ဘေးတဲ့... 'ငယ့်' ကိုဒီအတိုင်းလွှတ်ထားရင် ပျက် သွားမှာမို့ ကျုပ် ပြောရတာပဲ"

"ဘာ ပျက်စီးသွားမှာလဲ... ကိုကြီး စကားပြောတာကြ ပြောနော်... အလုပြင်တာနဲ့ အဝတ်အစားဝတ်တာ ပျက်စီးရ လား"

"ကျုပ် အဲဒါကို အပြစ်ပြောနေတာ မဟုတ်ဘူး... မင် လုပ်ချင်တာကို ကျုပ်က ခွင့်ပြုခဲ့တာချည်းပဲ... ဒါပေမဲ့ မင်းဟ က လင်ကိုလည်း ဂရုမစိုက်... သမီးကိုလည်း ဂရုမစိုက်နဲ့ လောက်ပြင်ဆင်နေတာ ဘာလုပ်ဖို့လဲ... မင်းသမီးလုပ်မလို့လာ ဒါမှမဟုတ် နောက်ထပ်အသစ်လိုချင်လို့လား"

"ဟုတ်တယ် ဟုတ်တယ်... ကဲ ဘာပြောချင်သေးသလ

'ငယ်' ထိုကဲ့သို့ပြောပြီး ခြေသံခပ်ပြင်းပြင်းဖြင့် ထမင်





ားခန်းအတွင်းမှ ထွက်သွားသည်။ 'ဦးသက်အောင်' ပြုံး၍ကျန် ခဲ့သည်။ စိတ်ချမ်းသာ၍ ပြုံးခြင်းတော့ မဟုတ်။ နောင်တ ရားနှင့် စိတ်ဆင်းရဲပြီး ပြုံးခြင်းသာဖြစ်ပါသည်။ မိမိမိုက်ပြစ်ကို မိသာခံရတော့မည်။

တန်းတူရွယ်တူကို မယူဘဲ ခပ်ငယ်ငယ်ကိုမှ ကြိုက် သာမိမိသည် ယခုတော့ စိတ်ညစ်ရပြီပေါ့။ 'ငယ့်' ဘက်ကကြည့် ာလည်း လုချင်မည်။ လည်ချင်ပတ်ချင်မည်ပေါ့၊ သူ့အသက် ငယ်ငယ်လေးရှိသေးတာကိုး။ ရွှေတွေ၊ ငွေတွေ၊ တိုက်တွေ၊ ားတွေနှင့်ပြည့်စုံကြွယ်ဝနေသော ဘဝတွင် သူ့မှာ ဘာပူပင်စ ာတွေရှိနေသနည်း။

သူမ အပျိုအရွယ်က မဝတ်ရ၊ မစားရ မပျော်ခဲ့ရသဖြင့် ခုလိုပြည့်စုံနေသောအခါ ပျော်ချင်ရှာပေမည်။ မိမိအသက်ကြီး င်း သူမကို လိုက်ကြီးခိုင်း၍ မရ။ မိမိ လူကြီးဆန်တိုင်း သူမကို ိုးကြီးနေခိုင်း၍ မရ။ ဘာပဲ ဖြစ်ဖြစ်လေ။ မိမိအပေါ် မဖောက် န်လျှင်တော်ပါပြီ။ သူ့ကို ရွေးယူထားတော့လည်း ချော့ရမည် ါ...။

" 'ငယ်' "

'ငယ်' ကထုံးစံအတိုင်း စိတ်ကောက်လျှင် နှစ်ရက် သုံး ာ်စကားမပြော။ အစာလည်း မစား။

"စိတ်ကောက်တာတော့လည်း ကောက်ပေါ့ 'ငယ်'... ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ အခန်းတံခါးလုံးဝ ဖွင့်မပေးတာတို့… အစာမစားတာတို့ တော့ မလုပ်ပါနဲ့လို့တောင်းပန်ပါတယ်"

ထိုစကားကြောင့် 'ငယ်' ရယ်ချင်သွားသည်။

" 'ငယ်' ကျုပ်ကို ချစ်ကော ချစ်သေးရဲ့လား"

'ငယ်' မဖြေ။

"အင်းလေ… ကျုပ်ကို မချစ်ရင်တောင် ကျုပ်သားသမီး တွေရဲ့မျက်နှာကိုထောက်ပြီး ကျုပ်ကို ပစ်မသွားပါနဲ့"

"ဘယ်သူက ဘာလုပ်နေလို့လဲ… ကိုကြီးက လူကိုသိ အထင်သေးတာပဲ… အလုပြင်တာနဲ့ နောက်လင် ယူရောတဲ့လား တချို့မိန်းမတွေ မပြင်မဆင်ဘဲနဲ့ နောက်လင် ယူချင်ယူတာပဲ"

"ကောင်းပါပြီဗျာ… ပြင်ပါ… ပြင်ပါ… နောက်တစ် ယောက် မယူရင်တော်ပါပြီ"

နောက်ဆုံး 'ဦးသက်အောင်' သာအရှုံးပေးလိုက်ရသည်။ မိန်းမက လှလေခေတ်ဆန်လေ၊ အပြင်သို့ အထွက်များလေ ယောက်ျားတွေ သဝန်တိုလေ စိုးရိမ်လေပါပဲ။ သိပ်ချုပ်ချယ်လျှင် အရွဲ့တိုက်မည်စိုးသဖြင့် မချုပ်ချယ်ရဲ။ ဒုတိယကလေး လေးလ ပြည့်သည်နှင့် 'ငယ်' ရေကူးသင်တန်းတက်ဖို့ပြင်ဆင်သည်။

ရေကူးမည်ကိုအကြောင်းပြု၍ ဂုတ်ပေါ်ဝဲနေသော ဆံပင် ကိုထပ်တိုသည်။ ရှပ်အင်္ကျီပုံမျိုးတွေ ချုပ်သည်။

" 'ငယ်' နဲ့လိုက်ရဲ့လား ဟင် ကိုကြီး"





ရေကူးဝတ်စုံသုံးထည်ကို ကိုယ်လုံးပေါ်မှန်ရှေ့တွင် တစ် ည်ပြီး တစ်ထည်ဝတ်ကြည့်ရင်း မေးခြင်းဖြစ်သည်။

" 'ငယ်' ကလှပြီးသားပဲ… လိုက်ပါတယ်"

ထိုကဲ့သို့ပြောရင်း ရင်ထဲတွင် တစ်ဆို့ဆို့ကြီးဖြစ်သွား ည်။ အမျိုးသမီးများ၏ ခန္ဓာကိုယ်အချိုးအဆက်သည် အပေါ်မှ ဝတ်အစားများ ဖုံးအုပ်ထားသဖြင့်သာ ယောကျ်ားများကဲ့ ာင်းနေခြင်းဖြစ်သည်။

ယခုလို ရေကူးဝတ်စုံဝတ်လိုက်သောအခါ လက်မောင်း တွေ၊ ရင်ပတ်တွေ၊ ကျောတွေ၊ ပေါင်တွေ၊ ခြေသလုံးတွေကို ရှိကိုအရှိအတိုင်း မြင်တွေ့ရသည့်အပြင် အရှက်လုံအောင်ဖုံး ားသော နေရာများသည်ပင် ကြည့်ရမြင်ရတာ အမြင်ခက်လှ သည်။

'ဦးသက်အောင်' လို ရိုးရိုးသားသားနေတတ်တဲ့လူအဖို့ ာ့ လင်မယားပင်ဖြစ်လင့်ကစား ရေကူးဝတ်စုံဝတ်ထားသော ယ်' ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကို အမှတ်မထင်မြင်ပြီး စိတ် ွေချောက်ချား ဖောက်ပြားရလေလျှင် တခြားယောကျ်ားများဆို ျှင်ကော။

" 'ငယ်' တို့ရေကူးကန်က ဘယ်မှာလဲ"

"ဖိုးစိန်လမ်းထဲမှာ"

"ဘယ်သူက သင်ပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမပေါ့... ဘာလဲ စိတ်မချဘူးလား... 'ငယ်' ထံ အအိုမပြောနဲ့ အပိုတွေတစ်ပုံကြီးလာသင်တာ... လင်ရှိတဲ့မိန်း ကလေးအမေကို ဘယ်အကောင်ကမှ မကြိုက်ဘူး...သိပ်ပူမနေနဲ့"

"ကျုပ် ဘာမှလည်း မပြောရပါလား"

"ပါးစပ်ကသာ မပြောတာပါ... မျက်လုံးကဖြင့် အူတို တာ မသိရင်ခက်မယ်"

"ချစ်လို့ပေါ့ဗျာ... ကျုပ်က မင်းကို ချစ်ရတဲ့သူပဲ"

"ကဲ အိပ်မယ်... မနက်အစောကြီးထရမယ်... ဟိုကို နှစ်နာရီအရောက်သွားရမှာ"

"သားနဲ့ သမီးကိုခေါ်သိပ်ရအောင်... သူမျှားချည်းနဲ့ သိပ်ရင် ကြာတော့ မိဘကိုစိမ်းသွားလိမ့်မယ်"

"ဟော ကိုကြီးက ညအိပ်ခါနီးအထိ တယ်ပြဿနာရှာ တာပဲ... ကလေးတွေခေါ်သိပ်ရင် အိပ်ရာလည်းကျပ်တယ်...ပြီး တော့ သေးပေါက်ချတော့ မွေ့ရာတွေနံ့မယ်... ဆွေးမယ်... ဖျက် စီးမယ် အဖေကြီးရဲ့"

'ဦးသက်အောင်' ငြိမ်ကျသွား၏။ စိတ်ထဲကတော့ ကောင်း။ တကယ်ဆိုလျှင် ချစ်စဖွယ်တီတီတာတာ ပြောတတ်ခဲ့ စသမီးကြီး 'ခင်ပြည့်စုံ' နှင့် အိပ်ရာထဲတွင် စရင်းနှောက်ရင် ပျော်ပျော်ပါးပါး အိပ်ချင်သည်။

သားငယ်လေးက လေးလပြည့်ပြီးပြီမို့ ဝူးဝူးဝါးဝါးနှင့်





ကားတွေပြောပြီး ခြေကားရားလက်ကားရားဖြင့် ရယ်ပြုံးပြခြင်း များသည် ဖခင်ကြီး၏ရင်ကိုအေးမြစေပါသည်။

"'ငယ်' သားတို့ သမီးတို့ကိုကော ချစ်ရဲ့လား"

"ချစ်တာပေါ့ ကိုယ်မွေးထားတာပဲ... မချစ်ဘဲရှိပါ့မလား"

"ကျုပ်နဲ့ သားသမီးနဲ့ ဘယ်သူ့ကို ပိုချစ်လဲ"

"အတူတူပေါ့... ကိုကြီးကော 'ငယ်' နဲ့ သမီးတို့နဲ့ ဘယ် သူ့ကို ချစ်လဲ"

"တစ်မျိုးစီပေါ့... ၁၅၀၀ အချစ်မှာ 'ငယ်' ကိုအချစ်ဆုံး... ၅၂၈ မှာ သားတို့ သမီးတို့ကို အပိုဆုံး"

"ဟာဟ အဘိုးကြီးက ဒါမျိုးဆို တယ်နော..."

"ကိုယ်တကယ် အဘိုးကြီးဖြစ်နေပြီလား"

ရင်ထဲမှာ တကယ်ဝမ်းနည်းသွားသည်။ 'ငယ်' သည်ယခု နောက်ပိုင်း မိမိကို အဘိုးကြီးဟု တစ်ခွန်းစနှစ်ခွန်းစ ခေါ်လာ တတ်ပြီ။

"ဒီလို အစ်ကိုကြီးရ... ကိုကြီးကို အိုလို့ခေါ်တာမဟုတ် ဘူး... အသက်ကြီးကြီးက ယောကျ်ားယူထားတဲ့ မိန်းမတိုင်းက သူတို့ရဲ့ယောကျ်ားတွေကို အိမ်ကဟာကြီးတို့... အဘိုးကြီးတို့... အဖေကြီးတို့ခေါ်တာ ကိုကြီး မကြားဖူးဘူးလား"

"သြော် သြော်"

"'ငယ်' ရေကူးတတ်ရင် ကားမောင်းသင်မယ်... ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



မရှိရင် ဒရိုင်ဘာတစ်ယောက်တည်း အားကိုးလို့မဖြစ်ဘူး... ဒရိုင်ဘာအဘိုးကြီးက ခဏခဏဖျားတော့ 'ငယ်' တို့သားအမိဒုက္ခရောက်ကော"

"သင်တာပေါ့... ကောင်းတဲ့အလုပ်ဆို အားလုံးခွင့်ပြုပါတယ်ဗျာ"

'ငယ့်' လောက် ကုသိုလ်ကံကောင်းသူ ရှိဦးမလားလို့ စိတ်ထဲမှ တိတ်တိတ်ကြွေးကြော်မိသည်။



၂၂

ရေကူးသင်တန်းဝယ် အသက် လေးဆယ်ခန့်အမျိုးသမီးကော အသက် သုံးဆယ်၊ နှစ်ဆယ်၊ တစ်ဆယ် ကြီးကြီးငယ်ငယ် အရွယ်စုံရှိသည်။ အမျိုးသားများကိုတော့ အသက်လေးနှစ်အောက်အထိသာ လက်ခံသည်။ ဆရာမ 'ဝေဝေလွင်'က ဖိုးစိန်သမ်းရှိ ကိုယ်ပိုင်ရေကူးကန်တစ်ခုတွင် ငှား၍ ရေကူးသင်တန်းဖွင့်ခြင်းဖြစ်သည်။

ရေကူးကန်တစ်ဝိုက်တွင် လှပသော ရောင်စုံပန်းပင်များ၊ ရောင်စုံကုလားထိုင်များ၊ ရေမကူးခင်ရေချိုးဖို့နေရာသည် ရေပန်းခြင်ပြုလုပ်ထားပြီး သေားပတ်လည်တစ်ဝိုက်တွင် ကျောက်ပြားများခင်းပေးထားသည်။ ရေကူးလာသင်သူများကို လိုက်ပို့သည့်အဖော်များသည် ဗျန်းရုံများဘက်တွင် အေးချမ်းစွာစောင့်ထားနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးသက်အောင်' ပထမဆုံးနေ့တွင် လိုက်ပို့ပေးရင်း အား ခတ်သည်။ စိုးရိမ်စရာမရှိသဖြင့် စိတ်ချသွားသည်။ 'ငယ်' တို့ ပထမဆုံးရေထဲတွင်ခေါင်းငုံ့၍ ပါးစပ်ဖြင့်အသက်ရှူခြင်းကို သင်ရသည်။ ထို့နောက် အသက်အောင့်နည်း။ ဒီဘက်ကန်ဘောင်မှ ဟိုဘက်ကန်ဘောင်သို့ ရေထဲတွင် ဝမ်းလျားမှောက်၍ မျောသွားနိုင်ရန်သင်ရသည်။

ရေကူးကန်နံရံတွင် ကျောမှီ၍ရပ်ရသည်။ ထို့နောက် ခြေတစ်ဖက်တည်းရပ်၍ တစ်ဘက်သို့ရေကူးကန်နံရံတွင် ထောက်၍ ကန်ထားရသည်။ ထို့နောက် လက်နှစ်ဘက်ကို ရှေ့သို့ဆန့်တန်း၍ ချိုင်းနှင့်ရေပြင်ထိနေအောင် ကိုယ်ကိုညွတ်ကွေး၍ ဆန့်တန်းရသည်။

ထို့နောက် ခေါင်းကို ရေထဲငုံ့၍ ထောက်ထားသောခြေကို နံရံမှကန်ထုတ်လိုက်သောအခါ လေးလံပါသည်ဆိုသော ခန္ဓာကိုယ်ကြီးသည် ရေထဲတွင် ငါးလေးတစ်ကောင်အလား ပေါ့ပါးစွာ လျှောကနဲ မျောသွားသည်။ တဘက်ကန်ဘောင်အထိ ဖြစ်သည်။

ဆရာမ 'ဝေဝေလွင်' နှင့် ညီအစ်မငယ် နှစ်ယောက်အပြင် ရေကူးတတ်ပြီးသာ ညီမငယ်လေးများကပါ သေချာစွာလေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်ဖြစ်





၍ အသက်ဆယ့်လေးနှစ်အောက် အမျိုးသားလေးများလည်း လာရောက်သင်ကြားကြသည်။ တချို့ကလေးများသည် အတော်ပင် ငယ်ပါသေးသည်။

သို့သော် သင်ကြားပို့ချပေးသော ဆရာ များသဖြင့် မအတ်မချင်း ဂရုစိုက်၍သင်ကြားပေးပါသည်။ 'ငယ်' နှင့် 'ချိုချို' အတစ်ပတ်တွင် ခြောက်ရက်မို့ပင်ပန်းသော်လည်း ပျော်ပါသည်။ အခုမှသူငယ်ချင်းအသစ်တွေပြီး နှစ်ယောက်လုံးပျော်ရွှင် နေကြခြင်းဖြစ်သည်။

ရေကူးသင်တန်းပြီး၍ အိမ်မပြန်ခင် ဈေးသို့ဝင်ကြသည်။ အိမ်ပြန်ရောက်တော့လည်း ဓာတ်ပုံရိုက်တတ်သော 'ချိုချို' အ ကင်မရာတစ်လုံးဖြင့် 'ငယ်' ကိုဓာတ်ပုံရိုက်ပေးသည်။ 'ငယ်' ကိုလည်း ဓာတ်ပုံရိုက်သင်ပေးသည်။ 'ငယ်' တစ်ယောက် ယခင် အမလုပ်ခဲ့သမျှ ယခု အကုန်လုပ်သည်။ ရေကူးတတ်လာသောအခါ ကြက်တောင်ရိုက်သင်ကြသည်။

"ငါ့မိန်းမကလည်း နေရင်းထိုင်ရင်း အားကစားသမား ဖြစ်နေပါရော့လား"

"ဒါပေါ့ မကျေနပ်ဘူးလား"

"ကျေနပ်ပါတယ်ဗျာ... ရော့ 'ငယ်' အတွက် စာပါတယ်"

"ဒါ 'မလတ်' လက်ရေးပဲ... ဒါက မေမေ့လက်ရေး... မေမေတို့ကလည်း နေ့တိုင်း ဖုန်းဆက်နေကြနဲ့များ စာထည့်နေရ



www.burmeseclassic.com

www.burmeseclassic.com

သေးတယ်... ဟင်း ဟင်း”

‘င ’ စာကိုဖောက်ဖတ်သည်။

‘ငယ်’...

မေမေစာရေးလိုက်တယ်။

သမီးတို့အိမ်ကို ဖုန်းဆက်တိုင်း သမီး မရှိဘူး ချည်းပဲ။ တစ်ရက်လည်း မဟုတ်၊ တစ်လလည်း မဟုတ်ဘူး၊ တစ်နှစ်ကျော်လောက်ရှိနေပြီ၊ သမီးဘာတွေလုပ်နေတာလဲ၊ ကိုယ်က အပျိုမဟုတ်ဘူးလေ၊ အိမ်ထောင်ရှိ သားနဲ့ သမီးနဲ့ ဖြစ်နေပြီ။

သားသမီးဆိုတာ မိခင်ရဲ့ရင်ခွင်မှာသာပျော်ရွှင်ဘ သမီးရဲ့၊ အမိရဲ့ကြင်နာမှု၊ ယုယမှုအောက်မှာ ပျော်ယာင်းရပ်လို ပုံသွင်းပေးရတာမျိုးသမီးရဲ့... မြေးလေးတွေကို ဒီအတိုင်းပစ်မထားသင့်သလို၊ ကိုယ့်အပေါ်မှာ အစစအရာရာ လိုလေသေးမရှိအောင် ကျေးဇူးကြီးမားလှတဲ့ ခင်ပွန်းသည်ကိုလည်း လစ်လျူမရှုပါနဲ့၊ အနိုင်ရတိုင်း အနိုင်မယူပါနဲ့လို့ မေမေ သတိပေးချင်တယ်။

မေမေတို့မျိုးရိုးဟာ ပစ္စည်းရှိခြင်းဆိုတဲ့ ဂုဏ်ကိုမဆောင်နိုင်ပေမယ့် ရိုးသားခြင်း၊ ကြင်နာခြင်း၊ သစ္စာရှိခြင်းဆိုတဲ့ ဂုဏ်ကိုတော့ဆောင်နိုင်ခဲ့တယ် သမီး။

သမီးပို့ပေးတဲ့ဓာတ်ပုံတွေ မေမေတို့ရပါတယ်





သမီးက လှပြီးသားမို့ ခေတ်ဆန်ဆန်နေတော့ပိုလှတာပေါ့၊ ဒါပေမဲ့ ရေကူးဝတ်စုံနဲ့ ပုံတွေကို လူမြင် သူမြင်မှာ မထားပါနဲ့ကွယ်၊ သူစိမ်းယောကျ်ားတွေမြင်ရင် မကောင်းဘူးလေ။

နောက်တစ်ခု မေမေပြောချင်တာက သမီးကို မန္တလေးမှာထားရတာ အန္တရာယ်များလွန်းလို့သာ ရန်ကုန်မှာ နေခွင့်ပြုထားတာ၊ တကယ်ဆို သမီးရန်ကုန်မှာ နေတာ သိပ်အဓိပ္ပါယ်မရှိဘူး၊ ‘မောင်သက်အောင်’ အနေနဲ့လည်း သမီးဆီလာလိုက် မန္တလေးလာလိုက်နဲ့ပင်ပန်းလှတယ်။

မန္တလေးမှာပဲ အခြေချဖို့ ပြောထားရတယ်၊ တည်းခိုခန်း လုပ်ငန်းလည်း အဆင်ပြေနေတာပဲ၊ သမီးလည်း အလကားအချိန်တွေပိုနေမယ့် အတူတူ မန္တလေးမှာစီးပွားရေးတစ်ခုခု လာလုပ်ရင်ပိုကောင်းတာပေါ့။

“ဟွန်း... ဒီတစ်ခေါက် မေမေ့စာဖတ်ရတာ မချောင်ပါလား... ကေန္တ ကိုကြီး မန္တလေးမှာ ကုန်းချောလာပြီထင်တယ်”

“ပေါက်ကရကွာ... ကျုပ် သေးသိမ်တဲ့ လုပ်ရပ်မျိုး မလုပ်တတ်ဘူး... သူ့တို့ဖုန်းဆက်တိုင်း မင်းနဲ့မတွေ့လို့ ပြောတာနေမှာပေါ့ မယုံလည်းမေးကြည့်ပေတော့”

“လူကိုချုပ်ချယ်ချင်နေကြတာပဲ... ဟိုဟာလုပ်ရင် မ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာနဲ့… ဒီဟာလုပ်ရင် မကြိုက်တာနဲ့ လွတ်လပ်ခွင့်—ပျော်ရွှင်ခွင့်မရှိမှတော့ ချမ်းသာနေလည်း အပိုပဲ"

"မင်းကို ကျုပ် ဒီထက်ပိုပြီး ဘာအခွင့်အရေးပေးရဦးမလဲ ကျုပ်လောက် အလိုလိုက်တဲ့လူ ရှိဦးမလား"

"အို သိပ်ချုပ်ချယ်ရင်တော့ ဆေားရီးပဲ… သံသယရှိတယ် မကျေနပ်ဘူးဆိုရင် အချိန်မရွေးကွာပေးမယ်"

"သိပါတယ်…မင်း ငါ့ကိုမချစ်ဘဲနဲ့ ယူထားတာ ကွာဖို့ ပဲစဉ်းစားနေတာ မဟုတ်လား"

"ဟုတ်တယ်… သိပ်ဟုတ်တယ်… ရှင့်ကို ကွာပြီး လင် ငယ်ချောချောလေးယူမလို့"

"သိပါတယ်ကွာ… မင်းဒီလောက်လှချင်နေ… ရွချင်နေ ကတည်းက နောက်တစ်ယောက်ယူချင်နေပြီဆိုတာ"

"ဟုတ်တယ်… ဘာဖြစ်လဲ"

"ငါကိုယ်က မှားတာပါကွာ… ငါကိုယ်က မှားတာ"

'ဦးသက်အောင်' စိတ်ညစ်ညစ်နှင့် အပြင်ကိုထွက်သွားသည်။

"မျက်နှာကြီးကလည်း သုန်မှုန်လို့ပါလား 'ငယ်'ရဲ့"

"ဟုတ်တယ်… အဘိုးကြီးနဲ့ စကားများထားတယ်"

"ဘာကိစ္စအတွက်ကြောင့်လဲ"

"ငါအလှပြင်တာ… အပြင်ထွက်တာကို အပြစ်ရှာတယ်





သ… အမေကလည်း မန္တလေးကနေ စာရေးပြီးဆူတယ်"

"မင်းလူကြီး မိန်းမငယ်ငယ်ကိုယူပြီး တယ်အူတိုတာကိုး ဆိုလည်း အစက ဘာလို့ငယ်ငယ်ယူထားသေးလဲ… သက်တူ ယ်တူ အဘွားကြီးကို ရှာယူလို့ပြောလိုက်ပါလားကွ"

"နောက်တစ်ခါ ကိုယ့်ပါးစပ်နဲ့တွေ့မှာပဲ… ကိုယ်အများ ကြီးသည်းခံနေတာ"

"မင်းကလည်းကွာ အစကတည်းကဘာလို့ ငယ်ငယ် ညည်းရွယ်မယူလဲ… ခုဆို မင်းနဖတ်ဖြူဉနေတာပဲ… မင်းလူကြီးက ယ်လောက်ပဲနအောင်လုပ်လုပ်… အခုဆို နှစ်နှစ်အတော်အ ကြင်း သိသိသာသာရုပ်ကျလာသလိုပဲ… ပြီးတော့ သူ့စီးပွားရေး ငပ်နေ်းထဲပဲ စိတ်ဝင်စားပြီး ကိုယ့်မယားကျတော့ ဂရုစိုက်ရမှန်း ဘာလည်း မဟုတ်ဘူး… မင်းနဲ့ ကိုယ်နဲ့သာမတွေ့ရင် မင်းဘ တော့ ပျင်းဇရာကြီးပဲ"

"အေးလေ"

'ငယ်' ကနှုတ်ခမ်းကိုမဲ့၍ ဝန်ခံသည်။

"ကိုယ်တို့လင်မယားကတော့ တကယ်အဆင်ပြေတယ် ပါအဆင်ပြေတယ်… သူ ပြန်လာရင် ခုမှညားကာစလို အပြတ် ပစ်လိုက်တယ်… သူကလည်း ကိုယ်နဲ့ဘယ်သွားသွား လိုက် ယ်… ဟိုကနေ သူလှမ်းခေါ်ရင်း သွားလိုက်တယ်… တစ် ယောက်သဘော တစ်ယောက်နားလည်တယ်… အလိုက်သိတယ်



www.burmeseclassic.com

www.burmeseclassic.com

မချုပ်ချယ်ဘူး"

'ငယ်'ကိုယ့်ဘဝကို စိတ်ကုန်လာသည်။ 'ငယ်'ကိုရွှေ ငွေပုံပေါ် တင်ထားပြီး သူကတော့ စီးပွားရေးကိစ္စထဲတွင်သာ ခေါင်းမဖော်တမ်း စိတ်ဝင်စားနေသည်။ မယားဖြစ်သူ ဘယ်သူ့ ချင်သည် ဘာလုပ်ချင်သည်ကို သူ မသိ။ 'ငယ်'ကခေတ်အမီဆုံး အလှဆုံးပြင်ဆင်ထားသော်လည်း သူကတော့ တစ်ခါလာလည်း တိုက်ပုံ၊ တစ်ခါလာလည်း တိုက်ပုံ၊ မိမိနှင့်မယူခင်က လူငယ် တစ်ယောက်ကို နေထိုင်သွားလာခဲ့သော်လည်း အိမ်ထောင်သက် သုံးနှစ်ထဲဝင်လာသောအခါ လူကြီးတစ်ယောက်လို ဘုရားတက် ခြင်း၊ တရားဘက်လိုက်ခြင်းတို့ကိုပြုမူလာသည်။

ဆံပင်တွေ ခေါင်းကဖြူထွက်လာပြီ။ မျက်မှန်လည်း တတ်နေပြီ။ နဂိုကရုပ်ဖျောင့်ပါသည်ဆိုသော ဦးသက်အောင် သည် ယခုလိုစိတ်ဓာတ်ကျလာသောအခါ လူကြီးပုံပိုပေါက်လာ သည်။ အနေအထိုင်လည်း ပိုတည်လာသည်။

"မင်းကို ချီးကျူးပါတယ် 'ငယ်'"

"ဘာကိုလည်း 'ချိုချို'"

"မင်းကသစ္စာတော့ အရှိသားပဲ"

"သစ္စာရှိနေတာတောင် ကိုကြီးက သိပ်ယုံတာမဟုတ်ဘူး ဒါကြောင့် ကိုယ့်စိတ်တိုနေတာပေါ့"

"အေးပေါ့... တကယ်လို့ မင်းသာ တစ်ယောက်ယောက်





နဲ့ တွဲမိရင် အဘိုးကြီးဘယ်လိုနေမယ် မသိဘူး"

'ငယ်'ကမျက်နှာကိုမဲ့၍ ပခုံးကိုတွန့်ပြသည်။ 'ငယ်'နား တင်ဆွဲထားသော နားဆွဲက ခါယမ်းနေသည်။

"အပြင်သွားရအောင်ဟာ... မြို့ထဲမရောက်တာလည်း ကြာပြီ"

"နင့်အဘိုးကြီး ဆူရင်ကော"

"ဆူ ဆူကွာ... ကောင်းကောင်းနေလည်း သံသယရှိမယ့် အတူ ပျော်သလိုပဲနေမယ်"

'ငယ်'တကယ်စိတ်ညစ်သည်။ အစ်ကိုကြီးသည် မိမိကို ဥမြဲကြီးထဲတွင်ရင်း၊ သူ့ ရင်ခွင်ထဲတွင်ရင်း ထောင်ချထားချင်သူ ဘယ်လိုကောင်းကောင်းနေသော်လည်း သံသယရှိနေသူ။ 'ငယ်' ရေမိုးချိုးအလှပြင်သည်။ မှိုတက်ဆင်ဟုခေါ်သော ဖက်ဖူးရောင် ကီမိုနို။ ဖက်ဖူးရောင် အပေါ်အင်္ကျီ။

မဟူရာလက်ဝတ်ရတနာ၊ နားဆွဲ၊ ခုံမြင့်ဖိနပ် တစ် ထောင်လောက်ရှိသော လက်ပွေ့အိတ်။ မျက်နှာမှာ ပန်းနုရောင် ကြွေသားကဲ့သို့ နုထွေးလှပနေပြီး၊ မျက်ခွံပေါ်တွင် အစိမ်းရောင် ရှဲဒိုးလေးထည့်ကာ နှုတ်ခမ်းကို ရယ်ဗလွန်နှုတ်ခမ်းနီ အနီရဲရဲဆိုး သည်။

သွားခါနီး အငယ်ကောင်ကလိုက်ချင်၍ ငိုသည်။ ကိုးလ ဆယ်လအရွယ်ဆိုတော့ မိခင်ကိုကောင်းကောင်းမှတ်မိနေပြီ။ လှ


www.burmeseclassic.com

www.burmeseclassic.com

ပသော 'ငယ်'၏ဝတ်ပုံစားပုံနှင့် မျက်နှာလေးကို ကလေးထိန်း ကောင်မလေးက ကလေးကိုချီရင်း ပါးစပ်အဟောင်းသားနှင့်ငေး နေခြင်းဖြစ်သည်။

"မငိုပါနဲ့လေ သားရယ်… မေမေ မုန့်ဝယ်လာခဲ့မယ်– နော် နော်"

သား၏ပါးမို့မို့ကို နမ်း၍ ချော့သည်။ ကလေးတက်မ တတ် ချက်မတတ်ငိုသည်။ တော်တော်နှင့်ချော့၍ မရ။ မိခင်ဖြစ် သူကို ကုတ်ကပ်တွယ်တက်နေသည်။ ထို့ကြောင့် 'ငယ်'၏လုပ စွာဆင်မြန်းထားသော ဆွဲကြိုးကို လက်ဖြင့်ဆွဲမိသလို၊ အင်္ကျီရင် ပတ်ကိုလည်း ဆွဲမိသည်။

"ဟာ ဒီကောင်လေး အဖေအတိုင်းပဲ… လူကိုမြင်ရင် အတင်း တွယ်ကတ်ချင်နေတော့တာပဲ… ကဲ ကဲ ဒီလောက်ကပ် ချင်ဦး… ပြန်လာမှာပေါ့… အပြင်ထွက်တာနဲ့ လိုက်ချင်တာပဲ– ကဲ…"

သားငယ် ပြည့်ဖြိုး၏ ကျောပြင်သည် 'ငယ့်'လက်ဝါး ရာကြောင့်ရဲသွားသည်။

"ကောင်မ နင်ကိုက အသုံးမကျတာ… ငါ အပြင်ထွက် မယ်ဆိုတာ သိလျက်နဲ့ ကလေးကိုဘာလာပြနေတာလဲ… အ လိုက်ကန်းဆိုး မသိတဲ့ဟာမ ကဲဟယ် ကဲဟယ်"

ကလေးထိန်း ကောင်မလေး၏ခေါင်းကို သုံးချက်ခန့်





ခပ်နာနာ ဆင့်ခေါက်ပစ်လိုက်သည်။ ကောင်မလေးနာသည် မနာ သည်တော့ မသိ။ 'ငယ့်'ညာဘက်လက် အရိုးအဆစ်များ အတော် နာသွားသဖြင့် မျက်နှာကို ရှုံ့မဲ့ပြီး ဘယ်လက်ဖြင့်ဖိ၍ ဆုပ်ထား ရသည်။

"လာ သွားစို့ 'ချိုချို'"

ကလေးငိုသံရောကော၊ ကလေးထိန်း၏ရှိုက်သံပါ နောက်မှာကျန်ရစ်ခဲ့သည်။ ရုပ်ရှင်ကြည့်ဖို့စောနေသေးသဖြင့် ဒိုလ်ချုပ်ဈေး ဝင်ကြသည်။ သူဌေးမိန်းမပီပီ 'ငယ်'ကအဝတ်အ စားဆိုလျှင် နောက်ဆုံးပေါ် အဆင့်အတန်း ကောင်းပေ့ဆိုတာကို ဝယ်သည်။

ခုံမြင့်ဖိနပ်တစ်ရံတည်းပင် ငါးရာကျော်သည်။ လက်မှု့ အိတ်တွေ မှန်ဗီရိုထဲတွင် အပြည့်ရှိပါလျက် အဖြူရောင်စွပ်စွယ် လက်ကိုင်းရွှေရောင်ဖြင့် အိတ်တစ်လုံးကို ကိုးရာဖြင့်ဝယ်သည်။ အလှကုန်ဆိုင်တွင် လက်သည်းနီ၊ ခေါင်းတွင်အလှညှပ်သည့် က လစ်မျိုးစုံ၊ အလှပစ္စည်းမျိုးစုံ၊ ကလေးအင်္ကျီများ၊ နိုင်ငံခြားမုန့် ဗူးများ၊ ချောကလက်များ၊ သကြားလုံး၊ အို စုံလို့ စုံလို့။

'ချိုချို'ပင် 'ငယ့်'ကိုအားကျလာသည်။ 'ငယ်'သုံးသလို၊ ဖြုန်းသလို၊ ဝတ်စားဆင်ယင်သလို မိမိ မပေ်နိုင်။ ဘာပဲဖြစ်ဖြစ် 'ငယ်''ဦးသက်အောင်'နှင့် ယူတာ မှန်သလိုလိုပင်။ အသိုကြီး သလျှင် ချမ်းသာသရွေ့ 'ငယ်'အကုန်ပိုင်မည်။ 'ငယ်'ကပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေတစ်ပုံကြီးဝယ်လိုက်၊ ထည့်စရာမရှိလျှင် ပစ္စည်းတွေထည့်ဖို့ အိတ်တစ်လုံးဝယ်လိုက်နှင့် 'ငယ့်' ပစ္စည်းအိတ်နှစ်လုံးကို 'ချိုချို' ပါကိုင်ပေးထားရသည်။

ကိုယ်မရှာရသော ပိုက်ဆံမို့လို့လား မသိ။ 'ငယ်'နှမြော ခြင်းမရှိ။ သူ ပိုက်စံဝယ်လျှင် 'ချိုချို' အတွက်ပါ ဝယ်ပေးစမြဲ။

"လေဟာပြင်ထဲက 'မောင်မြင့်' ဆိုင်မှာ တစ်ခုခုစားပြီး အအေးသောက်ရအောင်... ပြီးမှ ရုပ်ရှင်ကြည့်ရအောင် 'ချို'"

" 'ငယ့်' သဘောပဲ"

ဗိုလ်ချုပ်အောင်ဆန်းလမ်းကို ဖြတ်ကူးပြီး ဈေးသစ်ကို ဖြတ်၍ လေဟာပြင်ဈေးမှ တရုတ်အစားအစာရောင်းသည့် 'မောင်မြင့်' ဆိုင်သို့ဝင်ခဲ့ကြသည်။ 'မောင်မြင့်' ဆိုင်တွင်ပင် ဝက်တစ်ကောင်လုံး နှာခေါင်းမှ အမြီးအထိ ကြိုက်ရာဟင်းလျာ၊ အကြော် အပြုတ်၊ အသုတ် အကုန်မှာစား၍ရသည်။

"ဩော် 'ချိုချို' "

"ဟင် 'ကိုကိုသက်' "

'ချိုချို' နှင့် ဆိုင်ထဲမှာထိုင်နေသော အမျိုးသားတစ် ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပြူးကြောင်ကြောင် ကြည့်နေကြသည်။ 'ချိုချို့' မျက်လုံးထဲတွင် မျက်ရည်များဝဲလာ သလို၊ ထိုင်နေသော အမျိုးသား၏ မျက်နှာမှာမှုန်ကာ ခက်ထန် သောအမူအရာသို့ ပြောင်းလဲသွားသည်။





"ဆောရီးပဲ 'ချိုချို'... ဆောရီးပဲကွာ"

ထိုသူက 'ချိုချို' ကို ပြန်တောင်းပန်ပြီး 'ငယ့်' ကိုကြည့်

"ထိုင်ပါညီမ ထိုင်ပါ... ကျွန်တော့်အပြုအမူများ ရိုင်းသွား ခွင့်လွှတ်ပါ"

'ချိုချို'က ထိုင်ချလိုက်သဖြင့် 'ငယ်' ပါထိုင်ချလိုက်ရ သည်။

"ဘာစားမလဲ ခင်ဗျာ"

ဆိုင်အလုပ်သမားက လာမေးသဖြင့် 'ငယ်' သုံးထပ်သား ခွက်၊ အစုံသုတ်နှစ်ခွက်နှင့် အသားလိပ်ကြော်နှစ်ပွဲမှာလိုက် သည်။

"ညီမနာမည် ဘယ်လိုခေါ်လဲတော့ မသိဘူး... 'ချိုချို' ပါလာတာဆိုတော့ ကျွန်တော့်မိတ်ဆွေပဲပေါ့... ကျွန်တော် တ ခွင့်ပြုပါ"

'ငယ်' ကော 'ချိုချို' ပါပြိုင်တူ။

"အို ရပါတယ်"

"နေပါစေ 'ကိုသက်' "

"မိန်းမတစ်ယောက်ကို တစ်သက်လုံး ထမင်းဝအောင်မ ကျွေးနိုင်ဘူးလို့ 'ချိုချို' ထင်နေတာကို ကိုကို လက်ခံပါတယ်... ပေမဲ့ ခုလိုလေး ကျွေးလိုက် မွေးလိုက် ရတာလေးနဲ့တော့ မမွဲ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး... ကျေးနိုင်ပါတယ်လို့"

"ဩော် 'ကိုသက်' ရယ်"

'ချိုချို' နှင့် 'ကိုသက်' ဆိုသူကို ပွဲကြည့်ပရိတ်သတ်ထဲ ဖြစ်စုံ ထိုင်ငေးနေကြည့်နေသူ နှစ်ယောက်ရှိပါသည်။ 'ငယ်' နှ 'ကိုသက်' ၏ အဖော်။

"ဩော် 'ငယ့်' ကိုမိတ်ဆက်ပေးရဦးမယ်... 'ကိုသက်' ဆိုတာ 'ချိုချို' ရဲ့ တစ်ချိန်က လူပေါ့"

"ဩော်..."

ဒါကြောင့် 'ချိုချို' အမူအရာတွေပျက်ယွင်းနေသည်ကို 'ကိုသက်' က သူနှင့်အတူထိုင်နေသော အမျိုးသားနှင့်မိတ်ဆက် ပေးသည်။

"'ချိုချို' ကော... 'ငယ်' ကော တီဗွီတို့... ဗွီဒီယိုတို့အတွက် အကူအညီလိုရင်ပြောပါ... သူက ကျွန်တော့် သူငယ်ချင်းလည်း ဖြစ်သလို ကျေးဇူးရှင်လည်းဖြစ်တဲ့ 'ဇော်မင်း' ပါ"

'ဇော်မင်း' ဆိုသောနာမည်ကြောင့် 'ငယ်' တွန့်ကနဲ ဖြ သွားသည်။ 'ဇော်မင်း' ၏ရုပ်ရည်မှာ ခေတ်လူငယ်များ၏အပြ အဆင်နှင့် သန့်စင်ချောမောသည်။ မျက်ခုံး၊ မျက်လုံး၊ နှာ အကျ လှသည်။ 'ငယ့်' ကိုခပ်စင်းစင်း မျက်တောင်ရှည်များကြား မှ စူးစူးရဲရဲကြည့်နေသည်။

ထိုအကြည့်ကြောင့် 'ငယ်' အနေရခက်ပြီး မျက်လွှာ





ထားမိသည်။ သူ၏ အကြည့်၊ သူ၏ ဟန်ပန်၊ ဝတ်ပုံစားပုံတို့မှာ 'ဇော်အောင်' နှင့် ခပ်ဆင်ဆင်။ စားကြ သောက်ကြသည်။ 'ချိုချို' နှင့် 'ကိုသက်' တို့နှစ်ယောက် ရှေးဖြစ်နောက်ဖြစ်တွေနှင့် ပြော မကုန်ကြ။

'ရည်းစားဦး မြေးဦးရတောင် မမေ့ဘူး' ဆိုသည့် စကား လို ကလေးတစ်ယောက်ရနေပြီဖြစ်သော 'ချိုချို' က သူ့ကိုယ်သူ ရည်းစားနှင့် လာချိန်းတွေ့သလို ပြုံးပျော်ကြည့်နူးနေသည်။ အား လုံးကိုမေ့နေပြီ။ ရုပ်ရှင်ရုံထဲအထိ 'ကိုသက်' ပါလာသည်။ အချစ် ဟောင်းကို အမှတ်မထင်ပြန်ဆုံပြီး နောက်တစ်ခါ ပြန်ကွဲရမည်ကို တွေးပြီး ရင်လေးနေကြပုံရသည်။

ရုပ်ရှင်ရုံထဲတွင်လည်း သူတို့နှစ်ယောက်တွတ်ထိုးနေကြ သဖြင့် 'ငယ်' နှင့် 'ဇော်မင်း' တို့နှစ်ယောက် သပ်သပ်တစ်တွဲဖြစ် နေသည်။

"'ငယ်' တို့အိမ် လာလည်လို့ရမလား"

'ဇော်မင်း' က 'ငယ့်' မျက်နှာကို ငုံ့ကြည့်ရင်း ခပ်တိုးတိုး ပြောသည်။ 'ငယ်' ရင်တွေခုန်လိုက်တာ။ သူနှင့် ပခုံးခြင်းထိနေ သည်ကို ကျင်စက်နှင့်အတို့ခံရသည့်အလား။ 'ဇော်အောင်' နှင့် တုန်းက ဒါမျိုးမဖြစ်။ 'ဦးသက်အောင်' နှင့်လည်း သည်လိုမခံစား ရ။ 'ဇော်မင်း' ၏ အသံသည် ချွဲသလိုလို၊ နွဲ့သလိုလို၊ အနိုင်ယူသ လိုလို။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ 'ငယ်' ရဲ့... အိမ်လာလည်မှာ မကြိုက်လို့ ငြိမ်နေတာလား"

"မဟုတ်ပါဘူး... အိမ်က လူကြီးတွေမကြိုက်မှာစိုးလို့ပါ"

"ဒါဆို ဒီတစ်ခါတွေ့ပြီး နောက်တစ်ခါ မတွေ့ရတော့ဘူးပေါ့ ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး"

'ငယ်' နှင့် 'ဇော်မင်း' ရုပ်ရှင်မကြည့်ဖြစ်ဘဲ ရုပ်ရှင်ပြီးသွားသည်။ 'ငယ့်' မျက်လုံးထဲတွင် ရုပ်ရှင်ထဲက မင်းသားချောသလား၊ မချောသလားတော့ မသိ။ 'ဇော်မင်း' ၏မျက်နှာချောချောနှင့် အသံချွဲချွဲကိုတော့ 'ငယ်' စွဲလန်းနေပြီ။ အိမ်အပြန်တွင် လှေ့းဘီးတစ်စီးငှားပြီး လေးယောက်အတူပြန်ခဲ့သည်။

'ငယ့်' အိမ်က မြို့ပြင်ကျသဖြင့် 'ငယ့်' ကိုအလျင်လိုက်ပို့ကြသည်။

" 'ငယ်' ကျွန်တော် ဖုန်းဆက်မယ်နော်"

'ငယ်' ခေါင်းတစ်ချက် ခပ်ပြုံးပြုံးညိတ်ပြပြီး အပျိုမလေးလို လှပကျော့မော့စွာ ခြံထဲဝင်ခဲ့သည်။

" 'အန်တီငယ်' ကိုကို ဆိုတဲ့လူကြီး လာသွားတယ်... အကြာကြီးလည်း စောင့်သွားတယ်"

"ဟုတ်လား... ဘာကိစ္စတဲ့လဲ"

"အလုပ်အားလို့လာတာတဲ့... မန္တလေးသွားမှာမို့ ဘာမှာ





ဦးမလဲ လာမေးတာတဲ့"

"အင်း အင်း"

"ညကျရင် သူဖုန်းဆက်မယ်တဲ့"

'ငယ်' အဝတ်အစားပင် မလဲနိုင်ဘဲ အိပ်ရာထက်သို့ပစ်လှဲပြီး နေ့ခင်းကအကြောင်းလေးများ ပြန်စဉ်းစားမိသည်။ 'ဇော်မင်း' ၏ ရုပ်ရည်၊ အသံ၊ အပြောအဆို၊ ဝတ်ပုံစားပုံနှင့် ယှဉ်လိုက်သောအခါ ခင်ပွန်းဖြစ်သူသည် များစွာအိုမင်းနေပြီ။

ရုပ်ရှင်ရုံထဲတွင် ဘေးချင်းယှဉ်ထိုင်၍ စကားပြောတာလေးကိုပင် မိမိရင်ဝယ် ဖိုနေခဲ့သော်လည်း 'ဦးသက်အောင်' နှင့်နေလာရသည်ကို စိတ်ကုန်၍လာသည်။

"နေ့ခင်းက သားကို ရိုက်တယ်ဆို"

စိတ်ကူးယဉ်ကောင်းနေတုန်း မမျှော်လင့်ဘဲ 'ဦးသက်အောင်' ၏ အသံကိုကြားလိုက်ရသဖြင့်...

"ကိုယ့်သားကို ကိုယ်ရိုက်တာ ဘယ်သူ့ကိုလျှောက်လွှာတင်ရဦးမှာလဲ"

'ငယ်' ကဒေါသတကြီး ပြန်အော်သည်။

"မင်းကို ငါကောင်းကောင်းမေးတာ 'ငယ်'... ဒီလောက်ဒေါသဖြစ်စရာအကြောင်း ဘာမှမရှိဘူး"

"ဟင် ဒါ ကောင်းကောင်းမေးတဲ့ စကားလား... ကိုယ့်သားကိုယ်ရိုက်တာ ဘာဖြစ်လဲ... ဒါ အပြစ်လား... မရိုက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား”

“မင်း အပြင်ကို ထွက်ကမြင်းချင်တိုင်း အပြစ်မရှိတဲ့ဘ လေးကို ရိုက်စရာမလို့ဘူးကွ... အမေသွားရင် ကလေးလိုက်ချင် တာ ထုံးစံပဲဟာ... ကလေးကို တိတ်အောင်တော့ ချော့မသွားဘဲ ရိုက်ပုတ်သွားတာ ကောင်းလား”

“ရိုက်တယ် ဘာဖြစ်လဲ... ရှင့်မယားငယ် ကုန်းချောတိုင်း ယုံနေသလား”

‘ငယ်’ အခန်းဝသို့ ထွက်၍ ကလေးထိန်းကို ကုန်း၍ အော်သည်။

“ ‘မိပု’ ‘မိပု’ လာခဲ့စမ်း”

“ရှင်... လာပြီ အန်တီ”

“နင်က ငါကလေးရိုက်တာကို ဘာကိစ္စ ကုန်းချောရတာ တုန်း... နင့်လင်မို့လို့လား”

“ဟော့ ‘ငယ်’ မင်း ရိုင်းစိုင်းတဲ့စကား မပြောနဲ့”

“ပြောမယ် ပြောမယ်... ပြောအောင်လုပ်ရင် ပြောရမှာ ပဲ... ဒီမှာ ‘မိပု’ ညည်းဒီအိမ်ကိုရောက်လာတာ ငါခေါ်လို့... ငါ ကျေးမှ ဝတဲ့ကောင်မက လူပါးဝလို့... နောက်ကို ဖော်လံဖားဦးမ လား... ကုန်းချောဦးမလား... ကဲ ကဲ...”

လက်ထဲမှ ကြက်မွေးဖြင့် ‘မိပု’ ၏ တင်ပါးနှင့် ကျောပြင် ကိုရိုက်သည်။





“အောင်မယ်လေး... ကြောက်ပါပြီ အန်တီရဲ့... နာလှ ပါပြီ... နောက်ကို မပြောတော့ပါဘူး... ဟီး ဟီး”

လေး ငါးချောက်ချက် ဆင့်ရိုက်သဖြင့် ‘မိပု’ တွန့်လိမ်နေ ပြီး ရှိုက်ကြီးတငင်ငိုသည်။

“ဟော့ ဟော့ တော်ကွာ... ငါ့ရှေ့မှာ အဲသလို နှိပ်စက်တာ ကြိုက်ဘူး”

“မယားထိလို့ နာနေတာလား”

“နင့်လို သစ္စာမရှိတဲ့ဟာ မှတ်နေသလား”

“မှတ်တယ်... ဟုတ်တယ်”

“မင်း ဒီနေ့ကစပြီး ငါမသိဘဲ ဘယ်မှမသွားရဘူး”

“သွားမယ် သွားမယ်... လူတစ်ယောက်ရဲ့အခွင့်အရေးကို ဘာမှ ပိတ်ပင်စရာမလိုဘူး”

“ဟဲ့ မပိတ်ပင်လို့ ဖြစ်မလား... မင်းဟာ ငါ့မယား... ဆင်ရယ် မယားရယ်ဆိုတာ အိမ်ထောင်ရှင်စည်းမျဉ်းဘောင်ထဲက သူတွေ အပျိုတစ်ယောက်လို ဟိုလူနဲ့တွဲ... ဒီလူနဲ့တွဲလို့မရဘူး... အိမ်ထောင်ပြုထားတယ်ဆိုကတည်းက မင်းဟာ လူတစ်ယောက် ရဲ့ သီးသန့်မိန်းမပဲ... အနေအထိုင်အသွားအလာ ဆင်ခြင်ရမယ်... ဆင်ခြင်ရင် ဘေးလူတွေက ဝိုင်းကဲ့ရဲ့မှာပဲ... မင်း ‘ချိုချို’ နဲ့ ဆေါင်းကတည်းက ငါ မကြိုက်ဘူး... ဒါပေမဲ့ ဒီလောက်အထိ ဘဲလာမယ်လို့မထင်လို့ ဘာမှ မပြောခဲ့ဘူး... ဒါပေမဲ့ အခု မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာက သိပ်တရားလွန်လာပြီ”

“ဘာလွန်တာလဲ”

“ငါ မမြင်ဘူးမှတ်နေသလား... မင်းကိုယ်မင်း အပျိုသို ဟန်လုပ်ပြီး လေးဘီးကားပေါ်ကဆင်းပြီး ကားပေါ်ကကောင်လေး ကို ညိုမြလုပ်နေရတော့ အဲဒီကားနောက်ဘက်က ကပ်ပါလာတဲ့ လင်လုပ်တဲ့လူရဲ့ကားကို မင်း မမြင်ဘူးမဟုတ်လား”

ထိုစကားကြောင့် ‘ငယ်’ ဖြေရ တော်တော်ခက်သွား သည်။

“ရှင် လူမြင်သမျှနဲ့ လိုက်ပေးစားမနေနဲ့... လမ်းကကား ကြုံစီးလာတာ... နှုတ်ဆက်တာကလည်း ‘ချိုချို’ ကိုနှုတ်ဆက် တာ”

“ဟိုကောင်တွေက ပြန်ပြီးနှုတ်ဆက်တာ ငါ မြင်တယ်”

“အို ဒါကတော့ယောကျ်ားပဲ... ရှင့်လို အဘိုးကြီးတောင် ထနေရှုနေသေးတာ လူပျိုလူရွယ်တွေပဲ နောက်တာပြောင်တာ အဆန်းလား”

တဖြည်းဖြည်း အပြောအဆို အနေအထိုင် ရိုင်းပြလာ သော ‘ငယ့်’ ကို ‘ဦးသက်အောင်’ အံ့သြလာသည်။ မိမိအနီး ကပ်ရမှာပဲ ရွံ့သလိုလို ကြောက်သလိုလိုနှင့်။ ယခင်က စိတ်ဆိုး လျှင်ခဏ။ ပြန်ချော့လိုက်လျှင်ပျော့သွားသည်။ ယခု ပြန်ချော့ဖို့ ပင်မလွယ်။ မိမိကို အကာပ်မခံ။





အခန်းလွတ်တစ်လုံးတွင် သူ့ဘာသူ သီးသန့်နေသည်။ အလုပ်တွေပိုပြင်သည်။ အပြင်သို့ထွက်သည်။ မိမိမရှိသော အချိန် များတွင် အပြင်သို့ တယ်လီဖုန်းစကားပြောကြောင်း သိရသည်။ ‘မိပု’ ၏ပြောစကားအရ အမျိုးသားတစ်ယောက်နှင့် ပြောခြင်း ဟုသိရသည်။

‘ဦးသက်အောင်’ နေမထိ ထိုင်မသာနှင့် စိုးရိမ်နေမိ သည်။ သူမကိုဖွင့်မေးလျှင် ပို၍ အရှဲ့တိုက်တတ်သဖြင့် မမေး။ အရိပ်အခြေကိုသာ စောင့်ကြည့်နေရသည်။ သူမကို နောက် ယောင်ခံ၍ လိုက်ချောင်းမိသည်။ အိမ်မှအထွက်တွင်တစ်ယောက် တည်းဖြစ်သော်လည်း မြို့ထဲတွင် ‘ချိုချို’ နှင့် အမျိုးသားတစ် ယောက်က စောင့်နေသည်။

ခပ်ငယ်ငယ်၊ ခပ်ချောချောဖြစ်ပြီး ဟိုတစ်ခါ ကားပေါ် တွင်တွေ့လိုက်ရသော ကောင်လေးဖြစ်မှန်း ‘ဦးသက်အောင်’ မှတ် မိသည်။ မိန်းမနှစ်ယောက်ရှိသော်လည်း ကောင်လေးက ‘ငယ့်’ ကိုသာ အရေးပေးသည်။ ‘ငယ့်’ မျက်နှာကိုသာ ခပ်သဲသဲကြည့် သည်။

မြို့ထဲရှိ စားသောက်ဆိုင်တစ်ခုတွင်စားသောက်ပြီး၊ တိုက်တစ်တိုက်ပေါ်တက်သွားကြသည်။ ထိုတိုက်ကိုစုံစမ်းကြည့် သောအခါ နာမည်ကြီး ကစားဝိုင်းဟုသိရသည်။ ‘ငယ်’ နှင့်တွဲနေ သော ‘ဇော်မင်း’ ဆိုသောကောင်လေးမှာ ချောမောသော သူ့ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ရည်ကိုပြပြီး ငွေကိုရေလိုသုံးနိုင်သော မိန်းမများထံမှ ချူစားနေသည်ဟုသိရပြန်သောအခါ 'ဦးသက်အောင်' တစ်ယောက် ဖနီးဖြစ်သူအတွက် စိုးရိမ်မိသည်။

ယခု လောလောဆယ်အခြေအနေအရ 'ငယ်' နှင့် 'ဖော်မင်း' တို့သိပ်ခရီးမရောက်သေးကြောင်း သိနိုင်သည်။ 'ငယ့်'အနားတွင် 'ချိုချို' အမြဲရှိနေတတ်သည်။ မိုးခံသေတ္တာထဲမှ ငွေနှင့် လက်ဝတ်လက်စားများ အတော်များများလျော့နေသည်ကိုတွေ့ရသည်။

'ဦးသက်အောင်' အဖြစ်က ဆုပ်လည်းစူး၊ စားလည်းရူး ဆိုသလိုပါပဲ။ အိမ်ထောင်ရေးပြိုကွဲလျှင် သားသမီးများစိတ်ဆင်းရဲမည်။ မျက်နှာငယ်မည်။

"အော ကိုကိုပါလား... လာလာ"

စိတ်ညစ်နေစဉ် ရင်ဖွင့်လိုက်ရလျှင် သက်သာသွားတတ်စမြဲမို့ ကိုကို ကိုဝမ်းသာအားရကြိုဆိုမိသည်။

"နေမကောင်းဘူးလား 'ကိုသက်အောင်'... ပိန်ပြီးချောင်ကျသွားသလိုပဲ... ဆံပင်တွေ ဘာတွေလည်း ဖြူလို့"

ဟုတ်ပါသည်။ 'ဦးသက်အောင်'၏ ရုပ်အဆင်းသည် 'ငယ်' နှင့်ယူခါစက ရုပ်မျိုးမဟုတ်ဘဲ သိသိသာသာအိုမင်းသွားခဲ့ပြီ။ ကိုယ့်ကိုယ်ကိုလည်း သိပါသည်။ ယခုလပိုင်းအတွင်းမှာပင် ပို၍ ပိန်သွားခြင်း၊ အိုသွားခြင်းကို။





" 'ငယ်' ကော 'ကိုသက်အောင်'... ကျွန်တော်လာတိုင်း တွေ့ဘူး... အလုပ်ကိစ္စနဲ့ပတ်သက်ပြီး နယ်ရောက်သွားရင်သာ ကြို မရောက်တာ... ရန်ကုန်မှာရှိနေရင်တော့ လူမရောက်ရင် အောင် ဖုန်းတော့အမြဲဆက်တယ်... 'မိငယ်' ကိုဆယ်ခါဖုန်းဆက် တစ်ခါတွေ့သလို... ဆယ်ခါလာရင် တစ်ခါမတွေ့ချင်ဘူး... ကောင်မလေး ဘယ်ကိုလျှောက်သွားနေမှန်း မသိဘူး"

" 'ငယ်' အကြောင်းတော့ မပြောချင်တော့ပါဘူးကွာ"

မပြောချင်ဘူးဟု အစချီပြီးမှ 'ဦးသက်အောင်' ကရင်ဖွင့်ပါတော့သည်။

"ကိုကို့လို လူဟာ 'ငယ့်' အစ်ကိုဆိုလည်း မမှားတာမို့ ကျုပ် ဖွင့်ပြောပြတာပါ... တခြားလူတွေကိုတော့ ကျုပ် မပြောပါဘူး... ကိုယ့်ပေါင် ကိုယ်လှန်ထောင်းတာမျိုးလည်း မဖြစ်ချင်ဘူး သ"

"သူ့ မိဘတွေကော အသိပေးပြီးပြီလား"

"ဦးလေးတို့... ဒေါ်လေးတို့... 'လတ်' တို့ဆိုတာက အ[illegible]အေး အလွန်တည်ငြိမ်တဲ့ သူတွေပဲ... ကျုပ်တို့ လင်မယားရဲ့ အရိပ်မှာ နေသူတွေဖြစ်သလို သူတို့သမီးကို ကျုပ် လက်မှာအပြီး အပိုင် အပ်ပြီးသားပဲ... သူတို့ကိုယ်တိုင်လည်း 'ငယ့်' အပြုအမူ အနေအထိုင်တွေကို နဂိုတည်းက ကြိုက်တာမဟုတ်ဘူး... မနိုင်လို့ သာလွှတ်ထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စကို ဒီအတိုင်းပစ်ထားရင် မိုးဆိုးမယ်ထင်တယ်"

"ကျုပ်လည်း ဘာလုပ်ရမှန်းမသိတော့ မသိတော့ဘူးဗျာ စိတ်ညစ်ညစ်နဲ့ပဲ စာအုပ်ဖတ်လိုက်... ပုတီးစိပ်လိုက်နဲ့ပဲ"

"အေးဗျာ... သူများလင်မယားကြား ကျွန်တော် ဝင်မပါချင်ဘူး... ကျုပ်က ဘေးလူသက်သက်ပါ"

"ကိုကိုတို့ 'ငယ်' တို့ဆိုတာ ငယ်ငယ်ကတည်းက မောင်နှမအရင်းလို ချစ်ခင်လာတဲ့လူတွေဆိုတော့ သူ့အကြောင်းအသိဆုံးနေမှာပါ... တတ်နိုင်ရင်တော့ အကူအညီပေးပါဗျာ"

"ဒါမျိုးဆိုတာ ဘယ်သူကပြောပြော နားဝင်တာမဟုတ်ဘူးဗျ... ဒါပေမဲ့ ပြောတော့ ပြောကြည့်ဦးမယ်... ပြောလို့မရရင်တော့ သူ့ကို ရန်ကုန်မှာမထားနဲ့တော့ 'ဦးသက်အောင်' သူ့ကိုပိုင်းထိန်းသိမ်း စောင့်ကြည့်ပေးနိုင်မယ့် သူ့မိဘ သူ့အစ်မတွေရှိတဲ့ဆီမှာပဲ ပြန်နေပါစေ"

"ကျုပ်လည်း အဲသလိုပဲဖြစ်စေချင်တာပါပဲ... ရန်ကုန်မှာနေတာကလည်း ကျုပ်သဘောမဟုတ်ဘူးဗျို့... သူ့ဘာသာသူ ဘာစိတ်တူးပေါက်ပြီး လာနေတယ် မသိဘူး"

" 'ဦးသက်အောင်' အလုပ်က မန္တလေးမှာလုပ်လည်း ချမ်းသာတာပဲ... ချမ်းလည်းချမ်းသာပြီးသားပဲ... ကိုယ့်မိန်းနဲ့ရွေ 'ဦးသက်အောင်' ဘယ်ဟာ ယူမလဲ... ဒီအိမ်ကြီးရှိနေရင် သူရန်ကုန်မှာ လာနေမယ်လုပ်နေမှာပဲ... ရောင်းပစ်လိုက်ပါလား... ဒါမှ





ဟုတ် အပြီးအပြတ်ငှားထားလိုက်ပါလား"

"ဟုတ်တယ်... အဲဒီအစီအစဉ် ကောင်းတယ်"

"ကဲ... ကျွန်တော်ပြန်မယ်... သူ ဘယ်အချိန်ရှိတတ်လဲ"

"သူ့ကိုတွေ့ချင်ရင်တော့ မနက်မိုးမလင်းခင် ညမိုးချုပ်ပဲ လာခဲ့ဗျို့"

"ကောင်းပြီ... ကျွန်တော်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

# ၂၄

"နှင့်ကိုတွေ့ရဖို့ကလည်း မလွယ်ပါလားဟာ... ဖုန်းဆက်လည်းမရှိ... အိမ်လာလည်း မတွေ့... ဘာတွေလုပ်နေတာလဲဟာ"

"ဘာကိစ္စ လာလာရှာနေတာလည်း ကိုကို... အရေးကြီးလို့လား"

'ငယ်'ပုံစံကိုကြည့်ပြီး ကိုကို စိတ်တိုမိသည်။ လက်သီးဖြင့်ပိတ်ထိုးပစ်ချင်လာသည်။ ဆံပင်ကလည်း ကတုံး မဖြစ်ရုံကျန်တော့သည်။ ဂျပန်ပြည်မှ နာမည်ကြီးတေးသံရှင် 'မိုးမိုးအေး (ယာမာဂူချိ မိုးမိုးအေး)၏ ဆံပင်ပုံစံထက်လည်း တိုသည်။ 'မိုးမိုးအေး'၏နောက်မှ ပေါ်ပေါက်နာမည်ကြီးလာသော မက်ဆူဒါးဆီကို၏ ဆံပင်ထက်လည်းတိုသည်။

မျက်နှာတွင် အကောင်းစား မိတ်ကပ်များ။ မျက်လုံးတွင်





ရှဲဒိုးလိုင်နာ မျက်တောင်တုတို့ဖြင့် ပြင်ဆင်ထားသလို၊ နားဆွဲလည်းဆွဲထားသည်။ ဟိုက်နေသောအင်္ကျီက အတွင်းကမမြင်သင့်တာကို မသိမသာ ဖော်ပြနေသည်။ လက်သည်း၊ ခြေသည်းများက ရှည်လျားချွန်မြနေပြီး နီရဲနေသည်။

လွန်ခဲ့သည့်နှစ်နှစ်ကျော်က ပုံစံနှင့် တခြားစီဖြစ်နေပြီ။ ဘိုက်နံ့ရဲတွင် ရေကူးဝတ်စုံနှင့် ရိုက်ထားသော ပုံများမှာ အသည်းယားစရာ။ ဘောင်းဘီတိုနှင့် ကြက်တောင်ရိုက်နေပုံကော၊ ဘောင်းဘီရှည်နှင့်ပုံတွေကော။ 'ငယ်' သည် လူပုံစံပြောင်းလဲသွားသလို စိတ်အနေထားလည်း ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

"ပြောလေကိုကို... 'ငယ်'ဆီလာတာ ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှလာရတော့မှာလားဟ"

"မသိဘူးလေ"

"နှင့်ကို ပြောစရာတွေအများကြီးရှိတယ်"

"ပြော ပြော"

"နှင့်ပုံစံက ဘယ်လိုဖြစ်နေတာလဲ... ပြင်ဆင်ထားလိုက်တာ ခုပဲရုပ်ရှင်ရိုက်မှာကျနေတာပဲ"

"ကိုကိုပြောသလို ရုပ်ရှင်မင်းသမီးဖြစ်ရင်လည်း အဆောင်းသား"

"မဖြစ်ဘဲ... မဟုတ်ဘဲ ရှိုးများနေတာ မရှက်ဘူးလား"

"အို ဘာလို့ရှက်ရမှာလဲ... လူတိုင်းပြောနေတာပဲ... ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုဟာ သိပ်ဆရာလုပ်ချင်တာပဲ... ရန်ကုန်အထိ လိုက်ဆရာလုပ်နေတာကို... ဒီလူပျိုကြီးတော့ မြိန်မြိန်မိန်းမရပါစေတော်"

"မိငယ်"

'ငယ်' ကိုခပ်မာမာခေါ်သည်။

"ဘာလဲ"

"နင် ပြောင်ရွှတ်ရွှတ်လုပ်မနေစမ်းနဲ့... နင့်ကို ဆုံးမဖို့လာတာ"

ထိုစကားကြောင့် 'ငယ်' မျက်နှာ အနည်းငယ်ပျက်သွားသည်။

"နင် နေ့တိုင်း ဘယ်တွေသွားနေတာလဲ"

"အပ်ချုပ်ဆိုင်တို့... အလှပြင်ဆိုင်တို့... ဈေးဝယ်ဖို့တို့ပဲ"

"အဲဒါတွေက နေ့တိုင်းသွားနေရတာပဲလား"

'ငယ်' နှုတ်ခမ်းစူထား၏။ ဘာမှ မဖြေ။

"နင် ဝမ်းသာရမယ့်စကားတစ်ခွန်းပြောချင်လွန်းလို့ ငါ ခဏ ခဏလာတာ... တစ်ခါမှ မတွေ့ဘူး"

"ဘာစကားလဲဟင်"

"နင့် အနှောက်အယှက်ပေးတဲ့ 'ဖော်အောင်' သေသွားပြီ"

"ဟင်ဟုတ်လား... ဘယ်လိုဖြစ်ပြီး သေတာလဲ"

'ငယ်' မျက်နှာဝင်းထိန်သွားပြီး ဝမ်းသာအားရမေးသည်။

"ရန်ဖြစ်ရင်း ရန်ပွဲဖြစ်ပြီး ဆုံးသွားတာလို့ပြောတာပဲ... …လေးမှာ မဟုတ်ဘူး နယ်စပ်ဘက်မှာတဲ့... 'လတ်' က နင့်ဆီကို စာနဲ့လည်း မရေးချင်... ဖုန်းနဲ့လည်း မပြောချင်လို့ ငါ့ကိုပြောခိုင်းလိုက်တာ"

"ကောင်းတယ်... ဒီကောင်ရှိနေသမျှ စိတ်ချမ်းသာမှာ မဟုတ်ဘူး... ဒါနဲ့ ကိုကိုနဲ့ 'မလတ်' ကလည်း ယူလိုက်ကြတာ မဟုတ်ဘူးကွာ"

"နင့်အစ်မ ဒီသီတင်းကျွတ် ယောကျ်ားယူတော့မှာကို ဘာလို့ ငါနဲ့ပေးစားနေရတာလဲ"

"ကိုကိုနဲ့ပဲ ယူစေချင်တာကို... 'မလတ်' ကိုယ်တိုင်လည်း ကိုကို့ချစ်နေတာ... ကိုကို တကယ်ရက်စက်တယ်"

"ဘာရက်စက်လို့လဲ"

"ဘာလို့ 'မလတ်' ကိုမယူတာလဲ"

"ဟာ ငါမှ မချစ်တာ"

"ကိုကိုက ဘယ်သူ့ကိုချစ်မှာတုန်း... ဘယ်သူ့ကိုယူမှာတုန်း"

"နင့် သမီးအပျိုဖြစ်ရင် ယူမယ်"

"တကယ်လား... ဒါဆို သမီးကို ဘယ်သူနဲ့မှ ရည်းစားထားနဲ့... နင့်ကိုယူမယ့် ဘဘကြီးရှိတယ်လို့ ပြောထားလိုက်မယ်"

"အေး ပြောထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား"

'ငယ်'တစ်ယောက် ကိုကိုနှင့် ပြန်တွေ့လျှင် ကလေး
ယောက်ဖြစ်သွားစေမြဲ။

"နင့်သမီးလည်း နင့်လိုပဲခြေရှုပ်နေရင်ဒုက္ခပဲ... ငါ
အသက်ကြီးပြီဆိုတော့ နင့်လို ယောကျ်ားမသိအောင် ရှုပ်နေ
သိရင် ငါကတော့ 'ဦးသက်အောင်' လိုငြိမ်နေမယ့်ကောင် မဟု
ဘူး... ခေါင်းလေးကို လေးကွက်ကျအောင်ရိတ်ပစ်ပြီး မျက်နှာကို
လိုးပစ်လိုက်မှာ"

"ကိုကို ဘာစကားပြောတာလဲ"

မထင်မှတ်ဘဲပြောလိုက်သော ကိုကို စကားများက
ထွက်အောင် မှန်နေသဖြင့် 'ငယ်' အံ့သြနေသည်။

"နင့်အပေါ်မှာ အဘက်ဘက်က ကောင်းတဲ့လူ
ယောက်ကို နင် ဘာလို့သစ္စာဖောက်တာလဲ 'ငယ်'"

"'ငယ်' ဘာသစ္စာဖောက်လို့လဲ"

"နင် ဘာတွေလုပ်နေတယ်ဆိုတာ ငါကြားတယ်"

"ဟွန်း သိပါတယ်... ရှင့်ကို အဘိုးကြီးရင်ဖွင့်ထားတ
ပေါ့လေ"

"ငါ့ဘာသာ ငါသိတာ"

"ညာမနေနဲ့... 'ငယ့်' ကိစ္စကို ဘယ်သူမှသိသေးတာ
ဟုတ်ဘူး... သူပဲသိတာ... သူ မပြောလို့ ဘယ်သူပြောမလဲ"





"ဘယ်လိုကြောင့်ပဲသိသိ သိတဲ့သာ အစ်ကိုပါ... နင်
ဘာလို့ ဒီလောက်မိုက်နေရတာလဲ 'ငယ်'... သုံးကျောင်းပြောင်း
သောရှင် သုံးလင်ပြောင်းသော မိန်းမဆိုရင် ဘယ်သူမဆို အထင်
မကြီးကြတော့ဘူး"

"ဘယ်သူက သုံးလင်ပြောင်းနေလို့လဲ"

"နင် အခုတွဲနေတဲ့ 'ဇော်မင်းဦး' ဆိုတာကရော"

"အို ဘာဆိုင်လို့လဲ... ခင်လို့မင်လို့တောင်မတွဲရတော့
ဘူးလား... စကားမပြောရတော့ဘူးလား... ယောကျ်ားလေးမိတ်
ဆွေဆိုတာ မရှိရတော့ဘူးလား... တဲ... 'ငယ်' နဲ့ကိုကိုလည်း စ
ကားပြောတယ်... လည်တယ်... ရုပ်ရှင်ကြည့်တယ်... ဘာဖြစ်ခဲ့
ကြသလဲ"

"'ဇော်မင်း' နဲ့ငါ တူတာမှတ်လို့... ငါက နင့်ကိုနှမအ
ရင်းလိုသဘောထားတာ... 'ဇော်မင်း' လိုကောင်ဟာ 'ဇော်အောင်'
လိုအစားထဲကဆိုတာ နင် သိရဲ့လား... တဖြည်းဖြည်း နင့်ဆီက
ကုန်အောင်ချူမှာပဲ... အခုလည်း နင့်ငွေတွေရော လက်ဝတ်လက်
စားတွေရော အတော် ဖြုန်းပြီးပြီမဟုတ်လား... တော်ရောပေါ့ဟာ
ဒီလောက်သုံးဖြုန်းရရင် နင့် အပေါ်မှာ ဒီလောက်ကောင်းတဲ့ 'ဦး
သက်အောင်' လို လူကို နင် စိတ်ဆင်းရဲအောင် မလုပ်သင့်ပါ
ဘူး"

"အို 'ငယ်' ဟာ လူငယ်တစ်ယောက်ပဲရှိပါသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကို… သူလည်း သူ့အရွယ်က ပျော်ခဲ့မှာပဲ… သူ မုတီးကိုင်တိုင်း 'ငယ်'မကိုင်နိုင်သေးဘူး… သူ့ အဘိုးကြီးဖြစ်တိုင်း 'ငယ်' အဘွားကြီးလို မနေနိုင်ဘူး… စဉ်းစားကြည့်စမ်းပါ… တစ်နေ့တစ်နေ့ စီးပွားရေးကိစ္စထဲမှာ ဘဝမြှုပ်ထားတဲ့ လူတစ်ယောက်ရဲ့ ဇနီး တစ်ယောက်ဟာ တစ်နေကုန်အိမ်ကြီးထဲမှာ နေရတာ ဘယ်လောက်ပျင်းစရာကောင်းတယ်ဆိုတာ… အလုပ်လုပ်မယ်ဆိုလည်း မလုပ်ရနဲ့… အပြင်ထွက်လည်းမကြိုက်နဲ့… 'ငယ့်'ဘဝက သေလိုက်ဖို့ပဲကောင်းတော့တယ်… ပိုက်ဆံသုံးပြန်တော့လည်း မကြိုက်ဘူး… 'ငယ်' သုံးတာ ဖြုန်းတာမကြိုက်ရင် အစကတည်းက 'ငယ့်' ကိုဘာလို့ယူသေးတုန်း"

"နင် သုံးဖြုန်းတာကလည်း လွန်လွန်းပါတယ်ဟာ… နင် မရှာတိုင်း သုံးနေတာကိုး"

"အိုး ကိုယ့်လင်ပိုက်ဆံကိုယ်သုံးတာ ကိုကိုနဲ့ ဘာဆိုင်လဲ အနေသာကြီး… ကဲ ပြောစရာကုန်ပြီလား… ကုန်ရင်လည်း ပြန်ပါတော့လို့တောင်းပန်ပါတယ်… ဒါပေမဲ့ တစ်ခုတော့မှာလိုက်ချင်တယ်… သူများ မိသားစုကိစ္စမှာ ကိုကို ဒါနောက်ဆုံးအကြိမ် ဝင်ရှုပ်ခြင်းဖြစ်ပါစေ… သွေးမတော် သားမစပ်နဲ့ကမှ ဒီလောက်ပူနေတာ သူများတွေသံသယဖြစ်နေပါ့မယ်… ဘေးလူဟာ ဘေးလူလိုပဲ နေတာကောင်းပါတယ်… သူများအိမ်ထောင်စုရဲ့ သားသမီးနဲ့မိဘကြား… လင်နဲ့မယားကြား ဝင်ရှုပ်တာမကောင်းပါဘူး"





"နင့်လိုဟာမျိုးကို သိကြားမင်းတောင် ဆင်းပြီး လိမ္မာအောင် ဆုံးမလို့ရမှာ မဟုတ်ဘူး… ခွေးမြီးကောက်ကမှ ကျည်တောက်စွပ်ရင် ဖြောင့်သေးတယ်… နင်ကတော့ ဘယ်လို ဆုံးမဆုံးမ လိမ္မာမယ့်ဟာ မဟုတ်ဘူး"

"ဟုတ်တယ်… 'ငယ့်' ဟာ 'ငယ်' မလိမ္မာတော့ကော ကိုကိုနဲ့ဘာဆိုင်လဲ… ကိုကို့ အပူလား… ဘယ်သူ့အပြောအဆိုမှ မခံချင်လို့ ဒီမှာလာနေတာ… ကိုယ်ယူမယ့်မိန်းမကျမှ အဘက်ဘက်က လိမ္မာအောင်ဆုံးမပါ ကိုကို… သူများမိန်းမကို စေတနာတွေပိုပြီး ဆုံးမသွန်သင်နေတာ မသင့်တော်ပါဘူး… သူများတွေ တစ်မျိုးထင်နေပါ့မယ်"

ထိုစကားကြောင့် ကိုကို ဒေါသဖြစ်ရသည်။ 'ငယ့်'ကို စူးစူးရှရှ တစ်ချက်စိုက်ကြည့်ပြီး အိမ်ထဲမှာထွက်ခဲ့သည်။ 'ငယ်' အိမ်ပြင်သို့ထွက်မြဲ။ မီးခံသေတ္တာထဲမှ ငွေများလျော့မြဲ လျော့နေသည်။ လက်ဝတ်လက်စားများလည်း လျော့နေသည်။ ငွေနှင့် လက်ဝတ်လက်စားများကို အကုန်ပြန်သိမ်းထားလိုက်လျှင် ဖြစ်သည်။ သို့သော် 'ငယ်' ကအပြစ်ရှာနေသူ။

မိမိ၏မှိုက်ပြစ်များကို မိမိသာ ခံယူနေရပါသည်။ သူငယ်ချင်းအပေါင်းအသင်းများက 'ငယ်'နှင့်ယူသည်ကို အမျိုးမျိုး ကဲ့ရဲ့ခဲ့ကြသည်။ ရုပ်တန်းက ရုပ်ခိုင်းသည်။ မိမိအားလုံးကို နှုတ်လုပ်၍ ဤမိန်းမကိုယူခဲ့သည်။ ရှိသမျှ ပုံအပ်ခဲ့သည်။ ယခုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

တစ်နှစ်ကျော်ကျော် အိမ်ထောင်ရေးသုခကို ခံစားရသော်လည်း ယုခနောက်ပိုင်း အသက်ကြီးမှ ဝက်သက်ပေါက်သည့် အရွယ်အိုမှ ကညာပျိုကို ချစ်မိလို့ လူမသိအောင် မျက်ရည်ကျခဲ့ပါသည်။ စိတ်ညစ်တိုင်း အရက်သာ ဖိသောက်နေမိသည်။ ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်မိသည်။ အသက်ကလေးက ရလာပြီး အိုမင်းခြင်းအရိပ်အရောင်ကို ပြနေပြီ။

အလျှင်က စိတ်ပျို၍ ကိုယ်နုခဲ့သော်လည်း ယခု စိတ်အိုပြီး ကိုယ်မနုတော့ပါ။ ဆံပင်တိုက သိသိသာသာ ဖြူလာသည်။ ကျန်းမာရေးမလိုက်နိုင်ဘဲ အလုပ်ထဲတွင် စိတ်မြှုပ်ထားရာမှ မယားဖြစ်သူကိုမနိုင်သဖြင့် စိတ်ဓာတ်ကျပြီး အသားအရည်တွေ ချုံးကျပြီး သိသိသာသာ အိုမင်း၍လာသည်။

ယခုတလော 'ငယ်' နေ့တိုင်းအပြင်မထွက်ဘဲ အိမ်တွင် ပြန်ကပ်နေသဖြင့် 'ဦးသက်အောင်' ဝမ်းသာနေရသည်။ သို့သော် 'ငယ်' ဘာကြောင့် အိမ်ကပ်နေရသည်ကို သိရသောအခါ တစ်ဘက်က ဝမ်းသာသလို တစ်ဘက်က ခံပြင်းရသည်။ 'ငယ်' အလှမပြင်၊ အိမ်ပြင်မထွက်၊ အစာလည်း မစား၊ သုံးရက်ခန့် အိမ်တွင်းအောင်းနေသလို သိသိသာသာလည်း ပိန်ချုံးသွားသည်။

တယ်လီဖုန်းသံကြားတိုင်း၊ စာပို့သမားလာတိုင်း 'ငယ်' စိတ်လှုပ်ရှားကြောင်းသိသာသည်။ သည်နေ့တော့ 'ငယ်' ဆီတိုင်





နှုန်းလာသည်။ 'ငယ်' အပေါ်ထပ်မှ ကိုင်သည်။ 'ဦးသက်အောင်' သည်းအောင်ထပ်က ဖုန်းကိုအသာမ၍ စကားပြောခွက်ကို လက်ဖြင့်ပိတ်ကာ နားထောင်နေသည်။

" 'ငယ်' လား"

"ဟုတ်တယ်... အခုပြောနေတာ ဘယ်သူလဲ ဟင်"

"ကျွန်တော် 'ကိုသက်' ပါ... မှတ်မိလား"

"ဘယ်က 'ကိုသက်' လဲ"

" 'ချိုချို' ရဲ့ တစ်ချိန်ကလူဆိုတာလေ... 'ဇော်မင်း' ရဲ့ မိတ်ဆွေလေ"

"ဩ သိပြီ သိပြီ... မမှတ်မိတာ စိတ်မဆိုးနဲ့နော်"

"ရပါတယ်ဗျာ... တစ်ခါတည်းပဲတွေ့လိုက် ဘလည်း ဘယ်မှတ်မိပါ့မလဲ"

"ဒါနဲ့ 'ငယ့်' ဆီကို ဘာလို့ဖုန်းဆက်တာလဲဟင်"

"ဟုတ်တယ် 'ငယ်'... သိချင်တာလေးရှိလို့ပါ"

"ဘာများလည်း 'ကိုသက်' "

" 'ချိုချို' နဲ့ 'ငယ်' တို့ဆီက ပစ္စည်းရော ငွေတော်တော်များများပါ 'ဇော်မင်း' လစ်ပြေးသွားတယ်ဆို"

"ဟုတ်တယ်... 'ချိုချို' ဆီက နည်းပါတယ်... 'ငယ့်' ဆီက အတော်များများပါသွားတယ်"

"ဒီလိုဖြစ်မှာစိုးလို့ 'ချိုချို' ကိုတောင် သတိပေးလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်… ဒီကောင်က ငွေနဲ့ပတ်သက်ရင် သစ္စာမရှိဘူးလို့"

"ခုမှတော့ နောက်ကျသွားပါပြီ"

"တကယ်တော့ ဒီကောင်ဟာ သူများပစ္စည်းတွေနဲ့ဆိုင်ဖွင့်ထားတာဗျ… အိမ်ခန်းကလည်း လခနဲ့ပေးငှားထားတာ… အခုရှိသမျှပစ္စည်းတွေ အကုန်ရောင်းပြီး အိမ်ရှင်ရဲ့သမီးကိုခိုးပြေးသွားပြီ"

"ဩော် ဩော်"

ဒါကြောင့် 'ငယ်' ခြေငြိမ်နေခြင်းကိုး။ ငွေဇတွဘယ်လောက်ပါသွားသည်ကိုတော့ မသိ။ 'ငယ်' တစ်ယောက် အိပ်ရာထက်တွင်ခွေနေသည်။ ငွေကိုနမြောခြင်းလား၊ လူကိုနမြောခြင်းလား ဆိုတာတော့ ကာယကံရှင် 'ငယ်' သာ အသိဆုံးဖြစ်မိမည်။ ဘာပဲဖြစ်ဖြစ် ငွေကုန်လျှင်ကုန်ပါစေ၊ ခြေငြိမ်လျှင်တော်ပါပြီ။



၂၄

'ငယ်'

**မေမေ အသည်းအသန် ဖြစ်နေသည်။**

**အမြန်လာ။**

**သူ့ မြေးများကိုပါ ခေါ်လာခဲ့ပါ။**

**'လတ်'**

သံကြိုးစာကိုကိုင်ပြီး 'ငယ်' မျက်ရည်များစီးကျလာသည်။ စိတ်ဓာတ်ကျပြီး အိပ်ရာထက်တွင် ဆယ်ရက်ခန့်ခွေနေမိသည်။ လင်လည်း မကြည့်၊ သားသမီးလည်း မကြည့်။ မိဘနှစ်ပါးကိုလည်း ကျန်းမာရဲ့လားဟု ဖုန်းဆက်မေးခြင်း၊ စာရေးခြင်းမရှိ။

ဖခင်ဖြစ်သူ အသည်းအသန်ဖြစ်သည်ဆိုမှ 'ငယ်' ရင်ထဲတွင် အသိတရားတစ်ခုပြန်ဝင်လာခဲ့သည်။ ဖခင်ကြီးအသက်



www.burmeseclassic.com

ခြောက်ဆယ့်ရှစ်နှစ် ခုနစ်ဆယ်နီးပြီ။ သေတဲ့လူတွေ သေကုန်ပြီး ဖခင် အစားမရပါကလား။ အမေကော နေမှကောင်းရဲ့လား။ လင်အစား၊ အချစ်အစား၊ သားသမီးအစားရနိုင်သော်လည်း မိဘအစားက မရနိုင်ပါလား။

'ငယ်' ပစ္စည်းတွေ ချက်ချင်း ထသိမ်းသည်။ သံကြိုးစာ ရသည့်အချိန်သည် ညမိုးချုပ်နေပြီ။ ရထားလည်း မရှိတော့။

"ကျုပ် ကားမောင်းပို့ပေးမယ်"

"ဖြစ်ပါ့မလား မှောင်နေပြီ"

"ဖြစ်ပါတယ်... အသက်ကြီးပေမယ့် ကားလောက်တော့ မောင်းနိုင်ပါသေးတယ်... မင်းလည်း ကားမောင်းတတ်တာပဲ... တစ်လှည့်စီပေါ့"

ရန်ကုန်–မန္တလေး ခရီးကို မရပ်မနားခရီးကြမ်း နှင်ခဲ့ကြသော်လည်း အလာကောင်းပေမယ့် အခါနှောင်းသွားသည်။ 'ငယ်' မရောက်ခင်လေးတင် ဖခင်ဖြစ်သူဆုံးသွားသည်။ 'ငယ်' ငိုယိုက လွဲ၍ ဘာမျှမတတ်နိုင်။ မိခင်ဖြစ်သူက 'ငယ်' ကိုစကားမပြော။ နာကျည်းသောမျက်လုံး၊ စိမ်းကားသောမျက်လုံးမျက်လုံးများဖြင့် ကြည့်သည်။

ကိုကိုလည်း ဖေဖေ့အသုဘအချအမီရောက်လာသည်။ ကိုကို့ကို 'ငယ်' စကားမပြော။ ကိုယ့်အမှား ကိုယ်သိ၍ ရှက်ပြီး စကား မပြောခြင်းသာဖြစ်သည်။ ကိုကိုကလည်း 'ငယ်' ကိုခပ်





တည်တည်သာကြည့်သည်။ အခါကောင်း အခွင့်ကောင်းကို 'သက်' ကိုကိုနှင့် 'ကိုသက်အောင်' တို့ သုံးယောက်အသုံးချသည်။

အသုဘကိစ္စနှင့် မန္တလေးသို့ရောက်ရှိနေစဉ် ရန်ကုန်က မိသားစုပိုင် ပစ္စည်းများကို အားလုံးရောင်းသင့်တာရောင်း၍ မန္တလေးသို့ပို့သင့်တာကို တယ်လီဖုန်းနှင့်အကြောင်းကြား၍ ပို့ခိုင်းလိုက်သည်။ ရက်လယ်ဆွမ်းကျွေးပြီးသည်နှင့် 'ဦးသက်အောင်' တစ်ယောက် ရန်ကုန်ဆင်းသည်။

'ငယ်' ကိုယ်တိုင်ကလည်း ရန်ကုန်မပြန်ရသည်ကို ပြသနာမလုပ်တော့။ မန္တလေးကို အလွမ်းပြေရောက်လာသလိုဖြစ်နေသည်။ အမှားကိုသာ တောက်လျှောက်လုပ်လာခဲ့သူဆိုတော့ ခင်အတွက် ပူဆွေးလွမ်းဆွတ်နေသည်ကိုပင် တစ်မျိုးတစ်မည် ဆင်ကြသေးသည်။

'ငယ်' တို့မိသားစုရောက်လာကြသဖြင့် မေမေနှင့် 'လတ်' တို့ကျုံးဘက်ရှိတိုက်သို့ပြောင်းသွားကြသည်။ 'ငယ်' တို့တည်းခိုခန်းတွင် 'ငယ်' တို့မိသားစုလေးယောက်၊ ရန်ကုန်မှ အိမ်ဖော်လင်မယားနှင့် တည်းခိုခန်းအလုပ်သမားနှစ်ယောက် ပေါင်းရှစ်ယောက်ရှိသည်။

ဖခင်ဖြစ်သူဆုံးသွားသဖြင့် တည်းခိုခန်း၏ နေ့စဉ် လူဝင် လူထွက် ဧည့်သည်စာရင်းနှင့် ဝင်ငွေကိစ္စများအတွက်လည်းကောင်း၊ ပစ္စည်း ပစ္စယများအတွက်လည်းကောင်း တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com


တာဝန်ယူလုပ်ကိုင်ရန် စာရေးတစ်ယောက်ကိုလိုအပ်လာသဖြ
စာရေးရှာဖွေကြရသည်။

'ဦးသက်အောင်' ၏ပွဲရုံမှ စိတ်ချရသော 'ဦးဘသ
ကိုခေါ်ခန့်သည်။ မေမေ စကားမပြောသဖြင့် 'ငယ်' နေရထိုင်
ခက်နေသည်။

"သူ စကားမပြောလည်း ကိုယ်က ပြောပေါ့ဟာ... လူကြ
တွေ့ဟာကြွေမယ့်အချိန်ကို စောင့်နေရတဲ့ပန်းသီးလိုပဲ... စိတ်
ရဘူး... သူ ပြန်ခေါ်မယ့်အချိန်ကို စောင့်နေလို့မဖြစ်ဘူး... ကို
ကမှားတဲ့လူ... ကိုယ်က တောင်းပန်ရမှာပဲ... နင် လိမ္မာလာ
နင့်အမေစိတ်ချမ်းသာလာမှာပဲ"

ကိုကို အမှတ်မရှိသေးဘဲ 'ငယ့်'ကိုလာဆရာလုပ်နေပြ
သည်။ သည်တစ်ခါတော့ 'ငယ်' ငြိမ်နေသည်။

"သူကလည်း မာန... ဟိုကလည်း မာနနဲ့ တော်တော်
ခေါ်ဖြစ်ကြတော့မှာ မဟုတ်ပါဘူး... အဘွားကြီးက ကျုပ်
သိပ်အားနာနေတာ"

"ဒီလိုလုပ်လေဗျာ... ခင်ဗျားတို့နှစ်ယောက်ပြန်သင့်မြ
သွားပြီးပဲ... တစ်ခုခုဝယ်ပြီး သွားကန်တော့... ပြီးတော့ အဘွာ
ကြီးလည်း စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ဘုရားဖူးထွေ
ဘာလေးထွက်ကြည့်ပါလား"

"အင်းဟုတ်တယ်... ဒီအကြံမဆိုးဘူး"



'ငယ်' ပထမဆုံးအကြိမ် စကားဝင်ပြောသည်။

"'မလတ်' တစ်ယောက်တည်းကျန်ခဲ့မှာပေါ့... 'မလတ်'
တွက် ကိုကို တာဝန်ယူမလား"

"ဟာ ဒီကောင်မလေး... အပျိုက လူပျိုကို တာဝန်ယူလို့
ဖြစ်မလား ဟ"

"အောင်မယ်လေး တာဝန်ယူရမှာ ကြောက်မနေပါနဲ့
ကိုရယ်... 'လတ်' ကိုစောင့်ရှောက်မယ့်သူရှိပြီးသားပါ... ဖေဖေ့
ရေးကြောင့် 'လတ်' တို့ လက်ထပ်ပွဲကို တစ်လလောက်နောက်
တ်လိုက်ရတာပါ... နောက် နှစ်လလောက်ကြရင် ကိုကို
လေးတစ်ခေါက်ထပ်လာရဦးမယ်... ဒါပဲ"

ဘယ်အချိန်ကရောက်လာမှန်းမသိသော 'လတ်' ကဝင်
ပြောလိုက်ခြင်းဖြစ်သည်။ 'ငယ်' ကမကျေနပ်သလို မျက်နှာဖြင့်...

"ဟင် 'မလတ်' က ကိုကို့ယူတာမဟုတ်ဘူး... ဘာလို့
ခြားလူကိုယူတာလဲ"

"ဟဲ့ သူက ကိုယ့်ကိုမယူချင်လို့ လူကြီးတွေသဘောတူ
ပါတယ်... ပေးစားမယ်ပြောထားတဲ့ ကြားက အချိန်ဆွဲနေတာ
တော... သူ့ ဂိုဆံပင်ဖြူတဲ့၊ ဘိ သွားကျိုးတဲ့အထိ စောင့်မနေနိုင်
ဘူး... ကိုယ့်မှာလည်း သူ့ထက်သာတဲ့လူတွေပြည့်လို့"

"ဘာလဲ 'မလတ်' နင်ပြောတဲ့စကားအရဆိုရင် စောစော
င်းက နင်ယောက်ျားမယူသေးတာ ငါ့အပြောကိုစောင့်နေတာ
"


www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ဟုတ်လား... ကျွတ် ကျွတ် စိတ်မကောင်းလိုက်တာ... ဒီ
မှန်းသိရင် နင့်ကို သနားသောအားဖြင့် ချစ်လိုက်ပါတယ် ဟား

"အောင်မာ... ကိုကို တော်တော် စကားပြောလှလည်း
တယ်နော်"

"ဟုတ်မှာပါ... ကိုကိုနဲ့ 'မလတ်' ရရင် သိပ်ကောင်းမှာ
ခုတော့ သူများလက်ပါသွားပြီ... ကိုကို သိပ်လက်နှေးတာပဲ"

"လက်နှေးတာ မဟုတ်ဘူးဟေ့... ဘယ်သူ့ကို ချိန်နေ
မှမသိတာ"

"ဟော လာပြန်ပြီ ဒီစကား... ငါပြောထားပြီးပါပဲအေ
လား... 'မိငယ်' ရဲ့သမီး 'ပြည့်စုံ' အပျိုဖြစ်ရင် ငါယူမယ်လို့
ဘယ်လိုလဲ 'ကိုသက်အောင်' ကျုပ်နဲ့ ခင်ဗျား သမီးသဘောတူ
လား"

"တူပါတယ်ဗျာ"

ကိုကိုက နှစ်နှစ်သမီး 'ပြည့်စုံ' ၏ပါးကို ရွှတ်ကနဲ
ရင်း...

"သမီး 'ပြည့်စုံ' ဦးဦးကိုကြီးလာရင် ယူမလား... ယူမ
ဆိုရင် ခေါင်းညိတ်ပြ... အင်း လို့လည်း ပြော"

"အင်း အင်း"

'ပြည့်စုံ'က ခေါင်းလည်း ညိတ်ပြသည်။ အင်းဟုလည်း
ပြောသဖြင့် အားလုံးသဘောကျနေကြသည်။





"အေး သမီးယူမယ်ဆိုရင် ဦးဦးကလည်း မဟာမြတ်မုနိ
ဘုရားထဲက ခေါင်းလောင်းကြီးထမ်းပြီးစောင့်နေမှာဗျ"●

"ဟား ဟား ဟား"

မိခင်ကြီး စိတ်ချမ်းသာအောင် တောင်ပိုင်းနယ်မှ တောင်
ကြီး၊ အင်းလေး၊ ကလောသို့ အနားယူခရီးထွက်ကြသည်။ မိခင်
ကြီးက 'ငယ်' ဆုံးမသည်။

"ညည်းဘဝမှာ လိမ္မာတဲ့အချိန်နဲ့ မိုက်တဲ့အချိန်တွက်
ကြည့်ရင် မိုက်တဲ့အချိန်ကများတယ် 'ငယ်'... ကိုယ်လုပ်ချင်တာ
ဆွဲချည်းပဲ လုပ်လို့ဖြစ်မလား... လောကမှာ ကိုယ်တစ်ယောက်
တည်းနေလို့ဖြစ်သလား... လူမှန်ရင် နှစ်ဘို့တော့ ထားတတ်မှ
ပါ... ညည်းကြောင့် ညည်းအဖေအသက်တိုတာ"

"'ငယ်' ဖေဖေ့ကို ဘာလုပ်လို့လဲ"

'ငယ်' ရင်ထဲတွင် မခံမရပ်နိုင်ဖြစ်လွန်းလို့ ပြန်မေးမိခြင်း
ဖြစ်သည်။

"'ငယ်' စေတနာကို 'ငယ်' ပဲသိတယ်... 'ငယ်' ဖေဖေ
တို့ မေမေတို့ ချမ်းချမ်းသာသာ နေစေချင်လို့ သူ့ကိုလက်ထပ်
တာ"

"ထားပါတော့... ဒါဆိုရင် 'ဖော်အောင်' တို့ 'ဖော်မင်း'
တို့နဲ့ ရှုပ်တာကကော ငါတို့ ချမ်းသာဖို့အတွက်ပဲလား"

'ငယ်' မဖြေနိုင်၊ ခဏကြာမှ ဒေါသသံဖြင့်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"'ဇော်မင်း' နဲ့ကိစ္စကို ဒီလူကြီး ဖွင့်ပြောပြတယ်ပေါ့ဆော"

'ဒေါ်စောမြ'က မဲ့ပြုံးပြုံးရင်း...

"ရန်သိပ်လိုမနေစမ်းပါနဲ့ 'ငယ်'... 'သက်အောင်' ဟာ လူတော်လူကောင်းတစ်ယောက်... လူကြီးလူကောင်းတစ်ယောက် ညည်းကို အယူကောင်းလို့ သူ့မှာဒုက္ခရောက်နေတာ"

"ဘယ်သူပြောတာလဲ... သူ မဟုတ်ရင် ဘယ်သူရှိမလဲ"

"ရန်ကုန်နဲ့ မန္တလေး ဥဒဟိုသွားလာနေတဲ့ လူတွေပြည့် လို့... ညည်း ရန်ကုန်မှာပွေနေ လေနေတာ ကျုပ်တို့ အကုန်သိ တယ်"

"ကိုကို သတင်းပေးနေတာ မဟုတ်လား"

"ဘယ်သူပေးပေးအေ... ပုပ်ရင်ပေါ် ဟုတ်ရင်ကျော်မှာပဲ"

"သိမယ်... ကိုယ့်ကိစ္စမဟုတ်ဘဲ ဝင်ရှုပ်ချင်တဲ့လူ... တွေ့ မှပြောပစ်လိုက်ဦးမယ်... ကိုယ်နဲ့မှ မဆိုင်ဘဲ... သေးလူဟာ သေး လူလို နေတာမဟုတ်ဘူး"

"သူများကို ရန်ထောင်ဖို့ပဲစဉ်းစားမနေနဲ့ 'ငယ်'... ကိုယ် ဟာ ကလေးမဟုတ်တော့ဘူး... အိမ်ထောင်နဲ့... ကိုယ့်အိမ်ထောင် ရှင်ဟာ သိန်းပေါင်းများစွာ ချမ်းသာတဲ့လူ... သူဌေးကတော် တစ် ယောက်လို ကိုယ့်သိက္ခာနဲ့ ဣန္ဒြေနဲ့ပြောရမယ့်အစား မကောင်းတဲ့ မိန်းမလို နေချင်သလိုနေ... ဖြန်းချင်သလို ဖြန်း... တွဲချင်တာနဲ့ တွဲနေတာတော့ ဘယ်ကောင်းမလဲ... သားသမီး မကောင်း မိဘ ခေါင်းဆိုတဲ့ အတိုင်း ညည်း မဟုတ်မဟတ်လုပ်နေတိုင်း ညည်း အဖေနဲ့ ကျုပ် ထမင်းတောင် မျိုမကျဘူးအေ"

'ဒေါ်စောမြ' ကပြောရင်းငိုသည်။ 'ငယ်' နှုတ်ခမ်းကို အင်းတင်းစေ့၍ အဝေးသို့ငေးကြည့်နေသည်။ ဟုတ်တာမှန်တာ တွေချည်းပြောနေသဖြင့် ငြိမ်ခံနေရသည်။

"နင့်ကို 'သက်အောင်' လို လူ့အမို့ ပေါင်းနေတာ... စဉ်း စားကြည့်စမ်း... ညည်းမှာ မယားဝတ္တရား ငါးပါးဆိုတဲ့ အိမ်တွင်း အလုပ်... သိမ်းထုပ်သေချာ... မိတ္တာကြင်ရှောင်... လျော်အောင် ခန့်ချိ... ပျင်းရိမမူ ဝတ်ငါးဆူ... ကျင့်မူ မယ်တို့တာ တဲ့... ဒီအထဲ မှာပါတဲ့အတိုင်း ဆိုရင်တော့ အိမ်တွင်းအချက်အပြုတ်၊ အချုပ် အလုပ်လည်း ညည်းမဝင်ဘူး... အသိမ်းအဆည်း အစုဆောင်း လည်း လုံးဝမရှိ... သုံးလိုက်ဖြုန်းလိုက်တာ ဝက်ဝက်ကွဲလို့... အကျင့်စာရိတ္တနဲ့ ပတ်သက်ရင်လည်း နံပွါတ်ဝမ်း တစ်ဂဏန်းတစ် ပဲ" ဒ

"တော်ပါတော့ မေမေရယ် တော်ပါတော့... 'ငယ်' ဟာ မေမေ့သမီးပါ... ဒါတွေပြောပြီး အရှက်ခွဲနေတာတော့ မေမေ့မှာ ဘာမှ အကျိုးမရှိသလို 'ငယ်' အတွက်လည်း အကျိုးမရှိပါဘူး"

'ငယ်' ငိုရင်း အော်သည်။

"အကျိုးရှိလို့ ပြောနေတာပေါ့အေ့... ညည်းလုပ်ပုံတွေ ကြောင့် ကျုပ်တို့ မျက်နှာပူတယ်... ညည်း ကျွေးတဲ့ထမင်းကိုစား



www.burmeseclassic.com

www.burmeseclassic.com


ရတာ မျိုမကျဘူး... ရက်တယ်အေ... ရက်တယ်"

"'ငယ်' အား ရွံရှာစွာကြည့်ရင်း...

" 'သက်အောင်' လိုလူမိုက်မို့ ညည်းကိုပေါင်းတာ— 'သက်အောင်' ညည်းအပေါ် ဘယ့်လောက်ချစ်သလဲဆို ညည်း ဒီလောက်ဖြစ်ချင်တိုင်း ဖြစ်နေတာတောင် တစ်ယောက်တည်းမျို သိပ်ပြီးခံတယ်... ကျုပ်တို့ဆီ ဘာမှမပြောဘူး... 'သက်အောင်' ဟာ နှင့်အတွက်ခင်ပွန်းကောင်း ခုနစ်ဖြာနဲ့လည်းညီတယ်... ခင် ပွန်းကောင်းခြောက်ဖြာနဲ့လည်းညီတယ်... ခင်ပွန်းမြတ်လက္ခဏာ ခုနစ်ဖြာဖြစ်တဲ့ ပျင်းရိခြင်းလည်း မရှိဘူး... ရက်စက်ကြမ်းကြုတ် မှုလည်း မရှိဘူး... စဉ်းလဲကောက်ကျစ်ခြင်းလည်း မရှိဘူး... စင် ကြယ်နူးညံ့တဲ့ ကိုယ်နှုတ်နှလုံးသုံးပါးရှိတယ်... လောဘ ရမ္မက် လည်း နည်းတယ်... အကျိုးစီးပွားလည်း အလိုရှိတယ်... 'မောင် သက်အောင်' နှင့် ညည်းကတော့ ဆန့်ကျင်ဘက်ပဲအေ... လင် ယောကျ်ားတစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ကို စွန့်ပစ်နိုင် တဲ့ အင်္ဂါရပ်တွေရှိတယ်... မြူတဲ့မိန်းမ... သမီးမိန်းမသားမွေးတဲ့ မိန်းမ... နူနာစွဲသော မိန်းမ... လင်ကို မရိုသေသော မထီလေး စား လုပ်သောမိန်းမ... လင်သားအလိုဆန္ဒကို မသာယာသောမိန်း မ... ငြင်းခုံတတ်တဲ့အလေ့အကျင့်ရှိခြင်း... သူတစ်ပါးအိမ်ကို အ ကြောင်းမဲ့ လည်ပတ်တတ်သောအကျင့်ရှိခြင်း... အစားကြူးခြင်း အအိပ်ကြူးခြင်းတဲ့"



"တော်ပါတော့ မေမေရယ်... တော်ပါတော့"

"ဒီနေ့ကစပြီး ညည်း မယားကောင်းပီပီသသ... မိန်းမ ကောင်းပီပီသသ နေပါလို့ ကျုပ်တောင်းပန်ပါတယ်... နောက် တစ်ခါ ရှုပ်ရှုပ်ယှက်ယှက်သတင်းကြားရင်တော့ ကျုပ် သေဖို့ပဲ ကျန်တော့တယ်... ကျုပ် စိတ်ချမ်းသာစေချင်ရင် အသက်ရှည် စေချင်ရင် ကျေးဇူးရှင် ကျေးဇူးရှင်မှန်းသိပြီး ရိုသေပါ... သစ္စာ ရှိပါ... ပြုစုပါ"

'ငယ်' ကျဉ်းကျုံ့ခြင်း ဝေဒနာကို ခံစားနေရသည်။ အမေ ကစပ်တည်တည်ဆက်ဆံပြီး 'ငယ်' လှုပ်ရှားမှုကိုအကဲခတ်နေ သောကြောင့် ဖြစ်သည်။ 'ငယ်' ကိုအထင်သေးခြင်း၊ နာကျည်း ခြင်းစသည့် မျက်လုံးများဖြင့် ကြည့်နေကြောင်း 'ငယ်' သိသည်။

'ဦးသက်အောင်' ခရီးထွက်သည်နှင့် 'ငယ်' ထံသို့မေမေ ရောက်လာတတ်သည်။ တစ်ယောက်တည်း လွှတ်လုပ်စွာမထား တော့။

'ဦးသက်အောင်' ကလည်းသိသည်။ 'ငယ်' တစ်ယောက် မိမိကိုရှိသာခိုး၊ အငြိုးနှင့်ဆိုသလို မချစ်သော်လည်းအောင့်ကာ နမ်းနေကြောင်း။ မိခင်ကြီး၏စောင့်ကြပ်မှုအောက်တွင် 'ငယ်' တစ်ယောက်မိမိကိုပြုစုနေကြောင်း မိမိသိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

၂၅

"ဟယ် ကိုကိုပါလား"

တည်းခိုခန်းအောက်ထပ်ရှိ ရုံးခန်းတွင်းမှ 'ငယ်' ကဝမ်းသာအားရပြေးကြိုသည်။

"ကိုကို တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပေါ့ဟ... ငါမိန်းမယူတယ်နင်ကြားလို့လား"

"ဟင့်အင်း မကြားပါဘူး"

"ဟော မကြားမှတော့ တစ်ယောက်တည်းပေါ့ဟ"

"မန္တလေးကိုအလည်သက်သက်ပဲလား"

"အလုပ်ကိစ္စနဲ့ပတ်သက်လို့ပါပဲ။ ဒါပေမဲ့လေးငါးဆယ်ရက်တော့ကြာမယ်"

"ကိုကို ရာထူးမတိုးသေးဘူးလား"





"တိုးမယ်ထင်တာပဲ... နည်းနည်းတော့စောင့်ရဦးမယ်... သုံးလေးနှစ်လေ... ရာထူးတိုးရင်မန္တလေးဘက်ပဲရောက်မယ်ထင်တယ်"

"ဟုတ်လား ကောင်းတာပေါ့...မန္တလေးကိုအလုပ်ပြောင်းရင် 'ငယ်' တို့အိမ်မှာပဲနေရမယ်နော်...အပေါ်ထပ်ပဲနေနေအောက်ထပ်ပဲနေနေ"

"နင်လိမ္မာသွားပြီလား... လိမ္မာပြီဆိုရင်လာနေမယ်"

"မလိမ္မာပါဘူး... ကိုကိုပြောခဲ့ဖူးသလိုပေါ့... ခွေးမြီးကမှကျည်တောက်စွပ်ရင်ဖြောင့်ဦးမယ်ဆိုတာလေ"

"ခုထိမလိမ္မာသေးဘူးလား 'ငယ်' ရာ...အိမ်ထောင်သက်ရှစ်နှစ် သမီးကြီးတောင်ခုနစ်နှစ်ကျော်ပြီ... ကလေးလည်းသုံးယောက်ရှိနေပြီ"

'ငယ်' နှုတ်ခမ်းစူထားသည်။ ကလေးဘယ်နှစ်ယောက်ရရ ကိုကို့ကိုမြင်လျှင်ပြန်ငယ်သွားသည်။ ပြန်ဆိုးချင်သည်။

" ကိုကြီး 'သက်အောင်' ကော"

"ရှမ်းပြည်နယ်သွားတယ်လေ... လိမ္မော်ချိန်လေ... ကိုကိုပြန်ရင် လိမ္မော်သီးများများထည့်ပေးလိုက်မယ်"

ရုံးခန်းထဲမှကောင်လေးတစ်ယောက် ထွက်လာသည်။ အမှတ်တမဲ့ကြည့်လျှင် မိမိတို့အရွယ်ထင်ရသော်လည်း မျက်နှာကိုကြည့်လျှင် အတော်ငယ်သေးကြောင်းတွေ့ရသည်။ မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးမည်းနက်ပြီး နှာတံပေါ်ပေါ်နှုတ်ခမ်းထူထူကရဲနေ၍ အတော်ချောသောကောင်လေးဟုဆိုရမည်။ အရပ်မှာအသက်နှင့်မလိုက်အောင်မြင့်ပြီး ထွားကျိုင်းသောကောင်လေးပင်။

"သူကဘယ်သူလဲ 'မိငယ်'"

"ဩော် ဟုတ်သားပဲ... ကိုကိုက ဒီကိုမရောက်တာငါးနှစ်လောက်ရှိပြီဆိုတော့ သူ့ကိုဘယ်သိပါ့မလဲ... 'ဦးဘသက်' သားလေ ကိုကိုရယ်"

"'ငယ်' တို့ရုံးစာရေးကြီး 'ဦးဘသက်' သားလား"

"အင်းပေါ့"

"အာ ဟုတ်ပြီ ဟုတ်ပြီ... သေချာကြည့်လေ 'ဦးဘသက်' နဲ့တူလေပဲ... ဟိုတစ်ခေါက် ဦးလေးဆုံးလို့လာတုန်းကဒီကောင်ချာတိတ်ပဲရှိသေးတာပဲ"

"ဟုတ်တယ် အဲ့ဒီတုန်းက သူဆယ့်နှစ်နှစ်လောက်ပဲရှိဦးမယ်... အခုဆယ့်ရှစ်နှစ်ထဲမှာလေ... 'ဦးလေးသက်' ဆုံးတာသုံးနှစ်ရှိပြီ... 'ဦးလေးသက်' တို့မိသားစုမှာက 'ဦးလေးသက်' ကိုပဲအားကိုးနေရတာဆိုတော့ဆုံးသွားတော့ စားဝတ်နေရေးပြေလည်အောင်ဆိုပြီး ကိုကြီး 'အထွန်း' ကိုစာရေး ပြန်ခန့်တာလေ... သူ့ခမြောငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်ဝင်ရလို့ ကိုးတန်းကစပြီးအပြင်ကဖြေခဲ့ရတာ... ခုဆိုစာပေးစာယူပထမနှစ်ရနေပြီ"

"ဟုတ်လား"





'အထွန်း' ကခေါင်းငုံ့၍ ပြုံးနေသည်။ ဆံပင်ဘုတ်သိုက်နှုတ်ခမ်းရဲရဲနှင့် လူကြီးကိုယ်လုံးတွင် ကလေးမျက်နှာတပ်ထားသလိုပါပဲ။ 'အထွန်း' ၏မျက်နှာကိုကြည့်သည်နှင့် ရိုးသားမှုကျိုးနွံမှု ကြိုးစားမှုတို့ကိုတွေ့နိုင်သည်။

"'လေးငယ်' ဒီပစ္စည်းတွေဘယ်ကို ယူသွားရမလဲ"

'ငယ့်' ကို 'အထွန်း' ကမေးခြင်းဖြစ်သည်။ 'ငယ်' ကလည်း...

"ကိုကို အပေါ်မှာပဲနေမလား"

"'ကိုသက်အောင်' မရှိတုန်းအပေါ်တက်နေရင်မကောင်းဘူးထင်တယ်..."

"ဒါဆိုအောက်ထပ်တစ်ယောက်ခန်းထဲမှာ အိပ်ယာပြင်လိုက်မယ် 'လေးငယ်'"

"အဲ့သလိုဆိုနင်တို့စီးပွားရေး ထိခိုက်မှာပေါ့ဟ... ငါကဆယ်ရက်လောက်ကြာမှာ"

"ဩော် ကိုကိုရယ်... ကိုကိုဆယ်ရက်နေတာနဲ့ 'ငယ်' တို့မွဲမသွားပါဘူး"

'အထွန်း' က...

"'လေးလေးကို' နေတတ်မယ်ဆိုရင် 'အထွန်း' အခန်းကျယ်ပါတယ်... ခုတင်ထပ်ပြင်လိုက်မယ်လေ"

"အေး ဟုတ်တယ်... အဲ့ဒါကောင်းတယ်... ဒါ့ဒေါ်လေး



www.burmeseclassic.com

ကော"

"မေမေ 'မလတ်' ဆီခဏသွားတယ်... 'မလတ်' တောင် ကလေးနှစ်ယောက်ရနေပြီ... ကိုကို အားမကျဘူးလား"

"မကျပါဘူးဗျာ... တစ်ယောက်တည်းပဲ ကောင်းပါ တယ်"

"ဘယ်လိုလဲ လူပျိုကြီးတကယ်လုပ်တော့မလို့လား— 'ငယ်' တောင်အစိတ်ကျော်နေပြီဆိုတော့ ကိုကိုသုံးဆယ်နားနီး ပြီနော်"

"ငယ်ပါသေးတယ်ဟာ... 'ဦးသက်အောင်' တောင်လေး ဆယ်နားနီးမှ မိန်းမလှရသေးတာ... ငါပြောထားသားပဲ 'ပြည့်စုံ' ကိုစောင့်နေတာပါလို့ ခု 'ပြည့်စုံ' ငါးနှစ်လား"

"ဟုတ်တယ် ကျောင်းတောင်တက်နေပြီ"

"အတော်ပဲ... 'ဦးသက်အောင်' အရွယ်ကျရင် 'ပြည့်စုံ' လည်း နင့်အရွယ်ပဲ နင်တကယ်ပေးရမှာနော်"

"အင်းပါ... အဟင်း ဟင်း... ဟော ပြောရင်းဆိုရင်းကိုကို့ တူမ ကျောင်းကပြန်လာပါပြီရှင်"

ဂျပန်ဆံတောက်လေးနှင့် ကျောင်းဝတ်စုံအစိမ်းလေးဝတ် ထားသော 'ပြည့်စုံ' က လွယ်အိတ်ကိုမနိုင်မနင်းလွယ်လာရသ ဖြင့်စောင်းငမ်းစောင်းငမ်း ဖြစ်နေသည်။ ပါးနှစ်ဘက်မှာတစ်ရှုံ့ တစ်ခုကိုင်ထားသလို ဖောင်းတွဲနေသည်။ မျက်လုံးကြီးများက





လည်း ရွှဲနေသည်။ ငယ်ပင်ငယ်လင့်ကစား မျက်လုံးမျက်ခုံးနှာတံ နှုတ်ခမ်းက သိသိသာသာပေါ်လွင်လှပနေသည်။

"ဟေး လာခဲ့ပါဦးသမီးရဲ့... ဦးဦးဆီကို"

'ပြည့်စုံ' က ကိုကို့ကိုမြင်တော့ နှုတ်ခမ်းလေးရှူပြီး သူ့ အမေကိုယ်လုံးနှင့်ကွယ်ထားသည်။ ပြီးမှပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့်ချောင်းကြည့်သည်။

"ဟား ဟား နင့်သမီးကနင့်အတိုင်းပဲ 'ငယ်'... နှုတ်ခမ်း ရှုတာကော ခေါင်းမာတာရော"

"သူများအကြောင်း[illegible] မကောင်း[illegible]ပဲရှေးပြောနော်"

"နို့နင်ကကောကောင်းလို့လားဟ... သမီး 'ပြည့်စုံ' က ဦးဦးကိုမမှတ်မိတော့ဘူးကို... လာခဲ့ပါဦး ဦးဦးဆီ"

'ပြည့်စုံ' က မေကတ်ကတ်လုပ်ရင်း ကိုကို့နားရောက်လာ သည်။

"ဦးဦးကိုသိလား"

"သိဘူး"

"မေမေ့ရဲ့ ကိုကိုလေကွာ"

"ကလေးဘယ်မှတ်မိတော့မလဲ ကိုကိုရာ... ခုအရွယ်က စပြီးမှတ်မိမှာ... ဒီတစ်ခေါက် ကိုကိုပြန်ရင်တော့ သူကောင်း ကောင်းမှတ်မိပါပြီ"

ကလေးကို ကိုကို့ထံတွန်းပို့ရင်း 'ငယ်' ကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးကချစ်ဖို့ကောင်းလိုက်တာကွာ... သမီးမေမေ ထက်သမီးက အများကြီးပိုလှတယ်... ပိုချစ်စရာကောင်းတယ်"

ထိုသို့ပြောရင်း ကိုကိုက 'ပြည့်စုံ' ကိုပေါင်ပေါ်ဆွဲတင်ပြီးပါးနှစ်ဘက်ကို အားရပါးရနမ်းသည်။ ပွေ့ဖက်ထားသည်။ 'ငယ်' က ပြုံးစိစိကြည့်နေသည်။

"မီးမီးကြီးလာရင် မေမေ့လိုလှပေမယ့် မေမေ့လိုမမိုက်ရဘူး မဆိုးရဘူးနော်"

"ဟုတ်ကဲ့"

'ပြည့်စုံ' ကခေါင်းညိတ်ရင်း ကိုကို့ကိုမျက်လုံးလေးမွေကြည့်သည်။ အမေတူသမီးမို့လားမသိ 'ပြည့်စုံ' ကသွက်သည်။ ကိုကိုနှင့်အပေါင်းအသင်း ဖြစ်သွားသည်။ ကိုကိုမပြန်မချင်း ကိုကို့အနားကမခွာ။ ကိုကိုကလည်းရုံးကိစ္စကလွဲ၍ တခြားသွားလေရာကို ခေါ်သွားစမြဲ။ 'ဦးသက်အောင်' ပြန်လာတော့အပေါ် ထပ်တက်အိပ်ဖို့ခေါ်သည်။

သို့သော်နိုင်ငံခြားအရက်ပုလင်းများကို အဖော်ပြုနေသော 'ဦးသက်အောင်' ကို အနှောင့်အယှက်မပေးလို၍အောက်ထပ်မှာပင် နေလိုက်သည်။ 'ငယ်' တို့အိမ်ရောက်ပြီး ခြောက်ရက်မြောက်သောနေ့တွင် မကျေနပ်စရာတစ်ခုတွေ့သည်။ မသင့်လျော်တာဟုပြောလျှင်လည်းရသည်။ နေ့ခင်းဘက်အပြင်မှပြန်လာပြီး ထမင်းစားဖို့အပေါ်ထပ်သို့တက်ခဲ့သည်။





မည်သူ့ကိုမှမတွေ့၍ ညှော်ခန်းမှနောက်ဘက်ခန်းသို့ဝင်သည်။ မင်းလမ်းအတိုင်းလျှောက်လာရာမှ အခန်းတစ်ခုပွင့်နေသည့်ကြည့်မိသည်။ မှန်တင်ခုံရှေ့တွင်ရင်လျားနှင့်ရပ်နေသည်။ ဝင်းသောပြည့်ဖြိုးသော 'ငယ့်' လက်မောင်း၊ ရင်ညွှန့်တို့ကို သည်းယားစဖွယ်မြင်နေရသည်။ မျက်နှာသုတ်ပုဝါလည်းခြုံထား။ 'ငယ်' လုံချည်စည်းထားပုံကလည်း မသေသပ်၊ လျော့သည်းလျော့လျဲမလုံမခြုံနှင့်။

တော်ပါသေးသည်။ 'အထွန်း' ကခေါင်းငုံ့၍လက်နှစ်ဖက်နောက်ပစ်ကာ ရပ်နေသောကြောင့်။ သို့သော်ခပ်ဝေးဝေးကပင်လျှင်ရင်ထဲတစ်မျိုးဖြစ်နေသေးလျှင် လူပျိုပေါက်အရွယ် 'အထွန်း' ဆိုလျှင်ကော။

"ကိုကို ထမင်းစားတော့မလို့လား"

'ငယ်' က အခန်းပေါက်ဝသို့ရင်ဘတ်ကို လက်တစ်ဖက်ဖြင့်ဖိပြီးပြေးလာသည်။ ကိုကိုမျက်လုံး လွှဲလိုက်ရသည်။ ကလေးနှင်းယောက်မိခင်ဆိုသော်လည်း တသားမွေးတသွေးလှသော နုနယ်သော 'ငယ့်' ပုံသဏ္ဍာန်သည် သစ်တုံးမဟုတ်သောစျာန်မရသေးသော ယောကျ်ားများအတွက် အန္တရာယ်ဖြစ်ပါသည်။

"ရတယ် ကိုကို့ဖါသာခူးစားလိုက်မယ်... 'ငယ်' အဝတ်အစားလဲပြီးမှလာခဲ့"

အန္တရာယ်ကို ကြိုတင်ကာကွယ်တာကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငယ်' နေပုံထိုင်ပုံမတတ်တာကြောင့် 'ဦးသက်အောင်' အသ
ကြီးမှအသည်းကွဲဖို့တော့မြင်နေမိပါပြီ။ မိမိကြားကဝင်ပြောလျှ
စိတ်ဆိုးကြဦးမည်။ ရိုးရိုးသားသားနေတာပါဆိုလျှင် ဒုက္ခ။
လာမြောင်းပေးလုပ်သည်ဆိုလျှင်ကော။ အို သူများမိသားစုကြ
ဝင်မရှုပ်တာအကောင်းဆုံးပါ။ အပြောခံရပေါင်းလည်းများပြီ
ဒီတစ်ခါကိုယ့်စိတ်ကိုယ်ချုပ်တည်းထားလိုက်သည်။

'ဦးသက်အောင်' ကတော့ 'ငယ့်' ကိုအလိုလိုက်အကြိ
ဆောင်နေရယုံ၊ ရှိသမျှပစ္စည်းတွေပုံအပ်ပြီး 'ငယ့်' အလုအပ
ဝယ်ယူထားပြီး 'ငယ်' ထားရာနေစေရာသွားသော လူသက်သ
သာဖြစ်နေပြီ။

'ငယ်' နှင့်အိမ်ထောင်မကျခင်က မင်းသားတစ်ယော
လိုချောမောခန့်ညားပြီး ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်တစ်ယော
ဖြစ်သော 'ဦးသက်အောင်' သည် ယခုအခါအဘိုးကြီးပေါက်
လိုရုပ်ကျနေပြီး ဆံပင်တွေဟိုနားတချို့ သည်နားတချို့ဖြူနေ
ဖြစ်သည်။ ပိန်သျှော်သျှော်ဖြစ်နေပြီ။

'ငယ်' လိုနုပျိုနေဆဲ၊ အရွယ်ကောင်းဆဲ မိန်းကလေးတ
ယောက်သည် 'ဦးသက်အောင်' ကို တွယ်တာပါတော့မည်လာ
'ဇော်အောင်' တို့ 'ဇော်မင်း' တို့လို လူငယ်လူရွယ် လူချောလေးမျ
ဖြင့် တွဲခဲ့ဖူးသော 'ငယ်' သည်...

အို 'ငယ်' ကဘေးလူ ဘာလို့ ဒီလောက်တွေးပူနေစရာ





သလဲ။

မပြန်ခင် အမြင်မတော်တာ ထပ်တွေ့ရပြန်သည်။ 'အထွန်း' ကို 'ငယ်' က ဇက်ကျော့ဆွဲခိုင်းခြင်းမျိုး။ ဈေးသို့ အတူသွားခြင်းမျိုး။ အိမ်အပေါ်ထပ်တွင်ရင်း၊ အောက်ထပ်တည်းခိုခန်းတွင်ရင်း ပစ္စည်းတွေသိမ်းဆည်းရင်း၊ ရှင်းရင်းလင်းရင်း 'ငယ့်' လက်နှင့် 'အထွန်း' လက် ထိသွားတတ်ခြင်းမျိုး။

'ငယ့်' ရင်ပတ်နှင့် 'အထွန်း' လက်မောင်းထိသွားခြင်းမျိုး။ ထိုအခါမျိုးများတွင် 'ငယ်' ကဘာမှမဖြစ်သော်လည်း 'အထွန်း' မျက်နှာနီရဲသွားတတ်သလို လက်တွေတုန်နေတာကို သိသိသာသာမြင်လိုက်ရတတ်သည်။ တစ်ခါတလေ 'အထွန်း' က 'ငယ့်' ကိုတစ်နေရာရာမှငေး၍ တမေ့တမောကြည့်နေတတ်သည်။

အသက်အစိတ်ဆိုသည်မှာ တကယ်တော့ငယ်ပါသေးသည်။ ကလေးသုံးယောက်မိခင်ဆိုသော်လည်း 'ငယ်' က ဆံပင်ကိုတို မျက်နှာချိုချိုနှင့် အပျိုတွေထက်လှသူ။ 'ငယ်' ဝတ်သောအဝတ်အစားများသည် ကောင်းပေ့ဆိုသော အဝတ်အစားများဖြစ်သော်လည်း ခါး လက်တစ်လုံးလောက်ပေါ်ရင် ပေါ်၊ ရင်ပတ်ကကိုက်လွန်းသဖြင့် တစ်ခါတစ်ခါ မျက်လုံးလွှဲယူရသည့် အင်္ကျီမျိုးများသည်။

'ငယ့်' အစားရင်မောပါသည်။ ငယ်ငယ်ရွယ်ရွယ်က ဘုရားတရားနှင့်နေခဲ့သော 'ဦးသက်အောင်' သည် ယခုအသက်



www.burmeseclassic.com

www.burmeseclassic.com



လေးဆယ်ကျော်သောအခါ အရက်ကိုအချိန်ပြည့်သောက်နေတတ်သည်။ သဘောကောင်းသော 'ဦးသက်အောင်' လိုလူတော် လူကောင်းတစ်ယောက် အရက်သမားလုံးလုံးဖြစ်သွားသည်မှာ ငွေချမ်းသာသော်လည်း စိတ်ချမ်းမသာသောကြောင့် သာဖြစ်သည်။

"'ကိုကြီးသက်အောင်'... ကျွန်တော် နက်ဖြန်ရန်ကုန်ပြန်မယ်"

"မြန်လှချည်လား ငါ့ညီ... အစက ဆယ်ရက်နေမယ်ဆိုကွ"

"ဟုတ်ကဲ့... အခု အလုပ်စောစောပြီးသွားလို့ပါ... ကိုကြီး ရန်ကုန်လာရင် ကျွန်တော်တို့အိမ်မှာပဲ တည်းရမယ်နော်"

"ရပါတယ်... ဟဲ ဟဲ"

"မရဘူးဗျ... အိမ်လာမတည်းရင် စိတ်ဆိုးမှာ"

"လာမှာပါဗျာ... လာမှာပါ"

"ကိုကိုက ကိုကြီးကိုသာခေါ်တာ... 'ငယ်' ကျတော့ကော ခေါ်ဖော်တောင်မရဘူး"

"နင့်တော့မခေါ်ရဲဘူး... နင်က ဘယ်သူ့မျက်နှာမှ ထောက်ဘဲ လုပ်ချင်တာစွတ်လုပ်တတ်သလို...ငါကလည်း အမြင်မတော်တာရှိရင် ပြောတတ်တဲ့ကောင်ဆိုတော့ နော်င်ကျိန်ပလေး နေရလိမ့်မယ်"





"ဟွန်း..."

'ငယ်' မျက်စောင်းထိုးသည်။ 'ဦးသက်အောင်' ဇနီး 'ငယ်' ၏ခေါင်းကို ချစ်စနိုးပုတ်လျက်....

"'ငယ်' ကလိမ္မာသွားပြီကွာ... ရန်ကုန်က ပြန်လာကတည်းက သူ့ ကျုပ်အပေါ်မှာ ပြန်စေတနာထားလာပါပြီ... သားတွေသမီးတွေလည်း ကြီးလာပြီဆိုတော့ ရှေ့လျှောက် 'ငယ်' ပိုပြီး လိမ္မာလာမှာပါ"

"'ငယ့်' ကိုသာ လိမ္မာဖို့ပြောနေ... အဲဒီ အဘိုးကြီးအရက်သောက်တာကျတော့ မဆုံးမဘူးလား ကိုကိုရဲ့... အဲဒါကြီးတွေ သောက်သောက်ပြီး အိပ်တော့ သိပ်နံ့တာ... 'ငယ်' ကခေါင်းမူးတတ်တော့ သားတို့ သမီးတို့အခန်းဆဲ သွားဝင်အိပ်ပစ်လိုက်တယ် အသက်ကြီးလေ လူမိုက်ကြီးဖြစ်လေဆိုတာ ကိုကြီးမှအစစ်"

"ဟဲ ဟဲ ဟဲ... ဆေးဖြစ်ဝါးဖြစ်ပါကွာ... ကျုပ်က အဘိုးကြီးဆိုတော့ မောင်ရင့်နှမက လမ်းတောင်တွဲလျှောက်ချင်တာ မဟုတ်ဘူးလေ... ဟင်း ဟင်း"

ကိုကို သဘောပေါက်ပါသည်။ 'ဦးသက်အောင်' ၏ အဖော်သည် အရက်သာဖြစ်လိမ့်မည်။ 'ငယ့်' လျစ်လျူရှုမှုကို အရက်ဖြင့်အစားထိုးခြင်းသာဖြစ်လိမ့်မည်။ ရထားမထွက်ခင် 'ငယ့်' ကို ပြောဖြစ်အောင် ပြောခဲ့သေးသည်။

"'မိငယ်' လိမ္မာတော့နော်... ကလေးတွေပညာရေးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဂရုစိုက်… ကျေးဇူးရှင်လည်းဖြစ်… ခင်ပွန်းကောင်းလည်း ဖြစ်တဲ့ 'ဦးသက်အောင်' ကိုလည်း စိတ်ချမ်းသာအောင်ထား ကြားလား"



# ၂၆

"ဦးကို…"

"ဟင်…"

အိမ်ပေါ်ပြေးတက်လာသံနှင့်အတူ ချိုလွင်သောအသံလေးတစ်ခုကိုကြားလိုက်ရသည်။ ထို့ကြောင့် စာဖတ်နေရာမှ မျက်မှန်ကိုချွတ်၍ လည်ပင်းလိမ်ကာကြည့်မိသည်။ ပထမ မမှတ်မိ။

"ဟေး သမီး 'ပြည့်စုံ' ပါလား"

ဂါဝန်ရှည်ရှည်လေးဝတ်၍ ရပ်နေသော 'ပြည့်စုံ' သည် ငါးနှစ်အတောအတွင်း အရပ်ကြီးရှည်ပြီး ဖွံ့ထွားလာသည်။ ကြီးကောင်ဝင်လာသော်လည်း မျက်လုံးဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းလေးများက ကလေးရုပ်ကို မပျောက်စေပါ။

"သမီး ဘယ်သူနဲ့လာတုန်း"

"ကြီးမေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတုန်း ကြီးမေဆိုတာ"

"အာ ဦးဦးကလည်း တကယ်မေ့တာပဲ... ကြီးမေဆိုတာ 'လတ်' လေ... 'လတ်' "

"ဩော် အေး အေး... ဟုတ်သားပဲ... ဟား ဟား"

"အဘွားလည်း ပါတယ်... အဘွားနေမကောင်းလို့ ဆေး ရုံလာပြတာ ဦးကိုရဲ့"

"ဟုတ်လား... ဒါဆို အောက်ထပ်သွားရအောင်... လာ လာ"

'ပြည့်စုံ' ပခုံးကိုဖက်၍ ဆင်းခဲ့သည်။

" 'လတ်' ကော ဒေါ်လေး ကောပါလား... 'ငယ်' ကော မပါဘူးလား"

"မပါဘူးကွယ့်... ဒေါ်လေးတို့က ကြာမှာမို့လေ"

'လတ်' ကော ဒေါ်လေးကော သိပ်မျက်နှာမကောင်းကြ ခရီးရောက်မဆိုက်မို့ မမေးသေးဘဲ မှိုသိပ်ထားလိုက်သည်။ ကို အမေနှင့် ဒေါ်လေးကတော့ ညီအစ်မရင်းလိုခင်သော ရပ်ဆွေ မျိုးတွေ တွေ့ရသဖြင့်ပျော်နေသည်။ အိမ်မှာပင်ဆေးကုဖို့ အတ ပြောကြသည်။

'ပြည့်စုံ' က လေးတန်းဖြေပြီး၍ သူ့အဘွားနှင့် ကိုကို အိမ်မှာပင် တစ်လနီးပါး နေခဲ့မည်ဟုပြောခဲ့သည်။ 'ငယ်' ထ 'ပြည့်စုံ' က ပို၍လှနေသေးသည်။ စကားလည်း တတ်။ ရှိုး





လည်း များသည်။ အပို့မဖြစ်သေး။ သူ့ဘာသာသူ သနပ်ခါး လှပစွာ လိမ်းတတ်သည်။ ပန်း ပန်တတ်သည်။ သူ့ခေါင်းက တစ်မိုက်မရှိတရှိ ဆံပင်တိုလေးများကို ကော်ကလစ်၊ ကျောက်စီ ကလစ်တို့ဖြင့် အမျိုးမျိုး ပြင်ဆင်ထိုးတတ်သည်။

သူ့အဘွားက ဝတ်မပေးဘဲ သူ့ဘာသာသူ အဝတ်အစား ကို လိုက်ဖက်စွာဝတ်တတ်သည်။ ကိုကို သဘောအကျဆုံးက ခါးကြားတွင် လက်ကိုင်ပဝါထိုးတတ်ခြင်းပင်။ ဆယ်နှစ်သမီးက ရှိုးထိုးတတ်ရန်ကော။

" 'ဦးကို' "

"ဟင်"

" 'ပြည့်စုံ' ကိုးတန်းရောက်ရင် ဒယ်ဒီက ရန်ကုန်က ဘော်ဒါမှာထားမယ်တဲ့... အမှတ်ကောင်း ရအောင်လို့လေ...ဆေး ဘက်ဝင်အောင်လို့လေ"

"ကောင်းတာပေါ့"

" 'ပြည့်စုံ' အရမ်းပျော်တာ... 'ဦးကို' နဲ့ခဏခဏတွေ့ရ မှာမို့လေ ဟဲ ဟဲ"

'ပြည့်စုံ'က နှစ်ခြိုက်စွာရယ်သည်။ အလွန်ချစ်စဖွယ် ကောင်းသောကလေးပါပဲ။ သူမ၏ ပါးလေးကို ကိုကို မွှေးကြ လိုက်မိသည်။ မိမိပါးကို ပြန်နမ်းဖို့ ပါးကိုဖောင်း၊ မျက်လုံးကိုမှိတ် လက်ညှိုးနှင့်ထိုးပြလိုက်သည်။ 'ပြည့်စုံ'က ရွှတ်ကနဲ ရွှတ်ကနဲ



www.burmeseclassic.com

www.burmeseclassic.com



နမ်းသည်။

"ဘော်ဒါနေရင် ဦးကို လာတွေ့ရမယ်... ဦးကိုတို့ အိမ်ကို လာလည်မယ်နော်"

"ဒါပေါ့ ဒါပေါ့"

ကိုကို့ နား 'ပြည့်စုံ' တစ်ချိန်လုံးကပ်နေသဖြင့် 'လတ်' တို့သားအမိ မေးချင်တာမမေးရ၊ ပြောချင်တာ မပြောရ။

"ညဘက် 'ပြည့်စုံ' အိပ်ချိန်ကျရင် 'လတ်' တို့နဲ့ခြံထဲမှာ အေးအေးဆေးဆေး စကားပြောချင်တယ်"

ညဘက် ဆယ်နာရီလောက် ခြံထဲတွင် အေးအေးဆေးဆေး စကားပြောကြသည်။ 'လတ်' တို့မိသားစုအပေါ်မှာ ကိုကို နားလည်မှုရှိခြင်း၊ နှုတ်လုံခြင်း၊ စေတနာထားခြင်းတို့ကြောင့် 'လတ်' တို့သားအမိက အားကိုးသည်။ ယုံကြည်သည်။ ကိုကို့ မိခင်နှင့် ဒေါ်လေးတို့ကိုကား ခင်မင်သော်လည်း အကြောင်းစုံ ဖွင့်မပြောကြ။

"ဘာပြောချင်လို့လဲ ကိုကို"

"'ငယ်' တို့တိုက်မှာ 'အထွန်း' ရှိသေးလား"

"ရှိတာပေါ့ ကိုကို... သူ့ကိုပဲ တည်းခိုခန်းနဲ့ပတ်သက်လာရင် ခိုင်းနေ အားကိုးနေရတာပဲ... တစ်ခါတလေ အပေါ်ထပ်ရဲ့ ဝယ်ဖို့ခြမ်းဖို့ကိုတောင် သူနဲ့မှစိတ်ချရတာ... ကိုကို့ ညီမ 'မိငယ်' အကြောင်းလည်း သိတယ်မဟုတ်လား... အပျင်းတ ကြီးပါဘိ





သနဲ့"

"အင်း အင်း"

"'အထွန်း' ဘာဖြစ်လို့လဲ ဟင်"

"ဘာမှမဖြစ်ပါဘူး... စိတ်ချရင် ပြီးတာပဲ"

"မဟုတ်ဘူး ကိုကို... ကိုကို ဘာကိုသံသယရှိနေသလဲ ဆိုတာ ဖြောင့်ဖြောင့်သာဖွင့်ပြောပါ... ကိုကိုတို့ 'လတ်' တို့ဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသားတွေပါ... ကိုကို့စေတနာကို 'လတ်' တို့ နားလည်ပြီးသားပါ... 'အထွန်း' နဲ့ပတ်သက်ပြီး ငွေကြေးကို စိတ်မချရလို့လား... လုပ်ငန်းနဲ့ပတ်သက်သလား ပွင့်ပွင့်လင်းလင်းပြောပါ ကိုကို... 'လတ်' ကလည်း အိမ်ထောင်ကွဲ... 'မဦး' ကလည်း သူ့မိသားစုနဲ့ဆိုတော့ 'ငယ့်' ကို မေမေတစ်ယောက်ပဲ စောင့်ကြည့်နိုင်တာ... မေမေကလည်း သိတဲ့အတိုင်း ပဲလေ ရောဂါသည်"

"ဒီလိုပါ 'လတ်'... 'အထွန်း' ကိုဘာသံသယမှလည်း မရှိပါဘူး... 'အထွန်း' ဟာကြိုးစားတဲ့လူတစ်ယောက် ရိုးသားတဲ့လူငယ်တစ်ယောက်ဆိုတာ ကိုကို ဟိုတစ်ခေါက် အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ရောက်ကတည်းက လေ့လာ အကဲခတ်မိတယ်"

ကိုကို စကားဖြတ်ပြီး ပြောသင့်မပြောသင့်စဉ်းစားသည်။

"မထိန်ချန်ပါနဲ့ ကိုကို... ပြောမှာသာပြောပါ"

"တခြား အကြောင်းမဟုတ်ဘူး 'လတ်'... 'အထွန်း' လို



www.burmeseclassic.com

www.burmeseclassic.com

တစ်မိမ်းတရံစာ လူငယ်တစ်ယောက်ကို အိမ်မှာရှေ့ရှည်ထားရ ဖြစ်ပါ့မလား... 'ငယ်' ဟာ အရွယ်ကောင်းတုန်းရှိသေးသလို—"

"အေး... ဟုတ်တော့ ဟုတ်ပါတယ် ကိုကို... ဒါပေမဲ့ 'အထွန်း' ဟာ 'ငယ်' လက်ပေါ်မှာကြီးလာတယ်ဆိုလည်း မမှားပါဘူး... 'ဦးဘသက်' ရှိစဉ်ကတည်းက 'အထွန်း' ကိုပါ ခေါ်ထားတာလေ... အဲဒီတုန်းက 'အထွန်း' အရွယ်ဟာ ကလေးပဲရှိသေးတာပဲ... ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်လောက်ပဲရှိသေးတာ ကိုယ့်တူကိုယ့်သားလို စိတ်ချရပါတယ် ကိုကို... 'ငယ်' ကလည်း သူ့တူကိုယ့်သားလိုပဲ ကျွေးမွေး ပေးကမ်း ကျောင်းထားပေးတာပဲ— 'ဦးသက်အောင်' ခုနောက်ပိုင်း အလျင်ကလို အပြင်ကိစ္စတွေဘာတွေ သိပ်မလုပ်နိုင်တော့ 'အထွန်း' ကိုပဲ အတွင်းလူမျိုးကို လက်သပ်မွေးထားတာ ကိုကိုရဲ့... ကိုကို ပြောတာကိုလည်း 'လတ်' သဘောပေါက်ပါတယ်... 'ပြည့်စုံ' တို့ အငယ်ဆုံးမ 'ပြည့်ဝ' တို့ အရွယ်ရောက်လာရင်တော့ မသင့်တော်ဘူးပေါ့လေ... 'ပြည့်စုံ' တို့ကိုလည်း 'လတ်' တို့စောင့်ရှောက်မှာပါ... ကိုးတန်းရောက်ရင်တော့ အားလုံးဘော်ဒါပို့မှာပဲ... သူတို့အဖေက ကလေးတွေကို အဆင့်တန်းမြင့်စေချင်တယ်... အားကိုး အားထားတို့ အဖော်ခင်တာတို့ဖြစ်ပြီး ကလေးတွေလူတောမတိုးရဲမှာ ကိုယ့်ကိုယ်ကို အားမကိုးမှာတို့ကို စိုးရိမ်တယ်လေ... ဒါကြောင့် ဘော်ဒါမှာ ထားမှာ"

"အေးပေါ့လေ... အဲသလို စီစဉ်ထားရင်တော့လည်း ပြီး





တာပါပဲ"

ကိုကို စိုးရိမ်သည်က အခြေ။ 'လတ်' တို့စိုးရိမ်သည်က 'ပြည့်စုံ' တို့ 'ပြည့်ဝ' တို့။

"'ငယ်' လည်း မန္တလေးပြန်ရောက်ကတည်းက ခြေငြိမ်နေပါပြီ ကိုကို... အသက်ကြီးလာတာနဲ့ အမျှ ပိုလိမ္မာလာမှာပါ"

"ဒါပေါ့"

'ငယ်' အမေကတော့ မရှင်လန်းသော မျက်နှာဖြင့်...

"ငါကတော့ 'ငယ်' ကို အားမရပါဘူး... စိတ်လည်း မချဘူး... နေပုံ ထိုင်ပုံ ပြောပုံ ဆိုပုံတွေဟာ ငါ့မျက်လုံးထဲမှာ အကြိုက်မတွေ့သေးပါဘူး ဟယ်... အငယ်ဆုံးမို့ ဒီလောက်ဆိုးနေသလားတော့ မသိဘူး... လူ တစ်ယောက်ရဲ့ အကျင့်စာရိတ္တဟာ အသက်ကြီးလေ အပြင်ရခက်လေပါပဲ ဝါ့တူရယ်"

'လတ်' ရန်ကုန်တွင် တစ်ပတ်ခန့်နေပြီး ပြန်သွားသည်။ 'ပြည့်စုံ' တို့မြေးအဘွားကတော့ အရက် နှစ်ဆယ်လောက်ကြာမှ ပြန်သွားသည်။ ချစ်စရာကောင်းသော 'ပြည့်စုံ' လေး၏ တီတီတာတာလေးများနှင့် ဝေးကွာသွားကာစက ကိုကို လွမ်း၍ကျန်ခဲ့သေးသည်။ အနေကြာမှ နေသာသွားသည်။

"'ပြည့်စုံ' လည်း သူ့အမေလိုပဲ လာမှပဲဟေ့... သွက်သမှ အရမ်းသွက်... ရှိုးကလည်းများပါ့.... ကလေးနဲ့တောင် မတန်ဘူး"

ကိုကိုက သူ့ခေါင်းလေးကိုကြည့်ပြီး တစ်စုံတစ်ခု မှတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ချသည်။

'လူတစ်ယောက်၏ အကျင့်သည် ကြီးလေပြင်ဖို့ ခက်လေ' ဟုပါပဲ။

'ပြည့်စုံ'၏သံယောဇဉ်ကို ကိုကိုအံ့သြရသည်။ မန္တလေးမှနေ၍ ကိုကို့ထံ ပို့စကတ်လေးများ ပို့တတ်သည်။ စာထည့်တတ်သည်။ ကိုကိုကတော့ ယောကျ်ားလည်း ဖြစ်ပြန် အရွယ်ကလည်း မတူပြန် အလုပ်ကလည်း မအားသဖြင့် 'ပြည့်စုံ'၏ပို့စကဒ်လေးများကို မှန်ဗီရိုထဲထည့်သိမ်းထားမိသော်လည်း မှတ်မှတ်ရရ စာလည်းမပြန်ဖြစ်မို့ ပို့စကဒ်လေးပြန်မပို့ဖြစ်။

'ပြည့်စုံ'ထံမှ လေး၊ငါးလအထိ ပို့စကဒ်မပြတ်ပို့နေသော်လည်း နောက်ပိုင်းတွင်ရောက်မလာတော့။

"ဟာ မေမေရေ… ဒေါ်လေး 'စောမြ' ဆုံးပြီတဲ့"

"ဟဲ့ ဟုတ်လား… ဆေးကုပြီး ပြန်သွားလို့ ဘာမှတောင် မကြာသေးဘူးကွယ်… စိတ်မကောင်းလိုက်တာ"

"မေမေတို့ သွားကြဦးမလား"

"သားပဲ သွားလိုက်ပါကွယ်… မေမေတို့က အသက်ကြီးပြီဆိုတော့ သွားရလာရတာ မသွက်တော့ဘူး… အမင်ပန်းလည်း မခံနိုင်တော့ဘူးလေ"

"ကျွန်တော်လည်း အလုပ်တွေအရမ်းများနေတယ်… စာရေးပြီး စိတ်မကောင်းကြောင်း ပြောရတော့မှာပဲ… သတင်းစာ





ထဲကနေ ဝမ်းနည်းကြောင်းထည့်လိုက်မယ်"

"အေး… ကောင်းတယ် ကောင်းတယ်"

တမင် မသွားဘဲနေခဲ့ခြင်းဖြစ်သည်။ သွားလျှင် အမြင်မတော်တာ ပြောမိပြီး ခင်မင်နေရာမှ မုန်းသွားနိုင်သည်။ ထို့ကြောင့် အဝေးကနေပဲ သတိရနေလိုက်သည်။ မန္တလေးမှ 'ငယ်'တို့မိသားစုနှင့် ကိုကို အဆက်ပြတ်နေသည်မှာ ကြာပါပြီ။ လေးနှစ်ပင်ရှိပြီ။

ကိုကို မိခင်ကြီး လေဖြတ်၍ ရုတ်တရက်ဆုံးသွားသည်။ 'ငယ်'တို့မိသားစုများ စုံစုံလင်လင်ရောက်လာကြသည်။ 'ပြည့်စုံ' 'ပြည့်ဖြိုး' 'ပြည့်ဝ'တို့အပြင် 'အထွန်း'ပါ ပါလာသည်။ 'ဦးသက်အောင်' ပါမလာ။

"ကိုကြီးကော 'ငယ်'"

"အစကတည်းက ကိုကြီးလည်း လိုက်မလို့ပါပဲ… ဒါပေမဲ့ အိမ်မှာတစ်ယောက်တော့ စောင့်မှလေ… 'ငယ်'လည်းလာချင် ကလေးတွေကလည်း လာချင်နဲ့… ပြီးတော့ 'ပြည့်စုံ'ဘော်ဒါထားဖို့တို့ တခြားဝယ်စရာခြမ်းစရာတွေရှိသေးလို့ 'အထွန်း' ကိုရန်ကုန်ခေါ်လာတာ… 'အထွန်း'က ရန်ကုန်ကို တစ်ခါမှလည်း မရောက်ဖူးသေးဘူးလေ ကိုကို"

"သြော် သြော်"

'အထွန်း' ကိုကြည့်မိသည်။ အခုလောက်ဆို 'အထွန်း'



www.burmeseclassic.com

www.burmeseclassic.com



၏အသက် နှစ်ဆယ့်ခုနစ်နှစ်လောက်ရှိပြီ။ အသက်ကြီးလာသော 'အထွန်း'၏ အမူအရာ အပြောအဆိုတို့က ရိုးသားဆဲ၊ လေးစားဆဲ၊ ခေါင်းငုံ့ကာပြုံးနေတတ်သည်။ 'ဦးသက်အောင်' အတွက် ရင်လေးပါဘိ။

'ငယ်'နှင့် 'အထွန်း' ခုနစ်နှစ်သာကွာသည်။ 'ပြည့်စုံ' ကလည်း အပျိုဖြစ်ပြီ။ လှလိုက်တာမှ ဖူးလို့ အိလို့။ 'ပြည့်စုံ' က စိတ်ကောက်နေပုံရသည်။ ကိုကို့ ကိုမခေါ်။ အမေသေလို့ စိတ်မကောင်းဖြစ်နေသော်လည်း 'ပြည့်စုံ' ကိုမြင်တော့ ပြုံးပြမိသည်။

အရပ်ရှည်လာခြင်း၊ ကိုယ်လုံးထွားလာခြင်း၊ အပျိုကြီး ဖါးဖါးဖြစ်လာသော်လည်း စိတ်ဓါတ်နှင့်မျက်နှာကတော့ ကလေးမကလေး။ ကိုကိုကို့ အနားကိုမကပ်၊ ရယ်လျှင်ဖြန့်ရယ်မပြ၊ ခေါ်လည်းမလာ၊ နှုတ်ခမ်းလေးစူ၍ မျက်တောင်ကြီး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ အဝေးမှချောင်းကြည့်နေတတ်သည်။

သူ့ကိုစာမပြန်၍ရှင်း၊ ပို့စကဒ်ပြန်မပို့၍ရှင်း၊ စိတ်ကောက်နေခြင်းကိုး။ သြော်... ဟိုလွန်ခဲ့သည့် လေးနှစ်က ကိစ္စကို ယခုထိ စိတ်ဆိုးနေတုန်းကို။

"ကိုကို ငွေဘယ်လောက်စုထားပြီးပြီလဲ"

"ဘာအတွက်လဲ"

"ကိုယ်ပြောတဲ့စကား ကိုယ်မေ့သွားပြီလား... 'ပြည့်စုံ'ကို





ောင်းဖို့ ဘယ်လောက်စုထားပြီးပြီလဲလို့မေးတာ လူပျိုကြီးရဲ့... ဟောင်းဟောင်း"

"ဟာ... ဘာတွေလျှောက်ပြောနေတာလည်း 'မိငယ်' ယ်... ကလေးကြားသွားရင် မကောင်းမလား"

'ကိုကိုစိတ်တိုတိုဖြင့် ပြန်အော်လိုက်မိသလို မျက်နှာကြီး ည်း နီမြန်းနေသည်။ အမေလုပ်သူကို တိတ်တခိုး ကျိတ်ပိုးခဲ့ မှ သမီးကိုပါဆက်၍...

အို... လူကြားလို့မကောင်းတဲ့ကိစ္စတွေပါ။ 'ငယ်' က ာက်သလို ပြောင်သလို ပြောလိုက်ခြင်းဖြစ်သော်လည်း ကိုကို့ င်ဝယ်တစ်မျိုးကြီးဖြစ်နေခဲ့သည်။ အစက စိတ်ကောက်နေသော ည့်စုံ'ကို ချော့၍စကားလေးဘာလေး ပြောမည်ဟုစဉ်းစားထား သော်လည်း 'ငယ်' မဟုတ်တယုတ်ပြောလိုက်သဖြင့် မခေါ်ရဲ ပြောရဲ ဖြစ်သွားသည်။

'ပြည့်စုံ' ကြာကြာဟန်မလုပ်နိုင်၊ ရက်လည်သောနေ့ တွင် အနားရောက်လာပြီး...

"ဦးကို"

"သြော်... 'ပြည့်စုံ' ပါလား... လာထိုင်သမီး"

ရက်လည်ဆွမ်းကျွေးအပြီး ခြံထဲတွင် ထိုင်အနားယူနေ သာ ကိုကို့ နားသို့ ရောက်လာခြင်းဖြစ်သည်။

"ဘာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုက သိပ်နေနိုင်တာပဲ"

"ဘာကိုနေနိုင်တာလဲ သမီးရဲ့"

"'ပြည့်စုံ' ဆီစာတစ်စောင်တောင် ရေးဖော်မရဘူး"

နှုတ်ခမ်းလေးရှု မျက်ရည်လေးဝဲ၍ မကျေမနပ်ပြော သော 'ပြည့်စုံ' ကိုပြုံး၍...

"ဦးကို မအားလို့ပါကွာ... သတိတော့ရနေတာပေါ့"

"ဒါဆို 'ပြည့်စုံ' ဘော်ဒါလာနေရင် ဦးကို တစ်ပတ် ခါလာတွေ့ရမယ်နော်"

"တွေ့ပါမယ်... အလုပ်မအားရင်တော့ ခွင့်လွှတ်ပါ ကြိုတင်တောင်းပန်ထားရဦးမယ်"

"အို... ဦးကို မလာရင် 'ပြည့်စုံ' ဒီအိမ်လာခဲ့မှာပဲ... ပဲတိုက်တိုက် ဘာပဲဖြစ်ဖြစ်"

"မဆိုးနဲ့လေ... လာတွေ့မှာပေါ့"

"လာမတွေ့ရင် 'ပြည့်စုံ' လာခဲ့မှာပဲ... ဒါပဲ"

အမူအယာရော ဆိုးတာရော သူ့အမေအတိုင်းပါ လား။

"သမီး မေမေရော"

"'ကိုကိုထွန်း' နဲ့ မြို့ထဲသွားကြတယ်လေ"

"ဟုတ်လား... ဒါနဲ့ သမီးတို့ဖေဖေကြီးရော နေကောင်း ရဲ့လား"





"ခုတစ်လော ဖေဖေသိပ်နေမကောင်းဘူး ဦးကိုရဲ့... အ ရက်လည်းအရမ်းသောက်တာ"

"မေမေကရော ဂရုမစိုက်ဘူးလား"

"မေမေနဲ့ဖေဖေက 'ပြည့်စုံ' သိသလောက်ဆို စကား သည်း သိပ်ပြောကြတာမဟုတ်ဘူး... ဖေဖေက သူ့ဘာသာသူ သွားစရာရှိတာသွားတယ်... ပြန်လာရင် အရက်ပဲသောက်နေတာ မေမေကတော့ 'ပြည့်စုံ' တို့ကို ကျောင်းပို့တယ် ကြိုတယ်... ဈေး ဝယ်ပေးတယ်... ရုံးခန်းထိုင်တယ်"

"သြော်... သြော်"

"'ပြည့်ဖြိုး' တို့ 'ပြည့်ဝ' တို့ကော"

"မေမေတို့နဲ့ပါသွားတယ် ဦးကို... 'ပြည့်စုံ' ကိုတောင် ခေါ်သေးတယ်... ဦးကိုနဲ့စကားပြောချင်လို့နေခဲ့တာ... သဘက်ခါ ဆို ပြန်ရတော့မှာ... ဒီတစ်ခါပြန်သွားပြီးရင် ဦးကိုဆီလွှမ်းပြီး စာတွေရေးဦးမှာ... စာပြန်ရင်ပြန် မပြန်ရင် ဦးကို ကိုစိတ်ဆိုးဦး မှာပဲ"

"ပြန်မှာပေါ့ကွာ... ဒါနဲ့သမီးပြန်သွားရင် သမီးဖေဖေကို ဂရုစိုက်နော်... သမီးဖေဖေအသက်ဟာ တကယ်ဆိုဘာမှရှိသေး တာ မဟုတ်ဘူး... အသက်ငါးဆယ်ကျော်ဆိုတာ တချို့လူတွေပို့ ဘုန်း နုတုန်း... သမီးဖေဖေမှာတော့ ပိုက်ဆံလည်းချမ်းသာပါ လျက်နဲ့ ရုပ်အရမ်းကျတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



'ပြည့်စုံ' မျက်နှာလေးတွေဝေသွားသည်။

"သမီးက အကြီးဆုံးသမီးဆိုတော့ လိမ္မာရမယ်... မဆိုး ဘူး... ကိုယ့်မောင်လေး ညီမလေးတွေကိုလည်း ကိုယ်ကသွန်သင် ဆုံးမရမယ်... အဲသလို သွန်သင်ဆုံးမနိုင်လောက်အောင် သမီး အရည်အချင်းရှိရမယ်... အဲသလို အရည်အချင်းရှိအောင် ဗဟုသု တ အများဆုံးပေးတဲ့စာအုပ်တွေဖတ်ရမယ်"

"ဟုတ်ကဲ့"

"ဦးဦး သမီးဖတ်ဖို့စာအုပ်တွေပေးလိုက်မယ်... ရန်ကုန် အဆောင်လာနေရင် ဖတ်ဖို့လည်းပို့ပေးမယ်"

"ဟယ်... ဒီလိုတော့လည်း တို့ဦးကိုက သဘောကောင်း သားပဲ"

ထိုစကားကြောင့် ပြုံးလိုက်မိသည်။



## ၂၇

"ဟာ ကိုကြီးပါလား... 'ပြည့်စုံ' လည်းပါတယ်"

ခြံထဲသို့ကားဝင်သံကြားရပြီး ပန္နည်းတွေတစ်ပုံတစ်ပင် နှင့် 'ပြည့်စုံ' တို့သားအဖတွေ့ရသည်။

"မင်းနှမ ဘော်ဒါလာပို့တာလေကွာ"

"အောင်မယ်လေးဗျာ... ဘော်ဒါလာပို့တာကလည်း တစ် အိမ်ထောင်စာ ကျနေတာပဲ"

"ဒါတောင် တော်ပါတော့လို့ပြောထားရတယ် ငါ့ညီရာ"

"'ပြည့်စုံ' က ရေရှည်စီမံကိန်းနဲ့ ယူလာတာ ဦးကိုရဲ့"

"ဘယ်လို ရေရှည်စီမံကိန်းလည်း ကွ"

"စဉ်းစားကြည့်လေ... ကိုးတန်း... ဆယ်တန်း... ပြီးတော့ ကောလိပ်က ဆက်တက်ရဦးမှာ... ကောလိပ်က လေးနှစ်လား... ငါးနှစ်လား... ခုနစ်နှစ်လား မသိဘူး... အားလုံးပျမ်းမျှတော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင် ခုနစ်နှစ်တော့ရှိတယ်... ဆယ်နှစ်နီးပါးပဲ... နည်းတဲ့နှစ်လား
ဟဲ ဟဲ မေမေကတောင် ပြောလိုက်သေးတယ်... ယောက်ျားတွေ
ဘာတွေယူချင်ရင် ညည်း ဦးဦးကို ပူဆာတဲ့"

ကြည့်... 'မိငယ်' ဘယ်လောက် အထိန်းသိမ်းကောင်းသလဲဆို။ ပြီးတော့... မိမိကိုလည်း ကလိလိုက်သေးသည်။ 'ပြည့်စုံ' တို့သားအဖ အိမ်တွင် လေးရက်နေသည်။ 'ပြည့်စုံ' ဘော်ဒါဆောင်ဖွင့်သောနေ့တွင် 'ဦးသက်အောင်' နှင့် ကိုကိုတို့လိုက်အပ်ကြသည်။

'ပြည့်စုံ' ကိုဘာအကြောင်းရှိရှိ ပင်တိုင်အချိန်မရွေးဆက်သွယ်နိုင်သူ နေရာတွင်ကော၊ လောလောဆယ်အုပ်ထိန်းသူနေရာတွင်ပါ ကိုကိုက လက်မှတ်ထိုးခဲ့ရသည်။ 'ပြည့်စုံ' ကပါးဖေါင်းဖေါင်းလေးကို တင်းနေအောင်ပြုံးထားသည်။ နဖူးပေါ်တွင် တိနေအောင် ညှပ်ထားသော ဆံပင်ပုံစံကြောင့် 'ပြည့်စုံ' မျက်နှာသည် ချစ်စဖွယ်ကောင်းလှပါသည်။

ဤလိုဘော်ဒါမျိုးတွင် ဘော်ရုံပိုက်ဆံရှိလျှင် မတက်နိုင်ပါ။ တစ်လကို တစ်ထောင်ပေးရသည်။ ဘာသာစုံသင်ကြားပေးမည်။ ထမင်းကျွေးသည်။ နှစ်ယောက်ကို တစ်ခန်းပေးသည်။ တစ်လကိုတစ်ထောင်ဆိုတော့ ရှစ်လကို တစ်သောင်းနီးပါး။ ဒါတင်မပြီးသေး၊ သမီးဖြစ်သူ သုံးဖို့ တစ်လကို ငါးရာပေးသည်။

တစ်လတစ်ခါ ကိုကို့ထံမှာ ထုတ်ယူရမည် ဖြစ်သည်။





အပြင်ထွက်ခွင့်လုံးဝမရှိ။ ကိုကိုက တစ်ပတ်တစ်ခါသွားတွေ့ခွင့်ရသည်။ တစ်လကိုတစ်ခါ အုပ်ထိန်းသူကိုယ်တိုင် လာခေါ်ခွင့်ရှိသည်။ အပြင်တွင် ထိုတစ်ရက်အိပ်ခွင့်ရှိသည်။ ဘော်ဒါမှ အပြန်

"ကိုကြီး ကျန်းမာရေးလည်း ဂရုစိုက်ဦးနော်... အရမ်းပိန်သွားပဲဗျာ... ဆံပင်တွေကလည်း တစ်ခေါင်းလုံး ဖွေးစွတ်နေတာပဲ ဆေးလေးဘာလေး ဆိုးပါဦးလား ကိုကြီးရ"

"နေပါစေတော့ကွာ... ဇရာကို ဖုံးကွယ်လို့ မရနိုင်ပါဘူး"

"ကိုကြီး အသက်က ခုမှ ငါးဆယ်ပြည့်ရုံရှိသေးတာဗျာ... ချို့လူတွေ ဒီအရွယ်မှ အိမ်ထောင်ပြုတာန်းရယ်... နိုင်ငံခြားမှာ လေးဆယ် ငါးဆယ်အရွယ်မှ မင်းသားစဖြစ်တာ... ကိုကြီး ညည်းပြုပြင်လိုက်ရင် ပြန်နုလာမှာပါ... ကိုယ့်သားသမီးလေးတွေ ငယ်ငယ်လေးရှိသေးတာ... တာဝန်တွေအများကြီးရှိသေးတယ် ကိုကြီးရ... ကိုကြီးမိန်းမကလည်း လှတုန်း ပတုန်း"

"သူ့ အကြောင်းမပြောပါနဲ့ ငါ့ညီ"

"ဗျာ ဘာဖြစ်လို့လဲ"

"ကျုပ်နဲ့သူ အတူတူနေပေမယ့် အဲ... ရှင်းရှင်းပြောရရင် တွေ့တူမအိပ်တာ အငယ်မရပြီးကတည်းကပဲ... ကျုပ်လို အဘိုးကြီးနဲ့ သူမပျော်ဘူးထင်ပါတယ်လေ"

'ဦးသက်အောင်' အသံကတုန်နေသည်။

"သူ့ အမေရှိနေတုန်းကတော့ အမေ့ကိုကြောက်လို့ အ



www.burmeseclassic.com

www.burmeseclassic.com



သွားအလာ အနေအထိုင်ဆင်ခြင်ခဲ့ပါသေးတယ်... ဒါပေမဲ့ ယောက်ျားမကြီးမရှိတော့တဲ့နောက်ပိုင်း သူနေချင်သလိုနေတယ်... ကျုပ်ကို ရှိတယ်လို့တောင် ထင်တာမဟုတ်ဘူးဗျ"

"သူ ဘာတွေလုပ်နေလို့လဲ"

"မပြောချင်ပါဘူးကွာ... ကျုပ် မိုက်ပြစ်ကို ကျုပ် တစ်သက်လုံး ကျိတ်မှိတ်ခံသွားရမယ့်ကောင်ပါဗျာ... ကျုပ် မိန်းမကောင်းတာကို ကျုပ် ရင်ထဲမှာပဲထားမယ်... အပြင်လူတွေ သွားမှာကို သိပ်ကြောက်တယ်... ရှက်လည်း ရှက်တယ်... ကျုပ်ကို ဝိုင်းလှောင်ကြ ပြောင်ကြမယ့်သူတွေက တစ်ပုံကြီးဗျ... ရှင်းရှင်းပြောရရင် သူ အိမ်ပေါ်မှာရှိနေသေးတာကိုပဲ ကျုပ် ကျေးဇူးတင်နေရပါသေးတယ်... ကျုပ် မသေခင် သူနဲ့ ကျုပ် မခွဲရင် တော်ပါပြီဗျာ"

'ငယ်'တစ်ယောက်ဘာတွေလုပ်နေပြန်ပါပြီလဲ။ မိမိထင်သလိုတွေဖြစ်နေပြီလား။ အနေဝေးနေသဖြင့် 'ငယ်'အကြောင်းသည် ခေါင်းထဲတွင် တစ်ခါတစ်ရံမှသာ ပေါ်လာခဲ့သည်။ 'ပြည့်စုံ'ထံသို့ တစ်ပတ်တစ်ခါသွားတွေ့သည်။ ငါးပိကြော်၊ ကြက်ကြော်၊ ငါးခြောက်ထောင်းကြော်၊ သရက်သီးသနပ်၊ ငါးကြော် စသည်တို့ကို တစ်ပတ်တွဲမျိုးယူသွားသလို၊ ပုလဲမုန့်တိုက်မှ မုန့်ကြွပ် မုန့်ခြောက်များပါ ဝယ်သွားသည်။

"ဟာ ဦးကို လာတယ်ဟေ့... ဝမ်းသာလိုက်တာ ဟီး





ဟီး"

'ပြည့်စုံ' ခုံပေါက်ပြေးလွှားလာသည်။

"မုန့်တွေအများကြီးပဲကွ... ဦးကိုရေ"

"ဘာလဲ သမီး"

"နောက်တစ်ခါ ဇီးယိုတို့ သရက်ယိုတို့ ဝယ်လာခဲ့ပေးကွာနော်... စကော့ဈေးထဲမှာ ရောင်းတဲ့တစ်ကျပ်တန်ကော... တစ်မတ်တန်ကောပေါ့... သြော် ဦးကို"

"အင်း ပြော"

"'ပြည့်စုံ'အတွက် ကုန်ကျတဲ့ငွေကို 'ပြည့်စုံ' လခထဲက နုတ်လိုက်နော်"

"မနုတ်ပါဘူး... ဦးဦးဝယ်ပေးတာပါ"

"ဟာ အားနာစရာကြီး ဦးကိုရာ... ဦးဦးမိုက်ဆံတွေ ကုန်မှာပေါ့လို့... တစ်ပတ်တစ်ခါကြီးတောင် လာပို့နေရတာ"

"မကုန်ပါဘူး ရပါတယ်"

"ဦးကိုရေ ရှေ့အပတ်ဆိုရင် 'ပြည့်စုံ' အပြင်ထွက်အိပ်ခွင့်ရပြီ... ဦးကိုလည်း အဲဒီနေ့အားတာပဲ... 'ပြည့်စုံ'ကို ရုပ်ရှင်ရုံတို့ တိရစ္ဆာန်တို့... အင်းလျားလိပ်တို့... ကရဝိတ်တို့ လိုက်ပို့ပေးရမယ်နော်"

"အေးပါ"

"ဟဲ ဟဲ ဦးကို ကို ပြောရဦးမယ်... 'ပြည့်စုံ' သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလေ ဦးကို ကို လူကြီးလူကောင်း လူချောရုပ်တဲ့... အားကိုးချင်စရာပဲတဲ့... လူပျိုကြီးဆိုရင် သူတို့နဲ့စပ်ပေးတဲ့... တကယ်ထ,တဲ့ကောင်မတွေနော်"

"ဟုတ်တယ်... စာသင်ရမယ့်အရွယ်မှာ အချစ်ရေးတို့... အိမ်ထောင်ရေးတို့ကို စိတ်ဝင်စားတဲ့အပေါင်းအသင်းတွေနဲ့ မပေါင်းသင်းဖို့တော့ အရေးကြီးတယ် 'ပြည့်စုံ' "

"ဟုတ်ကဲ့ပါ ဦးကို"

'ပြည့်စုံ' တစ်လတစ်ခါ လာလာအိပ်ဖို့ အခန်းတစ်ခန်းကို ရှင်းရသည်။ ခုတင် တစ်လုံးထည့်ရသည်။ ခန်းဆီးများ တပ်ရသည်။ အခန်းကို လှပသွားအောင် သဘောဆေးဖစိမ်းနုရောင်သုတ်သည်။ စာရေးစားပွဲ၊ ကုလားထိုင်၊ ဗီရိုစာအုပ်စင် စသည်တို့က အစ ပေါ်လစ်တင်သည်။ အဒေါ်ဖြစ်သူက...

"ငါ့တူကတော့ စံပဲဟေ့... အမေပြီးတော့ သမီးအထိ အတော်ဒုက္ခခံပါလား...ဘယ်ဘ၀အထိဝဋ်ပါနေဦးမယ် မသိဘူး"

ထိုစကားကြောင့် ရင်ထဲတွင် တစ်မျိုးကြီးဖြစ်သွားသည်။ သို့သော် ကိုယ့်အလုပ်ကိုသာ ကိုယ် ဆက်လုပ်နေလိုက်သည်။ 'ပြည့်စုံ' ကိုသွားကြိုလာခဲ့ရသည်။

"ဦးကိုက ပိုက်ဆံရှိရက်သားနဲ့ ကားလေးဘာလေး ဝယ်ဘာမဟုတ်ဘူး... သိပ်ကပ်စေးနှဲတာပဲ"

"ညည်း တို့လောက်မှ မချမ်းသာတာ"





"ဖေဖေ့ဆီမှာ ကားတစ်စီးပို့ပေးဖို့မှာလိုက်မယ်"

"အပိုတွေမလုပ်နဲ့ 'ပြည့်စုံ'... စာသင်ဖို့လာရင် စာပဲသင် ရန်ကုန်မှာ အချိန်မရွေး နေရာမရွေး ကားငှားလို့ရတယ်... တစ်ယောက်မှ ငါးမူး... တစ်ကျပ်ပဲ ပေးရတာ... အဆင်ပြေနေတာပဲ"

'ပြည့်စုံ'က သူ့ရွှေသမီးပီပီ လမ်းပေါ်ကဆင်း၊ ကားပေါ်တက်၊ ကားပေါ်ကဆင်း၊ အိမ်ပေါ်တက်သည့် ပုံစံမျိုးလုပ်ချင်သူ။ ယခင်က တနင်္ဂနွေနေ့ဆိုလျှင် အားလပ်ပျင်းရိနေခဲ့သော ကိုကိုတစ်ယောက် 'ပြည့်စုံ' ရောက်လာမှ အလုပ်ကို ရှုပ်နေတော့သည်။ အချိန်တို့သည်လည်း ကုန်၍ ကုန်မှန်းမသိအောင် ဖြစ်ခဲ့သည်။

"ဦးကိုရေ... နွေရာသီအိမ် မပြန်ခင် ရန်ကုန်မှာ ရေကူးသင်တန်းတို့... တင်းနစ်(စ်)ရိုက်တာတို့ သင်မယ်နော်"

"ဟာ ဘယ်ဖြစ်မှာလဲ... တစ်နှစ်လုံး ဒီကျောင်းပိတ်ရက်ကလေးကို ကိုယ့်မိဘအိမ်ကိုပြန်ရမှာ... ကိုယ့်မောင်လေးတွေ... ညီမလေးတွေကို တွေ့ရမှာ... ဟိုကလည်း မျှော်နေကြမှာပေါ့... ကိုယ့်အဖေကိုသွားပြီး ကူညီပြုစုပေး"

'ပြည့်စုံ' နှုတ်ခမ်းစူသည်။ အထက်တန်းတွဲရှိ တစ်ယောက်တည်းထိုင်နေသော ခုံပေါ်တွင် ထိုင်ပြီးမျက်ရည်ဝဲနေသည်။ သူ့ စူတူတူ မူတူတူပုံစံကို ဘေးလူတွေက သိသည်။ ကြည့်ကောင်း၍လား၊ ကြည့်လှ၍လားတော့ မသိ၊ 'ပြည့်စုံ'ကို ကြည့်လိုက်၊ မိမိကို ကြည့်လိုက် လုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မန္တလေးအထိ လိုက်ပို့ဖို့ ပူဆာသည်ကို လိုက်ချီသဖြင့် စိတ်ကောက်နေခြင်းဖြစ်သည်။ ကိုကိုက တစ်ယောက်တည်းလွှတ်ရတာ စိတ်မချသဖြင့် 'ပြည့်စုံ'၏သေးပတ်ဝန်းကျင်တွင် ထိုင်သော အမျိုးသမီး၊ အမျိုးသားများကို လိုက်မှာသည်။ 'ပြည့်စုံ' လိုအပ်သော အကူအညီကို ပေးဖို့။

"သမီးပြန်လာမယ့်နေ့ကို ဦးဦး ရုံးခန်းကိုဖုန်းဆက်လိုက်ကြားလား"

"ဆက်ဘူး"

မျက်နှာလွှဲပြီး မာဆတ်ဆတ်ဖြေသည်။

"လူဆိုးမ"

ကိုကိုက 'ပြည့်စုံ' ပါးကိုလိမ်ဆွဲရင်း ပြောသည်။

"ဦးကို ကို မခေါ်ဘူး"

နဖူးပေါ်တွင်တိနေအောင် ညှပ်ထားသောဆံပင် ကိုနှစ်ခြမ်းခွဲ၍ ကျစ်ဆံမြီးကျစ်ကာ ရင်ညွန့်ပေါ်တွင် ဖဲပြားနှင့် ဖဲပွင့်ထိုးထားသဖြင့် ကလေးမျက်နှာနှင့် လူကြီးကိုယ်လုံးဖြစ်နေသည်။

ရှပ်အင်္ကျီပန်းရောင်အကွက်ကြီးကို ဘောင်းဘီရှည်ပန်းရောင်ဖြင့် တွဲဝတ်ထားပြီး သားရေခါးပတ်အနက်ကို တပ်ထားသဖြင့် ကြည့်ကောင်းနေသည်။ အဝတ်ဖိနပ်အဖြူကို စီးထားသည်။ ရှပ်အင်္ကျီကို လက်ခေါက်တင်ထားပြီး ဖြူဖွေးသော ဗယ်ဘက်လက်တွင် သားရေကြိုးအနက်တပ်ထားသည့် ရွှေနာရီ သေး





သေး။

ဗယ်ဘက် လက်သူကြွယ်လေးတွင် အလုံးကြီးသောစိန်လက်စွပ်နှင့် 'ပြည့်စုံ' အလှက မိုလ်ဆန်နေသည်။

"ခြင်းထဲမှာ ညဆာစားဖို့ ထမင်းကော ဟင်းကော ပါတယ်နော် သမီး... ကာဖီနဲ့ မုန့်လည်း ပါတယ်... ဓိးထုပ်တို့ သရက်ပြားတို့ ပါတယ်... မူးရင် ရှူဖို့ သံပုရာသီးနဲ့ ပရုပ်ဆီပုလင်းလည်း ပါတယ်... လိမ္မော်သီးလည်း ပါတယ်"

"တစ်ခုမှ မစားဘူး... ဒီအတိုင်း အငတ်ခံသွားမယ်"

"အဲသလို ပြောရတာ သမီးပျော်တယ်... စိတ်ချမ်းသာတယ်ဆိုရင် ဦးကို ကျေနပ်ပါတယ်... ဦးကို ကိုစိတ်ကောက်ချင်ရင်ကောက်ပါ... ဗိုက်ဆာလျက်နဲ့တော့ အစာခံမသွားပါနဲ့နော်... ဦးကို လိုက်ပို့ချင်တာပေါ့ကွာ... အလုပ်ထဲမှာ ကိုယ်က လူကြီးဆိုတော့ သွားချင်သလို သွားလို့ဘယ်ရမလဲ"

သည်တော့မှ 'ပြည့်စုံ' မျက်ရည်အဝဲသွားလေးနှင့် စိုက်ကြည့်နေသည်။

"ရထားရပ်ရင် အောက်မဆင်းနဲ့နော်... ဘူတာမှာခဏလေးရပ်တာ... ပြီးတော့ ပြူတင်းပေါက်ကနေ ထွက်ထွက်မကြည့်နဲ့... ဘူတာတွေမှာ ရပ်တဲ့အခါဖြစ်ဖြစ်... စထွက်တဲ့အခါဖြစ်ဖြစ်... ဖြည်းဖြည်းရထားထွက်နေတဲ့ အချိန်မျိုးတွေမှာ ပြူတင်းပေါက်နား သိပ်မကပ်နဲ့... ဆွဲကြိုးလာလုတဲ့လူတို့ နာရီလု



www.burmeseclassic.com

www.burmeseclassic.com

လူတို့ ရှိတယ်ကြားလား"

'ပြည့်စုံ' ခေါင်းညိတ်သည်။ ရထားထွက်ဖို့ သံချောင်းခေါက်သည်။ 'ပြည့်စုံ' က စာရွက်တစ်ခုတွင် စာရေးနေသည်။ ရန်ကုန်ဘူတာကြီးတွင် ခရီးသွားမည့်သူသာ သံဇကာအတွင်းဘက်သို့ ဝင်ရပြီးလည်း 'ပြည့်စုံ' တစ်ယောက်တည်း ပစ္စည်းတွေ မနိုင်မနင်းဖြစ်နေသဖြင့် တောင်းပန်ပြီး ဝင်ခဲ့ရခြင်းဖြစ်သည်။

ရထား ဘီးလိမ့်ပြီ။ ကိုကိုက ရယ်ပြီး၍ 'ပြည့်စုံ' လက်ကလေးကို ညှစ်လိုက်သည်။ 'ပြည့်စုံ' က ကိုကို့လက်ကို မလွှတ်။ ကိုကို ပြေးလိုက်ရသည်။ ကိုကို့လက်ထဲသို့ စာလေးတစ်ရွက် ထည့်ပေးပြီး...

"ဦးကို တာ့တာ"

ကိုကို လက်ပြ၍ကျန်ရစ်ခဲ့သည်။ ဘူတာ အပြင်ရောက်မှ ထည့်ပေးလိုက်သောစာလေးကို ဖတ်မိသည်။

'ချစ်တဲ့ ဦးကို'

ဟိုရောက်ရင် ဦးကို လွမ်းနေမှာ။

'ပြည့်စုံ' ကိုတစ်နှစ်လုံး ဂရုစိုက်တာ ဆုံးမသွန်သင်တာ တွေအတွက် ကျေးဇူးတင်ပါတယ်နော်။

နောက်နှစ်ကျောင်းတက်ရင်လည်း ကူညီဦး ဆုံးမဦးပေါ့နော်။

ဦးကိုလည်း လိမ်လိမ်မာမာနေနော် ဟဲ ဟဲ





တာ့တာ

ထိုစာကိုဖတ်ပြီး ကိုကို ပြုံးမိသည်။ အိမ်ရောက်တော့ တစ်ခါထပ်ဖတ်ပြီး ဒိုင်ယာရီထဲညှပ်ထားလိုက်သည်။ ရင်ထဲတွင် သာယာကြည်နူးခြင်းနှင့် အတူ ဟာသလိုလိုကြီး ဖြစ်သွားသည်။

"ဘယ်လိုလဲ... လွမ်းတော်မူနေပြီလား... ထမင်း မစားသေးဘူးလား ငါ့တူရဲ့"

အိုးမလုံ အုံ့ပွင့်သည်ပဲပြောပြော၊ ဒေါ်လေးပြောပုံကြီးကို မကြိုက်။ ပြောမယ့်သာ ပြောရသည်။ လွမ်းတာတော့ အမှန်။


www.burmeseclassic.com

www.burmeseclassic.com

## ၂၈

'ပြည့်စုံ' အံ့သြသွားသည်။ ဖခင်ကြီး၏ပုံစံသည် သိသိသာသာကြီးပြောင်းလဲနေသည်။ ခေါင်းက စုတ်ဖွား၊ အဝတ်အစားပွေ့က ပိုသီပတ်သီဖြင့် အရက်ပုလင်းများကြားတွင် ခေါင်းထိုးကာအိပ်မောကျနေသည်။ 'ပြည့်စုံ' ကိုအလွန်ချစ်သော ဖေဖေသည် သမီးပြန်လာသည်ကိုပင် မသိအောင်မူးနေသည်။

'ပြည့်စုံ' နှုတ်ခမ်းကို တင်းတင်းစေ့၍ မျက်မှောင်ကြုတ်ကာစဉ်းစားနေသည်။

"ဖေဖေ ဘယ်လိုဖြစ်တာလဲ မေမေ"

"ညည်း အဖေအမူးသမားအကြောင်းတော့ မေးမနေစမ်းပါနဲ့အေ... မနက်နဲ့ည မအိပ်တန်းသောက်လို့ အဲဒီ ပုံစံအတိုင်း မြင်ရတာပေါ့"





"မေမေက မသောက်ဖို့တားပေါ့"

"တားတာပေါ့... ငါက အရက်နံ့မှ ခံနိုင်တာ မဟုတ်တာ ငါ့ထက်အရက်ကိုချစ်လို့သောက်နေတာပဲ... အလကားလူကြီး စီးပွားရေးနဲ့ပတ်သက်ရင် ဘာမှမလုပ်ချင်ဘူး... အားနေ အဲဒီအညော်ပဲမျိုဆို့နေတာ... အခု သူအလုပ်မလုပ်လို့ ငါနဲ့ 'အထွန်း'ပဲ လုပ်နေရတာ"

ထိုစကားကြောင့် 'ပြည့်စုံ' ရင်ထဲအောင့်သွားသည်။အရွယ်လေးရလာလို့ ဗဟုသုတကလေး ရှိလာပြီဖြစ်သော 'ပြည့်စုံ' သည် ဘယ်သူမှန်သည်၊ ဘယ်သူမှားသည်ဟု ဆုံးဖြတ်တတ်ပါသည်။ ဖေဖေ ရှာခဲ့ ဖွေခဲ့လို့ ခုလိုဇိမ်ကျကျ ဘာမျှလိုလေသေးမရှိအောင် နေရခြင်းဖြစ်သည်။

ဖေဖေ ဘယ်လိုတော်ကြောင်း ဘွားဘွားကရော ကြီးကြီးဦးကရော၊ ကြီးကြီး 'လတ်' ကရော ဦးကိုကိုကရော ပြောပြထားသည်ပဲ။ မေမေ့စကားသည် မေမေ့ကို အလွန်ချစ်သော ဖေဖေ့အပေါ်တွင် စိမ်းကားရက်စက်လွန်းပါသည်။ အိမ်ကိုပြန်လာခဲ့သော်လည်း 'ပြည့်စုံ' မပျော်နိုင်ပါ။

မောင်လေး ညီမလေးများသည် မျက်နှာမကောင်းကြပါ။ ဘာပဲဖြစ်ဖြစ် အစ်မကြီးပီပီ မောင် ညီမလေးများ ပျော်ရွှင်အောင် ရန်ကုန်ကအကြောင်းတွေပြောပြသည်။ နောက်နှစ်များတွင် ရန်ကုန်ဘော်ဒါများတွင် လာနေနိုင်အောင်စာကြိုးစားဖို့ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သည်တော့မှ ကလေးများ ပြန်ပျော်လာကြသည်။

"ဖေဖေ"

"အင်း..."

"'ပြည့်စုံ' ရောက်နေတာ မနေ့ကတည်းက... ဖေဖေ အရက်ချည်းပဲသောက်နေတာပဲ... သမီးပြန်ရောက်တုန်း 'ပြင်ဦး လွင်ကို လိုက်ပို့ပေးပါလားလို့"

"ပို့ချင်တာပေါ့ သမီးရယ်... ပို့ချင်တာပေါ့... ဖေဖေ သိပ်နေမကောင်းတော့ ကားမမောင်းနိုင်ဘူး သမီးရဲ့... သမီးတို့ သွားချင်ရင် 'ကိုထွန်း' နဲ့သွားကြလေ"

'ပြည့်ဖြိုး' က ရှုံ့မဲ၍...

"အို ဖေဖေ လိုက်မပို့နိုင်ရင် မသွားဘူး... ရတယ် သူနဲ့ မသွားချင်ဘူး"

'ပြည့်စုံ' အံ့ဩသွားသည်။ အလျင်က 'ပြည့်ဖြိုး' နှင့် 'ကိုထွန်း' သည် အလွန်တည့်သူများ။ 'ပြည့်ဖြိုး' ၏ လိုအင်ဆန္ဒမှန်သမျှ 'ကိုထွန်း' က မညည်းမညူ ကုန်းပိုးခိုင်းလျှင် ပိုးသည်။ ပုံပြောခိုင်းလျှင် တစ်ထောင့်တစ်ညပုံပြင်ထက်မကသော ပုံပြင်များကို ဟုတ် ဟုတ်၊ မဟုတ်ဟုတ်ကြံဖန်ပြောရသူ၊ သူလုပ်ချင်တာကို လုပ်မပေး လျှင် တွေ့ရာနှင့် ပစ်ပေါက်တတ်သည်။ တွေ့ကရာနှင့် ဆဲတတ် သည်။

'ပြည့်ဖြိုး' ၏အလိုကို အလိုလိုက်ဆုံးဖြစ်သူ 'ပြည့်ဖြိုး'





သည်း 'ကိုထွန်း' မှ 'ကိုထွန်း'။ ယခုတော့ ဘယ်လိုဖြစ်ပြီး သွားသည် မသိ။

"ဖေဖေရယ် အရက်မသောက်ပါနဲ့တော့နော်... အရက် သောက်တာ အသက်တိုတတ်တယ်တဲ့... သမီးဆောင်းပါးတစ်ခု ဖတ်ဖူးတယ် ဖေဖေ... အရက်သောက်တဲ့လူဟာ စိတ္တဇရောဂါ ည်းဖြစ်တတ်တယ်... သိပ်မူးလာရင် လူတွေဘာတွေကို ရိုက် ယ် ပုတ်တယ်... သတ်တတ်ဖြတ်တတ်ဖြစ်တတ်တယ်တဲ့... ျူးတွေကလည်း အထင်သေးတယ်တဲ့... မော်တော်ကား င်းရင်လည်း ကားတိုက်မှုဖြစ်တတ်တယ်တဲ့... ရာဇဝတ်မှု ည်းကျူးလွန်တတ်တယ်တဲ့"

"ဟား ဟား ဟား ငါ့သမီးကြီးက ကြောက်နေတာလား ဖေ အရက်သောက်တာမှန်ပါတယ်... ဒါပေမဲ့ ဖေဖေဘယ်သူ့ ဒုက္ခမပေးပါဘူးကွယ်... ဘယ်သူ့ကိုမှလည်း ရန်မရှာပါဘူး ဖေ့ကို မရှုံ့ကြပါနဲ့... မကြောက်ကြပါနဲ့ကွာ"

ဖခင်ဖြစ်သူက ငိုသံကြီးဖြင့်ပြောတော့လည်း မောင်နှမ မျက်ရည်ဝိုင်းသွားကြသည်။ 'ပြည့်ဖြိုး' ကတော့ အံကို တစ် ကျစ်ကျိတ်ပြီး မျက်မှောင်ကြုတ်ထားသည်။

"ဖေဖေ့ကို ဒီလိုမြင်ရတာ သမီး မမြင်ရက်ဘူး ဖေဖေ ဖေ အလျင်ကလိုပြန်နေပါနော် ဖေဖေ... အရက်သောက်တာ သက်တိုတယ်ပြောတာပါ ဖေဖေရယ်... သမီးတို့ကို ချစ်ရင်မ



www.burmeseclassic.com

www.burmeseclassic.com

သောက်ပါနဲ့ ဖေဖေရယ်... အရက်ဖြတ်လိုက်နော်... ဒီအတိုင်း [illegible] ဖြတ်လို့မရရင် ဆေးရုံမှာဖြတ်ပါလားဟင်... ဦးကိုနဲ့ တိုင်ပင်[illegible] ဖေဖေ ရန်ကုန်မှာအရက် လာဖြတ်လိုက်ပါလား ဟင်"

"ဖေဖေ သမီးစေတနာကို နားလည်ပါတယ်ကွယ်... [illegible] ဖေ့ အသည်းတွေဟာ အရက်ကြောင့် ကျွမ်းနေပါပြီ... ဆေးမီ[illegible] မထင်တော့ပါဘူး"

"ဟာ ဖေဖေက အသက်က ငယ်ငယ်လေးရှိသေးတာ[illegible] ဖေဖေ့ထက်သောက်တဲ့လူတွေတောင် အရက်ဖြတ်လို့ရတာပဲ[illegible] သမီးတို့ကိုချစ်ရင်ဖြတ်လိုက်ပါနော်"

"ဖေဖေသေလို့ရှိရင် သမီးတို့ဘာမှမပူနဲ့... သားတို့သမီး[illegible] တို့အတွက် အမွေအသီးသီးခွဲပေးပြီးပြီ... ဖေဖေ့ရှေ့နေကြီး (ဦး[illegible] ... ...) က သမီးတို့ အသက်ပြည့်ရင် ထုတ်ပေးလိမ့်မယ်... သမီး[illegible] ကြီးက ယောကျ်ားယူသည်ဖြစ်စေ မယူသည်ဖြစ်စေ...ကိုယ့်မောင်[illegible] လေးနဲ့ညီမလေးကို ဂရုစိုက်ကြားလား"

"ဟာ ဖေဖေရာ... ဘာတွေလျှောက်ပြောနေတာလည်း[illegible] လို့... ပစ္စည်းနဲ့အဖေ... အဖေ့ကိုမက်တယ်... ဖေဖေဒီအတိုင်း[illegible] လို့မရဘူး... ဆေးရုံတက်ရမယ်"

"ဟဲ ဟဲ ဟဲ ငါ့သမီးကြီးက စိုးရိမ်ပူပန်တတ်လိုက်တာ[illegible] ကွယ်... အေးပါ အေးပါ သမီးကြီးကျောင်းပြန်တက်ဖို့ ရန်ကုန်[illegible] သွားရင် ဖေဖေလိုက်ပြီး ဆေးကုပါ့မယ်"





"ဟေး ဒါမှ တို့ဖေဖေကွ"

မောင်နှမ သုံးယောက် ဖခင်ကြီးကိုဝိုင်းနမ်းကြသည်။ [illegible]ခေါင်းအပေါ်ထပ်သို့ 'ကိုထွန်း' တက်လာသဖြင့် 'ပြည့်စုံ' ပြုံးပြ[illegible]သည်။ 'ကိုထွန်း' ကလည်း ပြုံးပြသည်။

" 'လေးငယ်' ရှိလား 'ပြည့်စုံ' "

"အင်း... ရှိတယ် မီးဖိုထဲမှာ ထင်တယ်"

'အထွန်း' နောက်ဘက် မီးဖိုထဲ ဝင်သွားသည်။ ဖခင်ဖြစ်[illegible]သူက 'ကိုထွန်း' ကိုငေးကြည့်နေရာမှ မျက်လုံးမှိတ်ပစ်လိုက်သည်။ '[illegible]ပြည့်ဖြိုး' မျက်နှာက စောစောကလို မဟုတ် မှုန်ကုတ်ကုတ်ပြန်[illegible]ဖြစ်သွားသည်။ ဒီကောင်လေး ဘာတွေစိတ်ကောက်နေသည် မ[illegible]သိ၊ အိမ်မှာနေရတာ အလျင်ကလို မပျော်တော့။

မိမိတို့ကို အလိုလိုက်သော ဖခင်ကြီးက အရက်ပုလင်း[illegible]များကြားတွင် ဘဝကိုနှစ်မြုပ်ထားသဖြင့် မိမိတို့ မပျော်ရွှင်ကြ[illegible]တော့။ မိခင်ကတော့ ထမင်းကျွေးမယ်၊ အဝတ်ဝယ်ပေးမယ် ပူ[illegible]ဆာရင် ဝယ်ပေးမယ်။ ဒါပါပဲ။ မိမိတို့နားတွင်ကပ်၍ ဘယ်တော့[illegible] ကြာကြာမနေ။

သားသမီးများကို ဗဟုသုတရအောင် ပညာပေးခြင်းမျိုး [illegible]ရှိ။ စားချင်လျှင် အစေခံများက ချက်ပြုတ်ကျွေးမည်။ သွားချင် [illegible]လျှင် ဒရိုင်ဘာနှင့် 'ကိုထွန်း' က လိုက်ပို့မည်။ ဒါပါပဲ...။ အလျှင် [illegible] မေမေ့ကို ဘယ်လိုမှမဝေဖန်မိသော်လည်း ဗဟုသုတလေး



www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်လေးများလာသောအခါ မေမေ့ကို အလိုမကျ
လေးများတွေ့လာသည်။

သမီးကြီးပင် အပျိုဖြစ်နေပြီ။ မေမေ့ဆံပင်က ယခု
ခေတ်စားနေသော ဒိုင်ယာနာ ဆံပင်မျိုး၊ 'ပြည့်စုံ' ထက်ပင် မျာ
စွာတိုသည်။ မေမေ့မျက်နှာတွင် ဘယ်အချိန်ကြည့်ကြည့် မျက်
မွေးညိုညိုလေးကို ဖင်ယော်တောင်လိုကော့နေအောင် ဆွဲထ
သည်။ အကောင်းစား မိတ်ကပ်အရည်ကို လိမ်းထားသဖြင့် ဖန်
ရောင်ပြေးပြီး ဝင်းမွတ်နေသည်။

မျက်ခုံးတွင် အညိုရောင်ရှဲဒိုးကို လိမ်းထားသည်။ နှုတ်ခ
နီကို ဆိုးထားသည်။ အသားက စပို့ရှပ်များ၊ လည်ဟိုက်သေ
အင်္ကျီများနှင့် ကောင်းမေ့ဆိုသော သုံးလေးငါးရာအထက် လုံချ
လှလှများကို ဝတ်၍ သူ့ကိုယ်လုံးလှလှ မျက်နှာလှလှကို ကြွ
တတ်သည်။

'ပြည့်စုံ' ရောက်ပြီး တစ်ပတ်အထိ မေမေအပေါ်မှာ
တာကို မတွေ့ရသလောက်။ ဖေဖေ့ပွဲရုံလုပ်ငန်းတွင် မေမေ
လုပ်နေရသည်။ ပြန်လာလျှင် ရေမိုးချိုး၍ အောက်ထပ်စာရေး
သို့ဆင်းသွားသည်။ တည်းခိုခန်း လူဝင်လူထွက်စာရင်း၊ ငွေ
ရင်းများကို ဝင်စစ်ခြင်းဖြစ်သည်။

တစ်ခါတလေ မိုးချုပ်မှ အလုပ်ကိစ္စပေါ်လာသောအ
ဖြစ်စေ၊ ဒရိုင်ဘာကြီးမရှိသောအခါဖြစ်စေ၊ မေမေက 'ကိုထွန်





ကိုခေါ်သွားသည်။ ယခုအခါ 'ကိုထွန်း' သည် မြင့်မားထွားကျိုင်းသော အသွင်အပြင်ကြောင့် လူချောကြီးတစ်ဦးဖြစ်နေသည့်အပြင် ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်နေပြီ။

မသက်ာ၍တော့ မဟုတ်ပါ၊ သို့သော် မေမေသည် 'ကိုထွန်း' နှင့်ရောလွန်းသည်။ အနေအထိုင် ရင်းနှီးလွန်းသည်။ 'ကိုထွန်း' ၏ မျက်လုံးများက မေမေ့ကိုကြည့်လျှင် တစ်မျိုးကြီး၊ အလျှင်က အကြည့်မျိုး မဟုတ်တော့။

ယခင်က မိမိတို့မောင်နှမများတွင် ရှိနေတတ်သော 'ကိုထွန်း' သည် ယခုအခါ ကိစ္စရှိလျှင်ကလွဲ၍ အပိုလာမပြော။ ဘော်ဒါနေသူငယ်များက ချိတ်လုံချည်ကောင်းကောင်းမှာသဖြင့် အမရပူရ အသိယက္ကန်းစင်သို့ သွားချင်နေသည်။

"'အစ်ကိုထွန်း' အားရင် အမရပူရဘက် လိုက်ပို့ပေးပါလား"

"'ပြည့်စုံ' ဘယ်နေ့သွားချင်လဲ ပြောလေ"

"နက်ဖြန်"

"သွားလေ"

အမရပူရ ရောက်သောအခါ 'ကိုထွန်း' က သူ့အမေအိမ်ခေါ်ဝင်သည်။ 'ပြည့်စုံ' အံ့သြရသည်။ ယခင်က အလွန်ဆင်းရဲသော 'ကိုထွန်း' တို့ အမေသည် ယခု စိန်နားကပ်နှင့် စိန်လက်စွပ်နှင့် တိုက်နှင့်တာနှင့်။ 'ကိုထွန်း' တို့ ဤမျှချမ်းသာလာသည်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာ။

မောင်နှမ သုံးယောက်သွားဖို့ဖြစ်သော်လည်း 'ပြည့်ဖြိုး' မလိုက်သဖြင့် 'ပြည့်စုံ' နှင့် 'ပြည့်ဝ' တို့ရှေ့ခန်းတွင်ထိုင်၍ လိုက်ခဲ့ကြသည်။ ညနေစောင်းမှ ပြန်ရောက်လာကြသည်။ 'ကိုထွန်း' တို့ချမ်းသာဟပုံကို မိခင်ဖြစ်သူအား ပြန်ပြောမိသည်။

မေမေက မျက်နှာကြီးပုတ်လျက် ကိုယ်နှင့် မဆိုင်တာ မပြောနှင့်ဟု ဆူသည်။ 'ကိုထွန်း' ကိုစူးရှသော မျက်လုံးများဖြင့်လူ အလစ်တွင်စိုက်စိုက်ကြည့်တတ်သည်။

" 'ပြည့်စုံ' "

"ရှင် မေမေ"

ရေချိုးခန်းထဲကထွက်လာသော 'ပြည့်စုံ' လန့်သွားသည်။ မည်သူမျှ မရှိဟုထင်ပြီး ရေချိုးခန်းထဲမှ မျက်နှာသုတ်ပဝါကြီးတစ်ထည်ကိုသာ ရင်လျား၍ထွက်လာခဲ့ခြင်းဖြစ်သည်။

"နေပုံထိုင်ပုံက မဟုတ်ဘူးနော်... နောက်ကို အဲလိုမလုပ်နဲ့"

မေမေက ဆူပုတ်နေသောမျက်နှာဖြင့်ပြောသည်။

"ကိုယ့်အခန်းထဲမှာမို့ပါ မေမေ... ဒီအခန်းထဲ သူစိမ်းဘယ်သူမှဝင်တာ မဟုတ်ဘူးလေ"

"ဘာပဲဖြစ်ဖြစ် နောက် အဲသလိုမလုပ်နဲ့... ပြီးရင် ဒီမှာလာထိုင်ဦး... ပြောစရာရှိသေးတယ်"





'ပြည့်စုံ' ညဝတ်အင်္ကျီဖားဖားကြီး ပြေးဝတ်ပြီး မိခင်နားလာထိုင်သည်။

"ဘာလဲ မေမေ"

"ကျောင်းမှာ စာလိုက်နိုင်ရဲ့လား"

"လိုက်နိုင်တာပေါ့... အောင်မှာ စိတ်ချ... ဦးကို ကစာကြိုးစားဖို့... လိမ်လိမ်မာမာနေဖို့ အမြဲသတိပေးနေတာ အမေရ"

" 'ပြည့်စုံ' ကိုယ်ကအပျိုဖြစ်လာပြီ...ကလေးမဟုတ်တော့ဘူး... သွားတာ လာတာ... နေတာ ထိုင်တာ အစစအရာရာ ဣန္ဒြေသိက္ခာရှိအောင်နေမှ တော်မယ်... အထူးသဖြင့် အသက်ကြီးကြီးယောကျ်ား... ဦးလေးအရွယ်ကို မယူမိအောင် အနေအထိုင်ဆင်ခြင်... အသက်ကြီးတာကိုယူရင် ငါ့လိုစိတ်ဆင်းရဲရမယ်"

"ဟင် ဖေဖေနဲ့ယူတာ မေမေ ဘာစိတ်ဆင်းရဲ့ရလို့လဲ... ဖေဖေလောက် မေမေ့ကိုချစ်ပြီး... အလိုလိုက်တဲ့လူ မရှိဘူး... ဖေဖေ့ကြောင့် မေမေတို့ တစ်မျိုးလုံး တစ်ဆွေလုံး ချမ်းသာလာခဲ့ကြတာဆို"

"ဘာ... ဒါဘာစကားလဲ... နင့်ကို ဒီလိုပြောရမယ်လို့ဘယ်သူသင်လိုက်သလဲ... နင့် ဦးကိုလား"

"မေမေကလည်းနော်... ဘာလို့ ဦးကို ကိုရန်လုပ်နေတာလဲ... ဦးကိုက သမီးတို့ မိသားစုကို သိပ်ချစ်တဲ့လူပါ"

"တော်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



'ပြည့်စုံ' ပါးစပ်ပိတ်သွားသည်။

"နောက်ကို 'အထွန်း' နဲ့လည်း မရောနဲ့… သူစိမ်းယောကျ်ားဟာ သူစိမ်းပဲ… သွားစရာ လာစရာရှိရင် အမေ့ကိုအလျင်ပြော… ငါစီစဉ်ပေးမယ်… ဒရိုင်ဘာ အဘိုးကြီးနဲ့သွား"

မေမေကျတော့ ဒရိုင်ဘာအဘိုးကြီးရှိလျက်နှင့် ဘာလို့ 'ကိုထွန်း' ကို ခေါ်ခေါ်သွားပါလိမ့်။

"မေမေ သမီးကျောင်းပြန်တက်ရင် ဦးကိုနဲ့တိုင်ပင်ပြီး ဖေဖေ့ကို ရန်ကုန်မှာ အရက်ဖြတ်ပေးမလို့"

မေမေ ဝမ်းသာမှာပဲထင်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ မေမေ့မျက်နှာ သိသိသာသာ ပျက်သွားသည်။ နောက်မှ မျက်နှာကိုပြန်ပြင်ပြီး…

"ညည်း အဖေမှာ ဘာအပြစ်မှမရှိပါဘူး… တစ်သက်လုံး သူရှာခဲ့သမျှ စုဆောင်းခဲ့သမျှ ငါတို့ သားအမိအတွက်ချည်းပဲ… အပျော်အပါးလည်း သူက မက်တာမဟုတ်ဘူး… ဒါကြောင့် သူ အရက်သောက်တာကို ငါ မတားဘူး… မပိတ်ပင်ဘူး… ဒါလေးတစ်ခုရှိတယ်… ဒါကို လိုက်ပိတ်ပင်ရင် သူ့စိတ်ထဲ မသဒ္ဒါဘူး ထင်မယ်… ဒါကြောင့် ဘာမှမပြောဘူး… တစ်သက်လုံး သူရှာဖွေတာ ငါ့ခြိမ်နဲ့ထိုင်စားခဲ့ပြီးပြီ… အခု သူ အသက်ကြီးတော့ ငါတစ်လှည့်ပြန်ပြီး သူ့ နေရာဝင်တယ်… ဒါ သူ့ကို ကျေးဇူးဆပ်တာပဲ"

ဟုတ်သားပဲ မေမေ ပြောတာမှန်တာပဲ။ သူလည်း သူ့





ယောကျ်ားကို မချစ်ဘဲနေမလား။ ချစ်လို့သာ မိမိတို့မောင်နှမ သုံးယောက်ကိုမွေးခဲ့တာပေါ့။

"'ပြည့်စုံ'က ဖေဖေ့ကျန်းမာရေး ထိခိုက်မှာစိုးလို့ပါ မေမေ… အရက်သိပ်သောက်ရင် အသည်းကျွမ်းတတ်တာတို့… စိတ္တဇရောဂါဖြစ်တတ်တာတို့… အသက်တိုတာတို့… ဖြစ်တတ်တယ်လို့ စာထဲမှာဖတ်ဖူးတယ် မေမေရဲ့… ဘယ်သူမဆို ကိုယ့်အဖေကို အသက်ရာကျော် ထောင်ကျော် နေစေချင်တာပဲ… အို… တတ်နိုင်ရင် သေကိုမသေစေချင်ဘူးပေါ့… ခုတော့ ဖေဖေ့အသက်က ငါးဆယ်ကျော်ပဲရှိသေးတာ… 'ပြည့်စုံ'တို့ ဖေဖေ့ကို ချစ်လို့တောင်မဝသေးဘူး… ဒါကြောင့် စိုးရိမ်လို့ ဆေးကုချင်တာပါ မေမေ… ဖေဖေ့ရဲ့ပျော်ရွှင်မှုကို ပိတ်ပင်တဲ့သဘောမဟုတ်ပါဘူး… ဖေဖေ အရက်ပြတ်သွားရင် 'ပြည့်စုံ'တို့မိသားစု ပျော်ပျော်ရွှင်ရွှင် အလျင်ကလို ပျော်စရာ ပြန်ဖြစ်လာအောင်လေ… နော် မေမေ"

"သမီး ဖေဖေကိုပြောလေ"

"ဖေဖေက လိုက်ကုမယ်တဲ့"

"ဒါဆိုလည်း ခေါ်သွားပေါ့… မေမေက ပိုပြီးတောင် သဘောကျပါသေးတယ်"

'ပြည့်စုံ' ကျေနပ်သွားသည်။ ရန်ကုန်ပြန်ကာနီး၍ ပိုဝမ်းသာမိသည်။ ဒီနှစ် ရန်ကုန်အပြန်တွင် 'ပြည့်စုံ' တစ်ယောက်တည်း မဟုတ်တော့။ 'ပြည့်ဖြိုး' လည်း ကိုးတန်းရောက်ပြီးမို့ကျောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



များအတွက် သီးသန့်ဖွင့်လှစ်ထားသော ဘော်ဒါတွင် တက်ရမည်။ အဖေလည်း ဆေးရုံလိုက်တက်မည်။

ကိုးတန်းအောင်၍ ဆယ်တန်းကြီးလာမှာ ဖြစ်သလို၊ အသက်တစ်နှစ်ကြီးလာသည်နှင့်အမျှ 'ပြည့်စုံ' ခန္ဓာကိုယ်က ဖွံ့ဖြိုးလာသည်။ မျက်နှာလေးက ကလေးရုပ်ပျောက်ပြီး တကယ့် အပျိုမလို လှသထက် လှလာသည်။ ဖွံ့ဖြိုးလာသည်နှင့်အမျှ အဝတ်အစားတွေက မတော်ချင်တော့။

ထို့ကြောင့် ပိတ်စတွေသွားဝယ်လိုက်၊ အပ်ချုပ်ဆိုင်အပ်လိုက်၊ ရွေးလိုက်နှင့် အလုပ်တွေရှုပ်နေသည်။ ခေတ်ဆန်သော မိခင်က သမီးအတွက် အဝတ်အထည်နှင့် ပတ်သက်လျှင် ကုန်သည် ခန်းသည် ဘယ်တော့မှမပြော။ သူကိုယ်တိုင် အသစ်အဆန်းများကို လိုက်ဝယ်ပေးသည်။

'ပြည့်စုံ' ကြိုက်တာဝယ်ဖို့လည်း ငွေထုတ်ပေးသည်။ ချမ်းသာကြွယ်ဝသူများမို့ ငွေဘယ်လောက်ကုန်ကုန် ကုန်သည်ဟု မထင်။ အပျိုမ 'ပြည့်စုံ' အိမ်မပျော်။ ရန်ကုန်ပြန်ဖို့ တစ်ပတ်တောင်မလိုတော့။ ရန်ကုန်ယူသွားဖို့ အင်္ကျီများကို တစ်ထည်ပြီး တစ်ထည် မှန်ရှေ့တွင်ဝတ်ကြည့်သည်။

ကီမိုနိုထဘီအဆင်စုံ အရောင်စုံကပင် ဆယ့်သုံးထည်၊ အင်ဒိုနီးရှားက ဆယ်ထည်၊ နောက်ဆုံးပေါ် ပါတိတ်ဆင် 'ပါကို' ကဆယ်ထည်။ စပို့ရှပ်၊ ဘောင်းဘီရှည်၊ မက်ဆီက ခုနစ်ထည်၊





ခေါင်းစီး စကတ်....

ဒီတစ်ခေါက်ပြန်ရင် မေမေ လိမ်းသည့် မိတ်ကပ်အလှပြင် ပစ္စည်းများ ဝယ်ပေးခိုင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၉

နက်ဖြန်ဆို ရန်ကုန်သွားရတော့မည်။ အငယ်ဆုံးမ 'ပြည့်ဝ' တစ်ယောက် မျက်နှာမကောင်း။ အစ်မကြီးနှင့် အစ်ကိုအပြင် ဖမင်ကြီးနှင့်ပါခွဲရမည် ဖြစ်သောကြောင့်။ 'ပြည့်ဖြိုး' ကတော့ ရန်ကုန်သွားရမည်ဖြစ်၍ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်။ အဝတ်အစားတွေ သားရေသေတ္တာထဲထည့်သည်။ သူပိုင်ဆိုင်သမျှ ပစ္စည်းအကုန်ယူသည်။

သားရေသေတ္တာတစ်လုံး၊ သံသေတ္တာတစ်လုံး၊ တင်းရှူးသေတ္တာ နှစ်လုံး။

"ဟဲ့ 'ပြည့်ဖြိုး' ရဲ့... နင့်ဟာတွေက များလှချည်လား"

"များဆို အကုန်ပဲ 'မစုံ'... 'မစုံ' ပြောသလိုပဲပေါ့... ဟိုမှာ ဆယ်နှစ်နီးပါး နေ့ရှမှာကိုး... ဒီထင်းရှူးသေတ္တာက ဆပ်ပြာခွက်တို့... ရေခွက်တို့... ထမင်းချိုင့်တို့... နို့ဆီ သကြား တိုလီမိုလီလေ





'မစုံ'က မိန်းကလေးဘော်ဒါဆောင်နေတော့ ပစ္စည်းက တစ်ယောက်စာ သပ်သပ်ဝယ်ရသလို... 'ဖြိုး' လည်း တစ်ယောက်စာတော့ အကုန်ဝယ်ရတာပဲ... လူတစ်ယောက်စာနဲ့ နှစ်ယောက်စာ ဘာမှမထူးဘူးနော်... လက်သည်းညှပ်ကအစ ဖွန်း... ခက်ရင်း... စားအဆုံး လူသုံးပစ္စည်းနဲ့ပတ်သက်ရင် အကုန်လိုတာပဲ"

"နင် ကက်စက်လည်း ယူသွားလား"

"ယူသွားတာပေါ့... ငါ့ဘဝမှာ သီချင်းလေးဖွင့်ပြီး ငြိမ့်ငြိမ့်လေးနားထောင်နေရမှ စာကျက်လို့လည်းရတယ်... ထမင်းစားလို့လည်း ရတယ်"

"ငါလည်း ငါ့ကက်စက် ငါယူသွားမယ်"

"ဒါကတော့ 'မစုံ' သဘောပဲ... ငါကတော့ ရန်ကုန်ကတော်တော်နဲ့ ပြန်မလာဘူး... 'မိပြည့်ဝ' ကိုတော့ လွမ်းမှာပဲ"

ထိုသို့ပြောရင်း 'ပြည့်ဖြိုး' အသံတွေတုန်ပြီး မျက်ရည်တွေဝဲလာသည်။ သူ့ကိုကြည့်ပြီး 'ပြည့်စုံ' ပါ အလိုလိုမျက်ရည်ဝဲလာသည်။ ညီမလေးကို တစ်ယောက်တည်း မထားခဲ့ချင်။ ဖေဖေ့အကျီတွေ သေတ္တာထဲထည့်နေရာမှ မောင်နှမနှစ်ယောက် 'ပြည့်ဝ' အခန်းသို့လာခဲ့ကြသည်။

'ပြည့်ဝ' က အိပ်ရာထက်တွင် မှောက်၍ ငိုနေသည်။ သူ့ကိုကြည့်ပြီး 'ပြည့်စုံ' နှင့် 'ပြည့်ဖြိုး' တို့ ရန်ကုန်ပင် မသွားချင်ကြတော့။ ဤအိမ်တွင်လည်း မနေချင်။ ပါးစပ်မှဖွင့်မပြောကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မိခင်ကြီးနှင့် 'ကိုထွန်း' တို့နှစ်ယောက်၏ လက်ပွန်းတတီးနေသည်ကို သိပ်မကြိုက်။

"မငိုပါနဲ့ ညီမလေးရယ်... 'မမစုံ' တို့လည်း ညီမလေးကို ဘယ်ခွဲချင်ပါ့မလဲ... ပညာရေးမို့ပါ... ညီမလေးလည်း စာကြိုးစား တစ်နှစ်တစ်တန်း မှန်မှန်အောင်အောင်လုပ်... ရှစ်တန်းအောင်ရင် မမတို့လိုပဲ ရန်ကုန်မှာ လာနေရမှာပေါ့"

"ဟင့်... 'ပြည့်ဝ' က ခုမှ ခြောက်တန်းရှိသေးတာ...အဝေးကြီးလိုသေးတယ်... ခုလိုက်မှာပဲ"

"ခုလိုက်လို့ မရသေးဘူးလေ... ဘော်ဒါက ငယ်ရင်လက်မခံသေးဘူး... ကိုးတန်းမှ ညီမလေးရဲ့... မငိုနဲ့နော်... ညီမလေး ကျောင်းပိတ်ရင် ရန်ကုန်လာလည်... မမတို့ကလည်း ကျောင်းပိတ်ရင် လာလည်မယ်... ဟော ဘယ်လောက်ပျော်စရာကောင်းလဲ... ညီမလေး ကြိုက်တဲ့ချောကလက်တို့... သကြားလုံးတို့... အရုပ်တို့ ခွာခေ ဝယ်ပေးမယ်လေကွာ... နော်"

"တကယ်နော်"

"အေးပါ... တကယ်ပေါ့... ကဲ 'ပြည့်ဖြိုး' က ညီမလေးကို ပုံပြောပြလိုက်... 'မမစုံ' က ဖေဖေ့အကျီ်တွေထည့်လိုက်ဦးမယ်"

'ပြည့်စုံ' ထွက်လာချိန်တွင် အရက်မူးပြီး ဒယိမ်းဒယိုင်ဖြင့်သွားနေသော ဖေဖေ့ကို လှေကားထိပ်နားတွင်တွေ့ရသည်။ လှေကားပေါ်က လိမ့်ကျမည်စိုးသဖြင့် 'ပြည့်စုံ' အပြေးလိုက်သွား





သည်။ မမီတော့ပါ။

လှေကားထစ်မှ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် အားကနဲ အော်ပြီးပြုတ်ကျသွားသော အသံကြီးများသည် 'ပြည့်စုံ' ၏အသည်းနှလုံးများကို တစစီဖြစ်သွားစေပါသည်။

"အမယ်လေး လုပ်ကြပါဦး... ဆရာ လှေကားပေါ်က ပြုတ်ကျသွားပြီတော့"

ဟိုး အနောက်ဘက် မီးဖိုခန်းထဲမှ ထမင်းချက်အဒေါ်ကြီး၏ ကျယ်လောင်သော အသံ၊ 'ပြည့်စုံ' မျက်ရည်သုတ်၍ပြေးဆင်းလာခဲ့သည်။ 'ပြည့်ဖြိုး' တို့လည်း ပြေးထွက်လာသည်။ မေမေကလည်း ပျာယီပျာယာဖြင့် ပြေးထွက်လာသည်။ အပေါ်ထပ်နှင့် အောက်ထပ်ဆက်သွယ်ထားသည့် လှေကားကို လှပအောင် ထောင့်ချိုးမလုပ်ဘဲ၊ မုန့်ကြိုးလိမ်လိုအနည်းငယ်လိမ်၍ ပြုလုပ်ထားခြင်းဖြစ်သည်။

ဖေဖေ့ကို လှေကားတစ်ဝက်တွင် ဦးခေါင်းနှင့်နံရံဖြင့် ခေါင်းတွင်ဆောင့်မိပြီး သွေးအိုင်ထဲတွင်တွေ့လိုက်ရသည်။

"ဖေဖေ ဖေဖေ"

"ဖေဖေ"

'ပြည့်ဖြိုး' နှင့် 'ပြည့်ဝ' ဖေဖေ့ကို ဖက်၍ငိုကြွေးနေကြသော်လည်း 'ပြည့်စုံ' မျက်ရည်လည်း မထွက် အသံလည်း မထွက် အသက်ပျောက်နေသော ဖေဖေ့ကိုသာကြောင်၍ကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခုလို ဖြစ်မှာစိုးလို့ 'ငယ်' ကိုကြီးကို အရက်မသောက်ပါနဲ့လို့ အတန်တန်ပြောခဲ့တာပေါ့... သားသမီးတွေနဲ့ မယားထက် အရက်ကိုချစ်လို့ အရက်က ကိုကြီးကို သတ်သွားပြီး မဟုတ်လား... ကိုကြီးရဲ့ အင့် ဟင့် ဟင့်"

ဩော် မေမေရယ်။ မေမေ ဟိုတစ်နေ့ကပြောတဲ့စကားတွေ 'ပြည့်စုံ' ယခုမှ အဓိပ္ပါယ်ပြန်ဖော်မိသည်။ ဖေဖေအရက်သောက်တာ မေမေ့ကြောင့်၊ ဖေဖေအရက်သောက်တာကို မေမေလူရှေ့မှာ တားမြစ်ခဲ့သော်လည်း လူကွယ်ရာတွင်ဖေဖေ့ကိုအရက်ပုလင်းများကြားတွင် ပျော်မွေ့နိုင်ရန် မေမေကိုယ်တိုင်ဖန် တီးခဲ့ခြင်းမဟုတ်လော။

ဖေဖေ အရက်အလွန်အကျွံသောက်တာတော့ ဆယ်နှစ်နီးပါးရှိပြီ။ ဖေဖေအရက်သောက်အောင် စိတ်ညစ်အောင် အနေအထိုင်မတတ်သူက မေမေ။ လူရှေ့မှာ ဟန်လုပ်ငိုနေသော မေမေ့အမူအရာသည် ရုပ်ရှင်မှာဆို အကယ်ဒမီရမှာ သေချာသည်။

ထိုအချိန်တွင် 'ကိုထွန်း' ကို အိမ်တွင် မတွေ့ရ။ နက်ဖြန်ရန်ကုန်သွားမည့်ကိစ္စမှာ ဖေဖေ့အသုဘကြောင့် မသွားဖြစ်တော့။ မေမေတို့ အသုဘကိစ္စအတွက် ဆောင်ရွက်နေကြသည်။ 'ကြီးကြီးလတ်' တို့ မိသားစုနှင့် ပြင်ဦးလွင် 'ကြီးကြီးဦး' တို့မိသားစုများ ရောက်လာကြသည်။





'ပြည့်စုံ' မငို၍ အတင်းငိုခိုင်း နေကြသည်။ ငိုချင်လျက်နှင့် မျက်ရည်မထွက်။ ရင်ထဲတွင် တင်းကျပ်ဆို့နင့်နေသည်။ တယ်လီဖုန်းနားတွင် လူရှင်းသည်နှင့် ရန်ကုန်မှ ဦးကို ရုံးခန်းသို့ဖုန်းခေါ်မိသည်။

"ဦးကိုလား ဟင်"

"ဟုတ်တယ် သမီးလား"

'ဟုတ်..."

ပြောခါနီးမှ မျက်ရည်များစီးကျပြီး လည်ပင်းတွင် တစ်ဆို့နေသည်။

"ဟော့ သမီး နင် ငိုနေသလား... ဘာဖြစ်နေလဲ"

စိုးရိမ်တကြီးမေးနေသော ဦးကို၏အသံက ထင်ပေါ်လာသည်။

" 'ပြည့်စုံ' ငါမေးနေတာကို ဖြေလေ"

"ဟုတ်ကဲ့... ဦးကို မနေ့လေးကို အမြန်လာခဲ့ပါ... ဖေဖေဆုံးသွားပြီ ဦးရယ်... အင့် အီး ဟီး"

ပြောရင်းဝမ်းနည်းလာကာ စားပွဲခုံပေါ်တွင် မှောက်၍ငိုချလိုက်မိသည်။

" 'ပြည့်စုံ' 'ပြည့်စုံ' "

ကိုကိုက အော်ခေါ်နေဆဲ။ 'ပြည့်စုံ' ဖုန်းပြန်ကိုင်ပြီး...

"ဦးကို"



www.burmeseclassic.com

www.burmeseclassic.com



"သမီး မေမေကော... 'ငယ်' ကော"

"သူတို့ အလုပ်ရှုပ်နေကြတယ်... ဦးကို လာမလားဟင်"

"အေးအေး လာခဲ့မယ်... ဒါနဲ့ ကိုကြီးက ဘယ်လိုဆိုးတာလဲ"

"အရက်မူးပြီး လှေကားပေါ်က ပြုတ်ကျတာ ဦးကို"

"ဟုတ်လား... အေးအေး ဦးကို လာခဲ့မယ်"

'ပြည့်စုံ' တို့ မောင်နှမသုံးယောက် ဖေဖေ့အလောင်းဘေးတွင် ရပ်၍ငိုနေကြသည်။

"အောင်မယ်လေး ကျေးဇူးရှင်ကြီးရဲ့... အစ်ကိုကြီးရဲ့ ကျေးဇူးတွေကို ကျွန်မတို့ တစ်သက်လုံး မမေ့ပါဘူး... အသေဆောလို့ နှမြောလှပါဘိ... အီး ဟီး ဟီး"

'ကြီးကြီးဦး' က အသံကုန်ဟစ်၍ ငိုသလို၊ 'ကြီးလတ်' ကလည်း မျက်ရည်တွေကျပြီး ရှိုက်၍ငိုနေသည်။ မေမေကတော့ ဖေဖေ့အလောင်းကို ကြောင်တောင်တောင်ကြည့်နေသည်။

"ကဲ သမီးတို့ ကန်တော့ကြ ကန်တော့ကြ... ကိုယ့်ဖေဖေ ကောင်းရာဘုံရောက်အောင် ဆုတောင်းကြ"

ကိုကိုက ကလေးသုံးယောက်ကို ယုယစွာပြောသည်။ 'ပြည့်စုံ' မငိုပြန်။ ထို့အတူ 'ပြည့်ဖြိုး'လည်း မငို။ ဖေဖေ့အလောင်းကိုသာ ကြောင်တောင်တောင် ငေးကြည့်နေသည်။ တစ်ချက်တစ်ချက် မိခင်ဖြစ်သူကို စူးစူးရှရှလှမ်းကြည့်ကြသည်။





အခေါင်းသွင်းပြီး အသုဘယာဉ်ပေါ်သို့တင်သောအခါတွင် 'ပြည့်စုံ' နှင့် 'ပြည့်ဖြိုး' တို့ မောင်နှမနှစ်ယောက် ငြိုင်တွေမေ့လဲ သွားကြသည်။

" 'ပြည့်စုံ' 'ပြည့်စုံ' "

" 'မလတ်' ရေ ဒီကိုလာဦး"

ယပ်ခတ်သူခတ်၊ 'ငယ်' ထိုပ် မှုတ်သူမှုတ်၊ ပါးစပ်ထဲ သံပုရာရည်တွေ အတင်းညှစ်ထည့်လို့ထည့်၊ ရေနှင့် ပက်သူပက်နှင့် ရှုပ်ကုန်သည်။

"ကောင်မက လင်သာသေတယ် ရှိုးမပျက်ဘူး... ဝတ်ထားလိုက်တာကလည်း ညှော်လို့"

"အေးလေ သူသတ်တာလားမှ မသိတာ... နောက်လင်လိုချင်လို့လေ"

"ဟုတ်မှာ... ခုသေသွားတဲ့ ယောကျာ်းက ချမ်းသာတာ ကျိုကျိုတက်လို့... ကောင်မက ရုပ်လည်းချော... ငယ်လည်းငယ်ဆိုတော့ နောက်လင် ထပ်ယူမှာသေချာတယ်"

"ခုကတည်းက တိတ်တိတ်ပုန်းတွေဘာတွေ ရှိချင်ရှိနေမှာပေါ့"

"ဟုတ်ပါ့"

ထိုစကားသံများကား အသုဘပရိတ်သတ်များကြား၌ ပွစိပွစိနှင့် ခပ်တိုးတိုးပြောနေကြခြင်းဖြစ်သည်။ 'ငယ်' မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးနှင့်အုပ်၍ ရှိုက်ငိုနေမိသည်။ မည်သူ့ကိုမှုလည်း မကြည့်ရဲ။ လူငါးယောက်က မိမိကို ပြုံးစစနှင့် ကြည့်နေသောကြောင့်ဖြစ်၏။

'ဦးသက်အောင်' နှင့် မိမိညားကာစက မန္တလေးရှိ ယခင်တိုက်ဟောင်းသို့ ထိုလူငါးယောက် လာလည်ကြဖူးသည်။ မိမိနှင့် ယူရမလားဟု 'ဦးသက်အောင်' ကိုဆူကြပူကြသည်။ ထိုစဉ်က မိမိကို အလွန်ချစ်မြတ်နိုးနေသော 'ဦးသက်အောင်' က သူတို့ငါးယောက်အား အိမ်ပေါ်မှဆင်းရန်နှင်ထုတ်ခဲ့သည်။

"ဟော့ကောင်ကြီး မင်းနှင်ထုတ်ပေမယ့် ငါတို့ရောက်လာကြပါတယ်ကွာ... ထပြီး နှင်ထုတ်ပါဦးလား... လူဆိုတာ သေမျိုးမို့ သေကြမှာချည်းပဲ... ဒါပေမဲ့ အသေစောလို့ နမြောတယ်ကွာ... နမြောတယ်"

ထိုသူငါးယောက်က 'ငယ်' ကိုရွံ့ရှာသလိုကြည့်ပြီး ပြောသော စကားများပင်ဖြစ်ပါသည်။ သေသေချာချာစဉ်းစားကြည့်တော့ မိမိသည် ကျေးဇူးရှင်မှန်းမသိသော မိန်းမပါပဲ။ မိမိဘဝသည် 'ဦးသက်အောင်' နှင့်သာ မရလျှင် 'ဦးသက်အောင်' နှင့်သာ မတွေ့ရလျှင် လူ့တံတွေးခွက်တွင် အရုပ်တကြွ နစ်မျောရန်သာ ရှိသည်။

'ဦးသက်အောင်' နှင့် ယူပြီး နောက်ပိုင်း မိမိဖြစ်ချင်တာတွေ အကုန်ဖြစ်ခဲ့သည်။ မျက်နှာပန်း ပွင့်ခဲ့သည်။ ငွေကို ရေလို





သုံးနိုင်ခဲ့သည်။ ယခုအခါ 'ဦးသက်အောင်' ၏ပစ္စည်းအားလုံးကို မိမိ ပိုင်ဆိုင်ခွင့်ရပြီ၊ မိမိပိုင်ဖြစ်ပြီ။ မိမိ သူ့အပေါ်တွင် မကောင်းမှန်း၊ သစ္စာမရှိမှန်း၊ ဂရုမစိုက်မှန်း၊ လော်လီဖောက်ပြားနေမှန်း သိပါသော်လည်း ရိုက်ပုတ်ညှဉ်းဆဲခြင်း မရှိဘဲ သူ့ဘဝကို အရှက်နှင့်သာ ဖြေသိမ့်ခဲ့သည်။

မိမိဘဝ၏ ကယ်တင်ရှင် ခင်ပွန်း၏ကောင်းကြောင်းများကို စဉ်းစားမိသဖြင့် သိမ့်ကနဲရှိုက်ငိုလိုက်မိသည်။ အသုဘလိုက်ပို့သူအားလုံး၏ မျက်လုံးများက 'ငယ်' ကိုအပြစ်ရှာသူလိုကြည့်ကြသည်။ 'အထွန်း' နှင့် မသက်ဘသလို ကြည့်ကြသည်။ ရက်လည်သောနေ့တွင် 'ဦးသက်အောင်' ရှေ့နေရောက်လာပြီး...

"ဟို လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက သူ ရုတ်တရက်သေဆုံးသွားရင် သားသမီးတွေအတွက် စိတ်မချလို့ အမွေခွဲဝေရေးနဲ့ ပတ်သက်ပြီး သေတမ်းစာသဘောမျိုး ရေးပေးသွားတယ်"

ထိုစကားကြောင့် 'ငယ်' မျက်လုံးပြူးသွားသည်။ မိမိအတွက်ကော ဘာတွေပေးသွားပါလိမ့်ဟု သိချင်လာသည်။

"သူ ဒီကိစ္စကို ဘာမှပြောမသွားပါလား"

"ဟုတ်ပါတယ် 'ဒေါ်ငယ်ငယ်'... သူ ပြင်ဦးလွင်ကိုရောက်လာပြီး ဟောဟိုက 'ဒေါ်ဦး' တို့ လင်မယားရှေ့မှာ ဆိုင်းထိုးသွားပါတယ်"

"ဟုတ်တယ် 'ငယ်' "



www.burmeseclassic.com

www.burmeseclassic.com



'ငယ်' ရင်တဖိုဖိုနှင့်သာ စောင့်ကြည့်နေရတော့သည်။

ပစ္စည်းအားလုံးကို ကလေးများ အသက်မပြည့်ခင်တွင် မိခင်က အုပ်ထိန်းပြီး သမီးကြီး 'ခင်ပြည့်စုံ' အသက် နှစ်ဆယ့်နှစ်နှစ်ပြည့်သောအခါ မန္တလေးရှိပွဲရုံကိုင်း၊ အတွင်း ပစ္စည်း သုံးပုံတစ်ပုံကိုင်း၊ မန္တလေး တည်းခိုခန်းမှရရှိငွေ သုံးဆုံ တစ်ပုံကိုင်း။ (အကယ်၍ မန္တလေးတည်းခိုခန်း အားရောင်းချခဲ့သော် သားသမီးသုံးယောက် သုံးပုံ ပုံ၍ တစ်ပုံစီယူပါ)၊ (ဘဏ်တွင်အပ်နှံထားသော ငွေများကိုလည်း သားသမီးများ သုံးပုံတစ်ပုံစီယူပါစေ)၊ မြင်းခြံလွှတ်ရှိ ပွဲရုံနှစ်ရုံကို 'ပြည့်ဖြိုး' နှင့် 'ပြည့်ဝ' အား တစ်ရုံစီပေးပါ၊ ကားသုံးစီးရှိသည့်အနက် သားသမီးများ တစ်ယောက်တစ်စီးစီ ယူပါ။

ကျွန်ုပ်၏ရှေ့နေကြီးက ကျန်သားသမီးများဖြစ်သည့် 'မောင်ပြည့်ဖြိုး' အသက် နှစ်ဆယ့်နှစ်နှစ်ပြည့် လျှင်ငင်း၊ သမီးငယ် 'ခင်ပြည့်ဝ' နှစ်ဆယ့်နှစ်နှစ်ပြည့် လျှင်ငင်း၊ ၎င်းတို့ ရသင့်သည်များကို ခွဲဝေပေးပါ။

ကျွန်ုပ်၏ သားသမီးသုံးယောက်ကလည်း ရရှိထားသောပစ္စည်းအမျိုးမျိုးကို တိုးပွားအောင် ရိုးသားစွာ ကြိုးစားကြပြီး ပေးကမ်းသင့်သူကို ပေးကမ်းပါ၊ ချီးမြှင့်သင့်သူကို ချီးမြှင့်ပါ၊ ဆွေမျိုးသားချင်းများ ဆင်းရဲလျှင် ထောက်ပံ့ပါ၊ ကူညီပါ။

မောင်နှမ အချင်းချင်းလည်း စည်းလုံးတိုင်ပင်ပါ၊ နွား





ကွဲလျှင် ကျားဆွဲတတ်ပါသည်။ မိခင် 'ဒေါ်ငယ်ငယ်'က သားသမီးများအား အငွေမခွဲဝေမီ အုပ်ချုပ်နိုင်ပြီး အားလုံးကိုအမွေခွဲပြီးသောအခါ သားသမီးသုံးဦးက မိခင်ကို တစ်လှည့်စီ ကျွေးထားပါ။

အားလုံးပျော်ရွှင်ကြပါစေ....

သားတို့သမီးတို့၏

ချစ်ဖေဖေ

'ငယ်'မပျော်ရွှင်နိုင်တော့ပါ။ အားလုံးလည်း အံ့အားသင့်သွားကြသည်။ အားလုံးထင်ထားသည်က အဘိုးကြီးသေသည်နှင့် အဘိုးကြီးပစ္စည်းများ 'ငယ်' လက်ဝါးကြီးအုပ်ကာနောက် ယောကျ်ားယူမည်ဟု။

ယခု အဘိုးကြီးက ဇနီးအတွက် ဘာတစ်ခုမှပေးမသွား။ 'ငယ်' လူတွေရှေ့မှာ ဟန်ပင်မဆောင်နိုင်တော့၊ နှုတ်ခမ်းကိုကိုက်ထားမိကာ မျက်ရည်တွေကျလာသည်။ လက်သီးနှစ်ဖက်ကိုဆုပ်ထားမိသည်။ တတ်နိုင်လျှင် 'ဦးသက်အောင်' ၏အလောင်းကို ပြန်တူးကာ ဓားနှင့်ပင် နုတ်နုတ်စင်းပစ်လိုက်ချင်သည်။

မိမိကတော့ တော်းငအကြီးထင်ထားခဲ့သည်။ လည်လိုက်တဲ့ အဘိုးကြီး မှတ်နေသည်။ ဒေါသည်တွေပြန်တော့ 'ငယ့်' ရင်ထဲက အစိုင်အခဲကိုထုတ်ဖော်သည်။

"ဟွန်း 'ငယ်' မသိအောင် သူက သေတမ်းစာတွေဘာတွေရေးရတယ်လို့... 'မမဦး' တို့က ဒါကိုပြောတောင်မပြောရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဘာဖြစ်နေကြတာလဲ"

"ဟဲ့ အဲဒီတုန်းက ရှေ့နေကြီးနဲ့ သူနဲ့ ငါတို့အိမ်မှာ မထင်မှတ်ဘဲ ဆုံပြီး ရယ်ရယ်မောမောရေးသွားကြတာပဲ... ပြီးတော့ ကိုယ့်တူ ကိုယ့်တူမတွေကို ရှိသမျှ အကုန်ပေးသွားတာပဲ... ညည်းကိုပေးတာနဲ့ အတူတူပဲဆိုတော့ ကျုပ်တို့ ကျိတ်ပြီးတောင် ဝမ်းသာနေသေးတာပဲ"

"သူများ သားသမီးကိုယူပြီး တစ်ပြားတစ်ချပ်မှ မပေးချင်တဲ့ လူကြီး ခုမှသေတာတောင် နောက်ကျသွားတယ်... ဟွန်း"

"ဟဲ့ နင့် စကားက ဘာစကားလဲ... ဆင်ခြင် ပြောစမ်း... နင့်သားသမီးရတာ နင်ရတာနဲ့ မတူဘူးလား... သူ့ကိုအသက်မပြည့်ခင် နင်ပဲ ကိုင်ရမှာကို... သူတို့ အသက်ပြည့်လို့ ဘွဲ့ရတော့ အလုပ်ဝင်ရင် နင် ဇိမ်နဲ့အနားယူရုံပဲ... သူတို့ လုပ်စာထိုင်စားရုံပဲ... ဒါကိုများ နင်က နာနေရသေးသလား"

"အို ဒါ 'မဦး' တို့ဘက်က တွက်တာ... 'ငယ်' ဟာ အရွယ်ရှိသေးတဲ့ မိန်းကလေး... သူသေပြီး နောက်ထပ်အိမ်ထောင်ပြုမှာစိုးလို့ တမင် အကျင့်ယုတ်သွားတာ... လူလည်ကြီး"

"ဒါတော့ နင့်အထင်ကိုးဟဲ့... ငါတို့ကတော့ ငါ့တူမ ငါ့တူတွေရတာ နင်ရသလိုပဲ ဝမ်းသာတယ်"

'ငယ်' စိတ်တိုပြီး မျက်နှာကို မှုန်ကုတ်ထားသည်။



## ၃၀

" 'ငယ်' "

"ဘာလဲ"

ဝရံတာတွင် ထိုင်နေသော 'ငယ့်' အား ကိုကိုက ခေါ်ခြင်းဖြစ်သည်။ စိတ်တိုနေသဖြင့် 'ငယ်' ခပ်မာမာပင်ပြန်ထူးသည်။

"နက်ဖြန် ငါပြန်မယ်... ကလေးနှစ်ယောက်ကို တစ်ခါတည်းခေါ်သွားမယ်"

"ခေါ်သွား"

"မသွားခင်မှာသွားဦးမယ်... နင်ဟာ မုဆိုးမဖြစ်ပေမယ့်လို့ အရွယ်ရှိသေးတယ်... ရုပ်ရှိသေးတယ်... နောက်အိမ်ထောင်မပြုဘူးလို့ မပြောနိုင်ဘူး... တကယ်လို့ နောက်အိမ်ထောင်ပြုမယ်ဆိုရင် ကိုယ့်မှာ သမီးပျိုတွေရှိတဲ့အတွက်စဉ်းစားပြီးမှပြုပါလို့"

"ဘာသဘောလဲ ကိုကို"

"သြော် ကို့ထက်ကြီးတာကို ယူလို့ပြောတာ... ဒါမှမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ် အရွယ်တူယူ... သိပ်ငယ်တဲ့လူယူရင် ကိုယ့်မှာက သမီးပျို
တွေနဲ့ဆိုတော့ နောင်ရေးစိတ်မအေးရဘူးပေါ့ကွာ"

"ဘာလဲ စောင်းမြောင်းပြောတာလား"

"ဘာ စောင်းလို့လဲဟ... စေတနာနဲ့ပြောတာ... နင့်ဟာ
န... လုံးအုံပွင့်တာတော့ မတတ်နိုင်ဘူး"

"ဟွန်း"

မျက်စောင်းက တော်တော်ပြင်းပါသည်။

"နင် 'ဦးသက်အောင်' သေတာ ဘယ်လိုခံစားရလဲ"

"ကိုကိုနော်... လူကို ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ စကားတွေ လာ
လာမပြောနဲ့... ကလေးအတွက် ပထွေးနဲ့ မတည့်မှာ စိုးရင် တစ်
ခါတည်း ခုကတည်းက ခေါ်သွားလိုက်"

"ပထွေးနဲ့ မတည့်မှာစိုးလို့ပြောတာ မဟုတ်ဘူးဟ...
ပထွေးက အကျင့်ကောင်းရင် တော်သေးတယ်...အကျင့်မကောင်း
နင့် သမီး အပျိုတွေ ဒုက္ခတွေမှာစိုးလို့ဟ"

"ဒီလောက်တောင် စိတ်ပူနေလည်း တစ်ခါတည်းခေါ်ပြီး
ထားလိုက်တော့... ဒါမှမဟုတ် သမီးတွေအတွက် စိတ်ချရအောင်
သိက္ခာသမာဓိရှိပြီး ရိုးသားတဲ့ လူပျိုကြီး ဦးကိုကိုပဲ ယူဖို့ရှိတော့
တာပဲ"

"ကဲ ဘယ်နှယ့်ရှိစ ဦးကိုကို"

ကိုကို ဘာဆက်ပြောရမှန်းပင် မသိတော့။





"ကဲ ဘယ်လိုလည်း ကိုကို... 'ငယ်' ကိုယူမလား"

"လူကြားလို့မကောင်းတဲ့စကားတွေ လာမပြောနဲ့ ဒါပဲ
'ငယ်'"

"မပြောချင်ရင် 'ငယ်' စိတ်တိုအောင်လာမပြောနဲ့ ဒါ
ပဲ"

ကောင်းသည်။ မိမိကို မဆီမဆိုင် ဝင်ပူသည်ကိုး။ ဘော
လူလိုမှ အေးအေးဆေးဆေးမနေဘဲကို။ ရန်ကုန်သွားရန် ဘူတာ
ဆင်းသွားသောအခါ အားလုံးလိုက်ပို့ကြသည်။ 'မဦး' ကလည်း
တူနှင့်တူမ ရန်ကုန်သွားပြီးအကြာကြီး နေမည်ဖြစ်၍ နှုတ်ဆက်
ရန် ပြင်ဦးလွင်ကိုပင် မပြန်သေးပေ။

"ကဲ ကလေးတွေကို ကိုကို လက်ထဲအပ်လိုက်ပြီ... ပြော
စကားနားမထောင်ရင် 'လတ်' တို့ဆီကို အကြောင်းကြားလိုက်"

'လတ်' ကလည်း သူ့ကလေးကိုချီ၍ ပြောသည်။

"စိတ်ချ... နင်လည်း နင့်ကလေးကြီးလာရင် ငါ့ဆီကိုပို့
လိုက် ငါထိန်းပေးမယ်"

"လူပျိုကြီးနော်... ဒီလိုနဲ့ အရိုးတွေဆွေးသွားဦးမယ်"

"အဲဒါပဲ ကောင်းပါတယ်ဟာ... 'ငယ်' ကိုကြည့်ပြီး အိမ်
ထောင်ပြုချင်စိတ်တောင်ကုန်တယ်"

'ငယ်' က သုန်သုန်မှုန်မှုန်ကြည့်သည်။ စကားတစ်ခုမှ
မပြော။ ကျောက်ရုပ်လိုရုပ်နေသည်။ ခပ်ဝေးဝေးတွင် ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသော 'အထွန်း' ကိုတွေ့ရသည်။ 'အထွန်း' ပကာတိရိုးသားသော မျက်နှာဖြင့် ကုပ်ကုပ်လေးရပ်ကြည့်နေခြင်းဖြစ်သည်။

အထက်တန်းအတွဲတွင် စီးတန်လျက်နေရာရသည်။ နှစ်ခုံတွဲရက်တွင် ကိုကိုနှင့် 'ပြည့်ဖြိုး' တို့ အမျိုးသားနှစ်ယောက်ထိုင်ပြီး တစ်ယောက်ထိုင်ခုံတွင် 'ပြည့်စုံ' ထိုင်သည်။ 'ပြည့်စုံ' တစ်ယောက် ဖခင်ကြီးကိုသတိရလို့လားမသိ မျက်ရည်တွေဝဲပြီး မျက်နှာလေးမှုန်နေသည်။

မန္တလေးတွင် ရှိနေစဉ်ကာလည်း သူမ အခန်းထဲက မထွက်။ သူမ လွတ်လွတ်လပ်လပ်နေစေရန် မိမိ စကားမပြောဘဲ နေလိုက်သည်။ ရှစ်နာရီလောက်ကြာမှ ထမင်းစားကြသည်။ ဆယ့်တစ်နာရီလောက်တွင် ကော်ဖီသောက်ပြီး အားလုံးအိပ်ကြသည်။

ရန်ကုန်ရောက်ပြီး နှစ်လခန့်ကြာသည်အထိ 'ပြည့်စုံ' ပုံစံက တစ်စုံတစ်ခုကိုတွေးပြီး ဆွေးနေတတ်သည်။ ဤနှစ်တွင် ကိုကိုတို့ ပိုစည်ကားစေသည်။ 'ပြည့်ဖြိုး' အတွက်ပါ အခန်းတစ်ခု ပိုလုပ်ပေးရသည်။ ဒေါ်လေးကော ဖေဖေကပါ သဘောကျသည်။ ကလေးမရှိ၍ အိမ်တွင်ပျင်းခြောက်နေရာမှ ပြန်စိုပြည်လာသည် မဟုတ်လား။

အလျင်နှစ်က တစ်ပတ်တစ်ခါ အိမ်ပြန်လာလျှင် မိမိ၏ နားထဲသို့ ဝင်းထည့်ရမလို။ စကားများလွန်းသော သာလိကာမ





လေးသည် ယခုအခါ အိပ်ခန်းထဲက မထွက်။ ကူလုပ်စရာရှိလျှင် ကူလုပ်ပေးပြီး ဝင်အိပ်နေတတ်သည်။ ဒီတစ်ခေါက် အငယ်ကောင်ကို ဟိုလိုက်ပို့ ဒီလိုက်ပို့နဲ့ အချိန်ကုန်နေသည်။ 'ပြည့်စုံ' ကိုလိုက်ခဲ့ဖို့ခေါ်သော်လည်း မရ။

အိမ်မှာလာအိပ်တာ လေးခေါက်ရှိပြီ။ ဒီတစ်ခေါက်တော့ သူမကို မေးမှ။

" 'ဖြိုး' မင်းအစ်မ ဘာဖြစ်နေတာလဲ"

"မသိဘူး ဦးကို... သူ ဖေဖေဆုံးပြီးကတည်းက အဲသလိုဖြစ်သွားတာပဲ"

"သြော်..."

တော်တော် အစွဲအလမ်းကြီးသော ကလေး၊ ပါလား။

" 'ပြည့်စုံ' "

"ရှင်..."

"အဝတ်အစားလဲပြီး အပြင်ခဏထွက်ခဲ့ဦး... အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ အပြင်သွားစရာရှိလို့"

'ပြည့်စုံ' ပါလာသည်။

"လူဆိုတာ သေမျိုးချည်းပဲ သမီး... သမီးဖေဖေသေသလို ဦးဦးလည်း သေရမှာပဲ... အားလုံးသေကြရမှာပဲ... ဦးဦးရဲ့မေမေ သေတုန်းကလည်း သမီးလိုပဲ ခံစားရတာပဲ... ဒါပေမဲ့ ဦးတို့ သမီးတို့ ဒီလို ဆွေးမြေ့ခံစားနေရတာကို သေသွားတဲ့ သူတွေမှမသိ



www.burmeseclassic.com

www.burmeseclassic.com



တော့တာ သမီးရယ်... တကယ်တော့ သေဆုံးသွားတဲ့လူတွေဟာ ဘဝသစ်ကိုကူးပြောင်းတဲ့ သူတွေပဲ... သေသွားတာနဲ့ ဒီဘဝကို ဘာမှမသိတော့ဘူး... ကိုယ် လွမ်းနေလို့ သတိရနေလို့ သူတို့ ဘာမှ မသိတော့မယ့်အတူတူ ကိုယ့်ရှေ့ဆက်ရမယ့်ခရီးကို ပျော်ပျော်ပဲနေသွားဖို့ ဦးတောင်းပန်ချင်တယ်... ကိုယ့်သွေးမျိုးသားခြင်း သေတိုင်း ဒီလိုသာ ခံစားနေရမယ်ဆိုရင် အခက်ပဲ... နောက်ထပ် သေမယ့်လူတွေ တစ်ပုံကြီးရှိသေးတယ်"

ထိုကဲ့သို့ပြောမှ 'ပြည့်စုံ' ပြန်ပျော်လာပါသည်။ သို့သော် တစ်ခါတစ်ခါ ဘာကိုတွေးပြီး ငိုင်နေသည်တော့မသိ။ အပျိုကြီး ဖားဖားဖြစ်လာလို့ ဟန်လုပ်လာသည်လား။

"'ပြည့်စုံ' ညည်း ဘာဖြစ်နေလဲ ပြောစမ်း"

'ဘာဖြစ်လို့လည်း ဦးရဲ့"

"အလျင်နဲ့မတူဘူး... ဘာလဲ ရည်းစားပူမိနေတာလား"

"ဟာ ပေါက်ကရတွေ... သမီးတို့ ဆရာမက ကောလိပ်ကျောင်းရောက်ရင် ရည်းစားမထားရဘူးတဲ့... ဘွဲ့ရမှတဲ့"

"နီး..., ညည်းအလျင်ကနဲ့ မတူဘဲ တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာကကော"

"ဘာမှမဖြစ်ပါဘူး ဦးရယ်"

'ပြည့်စုံ' မျက်လုံးထဲတွင် ဖခင်ကြီးအရက်မူး၍ အိမ်ပေါ်ကလိမ့်ကျသည်ကိုသာ မကြာခဏမြင်ယောင်မိပြီး အမေ့ကိုစိတ်





နာခြင်းများ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ထိုပြဿနာများကိုတွေးပြီး 'ပြည့်စုံ' ငိုင်တွေနေခြင်းဖြစ်သည်။

ဦးဦးသည်လည်း မိမိတို့နှင့် အမျိုးတော်စပ်သူ မဟုတ်။ စာသင်နှစ်တစ်နှစ်လုံး 'ပြည့်စုံ' စကားနည်းပြီး တွေဝေနေခဲ့သည်။ ကျောင်းပိတ်၍ အိမ်ပြန်ချိန်တွင်လည်း မောင်နှမနှစ်ယောက်စလုံး အိမ်မပြန်ကြ။ ထိုမောင်နှမကိုကြည့်ပြီး ကိုကို အံ့ဩရသည်။

"ဦးကို"

"ဘာလဲ 'ပြည့်ဖြိုး' "

"သားတို့ မန္တလေးမပြန်ဘဲ ဦးကိုတို့အိမ်မှာ တစ်လလုံးလုံးသောင်တင်နေမှာကို ကြိုက်ပါ့မလားဟင်... စိတ်များစိတ်ရှုပ်နေမလားလို့"

"အောင်မယ်လေးကွာ... တိုက်ကြီးတစ်တိုက်လုံး လူက နည်းနည်းကလေး အခန်းတွေကအများကြီး မင်းတို့မောင်နှမတင် မဟုတ်ဘူး မင်းတို့အိမ်ထောင်ကျပြီးရင်တောင် လာနေရတယ်... ငါတို့က မင်းတို့ရှိလို့ပျော်နေတာပါဟ"

"နောက်တစ်ခု အကူအညီတောင်းချင်တာက 'ပြည့်ဝ'ကို ကျောင်းသုံးလပိတ်တုန်း ရန်ကုန်မှာ ခေါ်ထားခွင့် ပေးပါလို့"

"ဒါက မင်းအမေနဲ့ဆိုင်တဲ့ကိစ္စပဲ... မင်းအမေခွင့်ပြုရင် ခေါ်ထားပေါ့"

"မေမေ ခွင့်ပြုအောင် ဦးကို ပြောပေးပါ... ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



'ပြည့်ဝ' ကို အရမ်းလွမ်းတာ... 'ပြည့်ဝ' လည်း ကျွန်တော်တို့ကို အရမ်းလွမ်းနေမှာပဲ"

မျက်ရည်ဝဲ၍ပြောနေသော 'ပြည့်ဖြိုး' ကိုကြည့်ပြီး ကိုကို ပင်ငိုချင်လာသည်။ ချက်ချင်းပင် မန္တလေးကိုဖုန်းခေါ်သည်။

" 'ငယ်' နှင့် တွေ့ချင်လို့ပါ"

"ခဏကိုင်ထားပါ"

'အထွန်း' အသံက ထိုသို့ပေါ်လာပြီး 'ငယ့်' အသံချက်ချင်းပေါ်လာသည်။

" 'ငယ်' ပါ ကိုကို"

'ငယ်'က အသံကိုမှတ်မိသည်။ ကိုကို မျက်မှောင်ကုတ်လိုက်မိသည်။ တယ်လီဖုန်းထားရာ နေရာသည် အောက်ထပ်စာရေးရုံးခန်းတွင်တစ်လုံးနှင့် အပေါ်ထပ် 'ငယ်' တို့အိပ်ခန်းတွင် တစ်လုံးဖြစ်သည်။ ဖုန်းလိုင်းကတော့ တစ်လိုင်းတည်းပါပဲ။

'ငယ်' ကပင် စာရေးရုံးခန်းတွင် အချိန်ပြည့်ရောက်နေခြင်းလား၊ ဒါမှမဟုတ် 'အထွန်း' ကပင် အပေါ်ထပ်အခန်းကို ရောက်နေခြင်းလား။ ကိုကိုက 'ပြည့်ဝ' ကိုပို့ပေးရန်ပြောသည်။

" 'ပြည့်ဝ' ကိုပို့ပေးရအောင်... သူတို့ကျောင်းပိတ်တာ ပြန်မလာကြအုံးလား"

"မပြန်ဘူးလို့ ပြောနေကြတာပဲ"

"ဟာ အဓိပ္ပါယ်မရှိတာပဲ ကိုကို"





"ဒါတော့ ငါလည်း မသိဘူး... သူတို့ ဆက်ခိုင်းလို့ ဆက်ရတာ"

"သူတို့ရှိလား... ခေါ်ပေးစမ်းပါ"

"ခဏ ကိုင်ထားဦး"

မောင်နှမနှစ်ယောက်လုံး တယ်လီဖုန်းပြောရင် အကြောက်အကန်ငြင်းနေကြသည်။ နောက်ဆုံး ဘယ်သူ့ကိုမှ ခေါ်မရ။ 'ပြည့်စုံ' က အခန်းတံခါးပိတ်ပြီး အထဲဝင်နေသည်။ 'ပြည့်ဖြိုး' တခြံထဲသို့ပြေးထွက်သွားသည်။ ဒုက္ခပါပဲလား။

"စောစောကရှိတယ်ဟ... တယ်လီဖုန်းခေါ်ထားတုန်း မသာသေးဘူးမှတ်ပြီး ဘယ်လျှောက်သွားတယ် မသိပါဘူး"

ကြားထဲက ကြည့်ကောင်းအောင်ပြောရသေးသည်။

"သူတို့လာရင် ပြောလိုက်ပါ ကိုကို... မန္တလေးကိုပြန်လာခဲ့ပါလို့"

"အေးအေး နောက်ကော"

"ဒါပါပဲ... လာမယ့်နေ့သာ ဖုန်းဆက်လိုက်"

"သူတို့က မလာဘူးဆိုရင်ကော"

"ဘာမလာစရာရှိလည်း ကိုကို... အမေတစ်ယောက်လုံးရှိနေတာကို ကျောင်းပိတ်ရက်ကလေးမှ ပြန်မလာချင်ရင်လည်း အမေပါသေအောင်ဆုတောင်းလိုက်ကြလို့ ပြောလိုက်ပါ"

'ငယ်' ကတော့ ထုံးစံအတိုင်း ကြမ်းတမ်းသောစကားကို



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားသည်။ နားထောင်ရသူ ဘဝင်မကျပါ။ မိမိကဝင်

လေးကို ပြန်မလွှတ်သလိုလို၊ စည်းရုံးထားသလိုလို၊ မဖြစ်ပါ

ပြန်ခိုင်းမှပါ။

"ပြန်ကြပါဟာ... နင်တို့မပြန်ရင် ငါ့ကိုအပြစ်တင်ဦး

ဟာ"

"မပြန်ပါရစေနဲ့ ဦးကိုရယ်... အိမ်ပြန်မယ့်အစား တ

ကိုသာ လျှောက်သွားပစ်လိုက်ချင်တာပဲ... 'ပြည့်ဖြိုး' ကလည်

နင်ပြန်လိုက်ရင် တော်သေးတယ်"

"အို... ကျွန်တော် မပြန်ချင်ဘူး... 'မမစုံ' ပြန်ပါလား"

"ငါမပြန်တာ ဖေဖေ့ကို သတိရမှာစိုးလို့ပါဟာ"

"ငါလည်း ဒီလိုပဲပေါ့"

မောင်နှမနှစ်ယောက်တိုင်ပင်၍ မိခင်ထံဖုန်းဆက်

သည်။ သူတို့ နောက်နှစ်မှ လာမည်ဖြစ်ကြောင်း။ ရေကူးသ

တန်းတက်ချင်ကြောင်း၊ အိမ်ပြန်လာလျှင် ဖခင်ဖြစ်သူကို သတိ

မည်စိုးသောကြောင့် 'ပြည့်ဝ' ကိုပို့ပေးဖို့ပြောကြသည်။

နောက်ဆုံး 'ပြည့်ဝ' ကိုလာပို့ပေးမည်ဆို၍ ဝမ်းသာသ

ကြသည်။ သုံးလေးရက်ကြာမှ 'ပြည့်ဝ' နှင့် 'ငယ်' တို့ရောက်လ

ကြသည်။

"မင်းတို့ကပို့ခိုင်းတော့ အရေးမကြီးဘူး... ပြန်ပို့တေ

ကော"





"'ပြည့်စုံ' လိုက်ပို့ပေးမယ်"

"နေပါစေ ဦးကိုလိုက်ပို့ပေးပါမယ်... စနေ-တနင်္ဂနွေ

ႏိုးပိတ်ရက်ကိုရွေးပြီး လိုက်ပို့ရင်ဖြစ်ပါတယ်"

"နင်တို့ အဲသလို ကျပ်ကျပ်လုပ်ကြ... လူပျိုကြီး စိတ်ညစ်

ပြီး မိန်းမယူသွားလိမ့်မယ်"

ကလေးလစ်သည်နှင့် 'ငယ်' က...

"ကိုကို"

"ဘာလဲ"

"ကိုကို ပြောတဲ့စကားတွေမေ့သွားပြီလား"

"ဘာစကားလဲ"

"'ငယ့်' သမီးကိုယူမယ်ဆိုတာလေ... အခု 'ပြည့်စုံ' က

ချမ်းလှနေတော့ ကိုကို စိတ်မဝင်စားဘူးလား... စိတ်မလှုပ်ရှား

ူးလား"

"ဟာ... ဘာတွေလျှောက်ပြောနေတာလည်း 'မိငယ်'...

ာလည်း နင့်သမီးကို ငါစိတ်ဝင်စားနေပြီလားဆိုတာ သိချင်လို့

ခဲ့တာလား... စိတ်ချ... ငါဟာ ယောကျ်ား... ငါ့သမီးလို ငါ့တူ

ညို စိတ်ထားလို့ အိမ်မှာအတူခေါ်နေတာ... ဘယ်တော့မှ စိတ်

ိတ်မှာမမွေးဘူးဆိုတာ နင် နားလည်ထား"

"အို... ဒါလေးပြောတာနဲ့ အော်ငေါက်နေလိုက်တာ

ူတို သဘောမတူလို့ပြောတာမဟုတ်ဘူး... 'ပြည့်စုံ' ဘွဲ့ရပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့ပေးစားမလို့ 'ငယ်' စဉ်းစားထားပြီးပြီ"

"'ငယ်'နှင် တော်တော့လို့ ပြောနေတာမကြားဘူးလား ငါနဲ့ ကလေးကြားမှာ အနေခက်မယ့်စကားမျိုးတွေ မပြောစမ်းပါ နဲ့ဟာ... 'ပြည့်စုံ' ဟာ ငါမွေးမှ ငါ့သမီးအရွယ်ပဲရှိတာ... ငါ့ဆေ တနာတွေ အလကားဖြစ်ကုန်အောင်မလုပ်နဲ့ဟာ"

"အဟင်းဟင်း... ကိုကိုကလည်း တကယ်စိတ်တိုတတ် တာပဲကွာ... ကိုကို့စေတနာကို 'ငယ်' သိပါတယ်... ကိုကြီးနဲ့ထု တုန်းက 'ငယ်' နဲ့ ကိုကြီးလည်း အသက်တွေအများကြီးကွာတာ ပဲ... အဲသလို အသက်ကြီးကြီးကိုယူတော့ 'ငယ်'ဘာလိုချင်ချင် ဘာဖြစ်ချင်ချင် အားလုံးအလိုလိုက်တယ်... 'ငယ့်' ကိုလည်း သိပ် ချစ်တယ်... သမီးကိုလည်း ကိုကိုချစ်တာ... အလိုလိုက်တာ ဆုံးမသွန်သင်တာ 'ငယ်' သိတာပဲ"

"တော် 'ငယ်' တော်... နှင်နဲ့ စကားဆက်မပြောတာပဲ ကောင်းတယ်"

ကိုကို စီးကရက်ကို ပြာခံခွက်ထဲ ထိုးချေရင်းမှ...

"ဒီမှာ 'မိငယ်'... 'ဦးသက်အောင်' ဟာ ငယ်တာ ချော တာကိုမက်မိလို့ အသက်ငယ်ငယ်နဲ့သေသွားတာ ငါ့မျက်စိရှေ့ တင်ပဲ... ငါဟာ 'ဦးသက်အောင်' လောက် မချမ်းသာသလို 'ဦးသက်အောင်' လောက် မမိုက်ဘူးဆိုတာ နှင်မှတ်ထားလိုက်ပါ"



# ၁၁

'ခင်ပြည့်စုံ' ဆယ်တန်းကို ဂုဏ်ထူးသုံးခုနှင့် အောင် သည်။ ဆေးတက္ကသိုလ်ဝင်ခွင့်ရသည်။

"'စုံ' ဆေးတက္ကသိုလ် မတက်ချင်ဘူး"

"ဟ ဘာဖြစ်လို့တုန်း... သူများတွေ တက်ချင်လွန်းလို့"

"အကြာကြီးတက်ရမှာ... ပြီးတော့ စာထဲမှာပဲစိတ်ဝင်စား ရမှာ"

"ညည်းက စာထဲစိတ်မဝင်စားလို့ တခြားဘာကိုစိတ်ဝင် စားချင်သေးလို့လဲ... သေချင်လို့လား... ဟွန်း"

'ပြည့်စုံ'ခေါင်းကို ခပ်နာနာထုပစ်လိုက်မိသည်။ 'ပြည့်စုံ' ကပြောင်ချော်ချော်မျက်နှာလေးဖြင့် မျက်လုံးကလေးပြူး၊ ခေါင်း လေးပုပြီး ကြည့်နေသည်။ မောင်နှမနှစ်ယောက်လုံးကို ကိုကို နားမလည်နိုင်အောင်ဖြစ်မိသည်။ သူတို့ခင်ဆုံးပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီကျောင်းပိတ်ရက်လည်း မန္တလေးမပြန်။ အောက်တိုဘာ ကျောင်းပိတ်ရက်လည်း အိမ်မပြန်။

ရန်ကုန်မှာပင် ပေကပ်ပြီးနေကြသည်။ မိခင်ဖြစ်သူက လည်း သားသမီးများနှင့်အပြိုင် စိတ်ကောက်ပြီး ရန်ကုန် မလာ။ 'ပြည့်ဝ' ကိုလည်း ရန်ကုန်မပို့တော့။ ယခုလည်း 'ပြည့်စုံ' မိမိစ အားကိုနားမထောင်။ မိမိက မန္တလေးဆေးတက္ကသိုလ်တွင် တက် ခိုင်းသည်ကို နားမထောင်ဘဲ ရန်ကုန်မှာပင်တက်ဖို့ လျှောက်လွှာ တင်ပြီးပြီ။ ပြီးတော့ ပြောသေးသည်။

" 'ပြည့်စုံ' က ရိုးရိုးမေဂျာပဲ တက်မလို့ဟာ... ဦးဦးစိတ် ဆိုးမှာစိုးလို့ ဆေးကျောင်းတက်လိုက်တာ"

"မဟုတ်တာတွေလျှောက်ပြော မနေစမ်းပါနဲ့ကွာ... နှင့် ကိုလိုင်းကောင်းကောင်းရစေချင်လို့ ကိုးတန်းကတည်းက ရန်ကုန် မှာပိုက်ဆံတွေ အကုန်ခံပြီးထားတာပေါ့ဟ... ဆယ်တန်းအောင် တာတောင် နှင့်အသက်က ဆယ့်ခြောက်နှစ်ပဲရှိသေးတာ... ဆေး တက္ကသိုလ်မှာ ခုနစ်နှစ်တက်ပြီး အောင်လို့ ဆရာဝန်မဖြစ်သွား ရင်တောင် နှင့်အသက် နှစ်ဆယ့်လေးနှစ်လောက်ပဲရှိဦးမယ်... အဲ ဒီအရွယ်ကျမှ အိမ်ထောင်ပြုရင် ရတယ်... သိပ်လောမနေနဲ့...ဘာ လဲအချိတ်အဆက်တွေ ဘာတွေရှိနေပြီလား"

"ဟဲ ဟဲ"

'ပြည့်စုံ' တစ်ကိုယ်လုံးလှုပ်ယမ်းပြီး မျက်နှာကိုမော့ကာ





ရှက်ရယ် ရယ်ခြင်းဖြစ်သည်။

"ဘာရယ်နေတာလဲ... နေစမ်းပါဦး... နှင့်မှာ တဲကယ် ရည်းစားရှိလို့လား... ဒီလောက် ကျောင်းနဲ့အိမ်... အိမ်နဲ့ကျောင်း သွားနေရတဲ့အထဲ ဘယ်အကောင်နဲ့ သွားတွေ့လဲ... ပြောစမ်း"

"ဟား ဟား"

'ပြည့်စုံ' ဆိုဖာနောက်မှီပေါ် ပစ်လှဲချပြီး နှစ်ခြိုက်စွာ ရယ်သည်။ ကိုကိုတစ်ယောက် မိမိကိုယ်မိမိ ဘာဖြစ်သွားသည် ဆိုတာ မေ့လျော့သွားသည်။ မျက်ခုံးထူထူကြီးနှစ်ဖက်တွန့်၊ နှုတ် ခမ်းကိုစိပြီး ဒေါသတကြီးမေးနေသော ကိုကို၏ မျက်လုံးများ သည် စိုးရိမ်ခြင်းနှင့် သဝန်တိုခြင်းတို့ကို ဖော်ကျူးနေကြောင်း အပျိုမလေး 'ပြည့်စုံ' ကောင်းကောင်း တွေ့မြင်လိုက်ပါသည်။

"ဘာရယ်နေတာလည်း 'မိပြည့်'... ငါ့ကို စိတ်တိုအောင် လုပ်နေတာလား"

'ပြည့်စုံ' ကမျက်နှာချင်းဆိုင်ထိုင်နေရာမှ လှစ်ကနဲထ လာပြီး ကိုကို့ဘေးသို့ စွေကနဲ ဝင်ထိုင်လိုက်သည်။ ပြီးတော့ သူ့ ဦးကို၏ မျက်နှာကို ပြုံးပြုံးလေးကြည့်ကာ...

"ဦးကို"

"ဘာတုန်း"

"ဆေးကောလိပ်တက်ရင် အိမ်ထောင်ပြုလို့ရတယ် မ ဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com

" 'ပြည့်စုံ' နင် ဘာတွေလျှောက်ပြောနေတာလဲ... နင် အတော်ကဲပါလား... ဆယ်တန်းလေးအောင်ရုံနဲ့ နင့်ကိုနင် ဟုတ်လှပြီထင်နေသလား"

"မထင်ပါဘူး ဦးရာ"

"ဘာလို့ ပညာရေးကိုဦးစားမပေးဘဲ အချစ်ရေးကို ဦးစားပေးချင်တာလဲ... နင်လည်း နင့်အမေလိုပဲ... တော်မလိုလိုနဲ့ ယောင်းမမြင်းစီးထွက်တာပဲ... ရှုပ်တယ်... ရှုပ်တယ်... ငါ့ပြော စကားနားမထောင်ရင် နင့်အမေဆီ နင်ပြန်"

ခါတိုင်းနည်းနည်းကဖွေးဆူသည်နှင့် စိတ်ကောက်တတ်သော 'ပြည့်စုံ' သည် မိမိ သည်လောက်ပြောနေသည်ကိုပင် ပြုံးစိစိလုပ်နေတုန်း။

"ဦးကလည်း ဒေါသကြီးပဲ... သမီးပြောတာကိုလည်း နားထောင်ပါဦး"

"လင်ကြောင်း သားကြောင်း ပြောမှာဆို ဆက်မပြောနဲ့"

"ဒီလိုပါ ဦးရယ်... 'ပြည့်စုံ' ပညာစုံမှ... ဆရာဝန်ဖြစ်မှ လက်ထပ်မယ်ဆိုရင် 'ပြည့်စုံ' ချစ်တဲ့လူက အသက်အရမ်းကြီးသွားမှာ... စာသင်နှစ်က အကြာကြီး မဟုတ်လား... ဒါကြောင့် ဒုတိယနှစ်လောက်ကျရင် လက်ထပ်ရင် ကောင်းမလားလို့"

"ဟင်... နင့်ချစ်သူက အသက်ဘယ်လောက်ကြီးနေလို့လဲ"





"သိပ်တော့ မကြီးပါဘူး ဦးကိုလောက်ပါပဲ"

"ဘာ... ဘယ်လို"

ကိုကို့ တစ်ကိုယ်လုံး မိုးပေါ်မြောက်တက်သွားသလားထင်လိုက်ရသည်။ ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်းကြီးလည်း ဖြစ်သွားသည်။ ဒီကောင်မလေး ဘယ်လိုအဓိပ္ပါယ်နှင့် ပြောသနည်း။ ဘော်ဒါနှင့် မိမိနေအိမ်တွင်သာ ကျင်လည်ခဲ့ရသော ဤမိန်းကလေး၏ ချစ်သူသည် မည်သူနည်း။

မိမိကို ပြောခြင်းလား။ ဦးဦး အသက်လောက်ပဲဆိုတော့ မိမိကိုပဲ ဖြစ်မည်။ အင်း တပ်အပ်ပြော၍တော့ မရ။ သူမ နှစ်နှစ်တိတိနေလာခဲ့သော ဘော်ဒါမှ ဆရာတစ်ယောက်သည်လည်း မိမိ အသက်အရွယ်လောက်ရှိပြီး လူပျို လူလွတ်ပင် ဖြစ်သည်။

"နင်နဲ့ယူမှာ ဘယ်သူလဲ... ကျောင်းက ဆရာလား"

"ဟာ... မဟုတ်ပါဘူး... ဆရာ့ကို စိတ်နဲ့တောင် မပြစ်မှားဘူး"

"နို... ဘယ်သူတုန်း"

"ဟင်... ဦးကိုကလည်း မသိချင်ဟန်ဆောင်နေပြန်ပြီ... 'ပြည့်စုံ' ငယ်ငယ်က ဦးကိုပဲ ခဏခဏပြောတာလေ... 'ပြည့်စုံ' ကြီးလာရင် ဦးကိုနဲ့ ယူရမယ်ဆို... 'ပြည့်စုံ' ပြောတာ ဦးကိုပါလို့"

"ဟာကွာ"


www.burmeseclassic.com

www.burmeseclassic.com

ကိုကို အနေရအထိုင်ရခက်ပြီး မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ပွတ်သပ်နေမိသည်။ ပြီးမှ 'ပြည့်စုံ' ကိုမကြည့်ဘဲ...

"အရှုးမ ငါက အဟုတ်မှတ်လို့ နင် တော်တော် နောက်တယ်"

"ဟင်... 'ပြည့်စုံ' နောက်နေတာ မဟုတ်ဘူး ဦးကိုရဲ့... အဟုတ်တကယ်ပြောနေတာ... 'ပြည့်စုံ' ဘွဲ့ရမှာဆို ဦးကို အသက်က အိုဗာဖော်တီ ဖြစ်သွားမှာ... 'ပြည့်စုံ' ကို အသက်မပြည့်လို့ စောင့်ရတာမျိုး... ကျောင်းမပြီးလို့ စောင့်ရတာမျိုးနဲ့... ဦး အဘိုးကြီးဖြစ်သွားမှာပေါ့"

ရယ်ရယ်မောမောနှင့် ချစ်စဖွယ်ပြောနေသော 'ပြည့်စုံ' ၏ နုနုလှလှမျက်နှာလေးကို ကိုကို ကြောင်စီစီ ငေးကြည့်နေမိသည်။

"ဒါ နောက်စရာစကားမဟုတ်ဘူး 'ပြည့်စုံ' "

"မနောက်ပါဘူးဆိုနေ အတည်ပြောနေတာ"

"တော်စမ်း... ဘေးလူတွေကြားလို့မှ မသင့်တော်တာ"

ကိုကို ဆူလိုက်ငေါက်လိုက်သဖြင့် 'ပြည့်စုံ' ကမျက်နှာငယ်လေးဖြင့် ပြူးကြောင်ကြောင်ပြန်ကြည့်နေသည်။

"နောက်ထပ်လည်း အဲသလို အခြေအမြစ်မရှိတဲ့စကားတွေ ထပ်မပြောနဲ့... နင် ပညာတွေတတ်ပြီး အသိဉာဏ်ခေါင်းပါး





တဲ့မိန်းကလေးပဲ... နင်ဟာ ငါ့သမီးအရွယ်... နင့်ကို တူမလေးလို သမီးလေးလို စေတနာသန့်သန့်နဲ့ ခေါ်စောင့်ရှောက်ခဲ့တဲ့ ငါ့ကို ပတ်ဝန်းကျင်က ဒီယုန်မြင်လို့ ဒီချုထွင်းတယ်အပြောခံရအောင် လုပ်တာလား"

"ဦးကို... 'ပြည့်စုံ' ကိုမအော်ပါနဲ့"

"မအော်စေချင်ရင် နင် ပေါက်ကရတွေ မပြောနဲ့... ဒါ နောက်စရာမဟုတ်ဘူး"

"ဟဲ့ ဘာဖြစ်နေကြတာလဲ... ဆူဆူညံညံနဲ့... ဒီတူဝရီး"

အပေါ်ထပ်မှဆင်းလာသော ဒေါ်လေးကြောင့် ကိုကိုတို့ စကားပြတ်သွားသည်။ 'ပြည့်စုံ' က ၎င်း၏ အိပ်ခန်းရှိ အပေါ်ထပ်သို့ ပြေးတက်သွားသည်။

"မင်းကလည်း ကွာ... အလကား အားနေဆူနေတာပဲ... ကိုယ့်ကိုခင်လို့ အားကိုးလို့ ဒီမှာလာနေတာကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့... သူပြန်တော့ မင်းပဲ မနေတတ်မထိုင်တတ်နဲ့"

'ပြည့်စုံ' စိတ်ကောက်နေသည်။ တစ်အိမ်တည်း အတူနေသော 'ပြည့်စုံ' က စိတ်ကောက်ပြီး ငါးရက်လုံးလုံး မတွေ့အောင် အခန်းအောင်းနေတတ်သည်။ အစ်မလုပ်သူ ဘာဖြစ်နေသည်ကို မသိ။ မနက်မိုးလင်းသည်နှင့် ရေကူးသင်တန်းသွားသည်။ နေ့လည်အကြ အင်္ဂလိပ်စာသင်တန်းတက်သည်။

ညနေတင်းနစ်ရိုက်သွားသင်သည်။ ပြန်လာလျှင် ရေမိုး


www.burmeseclassic.com

www.burmeseclassic.com



ချိုး စားသောက်ပြီး မျက်လုံးကစင်းနေပြီ။ ကိုကို ညည့်ခန်းတွင် တစ်ယောက်တည်း ထိုင်နေမိသည်။ အလျှင်ကဆိုလျှင် ပြည့်စုံ' တို့မောင်နှမ မေးသမျှကို သုခမိန်လုပ်လျှင်လုပ်။ ဒါမှမဟုတ်၊ သူတို့မောင်နှမ အငြင်းအခုံ လုပ်သည်ကို မိမိကဖြေရှင်းပေးရင် ပေး။

တီတီတာတာနှင့် ရယ်စရာ မောစရာပြောနေကြသော သူတို့နှစ်ယောက်ကြားတွင် ပီတိတွေဖြာရင်း ညမိုးချုပ်အိပ်ရာဝင်သွားစမြဲ။ ခုတော့ တစ်ယောက်တည်း ကြောင်တောင်တောင်နှင့် ထိုင်နေရသည်မှာ ဆယ်ရက်ခန့်ရှိပြီ။ 'ပြည့်စုံ' ဆုပြီးငေါက်ပြီး ပြန်ချော့နေကြဖြစ်၍ ယခုလိုပြန်မချော့ရဘဲ လုံးဝမတွေ့ရဘဲနဲ့ နေရသောအခါ အနေရအထိုင်ရခက်နေသည်။ ပျင်းရိခြောက်သွေ့နေသည်။

အတူတူနေလျက်နှင့် မတွေ့ရတာလေးကိုပင် မိမိ မနေတတ်မထိုင်တတ် ဖြစ်နေလျှင် သူမနှင့် ထာဝရဝေးကွာသွားရလျှင်ကော မိမိ မည်သို့ရှိမည်နည်း။ 'ပြည့်စုံ' က မိမိနှင့်သူ လက်ထပ်ရအောင်တဲ့။ ထိုစကားပြောရအောင် သူမက မိမိကို ချစ်လို့လား။ မိမိကကော။ မိမိကတော့ သူမကို ယခုမှမဟုတ် ငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့ကောင်ပါ။

သို့သော် မဖြစ်နိုင်၊ လုံးဝမဖြစ်နိုင်။ ပတ်ဝန်းကျင်က မိမိကို ဘာပြောမည်နည်း။ မိမိ စေတနာတွေ အလကားဖြစ်ကုန်





မည်ပေါ့၊ အလကားလူ ဖြစ်သွားမည်ပေါ့။ အို ပတ်ဝန်းကျင်ကို ဂရုစိုက်နေရင် ဘာအလုပ်မှတောင် ဖြစ်မည်မဟုတ်။ ပြောချင်တာပြောကြ။ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပေါ့။

မိမိဘဝကို သာယာပျော်ရွှင်ကြည်နူးစေမှာ 'ပြည့်စုံ'။ သူမ မရှိလျှင် မိမိ မနေတတ်။ မိမိကိုယ် မိမိ ဟန်ဆောင်နေသည်မှာကြာပြီရော။ ဆုံးဖြတ်ချက်ကို ဟိုဘက်ဒီဘက် ယတိပြတ်မချရဲအောင်ဖြစ်နေသည်။ သူမ မိခင် 'ငယ်' ရှေ့တွင် မိမိ ဟန်တစ်လုံးပန်တစ်လုံးဖြင့် 'ပြည့်စုံ' နှင့် ပေးစားသည်ကို ငြင်းခဲ့ပြီးပြီ။

'ပြည့်စုံ' ကိုလည်း ဆုပြီး ငေါက်ပြီးပြီ။ ငေါက်လို့ စိတ်တောင်ကောက်နေပြီ။ ဗီရိုပေါ်တွင် သူတို့မောင်နှမ၏ ဓာတ်ပုံနှစ်ပုံကို ထောက်မှန်ဖြင့်ထည့်ထားသည်။ မိမိကိုယ်တိုင် ရိုက်ပေးထားသောပုံလည်း ဖြစ်သည်။ ပုံထဲတွင် 'ပြည့်စုံ' က ဒူးဆစ်မနို့ရှည်သော ဘောင်းဘီအနီ၊ စပို့ရှပ်အနီနှင့် အနက်ကြားကင်းဗတ်ဖိနပ်ကို ခြေအိတ်အဖြူဖြင့်စီးထားသည်။

လက်နှစ်ဘက်ခါးပေါ်တွင်ထောက်၊ ခါးကုန်းပြီးမျက်လုံးတစ်ဘက်မှိတ်ကာ လျှာထုတ်နေသောပုံဖြစ်သည်။ မိမိဓာတ်ပုံရိုက်စဉ်က တစ်ချိန်လုံးလိုက်နှောက်နေသဖြင့် သူမကို အလစ်ချောင်း၍ ရိုက်ထားသောပုံဖြစ်သည်။ ထိုပုံကိုကြည့်ပြီး ရင်ထဲတွင် သိမ့်ကနဲဖြစ်သွားသည်။ သူမ နေထိုင်ရာအိပ်ခန်းဘက်သို့ မျက်လုံးတစ်ဘက် စွေကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"သော့ခတ်ထားပါလား"

"ဒေါ်လေး 'ပြည့်စုံ' ရော"

"သူ့ သူငယ်ချင်းအဆောင်မှာသွားအိပ်တာ သုံးညရှိပြီ— မင်းကို ပြောပြီးပြီဆို"

"ဪ... ဟုတ်သားပဲ... မေ့သွားလို့ ဒေါ်လေး"

သူမ ပြန်လာမည့်ရက်ကိုစောင့်သည်။ ငါးရက်အထိ ပြန်မလာ။ ကိုကို မနေနိုင်တော့ အဆောင်သို့လိုက်သွားသည်။ 'ပြည့်စုံ' က အနွေးထည်လေးဖြင့် ထွက်လာသည်။ မျက်နှာလည်း ချောင်နေသည်။ မျက်လွှာကိုချ၍ ခေါင်းငုံ့ထားသည်။

"သမီး နေမကောင်းဘူးထင်တယ်"

'ပြည့်စုံ' ခေါင်းညိတ်သည်။ ကိုကို 'ပြည့်စုံ' အနီးသို့တိုးကပ်သွားပြီး နဖူးကိုစမ်းသည်။ ကိုယ် အနည်းငယ်နွေးနေသည်။

"ဘာလို့ ဖျားတာလဲ"

"မသိဘူး"

"ပစ္စည်းတွေသွားယူ... ဘာကိစ္စ ဒီမှာလာနေတာလဲ"

'ပြည့်စုံ' ခေါင်းငုံ့ပြီး ပါးပေါ်သို့မျက်ရည်များ တစ်လိမ့်လိမ့်စီးကျလာသည်။ ပါးပေါ်မှတစ်ဆင့် သူမ၏ ပေါင်ပေါ်သို့ မျက်ရည်တွေ တစ်ပေါက်ပေါက်ကျနေသည်။

"ငိုမနေနဲ့လာ ... ပစ္စည်းတွေသွားယူဆိုနေ"





"'ပြည့်စုံ' ဟာ ဦးကိုရဲ့ သန့်စင်တဲ့စေတနာကို စော်ကားတဲ့သူပါ... ရှေ့လျှောက်လည်း ဦးကိုနဲ့နေဖို့ မသင့်တော်တော့ပါဘူး... 'ပြည့်စုံ' ပြန်မလိုက်ပါရစေနဲ့"

ကိုကို ဘာဆက်ပြောရမှန်းမသိ။ ရင်ထဲက ပြန်လိုက်စေချင်နေသော်လည်း အခေါ်ရခက်နေသည်။

"နင် ငါ့အိမ်ကို ဘယ်တော့မှ မလာတော့ဘူးလား"

"'ပြည့်စုံ' ဟာ ဦးအတွက် အနှောက်အယှက်ပါ... 'ပြည့်စုံ' ကြောင့် ဦးကို စိတ်ဆင်းရဲမှာစိုးလို့ပါ... 'ပြည့်စုံ' ဦးကိုနဲ့မနေသင့်တော့လို့ပါ"

"နင် ဒီမှာနေရတာ ပျော်သလား"

"'ပြည့်စုံ' ဘယ်မှာနေနေ ပျော်မှာမဟုတ်တော့ပါဘူး"

သူမက အင်တင်တင် အသံဖြင့် ပြောနေခြင်းဖြစ်သည်။ ကိုကိုလည်း ရင်ဝယ်တစ်လှပ်လှပ်ခံစားနေရသည်။

"'ပြည့်စုံ'"

"ဦးကို"

"'ပြည့်စုံ' ကို သမီးတစ်ယောက်လို... တူမ အရင်းတစ်ယောက်လို သဘောထားပြီး ပြုစု စောင့်ရှောက်ခဲ့တဲ့ ဦးကိုဟာ 'ပြည့်စုံ' ကိုဇနီးမယားအဖြစ် သိမ်းပိုက်လိုက်ရင် ပတ်ဝန်းကျင်က ဘာပြောကြမလဲ"

"ဦးကို ပတ်ဝန်းကျင်နဲ့ 'ပြည့်စုံ' ဘယ်သူ့ကို ရွေးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကိုကို ပါးစပ်ပိတ်သွားသည်။ ဟုတ်ပါသည်။ မိမိ ပတ်ဝန်းကျင်ကို မချစ်ပါ။ မိမိချစ်တာ 'ပြည့်စုံ' ကိုပါ။

"ပတ်ဝန်းကျင်ကိုဘေးဖယ်ထားပြီး ဦးက ညည်းကိုယူပါပြီတဲ့ စေတနာနဲ့စောင့်ရှောက်ခဲ့တာ ချစ်ခင်ခဲ့တာဟာ အလကားဖြစ်ကုန်မှာပေါ့"

"ဘာများထူးမှာမို့လည်း ဦးရယ်... ဦးကသမီးကိုအစက ၅၂၈ မေတ္တာနဲ့ချစ်ခဲ့ရာက အခု ၁၅၀၀မေတ္တာဖြစ်အောင် ထပ်တိုးပြီးချစ်ရမှာပဲ... ချစ်နေရာက ပိုချစ်ရတာမကောင်းဘူးလား... မချစ်ချင်ဘူးလား ဦး... 'ပြည့်စုံ' ကိုမချစ်ဘူးလား... သတ္တိမရှိဘူးလားဟင်"

"'ပြည့်စုံ' နင်တို့အရွယ်ဟာ လောကကိုဘာမှနားမလည်သေးတဲ့အရွယ်..., အတူတူနေပြီး သာယာတာလေးပျော်ရွှင်တာလေးကိုအချစ်လို့ထင်နေတာပါ... တစ်နေ့နင်အပြင်လောကမှာကျင်လည်တဲ့အခါ ငါ့ထက်ချစ်မယ့်သူတွေ ငါ့ထက်သာတဲ့လူတွေတစ်ပုံကြီးတွေ့လာမှာပဲ... အဲ့ဒီအခါ ငါဟာနင့်အတွက်ရှုမုန်းစရာလူသားတစ်ဦးဖြစ်လာလိမ့်မယ်... ငါအသက်ကြီးမှ ဒုက္ခမရောက်ပါရစေနဲ့ 'ပြည့်စုံ'"

ကိုကို့မျက်လုံးထဲတွင် 'ဦးသက်အောင်' နှင့် 'ငယ်' တို့၏ရုပ်ပုံလွှာများကို ပြန်မြင်ယောင်မိသည်။

"'ဦးကို' က 'ပြည့်စုံ' ကို မေမေ့လိုပဲဖေဖေ့အပေါ်မကြင်





နာသလိုလုပ်မှာစိုးလို့လား"

"ဒါပေါ့"

"'ပြည့်စုံ' ဟာ မေမေတစ်ယောက်တည်းက မွေးထားတာမဟုတ်ပါဘူး... ဖေဖေ့လိုသွေးသားရှိတဲ့ ကြင်နာတတ်တဲ့သွေးလဲပါပါသေးတယ်"

"'ပြည့်စုံ'..."

"ဟင်..."

"ညည်း အေးအေးဆေးဆေးကျောင်းတက်ဦး"

"ဘာလဲ 'ဦးကို' က 'ပြည့်စုံ' ကိုမယုံဘူးပေါ့လေ... ဦးဦးတို့အိမ်ကိုပြန်လိုက်ခဲ့တော့မယ်နော်"

"နေဦး မလိုက်နဲ့ဦး"

"ဟင် 'ဦးကို' ကလည်းဘာဖြစ်လို့လဲ"

"အဆောင်မှာပဲနေ"

"ဟင် ဘာဖြစ်လို့တုန်း"

"အဆောင်မှာပဲနေပါ... ကျောင်းပြီးအောင်သင်ပါဦး"

"ဟင်..."

ကိုကိုဘာမှဆက်မပြောတော့ဘဲ ခပ်တည်တည်မျက်နှာဖြင့်ထွက်ခဲ့သည်။ အတူတူနေလာကြရာမှ ပြန်လည်ခွဲခွာရမည်ဆိုသောအခါ ရင်မှာခံစားမှုတစ်မျိုး ဝင်လာတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com

## ၂

ချစ်တဲ့ ဦးကို

သိပါတယ် ဦးကိုရယ်...

အဆောင်ကို သူများချစ်သူတွေနေ့တိုင်းလာတွေ့တယ် လမ်းလျှောက်ကြတယ်... လျှောက်လည်ကြတယ်... ပြည့်စုံမှာတော့ လာတွေ့မယ့်သူလည်းမရှိဘူး... ဦးကိုကလာလိုက်ရင် ပြည့်ဖြိုးနဲ့ အမြဲလာတယ်... ပြီးရင်ဟိုယိုဟိုယာနဲ့ပြန်ကြရော... ဦးက တကယ်မှမချစ်တာ... ဝထမနှစ်သာကုန်တော့မယ် ဦးကိုက ရုပ်ရှင်လည်းမပြဘူး...

တော်ပြီ ဦးကိုကို ထွက်မတွေ့တော့ဘူး...

မပြည့်စုံတဲ့

ပြည့်စုံ

ကိုကို မိမိစိတ်ကို သံပတ်ပြန်ပေးနေရသည်။

ခွင့်တစ်လယူ၍ ရှမ်းပြည်နယ်သို့ထွက်ခဲ့သည်။ မိမိမိုက်





လျှင်စိတ်အလိုလိုက်လျှင် တစ်သက်လုံးစိတ်ဆင်းရဲရမည်။ ကလေးကငယ်လို့အပြစ်မရှိ။ မိမိကလူကြီး။

"အတူတူနေဖို့နောက်တစ်နှစ်ပဲ လိုတော့တယ်နော်... အဟင်း ဟင်း..."

'ပြည့်စုံ'က ကိုကို့လက်မောင်းကိုမှီခိုရင်း ခေါင်းလေးကိုငဲ့ကာပြောသည်။ သူမပျော်နေသည်။ မိမိမှာသာ ပျော်ချင်လျက်နှင့်ပတ်ဝန်းကျင်ကို ကြောက်နေသည်။ ဟာကွာ ပတ်ဝန်းကျင်ကငါနဲ့ 'ပြည့်စုံ' အမြဲတွဲနေတာသိပြီးသားပဲ။ ဘာဂရုစိုက်စရာလိုသလဲ။

ရုပ်ရှင်ကြည့်ဖြစ်ကြသည်။ 'ပြည့်စုံ' သွားချင်ရာလိုက်ပို့သည်။ လိုချင်တာဝယ်ပေးသည်။ ယခုမှချစ်သူဖြစ်ပြီး လောကကိုမေ့နေကြသည်။ အချိန်တွေကုန်လို့ကုန်မှန်းပင် မသိကြ။

"'ဦးကို'... ကျောင်းပိတ်ရင် 'ပြည့်စုံ' 'ဦးကို' တို့အိမ်မှာပြန်လာနေမှာနော်"

"မနေရပါဘူး"

"ဟင် ဘာဖြစ်လို့တုန်း... အမြဲအဲလိုပဲ နေခဲ့တာပဲဟာကို"

'ပြည့်စုံ'က နှုတ်ခမ်းကိုစူ ပါးကိုဖောင်းပြီး ဗလုံးဗထွေးပြောကာ သူမ၏ကိုယ်လုံးလေးကို ကိုကို့ရင်ခွင်ထဲ ထိုးလှဲချလိုက်သည်။ ကိုကို ဆွဲထူပြီးကိုယ်ချင်းခွာသည်။ 'ပြည့်စုံ'က ကိုကို့ကိုတောင့်ထားပြီး ပြန်လှဲချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကို..."

'ပြည့်စုံ' ဒေါသဖြင့်အော်သည်။

"'ပြည့်စုံ' ကိုမချစ်ဘူးလားချစ်လား ဒါပဲပြော"

"ချစ်လွန်းလို့ ခက်နေတာပေါ့ဗျာ"

ကိုကိုက သက်ပြင်းချပြီးဖြေသည်။

"'ပြည့်စုံ' ကိုချစ်ရတာပဲ... သူ့မှာ သက်ပြင်းတချချနဲ့ ဒီလောက်ဖြစ်နေလည်း မချစ်နဲ့တော့"

"ခုလို အတူတူ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေလာခဲ့ကြရာက ကျုပ်တို့ကံကြမ္မာက ခွဲလိုက်ကြရင် ဘယ်လိုနေကြမယ် မသိဘူး"

"ဦးကိုနော်... ကွဲတဲ့စကားကိုမပြောပါနဲ့ဆို... ချစ်လျက်သားနဲ့ သမီးကိုပစ်မသွားနဲ့ ဦးကို သမီးမခွဲနိုင်တော့ဘူး"

'ပြည့်စုံ'က ကိုကို့ တစ်ကိုယ်လုံးကို သူမ လက်နှစ်ဘက်ဖြင့် မိသလောက်အတင်းဖက်တွယ်ထားသည်။ 'ပြည့်စုံ'၏နက်မှောင်သော ဆံပင်ပွပွလေးများကို ကိုကိုက ပွတ်သပ်ပေးရင်း...

"သမီးလို ပြည့်စုံလှပယဉ်ရှယ်တဲ့ မိန်းမလှလေးတစ်ယောက်ကို ဘယ်ယောကျ်ားကမှ မချစ်ဘဲမနေပါဘူး... ဦးကို သမီးကို ချစ်ခဲ့တာက သမီးမေမေ့ဗိုက်ထဲက မထွက်ခင်ကတည်းကပါ"

"ဘယ်အထိ ချစ်မှာလဲ"





"ထာဝရပေါ့"

"အဟင်း ဟင်း"

'ပြည့်စုံ' သဘောကျသွားသည်။

"ပြန်ကျစို့ အဆောင်ဝင်နောက်ကျလိမ့်မယ်"

"ပြန်တာပေါ့ ဦးရယ်... ကျောင်းပိတ်ရင် ဘယ်မှာနေရမှာတုန်း"

"ဦးကို့ကို ချစ်ရင် ဒီနှစ်ကျောင်းပိတ်ရင် မန္တလေးကို မောင်နှမနှစ်ယောက်လုံးပြန်ရမယ်"

ထိုစကားကြောင့် 'ပြည့်စုံ' မျက်နှာလေး မှုန်ငေးသွားသည်။

"သမီး မေမေဟာ အရွယ်ရှိတဲ့မိန်းမတစ်ယောက်... ပြီးတော့ 'ပြည့်ဝ'ဟာလည်း အရွယ်ရောက်စပြုလာပြီ... 'ငယ်'ဟာ ဘာပဲဖြစ်ဖြစ် 'ပြည့်စုံ'တို့ရဲ့ အမေ... မွေးထုတ်ပေးထားတဲ့ ကျေးဇူးတရားကို ဘယ်တော့မှ မမေ့နဲ့... တော်ရောပေါ့... မန္တလေး မပြန်တာ ဘယ်နှစ်နှစ်ရှိပြီလဲ... ဟိုကလည်း စိတ်ကောက်ပြီး မလာဘူး"

"ဟွန်း... သိပါတယ်... ဦးကို ချစ်တာ မေမေ့ကို မဟုတ်လား... မသိရင် ခက်မယ်"

"ဟာ... ဒီကောင်မလေး... ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပြောတာ... သိပ်ချစ်နေရင် ယူလိုက်ပါလား"

"တကယ်လား"

ထိုစကားကြောင့် 'ပြည့်စုံ' မျက်နှာလေး အပိုင်းသားမျက်လုံးဖြင့် တအံ့တသြကြည့်နေသဖြင့်...

"ဟော့ ဟော့ မငိုပါနဲ့ဗျာ... ညည်းအမေလို လူဆိုးမကို ကျုပ် မချစ်သလို... ဘယ်မိန်းမကိုမှ မချစ်လို့ လူပျိုကြီး ဖြစ်နေတာပေါ့ဟ"

"ဘယ်မိန်းမကိုမှ မချစ်ဘူးဆိုတော့ 'ပြည့်စုံ' ကိုရော"

"ဘယ်မိန်းမကိုမှ မချစ်ဘူးဆိုတဲ့ ကျုပ်ဟာ ဟောဒီ ကျုပ်ရင်ခွင်ထဲက မိန်းမဆိုးလေးကြောင့် ချစ်တတ်လာပါပြီဗျာ"



မောင်နှမနှစ်ယောက် အိမ်ပေါ်တိတ်တဆိတ်တက်ခဲ့သည်။ အိမ်ပေါ်ထပ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ 'ပြည့်ဝ' အခန်းသို့သွားပြီး တံခါးခေါက်ကြည့်သည်။ တံခါးစေ့ထားသဖြင့် တွန်းဖွင့်လိုက်သည်။

"ဟင်..."

အထဲတွင် 'ပြည့်ဝ' မရှိ။ အခန်းထဲကို ကြည့်ရုံဖြင့် လူမနေတာကြာပြီဖြစ်ကြောင်း သိနိုင်သည်။ မိခင်ဖြစ်သူ၏ အခန်းသို့ပြေးကြသည်။

"ဟင်..."

မိခင်ဖြစ်သူကို အိပ်ရာထက်တွင်တွေ့ရသည်။ မျက်တွင်းဟောက်ပက်နှင့် အရိုးပေါ်အရေတင်မတတ် ပိန်ကပ်နေသည်။

"မေမေ မေမေ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်လုံး ငိုသံဖြင့်မေးကြသည်။

"သွား... သွား... တစ်ယောက်မှမလာနဲ့... နင်တို့လည်း အလကားပဲ... သွား"

မိခင်ဖြစ်သူက အနီးရှိဆေးပုလင်းများဖြင့် ပစ်ပေါက်နေသဖြင့် ရှောင်ပြေးရသည်။

"မေမေ သမီးတို့လေ... 'ပြည့်စုံ' တို့လေ"

မေမေ့ မျက်လုံးများသည် တစ်ခါတစ်ခါကြောက်စရာကောင်းအောင် ကြောင်တောင်တောင်ဖြစ်သွားတတ်သည်။ ယခင်က မိခင်ကို စိတ်နာနေခဲ့သော်လည်း ယခုလို မမာမကျန်းဖြစ်နေသည်ကို မြင်ရသောအခါ ရင်ဆို့မတတ်သနားသွားပြီး မိမိတို့၏မိုက်မဲမှုကို နောင်တရလာကြသည်။

"မေမေ သားတို့လေ... ညီမလေးရော 'ပြည့်ဝ' ရော"

"ဘာ... 'ပြည့်ဝ' ဟုတ်လား... ဒီကောင်မနာမည် ငါ့ကိုလာမပြောနဲ့... သွား... ထွက်သွားကြ... ထွက်သွားကြ"

ခပ်တိုတိုထားသော မေမေ့ဆံပင်မှာ ယခုလိုမပြုမပြင်ဘဲထားသောအခါ ညှင်းဆိုးဆိုးနှင့် ကြည့်ရရုပ်ဆိုးလှပါသည်။ ခုတင်ပေါ်မှထပြီး လက်နှိပ်ဓာတ်မီးကြီးကိုကိုင်ကာ 'ပြည့်စုံ' တို့နောက်လိုက်လာသဖြင့် မောင်နှမနှစ်ယောက်လှေကားအတိုင်း ပြေးဆင်းခဲ့ကြသည်။

"ဝုန်း... ဒိုင်း... ဒိုင်း"





"အား..."

ငယ်ရွယ်ပေါ့ပါးသူများဖြစ်၍ 'ပြည့်စုံ' တို့မောင်နှမနှစ်ယောက် လှေကားပေါ်မှ လိမ့်မကျအောင်ခုန်ပေါက်၍ ပြေးဆင်းလာနိုင်ခဲ့ကြသော်လည်း ချည့်နဲ့နေသော ဝေဒနာအပြင် ဒေါသစိတ်နှင့်ပြေးဆင်းလာသဖြင့် ခြေချော်ကာ လှေကားပေါ်မှ တလိမ့်ကောက်ကွေးကျလာသည်။

"မေမေ... မေမေ... မေမေ"

လှေကားရင်းတွင် ဖရိုဖရဲလဲကျနေသော မိခင်ဖြစ်သူအား 'ပြည့်ဖြိုး' က စိုးရိမ်တကြီး ပွေ့ချီလိုက်သည်။ 'ပြည့်စုံ' ကတော့ ပါးစပ်ထဲမှသွေးများထွက်၍ရင်း၊ နဖူးတလျှောက်မှ သွေးများစီးကျနေသောမိခင်ကို ကြောင်တောင်တောင်မျက်လုံးဖြင့် ကြည့်နေရင်းမှ မကြာသေးသောအတိတ်ကို ပြန်မြင်ယောင်မိသည်။

ဤနေရာတွင်ပင် ဖခင်ဖြစ်သူ သေဆုံးခဲ့သည်။ ဖခင်ဖြစ်သူအရက်သမားကြီး ဖြစ်အောင်လုပ်ခဲ့သူ။ ယခု မေမေကိုယ်တိုင် ဖေဖေ့အတိုင်းလှေကားပေါ်မှ လိမ့်ကျခဲ့ပြီ။ မေမေ ဝဋ်လည်ခဲ့ပြီ။

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်ကြတာလဲ...ဘယ်လိုဖြစ်ကြတာလဲ"

'ကြီးလတ်' က ဈေးခြင်းတောင်းကြီးဖြင့် ပြေးလာသည်။ တည်းခိုခန်းတွင် လာရောက်တည်းခိုကြသူများ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံပို့... ဆေးရုံပို့... အသက်ရှိသေးတယ်"

မန္တလေးပြည်သူ့ဆေးရုံကြီးသို့ အမြန်ပို့ကြသည်။အတွင်းလူနာအဖြစ်တင်ထားရသည်။ ခါတိုင်း အိမ်ပြန်ရောက်လျှင် 'ကိုထွန်း'ကို အလျှင်ဆုံးမြင်ရတတ်သော်လည်း ယခုတော့ မေမေ့ကို ဆေးရုံတင်ပြီး ညရောက်သည်အထိ မမြင်ရသဖြင့် 'ကြီးလတ်' ကိုကပ်၍မေးကြည့်မိသည်။

"'ကြီးလတ်' 'ကိုထွန်း' ကောဟင်"

ထိုအမေးကြောင့် 'ကြီးလတ်' မျက်နှာတစ်ချက်ပျက်သွားပြီး...

"အိမ်ကျမှ ပြောမယ်ကွာ"

"'ပြည့်ဝ' ရော... ပြင်ဦးမှာလား"

"အေး... အေး"

'လတ်' ယောက်ျားက ပြင်ဦးလွင်မှာရှိသော 'မဦး' တို့မိသားစုကို အမြန်မန္တလေးဆင်းခဲ့ဖို့ ဖုန်းဆက်သည်။ 'မဦး' တို့မိသားစုနှင့်အတူ 'ပြည့်ဝ' ကိုတွေ့ရမည်ဟုမျှော်လင့်ထားသော်လည်း 'ပြည့်ဝ' ပါမလာသလို ကြီးတော်၏မျက်နှာက မကောင်း၊ မောင်နှမနှစ်ယောက် စိုးရိမ်စိတ်ဖြင့် မေးကြသည်။

"'ပြည့်ဝ' ရောဟင် ကြီးကြီး... 'ပြည့်ဝ'..."

"မပြောဖြစ်လို့သာ ပြောရမှာ...သိပ်တော့မပြောချင်ဘူး"

"ပြောပါ... မြန်မြန်ပြောပါ... ရင်တွေထိတ်လိုက်တာ





ကြီးကြီးရဲ့"

"တို့တို့နဲ့ ရှင်းအောင်ပြောရရင်တော့ 'ပြည့်ဝ' နဲ့ 'အထွန်း' ခိုးရာလိုက်ပြေးကြတယ်"

"ဗျာ..."

"အို..."

မောင်နှမနှစ်ယောက် ထိုင်ရာမှ ဆတ်ကနဲထမိကြသလို တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူး၊ မျက်ဆန်ပြူးများဖြင့် ကြည့်မိကြသည်။ မိခင်ဖြစ်သူနှင့် 'ကိုထွန်း' နောက်ကြောင်း မရှင်းတာကို 'ခင်ပြည့်စုံ' သိထားသည်ထက် မောင်ဖြစ်သူ 'ပြည့်ဖြိုး' က ပိုသိထားသူ။

တစ်နေ့ 'ကိုထွန်း' နှင့်မိခင်ဖြစ်သူ ပြောင်ပြောင်တင်းတင်းယူကြမည်ဟုထင်ထားခဲ့သည်။ ရက်စက်လှချည်လား။ 'ကိုထွန်း'က မခုတ်တတ်သည့်ကြောင်လို လူတွေရှေ့တွင် မျက်နှာသေလေးဖြင့် နေတတ်သူ။ ရုပ်ကလေးချောသလောက်၊ အတော်ယုတ်မာစက်ပုံတဲ့လူပါလား။

မိခင်ဖြစ်သူ အမွေတစ်ပြားတစ်ချပ်မှ မရလေသောအခါ အမွေများများရလိုက်သော ပွင့်ကာစပန်းလေးကို အညွန့်ချိုးသွားရက်လေသည်။

"ဒီလူ့ကို ကျွန်တော်သတ်မယ်... တိရစ္ဆာန်ကောင်... လူယုတ်မာ... ကျွန်တော်သတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



'ပြည့်ဖြိုး' က စားဆွဲ တုတ်ဆွဲနှင့်အော်ဟစ်နေသည်။

"ကြီးကြီးပြောတာကို နားထောင်ပါဦး သားရယ်"

'ပြည့်ဖြိုး' ကို အပြင်ထွက်မပြေးအောင် ချုပ်နှောင်ထားရသည်။

"ဒေါ်သရွေ့ထားရှင် မှားတတ်တယ် သား... သားဟာလူတော် လူကောင်းဖြစ်မယ့် လူ... အညွန့်တလူလူနဲ့ လူ... လူလိမ္မာတစ်ယောက်ဟာ လူမိုက်တွေကြောင့် မပျက်စီးစေချင်ဘူး... သား သူတို့ကိုတွေ့လို့ ခုတ်မယ် ထစ်မယ်ဆို... လူသတ်မှုဖြစ်ပြီး ထောင်ထုပ်ကျရင် ကြီးကြီးတို့ရော... မင်းအစ်မ 'ပြည့်စုံ' ထပ်စိတ်ဆင်းရဲသွားကြရုံပဲရှိမယ်... ဖြစ်ပြီးသား ပျက်ပြီးသားတွေကတော့ ပြန်ကောင်းလာမှာမဟုတ်တော့ဘူး သားရဲ့... နောက်တစ်ခု ပြောချင်တာက 'အထွန်း' ကိုချည်းပဲအပြစ်တင်မနေနဲ့... ခုလို ဖြစ်ခဲ့တာတွေဟာ မင်းတို့အမေမကောင်းလို့ မလိမ္မာလို့ ဖြစ်ခဲ့တာတွေချည်းပဲ... 'အထွန်း' သူ့ဆီက ချူစားနေမှန်းသိလျက်နဲ့ ဘာလို့သူ မိုက်တွင်းနက်နေတာလဲ"

"ထားပါတော့... မေမေ့ဆီက ငွေချူလို့ရရင်တော်ပြီပေါ့ဗျ... ဘာလို့ 'ပြည့်ဝ' ကိုခိုးပြေးရတာတုန်း"

"'ပြည့်ဝ' အပျိုဖြစ်ပြီး လှလာ ဝလာကတည်းက 'အထွန်း' မင်းတို့အမေကို မကပ်တော့ဘူး... အလျင်ကတော့ 'ကိုသက်အောင်' ပိုင်ဆိုင်သမျှ တစ်ဝက်တော့ မင်းတို့အမေရမယ်





ထင်ပြီး ဒီကောင်ကပ်နေတာ... ခုတော့ မင်းတို့အမေ့အာ-ဘာပစ္စည်းမှမရလိုက်ဘူးလေ... ဒီတော့ အကြံပိုင်ပိုင် တွက်ချက်ပြီး 'ပြည့်ဝ' ကိုကပ်တယ်... ဟိုကောင်မလေးက ကလေးစိတ်ပဲရှိသေးတာ... ရူးပေါပေါနဲ့... ပြီးတော့ 'အထွန်း' လက်ထဲမှာကြီးလာတာ... အမေနဲ့ 'အထွန်း' ကိစ္စကို မသိဘူးထင်ပါ"

"ဒီကောင်မလေးကိုပါ သတ်ချင်တာ... တစ်အိမ်တည်းအတူနေတာ... ဒီကောင်နဲ့ အမေ့ကိစ္စကိုမသိဘဲနေမလား... တောက်... ခွေးမ"

"ကလေးကို အပြစ်သိပ်တင်လို့မဖြစ်ဘူး... အိမ်ကကျယ်တယ်... ကိုယ့်အခန်းနဲ့ကိုယ် နေကြတာ... ပြီးတော့ 'အထွန်း' နဲ့ မင်းအမေဟာ 'ပြည့်ဝ' မမွေးခင်ကတည်းက ဒီလိုပဲ တွဲတွဲသွားသွားရှိနေတာပဲ"

"အိုဗျာ... ကျွန်တော်လုံးဝသဘောမတူဘူး... ဒီကိစ္စကိုတွေ့တဲ့နေ့ရှင်းရမှာပဲ"

"အမှုရှုပ်အောင်မလုပ်ပါနဲ့သားရယ်... ကြီးကြီးတို့တွေ စိတ်ဆင်းရဲလှပါပြီ"

ဆေးရုံပေါ်တွင် နှစ်ရက်ခန့် နေပြီးနောက်၊ 'ငယ်' သေဆုံးသွားသည်။ စိတ်ဝေဒနာရော၊ လေဖြတ်ရောဂါကပါ ပြင်းထန်လွန်းသောကြောင့်ဖြစ်သည်။ 'ပြည့်စုံ' တို့မောင်နှမနှစ်ယောက်ကတော့ ထုံးစံအတိုင်း မျက်ရည်မကျကြောင်း



www.burmeseclassic.com

www.burmeseclassic.com


တောင်တောင်နဲ့ လုပ်နေကြသဖြင့် ကြီးတော်များက ချော့မော့ပြီး ငိုနိုင်းရသည်။ ဖျောင်းဖျ နေရသည်။ 'ပြည့်စုံ' ဖုန်းဆက်ရပြန်သည်။

"ဦးကို မမမေဆုံးပြီ"

"ဟင် ဘယ်လိုဖြစ်ကြတာတုန်း ပြည့်စုံ'"

"အိမ်ရောက်မှာပဲ ပြောပြတော့မယ် ဦးကိုရယ်"

'ငယ့်'အလောင်းကိုကြည့်၍ ကိုကို သံဝေဂရသည်။ အလှမက်သော 'ငယ်' သည် ယခုရုပ်ပျက်၍နေပြီ။ အနံ့ထွက်၍နေပြီ။ ပစ္စည်းတစ်ခုကိုဖြစ်စေ၊ လူတစ်ယောက်ကိုဖြစ်စေ၊ ကြာရှည်မချစ်တတ်သော၊ ကြာရှည်မသုံးစွဲချင်တတ်သော 'ငယ်'သည် သူမ၏ ကိုတောင်းလှသော လူ့သက်တမ်းဝယ် ယောကျ်ားများအား အရုပ်လိုကစားသွားခဲ့သူ ဖြစ်သည်။

သူမ၏ ပတ်ဝန်းကျင်ကရော၊ သူမ ကိုယ်တိုင်ကပါ ထိုအမျိုးသားများကိုပင် စွဲဆောင်လှုပ်ရှားစေခဲ့သည်ဟု ထင်နေကြားလည်း သူမ၏ အချစ်စက်ကွင်းထဲတွင် မသိမသာဖြစ်၎င်း၊ ဘေးလူအဖြစ်၎င်း ပါဝင်လှုပ်ရှားနေခဲ့ရသူမှာ မိမိပင်ဖြစ်သည်။ သို့သော်...

မိမိသည် တခြားအမျိုးသားများလို ရယူပိုင်ဆိုင်လိုမှုနှင့်၎င်း၊ တွေ့ထိခံစားမှုနှင့်၎င်း၊ ချစ်ခဲ့သူမဟုတ်ပါ။ သူမကို ငယ်ရွယ်စဉ် ကလေးဘဝမှစ၍ မိမိစေတနာသန့်သန့်ဖြင့်၎င်း၊ မေတ္တာ





သန့်သန့်ဖြင့်၎င်း၊ ဆုံးမသွန်သင်ခဲ့သည်။ အရွယ်ရောက်လာကြတော့ သံယောဇဉ်က ငယ်စဉ်ကလို မဟုတ်ဘဲတစ်မျိုးပြောင်းလာခဲ့သည်။

လှပသော၊ သွက်လက်သော သူမ၏ လှုပ်ရှားမှုများကို သာယာမိခဲ့သည်။ သို့သော် နီးလျက်နဲ့ဝေးဆိုသလို သူမကို မပြောရက် မဆိုရက်နှင့် အလုကြည့်နေမိစဉ် သူများလက်ထဲက တစ်လက်ပြီး တစ်လက်ပါသွားခဲ့ရာမှ လိုက်လေဝေးလေဖြစ်ခဲ့ရသည်။ တစ်ခါတစ်ရံ ရက်ရက်နှင့်ပြုံးမိသည်။

ကိုကိုဆိုသော လူတစ်ယောက်သည် 'ငယ့်' ကို သူများတွေထက်ပိုပြီး သံယောဇဉ်ကြီးကြောင်း၊ ချစ်ကြောင်းကို ပတ်ဝန်းကျင်ကရော 'ငယ်' ကပါဘာကြောင့် မသိကြပါလိမ့်။ မိမိကပင် ဟန်ဆောင်ကောင်းနေ၍လား။ ယခု 'ငယ်' ပြီးတော့ သူ့သမီး 'ပြည့်စုံ'။

အမေလုပ်သူက မိမိမေတ္တာကို စိတ်မဝင်စားခဲ့သော်လည်း 'ပြည့်စုံ' ကတော့ မိမိကို အတော်လေးချစ်နေရှာသည်။ အမေ့မေတ္တာကို မရသော်လည်း သမီးမေတ္တာကိုတော့ရပါသည်။ 'ပြည့်စုံ' က မိမိရောက်လာသဖြင့် အားရှိနေသည်။ မိမိအတွက် လိုအပ်သမျှကို သူမသာ ဒိုင်ခံလုပ်သည်။

မိခင်ဖြစ်သူ၏နာရေးဖြစ်၍ ဆင်ခြင်နေရသော်လည်း သူမ၏မျက်လုံးများက မိမိကိုသာ ရှာဖွေနေတတ်ပြီး မျက်လုံးချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် မြုံးမြပြီးမျက်နှာလွှဲသွားတတ်သည်။ အသုဘမချမီ တစ်ရက်အလိုတွင် ညဘက် ကလေးတွေနှောင်ရေးကိုတိုင်ပင်ကြသည်။ 'ပြည့်စုံ' ကို မန္တလေးဆေးတက္ကသိုလ်ကိုပြောင်းခဲ့ဖို့ 'မဦး' နှင့် 'လတ်' ကပြောသည်။ 'ပြည့်စုံ'က ငြင်းသည်။

မိမိကိုလည်း ဇစ်ကူတောင်းသလို မျက်လုံးဖြင့်လှမ်း၍ကြည့်တတ်သည်။ မိမိဘာမှ ဝင်ပြောပိုင်ခွင့်မရှိ။

"'ကြီးကြီးဦး' ပြောတာနားထောင်ပါ 'ပြည့်စုံ'... သမီးအနေနဲ့ မန္တလေးမှာ တက်လို့ဖြစ်လို့ ကြီးကြီး တက်နိုင်းတာပါ... သမီးတို့ရဲ့စီးပွားရေး လုပ်ငန်းတွေကို ကြီးကြီးတို့ ဝိုင်းလုပ်ပေးနိုင်တယ်ထားဦး ငွေရေးကြေးရေးအတွက်တော့ သိမ်းဆည်းဖို့ သမီးမှာတာဝန်ရှိနေတယ်... ဒါကြောင့် မန္တလေးမှာပဲ နေလို့ပြောနေရတာ... ကိုကိုကလည်း မင်းတူမကို ဝိုင်းပြောပေးပါကွယ်"

ထိုစကားသည် လျော့လျော့လျဲလျဲဖြစ်နေသော မိမိစိတ်ကို ပြန်လည်သတိတင်းပေးသလိုဖြစ်သွားသည်။

"ဟုတ်သားပဲ 'ပြည့်စုံ'... အားလုံးက သမီးတို့အတွက် အဆင်ပြေအောင်ရှက်ပေးနေကြတာပဲ... နားထောင်ရမှာပေါ့... ရန်ကုန်မှာဆိုတော့ သမီးတို့အတွက် အစစအရာရာ 'မဦး'တို့မှာတာဝန်ရှိနိုင်တယ်"

ထိုစကားကြောင့် 'ပြည့်စုံ' မျက်နှာလေးတင်းမာသွားကြောင်း မိမိသိသည်။ သူမက မကျေနပ်တာကိုပေါ်လွင်အောင်





အကောင်အထည်ဖော်သည်။ မိမိက သူ့ဘက်မှလိုက်ပြီး ပြောပေးရကောင်းလားဟု ဆန္ဒပြသည်။ လုံးဝ မိမိနားမကပ်၊ ခေါ်လည်း မခေါ်၊ ကြည့်လည်းမကြည့်ဘဲ ရှောင်ဖယ်ဖယ်နေသည်။

"ကိုကိုရေ... နင့်တူမမှာ ချစ်သူတို့ ရည်းစားတို့များရှိနေပြီလား မသိပါဘူး... ဒါကြောင့် ရန်ကုန်က ပြန်မလာချင်တာနေမှာ"

"အဲဒါတော့ ကျွန်တော်မပြောတတ်ဘူး 'မဦး' "

မိမိက စည်းဖောက်၍ မကြီးမငယ်ဖြင့် သမီးအရွယ်ချစ်နေသည်ဆိုတာ သိကြလေလျှင် အဘယ်သို့ပြောကြမည်နည်း။ အဘယ်သို့ကဲ့ရဲ့ကြမည်နည်း။ ထိုကဲ့သို့ ဇဝေဇဝါဖြစ်နေသော

ကိုကို့အား ပြတ်ပြတ်သားသားဆုံးဖြတ်ချက်ကို ပေးလိုက်သူကတော့ 'ပြည့်ဖြိုး'။ အသုဘချသောနေ့တွင်ဖြစ်သည်။

မိခင်ဖြစ်သူ၏အလောင်း မြေချခါနီးတွင် အခေါင်းကိုလက်သီးဖြင့် တဝုန်းဝုန်း ထိုးရင်း ထုရင်း ပြောလိုက်သောစကားများသည် ကိုကို့ အသိစိတ်အား ပို၍တည်ငြိမ်ရင့်ကျက်လာစေသည်။

"အမေရော သမီးရောရှုပ်တဲ့အကောင်... ကျွန်တော်လက်စားမချေရရင် မကျေဘူး အမေရေ... မကျေဘူး"

ထိုစကားကြောင့် ကိုကို တွန့်ကနဲ ဖြစ်သွားသည်။

"ဒီကောင့်ကိုများ မေမေတို့က အထင်ကြီးနေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာ… အမေ့ဆီက ချူလို့ကုန်တော့ အမေ့သမီးဆီက ချူဖို့ခိုးပြေးတာဗျ… ချစ်လို့မဟုတ်ဘူး ချစ်လို့မဟုတ်ဘူး… ငွေကိုမက်တာ… ငွေကိုချစ်တာ"

ထိုစကားသည် ကိုကို့ ခြေလှမ်းများကို ရပ်တန့်သွားစေသည်။ 'ပြည့်စုံ'သည် အမွေတွေ တစ်ပုံတစ်ပင်ရထားသောမိန်းကလေး ကိုကိုယူလျှင် ငွေနှင့်ပစ္စည်းကိုမက်၍ ယူသည်ဟုအပြောခံရမည်။

"အဖေ့လို လူတော်လူကောင်းတစ်ယောက်ကိုကြတော့ အမေ မချစ်ဘူး… သစ္စာမရှိဘူး… မကြင်နာဘူး… ဂရုမစိုက်ဘူး… အဘိုးကြီးဆိုပြီးတော့ အနားမကပ်ဘူး… ဒါဆို ဘာလို့ အဖေ့ကိုယူသေးလဲ… ခုတော့ အမေ ငယ်ငယ်ရွယ်ရွယ်ကောင်ကို အထင်ကြီးလို့ ဒုက္ခရောက်ပြီ မဟုတ်လားဗျ"

'ပြည့်ဖြိုး' ငိုကြီးချက်မ ပြောသောစကားများကြောင့် အသုဘပို့ ပရိတ်သတ်များဖြစ်ကြောင်းကုန်စင်သိကြသလို ကိုကို့အတွက် ထွက်ပေါက်မရှိအောင်ဖြစ်နေပြီ။ 'ပြည့်စုံ' ကို မိမိယူလျှင် 'ဦးသက်အောင်' လိုပင် မိမိတစ်နေ့ ဒုက္ခရောက်မှာသေချာသည်။

'ပြည့်စုံ' အရွယ်ကောင်းချိန်တွင် မိမိအိုမည်။ မိမိအိုလျှင် 'ပြည့်စုံ' မိမိအနားမကပ်ဘဲ သက်တူရွယ်တူကိုရှာမည်။ ထိုအခါ မိမိလည်း အသက်ကြီးမှ ဝက်သက်ပေါက်သလို ပို၍ဝေဒနာခံစားရချေမည်။





အသုဘပို့ပြီး အပြန်ခရီးတွင် လက်ဘက်ရည်ဆိုင်မှ သ
ချင်းတစ်ပုဒ်က မိမိကို အတော် အနေရအထိုင်ရခက်စေသည်
မန္တလေးမြို့မှ 'ဂျေမောင်မောင်'၏ နာမည်ကြီး သီချင်းတစ်ပုဒ်ဖြ
သော ကြီးမှ ဝက်သက်ပေါက်ရင် သီချင်းတစ်ပုဒ်ဖြစ်သည်။

× × × အမြဲတမ်း အေးအေး ဆေးဆေး နေပြီးမှ
(အရက်နည်းနည်း မော့ချင်ရင်)သူများနဲ့ မတူဘူး
(ပိုမူးတတ်တယ်)× × ×

× × × အမြဲတမ်း လူပျိုကြီး အပျိုကြီး လုပ်ပြီးမှ
အိမ်ထောင်ပြုမလို့ စဉ်းစားရင်× × အိမ်ထောင်ရက်
သားကျချင်ရင်× × သူများနဲ့ မတူဘူး× × ပိုချစ်တတ်
တယ်× × ပိုချစ်လိမ့်မယ်× × ×
(ကြီးမှ ဝက်သက်ပေါက်ရင် သတိထား) သတိထား

× × × အမြဲတမ်း လူလိမ္မာကြီးလုပ်ပြီးမှ ဟိုနေရာထဲ
လည်းသွားချင်ရင်× × ဒီနေရာထဲလည်း သွားချင်ရင်×
သူများနဲ့ မတူဘူး လူမိတတ်တယ်× × လူမိလိမ့်မယ်×
ကြီးမှ ဝက်သက်ပေါက်ရင် သတိထား× × ×

× × × သူများနဲ့တော့ မတူဘူး× × ပိုကောင်းသွားသလို
ပိုဆိုးသွားတဲ့အခါ ဆိုးသွားနိုင်တယ်× × ×
(ကြီးမှ ဝက်သက်ပေါက်ရင် သတိထား)× × ×



www.burmeseclassic.com

www.burmeseclassic.com

## ၃၃

"ဦးကို နက်ဖြန် ပြန်မှာဆို"

'ပြည့်စုံ'အသံစူးစူးဖြင့်မေးခြင်းဖြစ်သည်။ အိပ်ယာထပြီး မျက်နှာသစ်နေသော ကိုကို့ကို ဘယ်အချိန်ကတည်းကစောင့်ကြည့်နေသည် မသိ။

"အင်း... ဟုတ်တယ်"

"ဘာလို့ 'ပြည့်စုံ' ကို မပြောတာလဲ"

"ပြောမလို့ပါပဲ"

"ဦးကို ဘာဖြစ်နေတာလဲ... 'ပြည့်စုံ' ကိုရှောင်နေတာ 'ပြည့်စုံ' သိတယ်"

"မရှောင်ပါဘူး ဟာ"

"ရက်လည်ပြီးမှပြန်ပါ ဦးရာ နော်"

"မဖြစ်ဘူး... ခွင့်မရဘူး"



BURMESE CLASSIC .com



'ပြည့်စုံ'အံ့သြနေသည်။ ဦး၏ မျက်လုံးများသည် ယ
ကလို မဟုတ်ဘဲ စိမ်းကားလွန်းနေသည်။ စကားသံများလည်း
ရက်စက်လွန်းနေသည်။ 'ပြည့်စုံ' မျက်လုံးထဲတွင် မျက်ရည်များ
လျှံတက်လာသည်။

" 'ပြည့်စုံ' လည်း လိုက်မှာ"

"ဟ... ဖြစ်မလား... နင့်အမေအတွက် ရက်လည်ဆွမ်း
ကျွေးစရာရှိနေသလို နင်က သမီးအကြီးဆိုတော့ စီးပွားရေးကိစ္စ
အမွေကိစ္စအတွက် ဆက်လုပ်စရာ တိုင်ပင်စရာတွေ ရှိနေသေး
တာပဲ"

" 'ပြည့်စုံ' အဲဒါတွေ စိတ်မဝင်စားဘူး"

"စိတ်မဝင်စားလို့ဖြစ်မလား နင့်ကိစ္စပဲ"

"ဦးကိုက စကားပြောတာ 'ပြည့်စုံ'ကို စိတ်မဝင်စားသလို
ပဲ... 'ပြည့်စုံ' ကိစ္စဟာ ဦးကို ကိစ္စပဲ မဟုတ်လား... 'ပြည့်စုံ'
စိတ်ဆင်းရဲနေတာ ဦးကို အနားမှာ မရှိသင့်ဘူးလား... အားကိုး
ခွင့်မရှိဘူးလား"

"နင့်ဘဝအတွက် ငါ အများကြီး အချိန်ပေးကူညီခဲ့ပြီး
ပြီ"

"ရှေ့ဆက်ပြီး မကူညီချင်တော့ဘူးပေါ့လေ...ဟုတ်လား"

"ဟုတ်တယ်"

"ဟင်... ဦးကို... မနောက်ပါနဲ့ကွာ... 'ပြည့်စုံ' ကိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်အောင်မလုပ်နဲ့"

'ပြည့်စုံ'က ကိုကို့အနား၊အတင်းတိုးကပ်လာပြီ ကျော ကုန်းကိုထုသလို လက်မောင်းကိုလည်း ဆိတ်ဆွဲသည်။ ကိုကို အရည်ပျော်ကာနီးစိတ်ကို ပြန်တင်းထားပြီး 'ပြည့်စုံ' ကိုတွန်းဖယ် ကာ ထွက်ခဲ့သည်။ မိမိအတွက်ပေးထားသော အခန်းတွင်းဝင်ခါ နီး နောက်ဘက်သို့ပြန်လှည့်ကြည့်မိသည်။

'ပြည့်စုံ'က အနီးစားပွဲပေါ်တွင် မျက်နှာကိုမှောက်၍ တ သိမ့်သိမ့်ငိုနေသည်။ ကိုကို့ ခြေလှမ်းများရပ်တန့်သွားပြီး 'ပြည့်စုံ' ရှိရာ ပြန်သွားဖို့အလှည့်တွင်...

"ဟာ... ဦးကိုတောင် နိုးနေပြီးပဲ... ဒါနဲ့ ဦးကို နက်ဖြန် ပြန်မယ်ဆို"

"အေးကွ"

"ကျွန်တော်တို့မောင်နှမလည်း ဦးကိုဆီမှာ နေချင်လျက် နဲ့ မနေရတော့ဘူးဗျာ... ဒါပေမဲ့ 'မစုံ'ကို အိမ်ထောင်တွေဘာတွေ ချပေးပြီးလို့ စိတ်ချရရင် ကျွန်တော် ဦးကို နဲ့လာနေမှာပါ... ဦးကို နဲ့အဖော်ရအောင် ကျွန်တော်လည်း မိန်းမ မယူဘဲ လူပျိုကြီးလုပ် မှာဗျ"

"ကောင်းပါပြီဗျာ... ဦးကိုက မင်းအတွက်တံခါးဖွင့်ထား ပါတယ်"

အခန်းထဲဝင်ပြီး အိပ်ယာပေါ်-ခြေပစ်လက်ပစ် လှဲနေမိ





သည်။ ထိုစဉ် အခန်းတံခါးကို ခပ်ဖွဖွလာခေါက်သဖြင့်...

"ဘယ်သူလဲ"

မထူး။ ထပ်ခေါက်သဖြင့် တံခါးထဖွင့်ပေးရသည်။

"ဟင်... ဘာလည်း 'ပြည့်စုံ' "

"ဦးကိုနဲ့ ဆွေးနွေးစရာရှိတယ်... 'ပြည့်စုံ' ဝင်ခဲ့မယ်"

"ဟာ... ဘယ်ဖြစ်မလဲ... နင့်အိမ်ကမြင်သွားရင် ငါ့ဂ တစ်မျိုးထင်နေပါ့မယ်... ပြောချင်ရင် နောက်မှပြော"

"ဒါဆို အခုအပြင်ထွက်ခဲ့လေ"

"နောက်မှ ပြောပါဆိုနေကွာ... ငါ အခုအပြင်သွားစရာ တယ်"

"ဟင့်အင်း... အခုပဲ ပြောမယ်... ဦးကို ဘယ်လိုဖြစ်သွာ တာလဲ"

'ပြည့်စုံ'က ပြောသည်။ တင်းထားသောစိတ်များသည် ကြာကြာနေ အရည်ပျော်တော့မည်။ ထို့ကြောင့် အပြင်သို့ထွက်ခဲ့ သည်။

"ငါ ဈေးချိုမှာ ပစ္စည်းဝယ်စရာရှိသေးလို့ သွားလိုက်ဦး မယ်"

လမ်းမရောက်မှ အပေါ်ထပ်ဝရံတာကိုကြည့်မိသည်။ 'ပြည့်စုံ' ရပ်ကြည့်နေပါသည်။ ခြော်... သံယောဇဉ်ကြိုးဆိုတာ အဖြတ်ရခက်လှပါကလား။ နက်ဖြန်အတွက် ရထားလက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ယနေ့ညရအောင်ကြိုးစားပြီး ရထားမထွက်ခင်လောက်မှာ 'ပြည့်စုံ'တိုဆီ ပစ္စည်းဝင်ယူသည်။ တစ်နေကုန်မပြန်ဘဲ လျှောက်သွားနေမိသည်။

"ဦးကို တစ်နေ့လုံးဘယ်သွားနေတာလဲဗျ"

မိမိကို မြင်သော်လည်း မိမိ၏တင်းမာမှုကြောင့် 'ပြည့်စုံ' မမေးရဲရှာ၊ မျက်လုံးပြူးလေးနှင့်သာ ကြည့်နေရှာသည်။ မျက်နှာလေးလည်း ငယ်နေရှာသည်။ ကိုကိုရင့်ထဲဝယ် ကြေကွဲမိသည်။ မိမိကို သူမက ရက်စက်လွန်းသည်ဟုထင်မည်။ ထင်ပါစေတော့လေ။ ရေမိုးချိုးပြီး အဝတ်အစားလဲ အိတ်ဆွဲကာ...

"'မမဦး'တို့... 'လတ်'တို့... သားတို့ သမီးတို့ကို အားလုံးနှုတ်ဆက်တယ်နော့... ရထားလက်မှတ်က နက်ဖြန်အတွက်မရဘူး... ကနေ့ညပဲ စီးရမယ်ဆိုလို့ တစ်နေကုန်ဝယ်စရာရှိတာတွေ ဝယ်... သွားစရာရှိတာတွေ သွားနေရတယ်"

"အေးဟယ်... ခုလို လာနေတာကိုပဲ မမတို့က ကျေးဇူးတင်နေတာပါ... ငါ့မောင်ကလည်း မမတို့မိသားစုအတွက် ခဏခဏ ပင်ပန်းနေရတာပဲ"

"ရပါတယ်ဗျာ... ဆွေးမျိုးတွေပဲဟာ... ကဲ... ကျွန်တော်သွားမယ်... နောက်တစ်ခါတော့ မင်္ဂလာပွဲအတွက်ပဲ လာရမှာပဲ... 'ပြည့်စုံ'ယောကျ်ားယူမှ မင်္ဂလာလက်ဖွဲ့ပေးရင်း လာခဲ့တော့မယ်... ဟား ဟား"





တာမင် 'ပြည့်စုံ'ကို မကြည့်ဘဲ ပြောခြင်း ဖြစ်သည်။ 'ပြည့်စုံ'ကတော့ မျက်ရည်အဝဲသားနှင့် ကြည့်ရင်းကျန်ရစ်ခဲ့ပါသည်။ ထင်သည့်အတိုင်း 'ပြည့်စုံ'က လူကြုံဖြင့် စာတစ်စောင်နှင့် ကက်စက်ခွေတစ်ခု ပို့လိုက်သည်။

ချစ်တဲ့ ဦးကို

ပြည့်စုံ ငိုနေတာကို သိလျက်နဲ့ နေနိုင်ရင် နေပါ ဦးကို။ ဦးကို မလာစေချင်ရင် ပြည့်စုံ မလာပါဘူး။ မလာဘူးဆိုတာ သိပေမယ့် ဦးကိုကို မျှော်နေမိတယ်။

မရနိုင်ဘူးဆိုတာ သိပေမယ့် ဦးကိုရဲ့ ခါချစ်နဲ့ ကြင်နာမှုကို ပြည့်စုံ တောင်းတနေမိတယ်။ ပြည့်စုံ သိပါတယ်၊ ဦးကို သတ္တိမရှိဘူး ဆိုတာကိုပေါ့၊ ပြည့်စုံ ထက် ပတ်ဝန်းကျင်ကို ချစ်တယ် မဟုတ်လား။

ချစ်လျက်သားနဲ့ ပတ်ဝန်းကျင်ကိုကြောက်ပြီး ပြည့်စုံ ကိုရှောင်ဖယ်နေတယ်ဆိုတာ သိပါတယ်။ ဦးကို သတ္တိရှိပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်နိုင်မယ့်နေ့ကို ပြည့်စုံ စောင့်စားနေမှာပါ။

ပြည့်စုံ ပေးလိုက်တဲ့ သီချင်းခွေလေးထဲက မေဆွိ ဆိုထားတဲ့ သမီးရဲ့ဦး သီချင်းလေးဟာ ပြည့်စုံ လိုချင်နေတဲ့စကားလေးတွေများ ပါဝင်ဆိုထား ရော့သလားပဲ၊ နားထောင်ကြည့်ပါ ဦးကိုရယ်။

စောင့်စားမျှော်လင့်ရင်းနဲ့ [illegible]

[illegible] ရဲ့ သမီး

သီချင်းလေးကို နားထောင်မိသည်။ နားလည်ကြီး လူငယ်



www.burmeseclassic.com

www.burmeseclassic.com



တေးရေး တေးဆိုသမားလေး 'ကိုင်ဇာ'က ရေးစပ်ပြီး လူငယ်တေးဆိုနှင့် ရုပ်ရှင်မင်းသမီး 'မေဆွိ'၏ 'သမီးရဲ့ဦး' သီချင်းက လူပျိုကြီး ကိုကို၏အသည်းနှလုံးများကို တစစီ ချေမွနေသလိုပင်။

(ပျော်ရွှင်စေလိုစိတ်နဲ့ရယ်×× စေတနာပို×× အလိုလိုက်ခဲ့တယ်×× ဒီအကြောင်းတွေ သမီးသိခဲ့ပါတယ်×ဒါပေမဲ့လည်း ဦးရယ်×× လူဆိုတာဟာခက်တယ်×မလာနိုင်မှန်းသိလျက်တောင်×× အကြင်နာကို တမ်းတမိတယ်××)

(အခင်မင် ပိုကာတိုးလို့ရယ်×× ဖြူစင်စွာပင်ခိုးချစ်ခဲ့တယ်×× ဒီအကြောင်းတွေ သမီးတွေးမိပါတယ်××ဒါပေမဲ့လည်း ဦးရယ်×× လူဆိုတာဟာ ခက်တယ်×မမြင်နိုင်မှန်းသိလျက်တောင်×× အကြင်နာကိုစောင့်ကြည့်မိနေတယ်××)

(မခင်ရင်လည်း ရပါတယ်×× မကြင်ချင်လည်းရပါတယ်×× အခြေအနေကို နားလည်အောင်ပဲ×× အမြဲတမ်းတွေးနေမယ်×× ရင်ထဲက သမီးရဲ့ဦးကို အမြဲတမ်းနားလည်မယ်××)

(ပျော်စရာ အခြေအနေမပျက်ဖို့ရယ်×× မရှောင်ဖယ်ချင်တောင် စိမ်းရမယ်×× ဒီအကြောင်းတွေ သမီးစဉ်းစားပါတယ်×× ဒါပေမဲ့လည်း ဦးရယ် လူဆိုတာဟာ





ခက်တယ်×× မငိုချင်တဲ့ အတွေးစိတ်နဲ့တောင် ငိုစရာကိုတွေးကြည့်မိနေတယ်××'

(မခင်ရင်လည်း ရပါတယ်×× မကြင်ချင်လည်း ရပါတယ်×× အခြေအနေကို နားလည်အောင်လည်း အမြဲတမ်းတွေးနေမယ်×× ရင်ထဲက သမီးရဲ့ဦးကို အမြဲတမ်းနားလည်မယ်××)

သီချင်း၏အဓိပ္ပါယ်၊ သီဆိုမှုနှင့် ဆွဲဆောင်မှုများကြောင့် ဦးကိုကို တစ်ယောက်ငိုချင်စိတ်ပေါက်လာသလို 'ပြည့်စုံ'ကိုယ်တိုင်လာဆိုပြနေသလို ခံစားမိသည်။ အာခေါင်တွေခြောက်ပြီး မျက်ရည်ပင်ဝိုင်းလာသည်။ 'ပြည့်စုံ'ကိုလည်း သနားမိသည်။ သို့သော်…

ယခု တခဏ စိတ်၏အလိုလိုက်မိလျှင် နောင် ဖြစ်ပေါ်လာမည့် ဒုက္ခများက ပို၍ခံစားရလိမ့်မည်။ မိမိ စေတနာသန့်သန့်ဖြင့် ပြုစုစောင့်ရှောက်မှုများကို သဲထဲရေသွန်သလို အဖြစ်မခံနိုင်ပါ။ ထို့ကြောင့် 'ပြည့်စုံ'ကို သတိရတိုင်း ဤသီချင်းလေးဖွင့်နားထောင်ပြီး လွမ်းနေရုံပဲရှိပါတော့သည်။

'ပြည့်စုံ'ကိုယ်တိုင်လည်း မိမိရင်ထဲက စေတနာနှင့် ဝေဒနာကိုသိပါလိမ့်မည်။

(မခင်ချင်လည်း ရပါတယ်×× မကြင်ချင်လည်း ရပါတယ်×× အခြေအနေကို နားလည်အောင်ပဲ×× အမြဲ



www.burmeseclassic.com

www.burmeseclassic.com

တမ်းတွေးနေမယ်× ×ရင်ထဲက သမီးရဲ့ဦးကို အမြဲ တမ်းနားလည်မယ်× ×)

ဦးရဲ့ အကြင်နာနဲ့ စေတနာကို 'ပြည့်စုံ' နားလည်နိုင်ပါစေတော့။

စာဖတ်ဝိုင်းတော်သားများ ရွှင်လန်းချမ်းမြေ့ပါစေလို့
လိုအင်ဆန္ဒ ပြည့်ဝပါစေလို့ဆန္ဒပြုလျက်...

ဆွေဆွေအောင်

BURMESE CLASSIC .com



www.burmeseclassic.com